

# အာဏာအလွဲသုံးစားသူများ၏
# အတွင်းရေးအပြစ်မှန်များ

အဝေးရောက် သံတမန်တစ်ဦး

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး – လွင်ဦးစာပေ (လှည်းတန်း)
ဒုတိယအကြိမ်၊ ၂၀၁၇၊ စက်တင်ဘာလ

အုပ်ရေ – ၅၀၀

မျက်နှာဖုံးဒီဇိုင်း
အံ့ဘွယ်ဇင်

ကွန်ပျူတာစာစီ
DeamCity - 0973052433

ထုတ်ဝေသူ
ဦးလွင်ဦး (မြ–၀၀၇၉)
အမှတ် (၁၆–အေ)၊ လှည်းတန်း (၂)လမ်း၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊ (မြ–၀၀၁၃၅)
အမှတ် (၁၄၀)၊ ၄၅ လမ်း၊ ရန်ကုန်မြို့။

တန်ဖိုး – ၃၅၀၀ ကျပ်

၆၂၃·၂
အဝေးရောက်သံတမန်တစ်ဦး
အာဏာအလွဲသုံးစားသူများ၏ အတွင်းရေး အဖြစ်မှန်များ ၊ –ရန်ကုန်။
လွင်ဦးစာပေ (လှည်းတန်း)၊ ဒုတိယအကြိမ်၊ ၂၀၁၇။
၃၀၆ – စာ၊ ၁၃. ၃ X ၂၀.၉ စင်တီ။
(၁) အာဏာအလွဲသုံးစားသူများ၏ အတွင်းရေး အဖြစ်မှန်များ။

# အာဏာအလွဲသုံးစားသူများ၏
# အတွင်းရေး အဖြစ်မှန်များ

## အဝေးရောက်သံတမန်တစ်ဦး

## မာတိကာ


- အမှာစာ ဃ
- ပြည်သူ့တပ်မတော် သန့်ရှင်းရေး - ၁ ၁
- ပြည်သူ့တပ်မတော် သန့်ရှင်းရေး - ၂ ၇
- ဂျူးနှမ်မောင်စောနှင့် ဗြိမ်ပိစောမောင် ၁၃
- အရိုးကနည်းပြီး ခွေးကများနေသောကြောင့် ၁၉
- စိတ္တဇဝေဒနာသည် စစ်အာဏာရှင်များ ၂၅
- ယိုသူမရှက် မြင်သူရှက် ၂၉
- အခက်ပွေနေတဲ့ ဗြိမ်ပိသန်းရွှေ ၃၃
- မပြီးဆုံးသေးသော ဦးနေဝင်း အတ္တုပ္ပတ္တိ ၃၇
- အာရှတိုက်မှ အထီးကျန်စစ်ဝါဒီအုပ်စိုးသော မြန်မာနိုင်ငံ ၄၂
- အပေါက်စောင့် ဗိုလ်ခင်ညွန့်၏
  နိုင်ငံ့အကြီးအကဲ ဖြစ်လိုသော ဝိသမလောဘ ၄၇
- နေရစ်ခဲ့ပြီဗျ ၅၉
- ကြောင်သူနိုး ရုပ်ပုံလွှာ မင်ကြောင် အထိုးခံနေရသူများ ၆၇
- ဝန်ထမ်းထုတစ်ရပ်လုံးအား ခုတုံးလုပ်နေသည့်
  စစ်အာဏာရှင် နဝတ ၇၇
- အရိုးအရွက်မျှသာ စားရရှာသော ပညာရှင် ဆိုသူများ ၈၇
- ဆိုးဆိုးပေပေ ဒို့တိုင်းပြေ၊ မှောက်မှောက်ပျံ့ပျံ့ ဒို့နိုင်ငံ ၉၅

- တစ်သီးစား နှစ်သီးစား အကျင့်ပျက်သော စစ်ဗိုလ်များ ၁၀၅
- အထီးကျန် ဘဝမျိုး၌လည်း မဖြစ်စေလို
အစီးခံဘဝမျိုး၌လည်း မနစ်စေလို ၁၁၅
- ဘားမစ္စ ကွန်မြူနတီ ၁၂၅
- ပြောရမှာ ရှက်ပါတယ် ၁၃၃
- ကောက်ရိုးခြေထောက် မြက်ခြေထောက် ၁၄၁
- စုမှသာလျှင် ၁၄၉
- တပ်မတော်သား ကိုယ်စားလှယ် မပါဝင်သည့်
နဝတ၏ အမျိုးသားညီလာခံ ၁၅၇
- လူတစ်ဦး၏ အကျိုးထက် ၄၅ သန်းသော
ပြည်သူများအကျိုးကို ဦးစားပေးရမည် ၁၆၅
- နဝတဆိုင်းဘုတ် ဘယ်ပုံစံနှင့် ဖြုတ်မလဲ ၁၇၁
- တီကြိုက်သော မြန်မာအာဏာရှင်များ ၁၇၉
- ဒေါ်စုပုဒ်မ ငြိစွန်းနေသူများ ၁၈၇
- ဝက်ခေါင်းသုပ် ဒပလိုမေစီ အလိုမရှိ ၁၉၅
- ပြည်သူ့ရင်ခွင်သို့ ပြေးဝင်လှည့်ပါတော့
ဗိုလ်မောင်အေးရယ် ၂၀၃
- အမျိုးသားရေးဝါဒကို ကြွေးကြော်ရင်း
တရုတ်နီ သံရုံးထဲ ရောက်သွားသော မခင်ဝင်းရွှေ ၂၀၇
- ဝန်ကြီးကတော်ပုံပြင် ၂၁၁
- သမိုင်းတွင် နစ်သွားသော ဗိုလ်ချုပ်ကြီးများ ၂၁၇
- ပြည့်တန်ဆာလုပ်ငန်းကြီး မြန်မာပြည်သို့
ပြောင်းရွှေ့ ဝင်မလာနိုင်အောင် ၂၂၃
- စားတော်ဆက်တရုတ်-စစ်ဥပဒေချုပ် ၂၂၉
- ဗဟိုမှ အောက်ခြေအဆင့်အထိ
အကြံအဖန် လုပ်နေသူများ ၂၃၃
- ဗိုလ်ချုပ်ကြီးကတော် ရောင်းရန်ရှိသည် ၂၃၇

- စစ်အာဏာရှင် ဦးနေဝင်း၏ အဆိပ်မိခံနေရသူများ ၂၄၁
- ဗိုလ်ရှုပ်ကျော်ဘရဲ့ ရာထူးက တလှုပ်လှုပ်
ဟိုတယ်များကလည်း ငုတ်တုတ် ၂၄၉
- တပည့်၏ တပန်းဘဝ နဝတ ၂၅၅
- မြူမှုန်လောက်မှ အဖိုးမတန်သည့် ဒေါ်လာ ၂၅၉
- ဒုစရိုက်ကောင် နဝတများ၏
ဒုစရိုက် နှိမ်နင်းရေး စီမံချက် ၂၆၃
- စစ်အာဏာရှင်များ ဘဲဥအစရှာမရသည့် ပြဿနာ ၂၆၇
- မောင်အေးနေဝင်း (ဝါ)
ကိုလိုနီလက်သစ်ပညာ သင်ကြားနေသူ ၂၇၃
- ပဂိုးတား-ဆိုးကျား-မာဖီးယား ၂၈၁
- မြန်မာနိုင်ငံ အာဆီယံထဲ ဝင်ရင်ဖြင့် ၂၈၇
- နဝတတွေ ရှက်တတ်ရင် လဲသေတာ ကြာပါပြီ ၂၉၃

# အမှာစာ

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် တဖန် စစ်အာဏာရှင်များ၏ အဖေကြီး ဦးနေဝင်းသည် နဝတ (နေဝင်းတပ် သို့ မဟုတ် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့) ကို အသစ်ဖွဲ့စည်းကာ "စစ်တပ်ဆိုတာ ပစ်ရင် မှန်အောင် ပစ်တယ်၊ မိုးပေါ်ထောင်ပြီး ခြောက်လှန့်မပစ်ဘူး" ဟူသော ၄င်း၏ဝါဒကို လက်တွေ့ ပြသခဲ့ပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရိုးသားစွာ တောင်းဆိုခဲ့ကြသော ပြည်သူအပေါင်းတို့အား "ခိုးဝှက်လုယက်သူများ" ဟု မတရားစွပ်စွဲသမုတ်ပြီး တစ်နေ့တည်းတွင်ပင် လူလေးငါးရာကို ပစ်သတ်ခဲ့ပြန်ပါသည်။

၁၉၆၂ ခုနှစ်မှစတင်၍ စစ်အာဏာရှင် ဦးနေဝင်းအနေဖြင့် တပ်မတော်အား ခုတုံးလုပ်ပြီး လက်နက်မဲ့သော ကျောင်းသားလူငယ် ရဟန်းရှင်လူ အမြောက်အများအား "မား မားချင်း၊ တုတ် တုတ်ချင်း" ဟု ကြုံးဝါးပစ်သတ်နိုင်ခဲ့ခြင်း၊ တိုင်းပြည်၏ နိုင်ငံရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ပြန်ကြားရေး စသည့် မဏ္ဍိုင်ကြီးများကို ဖျက်ဖြုန်းရိုက်ချိုးနိုင်ခဲ့ခြင်းနှင့် မြန်မာလူမျိုးများအား ကမ္ဘာတွင် ခေတ်အနောက်ကျဆုံးနှင့် အဆင်းရဲဆုံးစာရင်းထဲသို့ ရောက်ရှိသွားအောင် စွမ်းဆောင်နိုင်ခဲ့ခြင်းများ၏ အရင်းခံ အကြောင်းတရားသည် တစ်ခုတည်းသာ ရှိခဲ့ပါသည်။ အဆိုပါ အကြောင်းတရားမှာ သူတစ်ပါးမယားကိုပင် အလွတ်

မပေးသော အကျင့်စာရိတ္တပျက်ပြားနေသူ တပ်မတော်အကြီးအကဲ ဗိုလ်ချုပ်ကြီး နေဝင်းအား တပ်မတော်မှမထုတ်ပယ်နိုင်ခဲ့ခြင်း (ဝါ) တပ်မတော်ကြီးအတွင်းရှိ မကောင်းဆိုးဝါးကြီးအား 'သန့်ရှင်းရေး' မလုပ်နိုင်ခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

"စည်းကမ်းဆိုသည်မှာ တပ်မတော်၏ ကျောရိုးမဏ္ဍိုင်ကြီး ဖြစ်ပါသည်"ဟု ပါးစပ်ကပြောပြီး လက်တွေ့တွင် အသက် ၆၀ ကျော်နေကြပြီ ဖြစ်သော်လည်း စစ်ဝတ်စုံကို မချွတ်ကြသေးဘဲ တပ်မတော်ကို ခုတုံးလုပ်ကာ သန်းကြွယ်သူဌေးကြီးများ ဖြစ်နေကြသော ဂျုန်ယာ နေဝင်းဗိုလ်ချုပ်တစ်ရုံအား တပ်မတော်မှ ထုတ်ပယ်ခြင်းဖြင့် တပ်မတော် သန့်ရှင်းရေး မပြုလုပ်နိုင်ပါက 'ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်' ဆိုရိုးစကားအတိုင်း 'တပ်မတော်ကြီးသည်လည်း ပုပ်သိုးပျက်စီးရမည်' မှာ လောကဓမ္မတာပင် ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တစ်ပါတီ အာဏာရှင်စနစ်များ၊ ကွန်မြူနစ်စနစ်များနှင့် စစ်အာဏာရှင်စနစ် စသည်များသည် ချုပ်ငြိမ်းလျက်ရှိပြီး တောင်အာဖရိက နိုင်ငံတွင်ပင် လူဖြူနှင့် လူမည်းများ သင့်မြတ်သွားခဲ့ကြပြီး ဂျူးလူမျိုးများနှင့် ပါလက်စတိုင်း လူမျိုးများပင် နားလည်မှုများရရှိလျက် ရှိနေကြပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း ပြည်သူနှင့် တပ်မတော်သားများသည်လည်း အတွေးအခေါ် အမြော်အမြင် တစ်သားတည်းဖြစ်လျက်ရှိပြီး ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံပွဲကြီးတွင်လည်း တစ်ပါတီ အာဏာရှင်စနစ်အား မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြပြီး ဖြစ်ပါသည်။

၁၉၉၀ ပြည့်နှစ်တွင် ကျင်းပပြုလုပ်ခဲ့သော ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီးတွင်လည်း တပ်မတော်၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်အား အသဲကြားက မဲတစ်ပြားဖြင့် ပြည်သူနှင့်တပ်မတော်သားအပေါင်းတို့က စစ်မှန်သော ဒီမိုကရေစီစနစ် ထွန်းကားရေးကို ထောက်ခံဆန္ဒပြုခဲ့ကြပြီး ဖြစ်ပါသည်။

တပ်မတော်သားများ အပါအဝင် ပြည်သူလူထု တစ်ရပ်လုံးက စစ်အာဏာရှင်စနစ်နှင့် တစ်ပါတီ အာဏာရှင်စနစ်များ၏ ဆိုးကျိုးများကို ၁၉၆၂ မှ ၁၉၈၈ ခုနှစ်အထိ နှစ်ပေါင်း ၂၆ နှစ်လုံးလုံး ခါးစည်းခံခဲ့ရပြီးဖြစ်၍ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အလေးအနက်ထားသော အရပ်သား ဒီမိုကရေစီအစိုးရမျိုး ပေါ်ပေါက်လာမှသာလျှင် တိုင်းသူပြည်သား အများစုသည် သာယာဝပြောနိုင်လိမ့်မည်ဟု တစ်စိတ်တစ်ဝမ်းတည်း ယုံကြည်မှု အပြည့်အဝဖြင့် အသက်သွေးများ မြောက်မြားစွာကို စတေးခဲ့ကြပြီး ဖြစ်ပါသည်။

သို့ရာတွင် တပ်မတော်ကြီးအား တစ်သက်လုံး ခုတုံးပြုလုပ်ပြီး စိုးမိုးချယ်လှယ်မိုးဂုက်လာသော ဦးနေဝင်းနှင့် ၄င်း၏ အိပ်ဖန်စောင့်ဂျူနီယာနေဝင်း ဗိုလ်ချုပ်ခင်ညွန့်နှင့် အပေါင်းအပါတစ်စုတို့သည် တပ်မတော်သားများ၊ ပြည်သူများ၊ နိုင်ငံရေးသမားများနှင့် လူမျိုးစုများအား သွေးခွဲသပ်လျှိုကာ စစ်အာဏာရှင် အဖေကြီး ဦးနေဝင်းနှင့် ၄င်း၏ မိသားစု၊ စစ်ဝတ်စုံအရေခြုံ ဂျူနီယာနေဝင်း ဗိုလ်ချုပ်တစ်စုနှင့် မိသားစုများ ထာဝရ စိုးမိုးချယ်လှယ် မိုးဂုက်နိုင်ရေးအတွက် နည်းမျိုးစုံဖြင့် ကောက်ကျစ်စဉ်းလဲနေကြပြန်ပါသည်။

၁၉၈၈ မှ ယနေ့အထိ နဝတ စစ်ဗိုလ်ချုပ်များ အုပ်ချုပ်သည့် ၉ နှစ်တာ ကာလအတွင်းတွင် တိုင်းပြည်၏ စီးပွားရေး အခြေအနေသည် အလွန်ဆိုးဝါးလျက်ရှိပြီး "ဦးနေဝင်း၏ သီလကြောင် ဆိုးဝါးလှသော အကျင့်စာရိတ္တများသည်" တပ်မတော်ထဲတွင် အကြပ်တပ်သား အဆင့်အထိနှင့် အရပ်ဖက်တွင်လည်း အောက်ခြေ ပြည်သူ့ဝန်ထမ်းအထိ ရောဂါဆိုးကြီးသဖွယ် ကူးစက်ပြန့်ပွားလျက် ရှိနေပါသည်။

ရိုးသားစွာ စစ်မှုထမ်းလိုကြသော တပ်မတော်သားများအား နလပိန်တုံးများ ဖြစ်စေရုံသာမက တိုင်းပြည်တစ်ပြည်လုံးကိုလည်း အမိုက်မှောင် ဖုံးလွှမ်းထားပါသည်။ နဝတအဖွဲ့ဝင် ဗိုလ်ချုပ်၊ ဗိုလ်မှူးများနှင့် ဝန်ကြီး၊ ဝန်လေးများအားလည်း နေ့စဉ် ဗိုလ်ချုပ်ခင်ညွန့်၏ လျှို့ဝှက်ထောက်လှမ်းရေး သတင်းစဉ်များကိုသာ ဖတ်ရှုခွင့်ပြုထားပြီး နောက်

တန်းနှင့် ရှေ့တန်းသို့ ရောက်ရှိနေကြသော တပ်မတော်သားများအား လည်း တပ်မတော် စာစောင်များကိုသာ ပေးဖတ်နေပါသည်။

စာရေးသူအနေဖြင့် စစ်အာဏာရှင်များ၏ လိမ်ညာလှည့်ပတ်နေမှု များနှင့် ဦးနေဝင်း၏ စိတ်နေစိတ်ထားမှအစ အတွင်းသရုပ်ဟန် လုပ်ရပ် မှန်သမျှကို အတွင်းကျကျ ဖော်ထုတ်ရေးသားနိုင်သော လွတ်လပ်သည့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် စာစောင်စသည်များသည် ယနေ့ ဒီမိုကရေစီ လှုပ်ရှားမှုကြီးတွင် အထူးလိုအပ်လျက် ရှိနေကြောင်းကို ယုံကြည်ခဲ့ပါသည်။

ထို့ကြောင့်ပင်လျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမို ကရက်တစ်တပ်ဦးမှ ထုတ်ဝေသော ဒေါင်းအိုးဝေစာစောင်၊ ဒီမိုကရေစီ အင်အားစုများမှ ထုတ်ဝေသော ခေတ်ပြိုင်ဂျာနယ်၊ ဒီမိုကရေစီ သတင်း လွှာ၊ The Burma Review, The Radio Burma, Voice of Burma, Voice of New York စသည့် စာစောင်များတွင် မိမိ၏ဆန္ဒ အလျောက် အတွေ့အကြုံများကို နောင်လာနောက်သားများ သိရှိနားလည် ဆင်ခြင်ကြစေရန်နှင့် အကျင့်သိက္ခာမရှိသော ဦးနေဝင်းနှင့် ဂျူနီယာ နေဝင်းကလေးများ၏ တပ်မတော်ကြီးကို လက်တစ်လုံးခြား ခုတုံးလုပ်ပြီး ရိုက်စားနေကြ၍သာလျှင် မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အဆင်းရဲ ဆုံး နိုင်ငံစာရင်းထဲ ပါဝင်သွားပြီး မြန်မာလူမျိုးများသည်လည်း ကမ္ဘာ့ တစ်ခွင်တွင် အသိပညာ၊ အတတ်ပညာ၊ နည်းပညာ အခေါင်းပါးဆုံး လူမျိုး ဖြစ်သွားရပုံများကို စာပေကဏ္ဍတွင် တစ်ခန်းတစ်ကဏ္ဍ မှတ်တမ်း တင် ရင်ဖွင့်ရေးသား မိခဲ့ရပါသည်။

လူသားများ၏ ဖန်တီးတီထွင် ထုတ်လုပ်သမျှတွင် စာအုပ်၊ စာ စောင်၊ စာပေအဆောက်အဦသည်သာ အမြန်ဆုံးနှင့် အခွန့်ရှည်စွာ တည်တံ့ မှုအရှိဆုံး ဖြစ်ပါသည်။

အဆောက်အဦ၊ မော်ကွန်းကျောက်တိုင်၊ တိုင်းပြည်နှင့် လူမျိုးစု နွယ်တို့သည်ပင် ကွယ်ပျောက်တိမ်ကော၍ သွားနိုင်ပါသည်။

စာအုပ်စာပေသည်သာ နှစ်ပေါင်းများစွာက အကြောင်းအရာ၊

အဖြစ်အပျက်များကို နှောင်းလူသားများ၏ နှလုံးသားများ ဦးနှောက်များသို့ သယ်ပိုးလာနိုင်ပါသည်။

ယနေ့အထိ စာရေးသူ၏ နှလုံးသားထဲတွင် စာရေးသူ မမွေးဖွားမီ ကာလကပင် နဂါးနီစာအုပ်အသင်းမှ ထုတ်ဝေခဲ့သော 'ဗမာအရေး' ဟူသော ညွန့်ပေါင်းစာအုပ်ထဲမှ-

၁။ သခင်ကိုယ်တော်မှိုင်း၏ ကျောင်းသားများထံသို့
၂။ ဒီးဒုတ်ဦးဘချို၏ ကျွန်ပ်တို့လူမျိုးရေးဝါဒကို စွန့်ရမည်လော
၃။ ဦးနု၏ ခုလုပ် (သို့မဟုတ်) ဘယ်တော့မှ မလုပ်နှင့်
၄။ ဂျာနယ်ကျော်ဦးချစ်မောင်၏ လွတ်လပ်ရေးသို့ သွားရာလမ်း တစ်လမ်း

စသည့် ဆောင်းပါးများသည် လတ်လတ်ဆတ်ဆတ် စွဲထင်လျက် ရှိနေပါသေးသည်။

အမေရိကန်ပြည်ထောင်စုရှိ Overseas Burma Foundation မှ စေတနာရှင် မျိုးချစ်ရဲဘော်များက စာရေးသူ၏ ဆောင်းပါးများကို ပေါင်းချုပ်စာအုပ်တစ်အုပ် ရိုက်နှိပ်ပြီး ဒီမိုကရေစီ စနစ်ကြီး အမိမြန်မာပြည်တွင် တစ်ဖန်ပြန်လည် စိုက်ပျိုးရှင်သန်စေရာတွင် မသန့်ရှင်း မစင်ကြယ်သော ဦးနေဝင်းနှင့် ဂျူနီယာနေဝင်းများ၏ မျိုးဖျက်၊ ပြည်ဖျက်၊ အာဏာရှင်စိတ်ဓာတ်စသော အတွေးပိုးမွှားများ ကင်းရှင်းစင်ကြယ်ရေး အတွက် စာရေးသူ၏ နှလုံးသားမှ စီးဆင်းလာသော စာပေဆောင်းပါး များကို နှောင်းလူသားများ ဦးနှောက်များထဲသို့ ဆက်လက်ပေးပို့သည့် အတွက် အထူးပင် ကျေးဇူးတင်ရှိပါသည်။

နယူးယောက်မြို့မှ ထုတ်ဝေခဲ့သော စာစောင်တွင် စာရေးသူ ရေးသားသော 'တပ်မတော်သန့်ရှင်းရေး' အမည်ပါ ဆောင်းပါးကို အော အိန္ဒိယ ရေဒီယိုမှ အသံလွှင့် ဖတ်ကြားခဲ့စဉ်က ယင်းအချိန်တွင် နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး စောမောင် (ကာကွယ်ရေးနှင့် နိုင်ငံခြားရေး ဝန်ကြီး)နှင့် နဝတအဖွဲ့ဝင်များက "ဤဆောင်းပါးသည် လူကြီးများကို စော်ကားထားပါသည်" ဟု အိန္ဒိယ အစိုးရထံသို့ အစိုးရချင်း အဆင့်မြင့် ကန့်ကွက်ခြင်းကို ခံခဲ့ရပါသည်။

တစ်ဖန် ခေတ်ပြိုင်ဂျာနယ်တွင် ပါရှိသော "အပေါက်စောင့် ဗိုလ်ခင်ညွန့်၏ နိုင်ငံအကြီးအကဲ ဖြစ်လိုသော ဝိသမလောဘ" ဆောင်းပါးကို ခေတ်ပုံနှင့်တကွ မြင်တွေ့ဖတ်ရှုကြရသော စစ်အာဏာရှင်များနှင့် ၄င်းတို့၏ ဒေါက်တိုင်များက "သံရုံးတွေက ထွက်ပြေးသွားတဲ့ လူတွေထဲမှာ ဒီလူအဆိုးဆုံးပါပဲ"ဟု ချိုးမြှင့် ဂုဏ်ပြုခြင်းကို ခံခဲ့ရပြန်ပါသည်။

စာရေးသူအနေဖြင့် အာဏာရှင်များ မုန်းသွားမည်ကိုလည်း တမ်းတ မှန်းဆထားခဲ့ပြီး ဖြစ်ပါသည်။

'မြန်မာနိုင်ငံမှာ ဒီမိုကရေစီရရင်လည်း ခင်ဗျားတော့ ပြန်လာလို့ရမှာ မဟုတ်ဘူး'ဟု စစ်အာဏာရှင်များက ကြိုးဝါးသည်ကို မကြောင့်ကြ မလွှမ်းလှသော်လည်း အမိမြန်မာနိုင်ငံတော်ကြီးကိုသာ စစ်အာဏာရှင်လောင်းရိပ်အောက်မှ တစ်နိုင်ငံလုံး ကင်းလွတ်ပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံကြီး တစ်နိုင်ငံအဖြစ် အမြန်ဖြစ်လာပါစေရန်ကိုသာ ဆုတောင်းတသမိပါသည်။

စာရေးသူ အပါအဝင် စာပေသမားများ၏ တာဝန်သည် မူရောလူပါ မကောင်းဆိုးဝါးစိတ်ဓာတ်နှင့် မှုမမှန်သော လုပ်ရပ်မှန်သမျှကို ကလောင်လက်နက်ဖြင့် ဆော်ကြော၊ သန့်ရှင်း စင်ကြယ်အောင် တိုက်ချွတ်ရမည်ပင် ဖြစ်ပါသည်။

စာရေးသူများသည် တိုင်းသူပြည်သားများ၏ မိတ်ကောင်းဆွေကောင်းအဖြစ် ရှေ့တန်းထွက် အနစ်နာခံပြီး မကောင်းမြစ်တား၊ ကောင်းရာညွှန်ကြား ရပါမည်။

အမိနိုင်ငံတော်ကြီးတွင် စစ်အာဏာရှင်စနစ်ကို အစဖျိုးပြီး မိသားစုကောင်းစားရေးကိုသာ ဆောင်ရွက်သွားသူသည် အကျင့်ပျက် သီလပျက်သော ဦးနေဝင်းပင် ဖြစ်ပါသည်။

ဦးနေဝင်းနှင့်ကျူနီယာနေဝင်း နဝတဗိုလ်ချုပ်များ၏ ခုတုံးလက်ကိုင်တုတ်၊ အစေအပါး အလုပ်ခံရသူများသည် မျိုးချစ် တပ်မတော် စစ်သည်တော်များပင် ဖြစ်ပါသည်။

ကြီးပွားချမ်းသာ စည်းစိမ်ခံစားနေရသူများသည် ဦးနေဝင်းနှင့် ၄င်း၏ မိသားစု၊ ပြည်သူများထံမှ လာဘ်သပ်ပကာ ရရှိသူဝန်ထမ်းများ

နှင့် ၄င်းတို့၏ မိသားစု၊ ဘိန်းအရောင်းအဝယ်နှင့် မတရားသဖြင့် အရောင်းအဝယ် ပြုလုပ်နေသူများနှင့် ၄င်းတို့၏ မိသားစုများပင် ဖြစ်ပါသည်။

မွဲပြာဆင်းရဲပြီး ဒုက္ခပင်လယ် ဝေနေသူများသည် တပ်မတော်သား စစ်သည်တော်များ အပါအဝင် ပြည်သူလူထုကြီးပင် ဖြစ်ပါသည်။

ထို့အပြင် မြန်မာပြည်ကြီး၏ ဆိုးကျိုးရင်းမြစ်သည် တပ်မတော်တွင် အခြေတည်နေပါသည်။ ယနေ့အဖို့ မကောင်းဆိုးဝါးများအပေါ် သြဇာရှိနေသေးသော ဦးနေဝင်း၊ မကောင်းဆိုးဝါး ဂျူနီယာနေဝင်း နဝတ ဗိုလ်ချုပ်များနှင့် ခုတုံး လက်ကိုင်တုတ် အလုပ်ခံနေရသော တပ်မတော်သားကောင်း စစ်သည်တော်များ၏ ပင်မရင်းမြစ်သည်သာ အဓိက ဖြစ်ပါသည်။

ပင်မရင်းမြစ် ပြည်ချစ်တပ်မတော်သားကောင်း စစ်သည်တော်များ အနေဖြင့် ဦးနေဝင်းနှင့် အာဏာရှင်ဦးနေဝင်း၏ စိတ်ဓာတ်များကို ဆက်လက်ကျင့်သုံးနေကြသော ဂျူနီယာနေဝင်း နဝတ ဗိုလ်ချုပ်များအား တပ်မတော်မှ ထုတ်ပယ်နိုင်မှသာလျှင် တပ်မတော်သားကောင်းများ အပါအဝင် မြန်မာပြည်သူလူထု တစ်ရပ်လုံးသည် စစ်အာဏာရှင် လောင်းရိပ်အောက်မှ လွတ်မြောက်ပြီး စစ်မှန်သော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို အပြည့်အဝရရှိ ခံစားနိုင်ကြလိမ့်မည်ဟူသော ယုံကြည်ချက်ဖြင့် တပ်မတော်သန့်ရှင်းရေးနှင့် အာဏာအလွဲသုံးစား လုပ်သူများ၏ အတွင်းရေးအဖြစ်မှန် ဆောင်းပါးပေါင်းချုပ်ကို တင်ဆက်လိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာ့ လူသားများအား ဂျူနီယာနေဝင်းကလေးများ မဖြစ်စေလိုသော စေတနာမှန်ဖြင့်-

အဝေးရောက် သံတမန်တစ်ဦး
၁၀-၁၁-၉၇၊ လန်ဒန်မြို့

❒

## ပြည်သူ့တပ်မတော် သန့်ရှင်းရေး – ၁

၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သော ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူအပေါင်းနှင့် တပ်မတော်သားများက အသည်းနှလုံးထဲမှ မဲတစ်ပြားဖြင့် ပြည်ဖျက်ကြီး ဦးနေဝင်းနှင့် နောက်လိုက်အပေါင်းအပါများအား လုံး၀ မကြိုက်နှစ်သက်ကြောင်း ယဉ်ကျေးစွာ ထုတ်ဖော်ပြောကြားခဲ့ကြပြီး ဖြစ်သည်။

မြန်မာ့နိုင်ငံရေးသမိုင်း၌ ကိုယ်ကျင့်တရား အပျက်ပြားဆုံး ဦးနေဝင်းသည် တပ်မတော်ကို ခုတုံးလုပ်ပြီး၊ လက်နက်အားကိုးဖြင့် မြန်မာပြည်ကို ဖျက်ဆီးခဲ့သည်။ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် အဆင်းရဲဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်ခဲ့ရပြီး ယခုတစ်ဖန် ဦးနေဝင်းနှင့် ၎င်း၏ နောက်လိုက် ကြေးစားများဖြစ်ကြသော စောမောင်၊ ခင်ညွန့်တို့ အုပ်စိုးသည့် နှစ်နှစ်ခန့် ကာလအတွင်း ငွေစက္ကူများ မြောက်များစွာ ရိုက်နှိပ်သုံးစွဲနေသဖြင့် ငွေကြေးအဖောင်းပွဆုံး နိုင်ငံတစ်နိုင်ငံအဖြစ်နှင့် အိမ်နီးချင်းနိုင်ငံများ၏ စီးပွားရေး လက်ဝေခံ နိုင်ငံတစ်နိုင်ငံ ဖြစ်လာရပြန်သည်။

မြန်မာ့နိုင်ငံရေးသမိုင်းတွင် မြန်မာ့တပ်မတော်ထက် ပိုမို အင်အားကြီးမားခဲ့သည့် အဖွဲ့အစည်းကြီးတစ်ခု ရှိခဲ့သည်။ ဖဆပလ အဖွဲ့ကြီးပင် ဖြစ်သည်။ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ပြည်သူ့လွတ်မြောက်ရေး အဖွဲ့ချုပ်ကြီးသည် မြန်မာ့နိုင်ငံရေး ဇာတ်ခုံတွင် ၁၄ နှစ်တိုင်တိုင် အင်အားတောင့်တင်းစွာဖြင့် ရပ်တည်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် အဖွဲ့ချုပ် သန့်ရှင်းရေးနှင့် အဖွဲ့ချုပ်တည်မြဲရေးဟု ဝိဝါဒပြဿနာ ကြီးထွားလာပြီး

သန့်ရှင်းနှင့် တည်မြဲ အကွဲအပြဲကြောင့် နှစ်ဦးနှစ်ဖက်စလုံး မြန်မာ နိုင်ငံရေးဇာတ်ခုံမှ ပျောက်ကွယ်သွားကြခြင်းဖြင့် နိဂုံးချုပ် ဇာတ်သိမ်းခဲ့ကြ ရပေသည်။

ထိုအချိန်က ပြည်သူအများ ထောက်ခံအားပေးခဲ့သော သန့်ရှင်း အစိုးရသည် ပါတီတွင်း သန့်ရှင်းရေးသာ လုပ်နိုင်ခဲ့ပြီး တပ်မတော်မှ ကိုယ်ကျင့်တရား အပျက်အပြားဆုံး ဗိုလ်နေဝင်းကိုမူ တပ်မတော်မှ ထုတ် ပယ် သန့်ရှင်းနိုင်ခြင်း မရှိသောကြောင့် နောင်အခါ မြန်မာပြည်သူ တစ်ရပ်လုံးအတွက် ကြမ္မာငင်စရာ ဖြစ်လာခဲ့ရသည်။

"သူများမယားနှင့်မှ စိတ်မချရသည့် ဗိုလ်နေဝင်းကို တိုင်းပြည်ပုံ အပ်လို့ ဖြစ်ပါ့မလား"ဟု ဖဆပလ လူကြီးများက ပြောဆိုညည်းညူ ခဲ့ကြသော်လည်း လက်တွေ့တွင် ဦးနေဝင်းအား ငဲ့ညှာထောက်ထားခဲ့ ကြသဖြင့် တိုင်းပြည် ပျက်ခဲ့ရသည်။

နိုင်ငံရေးပါတီ၊ တပ်မတော် စသည့် အဖွဲ့အစည်းတိုင်းတွင် ပါဝင် လှုပ်ရှားနေကြသော တာဝန်ရှိသူများက ကိုယ်ကျင့်တရား ကောင်းမွန် သန့်ရှင်းစင်ကြယ်ကြမှသာလျှင် ယင်းအဖွဲ့အစည်းသည် တည်တံ့ခိုင်မြဲ နိုင်ပေလိမ့်မည်။ ယင်းအဖွဲ့အစည်းအတွင်း "ခြေမ မကောင်း ခြေမ၊ လက်မ မကောင်း လက်မ"စသည်ဖြင့် ဖြတ်တောက် သုတ်သင်ရှင်းလင်း မှသာလျှင် ယင်းအဖွဲ့အစည်း ကြာရှည်တည်တံ့နိုင်ပေလိမ့်မည်။ မကောင်း သူများကို ဖက်တွယ်ပြီး တပ်မတော်ကြီးကို ထာဝစဉ် တည်တံ့ခိုင်မြဲ ရမည်ဟု ကြွေးကြော်နေ၍ မရနိုင်ပေ။ မကောင်းသူများသည် ကိုယ် ခန္ဓာအတွင်းမှ အနာရောဂါများကဲ့သို့ ကူးစက်ပြန့်ပွားလာပြီး ကောင်းသော အစိတ်အပိုင်းများပင် ပျက်စီးယိုယွင်း လာနိုင်သောကြောင့် မြန်မြန် ဆန်ဆန် ကုသရန် လိုအပ်လေသည်။

မြန်မာ့ တပ်မတော်အတွင်း ကောင်းသူအများစုက မကောင်းသူ အနည်းစုကို အနိုင်ရပြီး ဖယ်ရှား ထုတ်ပစ်နိုင်မှသာလျှင် မြန်မာ့တပ်မတော် အဓွန့်ရှည်ကြာ တည်တံ့နိုင်မာ သွားနိုင်ပေလိမ့်မည်။

ယနေ့ တပ်မတော်၌ ရာထူးရာခံ အမြင့်ဆုံး၊ ဩဇာအာဏာ အရှိဆုံးသူများဖြစ်ကြသည့် ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ချုပ်ခင်ညွန့်တို့သည် သန့်ရှင်းစင်ကြယ်သူများလော။ သို့မဟုတ် ဆိုးပေမောင်မဲ စာရင်းဝင် ဦးနေဝင်း၏ လက်မရွံ့အာဏာသားများသာ ဖြစ်သလော။ ဤသည်ကို ပြည်သူက ဆန္ဒမဲပြားဖြင့် ဆုံးဖြတ်ပြီး ဖြစ်သည်။ စစ်အစိုးရ၏ ခြိမ်းခြောက် ချုပ်ချယ်မှုများအကြားမှ မိမိတို့ ယုံကြည်ရာကို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောကြားခဲ့သည့်အတွက် ကမ္ဘာက မြန်မာပြည်သူတို့ကို လေးစားကြည်ညိုကောင်းချီးဩဘာ ပေးကြသည်။

ဗိုလ်ချုပ်စောမောင်က စစ်တပ်အာဏာသိမ်းစဉ် အသက် ၆၀ ပြည့်လျှင် အနားယူမည်ဟု ဆိုခဲ့သော်လည်း ယခုအခါ အသက် ၆၀ ကျော်ပေမယ့် ထိုအကြောင်း လေသံမျှပင် မကြားရတော့။ ထိုဗိုလ်ချုပ်အား ရိုးသလို အသလိုနှင့် ကြောင်သူတော် အတ္တသမားများ၏ အာဏာသိမ်းပြီး သုံးလေးလ အတွင်းမှာပင် သားဖြစ်သူ မောင်သီဟစောကို အကြီးစား စက်မှုလုပ်ငန်းဌာန၌ အထက်တန်း စာရေးလုပ်နေရာမှ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ရုံးအုပ်အဆင့်ပေး ပြောင်းရွှေ့ ခန့်အပ်ခဲ့သည်။ ယခု မောင်သီဟစောသည် တောင်ကိုရီးယားရှိ မြန်မာသံရုံးတွင် တတိယ အတွင်းဝန် ဖြစ်နေပေပြီ။ ဗိုလ်ချုပ်စောမောင် ဇနီးသည်လည်း စိန်ရွှေရတနာများကို ဝယ်ယူစုဆောင်းလျက်ရှိ၏။ မည်သည့်နည်းဖြင့်ရသော ငွေများဖြင့် ဝယ်သနည်းဟုမေးလျှင် "ကျွန်မသားလေး မောင်သီဟစော နိုင်ငံခြား၌ မစားရက် မသောက်ရက် စုဆောင်းပြီး မိဘများထံ ပေးပို့သည့် ပစ္စည်း၊ မော်တော်ယာဉ် စသည်တို့ကို ထုခွဲရောင်းချ၍ ရသော ငွေနှင့် ဝယ်သည်"ဟု ဖြီးဖြန်း၍ ရနေပေပြီ။ ပြည်တွင်းတွင် ခိုးဝှက်ရသမျှ ငွေမည်းများကို တရားဝင်ငွေ ဖြစ်လာစေရန်၊ မဆလ လူကြီးများ ကျင့်သုံးခဲ့သော လမ်းစဉ်အတိုင်း လက်ထပ်သင်ယူ ထားခဲ့ကြသည်။

"ကျွန်တော့်သား သဘော်သားကလေး ပို့ပေးသော မော်တော်ယာဉ်ကို ရောင်းရငွေနှင့် အိမ်ဆောက်သည်။ ကျွန်တော့်သား/သမီး နိုင်ငံခြားဝန်ထမ်းကလေး ပို့ပေးသော မော်တော်ယာဉ်ကို ရောင်းရငွေနှင့်

မြေဝယ်၊ စိန်ရွှေရတနာများ ဝယ်သည်''ဟု ပြောနေကြခြင်းသည် ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသော ဆင်ခြေဆင်လက်များသာ ဖြစ်သည်။ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် လူသစ်ဝန်ထမ်းများ ခန့်အပ်သည့် စည်းမျဉ်းများရှိ၏။ စာရေးစာချီ အလုပ်များအတွက် အောက်တန်းစာရေး အဆင့်မှ လည်းကောင်း၊ အရာရှိ ရာထူးများအတွက် ဒုတိယ လက်ထောက် ညွှန်ကြားရေးမှူး အဆင့်မှလည်းကောင်း ဝင်ရောက် အမှုထမ်းကြရ၏။ ၎င်းရာထူးများအား ခန့်အပ်ရန် နေရာပေါ်လာပါလျှင်လည်း တစ်ပြည်လုံးရှိ ဘွဲ့ရလူငယ်များအား သတင်းစာမှ ကြော်ငြာအသိပေးလျက် လျှောက်လွှာခေါ်ယူ ရေးဖြေစနစ်ဖြင့် အရည်အချင်း စစ်ဆေးပြီးမှ ခန့်အပ်ရ၏။ မောင်သီဟစောတစ်ယောက် အဆင့်သုံးဆင့် ခုန်ကျော်ဝင်ရောက်နိုင်ခြင်းမှာ ခေါင်က မိုးမလုံခြင်းကို ပြနေသည်။ ထိုနည်းတူစွာ ဦးစိန်လွင်၏ ချွေးမသည်လည်း ခါးလည်ရာထူးမှဖြတ်၍ ဌာနခွဲ စာရေးကြီးရာထူးဖြင့် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ဝင်ရောက်လုပ်ကိုင် နေလေသည်။ တစ်ခုမှ ရှိသည်။ ပြည်ဖျက် ဘဝမှ ပြည်ပြေးဘဝသို့ ရောက်သောအခါ ပြေးစရာနိုင်ငံကို ဖန်တီးထားပြီး ဖြစ်စေရန် သားသီဟစောကို နိုင်ငံခြားသို့ လွှတ်ထားခြင်းလည်း ဖြစ်နိုင်သည်။

သားဖြစ်သူကိုသာ ရာထူးအဆင့် ခုန်ပျံကျော်လွှား ပေးခဲ့သည် မဟုတ်။ ကိုယ်တိုင်ကလည်း တပ်မတော်အတွင်း ရာထူးအဆင့်များ ခုန်ပျံကျော်လွှား၍ ယူခဲ့၏။ ဗိုလ်ချုပ်စောမောင်၊ ဗိုလ်ချုပ်ခင်ညွန့် တို့သည် မိမိတို့ထက် လုပ်သက်ရင့် အရည်အချင်းပြည့်ဝသော ဗိုလ်မှူးကြီးများကို ကျော်လွှားကာ ဦးနေဝင်းကို အဖားကောင်းရုံ၊ ဦးနေဝင်း သတ်မိုင်းသမျှ အပြစ်မဲ့ ပြည်သူများကို သောက်သောက်လဲ သတ်ပြရုံဖြင့် ထိပ်ပိုင်းနေရာသို့ ရောက်လာကြသည်။ ဘဝတူ ဘိန်းစားချင်း တစ်လုံးပိုရှုချင်သော ခင်ညွန့်ကို ရိုးသားသော ဗိုလ်မှူးကြီးများက ''ဒီအကောင် အလွန်ရမ္မက်လောဘကြီးလှသည်''ဟု ပြောဆိုဝေဖန်သံများ ဘဝင်ညံနေ၏။ စကားဖြင့်သာတိုက်ခိုက်ရာမှ ကိုယ်ထိလက်ရောက် တိုက်ခိုက်ကြမည့်အချိန် မဝေးတော့ဟုလည်း ထင်သည်။

ပြည်သူတို့နှင့် တပ်မတော်သား အများစုက စစ်အာဏာရှင် စနစ်ကို မလိုလားကြောင်း အတိအလင်း ပြောကြားခဲ့ပါပြီ။ သို့ရာတွင် ၂၈ နှစ်တာ ကာလပတ်လုံး လက်လွှန်ခြေလွှန် ပြုထားသမျှ တရားကြောင်းအရ အရေးယူခံရမည်ကို ကြောက်ရွံ့သဖြင့် ဦးနေဝင်း ခေါင်းဆောင်သော စစ်အာဏာရူးတစ်သိုက်က နည်းပေါင်းစုံဖြင့် အားထုတ်ကြပေလိမ့်မည်။ တိုင်းပြည် ဆူပူရန်အတွက် ကြေးစား တမန်တော်များကို ကျောင်းသားလူငယ်များ အယောင်ဆောင်ပြီး ဆူပူနိုင်းလျက် တိုင်းပြည် မငြိမ်သက်သေးဟု အကြောင်းပြကာ အာဏာလွှဲမပေးနိုင်သေးကြောင်း ပြောလာနိုင်သည်။ ထို့အပြင် ကာကွယ်ရေးနှင့် ပြည်ထဲရေးကို စစ်တပ်က ကိုင်ထားဦးမည်ဟုလည်း တောင်းဆိုလာနိုင်သည်။ သို့ဆိုလျှင် တိုင်းပြည်တွင် တဖန် သွေးချောင်းစီးနိုင်ချေသည်။ ထိုအဖြစ်မျိုးကို ပြည်သူတို့က တတ်နိုင်သမျှ ရှောင်ရှားလိုသဖြင့် သည်းညည်းခံ စောင့်စားကာ မဲဆန္ဒဖြင့် အေးအေးချမ်းချမ်း စစ်အာဏာရှင်တို့ကို ဖယ်ရှားလိုကြသည်။

ပြည်သူတို့အတွက် "သားရွှေအိုး ပဲမ်းလာသည်ကို မြင်နိုင်သည့်" အခြေအနေမှာ တပ်မတော်အတွင်းမှ ပြည်သူနှင့် တိုင်းပြည်ကို သစ္စာရှိချစ်ခင်သော၊ တပ်မတော်သား ပီသသော စစ်သည်ကောင်းများ၏ အမြင်မှန်ကိုသာ အားထားစရာ ရှိပေသည်။

စာရေးသူ ဆိုခဲ့ပြီးသည့်အတိုင်း ခြေမ မကောင်း ခြေမပယ်၊ လက်မ မကောင်း လက်မ ပယ်ရမည်သာ ဖြစ်၏။ စစ်သားယောင်ယောင် နိုင်ငံရေးသမား ယောင်ယောင်ဖြင့် အချောင်လိုက် ကိုယ်ကျိုးရှာသော သူတို့ကပင် လူတကာထက် တိုင်းပြည်ကို ပိုချစ်နေသယောင် လုပ်နေသော လူယုတ်မာ တစ်စုကို ပြည်သူ့အကျိုး အမှန်လိုလားသော စစ်သည်ကောင်းတို့က အမြစ်မှ သုတ်သင်ရှင်းလင်းပစ်ရန် အချိန်ရောက်နေပေပြီ။ ထိုစစ်သည် ကောင်းတို့၏နောက်ဝယ် ပြည်သူတို့က မားမားမတ်မတ် ရပ်တည် နေကြပါ၏။

**The Burma Review, July,1990.** နှင့် ဒီမိုကရေစီ သတင်းလွှာ အတွဲ ၁၊ အမှတ် ၄၊ နိဝင်ဘာလ၊ ၁၉၉၀ ပြည့်နှစ်။

## ပြည်သူ့တပ်မတော် သန့်ရှင်းရေး-၂

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့သည် ငြိမ်ဝပ်အဖွဲ့ စစ်အာဏာရှင်များက တစ်ဖန်ပြန်လည်၍ အာဏာသိမ်းသောနေ့၊ ကျောင်းသား၊ ပြည်သူလူထုနှင့် သံဃာတော် ၅၀၀ ကျော်တို့ကို တစ်နေ့တည်းတွင် အရက်စက်ဆုံး အယုတ်မာဆုံး သတ်ဖြတ်ခဲ့သောနေ့ ဖြစ်ပေသည်။ အာဏာရှင်နေဝင်း စတင်အာဏာသိမ်းခဲ့သော ၁၉၆၂ ခုနှစ် မတ်လ စတင်ရေတွက်ရလျှင် မြန်မာပြည်သူများသည် ပညာအမြော်အမြင် ကင်းမဲ့သော စစ်အာဏာရှင်များ၏ လက်အောက်ခံ ကျွန်ဘဝတွင်နှစ်ပေါင်း ၂၈ နှစ်ကျော်ကျော် ဆင်းရဲကြီးစွာဖြင့် စားသောက်နေထိုင်ခဲ့ကြရပြီး ဖြစ်ပေသည်။

၁၉၉၀ ပြည့်နှစ် ဇူလိုင်လ ၂၇ ရက်နေ့တွင် ထုတ်ပြန်သည့် ငြိမ်ဝပ်အဖွဲ့ ကြေငြာချက်အမှတ် ၁/၉၀ ၏ အပိုဒ် ၁၂ တွင် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃ တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်" ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူ ဖွဲ့စည်းခြင်းကို ငြိမ်ဝပ်အဖွဲ့က ဆောင်ရွက်ပေးမည်ဟု ပါရှိသော်လည်း ယနေ့အထိ လွှတ်တော်ခေါ်ယူရန် အရိပ်အယောင်မျှပင် မတွေ့ရသေးပေ။ လွှတ်တော်ခေါ်ယူပေးလျှင်လည်း ၎င်းတို့ ကြေငြာချက်အရပင် "နိုင်ငံတော် အာဏာကိုရယူရေးအတွက် ယာယီဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲ၍ အစိုးရ ဖွဲ့စည်း

ခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံမည် မဟုတ်။ ထိုသို့ ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်သည်"ဟု ဖော်ပြထားပြန်သဖြင့် ဤလွှတ်တော်သည် ဘာမှလုပ်ပိုင်ခွင့်မရှိနိုင်ပေ။ နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေတစ်ရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေကြောင်း၊ နိုင်ငံရေးအရ နီးကြားလာသော တိုင်းရင်းသားလူမျိုး အများအပြား၏ ဆန္ဒသဘော ညှိနိုင်းရန်နှင့် ပြည်သူ့ဆန္ဒခံယူပွဲ ပြဋ္ဌာန်းရန်လိုအပ်နေကြောင်း စသည်ဖြင့် အမြီးအမောက် မတည့်သည့် ပရိယာယ်စကားရပ်များ မြောက်များစွာဖြင့် လိမ်လည်လှည့်ပတ်နေသော ကြေငြာချက်ပင် ဖြစ်သည်။

ထို့ပြင် စတုတ္ထတာဝန်ဖြစ်သည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ပြီဖြစ်၍ ပထမတာဝန်တစ်ရပ်ဖြစ်သော တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ ဒုတိယတာဝန်တစ်ရပ်ဖြစ်သော လမ်းပန်းဆက်သွယ်ရေး လုံခြုံချောမွေ့စေရန်နှင့် တတိယတာဝန်တစ်ရပ်ဖြစ်သော ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရန် စသည်များကို ပြန်လည်ဆောင်ရွက်ရမည်ဟု ပါရှိပါသည်။ စတုတ္ထတာဝန် နိဂုံးချုပ်ကို ဆောင်ရွက်ပေးပြီးမှ တစ်ဖန် ပထမ၊ ဒုတိယနှင့် တတိယတာဝန်များကို ပြန်လည်ထမ်းဆောင်ရန် ရှိသေးသည်ဟု မုန့်လုံးစက္ကူကပ် အဆုံးအစ မရှိသော လုပ်ရပ်များကို ပြန်လုပ်နေပြန်ပေသည်။

ထို့ပြင် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အရေး ၃ ပါးကို ငြိမ်ဝပ်အဖွဲ့အနေဖြင့် ဆောင်ရွက်သွားမည်ဟု ဖော်ပြထားပြန်ပေသည်။

အထက်ဖော်ပြပါ ငြိမ်ဝပ်အဖွဲ့၏ ကြေငြာချက်တွင် ပါရှိသော တာဝန်ရပ်များကို မာရယ်လောဖြင့် အုပ်ချုပ်သော၊ တစ်ပါတီ တစ်ဖွဲ့စနစ်ဖြင့် အုပ်ချုပ်သော စစ်အာဏာရှင် အစိုးရအနေဖြင့် ဘယ်သော

အခါမှ ပြီးပြည့်စုံစွာ အကောင်အထည်ဖော်ဆောင်ရွက်၍ ရမည် မဟုတ်ပေ။

"နိုင်မာသော" ဟူသော စကားလုံးကို ပညာမဲ့သော စောမောင်နှင့် ခင်ညွန့်တို့အုပ်စုမှ လုံးဝသဘောမပေါက်ကြပေ။

နိုင်မာသော အစိုးရကို ပြည်သူလူထု၊ နိုင်ငံရေးပါတီနှင့် တပ်မတော်တို့ သုံးပွင့်ဆိုင် ညီညီညွတ်ညွတ် မပါဝင်ဘဲ မည်သည့်နိုင်ငံတွင်မှ ဖွဲ့စည်း၍ မရနိုင်ပေ။

တရားဥဒပေနှင့်အညီ ပြည်သူလူထု အများစုက တင်မြှောက်ထားသည့် အစိုးရကို နိုင်မာရန်အတွက် ပြည်သူလူထုနှင့် တပ်မတော်တို့က တာဝန်ခံရပေမည်။

ပြည်သူလူထုက တစ်မျိုး၊ နိုင်ငံရေးသမားက တစ်ဖုံ၊ တပ်မတော်က တစ်ဖွဲ့ အမျိုးမျိုးအဖုံဖုံ ဖြစ်နေပါလျှင် အမိနိုင်ငံတော်သည် ကမ္ဘာတည်သရွေ့ အဆင်းရဲ အမွဲတေဆုံး နိုင်ငံစာရင်းမှ ထွက်နိုင်မည် မဟုတ်တော့ပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒီမိုကရေစီ လိုလားသည့် လူမျိုးစုပါတီများကို ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပြည်သူလူထုနှင့် တပ်မတော်သားကောင်းများက ထောက်ခံအားပေးခဲ့ကြပေသည်။ ပြည်သူလူထုနှင့် နိုင်ငံရေးပါတီတို့သည် တစ်သားတည်း ဖြစ်နေပါလျက် တပ်မတော်က တစ်မျိုးတစ်ဖုံဖြစ်အောင် ဘာကြောင့် ကြံစည် အားထုတ်နေကြသနည်း။

တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပြိုကွဲအောင် ဘယ်သူတွေ ပြုလုပ်နေကြသနည်း၊ တပ်အရေခြုံ စောမောင်နှင့် ခင်ညွန့်တို့ အုပ်စုပင် မဟုတ်ပါလား။

ဩပ်ပိ အတွင်းရေးမှူး (၁) ခင်ညွန့်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးကို အသံကောင်းဟစ်လျက် ရှိပေသည်။ သို့ရာတွင် ကျောက်တန်းမြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) တွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ အနိုင်ရရှိသည့် လွှတ်တော်

အမတ် ဦးသန်းငြိမ်းသည် ခင်ညွန့်၏ ယောက်ဖပင် ဖြစ်လေသည်။ ခင်ညွန့်သည် အာဏာရှင် နေဝင်းအပေါ် သစ္စာခံနေသည့် လုပ်ရပ်များကြောင့် ခင်ညွန့်၏ မောင်နှမ မိသားစု၏ စည်းလုံးညီညွတ်မှုပင် ပြိုကွဲလျက်ရှိနေပေသည်။

ခင်ညွန့်သည် နေဝင်းမိသားစုနှင့် ပူးပေါင်းပြီး ရေနံရှာဖွေရေးကို အိတ်သွန်ဖာမှောက် ဦးစားပေး ဆောင်ရွက်လျက် ရှိပေသည်။ ရေနံထွက်ပါက ဆာဒမ်ဟူစိန်ကဲ့သို့ စစ်သားတစ်သန်းရှိသော စစ်တပ်ကြီးကို ခေတ်မီလက်နက်မျိုးစုံဖြင့် တည်ဆောက်ပြီး တစ်သက်လုံး အာဏာရှင် လုပ်စားရန် ကြံစည်အားထုတ်လျက် ရှိပေသည်။ ဆာဒမ်ဟူစိန်သည် အပြစ်မဲ့သော လူသားများကို ဓားစာခံအဖြစ် ချုပ်နှောင်ထားသကဲ့သို့ ခင်ညွန့်သည်လည်း မြန်မာ့နိုင်ငံရေး ခေါင်းဆောင်ကြီးများကို ဓားစာခံအဖြစ် ချုပ်နှောင်ဖမ်းဆီးထားလျက် ရှိနေပေသည်။ စစ်အာဏာရှင် နာဇီများကို နူရင်ဘတ်ခုံရုံးတွင် ရုံးတင်အပြစ်ပေးသကဲ့သို့ စစ်အာဏာရှင် ခင်ညွန့်တို့ကိုလည်း ပြည်သူများအား သတ်ဖြတ်မှု၊ ညှဉ်းဆဲမှု၊ နိုင်ငံရေး ခေါင်းဆောင်များအား ဓားစာခံအဖြစ် ဖမ်းဆီးချုပ်နှောင်မှု စသည်များဖြင့် စစ်ခုံရုံးတင်၍ အပြစ်ပေးကြရမည်သာ ဖြစ်သည်။

အမိ မြန်မာနိုင်ငံတော်သည် မိမိလျှောက်လှမ်းရမည့် ဖြောင့်ဖြူးသော လမ်းမကြီးကို တွေ့ရှိပြီး ဖြစ်လေသည်။ ထိုလမ်းမကြီးသည် မြန်မာပြည်သူများနှင့် ကမ္ဘာ့ပြည်သူများ လိုလားသည့် ဒီမိုကရေစီ လမ်းမကြီးပင် ဖြစ်ပေသည်။ ပြည်သူနှင့်လည်းကောင်း၊ ပါတီနှင့်လည်းကောင်း လက်တွဲ၍ မလိုက်လိုသူများသည် စောမောင်၊ ခင်ညွန့်တို့ အပါအဝင် လက်တစ်ဆုပ်စာ လူနည်းစုပင် ဖြစ်သည်။

ပြည်သူ့တပ်မတော်သား အပေါင်းကလည်း ပြည်သူနှင့် နိုင်ငံရေးပါတီတို့ဖြင့် ပူးပေါင်းလက်တွဲ၍ ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရေးကို အသံကြားမှ မပြေးများဖြင့် ယဉ်ကျေးသိမ်မွေ့စွာထုတ်ဖော်ခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း နေဝင်း၏ ကျေးကျွန်များဖြစ်သည့် စောမောင်နှင့် ခင်ညွန့်တို့ အုပ်စုသည် ပြည်သူနှင့် တပ်မတော်သားကောင်းတို့၏

ဆန္ဒကို ဆန့်ကျင်ပြီး အာဏာကို ရသည့်နည်းဖြင့် ဆုပ်ကိုင်ထားနိုင်ရန် အတွက် ပြည်သူ့ကိုယ်စားလှယ် အမတ်များကို ဖမ်းဆီးပြီး စားစားခံ ပြုလုပ်နေပြန်သည်။ မန္တလေးမြို့တွင်လည်း ဘုန်းတော်ကြီးများနှင့် ကျောင်းသားများကို သတ်ဖြတ်ခဲ့ကြသည်။

စောမောင်နှင့် ခင်ညွန့်တို့၏ အားကစားစိတ်ဓာတ် မရှိမှု၊ မသမာ သော ခေါင်းဆောင်မှုတို့ကြောင့် မူလတန်း ကလေးများက လမ်းလယ် ခေါင်တွင် ""ဒီအိုဂျီခေါ် ဒီ=စစ်သား""ဟု အင်္ဂလိပ်စာ ဖတ်စာသစ်တွင် ဖတ်ကြားနေသည်ကို တပ်မတော်သားကောင်းများအနေနှင့် စိတ်မချမ်း မြေ့စရာ ဖြစ်လာပြီး ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံး ပုပ်လာ ပေသည်။

စောမောင်နှင့် ခင်ညွန့်တို့ အုပ်စုသည်သာ အရှက်အကြောက် မရှိဘဲ အများပိုင်၊ ပြည်သူပိုင် မြေကွက်များကို သိမ်းယူပြီး ဗိုလ်ချုပ်ရွာ တည်ဆောက်လျက် မဆလခေတ်မှ ယနေ့ ငြိမ်ဝပ်ခေတ်တိုင်အောင် စည်းစိမ်ယစ်မူး၍ သားဝ မယားဝ ဇာတ်လမ်းကို အဆုံးအစမရှိ ကပြ နေသည်။

""တိုင်းတစ်ပါးကို အထင်မကြီးရန်""၎င်းတို့ မိန့်ခွန်းများ တဖွဖွ ပြောကြားနေပြီး ၎င်းတို့ သားသမီးများကို နိုင်ငံခြားသို့ပို့ခြင်း၊ နိုင်ငံခြား သဘော်ာ လိုက်ခိုင်းခြင်း၊ ကျောင်းတက်ခိုင်းခြင်းများကို အပြောတစ်မျိုး အလုပ်တစ်မျိုး ပြုမူဆောင်ရွက်နေကြသည်။

စောမောင်နှင့် ခင်ညွန့်တို့၏ အုပ်ချုပ်မှု ၂ နှစ်တာ ကာလအတွင်း အမိမြန်မာနိုင်ငံတော်တွင် ပညာရေးမှအစ လူ့အခွင့်အရေးအဆုံး အလွန် ဆုတ်ယုတ်လျက် ရှိနေသည်။ ပညာရေး ဆုတ်ယုတ်သော နိုင်ငံတစ်နိုင်ငံ သည် အနာဂတ်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကျဆင်းလာပြီး ကမ္ဘာ့အလယ်တွင် မျက်နှာငယ် အရှက်တကွဲ ဖြစ်စရာ ရှိပေသည်။

အမိမြန်မာနိုင်ငံတော်ကို အချိန်မီ ပြန်လည်တည်ဆောက်နိုင်ရန် အတွက် တပ်အရေးမြို့ စောမောင်နှင့် ခင်ညွန့်တို့ အုပ်စုအား တပ်မတော် မှ မောင်းထုတ်၊ သုတ်သင် ရှင်းလင်းခြင်းဖြင့် တပ်မတော်ကြီးအား

အချိန်မီ မသန့်ရှင်းနိုင်ပါက ကလေးသူငယ်များ လမ်းမပေါ်တွင် စာအံနေသော "ဒီအိုက်ဖြဲဒေါ်=စစ်သား" ဟူသော အမိပ္ပာယ်သည် နုနယ်သော ကလေးများ၏ စိတ်ထဲတွင် စွဲထင်သွားမည်သာ ဖြစ်သည်။

**ဒီမိုကရေစီ သတင်းလွှာ၊ အတွဲ ၁၊ အမှတ် ၄၊ နိုဝင်ဘာလ၊ ၁၉၉၀ ပြည့်နှစ်။**

✤

## ဂျွန်မောင်စောနှင့် ငြိမ်ပိစောမောင်

မောင်စောနှင့် စောမောင် အမည်ချင်းကလည်း အက္ခရာတူ၊ စိတ်နေစိတ်ထားချင်းကလည်း ထပ်တူထပ်မျှ၊ လုပ်ရပ်များကလည်း တစ်သွေမတိမ်း၊ နာမည်စာလုံး အထားအသို ရှေ့စာလုံးနှင့် နောက်စာလုံးသာ ကွာခြားသကဲ့သို့ မြန်မာ့သမိုင်းတွင် ထိပ်တန်းလူဆိုးစာရင်းဝင် မှတ်တမ်းတင် ခံရသည်ကလည်း ရှေ့စာမျက်နှာနှင့် နောက်စာမျက်နှာသာ ခြားနားနေပေသည်။

ဂျွန်မောင်စောသည် မြန်မာ့လွတ်လပ်ရေး၏ ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သူတစ်ဦးဖြစ်သည်။

ငြိမ်ပိစောမောင်သည် ဗိုလ်ချုပ်အောင်ဆန်း၏ ရင်နှစ်သည်းချာဖြစ်သော ဒေါ်အောင်ဆန်းစုကြည်၏ ရှင်သန်နေသော ဘဝကို သတ်ဖြတ်နေသူ၊ အပြစ်မဲ့သော ကျောင်းသား၊ လူငယ်နှင့် လုပ်သားပြည်သူများအား သတ်ဖြတ်ခဲ့သူ၊ ဘုရားသားတော် သံဃာတော်မြတ်တို့အား သုတ်သင် ရှင်းလင်းနေသူတစ်ဦးဖြစ်သည်။

ကမ္ဘာ့တစ်ခွင်တွင် မောင်စောနှင့် စောမောင်တို့သည် လူသတ်ကောင်နှစ်ဦးအဖြစ် ထင်ပေါ်ကျော်ကြားကြသော်လည်း၊ လူချင်းတူသော်သည်း အသက်ရှူခြင်းက အနည်းအကျဉ်း ကွဲပြားကြသည်။

ဂျွန်မောင်စောသည် လုပ်ရဲလျှင် ခံရဲရမည်ဟူသော မှုကို နှလုံးပိုက်ပြီး၊ အမှားကို မြင်တတ်သူတစ်ဦး ဖြစ်သော်လည်း ငြိမ်ပိစောမောင်

သည် လုပ်ရဲသော်လည်း မခံရဲသော၊ ယောက်ျားမပီသသော၊ စကားကို ဗလောင်းဗလဲ ပြောတတ်သော၊ သံဃာတော်များအား လိမ်ညာနေသော ကြောင်သူတော်တစ်ဦးသာ ဖြစ်သည်။

စာရေးသူအနေဖြင့် တစ်ဖက်စောင်းနင်း ကိုယ်လိုရာကိုယ် ရေးသား ပြောဆိုခြင်း ဟုတ်မဟုတ်ကို စာဖတ်သူများ ဝေဖန်ချင့်ချိန် ပိုင်းခြားနိုင်ရန်အတွက် အောက်တွင် ဦးမိုးစောမောင်၏ စကားရပ်များကို မူရင်းအတိုင်း ဖော်ပြပါမည်။

၁။ "..... အဲဒီတော့ တပည့်တော်က ဆရာတော်ကြီးများကို လျှောက်ထားလိုပါတယ်။ တပည့်တော် ဘာအပြစ်ရှိလို့တုန်း။ တပည့်တော် ဘာလုပ်ခဲ့သတုန်း၊ ၈-၈-၈၀ ရက်နေ့က ဘယ်ကျောင်းသား ဘယ်ပုဂ္ဂိုလ် သေဆုံးခဲ့ပါသတုန်း။ ဒီဟာတွေက ပယောဂတွေ အများကြီး ကပ်နေပါတယ်။ တပည့်တော်လည်း မှတ်သားထားပါတယ်။ ဆရာတော်ဘုရားကြီးများကို မဖူးမတွေ့ရပေမယ့်လို့ နားပူနားဆာလည်း တပည့်တော် မလုပ်လိုပါဘူး။ ဖြစ်သမျှအကြောင်းက တပည့်တော်ရဲ့ကံပဲလို့ တပည့်တော် ဒီအတိုင်းပဲ ခံယူပါတယ်။ တပည့်တော် သာသနာကို ပြစ်မှားရင်၊ ဗုဒ္ဓကို ပြစ်မှားရင်၊ တရားတော်ကို ပြစ်မှားရင် တပည့်တော် အခုတောင်းပန်ပါတယ်။ တပည့်တော် ဘယ်ဘဝကိုပဲ ရောက်ပါစေ တပည့်တော် ကျခံဖို့ အသင့်ပါပဲ။ ဒါ တပည့်တော်ရဲ့ လျှောက်ထားချက်ပါပဲဘုရား။ ဒါအထောက်အထား အမှန်ကန်ဆုံးပါ။ တပည့်တော် ဘယ်တုန်းကမှ မမှန်ကန်သော စကားကို တပည့်တော် မပြောခဲ့ပါဘူး ဘုရား..." (ဆရာတော်ကြီးများအား ဦးမိုးစောမောင်၏ လျှောက်ထားချက် ၁၉-၁၀-၉၈ နေ့ထုတ် လုပ်သားပြည်သူ့နေ့စဉ်)

၂။ "..... တို့ဟာ ဗလောင်းဗလဲ မလုပ်ဘူး။ ကလိန်ကကျစ်လည်း မလုပ်ဘူး။ ပြည်သူလူထုကိုလည်း မလှည့်စားဘူး။ တို့ရင်ထဲမှာရှိတဲ့အတိုင်း ရိုးရိုးပဲ ဖွင့်ဟပြောတယ်..." (၂၇-၃-၉၀ တပ်မတော်နေ့ ပြောကြားသည့် စောမောင်၏ မိန့်ခွန်း)

အတွေ့တွေ့ရွေးကောက်ပွဲကြီး ကျင်းပပြီးလျှင် ၄င်းအနေဖြင့် အငြိမ်းစားယူမည့်အကြောင်း၊ ရွေးကောက်ပွဲပြီးလျှင် တပ်မတော်၏ တာဝန်ပြီးမြောက်ပြီဖြစ်၍ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ရေးဆွဲရေးနှင့် ပတ်သက်၍ တပ်မတော်တွင် တာဝန်မရှိကြောင်း၊ နိုင်ငံတော်၏ အာဏာကို မူလပိုင်ရှင်ဖြစ်သော ပြည်သူများ လက်ဝယ်သို့ မြန်နိုင်သမျှ မြန်မြန်ပြန်လည်အပ်နှင်းချင်ကြောင်း စသည့် စကားများသည် လက်တွေ့တွင် ၄င်း၏ လုပ်ရပ်နှင့် လုံးဝဆန့်ကျင်ပြီး၊ ဦးမိပိစောမောင်သည် အလွန်ပင် ဗလောင်းဗလဲ ကျလွန်းသည်မှာ ထင်ရှားလှပေသည်။

ဦးမိပိစောမောင်၏ ဆရာ ဗိုလ်ချုပ်နေဝင်းခေါ် သခင်ရှုမောင်သည် တပ်မတော်ရှိ ယောကျ်ားပီသ၍ ရဲစွမ်းသတ္တိနှင့် အမြော်အမြင်ရှိသော ပညာတတ် စစ်ဗိုလ်များကို နည်းလမ်းမျိုးစုံဖြင့် ဖယ်ရှားပြီး၊ ခေါင်းညိတ်လက်ညှိုးထောင်တတ်ယုံမျှသာ အရည်အချင်းရှိသော လူပျော့လူညံ့များအား တပ်မတော်ထိပ်ပိုင်း ရာထူးကြီးများ ပေးအပ်ခဲ့ပေသည်။

ဗိုလ်ကြီးအုန်းကျော်မြင့်တို့အား နိုင်ငံတော် ပုန်ကန်မှုဖြင့် စစ်ဆေးစဉ်က လူငယ်ပညာတတ် စစ်ဗိုလ်များအနေဖြင့် အဆိုပါ သခင်ရှုမောင်၏ လုပ်ရပ်များကြောင့် နောင်တစ်နေ့တွင် တပ်မတော်ကြီးသည် အရည်အချင်းမရှိသော တပ်မတော်တစ်ခု ဖြစ်တော့မည်ကို မလိုလားကြ၍ ပုန်ကန်ရသည်ဟု အကြောင်းပြချက်တစ်ခု ပါရှိခဲ့သည်။

ဗိုလ်ချုပ်ကြီးကျော်ထင် (အတူး) လက်ထက်တွင် သခင်ရှုမောင်အနေဖြင့် ၂၆ နှစ်လုံးလုံး လက်သတ်မွေးလာသည့် မဆလပါတီသည် ဟင်းမွေးမဆလာကဲ့သို့ ဟင်းရည်ထဲတွင် အရည်ပျော်ဝင်သွားပြီး အမျိုးအစား အရည်အသွေးညံ့၍ အနံ့အသက်ပင် မကျန်သော မဆလာ ဖြစ်ခဲ့ရသည်။

ဗိုလ်ချုပ်ကြီး ဦးမိပိစောမောင် (အစော) ခေတ်တွင်၊ တစ်ဖန် သခင်ရှုမောင် အနေဖြင့် နှစ်ပေါင်း ၄၆ နှစ်ခန့် လက်သတ်မွေးလာသည့် ဗမာ့တပ်မတော်ကြီးသည် တရုတ်ကွန်မြူနစ်များ၏ လက်နက်၊ လေယာဉ်

နှင့် တင့်ကားများကို ကိုင်တွယ်အသုံးပြုလျက် ကိုယ့်လူမျိုးကို ကိုယ်သတ်၍ သွေးပေကျံနေသော "သတ်မှုတော်ကြီး" ဖြစ်လာသည်။

တပည့်တော်လည်း မန္တလေးသားပါဘုရားဟု ဆရာတော်များအား လျှောက်ထားခဲ့သော ငြိမ်ပိစောမောင်သည် မန္တလေးမြို့ကြီး ဘယ်အခြေအနေ၊ ဘယ်စခန်းသို့ ဆိုက်ရောက်နေသည်ကိုပင် မသိယောင် ဥပေက္ခာပြုနေပြန်သည်။

မြန်မာ့သမိုင်းတွင် ထီးကျိုးစည်ပေါက်ပြီး အရှင်သခင်များသာ တိုင်းတစ်ပါးသို့ ပါတော်မူခဲ့ကြသည်။ ယခု ငြိမ်ပိခေတ်တွင် မန္တလေးနေပြည်တော်ကြီး၏ ပထဝီမြေပြင်ကြီးသည် တရုတ်များလက်သို့ ပါတော်မူသွားခဲ့လေပြီ။

ယခုအခါ မန္တလေးမြို့ရှိ အိမ်ကြီး၊ အိမ်ကောင်း၊ ရပ်ကွက်ကောင်း ရပ်ကွက်သန့်များတွင် နယ်ခြားမှ အတတ်ပညာ၊ အသိပညာ ကင်းမဲ့သော မှောင်ခိုတရုတ်များက အခြေချ အပိုင်စီးထားကြပြီး ဖြစ်သည်။ အာဏာ၊ ငွေနှင့် မိန်းမကို အသေကြိုက်တတ်သော အကျင့်ပျက် ငြိမ်ပိစစ်ဗိုလ်များ၏ ပျော့ကွက်ဟာကွက်ကို နင်းပြီး တရုတ်များ နယ်ချဲ့လာခြင်းပင် ဖြစ်သည်။

ဗုဒ္ဓဘာသာ၏ ဇစ်မြစ်ဖြစ်သည့် မန္တလေးမြို့ကြီးသည် တရုတ်မှောင်ခိုများ၏ လက်အောက်သို့ ကျရောက်နေခြင်း၊ ဘုရား၏ သားတော်သံဃာတော်များအား ဖမ်းဆီး သုတ်သင်နေခြင်း၊ စာသင်ကျောင်းတိုက်များကို ဖျက်ဆီးနေခြင်းသည် ယနေ့ မြန်မာနိုင်ငံ၌ ဗုဒ္ဓတရားတော်အစစ်များ ချုပ်ငြိမ်းသွားပြီး၊ သခင်ရှမောင်ကဲ့သို့ မယားများသော အညွန့်ကြီး ရဟန်းတုများ၏ တစ်ခေတ်၊ တစ်စခန်း ထလာနေခြင်းပင် ဖြစ်သည်။

ထို့အပြင် ငြိမ်ပိစောမောင်သည် ၎င်း၏ ဆရာကြီး သခင်ရှမောင်ကဲ့သို့ပင် နိုင်ငံရေး စစ်တုရင်တွင် ကစားကွက်ကုန်လျက် ဘေးကြပ်နံကြပ် ဖြစ်နေသည်။ ရှေ့ရှေ့ရန်၊ စခန်းသွားရန် နည်းလမ်းမှန်သော အကွက်အကွင်း မကျန်တော့ဘဲ တောင်ပြောမြောက်ပြော အရောင်ရောင် အမှားမှား

နှင့် အပြီးအစောက် မတည့်သော စကားများကို အရှက်မရှိ ပြောဆို နေရှာသည်။

နိုင်ငံရေး နိယာမ သဘောတရားတွင် စစ်တပ်မှ နိုင်ငံရေး အာဏာကို ဆုပ်ကိုင်ချယ်လှယ်နိုင်သော အောက်ပါနည်းလမ်း ၃ သွယ်သာ ရှိသည်ကို ငြိမ်ပိစောမောင် အနေဖြင့် စာဖတ်နည်း၍ ဗဟုသုတ မရှိသောကြောင့် မသိနားမလည်ဘဲ ဖြစ်နေရှာသည်။

၁။ စစ်တပ်မှ တိုက်ရိုက် တော်လှန်ရေးကောင်စီဖွဲ့၍ အုပ်ချုပ်ခြင်း။ အိမ်စောင့်အစိုးရအဖြစ် ခေတ္တအုပ်ချုပ်ခြင်း။ (သခင်ရှုမောင် ကျင့်သုံးခဲ့ပြီး၊ မအောင်မြင်)

၂။ တပ်မတော်သားများအား အရပ်သား အရေခြုံစေပြီး အုပ်ချုပ်ခြင်း။ (သခင်ရှုမောင်၏ တော်လှန်ရေးကောင်စီမှ မဆလပါတီ အရေခြုံ၍ မလိမ့်တပတ် အုပ်ချုပ်ခြင်း၊ မအောင်မြင်)

၃။ စစ်တပ်မှ ၎င်းတို့လိုလားသော နိုင်ငံရေးပါတီကို ရုပ်သေးအစိုးရအဖြစ် တင်မြှောက်ပြီး နောက်ကွယ် ကြိုးဆွဲချယ်လှယ် အုပ်ချုပ်ခြင်း။ (သခင်ရှုမောင် အနေဖြင့် မဆလပါတီမှ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ပါတီသို့ ကူးပြောင်းပြီး ရွေးကောက်ပွဲဝင်ခြင်း၊ မအောင်မြင်)

သို့သော်လည်း အသက်အရွယ်အရ အငြိမ်းစားယူရမည့် ဇရာပိုင်းသို့ ရောက်နေပြီဖြစ်သော ငြိမ်ပိစောမောင် အနေဖြင့် သံဃာတော် အရှင်မြတ်များအား သတ်ဖြတ် ဖမ်းဆီး စော်ကားခဲ့ခြင်းကြောင့် ကျောင်းကန်ဘုရားများသို့ သွားရောက်ပြီး "တရားအားထုတ်"၍ လုံးဝ မရနိုင်တော့သော်လည်း "တရုတ်အားထား"၍တော့ အခိုက်အတန့်အားဖြင့် ရနိုင်ပေမည်။

ဒေါင်းအိုးဝေ၊ အတွဲ ၂၊ အမှတ် ၉၊ မေ၊ ၁၉၉၁ ခု။

✤

## အရိုးကနည်းပြီး ခွေးကများနေသောကြောင့်

၁၉၈၆ ခုနှစ်၊ ဧပြီလအတွင်းတွင် စစ်အာဏာရှင် ဗိုလ်နေဝင်း တစ်ယောက် လန်ဒန်မြို့သို့ အပန်းလည်းဖြေ၊ ဆေးဝါးလည်း ကုသခံရန် အတွက် အခြွေအရံ ၄၄ ဦးနှင့်အတူ ရောက်ရှိလာသည်။ ချက်လက်မှတ် ဖြင့် ငွေသုံးစွဲခြင်း မရှိသော ဗိုလ်နေဝင်းသည် သံသေတ္တာတွင် ဒေါ်လာ ငွေ အပြည့်ထည့်ကာ ယူလာသည်။ ဗိုလ်နေဝင်း၏ စအိုဝအနာကို ခွဲ စိတ်ကုသရန် ၁၀ ကြိမ်မြောက်နှင့် နောက်ဆုံးအကြိမ် ဗြိတိန်နိုင်ငံသို့ လာရောက်သော ခရီးပင် ဖြစ်သည်။

မြန်မာနိုင်ငံသို့ မပြန်မီ ၄င်းကို ပြုစုခဲ့သည့် မြန်မာသံရုံးဝန်ထမ်း များကို ဗိုလ်နေဝင်းက ညစာစားပွဲ ပြုလုပ်ခဲ့သည်။ သံရုံးဝန်ထမ်း များနှင့် ဇနီးများကို စစ်သံမှူးနေအိမ်သို့ ဖိတ်ကြားခဲ့လေသည်။

ညနေ ၆ နာရီခန့်၌ ဗိုလ်နေဝင်း ရောက်ရှိလာရာ ညစာပွဲ တက် ရောက်လာသူအားလုံး အပေါက်ဝ၌ တန်းစီဆီးကြို ကြရသည်။ သူက လူအားလုံးကို တစ်ဦးချင်း လက်ဆွဲနှုတ်ဆက်လျက် ""ဘယ်သူ ကျန်သေးလဲ၊ နောက်ကလူတွေ နှုတ်မဆက်လိုက်ရ မဖြစ်စေနဲ့၊ လာကြ၊ ရှေ့ကိုလာကြ""ဟုသည်ဖြင့် ပျူပျူငှာငှာ ပြောဆိုပြီး၊ အချို့ဝန်ထမ်း ဇနီး များကိုပင် ""အဆိုတော် တင်တင်မြကြီး ဒီရောက်နေပါ ပကောလား"" ဟု နောက်ပြောင် ကျီစယ်၍ အရောတဝင် ပြောဆို နှုတ်ဆက်နေသေး သည်။

"တယ်တော်တဲ့ ခေါင်းဆောင်ကြီးပါလား။ အလွန်ဖော်ရွေတာပဲ" ဟု စာရေးသူ၏ စိတ်အတွင်းမှ ချီးမွမ်းရန် ကြံစည်စဉ်မှာပင် "ဒီအထဲကလူ ဘယ်သူရှိလဲဟေ့" ဟု မေးမြန်းသံကြောင့် တွန့်သွားခဲ့ရသည်။

သံရုံးဝန်ထမ်းများထဲမှ ဗိုလ်ကြီးဟောင်းတစ်ဦးက ရှေ့ထွက်လာပြီး "ကျွန်တော်ရှိပါတယ်။ ဘယ်တပ်ရင်းက ဘယ်သူဘယ်ဝါပါ"ဟု ပြန်ပြောလိုက်သောအခါ၊ "အေး၊ အေး၊ ကောင်းတယ်။ ကောင်းတယ်" ဟု ခေါင်းတညိတ်ညိတ်နှင့် ဧည့်ခန်းထဲသို့ ဝင်သွားခဲ့လေသည်။

သံတမန် ဝန်ထမ်းချင်းအတူတူ၊ အစိုးရလူများဟု မိမိကိုယ်မိမိ ထင်မှတ်ယုံကြည်နေကြသော စာရေးသူတို့တတွေ၏ စိတ်ထဲ၌ လှုပ်အလယ်တွင် စစ်တပ်က လူမှ သူ့လူ "ဒီအထဲကလူ"ဟု အသိအမှတ်ပြုသော ဗိုလ်နေဝင်း၏ ပင်ရင်းစိတ်ထားကြောင့် အတော် ကသိကအောက် ဖြစ်သွားခဲ့ကြသည်။

ထို့အပြင် ဗိုလ်စောမောင်တို့ အာဏာသိမ်းပြီး ဝန်ထမ်းများအား ကတိခံဝန်ချက် အကြိမ်ကြိမ် လက်မှတ်ထိုးခိုင်းစဉ်ကလည်း အရပ်နှင့် တပ်ကို ခွဲခြားသူများအား လုံးဝ သတိပေးခြင်း မရှိဘဲ အလုပ်မှ အပြီးအပိုင် ထုတ်ပယ်ပစ်မည်ဟူသော အစွန်းက တစ်မူးသာသည့် စာပိုဒ်ပါရှိနေပြန်သည်။

အမှန်မှာ စစ်အာဏာရှင်တို့သည် စစ်တပ်နှင့် ပြည်သူကို တစ်သားတည်း ဖြစ်စေလိုသည့် စေတနာ ရှိသည်မဟုတ်။ လက်ရှိအခြေအနေဖြစ်သော အုပ်ချုပ်သူ လူတန်းစား စစ်ဗိုလ်စစ်သားများကို အအုပ်ချုပ်ခံပြည်သူတို့က ပုန်ကန်တော်လှန်ခြင်း မရှိစေရန် အခြေအနေမှန်ကို မသိစေလိုခြင်းသာ ဖြစ်သည်။ ထို့ကြောင့် နဝတ၌ ပါဝင်သော အရပ်သားဝန်ကြီး ဒေါက်တာဖေသိန်းကို ဗိုလ်မှူးကြီး ရာထူးပေးကာ ရက်ရက်ရောရော ခန့်အပ်ခြင်းဖြင့် အုပ်ချုပ်သူ လူတန်းစားသည် စစ်တပ်မှသာ ဖြစ်ရမည်ဆိုသည့် ဗိုလ်နေဝင်း၏မူကို ပြောင်ပြောင်တင်းတင်း အကောင်အထည် ဖော်ပြလိုက်သည်။

အထက်ဖော်ပြပါ "ကျွန်တော် ဘယ်တပ်ရင်းကပါ" ဟု ဗိုလ်နေဝင်းအား အစီရင်ခံခဲ့သည့် ဗိုလ်ကြီးဟောင်းနှင့် ဇနီးတို့တွင် သံအမတ်ဖြစ်ချင်သောရောဂါ အလွန်ရင့်ကျက်လျက် ရှိ၏။ တစည ခေါင်းဆောင်ဖြစ်သည့် ဦးသာကျော် လန်ဒန်တွင် ဆေးဝါးကုသရန် လာရောက်စဉ်ကလည်း "ဝန်ကြီး ဦးကျော်စိုးရဲ့ ကိုယ်ရေးအရာရှိ ဗိုလ်ကြီးသန်းထွန်းတောင် သံအမတ် ဖြစ်နေပြီကွ။ မောင်ရင်က ဘာကြောင့် သံအမတ်မဖြစ်သေးတာလဲ"ဟု ကလိခဲ့သဖြင့် သူ့ခမြာ ပို၍မခံသာ သံအမတ်ရောဂါပိုး ကြွလာခဲ့ရသည်။

ပညာနှင့် စစ်သက်အရဆိုပါမူ အဆိုပါ ဗိုလ်ကြီးဟောင်းသည်လည်း သံအမတ် ဖြစ်သင့်သူတစ်ဦးပင် ဖြစ်သည်။ ဗိုလ်ကြီးခင်ညွန့်ယခု ဗိုလ်ချုပ်သည် တိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေ၏ ကိုယ်ရေးအရာရှိလုပ်နေစဉ်က ယင်းဗိုလ်ကြီးသည် တိုင်းမှူးဗိုလ်မှူးကြီး လှဖုန်း၏ ကိုယ်ရေးအရာရှိ ဖြစ်သည်။ ထို့ကြောင့် ကိုယ်ရေးအရာရှိ အချင်းချင်း တွေ့ထိရင်းနှီးမှု ရှိခဲ့ကြသည်။ ဗိုလ်ခင်ညွန့်တို့ အာဏာသိမ်းသောအခါ "တို့လည်း ကောင်းစားတော့မည်"ဟု သေချာပေါက် တွက်ချက်လျက် ရန်ကုန် ရုံးချုပ်သို့ ပြန်လည်ပြောင်းရွှေ့သွားခဲ့သည်။ သို့သော်လည်း ဗိုလ်ခင်ညွန့်တို့က စစ်ထောက်လှမ်းရေးမှ နိုင်ငံခြားရေးဌာနတွင် မြုပ်နှံထားသော ဗိုလ်မှူးအောင်ကြီးနှင့် ဗိုလ်မှူးစောထွန်းတို့ကိုသာ သံအမတ်ခန့်အပ်လိုက်သည်။ အဆိုပါ ဗိုလ်ကြီးဟောင်းသည် အရပ်သားများနှင့် ယှဉ်လိုက်သောအခါ ဗိုလ်နေဝင်းမှအရ "တို့အထဲကလူ"စာရင်းတွင် ခေါင်းတစ်လုံးသာခဲ့သူဖြစ်ပြီး၊ တပ်သားချင်း ယှဉ်သည့်အခါ၌ကား "တို့အထဲကလူ" စာရင်းဝင်မဟုတ် ဖြစ်ရပြန်သည်။ တပ်မတော်တွင် အရှင်မွေးမှသာ နေ့ချင်းညချင်း ကြီးပြင်းနိုင်ပြီး အရှင်သခင် မရှိသော "တို့အထဲကလူ"မဟုတ်သော စစ်ဗိုလ်များမှာ မျောက်လောင်းဘဝနှင့်ပင်ဘဝကို အဆုံးသတ်ကြရသည်။

ဗိုလ်နေဝင်းသည် စစ်တပ်ထဲ၌ "တို့အထဲကလူ"မကျန်သလောက်ဖြစ်နေရှာသည်။ ဗိုလ်ချုပ်ခင်ညွန့်သည် စစ်ထောက်လှမ်းရေး ညွှန်ကြား

ရေးမှူးချုပ် ဖြစ်လာသောအချိန်တွင်မှသာ ဗိုလ်နေဝင်း၏ ပြည်တွင်း၊ ပြည်ပစရိုးတွင် အနီးကပ် သက်တော်စောင့်အဖြစ် လိုက်ပါခွင့် ရရှိခဲ့သည်။ ဗိုလ်နေဝင်း၊ သမီးစန္ဒာဝင်းတို့နှင့် မေးတစ်ခွန်း၊ ခေါ်တစ်ခွန်း ပြောဆိုနီးစပ်မှု ရှိကြပြီး "တို့အထဲကလူ" စာရင်းဝင် လူသစ်တစ်ဦး ဖြစ်လာခဲ့သည်။ ဗိုလ်ခင်ညွန့်အား သက်တော်စောင့်ရာထူး၊ အလွန်ဆုံး အသက်ထောက်လာလျှင် သံအမတ် ရာထူးမျှလောက်သာပေးရန် မဆလပါတီတွင် ရည်ရွယ်ချက်ရှိခဲ့သည်။

ဗိုလ်ချုပ်စောမောင်သည် ၁၉၈၆ ခုနှစ်၊ ဧပြီလအတွင်းတွင် အထက်ဖော်ပြပါ ဗိုလ်နေဝင်းနှင့်အဖွဲ့ လန်ဒန်၌ရှိနေစဉ်က ပါရီမြို့ မြန်မာသံရုံး မှ အရာရှိတစ်ဦးနှင့် အတူ အင်္ဂလန်သို့ စစ်လေယာဉ်ယောင်းတစ်စီးဝယ်ရန်အတွက် ရောက်ရှိလာခဲ့သည်။ ဗိုလ်နေဝင်းသည် ဆေးရုံမှ ဆင်းခါစ သံရုံးပိုင်သည့် ဧည့်ဂေဟာတွင် ရှိနေသော်လည်း ထိုစဉ်က ကာကွယ်ရေး ဒုတိယဝန်ကြီးနှင့် ဒုတိယကာကွယ်ရေး ဦးစီးချုပ် ရာထူးနေရာများရနေသော ဗိုလ်ချုပ်စောမောင်သည် "တို့အထဲကလူ"စာရင်းဝင် မဟုတ်၍ မာကြောင်းသာကြောင်း သတင်းမေးရန်မျှပင် လာရောက်ခွင့် မရှိဘဲ လန်ဒန်မြို့ ဟိသ်ရိုးလေဆိပ်မှ နယ်သို့ တိုက်ရိုက်ဆင်းသွားကြောင်းနှင့် နယ်မှ တိုက်ရိုက်ပြန်သွားပြီ ဖြစ်ကြောင်းမျှကို လျှို့ဝှက်စွာ ကြားသိခဲ့ရသည်။

ဗိုလ်စောမောင်အား အထက်ဖော်ပြပါ ရာထူးများ ခန့်အပ်စဉ်ကလည်း ဗိုလ်နေဝင်းက "မင်းတို့အကောင် ဖြစ်မှ ဖြစ်ပါ့မလားကွ၊ ဗွန်းခရင်းကိုမှ မကိုင်တတ်တဲ့ အကောင်၊ နည်းနည်းပါးပါး လူရေလည်အောင် နိုင်ငံခြားသံရုံး ပါတီလေးဘာလေး ပေးတက်ပါဦးကွာ"ဟု မှတ်ချက်ချ ပြောဆိုခဲ့သည်ဟု အတွင်းလူယုံတော်ကြီးများ၏ ပြောစကားကို ကြားခဲ့ရသည်။

ဗိုလ်ချုပ်စောမောင်သည် လုပ်သက်အရ အဆင့်အတန်း ဒုကာကွယ်ရေး ဦးစီးချုပ် ဖြစ်လာသော်လည်း ဗိုလ်နေဝင်းတို့၏ ငယ်ချေးမြဲပေါက် မဟုတ်ချေ။ ဗိုလ်နေဝင်းအနေဖြင့်လည်း ၎င်း၏ အသက်အရွယ်

အရ စစ်တပ်ထဲတွင် ၎င်းမျက်မှန်းတမ်းမိသော တပည့်တပန်းများ မရှိသော့၍ ၎င်း၏ တပည့် ဗိုလ်ချုပ်ကြီး ကျော်ထင်ကို ၎င်းတို့အတွက် သုံးကြည့်စိတ်ချရမည့် "တို့အထဲကလူကို ကာကွယ်ရေး ဦးစီးချုပ် ရာထူးအတွက် ရှာဖွေမွေးထားပါ"ဟု တာဝန်ပေးထားခဲ့သည်။ ဗိုလ်နေဝင်းနှင့် ဗိုလ်ချုပ်ကြီး ကျော်ထင်တို့အနေနှင့် ပေါင်းတည်၊ ပေါက်ခေါင်းသည့် ပြည်ခရိုင်မှ စစ်တပ်အတွင်းရှိ ရပ်ရွှေရပ်မျိုးများကိုသာ အထူးသိုလားသည်။ သို့အတွက် ဗိုလ်နေဝင်းနှင့် ဆွေရိပ်မျိုးရိပ် မကင်းသူဗိုလ်မှူးကြီး ဖုန်းမြင့် ယခု ပြည်ထဲရေး ဝန်ကြီးတို့ကို စစ်ရေးချုပ်၊ ခစ်ထောက်ချုပ် စသည့် ရာထူးများအထိ မြှင့်တင်ပေးထားပြီး ဖြစ်သည်။ တစ်နေ့တွင် ဗိုလ်ချုပ်ကြီး ကျော်ထင်က သမ္မတကြီး၊ ၎င်းတို့ ပြည်ခရိုင်သား တစ်ဦးဦးက ကာကွယ်ရေး ဝန်ကြီးနှင့် စစ်ဦးစီးချုပ်အဖြစ် ခန့်ထားနိုင်ရန် အကွက်ချ လျာထားပြီးဖြစ်သည်။

သို့သော်လည်း ၎င်းတို့ ရည်မှန်းထားချက်များ အကွက်မဝင်မီ· မဆလပါတီ စနစ်ကြီး မမျှော်လင့်ဘဲ မိုးပြိုသလို ပြိုဆင်းသွားခြင်းကြောင့် လက်ရှိ ထိပ်ပိုင်းမှ လူများနှင့်ပင် အာဏာသိမ်းလိုက်ရ၏။ ဗိုလ်စောမောင်နှင့် ဗိုလ်ခင်ညွန့်တို့မှာ မရွယ်ဘဲနှင့် စော်ကဲမင်း ဖြစ်လာကြသည်။ မန္တလေးသား ဗိုလ်စောမောင်နှင့် ကျောက်တန်းသား ဗိုလ်ခင်ညွန့်တို့သည် ဗိုလ်နေဝင်း လျာထားခဲ့သော "တို့အထဲကလူ"စာရင်းဝင်များ မဟုတ်သည်မှာ သေချာလှပေသည်။

ထို့ကြောင့်ပင် ဗိုလ်နေဝင်းသည် မည်သူ့ကိုမှ မယုံကြည်ဘဲ ခြောက်လုံးပြူးသေနတ်ကို ခါးတွင် အမြဲချိတ်ထားသည်။ ၎င်းနေထိုင်ခဲ့သော အေဒီလမ်းရှိ ကာကွယ်ရေး ဦးစီးချုပ်အတွက် ဆောက်လုပ်ထားသည့်အိမ်တွင် ၎င်း၏ ကိုယ်ရံတော်တပ်ရင်းမှ တပ်ရင်းမှူးကြီးအား နေရာချထားပေးပြီး ယင်းအိမ်အနီးရှိ သမီးများအမည်ဖြင့် ဆောက်လုပ်ထားသော သူ့ကိုယ်ပိုင် နေအိမ်တွင် "တို့အထဲကလူ"များနှင့် ခံတပ်ပြုလုပ်နေထိုင်လျက်ရှိသည်။"

ဗိုလ်ခင်ညွှန့် အနေဖြင့်လည်း ထောက်လှမ်းရေးများမှအစ သူပုန်များပါမကျန် "တို့အထဲကလူ"များကို လက်သပ်မွေးလျက် ရှိသည်။ ဗိုလ်စောမောင်ကလည်း ခြေလျင်တပ်သားများကို "တို့အထဲကလူ" များဖြစ်လာစေရန် စုဆောင်းသိမ်းသွင်းလျက် ရှိ၏။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း ပြောခဲ့သကဲ့သို့ ၎င်းတို့တွင် အရိုးကနည်းပြီး ခွေးက များနေသောကြောင့် မည်သည့်နေ့၊ မည်သည့်အချိန်၌ "တို့အထဲကလူ" အချင်းချင်း ကိုက်ကြမည်ကိုသာ စောင့်ကြည့်ကြပါစို့။

**The Burma Review, May, 1991.**

✤

## စိတ္တဇဝေဒနာသည့် စစ်အာဏာရှင်များ

နာမည်ခံ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး စောမောင်တစ်ယောက် စိတ္တဇဝေဒနာ စွဲကပ်ကာ ဆေးရုံတင်ထားရကြောင်း သတင်းများ မကြာမီ က ထွက်လာပါသည်။ စာရေးသူ၏ သံတမန် သက်တမ်းရှည်အတွင်း မြန်မာစစ်အာဏာရှင် ကြီးငယ်များ၏ စိတ္တဇဝေဒနာ ဇာတ်လမ်းများကို မကြာခဏ တွေ့ကြုံကြားမြင်ခဲ့ရသဖြင့် အံ့သြမှု အထူးတလည် မရှိခဲ့ပါ။

၁၉၈၆ ခုနှစ်၊ ဧပြီလ၌ စစ်အာဏာရှင် အစစ်အမှန်ကြီး ဦးနေဝင်း တစ်ယောက် အဖွဲ့ဝင် ၄၄ ဦးနှင့်အတူ ဆေးကုသခံရန် လန်ဒန်သို့ ရောက်လာသည်။ ဦးနေဝင်းနှင့် သားသမီး မြေးများက ဝင်ဘိုတန် အရပ်ရှိ ဧည့်ရိပ်သာ၌ တည်းခိုကြ၏။ ဗိုလ်ချုပ်ကြီး ကျော်ထင်နှင့် အဖွဲ့က စစ်သံမှူး နေအိမ်၌လည်းကောင်း၊ ဦးနေဝင်း၏ သော့ကိုင်လူယုံ ဗိုလ်မှူးဆက်ထွန်းနှင့် အဖွဲ့က စစ်သံရုံး ဧည့်ဂေဟာ၌လည်းကောင်း တည်းခိုကြသည်။

တစ်နေ့သောအခါ ဗိုလ်ချုပ်ကြီး ကျော်ထင် စစ်သံရုံး ဧည့်ဂေဟာ သို့ ရောက်လာပြီး ဗိုလ်မှူးဆက်ထွန်းအား "အဖေကြီးက သူ့ကို လာ မတွေ့လို့ ခင်ဗျားတို့ကို စိတ်ဆိုးနေတယ်။ သွားတွေ့လိုက်ကြပါဦး" ဟု ဆိုသည်။ ဗိုလ်ချုပ်ကျော်ထင် ထွက်သွားပြီးနောက် ဗိုလ်မှူးဆက်ထွန်း က "နိုင်ငံခြားမှာ နားအေးပါးအေး နေရမလား အောက်မေ့ပါတယ်၊ ဒီအရူးကြီးက အမြဲတန်း စိတ်ဆိုး ဒေါသထွက်နေဖို့ပဲ နားလည်တယ်" ဟု တဖြစ်တောက်တောက် ညည်းလေသည်။

ဦးနေဝင်း၏ အခြားလူယုံတော် လေတပ်အရာခံဗိုလ် ငွေသိန်းက လည်း တစ်ကြိမ်တွင် "ဒီအရူးကြီး ညက တစ်ညလုံး သောင်းကျန်း နေလို့ ချော့လိုက်ရတာ အမောပါပဲဗျာ။ သူ့အိပ်ခန်းနားက ရေနွေးအိုးလာ ရေကျသံလောက်ကိုပဲ အသံသိပ်ဆူညံတယ်၊ ဆေးရုံပြန်ပို့ရမယ်ဆိုပြီး ကျိတ်ကိတ်နေတယ်"ဟု ပြောပြပါသည်။

ခေါင်ကာစသော အရူးဇာတ်လမ်းပင် ဖြစ်သည်။ အပြစ်မဲ့ ရဟန်း ရှင်လူ ထောင်သောင်းကို တာဝန်ယူ သတ်ဖြတ်ခဲ့သော ဗိုလ်ချုပ် စောမောင်မှာလည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံဖြစ်ကာ မအိပ်နိုင်၊ မစားနိုင် ဖြင့် စိတ္တဇဝေဒနာ ခွဲကပ်လာပုံရသည်။

ဦးနေဝင်းက မဆင်မခြင်၊ မစူးမစမ်း၊ စိတ္တဇဝေဒနာသည်ပီပီ ထင်ရာကြံတတ်သဖြင့် သူကိုယ်တိုင် အချုပ်ထဲ ရောက်ဖူးကြောင်းဖြင့် ကွယ်လွန်သူ ဗိုလ်မှူးကြီး ဥမ်ရှိန်က ပြောဖူးသည်။ စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း ဗိုလ်မှူးကြီး (နှုတ်ခမ်းမွေး) မောင်လွင်က "ဒေါ်ခင်မေသန်းနှင့် ပူးပေါင်းကာ ဗိုလ်ဥမ်ရှိန်က သူ့ရာထူးကို လုရန် ကြံနေသည်"ဟု တိုင်တန်းသဖြင့် "မင်းအချုပ်ခန်းထဲသွားနေ"ဟု ဦးနေဝင်းက တစ်ချက်လွှတ် အမိန့်ချခဲ့ကြောင်း၊ ထို့နောက်မှ တစ်ဖန် အချုပ်ခန်းမှ ထုတ်ပြီး အားကစားနှင့် ကာယပညာ ကော်မတီ၌ ညွှန် ကြားရေးမှူးချုပ် ရာထူးပေးကာ ချော့ပြန်ကြောင်း ဗိုလ်မှူးကြီး ဥမ်ရှိန် က ပြောပြသည်။ ဦးနေဝင်း၏ ခြောက်တစ်လှည့်၊ ချော့တစ်ခါဖြင့် ဝန်ထမ်းအချင်းချင်း တစ်ဦးအပေါ်တစ်ဦး စိတ်နာ၊ အထင်မှားရန် သွေးခွဲ အုပ်ချုပ်တတ်သည့် လုပ်ရပ်များစွာအနက်မှ တစ်ခုဖြစ်သည်။

ဦးနေဝင်းသည် သူ့၏ အာဏာသား စစ်ထောက်လှမ်းရေးမှူးချုပ် များ အကူအညီဖြင့် ဘောင်ဒရီနှင့် ရေကြည်အိုင် ကဲ့သို့သော အကျဉ်းသား ညှင်းဆဲသည့် ငရဲခန်းများကို တည်ဆောက်ခဲ့သည်။ အာဏာသားများ ကလည်း သူတို့၏ ဖခင်ကြီး သဘောကျစေရန် နိုင်ငံရေး အကျဉ်းသား များကို ယင်းငရဲခန်းများအတွင်း လှောင်တိုက်သွင်းကာ နှိပ်စက်ညှင်းပန်း ခဲ့ကြသည်။ "ကာလဝိဘတ် နောက်ပိုးတက်"ဟူသည့် စကားအတိုင်း

ယင်းထောက်လှမ်းရေးမှူးကြီးများဖြစ်သည့် ဗိုလ်မှူးကြီး ဥမ်ရှိန်၊ ဗိုလ်မှူး ချာလီသိန်းရွှေ၊ ဗိုလ်မှူးချုပ် (မျက်မှန်) တင်ဦး၊ ဗိုလ်မှူး ဘိုနီနှင့် အခြား စစ်ထောက်လှမ်းရေးမှူး ကြီးငယ်များမှာ သူတို့တီထွင်ခဲ့သည့် ငရဲစခန်းများ၌ ပြန်လည် စံမြန်းကြရသည်။

ပြည်သူများ၏ မေတ္တာရည် စူးလောက်အောင် မသန့်ရှင်းသည့် စစ်ထောက်လှမ်းရေး အလုပ်ကြောင့် ကိုယ်တိုင်ပြန်လည်ပြီး ဒုက္ခရောက်ကြရသော စစ်ထောက်လှမ်းရေးမှူးဟောင်းများ၏ ဘဝကို လက်ရှိ ထောက်လှမ်းရေးသမားတို့ လေ့လာသုံးသပ် သံဝေဂ ယူသင့်ကြသည်။

စစ်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးဟောင်း ဗိုလ်မှူးကြီး ချစ်ခင်သည် ပြန်ကြားရေးဝန်ကြီးဘဝမှ အိန္ဒိယနိုင်ငံဆိုင်ရာ သံအမတ်အဖြစ် ရာထူးလျှော့ချ ခံခဲ့ရသည်။ သံအမတ်ဘဝ၌ ဒေသခံ ဝန်ထမ်းများ၏ သနှပြမှုကို ကြုံတွေ့ရလေသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံခြားရေးဝန်ကြီး ဦးလှဖုန်းနှင့် အခြေအတင် စကားများ ရန်ဖြစ်ကြပြီး ဝန်ကြီးရုံးခန်းမှ အုတ်နံရံကို စိတ်လွှတ်ကိုယ်လွှတ် လက်သီးနှင့် ထိုးရာ လက်သီးသည်းကွဲ၊ ဘဝလည်း ပြိုဆင်းသွားရရှာသည်။

ဗိုလ်ချုပ် တင်ဦးထံမှ ရာထူးဆက်ခံသည့် ဗိုလ်မှူးကြီး ကျော်ထွန်း၏ ကံကြမ္မာသည်လည်း မကောင်းလှချေ။ ကုန်သွယ်ရေး ဒုတိယဝန်ကြီးအဖြစ် ထမ်းဆောင်နေဆဲ၌ သားသမီးကိစ္စ ပြဿနာ ကြုံရရှာသည်။ သားအလတ်က ညီမငယ် တက္ကသိုလ် ကျောင်းသူအား ဝင်ပေါက်စောင့် သုံ့ခြံရေးရဲ၏ ခြောက်လုံးပြူးဖြင့် ချိန်တွယ်ကျီစယ်ရာမှ ညီမငယ်၏ ဂျက်နှာတည့်တည့် ကျည်ထိမှန်ပြီး သေဆုံးသွားရရှာသည်။

ခေါင်းဆောင်လုပ်သူ ဦးနေဝင်းကိုယ်တိုင်က စိတ်ဓာတ်မှန်ကန်မှု မရှိဘဲ၊ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိ မိမိ၏ တိုင်းသူပြည်သားများကို သစ်ခတ်သတ်ဖြတ်မည် ဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုသို့သော စိတ္တစေတနာရှင် ခေါင်းဆောင်မှုန်း သိပါလျက် အနီးကပ်နောက်လိုက်များက ပွဲးဖိထားကြသဖြင့် တပ်မတော်သားကောင်းတို့မှာ မလွဲမရှောင်သာ အမိန့်ကို နာခံလုပ်ကိုင်မိကြရာ ၁၉၈၈ ခုနှစ်ကဲ့သို့သော အရေးအခင်းများ

ဖြစ်ပေါ်ခဲ့ကြရသည်။ အပြစ်မဲ့ ရဟန်းသံဃာ၊ အရပ်သားများနှင့် ကျောင်းသူ ကျောင်းသား ထောင်ပေါင်းများစွာ အသက်ဆုံးရှုံးခဲ့ကြရသည်။

သွေးစွန်းနေသော ဦးနေဝင်းနှင့် သူ၏နောက်လိုက် စစ်အာဏာသားများ၏ ပယောဂကြောင့် နောက်ထပ် ပြည်သူနှင့် စစ်သည်တော်ကောင်းများ အမြောက်အများ မလိုလားအပ်ဘဲ သေကြေမည်ကို စိုးရိမ်မိသည်။ စစ်အာဏာရူး တစ်စုက ၎င်းတို့ အာဏာဆုပ်ကိုင်ထားနိုင်ရေး အတွက် အိမ်နီးချင်း နိုင်ငံများနှင့် စစ်ခင်းပြီး ပြည်သူများ အာရုံပြောင်း လာစေရန် ကြံစည်နေသည်ကို မြင်တွေ့လာရသည်။

၁၉၆၇ ခုနှစ် ဆန်ရှားပါးစဉ်က တရုတ်အရေးအခင်း ဖန်တီးပေးပြီး အင်အား မတန်တဆဖြစ်သော တရုတ်ပြည်ကို ရန်ရှာခဲ့သဖြင့် တိုင်းပြည်ဖွံ့ဖြိုးရေး ဆုတ်ယုတ်ခဲ့ယုံသာမက တပ်မတော်တွင် အသေအပျောက် အကျအဆုံး မတန်တဆ များပြားခဲ့ရသည်။

ယခုလည်း ရေကြီး၍ ဆန်စပါးများ ပျက်စီးသဖြင့် မကြာမီ ဆန်စပါး ရှားပါးမှု ကြုံတွေ့ရန် အလားအလာများစွာ ရှိနေရာ လက်ရှိ ဖြစ်နေသော ဘင်္ဂလားဒေ့ရှ်နှင့် မဆိုစလောက် ပြဿနာကို ပုံကြီးချဲ့ ကြမည်လောဟု စိုးရိမ်မိသည်။

ဤစိတ္တဇဝေဒနာရှင် အာဏာမက် ပြည်ဖျက်များအား တပ်မတော်သားကောင်းများ အနေဖြင့် အချိန်မီ မတွန်းလှန်ပါက တပ်မတော်ကြီးလည်းပျက်၊ တိုင်းပြည်ကြီးလည်း ပြိုကွဲရတော့မည်မှာ အမှန်မုချ ဖြစ်ပါတော့သည်။

**The Burma Review, Nov-Dec, 1991.**

# ယိုသူမရှက် မြင်သူရှက်

ငြိမ်ဝပ် စစ်အာဏာရှင်များသည် ဗြိတိသျှ လူမျိုးများအား ၎င်းတို့ အာဏာသိမ်းပြီးသည့် အချိန်မှစ၍ ၃ နှစ်တာကာလ အတောအတွင်း ဘိုက်ရိုက်တစ်မျိုး၊ သွယ်ဝိုက်၍တစ်ဖုံ နည်းမျိုးစုံဖြင့် ကဲ့ရဲ့ဝေဖန်ပြစ်တင် လျက် ရှိပေသည်။ ၁၉၈၈ ခုနှစ်အရေးအခင်း ကာလတွင် ရှေ့နေ ဦးနေ ဝင်းက ဘီဘီစီ သို့ သတင်းပေးပို့သည့် ကိစ္စမှ အစပြု၍ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ထောင် ရေး ကိစ္စများအပေါ် အခြေခံပြီး ဗြိတိသျှလူမျိုးများနှင့် မြန်မာလူမျိုးများ လူမျိုးအချင်းချင်း မုန်းတီးရေး လုပ်ဇာတ်များကို ဒုတိယကမ္ဘာစစ်က အရိုးအဆွေးများကိုပင် တူးဖော်ပြီး ဖန်တီးလျက် ရှိနေသည်။

ငြိမ်ဝပ်တို့၏ သတင်းစာ ရှင်းလင်းပွဲများတွင် အရှက်မရှိ မျက်နှာ ပြောင်ပြောင်ဖြင့် နိုင်ငံတကာအား ပုတ်ခတ်ပြောဆိုနေသော တပ်မတော် ဆောက်လုပ်ရေး ဒုညွှန်ကြားရေးမှူးဖြစ်သူ ဗိုလ်မှူးကြီး ဦးသန်းထွန်း သည် ဇနီးသည် ဒေါ်ခင်နန်းမြင့်တွင် ကင်ဆာရောဂါ စွဲကပ်လာသောအခါ ၎င်းတို့ အလွန်မုန်းတီးနေသော ရန်ကုန်မြို့ရှိ ဗြိတိသျှ သံရုံးသို့ အရှက်မရှိ မျက်နှာငယ်ကလေးဖြင့် ပြည်ဝင်ခွင့်ဗီဇာတောင်းခံပြီး လန်ဒန်သို့ ၁၉၉၂ ခုနှစ် ဖေဖော်ဝါရီလအတွင်းက ဆေးဝါးကုသမှု ခံယူရန် ရောက်ရှိလာ ခဲ့သည်။ သို့သော်လည်း ပြည်သူများ၏ မေတ္တာခေါင်းပါးသောကြောင့် ခွဲစိတ် ကုသရန်ပင် မလိုတော့ဘဲ (ဆရာဝန်ကြီးများ လက်လျှော့၍) ရန်ကုန်သို့ ပြန်လည်ထွက်ခွာ သွားရပြီ ဖြစ်သည်။

ယခုတစ်ဖန် ၁၉၉၂ မတ်လ ၂၃ ရက်နေ့တွင် ငြိမ်ပိအစိုးရ၏ ဝန်ကြီး ဦးမောင်မောင်ခင် (အငြိမ်းစား ကာကွယ်ရေး ဦးစီးချုပ် (ရေ)) သည် အစာအိမ်ကင်ဆာ ရောဂါဖြစ်၍ အာဏာရှင် ဦးနေဝင်း၏ ဖောက်သည် ဖြစ်သော လန်ဒန်မြို့ရှိ ကရောင်းဝဲလ် ဆေးရုံကြီးတွင် တက်ရောက် ဆေးကုသခံလျက် ရှိပြန်ပါသည်။ ၎င်း၏ဇနီး ဒေါက်တာ ဒေါ်နန်းဦး အပါအဝင် အဖွဲ့ဝင် ဗိုလ်မှူးများသည် အမှတ် ၈၃ ဝိတိုရိယဒရိုက်ရှိ သံရုံးဧည့်ဂေဟာတွင် တည်းခိုလျက် ရှိနေကြသည်။

၎င်းအဖွဲ့နှင့် မရှေးမနှောင်းတွင်ပင် ကာကွယ်ရေး ဦးစီးချုပ် (လေ) ဗိုလ်ချုပ်သိန်းဝင်း၏ ဇနီးသည်လည်း ကင်ဆာရောဂါရှိနေ၍ ဆေးကုသရန် လန်ဒန်သို့ ရောက်ရှိလာပြန်ပါသည်။ အဖွဲ့ဝင် ကိုယ်ရံတော် ဗိုလ်မှူး ၄ ဦးနှင့်အတူ အမှတ် ၄၀၆၊ ဝင်ဘိုတန်လမ်းရှိ စစ်သံရုံး ဧည့်ဂေဟာတွင် တည်းခိုနေထိုင်လျက် ရှိကြသည်။

၁၉၉၂ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တွင် လန်ဒန်မြို့ရှိ စစ်သံမှူးရုံး၌ ကျင်းပသော တပ်မတော်နေ့ ဧည့်ခံပွဲသို့ အဆိုပါ ဆေးကုသခံရန်လာသော အဖွဲ့မှ ကိုယ်ရံတော် စစ်ဗိုလ်များ တက်ရောက်လာသည်ကို မြင်တွေ့သွားသော စစ်အာဏာရှင် ဆန့်ကျင်ဆန္ဒပြသူများက "ရှက်ဖွယ်" "ရှက်ဖွယ်"ဟု မေတ္တာပို့သကြပြီး ဖြစ်သည်။ ယိုသူမရှက် မြင်သူရှက် အခြေအနေတွင် ရှိနေခြင်းကြောင့် ဧည့်ဂေဟာများသို့ စုဝေးဆန္ဒပြ၍ မောင်းထုတ်ကြရန် စီစဉ်လျက် ရှိကြသည်။

ငြိမ်ပိ စစ်အာဏာရှင်များသည် အရှက်နှင့် လူလုပ်သူများ မဟုတ်ဘဲ အသက်နှင့် လူလုပ်သူများသာ ဖြစ်ကြသည်။ ရဲဘော်၊ အကြပ်နှင့် စစ်ဗိုလ်ငယ်များ အသက်ပင်သေသေ ၎င်းတို့အသက် မသေရေးသည်သာ အဓိကဖြစ်ကြသည်။ ဘယ်သူသေသေ ငတေမာလျှင် ပြီးရောဆိုသော စစ်ဓားပြကြီးများသာ ဖြစ်ကြသည်။

ရှေ့တန်းစစ်မျက်နှာများတွင် ကျောင်းသားလူငယ်အရွယ် စစ်သားနှင့် ကျောင်းသားများ၊ စစ်သားနှင့် လူမျိုးစုများသည် တိုက်ပွဲပြင်းထန်နေသည်။ ယခုနှစ် မတ်လတွင် ဗိုလ်မှူးကြီးများ၏ သားသမီးများသည်

လန်ဒန်ရှိ မြန်မာသံရုံး စာစစ်ဌာနတွင် ၁၀ တန်း စာမေးပွဲကို နိုင်ငံခြား ငွေ အကုန်အကျခံပြီး လာရောက်ဖြေဆိုကြသည်။ ၎င်းတို့၏ သားသမီးများသည် ၁၀ တန်းစာမေးပွဲကို ရန်ကုန်မြို့တွင် အများတကာနှင့် အတူတူ ဖြေဆိုခဲ့ပြီး ဖြစ်သော်လည်း သုံးလေးကြိမ် ကျရှုံးခဲ့ကြပြီး ဖြစ်သည်။ သံရုံးများတွင် စစ်ဗိုလ်ကြီးများ၏ သားသမီးများသည် စာအုပ်လှန်၍ ခိုးချဖြေဆိုနေကြသည်။ စာမေးပွဲ ကြီးကြပ်သည့် သံအမတ်ကြီးများ အနေဖြင့်လည်း ရာထူးအပြုတ်ခံပြီး အမုန်းခံ၍ မပြောရဲကြတော့ပေ။ ယခင်နှစ်က ကျင်းပသည့် ၁၀ တန်းစာမေးပွဲများကို လန်ဒန်ရှိ မြန်မာ သံရုံး စာစစ်ဌာနတွင် သံအမတ်ကြီး ဦးတင်လှိုင် (ယခင် ဧရာဝတီတိုင်း ကောင်စီဥက္ကဋ္ဌဟောင်း၊ ယခု ရန်ကုန်ပြန်သွားပြီဖြစ်သူ)က ဦးစီးကြီးကြပ် စစ်ဆေးသည်။ ဗိုလ်မှူးကြီး တင်ဦးနှင့် ထောက်လှမ်းရေး အရာခံဗိုလ် ဦးအောင်တို့၏ သားသမီးများသည် စာအုပ်လှန်ပြီး ကူးယူဖြေဆိုကြ၍ ဂုဏ်ထူးများဖြင့် အောင်ခဲ့ကြသည်။ သံအမတ်ကြီး ဦးတင်လှိုင် အနေဖြင့် စာမေးပွဲခန်းသို့ ဝင်ကြည့်မိတိုင်း ဖြေဆိုသူ အားလုံးသည် စာအုပ်လှန်၍ ဖြေဆိုနေကြသည်ကိုသာ တွေ့ရသည်။ ပထမနေ့ ဖြေဆိုပြီးနောက် ဖြေဆိုသူ ကျောင်းသား/သူများ စာအုပ်စာတမ်းများကို သိမ်းဆည်းနေချိန်တွင် သံအမတ်ကြီးက စာမေးပွဲခန်းထဲသို့ ဝင်လာပြီး အောင့် သက်သက်ဖြင့် စာမေးပွဲဖြေဆိုသူများအား "မင်းတို့ မနက်ဖြန်လည်း ခိုးချမယ့် စာအုပ်တွေ ယူလာခဲ့ဖို့ မမေ့ကြနဲ့" ဟု ရိသဲ့သဲ့ပြောဆိုမိရှာသည်။ ထို့ဖြင့် ဦးတင်လှိုင်သည် နှစ်မစေ့မီမှာပင် သံအမတ်ကြီး ရာထူးမှ ပြုတ်သွားခြင်းသည် ပွဲခင်းထဲတွင် လူရိုက်ခံရသကဲ့သို့ မည်သူဆော်လိုက်သည်ကို လက်သည်မပေါ်ဘဲ ဖြစ်နေသည်။

ယခု လန်ဒန်ရှိ မြန်မာသံရုံးသို့ ဟာဂျီမ၊ ဖျဉ်းမနား ဒေါ်ပု၏ အရပ်စတီး အဖွဲ့ဝင်နှင့် အာဏာရှင် ဦးနေဝင်း၏ တပည့်ရင်းဖြစ်သူ ဦးလှမောင် (ယခု ယူဂိုဆလဗ် သံအမတ်ကြီး)ကို ခန့်အပ်ပြီး ဖြစ်သည်။

ငြိမ်ပိ ဖခင်ကြီး ဦးနေဝင်းသည် ယခုတလော မကျန်းမမာ ဖြစ်နေခြင်း၊ ၎င်း၏ တပည့် ဦးလှမောင်အား သံအမတ်ခန့်ခြင်း၊ ငြိမ်ပိဝန်ကြီး

များ အနေဖြင့် ဗြိတိန်နိုင်ငံသို့ ၎င်းတို့၏ ဦးခေါင်းကလေး ဝင်၍ ရနေပြီ ဖြစ်ရာ ကိုယ်ခန္ဓာကြီးနှင့်တူသော ဦးနေဝင်း ဆေးကုသမှု ခံယူရန် အတွက် သွေးတိုးစမ်းလျက် ရှိနေခြင်းဟုလည်း တစ်နည်းအားဖြင့် တွက် ဆနိုင်ပါသည်။

အရှက်တရား လုံးဝမရှိသော ဝေတာကြီး ဦးနေဝင်းနှင့် နောက်လိုက် အပေါင်းအပါတို့၏ အမူအကျင့်များကြောင့် မြန်မာလူမျိုးများသည် ကမ္ဘာ့ အလယ်တွင် ကဲ့ရဲ့ပြောဆိုခြင်းကို ခံနေကြရပါသည်။ ဤအခိုက်အတန့် ကာလအား လင်းရောင်ခြည် ပေါ်ထွက်မလာမီ အမှောင်မိုက်ဆုံး ကာလ အဖြစ် မြန်မာ့သမိုင်းတွင် သုတေသီများ အနေဖြင့် မှတ်တမ်းတင်ကြရ မည်သာ ဖြစ်ပါသည်။

**ခေါင်းအုံးစေ၊ အတွဲ ၃၊ အမှတ် ၂၊ မတ်၊ ဧပြီ၊ မေ၊ ၁၉၉၂ ခု။**

✥

## အခက်တွေ့နေတဲ့ ငြိမ်ပိ သန်းရွှေ

ငြိမ်ပိ ဗိုလ်ချုပ်သန်းရွှေသည် ငြိမ်ပိ စောမောင်ထံမှ နဝတ (နေဝင်းတပ်) ဥက္ကဋ္ဌရာထူးကို မချစ်သော်လည်း အောင့်ကာနမ်းရသည့် သဘောဖြင့် ဆိုးမွေဆက်ခံခဲ့ရသည်။ ငြိမ်ပိ စောမောင်က သူသာလျှင် တပ်မတော်တွင် တစ်ဦးတည်း ကျန်ရှိနေသေးသော ကျန်စစ်သား ဖြစ်သည်ဟု နဝတ အစည်းအဝေးတွင် တရားဝင် မိန့်ကြားခဲ့သည်။

တပ်မတော်မှ တစ်ဦးတည်းသာ ကျန်နေသော "ကျန်စစ်သား" ဗိုလ်ချုပ်စောမောင်သည် မနိုင်သောဝန်ကို ထမ်းဆောင်မိပြီး စိတ်ဓာတ်ချောက်ခြားကာ ရာထူးမှ နုတ်ထွက်သွားပြီးသည့်နောက် ယခု လက်ရှိ ဗိုလ်ချုပ်သန်းရွှေနှင့် ဗိုလ်ချုပ်ခင်ညွန့်တို့တတွေသည် ဘာတွေများပါလဲ၊ စစ်သားတွေ မဟုတ်ကြတော့ဘူးလားဟု မေးမြန်းမိခဲ့ပါသည်။

စစ်ဗိုလ်လူထွက်တစ်ဦးက အခုအကောင်တွေက "ငတက်ပြား" တွေကွ၊ တပ်မတော် ထိပ်ပိုင်းရာထူးများမှာ စစ်သားတွေ မရှိကြတော့ဘူး၊ "ငတက်ပြား" တွေပဲ ရှိတော့တယ်ဟု ရင်ဖွင့်ပြောကြားပါသည်။ ထို့အပြင် ယခုတက်လာသည့် ဗိုလ်ချုပ်သန်းရွှေအား တပ်မတော်တွင် "ငပေါသန်းရွှေ"အဖြစ်သာ လူသိများကြောင်း ပြောကြားပြန်ပါသည်။

ဗိုလ်ချုပ်ကြီး သန်းရွှေအနေဖြင့် ပထမဆုံး အခက်တွေ့ရသည်မှာ "ကျန်စစ်သား"နုတ်ထွက်သွားပြီးနောက် "ငတက်ပြား"ဖြစ်ရခြင်းနှင့် အရှုံးနေရာတွင် အပေါကို အစားထိုး၍ တိုင်းပြည်တွင် ရှေ့ဘာတွေ ဖြစ်လာကြမည်ကို စောင့်ကြည့်ကြဦးပေါ့ဟု စစ်ဗိုလ်ဟောင်းများ၏ ပါးစပ်သေနတ် အပစ်ခံနေရခြင်းပင် ဖြစ်သည်။

ဒုတိယ အခက်ပွေ့ရသည်မှာ ငြိမ်ပိ တောက်ပြားများ ဆက်လက်စိုးစံနေသည့် အမိနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ စစ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် နိုင်ငံခြားဆက်ဆံရေး မျက်နှာစာများအားလုံးတွင် ချွတ်ခြုံကျတော့မည့် အခြေအနေဆိုးကြီးနှင့် ရင်ဆိုင်တွေ့ကြုံနေရခြင်းပင် ဖြစ်သည်။

တတိယ ရတက်ပွေ့ရသည်မှာ ၄င်း၏ ကိုယ်ပိုင်အရည်အသွေးကြောင့်ပင် ဖြစ်ပါသည်။ ဗိုလ်သန်းရွှေသည် ၄င်းတက်ရောက်ခဲ့သည့် ဗိုလ်သင်တန်း အပတ်စဉ်တွင် အညံ့ဖျင်းဆုံး ပြောင်ရွှတ်ရွှတ် ပေါသွပ်သွပ်နှင့် အငယ်ဆုံး ဗိုလ်လောင်းတစ်ဦးသာ ဖြစ်ခဲ့သည်။ ၄င်းထက် အသက်အရွယ်ကြီးသူ၊ တော်သူ တတ်သူများ အငြိမ်းစား ယူသွားကြ၍သာ အသက်အငယ်ဆုံးနှင့် စစ်ဗိုလ်ဖြစ်လာသည့် အခွင့်အရေး တစ်ခုတည်းပေါ်တွင် မူတည်ပြီး ဗိုလ်ချုပ်ကြီး ဖြစ်လာရခြင်းမျှသာ ဖြစ်သည်။ ဗိုလ်သန်းရွှေကိုယ်၌ကပင် ၄င်းသည် "ဖင်မနိုင်ဘဲ ပဲကြီးဟင်း သောက်နေသူ၊ မရဲဘဲ နွားပြိုစီးနေသူ"အဖြစ် သဘောပေါက်၍ ငြိမ်ပိ ၃-၄ကြိမ်ဘဝတွင်လည်း လမ်းဖောက်၊ တံတားဆောက် စသည့် ဖွံ့ဖြိုးရေး ကိစ္စရပ်များတွင်သာ ပါဝင်တာဝန် ယူရဲခဲ့သည်။ ဉာဏ်စွမ်းဉာဏ်စ မရှိသော ဗိုလ်သန်းရွှေအပေါ်တွင် ရမ္မက်လောဘ ကြီးမားလှသော ဗိုလ်ခင်ညွန့်နှင့် ဆရာသမားဟောင်းများက လွှမ်းမိုးလျက် ရှိနေသည်။

ဆရာကြီးများ၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်ရေးအတွက်နှင့် စစ်ဗိုလ်များ နိုင်ငံတော် အုပ်ချုပ်ရေးတွင် ထာဝစဉ် အပေါ်စီးမှ နေရာယူနိုင်ရေးအတွက် အတုအယောင် အမျိုးသားညီလာခံကြီးတစ်ရပ်ကို ဆရာသမားများ၏ အလိုတော်အရ ခေါ်ယူအသုံးတော်ခံနေရပြန်သည်။ မြန်မာ တစ်မျိုးသားလုံးသည် စစ်အာဏာရှင် စနစ်၏ ရက်စက်ဆိုးဝါးသော ဒဏ်ကို အလူးအလဲ ခံစားနေကြရသော "အမျိုးသား တစ်ရပ်လုံး ဒုက္ခခံနေသည့် ခေတ်ဆိုးကြီး"ဖြစ်၍ ညီလာခံ၊ ညီမ လာခံရန်အချိန်အခါ မဟုတ်ပေ။ ညီရော ညီမရော သားရော သမီးရော မြေးရော

ဖြစ်ပါမကျန် 'ခံ'နေရ၍ 'ခံ' ဆိုသော စကားကိုပင် မကြားလိုကြတော့ပေ။

ပြည်သူများ ဆန္ဒမဲပေးပြီး ရွေးချယ်တင်မြှောက်ခဲ့သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် လွှတ်တော်ခေါ်သည်ဆိုသော အသံကိုသာ ကြားလိုကြသည်။ 'တော်'ဆိုသော စကားသံကို မကြားရဘဲ 'ခံ'ဆိုသော စကားသံကို ကြားလာရ၍ ပြည်သူများ အနေဖြင့် ပထမအကြိမ် အလိမ်ခံရစဉ်က လိမ်ညာသူ၏ အပြစ်သာဖြစ်သည်။ ဒုတိယအကြိမ် အလိမ်ခံရလျှင်တော့ အလိမ်ခံရသူ ပြည်သူများ၏ အပြစ်သာ ဖြစ်တော့မည်ကို တွေးကြောက်ပြီး ခံပြင်းလျက် ရှိသည်။

ဗိုလ်ပိ သန်းရွှေတွင် အကျပ်အတည်းပေါင်း သောင်းခြောက်ထောင်ဖြင့် အခက်ပွေနေသကဲ့သို့ မြန်မာပြည်သူ တစ်ရပ်လုံးတွင်လည်း စားဝတ်နေရေး အလွန်ခက်ခဲကြမ်းတမ်းလာပြီး ရတက်ပေလျက် ရှိကြသည်။ ပြည်သူများ တော်မှတ်ခေါင်းပါး၍ အုံကြွပေါက်ကွဲလာတော့မည့် အခြေအနေကို ယာယီဖြေရှင်းသည့် အနေဖြင့် ၎င်းတို့အနေဖြင့် ၎င်းတို့ ခိုးဝှက်စုဆောင်းထားသော ငွေများနှင့် စားအုန်းဆီများကို ဝယ်ပြီး တတ်အားသမျှ ခွဲတမ်းဖြင့် ဖြန့်ဖြူးရောင်းချလျက် ရှိနေသည်။

အရာရာတွင် ငါသိ ငါတတ် ဉာဉ်ရှိသော မြန်မာစစ်ဗိုလ်များ၏ အိမ်စောင့်အစိုးရခေတ်၊ တော်လှန်ရေး ကောင်စီခေတ်၊ မဆလခေတ်၊ နဝတခေတ် တစ်လျှောက်လုံးတွင် ဆန်ခွဲတမ်း၊ ဆီခွဲတမ်း၊ လူသုံးကုန်ခွဲတမ်း စသော ခွဲတမ်းစီးပွားရေး စနစ်မှ တစ်ပြားသားမျှ တိုးတက်လာခဲ့သည် မရှိပါ။ ရုံး၊ တပ်၊ စက်ရုံ၊ အလုပ်ရုံ၊ ကျောင်းနှင့် အရပ်များတွင် ဆန်ခွဲတမ်း၊ ဆီခွဲတမ်း ကိစ္စရပ်များဖြင့်သာ အလုပ်ရှုပ်လျက် ရှိနေသည်။

ဗိုလ်ပိများ၏ ပြောဆိုဟောပြောချက်များအရ ၎င်းတို့သည် စစ်တပ်အစိုးရ ဝန်ထမ်းအစိုးရသာဖြစ်၍ တောင်သူလယ်သမားများ၏ အစိုးရမဟုတ်သောကြောင့် အိမ်ဆောက်ပေးခြင်း၊ မြေခွဲဝေပေးခြင်း၊ ဆီရောင်းချပေးခြင်း ကိစ္စရပ်များတွင်တောင်သူလယ်သမားများနှင့် လားလားမျှ

မထိုက်တန်သော ကိစ္စရပ်များ ဖြစ်နေပါသည်။ ဆန်၊ ဆီ၊ ဆား ပြဿနာကိုပင် အနှစ်သုံးဆယ် အတောအတွင်းတွင် ပြေလည်အောင် မဖြေရှင်းပေးနိုင်သော ငါသာသိ၊ ငါသာတတ်သော စစ်ဗိုလ် တောက်ပြားများသည် အမျိုးသား ညီလာခံကို ဦးစီးဦးဆောင်ပြုပြီး ခေါ်ယူရန် ကြံစည်နေခြင်းများသည် "ဝ" မရှိဘဲ "ဝိ" လုပ်နေခြင်းမျှသာ ဖြစ်ပါသည်။ ဤကိစ္စများသည် ပြည်သူလူထု တင်မြှောက်ထားသော ပြည်သူ့ ကိုယ်စားလှယ်များ၏ အလုပ်တာဝန်ဝတ္တရားမျှသာ ဖြစ်ပါသည်။

ဗြိမ်ပိများ ပြုလုပ်ခဲ့သော အထွေထွေ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့ကိုယ်စားလှယ်များထံသို့ အာဏာလွှဲပြောင်း မပေးမချင်း ဗြိမ်ပိ သန်းရွှေတွင် အခက်တွေ့ပွေပြီး ရတက်ဝေကာ စိတ်ခက်ချောက်ချားနေဦးမည်သာ ဖြစ်ပါသည်။

**ခေါင်းဆိုးဝေ၊ အတွဲ ၃၊ အမှတ် ၄၊ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ၁၉၉၂ ခု။**

❖

## မပြီးဆုံးသေးသော ဦးနေဝင်း အတ္ထုပ္ပတ္တိ

စစ်အာဏာရှင်ကြီး ဦးနေဝင်းသည် ဘဝတစ်သက်တာတွင် မွေခဲ့သမျှ၊ ရှုပ်ခဲ့သမျှများကို ဖုံးကွယ်၍ သမိုင်းကို လိမ်ညာပြီး မှတ်တမ်းတင်မည်ဟူသော အကြံအစည်ဖြင့် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနမှ ဆရာမ ဒေါ်နီနီမြင့်အား လက်ထပ်ခဲ့ပြီး ဌာနမှ ဆရာ ဆရာမအချို့ကိုလည်း အခွင့်အရေး မျိုးစုံပေးပြီး ၄င်း၏ အတ္ထုပ္ပတ္တိကို တခမ်းတနား ရေးသားပေးရန် မြူဆွယ်ခဲ့ပါသည်။

သမိုင်းဆရာအချို့အား ၄င်း၏ အိမ်တော်သို့ အကြိမ်ကြိမ် ထမင်းဖိတ်ကျွေးပြီး ၄င်း၏ အတ္ထုပ္ပတ္တိ လုပ်ဇာတ်များကို ပြောပြခဲ့သည်။ ဆရာတစ်ဦးအား ၄င်း၏ မျိုးရိုးဇီဇကို ရေးသားစေပြီး ကျန်ဆရာတစ်ဦးအား ကျောင်းသားအရွယ်မှစ၍ ၄င်း၏လုပ်ရပ်များကို ရေးသားစေခဲ့သည်။ ကျောင်းသားအရွယ်မှ အာဏာရှင် သမ္မတကြီး ဖြစ်လာသည့် အပိုင်းကိုတော့ လိမ်ညာဖြီးဖြန်း၍ အလွယ်တကူ ရေးသား ပြီးစီးသွားပြီဖြစ်သော်လည်း မျိုးရိုးဇီဇကို ရေးသားရမည့် သမိုင်းဆရာအနေဖြင့် ဦးနေဝင်း ပြောပြသကဲ့သို့ ရေးသားရန် မဝံ့မရဲ ဖြစ်နေသောကြောင့် ဦးနေဝင်း မွေးဖွားသည့် ဒေသသို့ အကြိမ်ကြိမ် သွားရောက်၍ သမိုင်းအထောက်အထားများကို ရှာဖွေကူးယူခဲ့ကြသော်လည်း အကြောင်းမထူးဘဲ ဖြစ်နေခဲ့ပါသည်။

ဦးနေဝင်းက ၄င်း၏ဖွားအေသည် မန္တလေးနန်းတော်မှ ရှောင်တိမ်းလာသော ဘုရင့်သားတော် မင်းသားကြီးတစ်ဦးနှင့် အကြောင်းပါပြီး ၄င်း၏ မျိုးရိုးသည် ရာဇသွေးပါသော ဘုရင်မျိုးနွယ်အဖြစ် မှတ်တမ်းတင်

စေလိုပါသည်။ သမိုင်းဆရာများကလည်း ၄င်းမင်းညီမင်းသား၏ မယားသည် ဦးနေဝင်း၏ ဖွားအေအဖြစ် မှတ်တမ်းတင် ရေးသားရန် အထောက်အထား မရှိသောကြောင့် အမြှောင်မယား၊ တိတ်တိတ်ပုန်း ကမြင်း၍ ညားကြသည့် သဘောဖြင့်သာ ရေးသားပေးနိုင်မည် ဖြစ်ခြင်းကြောင့် ဦးနေဝင်း၏ အတ္ထုပ္ပတ္တိသည် အစနိဒါန်းပိုင်းကို မစနိုင်သေးဘဲ အလယ်စာကိုယ်ပိုင်းကိုသာ ရေးသားပြီးနောက် အတ္ထုပ္ပတ္တိသာ ဖြစ်နေကြောင်း သမိုင်းဆရာများ၏ ညည်းညူပြောပြချက်များ ကြားခဲ့ဖူးပါသည်။

စာရေးသူ အနေဖြင့် ဦးနေဝင်းနှင့် သိကျွမ်းနီးစပ် ပြောဆိုဆက်ဆံမှု မရှိခဲ့ဖူးသော်လည်း ၄င်းအား ဓာတ်သိ၊ အကြောင်းသိ၊ အပေါင်းသိ အပေါင်းအသင်းကျော်များများ၏ ပြောစကားများကို ကြားဖူးခဲ့ပါသည်။

ဦးနေဝင်း၏ညီ သခင်လှထွန်းနှင့် ၁၉၅၈/၅၉ ခုနှစ်ခန့်က တွေ့ဆုံရင်းနှီးခဲ့စဉ်က ဦးနေဝင်းသည် အိမ်စောင့်အစိုးရ ဝန်ကြီးချုပ်အဖြစ် တန်ခိုးအာဏာကြီးထွားနေချိန်ပင် ဖြစ်သည်။ သခင်လှထွန်းက သူ့အစ်ကို ဦးနေဝင်းတွင် နိုင်ငံရေးဗီဇ လုံးဝမရှိကြောင်း၊ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်လိုစိတ် လုံးဝမရှိ၊ တစောက်ကန်း ဗလအားကိုးဖြင့်သာ နိုင့်ထက်စီးနင်း ဆောင်ရွက်တတ်ကြောင်း၊ ၄င်းနှင့်လည်း လုံးဝအခေါ်အပြော မရှိကြောင်း ပြောပြဖူးပါသည်။

တစ်ဖန် စာရေးသူ၏ မြင်ဆရာ၊ သင်ဆရာကြီးဖြစ်သော ရခိုင်အမျိုးသား ခေါင်းဆောင်နှင့် သတင်းစာ ဆရာတစ်ဦးဖြစ်သူ ယက်ကန်း ဦးလှထွန်းဖြူထံမှလည်း ဦးနေဝင်းအကြောင်းကို အတော်ကြားဖူးခဲ့ပါသည်။ ဦးလှထွန်းဖြူသည် သတင်းထောက် ဘဝကပင် ဦးနေဝင်းနှင့် ဇနီး ဒေါ်တင်တင်တို့နှင့် အိမ်နီးချင်း နေထိုင်ဖူး၍ ၄င်း၏သားများဖြစ်သည့် ကိုကျော်သိန်း (ကွယ်လွန်)နှင့် ကိုငွေစိုးတို့အား ၄င်း၏ လက်ပေါ်တွင် ကြီးပြင်းလာသူများအဖြစ်နှင့် ချစ်ခင်တွယ်တာကြောင်း၊ ၄င်းနိုင်ငံတော်ကောင်စီအဖွဲ့ဝင် ဘဝတွင် ပြည်သူ့ရေးနံ့တွင် လုပ်ကိုင်နေသူ ကိုကျော်သိန်းအား ဖမ်းချုပ်တော့မည်ကို ကြိုတင်သိကြောင်း၊ ကိုကျော်

သိမ်းအား ပြေးပြောချင်သော ဆန္ဒ ပေါ်ပေါက်ခဲ့သော်လည်း တာဝန်အရ ညံ့ခြင်းဖြစ်၍ မပြောရဲခဲ့ကြောင်း၊ ၄င်းထောင်မှ လွတ်လာသော အခါမှ မင်းအမေကြီး ရက်စက်တော့မည်ဆိုတာ ငါကြိုတင် သိနေပေမယ့် ပါပါ အဆစ်ပါမှာစိုးလို့ မင်းကို မပြောရဲခဲ့ရ၍ စိတ်မကောင်းဖြစ်ပုံ စသည် များကို ပြောပြလေ့ ရှိခဲ့ပါသည်။ ဦးနေဝင်းသည် သူ့အကျိုးစီးပွားကို ထိခိုက်လာမည်ဆိုလျှင် သားမယားကိုပင် မညှာတာကြောင်း၊ ကိုယ့်သား မယားကိုမှ မချစ်မြတ်နိုးတဲ့လူ၊ သစ္စာမရှိတဲ့လူ၊ တိုင်းပြည်ကို ချစ်ပါ တယ်၊ လူမျိုးကို ချစ်ပါတယ်လို့ အသံကောင်းဟစ်နေတာ မင်းတို့ ယုံ ကြသလားဟု မေးပြောပြော၍ ဦးနေဝင်း၏သား ကိုကျော်သိန်းကို ချစ် မြို့သာ ပြည်သူ့ရေနံတွင် အကြီးအကဲ ခန့်လိုက်တာပဲ မဟုတ်လားအဘ ဟု စာရေးသူတို့ တတွေက ဦးလှထွန်းဖြူအား ရိတိတိ ပြန်ပြော၍ ဦးလှထွန်းဖြူက ဒါ ချစ်တာမဟုတ်ဘူးကွ၊ နှစ်တာ၊ ဘာအတတ်ပညာမှ မရှိတဲ့ သားကို အဆင့်တွေ ရာထူးတွေကျော်ပြီး နေရာပေးတာ ဒုက္ခ ရောက်အောင် လုပ်တာနဲ့ အတူတူပဲကွဟု ပြန်အော်ပါသည်။

ဦးနေဝင်း၏ ရင်နှစ်သည်းချာများဖြစ်သည့် ကိုကျော်သိန်းနှင့် ကိုငွေ ဝင်းတို့သည်လည်း ဦးနေဝင်း တည်ဆောက်ပေးသည့် ငရဲခန်းများ၏ သားကောင်များဖြစ်ခဲ့ကြရရှာသည်။

လူပျော်၊ လူလိမ်၊ ပညာအရည်အချင်းမရှိသော ဦးနေဝင်းထံသို့ နိုင်ငံတော် အာဏာကျရောက်သွား၍ မြန်မာတစ်မျိုးသားလုံး၏ ကြမ္မာ သည် ဆိုးဝါးတော့မှာပဲဟု သခင်မကြီး ဒေါ်ခင်သန်း၏ ပြောစကားများ ကိုလည်း ယနေ့အထိပင် ကြားယောင်မိပါသည်။ လွတ်လပ်ရေး တိုက်ပွဲ ကာလများတွင် သူမ၏ အိမ်သို့ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်နေဝင်း၊ ဦးကျော်ငြိမ်းနှင့် ဦးဗဆွေ စသည့် လူငယ်ခေါင်းဆောင်များ စတည်းချ ခင်ထွက်လေ့ရှိကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးကျော်ငြိမ်းတို့ လာလည် လျှင် ဧည့်ခန်းတွင်ထိုင်ပြီး အိမ်ရှိ စာအုပ်ဘီရိုကို မွှေနှောက်၍ ရရာ စာအုပ်ကို ဖတ်လေ့ရှိကြောင်း၊ ဦးနေဝင်း လာလည်လျှင် အိမ်ရှေ့ ဝရန်တာ ကိုထွက်ပြီး အိမ်နီးနားချင်းရှိ မိန်းမပျိုများကို ထွက်နှောက်ပိုးလေ့ရှိ

ကြောင်း၊ အုပ်စုလိုက် လာကြလျှင်လည်း စာပေ၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး ဆွေးနွေးသည့် စကားဝိုင်းများတွင် ဦးနေဝင်း ပါဝင်လေ့မရှိဘဲ ဝရန်တာထွက်ပြီး လမ်းသွားလမ်းလာ မိန်းမပျိုများကို ငမ်းနေလေ့ရှိကြောင်းစသည်များသည် ဦးနေဝင်း၏ အတ္ထုပ္ပတ္တိတွင် ပါဝင်မည် မဟုတ်သော စိတ်နေစိတ်ထားများပင် ဖြစ်ပါသည်။

ဘန်ကောက်မြို့ မြန်မာသံရုံးတွင် သံအမတ်ကြီး ဦးထွန်းဝင်း (ဖဆပလ ဝန်ကြီးဟောင်း)နှင့် ဆုံစည်းစဉ်ကလည်း အရက်အရှိန်ကလေး ရလာလျှင် ဦးထွန်းဝင်းက မြန်မာပြည်တွင် ဦးနေဝင်းကို မမှုသူစာရင်းတွင် သူသာလျှင် ထိပ်ဆုံးမှဖြစ်ကြောင်း၊ တချို့သံအမတ်များ၊ ဝန်ကြီးများက ဦးနေဝင်းကို တုန်နေအောင် ကြောက်ကြကြောင်း၊ ဦးနေဝင်းသည် တက္ကသိုလ် ကျောင်းသားဘဝကပင် သူ၏ မော်တော်ကားကို ငှားယူမောင်းနှင်သွားပြီး သူ့ကိုယ်ပိုင်ကားဖြစ်ဟန် အယောင်ဆောင်ပြီး မိန်းမသွားပိုးလေ့ရှိကြောင်း၊ တချို့အမျိုးသမီးတွေက ဦးနေဝင်းကို သူဌေးသားဟု ထင်မှတ်ကြကြောင်း စသည်များကို ရင်ဖွင့်လေ့ရှိပါသည်။

ဦးနေဝင်း၏ စရိုက်နှင့် လုပ်ရပ်များ၏ အကျိုးသက်ရောက်မှုသည် ယနေ့ မြန်မာနိုင်ငံတော်တွင် လူမျိုးဘာသာမရွေး လူသားတစ်ရပ်လုံး ရင်ထဲတွင် ကြိမ်မီးအုံးသလို တအိအိ ပူလောင်လျက် ရှိနေပါသည်။ ၎င်း၏ သားသမီးများပင် ဦးနေဝင်း၏ အကြိမ်းအမောင်း ဒဏ်မှ လွတ်ရာ နိုင်ငံရပ်ခြားသို့ ထွက်ခွာသွားကြပြီး ဖြစ်သည်။ သမီးကြီး စစ်မိုလ်ဆရာဝန်မ စန္ဒာဝင်းတစ်ယောက်သာ ဖခင်၏ အထီးကျန်ဘဝကို မကြည့်ရက်၍ ဖျာလိပ်ခေါင်းထဲ ဝင်မိလျက်သား ဖြစ်နေသော ခွေးမကဲ့သို့ ရှေ့သို့တိုးဝင် လျှောက်နေရသည်။ စန္ဒာဝင်းနှင့် ခင်ပွန်းတို့သည်လည်း နိုင်ငံခြားတွင် အခြေချနိုင်ရန်အတွက် အိမ်များကို ဒေါ်လာနှင့် ငှားရမ်းခြင်း၊ ကုမ္ပဏီများတွင် အစုရှယ်ယာပါဝင်ခြင်း စသည့်လုပ်ရပ်များဖြင့် ဒေါ်လာဈေးကွက်ထဲတွင် ပါဝင်လျက်ရှိနေသည်။

ဦးနေဝင်း၏ အတ္ထုပ္ပတ္တိတွင် ပါဝင်မည် မဟုတ်သော ဦးနေဝင်း၏ ပင်ရင်းစိတ်ဓာတ်ဖြစ်သည့် လိမ်ညာလှည့်ပတ်ပြီး အဓမ္မဝါဒကြောင့် ယနေ့ တပ်မတော်ကြီးသည် မုဒိမ်းကျင့်ပြီး လူသတ်နှိပ်စက်နေသော လူမိုက်

အားကြီးတစ်ခုအဖြစ် ကမ္ဘာ့အလယ်တွင် အပုပ်နံ့ တဟောင်းဟောင်း ထွက်နေပါသည်။

ဦးနေဝင်း၏ အတ္ထုပ္ပတ္တိကို ရေးသားနေကြသော သမိုင်းဆရာများ အနေဖြင့် ရတနာနတ်မယ်သည် ဦးနေဝင်း၏ ဒဏ်ကို မခံနိုင်တော့၍ မြန်မာနိုင်ငံမှ ထွက်ခွာသွားသောအချိန်၌ ဇနီးဟောင်း ဒေါ်နီနီမြင့်၏ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန အနီးအနားရှိ စိန်ပန်းပင် အောက်နား တွင် ဦးနေဝင်း၏ ထောက်လှမ်းရေးမှူးများ ရောက်ရှိလာကြပုံ၊ ဒေါ်နီနီ မြင့် အနေဖြင့် ပြန်ပေါင်းထုတ်ရန် မူလကျိုလုပ် ဈေးကိုင်နေစဉ်မှာပင် ဗိုက်ဆန်ဆန် အခမ္မ ပြန်လည်သိမ်းပိုက်သွားပုံများကို မျက်မြင်ကိုယ်တွေ့ ဖြစ်ကြသော်လည်း အဖြစ်မှန် အပျက်မှန် သမိုင်းဖြစ်ရပ်များကို လှည့် စားရေးသားကြရမည်သာ ဖြစ်ပါသည်။ သမိုင်းပညာရှင်ဆိုသူ အချို့ သည် ဒေါ်နီနီမြင့်နှင့် ပတ်သက်၍ နှုတ်ပိတ်ကြေးနှင့် တန်ရာတန်ကြေး ရရှိပြီးသား ကြေးစားများပင် ဖြစ်ကြပါသည်။

ဦးနေဝင်း၏ စရိုက်ဆိုး၊ အကျင့်ဆိုးများအား မြန်မာတစ်မျိုးသားလုံး သာ ဆန့်ကျင် တိုက်ဖျက်နေကြတော့သည် မဟုတ်တော့ဘဲ ကမ္ဘာ့ ကုလသမဂ္ဂကြီးနှင့် ကမ္ဘာ့ ပြည်သူပြည်သား အပေါင်းကလည်း အထူး အာရုံစိုက်ပြီး အာဏာရှင် စနစ်ဆိုးကို အမြစ်မှစ၍ ခုတ်ဖြတ်လျက် ရှိနေပြီ ဖြစ်ပါသည်။

နဝတ (နေဝင်းတပ်)နှင့် စစ်အာဏာရှင်အစိုးရ အဖွဲ့ဝင်များ အနေဖြင့် အချိန်မီ ပြည်သူ့ကိုယ်စားလှယ်များထံသို့ အာဏာမလွှဲပေးပါက ဈေးရောင်းနေသော ဦးနေဝင်းနှင့်အတူ မသာအလောင်းအဖြစ် မြေမြှုပ် သင်္ဂြိုဟ်ခံကြရတော့မည်မှာ မလွှဲကေန် ဖြစ်တတ်ပျက်တတ်သော သင်္ခါ ရတရားပင် ဖြစ်လေသည်။

ဒေါင်းအိုးဝေ၊ အတွဲ ၃၊ အမှတ် ၁၀၊ ၁၉၉၃ ခု။

## အာရှတိုက်မှ အထီးကျန် စစ်ဝါဒီ
## အုပ်စိုးသော မြန်မာနိုင်ငံ

ယနေ့ မျက်မှောက်ကာလ၌ ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ကျင့်သုံးနေသော နိုင်ငံရေး စနစ်များကို အောက်ပါအတိုင်း ၇ မျိုး ၇ စား ခွဲခြားစိတ်ဖြာထားသည်ကို တွေ့ရှိရပါသည်။

(၁) အမြင်ကျယ်ပြန့်သော ပြည်သူလူထု အစိုးရစနစ်၊
(Liberal Democratic Systems)

နိုင်ငံပေါင်း ၅၀ တွင် ကျင့်သုံးလျက် ရှိပါသည်။ အာရှ တိုက်မှ အိန္ဒိယ၊ ဂျပန်၊ မလေးရှားနှင့် သီရိလင်္ကာ နိုင်ငံများ ပါဝင်သည်။

(၂) အရေးပေါ် ဖြစ်ပေါ်လာသော ပြည်သူလူထု အစိုးရစနစ်၊
(Emergent Democratic Systems)

နိုင်ငံပေါင်း ၅၁ နိုင်ငံတွင် ကျင့်သုံးလျက်ရှိပြီး အရှေ့ ဥရောပ နိုင်ငံများနှင့် အာရှတိုက်မှ ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်း နိုင်ငံများ ပါဝင်သည်။

(၃) ကွန်မြူနစ် အစိုးရစနစ်၊
(Communist Systems)

နိုင်ငံပေါင်း ၈ နိုင်ငံရှိပြီး လောလောဆယ်တွင် ပြောင်းလဲနေကြပါသည်။ ဥပမာ အယ်လ်ဘေးနီးယား၊ ဆိုဗီယက်ယူနီယံ၊ ကမ္ဘောဒီးယား။ မပြောင်းလဲသေးသည့် နိုင်ငံများ

မှာ ကျူးဘား၊ တရုတ်၊ မြောက်ကိုရီးယား၊ ယူဂိုဆလား ဗီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံများ ပါဝင်သည်။

(၄) အမျိုးသားရေးဝါဒ လွှမ်းမိုးသော ဆိုရှယ်လစ်စနစ်၊ (Nationalistic Socialist Systems)

နိုင်ငံပေါင်း ၁၆ နိုင်ငံရှိရာတွင် အရှေ့အလယ်ပိုင်းမှ အီရတ်၊ လစ်ဗျားနှင့် ဆီးရီးယား အပါအဝင် အလယ်ပိုင်းနှင့် တောင်ပိုင်း အာဖရိကမှ ၁၃ နိုင်ငံ ပါဝင်သည်။

(၅) အမိန့်ပေး အာဏာပြဝါဒ လွှမ်းမိုးသော အမျိုးသားရေး စနစ်၊ (Authoritarian Nationalist Systems)

နိုင်ငံပေါင်း ၁၂ နိုင်ငံရှိရာတွင် အီရန်နှင့် အင်ဒိုနီးရှား နိုင်ငံများ ပါဝင်သည်။

(၆) အမိန့်ပေး အာဏာပြဝါဒ လွှမ်းမိုးသော စစ်ဝါဒီစနစ်၊ (Military Authoritarian Systems)

နိုင်ငံပေါင်း ၁၄ နိုင်ငံ ရှိရာတွင် တောင်အမေရိကမှ ပါရာဂွေးနိုင်ငံ၊ အလယ်ပိုင်းနှင့် တောင်ဘက် အာဖရိကမှ ၁၂ နိုင်ငံ။ အချို့နိုင်ငံများမှာ အများပါဝင် အုပ်ချုပ်သည့် (Pluralist Systems) သို့ ကူးပြောင်းလျက် ရှိကြသည်။ အာရှတိုက်မှ အထီးကျန် မြန်မာနိုင်ငံတို့ ပါဝင်သည်။

(၇) သက်ဦးဆံပိုင် တစ်ကိုယ်တော် အုပ်စိုးသောစနစ်၊ (Absolutist Systems)

နိုင်ငံပေါင်း ၁၁ နိုင်ငံရှိရာတွင် အရှေ့အလယ်ပိုင်းမှ အာရပ်နိုင်ငံများနှင့် အာရှမှ ဘူတန်နှင့် ဘရူနိုင်း နိုင်ငံများပါဝင်သည်။

အထက် ဖော်ပြပါ နိုင်ငံရေး စနစ်အသီးသီးကို ကျင့်သုံးလျက်ရှိသော နိုင်ငံတိုင်းတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အနည်းနှင့် အများ ရှိကြသော်လည်း အာရှတိုက်မှ တစ်နိုင်ငံတည်းသော စစ်အာဏာရှင် လက်အောက်မှ မြန်မာနိုင်ငံတွင် ဒီမိုကရေစီ သုညရာခိုင်နှုန်းနှင့် လူ့

အခွင့်အရေး အလွန်ခေါင်းပါး ဆင်းရဲသည်ဟု နိုင်ငံရေးသုတေသီ ဂျေ၊ ဒင်၊ နစ် နှင့် အီယင်ဒါဘီရှိုင်ယားတို့၏ ကမ္ဘာ့နိုင်ငံရေး စနစ်များစာအုပ် (World Political Systems, by J.Denis Derbyshier and Ian Derbyshire) တွင် အတိအလင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံကဲ့သို့ မဖွံ့ဖြိုး မတိုးတက်သေးသော နိုင်ငံများ၌သာ စစ်ဘက်မှ အာဏာသိမ်းမှုများ ပေါ်ပေါက်ခဲ့ခြင်းသည် အထူးအဆန်း မဟုတ်တော့ပါ။ ဖြစ်ရိုး ဖြစ်စဉ်များသာ ဖြစ်ပါသည်။ သို့ရာတွင် မြန်မာနိုင်ငံတွင် ၁၉၈၈ ခုနှစ်၌ အာဏာသိမ်းခြင်းသည် ကမ္ဘာ့နိုင်ငံရေး လောကတွင် ခေတ်နောက်ပြန်ဆွဲသော အောက်တန်းအကျဆုံး လုပ်ရပ်တစ်ခုသာ ဖြစ်ကြောင်း နိုင်ငံရေးသုတေသီများက ယူဆကြပါသည်။

ယခင်က မြန်မာ့တပ်မတော်သည် တိုင်းပြည်လွတ်လပ်ရေးအတွက် အမျိုးသားရေး လှုပ်ရှားမှုနှင့် ဆက်နွယ်၍ ပေါ်ပေါက်လာသော ပြည်သူ့တပ်မတော် တစ်ရပ်သာ ဖြစ်ခဲ့ပါသည်။ အနောက်နိုင်ငံများမှ စစ်တပ်များသည် မှူးကြီးမတ်ရာ ပဒေသရာဇ်စနစ်နှင့် ငွေရှင်ကြေးရှင်များနှင့် ဆက်နွယ်၍ စနစ်ဟောင်းကို ထိန်းသိမ်းရန် ပေါ်ပေါက်လာသော စစ်တပ်များသာ ဖြစ်ကြပါသည်။

ယနေ့ မြန်မာ့တပ်မတော်သည် ၂၆ နှစ်တာမျှ စိုးမိုးခြယ်လှယ် ဗိုလ်ကျဆိုးသွမ်းခဲ့သော ဗိုလ်နေဝင်းနှင့် အပေါင်းအပါ မဆလ မှူးကြီးမတ်ရာ အာဏာရှင်များနှင့် ဆက်နွယ်နေပြီး စစ်အာဏာရှင် စနစ်ဟောင်းကို ထိန်းသိမ်းနေသောကြောင့် တပ်မတော် မွေးဖွားရာ သမိုင်းကြောင်းကိုပင် အမည်းစက် ထင်စေလျက် ရှိနေပါသည်။

၁၉၆၂ ခုနှစ်မှစတင်၍ စစ်ဝါဒီ ဗိုလ်နေဝင်းနှင့် အပေါင်းအပါတို့သည် မျိုးချစ်တပ်မတော်သားဘဝမှ မြေရှင်ပဒေသရာဇ် မှူးကြီးမတ်ရာများဘဝသို့ ကျရောက်သွားခဲ့ကြပါသည်။ မြန်မာနိုင်ငံမှ စစ်ဝါဒီများ၏ ဒဏ်ကို မခံနိုင်၍ အပြီးအပိုင် ထွက်ခွာသွားကြသော လူမျိုးခြား အရင်းရှင် မြေရှင်များပိုင်သော အဒီလမ်းတစ်ဝိုက်နှင့် အင်းလျားကန် ပတ်လည်ရှိ မြေများကို ဗိုလ်နေဝင်းက အပိုင်စီးပြီး ၎င်း၏ နောက်လိုက်

စစ်တိုင်းမှူးများ ဖြစ်ကြသော တင့်ဆွေ၊ လှဖုန်း၊ ခင်အုန်း စသည့် သူများနှင့် ၎င်း၏ သမီးများကို ခွဲဝေပေးခဲ့ပါသည်။ ဗိုလ်စန်းယုတို့ တစ်သိုက်ကလည်း ဗဟန်းမြို့နယ်တွင်လည်းကောင်း၊ ဗိုလ်မောင်မောင် ခတို့ အုပ်စုကလည်း ပါရမီအရပ်တွင် လည်းကောင်း၊ လက်လုပ်လက်စား တောင်သူများ၏ မြေကွက်များကို မတရား သိမ်းပိုက်ပြီး "ဥယျာဉ်ခြံမြေ များကို အိမ်ရာရန်မြေ မထုတ်ပေးရ" ဟူသည့် ဥပဒေများကို လက် တစ်လုံး ခြားလုပ်ကာ အစိုးရဈေးနှုန်းဖြင့် တိုက်ကြီးအိမ်ကြီးများ ဆောက်၍ စံမြန်း သျှက် ရှိကြသည်။

ဗိုလ်နေဝင်းနှင့် အပေါင်းအပါ စစ်ဝါဒီများသည် ၎င်းတို့ လက်ညှိုး ညွှန်ရာ ရေဖြစ်စေပြီး တရားဥပဒေ စိုးမိုးရေးကို ဖျက်ပြားမှေးမှိန်စေခဲ့ပါ သည်။ အလုပ်သမားနှင့် ပညာတတ် လူတန်းစားများ ဆန့်ကျင်ရေးကို ပေါ်ပေါ်လွင်လွင် ဆောင်ရွက်ခဲ့ကြသည်။ ၎င်းတို့ မသိတာမရှိ၊ ၎င်းတို့ မတတ်တာမရှိ၊ ၎င်းတို့ မလုပ်နိုင်တာ မရှိဟု ဖိုးသိ ဖိုးတတ်များ တက် သုပ်နေ၍ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် အမွဲဆုံးနိုင်ငံ တစ်နိုင်ငံ ဖြစ်လာခဲ့ရပါသည်။

ပညာတတ် လူတန်းစားများအား ဆန့်ကျင်သည့် ကိစ္စငယ်တစ်ခုကို အကျဉ်းသင့်၍ ဖော်ပြပါမည်။ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ခ ဝန်ကြီး ချုပ် ဖြစ်စဉ်က အရပ်သား ဝန်ထမ်း ဦးလှတင့်သည် ဝန်ကြီးချုပ်ရုံး ၏ ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ကြီးများအဖွဲ့၏ အတွင်းရေးမှူး တာဝန် ကို ထမ်းဆောင်ခဲ့ရပါသည်။ ဝန်ကြီးချုပ်နှင့် ဦးလှတင့်တို့အဖွဲ့သည် တစ်နေ့တွင် ဝါဇီစက်ရုံသို့ တာဝန်ဖြင့် ခရီးထွက်ခဲ့ကြပါသည်။ စက်ရုံသို့ ရောက်သောအခါ ဦးလှတင့်အား ဝင်ခွင့်မပြုပါ။ ဦးလှတင့်က စာရေးသူ အား "ဝါဇီစက်ရုံထဲကို ကျွန်တော် စစ်သားမဟုတ်လို့ မဝင်ရဘူးဗျာ၊ ဘားဆီးခံရတယ်၊ တော်တော်ခွကျတဲ့ လူတွေပဲ" ဟု ညည်းညူပြော ကြားသည်ကို ယနေ့တိုင် နားနှင့် ဆတ်ဆတ် ကြားယောင်မိပါသည်။

၁၉၈၈ ခုနှစ် စစ်အာဏာသိမ်းပြီး ဖွဲ့စည်းထားသည့် နဝတ ဗိုလ်သန်းရွှေတို့ အုပ်စုသည် ပြည်သူ့တပ်မတော်သား ဘဝမှ မှူးကြီးမတ်

ရာ မဆလအဖွဲ့ဝင် "ဆိုးပေမောင်မဲ"များအား အကာအကွယ် ပေးနေရ ရှာသော ကြေးစားကျွန်သပေါက်များ ဘဝသို့ ရောက်လျက် ရှိနေကြပါ သည်။ နဝတ ဝန်ကြီးအဖွဲ့မှ အရပ်သား အဆစ်ပါသည့် ကျွန်များသည် လည်း ဝါဒီစက်ရုံထဲသို့ ဝန်ကြီးဖြစ်သော်လည်း စစ်သားမဟုတ်၍ ဝင်ခွင့် ရမည့်သူများ မဟုတ်သည်မှာ ထင်ရှားလှပါသည်။

တိုးတက်ဖွံ့ဖြိုးသော ဒီမိုကရေစီ နိုင်ငံများ၏ အတွေးအာရုံတွင် စစ်ဝါဒီသည် အန္တရာယ်အဖြစ် ယူဆလျက် ရှိကြဆဲပင် ဖြစ်သည်။

နဝတနှင့် အပေါင်းပါတို့သည် မြန်မာလူမျိုးများအတွက် ထာဝရ အန္တရာယ်ဖြစ်မည့် မြန်မာ့နိုင်ငံရေး လောကတွင် စစ်ဝါဒီများ ကြီးစိုးနိုင်ရန် အတွက် အတုအယောင် အမျိုးသား ညီလာခံတစ်ရပ် ကျင်းပနေခြင်းသည် ကိုယ့်အမျိုးသား သေတွင်းကို ကိုယ်တိုင်ပါဝင် တူးနေသည်နှင့် အလား တူပင် ဖြစ်ပါသည်။

ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများတွင် စစ်ဝါဒီများ လုံးဝ စိုးမိုး ခြယ်လှယ်၍ မရနိုင်သည်မှာ ထင်ရှားလျက် ရှိနေပါသည်။

မြန်မာနိုင်ငံကို မဖွံ့ဖြိုး မတိုးတက်ရန် ပြုလုပ်နေသူများမှာ နဝတ (ဝါ) စစ်ဘက်အရာရှိ အဖွဲ့အစည်းတစ်ခုသာ ဖြစ်နေသည်။ သို့ပါ၍ နဝတသည်သာ အမျိုးဘာသာ သာသနာ တိုးတက်ဖွံ့ဖြိုးမှုကို ဟန့်တား ချုပ်ချယ်နေသည့် ပြည်ဖျက်တရားခံပင် ဖြစ်နေပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၈၊ မေလ ၁ ရက်၊ ၁၉၉၃ ခုနှစ်။

✤

## အပေါက်စောင့် ဗိုလ်ခင်ညွန့်၏ နိုင်ငံ့အကြီးအကဲ ဖြစ်လိုသော ဝိသမ လောဘ

စာရေးသူအား "ဗိုလ်ခင်ညွန့် (ဒုတိယ ဗိုလ်ချုပ်ကြီး) ရဲ့ အကြောင်းကို ဆောင်းပါးတစ်ပုဒ်လောက် ရေးပါလား၊ ဗိုလ်ချုပ်ခင်ညွန့် အကြောင်းကို ဘာကြောင့် မရေးတာလဲ၊ ဇမာပြည်မှာ ခင်ညွန့်ပြီးရင် ပြီးတာပဲ၊ ခင်ညွန့်ကို အကုန်လုံး ကြောက်နေကြရတယ်၊ ရေတပ်ဗိုလ်ချုပ်ကြီး မောင်မောင်ခတို့၊ လေတပ်ဗိုလ်ချုပ်ကြီး တင်ထွန်းတို့ကအစ သူတို့အိမ်ကို ညွှဲသည် လာလည်ပတ်ရင်လည်း ညွှဲသည်ကို ခင်ဗျားတို့ ဘုန်းတော်အိမ် လာလည်တဲ့အကြောင်း ဗိုလ်ချုပ်ခင်ညွန့်တို့ဆီ သတင်းပို့လိုက်ရဦးမယ်" စသည်ဖြင့် အကြောက်လွန်၍ လူ့အခွင့်အရေး ဆုံးရှုံးနေကြသော ဗိုလ်ချုပ်ကြီးများ၏ ပြောစကားများနှင့် ကိုယ်တွေ့ကြုံဖူးသူ၊ ကြားဖူးသူများ၏ ပြောစကားများကို တစ်ဆင့် ဖောက်သည်ချပြီး ဗိုလ်ချုပ်ခင်ညွန့် (၄င်းတို့အခေါ် ဗိုလ်ဖင်တွန့်)အကြောင်းကို ရေးသားရန် တိုက်တွန်းလာကြပါသည်။

သို့ရာတွင် စာရေးသူအနေဖြင့် 'ဂျူနီစောမောင်နှင့် ငြိမ်ပိစောမောင်' 'မပြီးဆုံးသေးသော ဦးနေဝင်း၏ အတ္ထုပ္ပတ္တိ' နှင့် 'အခက်မြေနတဲ့ ငြိမ်ပိသန်းရွှေ'စသည့် ဆောင်းပါးများနှင့် စစ်အာဏာရှင် နံပါတ် (၁) အကြောင်းကိုသာ အဖတ်လုပ်ပြီး ရေးသားခဲ့ဖူးပါသည်။ ရာရာစစ မလောက်လေးမလောက်စားသည့် မျောက်ဖိုးစိန် အကြောင်းကို ဘာကယ့် ဇာတ်ဆရာကြီး ဂရိတ်ဖိုးစိန်အဖြစ် လက်ညှောင်းခံပြီး မရေးသားလို၍သာ မရေးသားခဲ့ခြင်းပင် ဖြစ်ပါသည်။

တစ်ဖန် စာရေးသူ၏ သူတို့အတွင်းရေး အဖြစ်မှန် ဆောင်းပါး ရေးသားချက်များကို ကြိုက်နှစ်သက်ကြသော ရပ်ဝေး ရပ်နီးမှ မိတ်ဆွေများက ''ခင်ညွန့် ဒုတိယ ဗိုလ်ချုပ်ကြီး ဖြစ်လာပြီဗျ၊ ဗိုလ်ခင်ညွန့် လက်ထဲ အာဏာရောက်နေပြီ၊ သူ့ပြိုင်ဘက် တိုင်းမှူးကြီးတွေကို ရာထူးပေးပြီး ဘေးဖယ်လိုက်ပြီဗျ၊ နိုင်ငံ့အကြီးအကဲလို့ မကြေညာရုံတမယ်ပဲ ရှိတော့တယ်၊ စစ်အာဏာရှင်ကြီး ဦးနေဝင်းပုံ အတုခိုးပြီး ဇနီးနဲ့ ခယ်မ နာမည်များကိုလည်း ခင်ဝင်းရွှေတို့ ခင်ဝင်းမေတို့ စသည်ဖြင့် နာမည် ရှေ့မှာ 'ခင်'တွေ ထပ်ဖြည့်လာတာကို တွေ့နေရပြီ၊ အဲဒါ ဗိုလ်နေဝင်း ရဲ့ ဇနီးနဲ့ ခယ်မ၊ ဒေါ်ခင်မေသန်းနဲ့ ဒေါ်ခင်မေအေးတို့ကို ပုံတူးကူးနေ တာ၊ တစ်နေ့ ဗိုလ်ချုပ်ခင်ညွန့် နိုင်ငံတော်ရဲ့ နံပါတ် (၁) ဖြစ်လာရင် ဇနီးသည်လည်း နံပါတ် (၁) အမျိုးသမီး (First Lady) ဖြစ်လာမှာ မဟုတ်လား၊ ဒီအမျိုးသမီးတွေ ကျုပ်တို့နဲ့ အတူတူ ဆေးကျောင်းတက် တုန်းက မဝင်းရွှေတို့ မဝင်းမေတို့ဆိုတဲ့ ရိုးရိုးကျေးလက် နာမည်တွေပါ၊ အခုတော့ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ နိုင်ငံ့အကြီးအကဲ ဖြစ်လိုတဲ့ ဝိသမလောဘ ဟာ အတော်အရှိန်မြင့်နေပါပကောလား၊ တော်တော် အကြံအစည်ကြီးတဲ့ လူပဲ၊ သူဟာ အကြီးအကဲ ဖြစ်လာရင် တိုင်းပြည်ကြီးတော့ ငါးပါးမှောက် တော့မှာပဲ''ဟု ညည်းတွားပြောဆိုလာသော ဆရာဝန် မိတ်ဆွေ တစ်ဦး အား ''မိတ်ဆွေရယ် သိပ်လည်းအားမငယ်ပါနဲ့၊ အခုလည်း တိုင်းပြည် ကြီး ငါးပါးမဟုတ်ဘူး၊ ဆယ်ပါးမှောက်နေပြီ မဟုတ်ပါလား''ဟု မှန် သောစကားကို ဆိုလိုက်မိပါသည်။ သို့သော်လည်း အပေါက်စောင့် တံခါး မှူး သက်တော်စောင့်များသည် မြန်မာရာဇဝင်တွင် မင်းဖြစ်ကြရိုး ထုံးစံ မရှိခဲ့ကြောင်းကိုလည်း ရာဇဝင် သမိုင်းလှန်ပြရပြန်ပါသည်။

ဗိုလ်ခင်ညွန့်အား စာရေးသူအနေဖြင့် ၁၉၈၆ ခုနှစ်၊ ဧပြီလတွင်း က ဗိုလ်နေဝင်း၏ ဆွေမျိုးသားချင်းများအပြင် ခြေသည်း လက်သည်း ညှပ်၊ အနှိပ်သည်၊ ထမင်းချက်၊ စားပွဲထိုး၊ အပေါက်စောင့်နှင့် အရာရှိ အရာခံများ ပါဝင်သည့် ၄၄ ဦးပါအဖွဲ့ကြီး လန်ဒန်မြို့သို့ ဆေးဝါး ကုသခံရန် လာကြစဉ်က တွေ့မြင်ခဲ့ဖူးပါသည်။

စာရေးသူ တာဝန်ကျသော 'ဝင်ဘိုတန်လမ်း'ရှိ မြန်မာ့စစ်သံရုံး ဧည့်ဂေဟာတွင် လုံခြုံရေး အစောင့်ရဲဘော်များ၊ ဗိုလ်ကြီး ဗိုလ်မှူးများ၊ ဆရာဝန်များ၊ မဆလပါတီမှ ဌာနမှူးများ၊ ထမင်းချက်များနှင့် အပေါက် စောင့် တံခါးမှူး ဗိုလ်မှူးကြီး ခင်ညွန့်လည်း တည်းခိုရပါသည်။

ဗိုလ်ခင်ညွန့်သည် ၄င်းတို့အပေါ် အဖေကြီး ဦးနေဝင်း ""ကရောင်းဒေလ်"" ဆေးရုံသို့ တက်နေစဉ် တစ်ပတ်ကျော်ခန့်အတွင်း ဆေးရုံတွင် ဦးနေဝင်း၏ အခန်းနှင့် သမီး ဒေါ်စန္ဒာဝင်း၏ အခန်းပေါက် နှစ်ခုအနီး တွင် ညလုံးပေါက် အပေါက်စောင့်နေရသူ ဖြစ်ပါသည်။

အင်္ဂလန်နိုင်ငံတွင် မည်သည့် နိုင်ငံ့အကြီးအကဲ ကိုယ်စားလှယ် အဖွဲ့မှ လက်နက်ကိုင်ဆောင်ခွင့်မရှိဘဲ အဖွဲ့နှင့် ပါလာသော လက်နက် များကို လေဆိပ်တွင် အပ်နှံထားခဲ့ရပါသည်။ သို့သော်လည်း ဗိုလ်ခင်ညွန့် သည် ပစ္စတိုသေနတ် တစ်လက်ကို ဘယ်ဘက်ကုတ်အင်္ကျီအောက်တွင် ခိုးဝှက်ကိုင်ဆောင်ပြီး ညစောင့်တာဝန်ကို ယူရသူဖြစ်ပါသည်။

ဒေါက်တာ ဒေါ်စန္ဒာဝင်း အနေဖြင့်လည်း ဖခင်၏ အခန်းဘေးနား တွင် တစ်ယောက်အိပ် သီးသန့်အခန်းငှားပြီး အချိန်ပြည့် သူနာပြု တာဝန် ကို ယူရပါသည်။ သူမ၏ ခင်ပွန်း ဦးအေးဇော်ဝင်း အနေဖြင့် သားသုံး ယောက်ကို ထိန်းကျောင်း၍ ဧည့်ဂေဟာတွင် နေရပြီး ဦးနေဝင်းနှင့် အပျင်းပြေ ဖဲရိုက်ရန် လိုက်ပါလာသော ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ် ကြီး ကျော်ထင်၊ တရားသူကြီး အဖွဲ့ဝင် ဦးလေးမောင်နှင့် သမားတော် ဒေါက်တာ ကျော်ဝင်းတို့ အုပ်စုသည် ဦးနေဝင်း အခန်းနှင့် ခပ်လှမ်းလှမ်း ကိုက် ၁၀၀ ကျော်ခန့်အကွာတွင် နှစ်ဒေါင့်ဆစ်ချိုးရှိ ဆေးရုံဒေါင့်ခန်း များကို ငှားရမ်းပြီး တာဝန်ဖြင့် နေထိုင်ကြရပါသည်။

ဗိုလ်ခင်ညွန့်သည် အဆိုပါ ရက်များအတွင်း ဧည့်ဂေဟာသို့ မနက် ၇ နာရီခန့်တွင် ပြန်လည်ရောက်ရှိလာပြီး မနက်စာ စားသောက်ပြီးသည် နှင့် အပေါ်ထပ်သို့ တက်အိပ်လေ့ရှိပါသည်။ စားသောက်ခန်းတွင် တခြား လူများနှင့် စကားပြောလေ့ပြောထမရှိဘဲ တခြားလူများ ပြောဆိုနေသည်

ကို နားစွင့်ထောင့်ပြီး ခိုးကြောင်ခိုးဝှက် အကဲခတ်ကြည့်လေ့ ရှိသည်ကို သာ စာရေးသူအနေဖြင့် သတိမူမိပါသည်။

ဗိုလ်နေဝင်းအဖွဲ့တွင် သမီးတော် စန္ဒာဝင်းနှင့် မိထွေးတော် ဒေါ်နီနီမြင့်တို့ မတည့်သည့်ကိစ္စ၊ အိမ်တော်မှ စစ်သားများနှင့် ထောက်လှမ်းရေးများ မတည့်သည့်ကိစ္စ စသည်များ ရှုပ်ထွေးနေတတ်ပါသည်။ သံရုံးဧည့်ဂေဟာသို့ ခရီးရောက်မဆိုက်မှာပင် သမက်တော် ဦးအေးဇော်ဝင်းက လေ့ကားမှ ဆင်းလာသော ဒေါ်နီနီမြင့်အား လက်ညှိုးထိုးပြီး မကြားတကြား "ခင်ဗျားတို့ သံရုံးကလူတွေ ဒီသောက်ကောင်မကြီးကို ဘာမှ ကူညီလုပ်မပေးကြနဲ့"ဟု ပြောကြား၍ စာရေးသူနှင့် ပထမအတွင်းဝန်တစ်ဦးတို့ အတော် ကျောချမ်းသွားမိပါသည်။

တစ်နေ့ အိမ်တော်မှ အစောင့်ရဲဘော်တစ်ဦးက ငိုကြီးချက်မနှင့် ၄င်း၏ အုပ်ချုပ်သူ ဗိုလ်ကြီးတစ်ဦးအား တိုင်ကြားနေသည်ကိုလည်း တွေ့မြင်ကြားသိခဲ့ရပါသည်။ "ဒီအမ်အိုင် (ထောက်လှမ်းရေး)တွေ သိပ်လူပါးဝတယ်၊ ရန်ကုန်မှာဆို ပစ်သတ်မိမှာပဲ။ ဒီကြားထဲ ကုလားတွေကလည်း သိပ်မိုက်ရိုင်းတာ၊ လက်သီးနဲ့ ပစ်ထိုးမိတော့မှာပဲ"စသည်ဖြင့် ကြိမ်းဝါးနေ၍ အုပ်ချုပ်သူ ဗိုလ်ကြီးက နိုင်ငံခြားရောက်တုန်းရောက်ခိုက် သည်းညည်းခံရန် ဖျောင်းဖျနေပါသည်။ (ကာမကြူးရုံသာမက အစားလည်း အလွန်ကြူးသော ဦးနေဝင်းတွင် ကိုယ်လုပ်တော် အရာခံဗိုလ် ရာဂျူး အနားယူပြီးနောက် ရာဂျူး၏ တူတော်မောင် တပ်ကြပ် ကုလားတစ်ဦးအား ကိုယ်လုပ်တော် ခန့်ထားပါသည်။ ဦးနေဝင်းအခန်းသို့ ဥဒဟို ဝင်ထွက်နိုင်သော အဆိုပါ ကုလားများသည် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးများကိုပင် ပမာမခန့်ဟိန်းဟောက်နေသည်တို့ကို ကြုံတွေ့ခဲ့ရဖူးပါသည်။) ၄င်းတို့ ပြောစကားများထဲတွင် အုပ်ချုပ်သူ အကြီးအကဲဖြစ်သူ ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးခင်ညွန့် အနေဖြင့်လည်း သြဇာမရှိဘဲ သူပင်လျှင် သမီးတော်ကို ကြောက်ရ၊ ကုလားအစေခံများကို ကြောက်ရနှင့် "အလကားပါ"ဟု ညည်းတွား ကဲ့ရဲ့မှုများ ပါဝင်ပါသည်။

အမှန်တကယ်ပင် ဗိုလ်ခင်ညွှန့်သည် ဦးနေဝင်း၏သမီး စန္ဒာဝင်းအား အလွန်ပင်ကြောက်လန့် အလေးပေးရသည့် ဖြစ်ရပ်တစ်ခု ကြားဖူးပါသည်။

၁၉၈၆ ခုနှစ်က လန်ဒန်မြို့နှင့် ဝါရှင်တန်မြို့များရှိ မြန်မာစစ်သံရုံး ၂ ရုံးတွင် ရုံးအုပ်ရာထူး ၂ နေရာ လစ်လပ်စဉ် အသက် ၄၅ နှစ်အောက် ဒုအရာခံ ဗိုလ်များအား စစ်ရုံးမှ စာမေးပွဲ စစ်ခဲ့ရာ ဒုအရာခံဗိုလ် စိုးအောင်က ပထမနှင့် ဒုအရာခံဗိုလ် စိုးမြင့်က ဒုတိယ အသီးသီးရရှိခဲ့၍ ဗိုလ်စိုးအောင်အား အမေရိကန်နိုင်ငံသို့ လည်းကောင်း၊ ဒုတိယရသော ဗိုလ်စိုးမြင့်အား အင်္ဂလန်နိုင်ငံသို့လည်းကောင်း အသီးသီး နေရာချထားပြီး ဖြစ်ခဲ့သည်။ ဗိုလ်စိုးအောင်၏ဇနီး ဒေါ်နွယ်နွယ်အောင်သည် အမှတ် ၂ စစ်ဆေးရုံမှ သူနာပြု ဆရာမဖြစ်၍ ၎င်းဆေးရုံမှ ဗိုလ်မှူးဒေါက်တာဒေါ်ခင်စန္ဒာဝင်း လက်အောက်တွင် တာဝန်ထမ်းဆောင်ရသဖြင့် ဗိုလ်စိုးအောင်အားလည်း ဒေါက်တာစန္ဒာဝင်းက သိကျွမ်းလျက်ရှိ နေပါသည်။

တစ်နေ့တွင် ဦးနေဝင်းနှင့် သမီးများ ပေလီမှ အပြန်တွင် ဗိုလ်စိုးအောင်တို့အဖွဲ့က လုံခြုံရေးတာဝန်အရ မင်္ဂလာဒုံလေဆိပ်တွင် တာဝန်ကျခဲ့သည်။ ထိုအခါ ဦးနေဝင်းနှင့် စန္ဒာဝင်းတို့နောက်မှ သက်တော်စောင့်သီးတော်မိုးကြီး ဗိုလ်မှူးကြီး ခင်ညွှန့်လည်း အနီးကပ် လိုက်ပါလာရသည်။ လေဆိပ် ဧည့်ခန်းအဝင်လမ်းတွင် စန္ဒာဝင်းက ဗိုလ်စိုးအောင်အား တွေ့မြင်သွားပြီး "ကိုစိုးအောင်တို့ လန်ဒန် ဘယ်တော့သွားမလဲ" ဟု အော်၍ နှုတ်ဆက်သွားခဲ့သည်။ ထိုစကားကို အပေါက်စောင့် ဗိုလ်မှူးကြီး ခင်ညွှန့် ကြားသွားပြီး နောက်တစ်နေ့တွင် ဗိုလ်စိုးအောင်အား ၎င်းက "ခင်ဗျား ဝါရှင်တန် မဟုတ်တော့ဘူး၊ လန်ဒန်ပဲ သွားတော့၊ ဒေါ်စန္ဒာဝင်းတို့ လန်ဒန်ရောက်လို့ ခင်ဗျားတို့ကို မတွေ့ရင် ကျုပ် အလုပ်ပြုတ်လိမ့်မယ်"ဟု ပြောပြီး အမိန့်ကို ပြန်ပြင်လိုက်သည်။

ဗိုလ်စိုးအောင်က စာရေးသူအား "ကျွန်တော်တို့ မိသားစု ကြမ္မာငင်ချင်တော့ ဒေါ်စန္ဒာနဲ့တွေ့ပြီး 'လန်ဒန်ကို ဘယ်တော့သွားမလဲ'

နှုတ်ဆက်ခံရတာ ပြဿနာပဲဗျာ၊ ကျွန်တော်တို့ထက် ညံ့တဲ့လူက ထိပေါက်သွားတာပေါ့ဗျာ၊ အမေရိကန်မှာ ပိုက်ဆံပိုရနိုင်တယ်၊ သိပ်နာတာပဲ၊ စစ်တပ်မှာလည်း ဘာမှမှ မရှိပါဘူး" ဟု ကျားလည်းကြောက်ရ၊ ကျားရေးလည်း ကြောက်ရပုံများကို ညည်းညူပြောဆိုခဲ့ဖူးပါသည်။

ဦးနေဝင်း အုပ်ချုပ်သည့် တစ်ပါတီ အာဏာရှင်စနစ် လက်အောက်တွင် ဗိုလ်ခင်ညွန့်ကဲ့သို့ မျက်နှာလို မျက်နှာရ လုပ်တတ်သော အရာရှိဆိုးများကြောင့် တစ်ဦးချင်း တစ်ယောက်ချင်း နစ်နာဆုံးရှုံးမှုများသာမက အဖွဲ့အစည်း လုပ်ငန်းဌာနမှအစ တစ်တိုင်းတစ်ပြည်လုံးတွင် ဆုံးရှုံးနစ်နာမှုများ အမြောက်အများ ရှိခဲ့ပါသည်။ ဥပမာအားဖြင့် ဦးနေဝင်းက 'ဗဟိုသုတေသန အသင်းကြီးဆိုတာ ရှိတုန်းပဲလား' ဟု မေးရုံမျှဖြင့် ဝန်ကြီးမောင်ချိုက နောက်တစ်နေ့တွင် ရန်ကုန်တက္ကသိုလ်ရှိ သုတေသန အသင်းကြီးအား ဖျက်သိမ်းလိုက်ပြီး ဖြစ်သည်။ ထို့အတူ သမိုင်းကောလိပ်ကို ဦးနေဝင်း သွားရောက်လေ့လာရင်း လမ်းတစ်ဘက်တွင်ရှိသော စက်ရုံကို ဒီအဆောက်အဦကြီးက ဘာလဲကွဟု မေးလိုက်ရုံနှင့် အဆိုပါအဆောက်အဦကို အသစ်မွမ်းမံပြီး စက်အသစ်များ တပ်ဆင်လည်ပတ်ရန် တာစူနေသော ဝန်ကြီးချုပ်မောင်မောင်ခက ဘာရည်ရွယ်ချက်ဖြင့် မေးမြန်းသည်ကိုပင် ပြန်မမေးရဲတော့ဘဲ လုပ်ငန်းကို ချက်ချင်းရပ်ပစ်တော့လိုက်သည်။ ဤသည်မှာ စစ်အာဏာရှင်စနစ်ဟူသည် ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ အပြန်အလှန် အခြေအတင် ပြောဆိုခြင်းနှင့် အများသဘောဖြင့် ဆုံးဖြတ်လုပ်ကိုင်ခြင်းဆိုသည့် ဒီမိုကရေစီ အခွင့်အရေးများ အဘယ်မှာလျှင် ရှိနိုင်ပါတော့မည်နည်း။ 'ဟော့ ရေဗူးပေါက်တာ မပေါက်တာ နားလည်ဘူး၊ ရေပါတာပဲ မြင်ချင်တယ်' ဟူသော စစ်ဗိုလ်ဆိုးများ၏ လွဲမှားသည့် အယူအဆ၊ မာန်မာနများကြောင့် ဆိုးဆိုးပေပေ ဝဲ့တိုင်းပြည် ဘဝ၌ နှစ်ရှည်လများ ကျရောက်နေရခြင်း ဖြစ်ပါသည်။

အမှန်တကယ်မှာတော့ ဗိုလ်ခင်ညွန့်သည် တပ်မတော်တွင် လမစေ့ဘဲ မွေးဖွားလာသော ကလေးကဲ့သို့ ကျွန်တော်တို့ စစ်မျက်လုံးတွင် လူစဉ်မမီ သေးညက်နေသည်။ ၁၉၈၃ ခုနှစ်၌ တပ်မတော်တွင် ခြေလျင်

ကြည်းတပ်နှင့် ထောက်လှမ်းရေးတပ်များ အကြီးအကျယ် ကွဲပြဲခဲ့သည်။ ဗိုလ်ချုပ်ထွန်းရီတို့ ဦးဆောင်သည့် ခြေလျင်ကြည်းတပ်မှ အဖွဲ့သားများအားလုံး ထောင်ကျသူကျ၊ အလုပ်ပြုတ်သူပြုတ် ကြရသည်။ ထောက်လှမ်းရေးကျောင်းမှ နည်းပြဆရာနှင့် ထမင်းချက်များပင် ချမ်းသာ မပေး၊ ထောက်လှမ်းရေးဟူသမျှ ကျုပြင်ခုတ် ကျုငုတ်ပင် မကျန်အောင် နှိမ်နင်းခဲ့သည်။

ထိုအချိန်တွင် ခြေလျင်တပ်သားလည်းမဟုတ်၊ ထောက်လှမ်းရေးလည်း မမည်သော တပ်မတော်တွင် လူပျော့လူညံ့သာဖြစ်၍ ဖိနပ်တိုက်၊ အင်္ကျီခေါက်၊ ဈေးဝယ်၊ အိတ်ဆွဲ၊ အပေါက်စောင့် ကိစ္စရပ်များတွင်သာ ကျွမ်းကျင်သည့် 'ကိုယ်ရေးအရာရှိ' အလုပ်ဝတ္တရားများကိုသာ ထမ်းဆောင်ခဲ့ဖူးသော ဒုတိယ ဗိုလ်မှူးကြီးခင်ညွန့်အား အဖေကြီးက ထောက်လှမ်းရေးမှူး ရာထူးကို ရက်ရက်ရောရော ပေးလိုက်သည်။ ထောင်ထောင်မောင်းမောင်း စစ်သားဥပမိရုပ်ရှိသော ဗိုလ်မှူးချုပ် တင်ဦးကိုမူ သူ၏နေရာနှင့် ရာထူးကို လုတော့မည်ဟု ယုံကြည်ခဲ့၍ ထောက်ဒဏ် ၁၄ နှစ်အထိ အကြိမ်ကြိမ်ချခဲ့သော ဦးနေဝင်းအနေဖြင့် အထူးသတိထားကာ တပ်မတော် ထောက်လှမ်းရေး ညွှန်ကြားရေးမှူး နေရာတွင် ခိုင်းရာလုပ်၊ စေရာသွားမည့် လမစေ့သားကိုသာ လိုလားသည်မှာ မဆန်းပါ။

ဗိုလ်ကြီး အုန်းကျော်မြင့်တို့၏ မအောင်မြင်ခဲ့သော တော်လှန်ရေးကို သွေးလန့်နေသော ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ကျော်ထင်ကလည်း သူ့စစ်တိုင်းမှူး ဘဝကပင် တွေ့ဖူးမြင်ဖူးသော စစ်တိုင်းမှူး ဗိုလ်မှူးချုပ် တင့်ဆွေ၏ ကိုယ်ရေးအရာရှိ သေးသေးညှပ်ညှပ်၊ မိန်းကလေးလို သိမ်သိမ်မွေ့မွေ့၊ လူကြီးများရှေ့၌ လိုလေသေးမရှိအောင် လုပ်ဆောင်ပေးတတ်သော ဖင်ကလေး တတွန့်တွန့်နှင့် ဗိုလ်ကြီးခင်ညွန့်အား သဘောကျတော့မည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ဗိုလ်ခင်ညွန့်မှာ တိုက်ခိုက်ရေး အရည်အချင်းနှင့် ထောက်လှမ်းရေးအရည်အသွေးတို့၌ ကမ္ဘာက လေးစားရလောက်အောင် ထက်မြက်သူမဟုတ်သော်ငြားလည်း ဦးနေဝင်းအဖို့ ခိုင်းရာလုပ်၊ စေရာသွား၊ ထားရာ

နေ၊ သူ့အား အမြဲတမ်း ရှိသေပြီး မလှန်မည့်သူဟူ၍ ယုံကြည်သော ကြောင့်သာလျှင် အရှင်မွေး ညချင်းကြီး၊ သခင်ဘုန်းကြီး ကျွန်စားပြီး သောမှုဖြင့် ဦးနေဝင်းက နေရာပေးခဲ့ခြင်း ဖြစ်ပါသည်။ ထိုအကြောင်း များကြောင့်လည်း ယခင် ထောက်လှမ်းရေး ညွှန်ကြားရေးမှူးများကဲ့သို့ မဟုတ်ဘဲ ဗိုလ်ခင်ညွန့်သည် နိုင်ငံရပ်ခြားသို့ ဦးနေဝင်းစီးသည့် မာစီဒီး ကားအရှည်တွင် အစေခံနှင့် ကလေးထိန်းများအတွက် ပြုလုပ်တပ်ဆင် ထားသည့် ခေါက်၍ ခင်း၍ ရသော ခေါက်ခုံကလေး၌ ဦးနေဝင်းနှင့် သမီးစန္ဒာဝင်းတို့ ခရီးထွက်တိုင်း မျက်နှာချင်းဆိုင် ပုံပုံကလေးထိုင်ကာ လိုက်ရရှာသည်။ လန်ဒန်မြို့၌ ဦးနေဝင်း၏ မိတ်ဆွေ အလက်ဇန္ဒရား မင်းသမီးထံသို့ သားအဖနှစ်ဦး သွားရောက်နှုတ်ဆက်စဉ် ဗိုလ်ခင်ညွန့် သည် အဆိုပါ အစေခံများထိုင်သည့် ခေါက်ခုံငယ်ကလေးပေါ်တွင် စန္ဒာဝင်းနှင့် မျက်နှာချင်းဆိုင်၊ ဒူးချင်းဆိုင်ထိုင်၍ သွားကြသည်ကို ကျွန်တော်တို့ ကိုယ်တွေ့မျက်မြင်ပင် ဖြစ်ခဲ့ပါသည်။

ဦးနေဝင်း၏ ဇနီး ဒေါ်နီနီမြင့်သည် ပိုင်ရှင်မရှိသော ဆိတ်မကြီး ပမာ သံရုံးညှော်ဂေဟာ၌ မီးဖိုချောင်ထဲတွင် သမီးတော် ရှိနေသဖြင့် ဝင်၍မရ၊ ညှော်ခန်းဆောင်တွင်လည်း ဖဲရိုက်ဖော်များ ရှိနေသဖြင့် ထိုင်၍ မရ၊ သို့အတွက် စစ်သံမှူးအိမ် ပြေးလိုက်၊ စစ်သံညှော်ဂေဟာဘက် ပြေးလိုက်၊ စာကြည့်တိုက်ဘက် ပြေးလိုက်နှင့် တောင်ပြေး မြောက်ပြေး လှုအခွင့်အရေး ဆုံးရှုံးနေရသည့် ကံဆိုးမ ဇနီးသည်တစ်ဦးပင် ဖြစ်ပါ သည်။ သို့ရာတွင် သူကလည်း ကြောက်ရမည့်သူများ မပါဘဲ ၁၉၈၇ ခုနှစ်က ဦးနေဝင်းတို့အဖွဲ့ ဆွစ်ဇာလန်တွင် နေခဲ့ပြီး သူမနှင့် သက်တော် စောင့် သုံးဦးသာ လန်ဒန်စာကြည့်တိုက်တွင် စာကူးရန် ရောက်ရှိလာ သော သံအမတ်ကြီးအိမ်၌ တစ်လခန့် ခေတ္တတည်းခိုသွားစဉ်က အိပ်ရာ ခင်းကို တစ်နေ့တစ်ထည် လဲပေးရမည်ဟု အမိန့်ချမှတ်၍ သံအမတ်ကြီး များ အိတ်စိုက်ပြီး စာရင်းမဝင်သော အိပ်ရာခင်းများ အတော်ဝယ်လိုက် ရရှာသဖြင့် ပုတ်ရဟန်းမင်းကြီးထက်ပင် ကြီးကျယ်သွားပါသည်။ ပုတ်

...ဘန်းမင်းကြီးပင်လျှင် အိပ်ရာခင်းကို တစ်ပတ်တွင် နှစ်ကြိမ်မျှသာ ...သည်ဟု ကြားဖူးပါသည်။

တရုတ်ပြဇာတ်ထဲကလို စူ့ထက်စူ လူစွမ်းကောင်းများသာ ...ဆိုင်သည့် အေဒီလမ်းထဲမှ ဦးနေဝင်း အိမ်တော်မှ ယခုအချိန်တွင် ...သန်တစ်ပြင်ကဲ့သို့ ဖြစ်နေပြီး သား၊ သမီး၊ သမက်များသည်လည်း ...အခွင့်အရေး ပြည့်ဝလျက် အရှည်သဖြင့် စိတ်ချရသော နိုင်ငံရပ်ခြား ...င်းတစ်ပါးများသို့ သွားရောက်အခြေချ နေထိုင်လျက် ရှိကြပါပြီ။ ...ရာတွင် ဗိုလ်ခင်ညွန့်ကမူ "သူမရှိလျှင် ငါပဲ"ဟူသော အတ္တစွဲဖြင့် ...မိမတော်သား (ဗိုလ်၊ အကြပ်၊ တပ်သား)များအား အရုပ်ကလေးများ ...သို့ သဘောထား၍ ခွဲနဘဲကြီးစွာ ကြိုးစားနေဆဲပင် ဖြစ်ပါသည်။

ဗိုလ်ခင်ညွန့်အား မြင်တွေ့စကပင် စာရေးသူတို့ နိုင်ငံခြားရေးရုံး ...င် ၄င်းနှင့် ဉပမိရုပ်မှအစ၊ မပွင့်မလင်း ပြောဆိုပုံ၊ လှုပ်ရှားပုံများပါ ...ချွန် သဏ္ဌာန်တူသူ တစ်ယောက်ကိုလည်း စိတ်အစဉ်တွင် မှတ်ထင် ...က်မိပါသည်။ ထိုသူသည် ယခုအချိန်၌ ဗိုလ်ခင်ညွန့်၏ အပါးတော်မြဲ ...ဂလိပ်စကားပြန် ဦးအေး (ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာ ဦးစီး ...ာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာန)ပင် ဖြစ်သည်။ ဦးအေးသည် အများ ...၌ ရက်တတ်လွန်းသော ခွက်ပုန်း အရက်သမားတစ်ဦး ဖြစ်သည်။ ...ချုပ်စန်းယု သမ္မတ ဖြစ်လာသည့်အချိန်မှစ၍ သမ္မတရုံးသို့ နိုင်ငံခြား ...ရေးရုံးမှ စကားပြန်အဖြစ် လွှတ်ပေးခံရသူ ဖြစ်ပါသည်။ ထို့ကြောင့် ...ခုအချိန်၌ ကိုအေး၊ ကိုဝင်းမြနှင့် ကိုသောင်းထွန်းတို့သည် စစ်ဗိုလ်ပြ ...ား၏ အသုံးတော်ခံ၊ ရာထူးရာခံ ရနေကြသည့် အရက်မရှိသော အင်္ဂလိပ် ...ဘာသာ စကားပြန်များ ဖြစ်နေကြပါသည်။ မိဘက အကုန်အကျခံပြီး ...ဘာသနာပြုကျောင်းများတွင် အင်္ဂလိပ်စာ သင်ကြားပေးခဲ့ခြင်းကြောင့် ...သူတို့မှာ စစ်ဗိုလ်ပြများ ကောင်းစားရေးအတွက် သူခိုးဗိုလ်ပြ လက်ထောက် ...သူများ ဖြစ်လျက်ရှိသည်။ သမိုင်းကို ပြောသော သတင်းဓာတ်ပုံများ၌ ...သူတို့မှာ ခွေးခြေကလေးတွင် ပုံပုံကလေးထိုင်၍ နားရွက်ကလေးများ ...ထောင်ကာ အိမ်ဖြေ ဗိုလ်ချုပ်ကြီးသန်းရွှေနှင့် အပေါက်ဇောင့် ဗိုလ်ခင်ညွန့်

တို့အတွက် အလုပ်ကျေးပြုနေသည်ကို ဦးအေး၏ဖခင် စည်သူဦးဖေတို့၊ ဦးဝင်းမြ၏ ဖခင် သရေစည်သူ ဦးရွှေမြတို့ ရင်ထဲ၌ ဘယ်လိုခံစားကြ ရမည်ကို တွေးပြီးရက်မိပါသည်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြား သံအမတ်ကြီး တစ်ဦးက သံအမတ် တစ်ယောက်အနေဖြင့် အလုပ်ကိစ္စကြောင့် ညွှန်ကြားရေးမှူးချုပ် ဦးအေး အား တွေ့ဆုံလို၍ ရက်ချိန်းတောင်းလျှင် လွယ်လွယ်နှင့် မရနိုင်သော် လည်း ကမ္ဘာ့ထုံးတမ်းစဉ်လာအရ နိုင်ငံခြားသံရုံးမှ သံတမန်အဆင့်တွင် နံပါတ် ၃ လောက်သာရှိသော စစ်သံမှူးတစ်ဦးက ဗိုလ်ခင်ညွန့်တို့အား ချိန်းတွေ့သည့် အချိန်တွင်မူ ဦးအေးခမျာ ခွေးခြေကလေးပေါ်တွင် ထိုင် ကာ စကားပြန်ပေးနေရပုံကို အလွယ်တကူ တွေ့နိုင်ကြောင်း ကဲ့ရဲ့ ပြောဆိုကြပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် နိုင်ငံတော် အကြီးအကဲ ဗိုလ်ချုပ် ကြီး သန်းရွှေအား မလေးရှားသံရုံးမှ စစ်သံမှူး ဒုတိယ ဗိုလ်ချုပ်ကြီး တစ်ဦးက တွေ့ဆုံနှုတ်ဆက်နေပုံကို တခမ်းတနား သတင်းစာနှင့် ရုပ်မြင် သံကြားများတွင် ဖော်ပြနေကြသည်။ ဤအချက်မှာ ယနေ့အဖို့ မြန်မာ စစ်အာဏာရှင်များတွင် သူတို့နှင့် တန်းတူရည်တူ ပေါင်းဖော်မည့်သူ မရှိ၍ ၎င်းတို့တွင် နိုင်ငံတကာနှင့် ဆက်ဆံမှု ရှိနေပါသေးသည်ဟု မသိနားမလည်သော တောသူ တောင်သားများကို လိမ်ညာ လှည့်ဖြား နေကြခြင်းသာ ဖြစ်ပါသည်။

လန်ဒန်မြို့ရှိ ဦးနေဝင်း၏ တပည့်ကျော် သံအမတ် ဟာကို ဦးလှမောင်သည်လည်း အင်္ဂလိပ် ရဲအရာရှိ စုံတွဲများကို အိမ်သို့အကြိမ် ကြိမ် ပင့်ဖိတ်ပြီး ပြည်သူ့ဘဏ္ဍာဖြင့် ထမင်းကျွေးလျက် ရှိသည်။ အလုပ် မရှိ၍ မြန်မာစစ်သံရုံးမှ တပ်ကြပ်ကြီးများအပြန်၊ သံရုံးမှ စာရေးများ အပြန် နှုတ်ဆက်ပွဲလုပ်ရန်ဟု ဝန်ထမ်းများထံမှ ပိုက်ဆံကောက်ခံပြီး သံအမတ်အိမ်တွင် ကုလားထမင်းများ ချက်ပြုတ်လျက် သံရုံးသို့ သယ် ဆောင်လာကာ ကျွေးမွေးနေရသည်မှာ အမော။

အင်္ဂလန်နိုင်ငံတွင် ဘာမျှ အရေးမပါ အရာမရောက်သော စာရေးဆရာဒေါက်တာရောဘတ်တေလာနှင့် ဆရာဝန်ကြီးများအား ပညာရေးဝန်ကြီး ဗိုလ်မှူးကြီးဖေသိန်း၏ ဧည့်သည်တော်များအဖြစ် လေယာဉ်လက်မှတ်ပေးပို့ ဖိတ်ကြား၍ နိုင်ငံခြားငွေ အကုန်အကျခံကာ ဗြိတိသျှလူမျိုးများနှင့် နဝတတို့ အလွန်တရာ ဆက်ဆံရေး ကောင်းနေသယောင် အမျိုးမျိုး သူတို့ လိမ်ညာလှည့်ပတ်နေကြသည်။ နိုင်ငံတော်၏ ကျောက်မျက်ရတနာများကို အကြိမ်ကြိမ် လက်ဆောင်ပေး၍ မျက်နှာချိုသွေးနေကြသည်။

နဝတ စစ်အာဏာရှင်များနှင့် ၎င်းတို့၏ သံတမန်များသည် နိုင်ငံခြား ဆက်ဆံရေး စစ်မျက်နှာတွင် အယောင်ခံ ခွေးဝဲစားများ ဖြစ်နေကြပါလျက် ဆင်သေကို ကြွက်သားရေနှင့် ဖုံးနေကြပါသည်။

ဗိုလ်ခင်ညွန့်အနေဖြင့် လှေပြိုင်ပွဲ၊ ဘုန်းကြီးပွဲ ခေါင်းထမ်းသည့် အလုပ်များကအစ ပါဝင်၍ နေရာယူထားသော်လည်း အမျိုးသား ညီလာခံကိစ္စတွင်မူ နှုတ်ဆိတ်နေခြင်းသည် မအောင်မြင်ပါက ဗိုလ်မျိုးညွန့် တာဝန်ယူ ပုံချရန်ပင် ဖြစ်သည်။ ဗိုလ်ခင်ညွန့်အနေဖြင့် လောဘရမ္မက် ငမ်းငမ်းတက်နေခြင်းသည် အစာကိုသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်သော ငါးနှင့်သားကောင်ကိုမြင်လျှက် ထောင်ချောက်ကို မမြင်သော ကျားကဲ့သို့ ဖြစ်နေပါသည်။

စာရေးသူ၏ စိတ်အာရုံတွင် ယနေ့အထိ အထင်ရှားဆုံး အမှတ်တရမြင်ကွင်းငယ်တစ်ခုကို မြင်ယောင်မိပါသည်။ ထောက်လှမ်းရေး ဗိုလ်မှူးချုပ်တင်ဦး အလုပ်မှ ဖြုတ်ခံရသည့် သတင်းစာကိုဖတ်ပြီး စာရေးသူ၏ ရှေ့တွင် ဝင်းပပျော်ရွှင်နေသော မျက်နှာနှင့် မစုဆန်။ မစုဆန်နှင့် စာရေးသူတို့သည် တစ်ရိုးတည်းသား။ မစုဆန်သည် မဆလခေတ် ပညာရေးဝန်ကြီး ဦးကျော်ငြိမ်း၏ သမီးထွေးကလေး။ “ပြုတ်တာကောင်းတယ်၊ သူတာကာက သူတို့ကို ပြုတ်စေချင်နေတာ၊ သိပ်လူပါးဝတဲ့ ထောက်လှမ်းရေးတွေ၊ သူ့သားကအစ၊ နင့်အဖေ ဝန်ကြီးရာထူးကို တို့အဖေက ပေးထား

တာတဲ့၊ ကြည့်စမ်း၊ အခုတော့ ပျော်လိုက်တာ၊ ဝမ်းသာလိုက်တာ" သူ့ခမျာ ဆွေ့ဆွေ့ခုန်နေပါသည်။

ယခုလည်း ဗိုလ်ချုပ်ခင်ညွန့်နှင့် ထောက်လှမ်းရေးများသည် ပြည်သူနှင့် တပ်မတော်သားများအပေါ် အတော် လူပါးဝနေကြပြီ ဖြစ်သည်။

အပေါက်စောင့် ဗိုလ်ခင်ညွန့်အား ဖြုတ်၊ ထုတ်၊ သတ်ပစ်ရန် ကြံစည်အားထုတ်နေသူများသည် လက်နက်မဲ့ ပြည်သူများ မဟုတ်ကြ ဘဲ ခြေလျင်နှင့် ကြည်းတပ်များမှ အနိမ့်ခံ စစ်ဗိုလ်များ၊ ပြည်သူလူထု၏ ဆင်းရဲခေါင်းပါးမှုကို ကိုယ်ချင်းစာတတ်သည့် ပြည်သူ့စစ်သည်တော် များနှင့် ဗိုလ်ခင်ညွန့်အား ကြောက်လန့်နေရသည့် နိုးသားငါးရာ ဒေါ်လာ ဗိုလ်ချုပ်များသာ ၎င်း၏ အနီးကပ်ရန်သူများ ဖြစ်ကြပါသည်။

စာရေးသူတို့ ဒီမိုကရေစီ ဘက်တော်သားများအနေဖြင့်မူ လူကို မမုန်းပါ။ မကောင်းသော လူများကို မွေးထုတ်နေသည့် မကောင်းသည့် မှုကိုသာ မုန်း၍ ဓာစ်မြစ်ကို ဖော်ထုတ်လျက် နောင်လာနောင်သား စစ်ဗိုလ် များ သင်ခန်းစာအဖြစ် မှတ်ယူစေလိုသောကြောင့်သာ တင်ပြနေရခြင်း ဖြစ်ပါသည်။

ထို့ကြောင့် စစ်အာဏာရှင် စနစ်ဆိုးကို ကျားကန်ပေးနေသော ဒေါက်တိုင်များအား အမြစ်ပါမကျန် ခုတ်လှဲပစ်နိုင်မှသာလျှင် အမိမြန်မာ နိုင်ငံတော်ကြီးသည် ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်းဟောင် ဘဝ မှ လွတ်မြောက်ကြလျက် လူ့အခွင့်အရေး အပြည့်အဝပေးပြီး လူချင်း အတူတူ သူချင်းမျှမျှ ဖြစ်လာကြမည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ပေါက်လာမည်ဖြစ်ကြောင်း တပ်လှန့် နှိုးဆော်လိုက်ရပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၁၁၊ ဇွန်လ ၁၆ ရက်၊ ၁၉၉၃ ခုနှစ်။

✤

## နေရစ်ခဲ့ပြီဗျ

ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှ လေယာဉ်ပျံသန်းချိန် ၅၅ မိနစ်သာ အချိန်ကွာဝေးသော ဘန်ကောက် ဒွန်မောင်းလေဆိပ်သို့ ခြေချမိသည်နှင့် အသိပညာရှိသော မြန်မာနိုင်ငံသားများ၏ ပါးစပ်ပေါက်မှ "နေရစ်ခဲ့ပြီဗျ" ဆိုသော စကားသည် ရှက်ရှက်ကြောက်ကြောက်ဖြင့် ထွက်ပေါ်လာလျက် ရှိပါသည်။ ရှက်ရသည်က အမိမြန်မာနိုင်ငံကြီး မဖွံ့ဖြိုး မတိုးတက်ဘဲ ခေတ်နောက်ကျစွာ နေရစ်ခဲ့ခြင်းကြောင့်ဖြစ်ပြီး၊ ကြောက်ရသည်က ကိုယ့်နိုင်ငံအကြောင်းကို အမှန်တိုင်း ဖွင့်ဟပြောမိ၍ စစ်အာဏာရှင်များသည် "နေရစ်ခဲ့ပြီဗျ" ဆိုသည့်စကား ရောက်ရှိသွားပါက မိမိတို့၏ အလုပ်အကိုင် (ဝါ) မိမိတို့ ကိုင်ဆောင်သော လက်မှတ်ပြုတ်သွားမှာ စိုးကြောက်ရခြင်း ဖြစ်ပါသည်။

ဤစကားကို စာရေးသူ ဘန်ကောက်မြန်မာသံရုံးတွင် ၁၉၇၀ ခုနှစ်မှ ၁၉၇၆ ခုအတွင်း တာဝန်ထမ်းဆောင်နေစဉ် ဒွန်မောင်းလေဆိပ်သို့ ခရီးရောက်မဆိုက်ပင် အန်ထွက်လာသော မဆလ အရာရှိ ကြီးငယ်များ၏ အာမေဋိတ်သံကို ကြိမ်ဖန်များစွာ ကြားခဲ့ရပါသည်။ အဆိုပါ အရာရှိကြီးငယ်များထဲမှ ယနေ့အထိ အမှတ်ရနေသူ တစ်ဦးမှာ အလွန်ရိုးသားစွာ ဖွင့်ဟပြောဆိုတတ်သော ပခုက္ကူသား ဗိုလ်မှူးကြီးဟောင်း ဦးတင်မောင် (မဆလခေတ် ပို့/ဆက် ဒုတိယဝန်ကြီး)ပင် ဖြစ်ပါသည်။ ၁၉၇၅ ခုနှစ်က ကုန်သွယ်ရေး ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားလာရေး ကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်

နေသော ဦးတင်မောင်နှင့် လယ်ယာစိုက်ပျိုးရေး ကော်ပိုရေးရှင်းမှ အရာရှိ တစ်ဦးတို့ ဂျပန်နိုင်ငံသို့ လေ့လာရေးခရီး အသွားတွင် စာရေးသူအား ဒွန်မောင်းလေဆိပ်တွင် တွေ့တွေ့ချင်း 'နေရစ်ခဲ့ပြီဗျ' 'နေရစ်ခဲ့ပြီဗျ' ဟု တဖွဖွပြောကြားခဲ့သော ဦးတင်မောင်သည် တိုင်းပြည်သာ နေရစ်ခဲ့ ပြီး အဆင်းရဲဆုံး နိုင်ငံသို့ ကျဆင်းသွားခဲ့သော်လည်း သူကိုယ်တိုင် တော့ မနေရစ်ခဲ့ဘဲ ရာထူးတက်၍ မဆလ ဒုတိယဝန်ကြီးပင် ဖြစ်လာခဲ့ ပါသည်။

တဖန် စာရေးသူနှင့် ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး ဖြစ်လာသော ဦးတင်မောင်တို့သည် ၁၉၈၇ ခုနှစ်က အင်္ဂလန်နိုင်ငံတွင် တွေ့ဆုံကြရပြန်ပါသည်။ ဦးတင်မောင် ခေါင်းဆောင် သည့် မြန်မာ့ မီးရထားကိုယ်စားလှယ်အဖွဲ့တွင် မီးရထားဌာနမှ ဦးဆောင် ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဝင်းစိန်(ယခုနဝတဝန်ကြီး)၊ ငွေစာရင်း အရာရှိချုပ် ဦးကံထွန်း (အင်္ဂလန်မှ CIMA အောင်ထားသူ)စသည်တို့ အဖွဲ့ဝင်များအဖြစ် ပါဝင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ မီးရထားဌာနအား အကူအညီပေးနိုင်သော အင်္ဂလိပ်အာဏာပိုင်များ ပါဝင်တက်ရောက်သော ညစာစားပွဲတစ်ခုတွင် ဦးတင်မောင်က မြန်မာဘာသာဖြင့် မိန့်ခွန်းပြော ပြီး၊ ဦးကံထွန်းက အင်္ဂလိပ်လို ဘာသာပြန်ပေးရပါသည်။

ဦးတင်မောင်က မြန်မာနိုင်ငံတွင် မီးရထားဌာနသည် စစ် မဖြစ်မီ အင်္ဂလိပ်များ ဖောက်ပေးခဲ့သည့် သံလမ်းများအတိုင်းပင် ရှိနေသေး ကြောင်း၊ လမ်းအကျယ်အဝန်း ခရီးမိုင်အရှည် စသည်များမှာလည်း ယခင် အင်္ဂလိပ်ခေတ်ကအတိုင်းပင် ရှိနေသေးပါကြောင်း၊ ပို၍ ဆိုးဝါးလာသည် မှာ လူဦးရေ တိုးပွားလာပြီး မီးရထားများ၊ မီးသဘော်များ အရေအတွက် မတိုးပွား၍ မီးရထားများ၊ မီးသဘော်များ၏ ခေါင်မိုးများပေါ်တွင် ခရီး သည်များ တက်စီးနေရ၍ မီးရထား၊ မီးသဘော်များ၏ ကိုယ်ထည်များ ကို လူများဖုံးကွယ်နေ၍ လူပဒေသာပင်ကြီးများ ခရီးသွားနေသလို ဖြစ်နေ ပါကြောင်း စသည်ဖြင့် 'နေရစ်ခဲ့ပြီဗျ' တရားများကို ဝမ်းနည်းပက်လက် ပြောဆိုပြီး ကျွန်တော်တို့နိုင်ငံကို ကူကြပါ၊ ကယ်ကြပါဟု မေတ္တာရပ်ခံ

၍ ကိုယ်စားလှယ်အဖွဲ့ဝင် ယူနီဖောင်းလက်ရှိ ဗိုလ်မှူးကြီး ဝင်းစိန် သည် မျက်စိမျက်နှာ ပျက်လာပြီး ၄င်း၏ ငွေစာရင်းကိုင်ချုပ်အား ဒုတိယ ဝန်ကြီး ယူနီဖောင်းလက်မဲ့ ဦးတင်မောင်၏ မိန့်ခွန်းစကားများ အားလုံး ကို ဂယနဏ ဘာသာမပြန်ရန် မျက်ရိပ်ပြတားမြစ်ပါသည်။

ထမင်းစားပွဲ အပြီးတွင်လည်း ဗိုလ်မှူးကြီး ဝင်းစိန်က ဦးကံထွန်း နှင့် အခြား မီးရထား ကိုယ်စားလှယ်များအား ဒုတိယဝန်ကြီး တစ်ယောက် အနေဖြင့် ဒီလောက်အထိ အသေးစိတ် ကိုယ့်မြန်မာနိုင်ငံ အကြောင်းကို ပြောသင့်ကြောင်း ဖြစ်တင်ပြောဆိုနေပါသည်။

ဦးတင်မောင်ကဲ့သို့ တိုင်းပြည်နှင့် လူမျိုးအတွက် စေတနာထားပြီး ရှိကို အရှိအတိုင်း ထုတ်ဖော်ပြောဆိုဝံ့သော စစ်သားကောင်းများကို ရခဲ ကြုံရခဲပြီး ကိုယ်ကျိုးအတ္တ တစ်ခုတည်းကိုကြည့်ပြီး လိမ်ညာ ပတ်နေကြသော 'ငဘ'များသာ ဖြစ်ကြသည်ကို ကြုံကြိုက်ခဲ့ဖူး သည်။

၁၉၆၂ ခုမှစ၍ စစ်အာဏာရှင် ဦးနေဝင်း၏ အင်္ဂလိပ်စာတတ်သူ ကို နှိမ်၊ အတတ်ပညာရှင်၊ အသိပညာရှင်များကို မောင်းထုတ်ခဲ့၍ တစ် နိုင်ငံလုံးသည် ဖိုးသုည ဖြစ်လျက် ရှိနေပြီး၊ ယနေ့ မြန်မာ့တပ်မတော် ၏ အသက် ၆၀ အောက် အရာရှိကြီးများသည် အင်္ဂလိပ်စာကို သဘော ပေါက်အောင် ဖတ်နိုင်တဲ့ အခြေအနေတွင် မရှိတော့ဘဲ စကားပြောရာ တွင်လည်း စကားပြန်များမှ တစ်ဆင့် ပြောဆိုနေကြရရာသည်။

အနာဂတ် နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်း ကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်မည်ဆိုပါက တပ်မတော် တွင် ဘာသာစကားပြောဆိုတတ်သူ ဘယ်နှစ်ယောက် ရှိသည်ကို စာရင်း ကောက်ကြည့်ရန် လိုလျက် ရှိနေပါသည်။

တော်လှန်ရေး ကောင်စီခေတ်တွင် တပ်မတော်မှ အရာရှိကြီးများ သည် ဝန်ကြီးရာထူး ရယူလျက် နိုင်ငံခြားသားများနှင့် စကားဆက်သွယ် ပြောဆို၍ ရခဲ့သည့် အဆင့်တွင် ရှိခဲ့သော်လည်း မဆလခေတ်တွင်

ဖြစ်လာသည့် စစ်ဗိုလ်ဝန်ကြီးများသည် ကမ္ဘာသုံး အင်္ဂလိပ်စာကို မတတ်ကြ၍ အခွံ့အအများဘာဝသို့ ကျဆင်းလာခဲ့ကြပါသည်။

၁၉၈၇ ခုနှစ်ခန့်က မဆလ လယ်ယာနှင့် သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ် သန်းညွန့်သည် လန်ဒန်မြို့ မြန်မာသံရုံး ဧည့်ခန်းတွင် ဥရောပတိုက်မှ မြန်မာသစ်ဝယ်သည့် ဖောက်သည် ကုန်သည်များနှင့် အင်္ဂလိပ်ဘာသာ စကားပြန်မှတစ်ဆင့် အရောင်းအဝယ် ကိစ္စများကို ဆွေးနွေးကြပါသည်။ စာရေးသူ အနေဖြင့် အစည်းအဝေးခန်းသို့ ခေတ္တဝင်ရောက် အကဲခတ်ပြီး အပေါ်ထပ်ရှိ မိမိရုံးခန်းသို့ ပြန်အတက်တွင် ဝန်ကြီးထွက်လာပြီး အိမ်သာဘယ်မှာ ရှိသည်ကို မေးမြန်းကာ အိမ်သာသို့အသွား လှေကားပေါ်တွင် စာရေးသူအား ဝန်ကြီးက "ဒီမျက်နှာဖြူတွေနဲ့ စကားကို မပြောချင်ပါဘူးဗျာ။ လူကြီးတွေ လွှတ်လို့သာ လာခဲ့ရတာ" စသည်ဖြင့် ကိုယ့်လိပ်ပြာ ကိုယ်မလုံသည့် စကားများကို ပြောဆိုပါသည်။ နောက်များမကြာမီ အဆိုပါ အစည်းအဝေးသို့ တက်ရောက်ခဲ့သည့် သစ်ကုန်သည် တစ်ဦးက ခင်ဗျားတို့ သစ်တောဝန်ကြီးက သစ်အကြောင်းလည်း နားမလည်၊ ဘာသာစကားလည်း မတတ်၊ ဘယ်လိုလုပ်ပြီး အလုပ်လုပ်မှာလဲ ဟု ပြစ်တင်ကဲ့ရဲ့ပြောဆိုလာပါသည်။

ဦးနေဝင်းသည် တစ်နိုင်ငံလုံးကို အမှောင်တိုက် သွင်းထားခဲ့၍ တပ်မတော် အနေဖြင့် ၁၉၈၈ ခုနှစ်တွင် နဝတကို ဖွဲ့စည်းသည့် အခါတွင် တော်လှန်ရေး ကောင်စီခေတ်၌ အကျင့်စာရိတ္တ ပျက်ပြား၍ ထုတ်ပယ်ထားသော လူယုတ်မာ ဗိုလ်မှူးဟောင်း ကျော်ဆန်းကိုပင် သတင်းစာရှင်းလင်းပွဲတွင် အင်္ဂလိပ်စကား ပြောရန်အတွက် ပြန်သုံးနေရသည့် ဘဝကို ကျရောက်လာပါသည်။

ပါလီမန် ဒီမိုကရေစီခေတ်တွင် အင်္ဂလန်ပြန် ဆင်းဟပ်စ်တ် (Sandhurst) စစ်ကျောင်းဆင်းများ ရှိခဲ့ကြပါသည်။ အချို့ မြန်မာစစ်ဗိုလ်များသည် အဆိုပါ စစ်ကျောင်းတွင် အင်္ဂလိပ်စကား အပြောကောင်းခြင်း၊ စာရေးကောင်းခြင်းနှင့် ဘာသာရပ် ကျွမ်းကျင်ခြင်း စသည်များ

ကြောင့် အိမ်နီးချင်း ယိုးဒယား၊ အင်ဒိုနီးရှားတို့ထက် နာမည်ကောင်းခဲ့ပါသည်။

၁၉၈၈ ခုနှစ်ခန့်က အဆိုပါ ဆင်းဟပ်စ်တ် စစ်ကျောင်းသို့ မြန်မာ့ရေတပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး ခင်မောင်ထူး (ယခု ကြယ်ငါးပွင့်သင်္ဘော ကော်ပိုရေးရှင်းနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်)သည် ဘာလတို့ သင်တန်းတစ်ခုကို လာတက်ခဲ့ပါသည်။ ၎င်းအနေဖြင့် အင်္ဂလိပ်စာ မကျွမ်းကျင်၍ ကျောင်းမှ ပြုစုခိုင်းသည့် စာတမ်းများကို လန်ဒန်မြို့ရှိ မြန်မာနစ်ဦးအား အလှည့်ကျ ရေးပေးရန် တောင်းယန်သည်ကို တွေ့ခဲ့ရပါသည်။ အပတ်စဉ် ကျင်းပသည့် အရာရှိ ရိပ်သာမှ ညစာစားပွဲသည်လည်း ရာထူးကြီးပြီး အခြားနိုင်ငံမှ လူငယ်စစ်ဗိုလ်များနှင့် မရောရှက်လစ်နေ၍ ကျောင်းမှ စစ်သံမှူးရုံးသို့ နိုင်ငံတကာမှ အရာရှိအချင်းချင်းခင်မင်ရင်းနှီးချစ်ခင်စေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ်သည့် ညစာစားပွဲများကိုမြန်မာစစ်ဗိုလ်အနေဖြင့် အဘယ်ကြောင့် မတက်ရောက်ဘဲ နေသည်ကို ရှင်းရန် တိုင်တန်းခံခဲ့ရပါသည်။

မြန်မာနိုင်ငံတွင် စစ်အာဏာရှင်များ အုပ်ချုပ်၍ စစ်ဗိုလ်များပါ ကျွန် တစ်မျိုးသားလုံး အောက်ကျနောက်ကျ ကျန်ခဲ့သည့် သာဓကများ ရှာတွေ့ကြနိုင်အောင် ရှိနေပါသည်။

ဗိုလ်မှူးကြီးလှဖုန်း နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာချိန်တွင် ကုလသမဂ္ဂတွင် ဝန်ကြီးပြောဆိုရမည့် မိန့်ခွန်းများကို ဦးကျော်မင်း (ယခု ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး)က အင်္ဂလိပ်ဘာသာဖြင့် ရေးပေးခဲ့သည်။ ဦးလှဖုန်းက ဦးကျော်မင်းရေးပေးသည့် အင်္ဂလိပ်ဘာသာကို သူ့ဆရာများနှင့် တိုင်ပင်ပြီး ပြန်ပြင်၍ ပညာမာနရှိသော ဦးကျော်မင်းသည် ဒေါသဖြစ်ပြီး နောက်တစ်ကြိမ် ရေးခိုင်းသည့်အခါ ကြိုတင်ရေးပေးတော့ဘဲ ဦးလှဖုန်း ကုလသမဂ္ဂသို့သွားရန် လေယာဉ်ပေါ်သို့ တက်မည့် မနက်မှ ဝန်ကြီးအိမ်သို့ မိန့်ခွန်းကို ပေးပို့လေ့ရှိပါသည်။ ဦးကျော်မင်းသည် စစ်ဗိုလ်များအား အာခံရာတွင် နံပါတ်တစ် ပုဂ္ဂိုလ်ဖြစ်ပါသည်။ မဆလ ပါတီဝင်မှ သံအမတ်ခန့်မည်၊ ညွှန်ကြားရေးမှူးချုပ်

ခန့်မည် ဆိုသည့်မူကို ဆန့်ကျင်ပြီး ညွှန်ကြားရေးမှူး ရာထူးကပင် မတက်ခဲ့သူ ဖြစ်ပါသည်။

မဆလပါတီပျက်ပြီး နဝတအနေဖြင့် ရွေးကောက်ပွဲ ဝင်ပြီးလျှင် အာဏာလွှဲပေးမည်ဟု ယုံကြည်မှုဖြင့် ကုလသမဂ္ဂ သံအမတ်ရာထူးကို လက်ခံခဲ့ရင်း၊ နဝတလည်း အာဏာအရသာတွေ့ပြီး မဆင်းတော့သလို ဦးကျော်မင်းလည်း သမီးအရွယ် ဇနီးသည်လေး ရှေ့ရေးအတွက် ရာထူးကို မစွန့်လွှတ်ရဲဘဲ ဖြစ်နေပါသည်။ အင်္ဂလိပ်စာ မတတ်သော နဝတအနေဖြင့် အသက် ၆၀ ကျော်နေပြီး အငြိမ်းစား ယူရမည်ဖြစ်သည့် နယူးယောက်မှ မြန်မာသံအမတ် ဦးကျော်မင်း၊ ဂျီနီဗာမှ ဦးတင်ကျော်လှိုင်နှင့် လန်ဒန်မှ ဦးလှမောင်တို့အား တစ်နှစ်စီ သက်တမ်းတိုးခန့်လျက် "မင်းတို့ပြောတာလုပ်၊ ခံမပြောနဲ့၊ ရန်ကုန်မှာ မြေတစ်ကွက်ပေးမယ်" ဟူသော မူဖြင့် ချောတလည့် ခြောက်တစ်ခါဖြင့် နဖားကြိုးထိုးပြီး ခိုင်းစေနေခြင်းပင် ဖြစ်ပါသည်။

ယိုးဒယားများ လူတိုင်း အိမ်သာသုံး စက္ကူ အသုံးပြုနေချိန်တွင် မြန်မာအများစုသည် အိမ်သာသုံးစက္ကူကို အသာထားပြီး အိမ်သာကျင်းကိုပင် အသုံးမပြုသည်ကို တစ်ကိုယ်ရေ ကျန်းမာရေး နည်းပညာအရ လူမျိုး တစ်မျိုးနှင့်တစ်မျိုး နှစ်ပရိစ္ဆေဒဘယ်မျှ ကွာဟနေသည်ကို မစိစစ်တော့ဘဲ တိုင်းပြည်ထူထောင်ရေးအတွက် လိုအပ်သည့် အတတ်ပညာရှင်၊ အသိပညာရှင် ကဏ္ဍကိုသာ အနည်းငယ် တွက်ချက်ပြပါမည်။

စာရေးသူ အင်္ဂလန်တွင် ရှစ်နှစ်ခန့် သောင်တင်နေစဉ်အတွင်း မြန်မာနိုင်ငံမှ ချာတာအဖွဲ့၏ အုပ်ချုပ်ရေးနှင့် စာရင်းကိုင် ပညာ (စီမာ) (CIMA-Chartered Institute of Management Accountant) ဘွဲ့ရသူ တစ်ဦးသာ တွေ့ဖူးပါသေးသည်။ ဟောင်ကောင်ကျွန်းမှ ယင်းဘွဲ့မျိုးရထားသူ တစ်သောင်းနှစ်ထောင်သည် ဟောင်ကောင်ကျွန်းကို တရုတ်နိုင်ငံသို့ မပေးအပ်မီ အင်္ဂလန်သို့ ထွက်လာရန် ရှိနေပါသည်။ မလေးရှားနိုင်ငံတွင် အဆိုပါဘွဲ့ရထားသူများ သုံးသောင်းထက်မနည်း ရှိနေပါသည်။ မြန်မာနိုင်ငံတွင် စီမာအောင်သူ သုံးယောက်ခန့်ရှိပြီး ထိုသူတို့လည်း

...င်းတစ်ပါးသို့ အလုပ်ထွက်လုပ်နေကြပြီး ဖြစ်ပါသည်။ ချာတာ ...ရင်းကိုင် (ACCA-Association of Chartered Certified Ac- ...untants) အောင်သော မြန်မာများ မရှိတော့သော်လည်း အင်္ဂလန်နိုင်ငံ ...တွင် ယင်းဘွဲ့များရထားသူ မလေးရှားလူမျိုးများ သုံးထောင်ခန့် အလုပ် ...လုပ်လျက် ရှိနေပါသည်။

ဤနိုင်ငံရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် နှစ်စဉ် မိဘစရိတ် ...နှင့် ပညာသင်ကြားနေသော ယိုးဒယားကျောင်းသား ခုနစ်ထောင်နှင့် ...မလေးရှားကျောင်းသား တစ်သောင်းကျော် ရှိပါသည်။ မြန်မာကျောင်း ...သားများမှ လေးငါးယောက်သာ ကိုယ့်စရိတ် ကိုယ်ရှာပြီး ပညာသင်လျက် ...ရှိပါသည်။

ယိုးဒယား၊ မလေးရှားနှင့် အင်ဒိုနီးရှား နိုင်ငံများတွင် နိုင်ငံ ...တကာ အဆင့်မီ စီးပွားရေး ပညာရှင်၊ စာရင်းအင်း ပညာရှင်၊ ဥပဒေ ...ပညာရှင်၊ လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှု ပညာရှင် စသည်များ သိန်း ...ကာန်းအထက်တွင် အသီးသီး ရှိနေပြီး ဖြစ်သော်လည်း မြန်မာနိုင်ငံတွင် ...ကာကာန်းအောက်တွင် ရှိနေရှာသည်။

ပြည်တွင်းအားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသော စစ်အာဏာ ...ရှင်များ၏ ပြောစကားများသည် လက်နက်ကိုင် စစ်သားအင်အားကို ...ဆိုလိုသည်မှာ ထင်ရှားလှပါသည်။ ကျွမ်းကျင်သော အတတ်ပညာရှင်၊ ...အသိပညာရှင်အားကို လုံးဝထည့်မတွက်၍ မြန်မာနိုင်ငံသည် အိမ်နီးချင်း ...နိုင်ငံများ၏ ချယ်လှယ်သွေးစုတ်မှုကို အလူးအလဲ ခံနေရရှာသည်။

သို့ရာတွင် နိုင်ငံခြား ပညာများကို အထင်မကြီးဘူးဟုဆိုသော ...ဦးနေဝင်း အပါအဝင် စစ်ဗိုလ်ဟောင်း၊ စစ်ဗိုလ်လက်ရှိများ၏ သားသမီး ...များ အားလုံးလိုလိုပင် အမေရိကန်၊ အင်္ဂလန်၊ ဂျပန်၊ စင်္ကာပူ၊ သြ ...စတြေးလျ စသည့် နိုင်ငံများသို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။ စစ် ...အာဏာရှင်များအား မချစ်သော်လည်း အောင့်ကာ နမ်းနေရရှာသော ...ပညာတတ် ငဖား ဒေါက်တိုင်များပင် မြန်မာနိုင်ငံတွင် စစ်အာဏာရှင်

စနစ် သက်ဆိုးရှည်လေ လူငယ်များဘဝ နစ်မွန်းလေဆိုသည်ကို ယုံကြည်ပြီး သားသမီးများကို ဖြစ်သည့်နည်းလမ်းဖြင့် နိုင်ငံရပ်ခြားသို့ စေလွှတ်နေကြပါသည်။

နဝတတို့ ကျင်းပပြုလုပ်နေသော အမျိုးသား ညီလာခံမှ ဥပဒေပြုရေး ကဏ္ဍတွင် တပ်မတော် ကိုယ်စားလှယ်များ ပါဝင်ရေး၊ အုပ်ချုပ်ရေးကဏ္ဍတွင် ဗဟိုမှ ခရိုင်အဆင့်အထိ တပ်မတော် ကိုယ်စားလှယ်များ ပါဝင်ရေးကို သေနတ်အားကိုးဖြင့် အတင်းအဓမ္မ မဆုံးဖြတ်မီ အဆိုပါ ကဏ္ဍများတွင် ပါဝင်နိုင်ရန် တပ်မတော်တွင် လုပ်နိုင်ကိုင်နိုင်သော အရည်အချင်းရှိ၊ အတတ်ပညာရှင်၊ အသိပညာရှင်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာတတ် ခေါင်းဆောင်များ ရှိမရှိကို ပြန်လည် သုံးသပ်ကြည့်ရန်အတွက် အထူးလိုအပ်လျက် ရှိနေပါသည်။

စာရေးသူ အနေဖြင့် အထက်ဖော်ပြပါ ဖြစ်ရပ်များနှင့် ယနေ့ကမ္ဘာ့အခြေအနေ အရပ်ရပ်တို့ကို ကြည့်ရှုလေ့လာခြင်းဖြင့် နိုင်ငံတကာခေါင်းဆောင်များနှင့် ရင်ပေါင်တန်းနိုင်မည့် ပညာတတ် ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်မှန်သော ပါလီမန် ဒီမိုကရေစီ စနစ်သည်သာ အဘက်ဘက်တွင် နေရစ်ခဲ့ပြီဖြစ်သော အမိမြန်မာနိုင်ငံကြီးအား ကယ်တင်နိုင်မည်ဟု တသွေမတိမ်း ယုံကြည်လျက် ရှိပါသည်။

ထို့အပြင် "ဦးတင်မောင်နှင့် စစ်ဗိုလ်ကြီး အပေါင်းတို့ရေ...၊ နေရစ်ခဲ့ပြီဗျ၊ ကျုပ်တို့ မြန်မာနိုင်ငံကြီး မတိုးတက်သော စစ်အုပ်ချုပ်ရေးစနစ်အောက်မှာ နေရစ်ခဲ့ပြီဗျ" ဟု ကျူး၍သာ အော်လိုက်ပါရစေ။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၁၅၊ ဩဂုတ်လ ၁၆ ရက်၊ ၁၉၉၃ ခုနှစ်။

## ကြောင်သူခိုး ရုပ်ပုံလွှာ မင်ကြောင်
## အထိုးခံနေရသူများ

စာရေးသူ၏ ဒေသတွင် ကိုအောင်ရွှေဆိုသူ တစ်ဦးအား နယ်ကာကလှည့်လည်ပြီး အထမ်းဖြင့် ဈေးရောင်းသည့် တောင်ပေါ်သား အောက်လမ်းဆရာကြီးတစ်ဦးက ပြုစားကာ ကြောင်သူခိုးရုပ်ပုံလွှာ မင်ကြောင်များကို ပေါင်တဘက်စီတွင် ထိုးပေးသွားသည့် နေ့မှစ၍ ကိုအောင်ရွှေသည် အရပ်တကာ၊ အိမ်တကာမှ ထဘီများကို ခိုးဝှက်လေ့ရှိပါသည်။ အသွေးထဲ အသားထဲကပင် မခိုးမဝှက်ရရင် အိပ်မပျော် စားမဝင်တော့ပါ။ သူ့အား ခိုးထုပ်ခိုးထည်နှင့် မိပါလျက် သူခိုးဟု ပြောခဲ့လျှင် ဓားဆွဲ ဒုတ်ဆွဲပြီး ငါ့မှာ တွယ်တာရမယ့်သူ မရှိဘူးကွ၊ သတ္တိရှိရင် ထွက်ခဲ့ကြဟု ကြိမ်းဝါးပြီး ကြောင်သူခိုး ရုပ်ပုံလွှာများကို အများသိမြင်စေရန် ခါးတောင်းကျိုက်ကာ ကြောင်ရုပ်များကို လက်ဝါးဖြင့်ပုတ်ပြီး ကြီးသွင်းလေ့ရှိပါသည်။ ဤမြင်ကွင်းကို မကြာခဏ တွေ့ကြုံနေရသူ ကိုယ့်မြို့ရွာသားများက ငိုအားထက် ရယ်အားသန်ကာ ကိုအောင်ရွှေအား အပြစ်မမြင်ကြဘဲ ကရုဏာသက်ပြီး ကြောင်သူခိုး တက်တူးရုပ်များကို ထိုးပေးသွားသော အောက်လမ်းဆရာကြီးကိုသာ ဦးတည်ကျိန်ဆဲလေ့ ရှိကြပါသည်။

စာရေးသူ၏ စိတ်အစဉ်တွင် ယနေ့ မြန်မာနိုင်ငံ၏ အနာဂတ်အမျိုးသား နိုင်ငံရေးကို ဦးဆောင်မည်ဟု သေနတ်ဆွဲ၊ အမြောက်ဆွဲပြီး ကြိမ်းမောင်းနေကြသော နဝတ စစ်ဗိုလ်များနှင့် ၎င်းတို့၏ ခေါက်တိုင်များ

အား ကိုအောင်ရွှေကဲ့သို့ပင် ပေါင်ပေါ်တွင် တသက်လုံး မျောက်မရသော အမည်းစက် ကြောင်သူနိုး ရုပ်ပုံလွှာများ အထိုးခံ၍ ပြစားခံနေရသူများ အဖြစ် ကရုဏာသက်မိပြီး မင်ကြောင်ရုပ် ထိုးပေးနေသူ အောက်လမ်း ဆရာကြီး ဦးနေဝင်းကိုသာ ကျိန်ဆဲမိပါသည်။

ဦးနေဝင်းတွင် တစ်သက်လုံး မျောက်၍မရသော ကြောင်သူနိုး မင်ကြောင်ရုပ်ကို သူကိုယ်တိုင် ထိုးထားပြီး တပည့်သားမြေး အားလုံးအား လည်း ထိုးထားပေးဆဲ ထိုးပေးခဲ့ပြီး ဖြစ်ပါသည်။

အောက်လမ်းဆရာကြီး ဦးနေဝင်းသည် ဖဆပလခေတ် တပ် မတော် ဦးစီးချုပ် တာဝန်ကို ယူထားစဉ်ကပင် လင်ရှိမယား ဒေါ်ခင်မေ သန်းနှင့် ဘန်ကောက်အထိ သွားရောက်လည်ပတ်ပြီး ကြာကူလီ ရိုက်လေ့ ရှိပါသည်။ ၎င်းနှင့် အော်ဒလီအဖြစ် လိုက်ပါခဲ့ရသော ဗိုလ်လှမိုး (နောင် တွင် ဒုတိယ ဗိုလ်မှူးကြီး၊ အတွင်းဝန်၊ မဆလပါတီရေးရာ ကော်မတီ အတွင်းရေးမှူး ဖြစ်လာခဲ့သူ)က တစ်နေ့သ၌ စာရေးသူနှင့်အတူ မြဘုရား ကို သွားရောက်ဖူးမြော်ကြရာတွင် ဒီမြဘုရားကို သူ့အနေနှင့် ယခင်က ပင် အစ်မကြီး ဒေါ်ခင်မေသန်း၊ ဦးနေဝင်းတို့နှင့်အတူ ရောက်ဖူးကြောင်း၊ ၎င်းတို့ မြဘုရားသို့ လာဖူးကြစဉ် ဦးနေဝင်းသည် အင်္ကျီလက်ရှည်ကို တတောင်ဆစ်အထိ လိပ်တင်ထား၍ ဘုရားပေါက်စောင့်က မသပ်မရပ် ဝတ်ဆင်ထားသူများအား စည်းကမ်းအရ အင်္ကျီလက်ရှည်ကို နဂိုအတိုင်း ပြန်ချမှသာ ဝင်ခွင့်ပေးမည်ဟုပြော၍ ဦးနေဝင်းသည် စိတ်ဆိုးမာန်ဆိုး နှင့် ဘုရားမဖူးတော့ဘဲ အပြင်မှ စောင့်နေခဲ့ရကြောင်း၊ ၎င်းနှင့် အစ်မကြီး ဒေါ်ခင်မေသန်းတို့သာ ဘုရားဖူးခဲ့ရကြောင်း ပြောပြဖူးပါသည်။ ဤ ကောင်းမှု ကုသိုလ်ကြောင့် ရုပ်ရှင်မင်းသား ကိုဝင်းဦး ဝိုက်ဖမ်းသော ဒုဗိုလ်မှူးကြီး လှမိုးနှင့် ညီအစ်ကိုများ ဖြစ်ကြသည့် ဒုဗိုလ်မှူးကြီး လှအေး (ကုန်သွယ်ရေး ဝန်ကြီးပြုတ်)နှင့် ဒုဗိုလ်မှူးကြီးအေးဖေ (သ အမတ်ပေါင်း)တို့တတွေသည် အောက်လမ်းဆရာကြီး ဦးနေဝင်း၏ ဆိုးပေမောင်မဲ အဖွဲ့ဝင်များ ဖြစ်လာကြခြင်းပင် ဖြစ်ပါသည်။

စာရေးသူ ဘန်ကောက် မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်နေသည့် မဆလ တွဲဘက်ကြီး ဗိုလ်မှူးကြီး သောင်းကြည် ခေါင်းဆောင်သည့် မဆလပါတီ လေ့လာရေးအဖွဲ့သည် ဗီယက်နမ် နိုင်ငံသို့ လေ့လာရေး ခရီးသွားပြီး ဘန်ကောက်သို့ ဈေးဝယ်ရန် တညအိပ် ဝင်လာကြပါသည်။ စာရေးသူတို့ ရှေ့ကြိုသံရုံး ဝန်ထမ်းများနှင့် အဖွဲ့ဝင်များသည် ဒူးဆစ်ဌာနီ ဟိုတယ်ကြီးသို့ ခရီးရောက် မဆိုက်မီမှာပင် အဖွဲ့၏ အတွင်းရေးမှူးဖြစ်သူ ဒုဗိုလ်မှူးကြီး လှအေးက စာရေးသူအား ခေါ်ပြီး ခင်ဗျားသံရုံးကလားဟု မေးပြီး စာရွက်ဖြူ တစ်ရွက်တွင် အမည်၊ ရာထူး၊ သံရုံးလိပ်စာရေး၍ လက်မှတ်ထိုးပေးရန် ညွှန်ကြားပါသည်။ စာရေးသူက ဘာကိစ္စအတွက် အသုံးပြုဖို့ရန်လဲဟု မေးမြန်းကြည့်မိပါသည်။

၄င်းက ၄င်း၏ အဖွဲ့တွင် လူများပြီး နေ့တွက်စရိတ်၊ အသုံးစရိတ်များ ပေးရသည်မှာ စာရင်းမကိုက်၍ ဟုပြောပြီး အတင်းနိုင်းနေပြန်ပါသည်။ စာရေးသူ အနေဖြင့် မိမိပေါင်ပေါ်တွင်လည်း တစ်သက်လုံး မျှောက်မရသည့် နိုးကြောင်မင်းရုပ် လာထိုးနေပါပကောလားဟု သတိရှိစွာဖြင့် တခြား စာရေးသူထက် ရာထူးကြီးသော အရာရှိတစ်ဦးထံ လမ်းလွှဲပေးလိုက်ပါသည်။ အဆိုပါ အရာရှိကလည်း တခြား ၄င်းထက် ရာထူးကြီးသော အရာရှိတစ်ဦးထံ ထပ်မံလမ်းလွှဲပေးလိုက်ပြန်ရာ ဗိုလ်လှအေးခမျှာ မူလတန်းဖတ်စာအုပ်ထဲမှ သမီးငယ်ကို လေနုတ်သားနှင့် လက်ထပ်ပေးလိုသော ကြွက်မကြီး ပုံပြင်ကဲ့သို့ ဖြစ်သွားပြီး နောက်ဆုံးတွင် သံရုံး၌ ဒေသခံနှီ ရုံးလုလင် ဝင်လုပ်နေသော ကုန်သွယ်ရေး ဝန်ထမ်းဟောင်းတစ်ဦးနှင့် အလုပ်ဖြစ်သွားပါသည်။ ဗိုလ်လှအေးတို့ ပြန်သွားပြီး ၄င်းအား ဈေးဝယ်ရန် ကူညီပေးရသည့် ဒေသခံနှီ ရုံးလုလင်အား ဗိုလ်လှအေးက အမေရိကန်ဒေါ်လာ လေးထောင်ကျော်ကို တစ်မနက်အတွင်း အပြတ် ဈေးဝယ်နိုင်သောအခါ ၄င်းလည်း ဘာဝယ်ရမှန်းမသိ၊ ၄င်းဆွေမျိုးတော်သူ ဘန်ကောက်နေ ကိုဇော်ဦးအားခေါ်ပြီး ဝယ်နိုင်းပြန်ရာ သူကလည်း မဝယ်တတ်၍ နောက်ဆုံးတွင် ဟိုတယ်အောက်ထပ်ရှိ ဈေးဆိုင်များမှ ရရာပစ္စည်းများကိုသာ ဝယ်သွားရကြောင်း ပြောပြပါသည်။

ယင်းအဖွဲ့မှ မဆလ ဗဟိုကော်မီတီကြီးများ၊ တိုင်းနှင့်ပြည်နယ် ဥက္ကဋ္ဌကြီးများ "ဒီဒေါ်လာတွေ ရန်ကုန်ရောက်ရင် အကုန်ပြန်အပ်ရမှာ၊ နိုင်ငံခြားငွေ ကိုင်ခွင့် မရှိဘူး" ဆိုပြီး ဗီရိယကြီးစွာဖြင့် အပြေးအလွှား တစ်မနက်အတွင်း ဝယ်ကြခြမ်းကြသည်မှာ လေယာဉ်ပျံပေါ် တက်သည်အထိ ထုပ်၍ ပိုး၍ပင် မပြီးနိုင်ဘဲ အလွန်ဗရုတ်သုတ်ခ ဖြစ်ကြရသည်ကို မမေ့နိုင်အောင်ပင် ရှိနေပါသည်။

မဆလခေတ် မြန်မာ့နိုင်ငံရေး လောကတွင် အလွန်တရာ ဩဇာအာဏာ ရှိခဲ့သော ဒေသပါတီ ဥက္ကဋ္ဌကြီးများအား အောက်လမ်းဆရာကြီးက လမ်းပြ ပြစားပြီး ကြောင်သူခိုး ရုပ်ပုံလွှာများ အသီးသီး ထိုးပေးခဲ့ပါသည်။ ထို့အပြင် ဦးနေဝင်းကပင် ၄င်းမလိုလားသည့်အခါ မင်းတို့တတွေရဲ့ ပေါင်ပေါ်မှာ ခိုးကြောင်ရုပ်တွေ ရှိနေတယ်၊ သူခိုးတွေဟု အပြစ်ယူခဲ့ပြန်ပါသည်။ တစ်ဦးချင်း အကြောင်းကိုတော့ မရေးတော့ပါ။ သို့သော် တိုင်းနှင့်ပြည်နယ် မြို့ကြီးများရှိ ပါတီကောင်စီ ဥက္ကဋ္ဌကြီးများ၏ ချမ်းသာချင်စောဖြင့် လသာတုန်းဗိုင်းငင်ထားသည့် တိုက်ကြီးအိမ်ကြီးများက သမိုင်းကို ဖော်ပြလျက် ရှိနေပါသည်။

ဦးနေဝင်း အနေဖြင့် ၄င်း၏ နောက်လိုက် ဒေါက်တိုင်များ၏ ကိုယ်ရေးရာဇဝင်ကို အကောင်းတစ်ဘက်၊ အဆိုးတစ်ဘက်၊ ဘယ်တစ်အိတ်၊ ညာတစ်အိတ် မှတ်တမ်းတင်ထားလေ့ ရှိပါသည်။ ပြည်သူ့ဘဏ္ဍာတော်ကိုလည်း ကိုယ့်အမေလင် ဘဏ္ဍာအဖြစ် မှတ်ထင်စေရန်နှင့် အလှည့်ကျ တာဝန်ထမ်းဆောင်ရမည်ဖြစ်၍ လာဘ်မစားလည်းပြုတ်၊ စားလည်း ပြုတ်မည့်မူကို ချမှတ်ထားပြီး လူတော်ကိုနှိမ်နင်း၊ လူကောင်းကို သူခိုးစာတ်သွင်းကာ တိုင်းပြည်၏ အညွန့်အဖူးများကို ချိုး၍ ငါသာအရှင်၊ ငါသာဘုရင် ဝါဒကို စွဲကိုင်ထားဆဲပင် ဖြစ်ပါသည်။

အလျဉ်းသင့်၍ ပညာတတ် မိုက်သား သိုးမည်းတစ်ဦး၏ အကြောင်းကို ဖော်ပြပါမည်။ ကမာရွတ် မဆလ ပါတီယူနစ်တွင် လျှောက်လွှာစီ၊ လျှောက်လွှာခေါက်သည့် ဘဝမှ စခဲ့ရသော ပါတီမိတ်ဆွေ ဒေါက်တာ ညီညီသည် ပညာရေးနှင့် သတ္တုတွင်းဝန်ကြီး ဘဝသို့ မြင့်

ဘက်လာချိန်တွင် ဆရာသမား ပါမောက္ခကြီးများကိုပင် ဟိန်းဟောက်၍ မြှင့်တင်ပေးလိုက်သော ဗိုလ်ကြီးအဆင့်ရှိ ပါတီယူနစ်ဥက္ကဋ္ဌများနှင့် စကားပြောရန်ကိုပင် အဖတ်မတန်တော့ဟု ဘဝင်မြင့်ပြီး ကောင်းကင်နှင့် မျက်နှာကျက်ကို ကြည့်၍သာ လမ်းလျှောက်ပါတော့သည်။ သတ္တုတွင်းဝန်ကြီးအဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ ခရီးအသွား ဘန်ကောက်တွင် အသွားအပြန် ဆုံစည်းဖူးပါသည်။ ဝန်ကြီးအပါအဝင် ခြောက်ယောက်အတွက် တရားဝင် ကြေးနန်းစာအရ ဟိုတယ်အခန်းများ စီစဉ်ထားပြီး ဖြစ်သော်လည်း အဖွဲ့ဝင်တစ်ဦး ပိုနေ၍ ဘယ်လိုဖြစ်တာလဲဟု အဖွဲ့အတွင်းရေးမှူးလုပ်သူအား မေးမြန်းကြည့်မိပါသည်။ ၎င်းက "ဟိုမှာလေဗျာ၊ နိုင်ငံတော် ယောက်ဖကြီးကို ဝန်ကြီးဖေဖားက အပိုခေါ်လာတာ" ဒေါ်နီနီမြင့်၏ မောင် ဦးမြစိုးအား အလုပ်ချက်ချင်းခန့်ပြီး တစ်ဘက်နိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့ဝင် ခြောက်ယောက်လာမည်ဟု အကြောင်းကြားပြီး တစ်ယောက်အပို ခေါ်လာခြင်းပင် ဖြစ်သည်။ ဦးနေဝင်း၏ အဖွဲ့ဝင်များက "နိုင်ငံတော်ယောက်ဖ"ဟု နောက်ပြောင်နေကြ၍ ခေါ်လာသူဖေဖားဝန်ကြီးက မရှက်ရဘဲ ဦးမြစိုးခမျာ ရှက်နေရရှာပါသည်။

ရန်ကုန်နှင့် ဘန်ကောက် ပျံသန်းနိုင်သော ယူဘီအေ လေယာဉ်ပျံတွင် ပညာတော်သင်-သဘောသား-အရပ်သား ခရီးသည်များဆိုလျှင် ပေါင်ပိုတစ်ပေါင်မှ အတင်မခံဘဲ မန်နေဂျာက စည်းကမ်းစည်းမျဉ်းများကို ရွတ်ပြပြီး ပေါင်ပိုအတွက် အခကြေးငွေ မပေးနိုင်ပါက ခရီးသည်တွင် ပါလာသည့် နာရီ၊ ကင်မရာ စသည်များကို ဒွန်မောင်းလေဆိပ်အနီးတစ်ဘက်ရှိ ဈေးဆိုင်များတွင် မတန်ဈေးနှင့် လျှော့ရောင်းချစေပြီး ပေါင်ပိုအတွက် အခွန်ပေးကြရပါသည်။ သတ္တုတွင်းဝန်ကြီး ဒေါက်တာညီညီသည် အင်ဒိုနီးရှား ခရီးအပြန် ဘန်ကောက်မှ ရန်ကုန်သို့ ယူဘီအေလေယာဉ်ဖြင့် ဒေါ်ချစ်တီးစာ အိမ်ဆောက်ပစ္စည်းများဖြစ်သည့် ဘိလပ်မြေ၊ ကြွေထည်၊ လက်ဆေးကန်၊ အိမ်သာကမုတ်ကအစ အခမဲ့တင်ဆောင်ခဲ့ခြင်းသည်လည်း တသက်လုံး ဖျက်မရသည့် ဖြောင်မင်ရုပ်အထိုးခံခဲ့ရခြင်း၏ သာဓကတစ်ရပ် ဖြစ်ပါသည်။

ဦးနေဝင်း၏ စစ်အာဏာရှင် ခေတ်ဆိုးကြီးတွင် အမိမြန်မာနိုင်ငံ၌ အမေရိကန် ဒေါ်လာ သန်းပေါင်းလေးထောင်ကျော် ကြွေးတင်ခဲ့ခြင်းသည် မဆန်းလှပါပေ။ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းမှအစ လုပ်ငန်းအားလုံးသည် အရှုံးပေါ်ပြီး ဦးနေဝင်းနှင့် ၎င်း၏ ဒေါက်တိုင်များသာ အမြတ်ပေါ်ကြပါသည်။

စာရေးသူ လန်ဒန်မြို့တွင် တာဝန်ထမ်းဆောင်နေစဉ်အတွင်း ဦးနေဝင်း နောက်လိုက်ထဲတွင် ပညာတတ်၊ အလွန်ရည်မွန်ပြီး စိတ်သဘောကောင်းသော ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် ဇနီးသည်၏ လေငန်းဖြတ်ရောဂါကို နှစ်ကြိမ် ဆေးကုသခံရန် လာရောက်ခဲ့ပါသည်။ တစ်ကြိမ်တွင် လန်ဒန်မှ စင်ကာပူသို့ ခရီးအသွား စင်ကာပူလေကြောင်းအား ပစ္စည်းတင်ပေါင်ပိုခငွေ စတာလင်ပေါင် ငါးထောင်ကျော်နှင့် ဝန်ကြီးချုပ်နှင့်အတူပြန်သူ နိုင်ငံခြားရေးဝန်ကြီး ဦးရဲခေါင်အတွက် ပေါင်သုံးထောင် စုစုပေါင်း ပေါင်ရှစ်ထောင်ပေးရန် သံရုံးသို့ တောင်းခံလာပါသည်။ အဆိုပါ ပေါင်ရှစ်ထောင်ကျော်ကို လန်ဒန်လေဆိပ်အထွက်တွင် တောင်းခံပါက ဝန်ကြီးချုပ်ရုံး၏ ညွှန်ကြားရေးမှူးဖြစ်သူ ဗိုလ်မှူးစိုးတင့်တွင် ဆောင်ငွေများပါ၍ ချက်ချင်းပေးချေနိုင်ပါသည်။ သို့သော်လည်း စင်ကာပူလေကြောင်း ကုမ္ပဏီ အနေဖြင့် အထူးအရေးကြီး ပုဂ္ဂိုလ်ကြီးများ အတွက် လေဆိပ်တွင် ရာဇဣန္ဒြေကိုင်ခဲ့သည့်အနေဖြင့် ချက်ချင်း မတောင်းဘဲ နောက်တစ်နေ့တွင်မှ သက်ဆိုင်ရာ သံရုံးသို့ တောင်းခံ၍သာ နိုးထုပ်နိုးထည်ကြီး ပေါ်ပေါက်လာခဲ့ခြင်းပင် ဖြစ်ပါသည်။ သံရုံးတွင်လည်း အဆိုပါ ကိစ္စရပ်များအတွက် ငွေပေးချပိုင်ခွင့်မရှိ၍ လန်ဒန်ရှိ စင်ကာပူလေကြောင်းကုမ္ပဏီမှ ဗမာသံရုံးအနေဖြင့် စင်ကာပူ လေကြောင်းဖြင့် အပတ်စဉ် ပို့နေသည့် သံတမန်ချောစာအိတ်များကိုပင် ကြွေးမပေးမချင်း မသယ်နိုင်တော့ဟု အကျပ်ကိုင်လာခဲ့ပါသည်။ ရန်ကုန်သို့ ဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြသည့်အခါ ဗိုလ်မှူးစိုးတင့်က များမကြာမီ ဝန်ကြီးချုပ်အနေဖြင့် အင်ဒိုနီးရှား နိုင်ငံသို့ ခရီးသွားရန်ရှိ၍ ၎င်းအကြွေး

များကို စက်ဘ်ပူတွင် ပေးလိုက်မည်ဟု ကတိပြု၍ ဗမာသံရုံးနှင့် စက်ဘ်ပူ လေကြောင်းတို့ ပြန်လည်၍ အဆင်ပြေသွားခဲ့ပါသည်။

အဆိုပါ ဦးမောင်မောင်ခ၏ လက်သုံးတော် ဗိုလ်မှူးစိုးတင့်သည် ယခု ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရုံးတွင် ညွှန်ကြားရေးမှူးချုပ် ဖြစ်နေပါပြီ။ ဗိုလ်မှူးစိုးတင့်၏ ဘဝမေ့သော စကားများကိုသာ ယနေ့ အထိ ကြားယောင်ပြီး ရင်ထဲတွင် နာကျည်းစွာ ခံစားလျက် ရှိပါသေး သည်။ ၎င်းက "ရန်ကုန်ကလူတွေ တော်တော်ဆိုးကြတယ်၊ သိပ်ပြီး အကျင့်ပျက် စည်းကမ်းပျက်နေကြတယ်ဗျာ၊ သရိုင်းအုတ်ဂူက အစ ဘူးယူပြီး နိုးနေကြတယ်"တဲ့။

တကယ်ဆိုးသူတွေက သူတို့လား၊ ဗိုက်မဝတဲ့ ပြည်သူထဲက ဆင်းရဲသားတွေလား။

နိုင်ငံခြားသို့ မကြာမကြာ သွားကြရသည့် ဝန်ကြီးချုပ်၊ ဒု ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေး ဝန်ကြီးတို့သည် လန်ဒန်တွင် အနွေးထည် ဆယ်တာ "ထရိုင်ဆဲ"မှအစ တွက်ခြေကိုက်သည့် ကုန်ပစ္စည်းများကို အစိုးရပိုက်ဆံနှင့်ဝယ်၊ အစိုးရ စရိတ်နှင့် လေယာဉ်ခပေး၊ စက်ဘ်ပူတွင် သည့်အမြတ်နှင့် စက်ဘ်ပူ၌ ရန်ကုန်တွင် တွက်ခြေကိုက် ပစ္စည်းများကို ပြန်ဝယ်ပြီး ရောင်းချလေ့ရှိကြပါသည်။ ပို၍ ဈေးကောင်းကောင်း ရရှိ နိုင်ရန်အတွက် သာမန်သင်္ဘောသားများသွင်းသည့် ပစ္စည်းများကို ဝန်ကြီး ချုပ် ခရီးအသွားအပြန်ရှိတိုင်း ဝန်ကြီးချုပ် လုံခြုံရေးအတွက်ဟု အကြောင်း ပြပြီး လေဆိပ်ဂိုဒေါင်မှ မြို့တွင်းအကောက်အခွန်ရုံးချုပ် ဂိုဒေါင်သို့ပင် သယ်ဆောင်ခွင့်မရှိဘဲ ပိတ်ပင်ထားကြပါသည်။ စက်ဘ်ပူမှ သယ်ဆောင် လာသည့် သင်္ဘောသား တယ်လီဗီးရှင်းနှင့် ဗွီဒီယိုစက်များ ဂိုဒေါင်မှ ထုတ်မရသည့် အခက်အခဲအပေါ် မူတည်ပြီး ရန်ကုန်၌ တယ်လီဗီးရှင်းနှင့် ဗွီဒီယိုစက်များ၏ ဈေးအတက်အကျ ရှိသည်ကို ကိုယ်တွေ့ကြုံဖူးခဲ့ပါ သည်။ လေဆိပ်ရေဆိပ်ပါမကျန် အပိုင်စီးကြသည့် သူခိုးဓားပြကြီးများ ပင် ဖြစ်ပါသည်။

မဆလသူခိုးများထက် နဝတသူခိုးများသည် အဆတရာမက ပို၍ ခိုးထားကြပြီး ဖြစ်နေပါသည်။ အသက် ၄၆ နှစ် အရွယ်ကပင် မဆလ ဗဟိုကော်မတီဝင် ဖြစ်လာခဲ့သော ဗိုလ်ခင်ညွန့်သည် အဖေကြီး ဦးနေဝင်း နှင့် ဂျာမနီ၊ ဆွစ်ဇာလန်နှင့် အင်္ဂလန်နိုင်ငံများသို့ စီးလုံးငှား လေယာဉ် ပျံများဖြင့် အကြိမ်ကြိမ် ရောက်ခဲ့ရသော လိုင်စင်ရ မှောင်ခိုသမားဘဝ မှာပင် အတော်ချမ်းသာကြွယ်ဝနေပြီး ဖြစ်သည်။ သို့သော် ဗိုလ်ခင်ညွန့် က အကျင့်စာရိတ္တနှင့် ပတ်သက်၍ ပြိုင်ရဲတယ်ဟု ဦးကြည်မောင်ကို စိန်ခေါ်လိုက်သောအခါ ကျွန်တော်တို့သည် သူ့ပြက်လုံးကို ဇာဂနာထက်ပို ပြီး ကြိုက်သွားပါသည်။ သို့သော် ထိုစကားသည် ဦးကြည်မောင်ကို သာမက ဦးနေဝင်းကိုပါ စိန်ခေါ်တာများလား မသိပါ။

ဗိုလ်ခင်ညွန့်၏ ထောက်လှမ်းရေးရုံးမှ တပ်ကြပ်ကြီး ကိုရဲထွတ်ဆို သူသည် လန်ဒန်မြို့ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ ၄င်းသည် ဗိုလ်ခင်ညွန့်၏ အခန်းဝတွင် ရုံးလုလင် တာဝန်များကို ယူခဲ့ရ ၍ လက်ဖက်ရည်ဖျော်၊ ထမင်းချိုင့်ဆော၊ ဓာတ်ခွဲများကို လုံခြုံရေး သံ သေတ္တာထဲမှ အထုတ်အသွင်း စသည်များကို နေ့စဉ်နှင့်အမျှ ဆောင်ရွက် ခဲ့ရသည့် ကျွန်ယုံတော်တစ်ဦး ဖြစ်သည်။ ၄င်း၏ ပြောစကားများကို တဆင့်ကြားရသည်မှာ ဗိုလ်ခင်ညွန့်သည် ပါးကိုက်လျှင် နားကိုက်ရန် အတွက် ဦးနေဝင်း၏ ပွေခဲ့သမျှ ရှုပ်ခဲ့သမျှ ဓာတ်လမ်းများကို ဓာတ်ပုံ များနှင့်တကွ ပြုစုသိမ်းပိုက်ထားသည်ဟု ကြားသိရပါသည်။ ထောက် လှမ်းရေးများသည်လည်း တစ်ခါသေဖူး၍ ဖျဉ်ဖိုးနားလည်နေကြပြီး ဖြစ် ပါသည်။

ဦးနေဝင်းသည် ယနေ့ထက်တိုင် ၄င်းမလိုလားသူ တစ်ဦးအား "မင်းမနက်ဖြန် ရုံးမတက်နှင့်"ဟု အမိန့်ပေးနိုင်စွမ်း ရှိနေပါသေးသည်။ ဗိုလ်ချုပ်မှူးကြီး စောမောင်ကိုလည်း ဗိုလ်ခင်ညွန့်မှတဆင့် "မင်း မနက်ဖြန် ရုံးမတက်နှင့်တော့"ဟု အမိန့်ရှိ၍ ဗိုလ်ချုပ်မှူးကြီး စောမောင် သည် ကုလားထိုင်များကို ရိုက်ချိုး၊ ဓာတ်ခွဲများကို လွှင့်ပစ်ပြီး နဝတ ဥက္ကဋ္ဌကြီး ရာထူးကိုလည်း လက်လွှတ်ခံခဲ့ရရှာပါသည်။

အထက်ဖော်ပြပါ ကိစ္စရပ်များကို သုံးသပ်ကြည့်ပါက မြန်မာနိုင်ငံ ၌ မဆလခေတ်တွင်လည်း ဖွဲ့စည်းပုံ အခြေခံဥပဒေမှ အစပြု၍ ဌာန အသီးသီးတွင် စည်းကမ်းစည်းမျဉ်း ဥပဒေများ ရှိခဲ့သော်လည်း ဝန်ကြီး ချုပ် အပါအဝင် အာဏာရှိသူများ အားလုံးသည် ဥပဒေကို ခွစီးပြီး ဆင်သွားရင် လမ်းမလိုဆိုသည့် မူကိုသာ ကျင့်သုံးခဲ့ကြပါသည်။

ထိုသို့ ဥပဒေကို လုံးဝအလေးမထားသူများက ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေကို ရေးဆွဲနေသည်ဟု လိမ်ညာလှည့်ပတ်နေခြင်းမှာ အလွန်ပင် ရယ်မောစရာကောင်းလှပါသည်။

ယခုလပိုင်းအတွင်းမှာပင် ဗိုလ်ခင်ညွန့်၏ စကားပြန် ကိုဝင်းမြ င့်အား အစ္စရေးလ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်အဖြစ် ခန့်အပ်မြောက် စားခဲ့သည်။ အင်္ဂလိပ် စကားပြန် ကိုဝင်းမြသည် ၄င်းတို့ထက် လုပ်သက် ရင့်သူများကို ကျော်တက်၍ သံအမတ်ဖြစ်သွားပါသည်။ နိုင်ငံခြားရေး ဝန်ထမ်း စည်းမျဉ်းဥပဒေများတွင် မိမိတို့ တာဝန်ထမ်းဆောင်ရမည့် နိုင်ငံသို့ ခရီးအတိုဆုံးနှင့် စရိတ်အသက်သာဆုံး ခရီးစဉ်ဖြင့်သာ သွား ရောက်ခွင့် ရှိပါသည်။ သံအမတ်သစ် ကိုဝင်းမြနှင့် မိသားစုသည် အစ္စ ရေးလ်နိုင်ငံ၊ တဲလ်အဗီးမြို့သို့ အသွားခရီးလမ်း အဆက်အစပ် မရှိသည့် လန်ဒန်မြို့သို့ နှစ်ရက် လာရောက်လည်ပတ်သွားခဲ့ပါသည်။

ဗိုလ်မျိုးညွန့်က ဥပဒေရေးဆွဲနေပြီး ဗိုလ်ခင်ညွန့်နှင့် ၄င်း၏ ဒေါက် တိုင်များက ဥပဒေကို ချိုးဖောက်နေကြသည်။ ဥပဒေ အသေးအမွှား ကိုမှ မလေးစားသူများသည် ဥပဒေ အကြီးအမားကို ဘယ်လိုလုပ် လေးစားနိုင်ပါအံ့နည်း။

မြန်မာနိုင်ငံတွင် ဥပဒေကို မလေးစားကြသည့် မဆလ၊ နဝတ၊ နအဖတို့၏ နောက်လိုက်ဒေါက်တိုင်များနှင့် စစ်မှန်သော ဒီမိုကရေစီနိုင်ငံ ထူထောင်မည်သည့်နည်းနှင့်မျှ မရနိုင်သည်မှာ လယ်ပြင်တွင် ဆင်သွားသလို ထင်ရှားလှပါသည်။

သို့ပါ၍ အောက်လမ်းဆရာကြီး ဦးနေဝင်းနှင့်အတူ တစ်သက်လုံး ပြင်၍မရတော့သော ကြောင်သူခိုး ရုပ်ပုံလွှာ မင်ကြောင်အထိုးခံထားရ

သည့် ရာဇဝင်လူဆိုး သူခိုးများအား ကျောင်းသားလူငယ်၊ ရဟန်းရှင်လူ ပြည်သူအပေါင်းနှင့် မျိုးချစ်စိတ်ရှိသော တပ်မတော်သားများ၊ ရဲတပ်သားများက ဝိုင်းဝန်း၍ အမြန်ဆုံး နှိမ်နင်းနိုင်မှသာလျှင် အမိမြန်မာနိုင်ငံတော်သည် ကမ္ဘာ့အလယ်တွင် တဖန်ပြန်လည်၍ နာမည်ပွင့်လန်းလာနိုင်ပါမည်။

**ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၁၆၊ စက်တင်ဘာလ ၁ ရက်၊ ၁၉၉၃ ခုနှစ်။**

✤

## ဝန်ထမ်းထုတစ်ရပ်လုံးအား ခုတုံးလုပ်နေသည့် စစ်အာဏာရှင် နဝတ

ဦးနေဝင်း၏ လက်မရွံ့အာဏာသား နဝတ စစ်ဗိုလ်တစ်စု အနေဖြင့် အစိုးရ (ဝါ) ဝန်ထမ်းအစိုးရဟု ကိုယ့်အမည်ကိုယ်တပ်ပြီး လိမ်ညာသည့်ပတ်ကာ ဝန်ထမ်းထုတစ်ရပ်လုံး (စစ်သား၊ ရဲသား၊ အရပ်သား ဝန်ထမ်း)အား ခုတုံးလုပ်၍ ခိုးဆိုးချယ်လှယ်နေသည့် သက်တမ်း သည် ၁၈-၉-၉၃ နေ့တွင် ၅ နှစ်တင်းတင်း ပြည့်ခဲ့ပါသည်။

ယနေ့ မြန်မာနိုင်ငံတော်၏ တည်ဆဲဝန်ထမ်းစည်းမျဉ်း ဥပဒေအရ မည်သည့်ဝန်ထမ်းမဆို အသက် ၆၀ ပြည့်လျှင် အငြိမ်းစား ယူရပါမည်။ အသက် ၆၀ ကျော်ပြီးဖြစ်သော ဗေပါသန်းရွှေသည် ကာကွယ်ရေးဦးစီးချုပ် ရာထူးကို အရှုးစောမောင်ကဲ့သို့ ဦးနောက်မပျက်မချင်း ဆင်းပေးတော့မည့် လက္ခဏာ မရှိတော့ပေ။ သို့အတွက် ဝန်ထမ်းတစ်ယောက်၏ အတွေးအမြင်နှင့် တွက်ပြရသော် အသက် ၆၀ မပြည့်မီ အချိန်အခါကျရောက်၍ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဖြစ်ရမည့် ရာထူးတစ်နေရာကို ဦးနေဝင်း၏ လက်မရွံ့ အာဏာသားတစ်ဦးက အပိုင်စီးထား၍ ရိုးသားစွာ စစ်မှုထမ်းသော စစ်ဗိုလ်များအတွက် တစ်သက်တစ်ခါသာ ရသင့်ရထိုက်သော အခွင့်အရေးတစ်ခု ဆုံးရှုံးနေခြင်းသည် တပ်မတော်တစ်ရပ်လုံးရှိ စစ်သားကောင်းများအတွက် နွားမရှုံပိတ် နစ်နာဆုံးရှုံးမှုပင် ဖြစ်နေပါသည်။

ထိုအတူ အစိုးရဌာန အသီးသီးတွင်လည်း မီးစာကုန် ဆီခန်းနေပြီဖြစ်သည့် အသက် ၆၀ ကျော် အငြိမ်းစားများက ဝန်ကြီးဌာန အမည်ကို ခုတုံးလုပ်၍ ထိပ်ဆုံးရာထူး ဝန်ကြီးတာဝန်ကို အပိုင်စီးထားကြပါသည်။ အမှန်တကယ် နိုင်ငံတော်၏ တာဝန်ကို မလွှဲမရှောင်သာ၍ ဝန်ထမ်းများက ထမ်းဆောင်နေရပါမှ အငြိမ်းစားမယူသေးသည့် (ဝါ) အသက် ၆၀ မပြည့်သေးသည့် လက်ရှိ ဌာနအကြီးအကဲများကသာ မိမိဌာန၏ ဝန်ကြီးရာထူးကို ယူကြရပါမည်။

တစ်ပါတီ အာဏာရှင်မဆလခေတ်မှာပင် အသက် ၆၀ ပြည့်လုနီးသော ဗိုလ်ချုပ်များအား အာဏာပိုင် အဖွဲ့အစည်းများသို့ ရာထူးလွှဲပြောင်းပေးပြီး တပ်မတော်သည် အစဉ် နုပျိုနေရမည်ဟူသော မူအရ အငြိမ်းစားယူရန် အသက်မပြည့်သေးသော အသက် ၅၅ နှစ် ဝန်းကျင်ရှိ ဗိုလ်ချုပ်များကိုသာ ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခဲ့ပါသည်။

တပ်မတော် အစဉ်နုပျိုမှု မရှိတော့ဘဲ အကျင့်ပျက် စစ်အာဏာရှင် ဦးနေဝင်းနှင့် ဦးနေဝင်းတို့၏ ဒေါက်တိုင်များ ဖြစ်လျက်ရှိကြပြီး စစ်အာဏာရှင် အိမ်အိုအိမ်ဆွေးကြီးအား မပြိုလဲရန် ကျားကန်ပေးလျက်ရှိနေရှာပါသည်။

၁၉၇၄ ခုနှစ်ခန့်က စာရေးသူ ဘန်ကောက်မြို့တွင် ရှိနေစဉ်အတွင်း ထိုင်းနိုင်ငံတွင် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ကစ်ဆီကာချွမ်နှင့် ၎င်း၏ ခမည်းခမက်တော်သူ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာဖတ်တို့သည် အသက် ၆၀ ကျော်နေပြီ ဖြစ်သော်လည်း ၎င်းတို့သည် စစ်သားများ၊ ဝန်ထမ်းများဟု မိန့်ခွန်းပြောနေ၍ ကျောင်းသားများက အသက် ၆၀ ကျော်နေပြီး အငြိမ်းစား မယူကြသေးခြင်းကို နံရံကပ် စာစောင်များတွင် ကာတွန်းရုပ်ပြောင်များ ရေးဆွဲ၍ နောက်ပြောင် သရော်ခဲ့ကြပါသည်။ ယင်းနောက်ပြောင်မှုနှင့် ပတ်သက်၍ ကျောင်းသားများအား ဖမ်းဆီး ခဲ့သည်မှ အစပြု၍ အမိုက်ကာစပြီး ပြည်သူဒီမိုကရေစီ ကျောင်းသားများ အုံကြွခဲ့၍ ကစ်ဆီကာချွမ်နှင့် ပရာဖတ်တို့ မိသားစုသည် ၂၄ နာရီ အတွင်း ထိုင်းနိုင်ငံမှ ထွက်ပြေးခဲ့ကြရပါသည်။

ထိုင်းတပ်မတော်သည်လည်း အသက် ၆၀ ကျော်နေပြီး တပ်ဗိုလ်ကို ခုတုံးလုပ်ကာ စစ်အစိုးရဖွဲ့ထားသော ကစ်ဆီကာချွမ်နှင့် ကော့ဒတ်တို့ဘက်သို့ မလိုက်ကြဘဲ ကြားနေခဲ့ကြပါသည်။ ယင်းအရေးအခင်းတွင် ၎င်းတို့၏ ကိုယ်ရံတော်တပ်များနှင့် ထောက်လှမ်းရေးတပ်များ၏ လက်ချက်ဖြင့် ကျောင်းသားလူငယ် တစ်ရာကျော် သေဆုံးခဲ့ပြီး ဘုရင်နှင့် တပ်မတော်တို့ ပူးပေါင်းပြီး တက္ကသိုလ် ပါမောက္ခကြီးတစ်ဦးအား ဝန်ကြီးချုပ်ခန့်အပ်၍ အရပ်သား အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးခဲ့ကြပါသည်။

ထိုင်းဝန်ထမ်းများအား ခုတုံးလုပ်မိသော စစ်အာဏာရှင်များ၏ အကျိုးနှာသည့် ကိုယ်တွေ့ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါသည်။

နဝတ၏ ၅ နှစ်သက်တမ်းတွင် မြန်မာနိုင်ငံ၌ စစ်ဗိုလ်တွေ သိပ်ကောင်းစားနေကြတယ်။ ဗိုလ်ကြီးအဆင့်ကစပြီး ရွှေဝယ်၊ စိန်ဝယ်၊ မြေဝယ် တိုက်ဆောက်နေကြတယ်ဟု လူတကာနှုတ်များမှ ကဲ့ရဲ့ပြောဆိုနေကြပါသည်။ စာရေးသူအနေဖြင့် သမာအာဇီဝဖြစ် မဖြစ်ကိုတော့ ဗုဒ္ဓဘာသာတော်များနှင့် မကိုးကား မပြောကြားလိုတော့သော်လည်း ၎င်းတို့၏ စစ်အာဏာရှင် အဖေကြီး ဦးနေဝင်း၏ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဘဝတွင် ပြောကြားခဲ့သော မိန့်ခွန်းတစ်ခုကိုသာ ကိုးကားလိုပါသည်။ "ဗိုလ်ကြီးအဆင့် ရာထူးရှိသူအား ဗိုလ်မှူး၊ ဗိုလ်မှူးဟု မြှောက်ပင့်ခေါ်နေခြင်းကို ပီတိတွေ့ သဘောကျလက်ခံနေသော ဗိုလ်ကြီးများသည် အဂတိ လိုက်စားနေခြင်းပင် ဖြစ်သည်"ဟု အဆိုအမိန့် ရှိခဲ့သည်။

ယနေ့ ဗမာ့တပ်မတော် တိုင်းမှူးအပါအဝင် နဝတ ဗိုလ်ချုပ်များအားလုံး ဗမာ၊ ဗမာကုလားနှင့် ဗမာတရုတ် ကပြားများသာ ဖြစ်ကြပြီး ဘိုင်းရင်းသား၊ ချင်း၊ ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရခိုင်နှင့် ရှမ်းလူမျိုးများ လုံးဝမရှိသလောက် ဖြစ်နေ၍ "ဗမာ့" တပ်မတော် အစစ်အမှန်ပင် ဖြစ်ပါသည်။ (ခွဲခြမ်း ခွဲထွက်လိုသော လူမျိုးရေး စိတ်ဓာတ်လုံးဝမရှိရိုး အမှန်ပါ။ အဖြစ်မှန်ကို ရေးပြခြင်းမျှသာ ဖြစ်သည်) လစာငွေ ကျပ်သုံးထောင် အောက်တွင်သာရှိသော စစ်ဗိုလ်များ လက်ရှိ

ကုန်ဈေးနှုန်းဖြင့် စားသောက်ပြီး စုနိုင်၊ ဆောင်းနိုင်၊ ရွှေဝယ်နိုင်၊ စိန်ဝယ်နိုင်၊ အိမ်ဆောက်နိုင်ခြင်းသည် အဂတိလိုက်စားခြင်းများသာ မဟုတ်တော့ဘဲ အဂတိတရားမှ ကျော်လွှားပြီး ခိုးသားငါးရာဇာတ် ခင်းနေကြခြင်းသည် နိုင်ငံနှင့် လူမျိုးအတွက် အလွန် အရုပ်ဆိုး အကျည်းတန်ပြီး အဖတ်ဆယ်မရတော့သည့် ဘဝမျိုးသို့ ကျရောက်လျက် ရှိနေပါသည်။

ဗမာ့ တပ်မတော်တွင် မခိုးသောစစ်ဗိုလ် (လောဘကြောင့်)၊ မတိုသောစစ်သား (ဝမ်းရေးကြောင့်) မရှိတော့သလောက် ဖြစ်နေပါပြီ။

ထို့အပြင် လောဘ အတောမသတ်နိုင်သည့် စစ်အာဏာရှင်များအနေဖြင့် ပြည်သူများအား ထာဝရ စစ်ဖိနပ်အောက်တွင် ထားလိုသည်။ ၄င်းတို့ အတွင်းသဘောတစ်ခုကို ဖော်ထုတ်ပြပါမည်။

မဆလပါတီ မပြိုပျက်မီ အကြိမ်ကြိမ် ဆေးဝါးကုသခံရန်လာသူ ဗိုလ်မှူးချုပ်ဟောင်း သန်းတင် (မဆလဝန်ကြီးဟောင်း)၏ ဇနီး စစ်သမီးဟောင်းနှင့် စာရေးသူတို့သည် ဟိုအကြောင်း ဒီအကြောင်း ဆွေးနွေးပြောဆိုကြရာတွင် ဦးသန်းတင် ဇနီးက စစ်ဗိုလ်များ အတော်အထိနာနေကြောင်း၊ တိုင်းနှင့်ပြည်နယ် ပါတီကောင်စီ ဥက္ကဋ္ဌရာထူးများကို ဗိုလ်မှူးကြီးများအား ခန့်အပ်ခဲ့ရာတွင် ပထမတစ်နှစ်တွင် အရပ်သား ပါတီကောင်စီဝင်များက ဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးဟု တဖူးဖူးမှုတ်ထားပြီး လိုလေသေးမရှိ အကြိုက်လုပ်ပေးလေ့ ရှိကြကြောင်း၊ အရက်ကြိုက်တတ်မြာနှင့် ငွေကြိုက်တတ်သော စစ်ဗိုလ်များသည် အရပ်သားများကို အဟုတ်ထင်ပြီး ယုံယုံကြည်ကြည်နှင့် အတွင်းအပြင်မထား ပေါင်းဖော်မိကြကြောင်း၊ ပထမနှင့် ဒုတိယနှစ်များတွင် အလွန်တရာ အလွမ်းသင့်ကြပြီး တတိယနှစ်လောက်တွင် ဗိုလ်မှူးကြီး၏ မသမာမှုများ အားလုံးကို အထောက်အထားများနှင့် ဂဃနဏ ဆယ့်ငါးပြားတန် တံဆိပ်ခေါင်းကပ်ပြီး အထက်သို့ စာပစ်တော့ကြောင်း၊ စတုတ္ထနှစ် နောက်တစ်ကြိမ် ရွေးကောက်ပွဲမတိုင်မီ အဆိုပါ ဗိုလ်မှူးကြီးများသည် ပြုတ်သူပြုတ်၊ ထောင်ကျသူကျ ဖြစ်ကြရကြောင်း စသည်ဖြင့် အရပ်သားများနှင့် ကင်း

ကင်းရှင်းရှင်း စစ်သားများ ထီးတည်းသာ တိုင်းပြည်အာဏာကို အပိုင်စီး ထားနိုင်မှ ကောင်းကြောင်း ရင်ဖွင့်ပြောကြားခဲ့ပါသည်။

စာရေးသူအနေဖြင့် ဦးသန်းတင် ဇနီး၏ သဘောထားသည် ဦးသန်းတင်၏ သဘောထား၊ ဦးသန်းတင်၏ သဘောထားသည် ၎င်းတို့၏ အဖေကြီး ဦးနေဝင်း၏ သဘောထားဖြစ်၍ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ဦးနေဝင်းတို့သည် အရပ်သားများ မပါသည့် စစ်သားထီးတည်းသာ ပါဝင်သော စစ်ကောင်စီအုပ်ချုပ်ရေးကို တစ်ဖန်ပြန်လည် အသက်သွင်းကြ လိမ့်မည်ဟု မျှော်မှန်းတွက်ဆ ထားခဲ့ပြီး ဖြစ်ပါသည်။

အမှန်တကယ်တွင်လည်း ဦးနေဝင်း၏ နိုးထုပ်နိုးထည်များကို အကာအကွယ် ပေးနိုင်မည့် သူများသည် ၎င်း၏သစ္စာတော်ခံ ယူနီဖောင်း ဝတ်များသာ ဖြစ်နိုင်ပါသည်။ ယေမွေးခြံပေါက် ယူနီဖောင်းချွတ် စစ် ဗိုလ်ဟောင်းများပင် လက်တွေ့ဖြစ်ရပ်များအရ ယုံကြည်စိတ်ချ၍ မရနိုင် ပေ။ မဆလပါတီ ညီလာခံတစ်ခုတွင် ဦးနေဝင်းရရှိသည့် မဲအရေအတွက် သည် တပည့်ကျော် ဦးကျော်စိုး ရရှိသည့် မဲအရေအတွက်ထက် ၉ ခန့် လျော့နည်းသွားခဲ့ဖူးပါသည်။

ယင်းပါတီ ညီလာခံတွင် ဗဟိုကော်မတီ အရွေးချယ်ခံရသ စာရင်းတွင် သတ္တုတွင်းဝန်ကြီး ဦးသန်းတင်၏ အမည် ပါမလာ၍ ဦးသန်း တင်သည် စိတ်ဓာတ်ကျပြီး ညီလာခံခန်းမတွင် ငေးမှိုင်ပြီး တစ်ဦးတည်း ထိုင်လျက်ရှိနေသည်။ ဦးနေဝင်းသည်လည်း တပည့်ထက် ဆရာမဲ အရေ အတွက် နည်းသွား၍ ညီလာခံခန်းမ အတွင်းခန်းတွင် ဒေါသပုန်ထလျက် ရှိနေပါသည်။ ဦးနေဝင်း ထွက်လာသည့် အချိန်ထိ ငူငူတမှိုင် မှိုင်နေ သော ဦးသန်းတင်အား "ဟေ့…သန်းတင် လာစမ်း… မင်း ဘာမှ မနေနဲ့၊ ပြန်စမ်း"ဟု အမိန့်ပေးမှ ဦးသန်းတင်သည် အိမ်ပြန်ရန် သတိဝင် လာခဲ့သည်။

နောက်များမကြာမီ ပါတီဌာနချုပ်မှ တာဝန်ရှိသော ဗိုလ်မှူး သန်းစိန် (ရခိုင်)၊ ဗိုလ်မှူးထွန်းလင်းနှင့် ဗိုလ်မှူးတင်ဝင်းညိုတို့ အုပ်စု သည် သကြား၊ နို့ဆီ ပိုထုတ်သည့်ကိစ္စ၊ သမီးမင်္ဂလာဆောင်တွင် ရှုံး

မော်တော်ယာဉ် သုံးစွဲသည့်ကိစ္စ စသော အပြစ်မရှိ အပြစ်ရှာပြီး ထောင်သွင်း အကျဉ်းချထားခြင်း ခံခဲ့ကြရပါသည်။

သို့အတွက် ဦးနေဝင်းသည် ၁၉၈၈ ခုနှစ်တွင် နဝတ စစ်ယူနီဖောင်းများ ထီးတည်းဖြင့်သာ ဖွဲ့စည်းစေခဲ့ပြီး ဗိုလ်ချုပ်စောမောင်အားလည်း ၎င်း၏ ခါးသီးသော သင်ခန်းစာများအရ ယူနီဖောင်းကို မသေမချင်း မချွတ်ရန်နှင့် ရာသက်ပန် ဗိုလ်ချုပ်မှူးကြီး ရာထူးကြီး ဖန်တီးစေခဲ့ပါသည်။ အဖေကြီး ဦးနေဝင်း အသက်အရွယ်ကြီးနေ၍ ဆေးဝါးကုသခံရန် ကိစ္စရပ်များကို စီစဉ်နိုင်ရန်အတွက် အရပ်သား ဒေါက်တာမေသိန်းအား နဝတအဖွဲ့ဝင်အဖြစ် ခန့်အပ်ရန် တပည့်တပန်းများ၏ တင်ပြအဆိုပြုချက်ကို ဦးနေဝင်းသည် ကိုယ့်ကျန်းမာရေးအတွက်ဖြစ်၍ အောင့်သက်သက်နှင့် လက်ခံခဲ့ရသော်လည်း ဦးမေသိန်းအား ချက်ချင်းပင် ဗိုလ်မှူးကြီး ရာထူး ဖန်တီးခန့်အပ်ပြီး စစ်ယူနီဖောင်း ဝတ်ပေးလိုက်ပါသည်။

ယူနီဖောင်းဝတ် ဗိုလ်မှူးကြီး မေသိန်း၏ တာဝန်သည် တိုင်းသူပြည်သားများ၏ ပညာရေးနှင့် ကျန်းမာရေးအတွက် မဟုတ်သော အမည်ခံဝန်ကြီးမျှသာ ဖြစ်ပြီး ဦးနေဝင်း သက်ဆိုးရှည်စေရန်အတွက် လန်ဒန်မြို့မှ ဆရာဝန်များကို ဆက်သွယ်ပင့်ဖိတ်ရန်မျှသာ ဖြစ်ပါသည်။

ဦးမေသိန်း အနေဖြင့်လည်း လန်ဒန်မြို့ မြန်မာသံရုံးတွင် ၎င်းကဲ့သို့ ကုလားသွေးပါသော၊ ဦးနေဝင်းနှင့်လည်း သိကျွမ်းပြီးသော ကုလားလေး ဦးလှမောင်ကို သံအမတ်ခန့်မှသာလျှင် မရှက်မကြောက် ခိုင်းသမျှ လုပ်မည်ဟု ယုံကြည်စွာဖြင့် ဦးလှမောင်အား အသက် ၆၀ ကျော်နေသော်လည်း သက်တမ်းတစ်နှစ် တိုးပေး၍ ဆက်ခန့်ထားခဲ့ပါသည်။ ယခင်လများက သံအမတ် ဦးလှမောင်၏ ထမင်းချက် အိမ်ဖော် ဒေါ်ဘောဘီက သံရုံးမှ ယာဉ်မောင်းတစ်ဦးအား "တို့တော့ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လမှာ ရန်ကုန်ပြန်ရတော့မယ်၊ သံအမတ်သက်တမ်း တစ်နှစ်တိုးပေးထားတာအချိန်စေ့ပြီ"ဟု အာလူးဖုတ်မိ၍ အဆိုပါ ယာဉ်မောင်းကလည်း တခြားလူများအား ဦးလှမောင် ပြန်ရတော့မယ်ဟု ဝမ်းသာအားရ လျှောက်

ပြောခဲ့ရာ ဦးလှမောင်နား ပေါက်ကြားသွားခဲ့ပါသည်။ ဦးလှမောင်က အဆိုပါ ယာဉ်မောင်းသမားအား ခေါ်ပြီး "မင်း ငါပြန်ရတော့မယ်ဆိုတာ လျှောက်ပြောမနေနဲ့၊ ဦးနေဝင်း မသေမချင်း ငါ လန်ဒန်က မပြန်ရသေးဘူး"ဟု ဒေါသအိုး ပေါက်ကွဲသွား၍ ဖုံးခဲ့သမျှ ကွန်းမှပေါ် ဆိုသကဲ့သို့ ဦးနေဝင်းသည် မြန်မာနိုင်ငံကို ချယ်လှယ်အုပ်ချုပ်နေသေးသည့် ဖြစ်ရပ်ကို လူမျိုးတကာနားသို့ တရားဝင် ပေါက်ကြားသွားခြင်းပင် ဖြစ်ကြောင်း ဘားရပ်ကွက်မှ ကြားသိရပါသည်။

ထို့အပြင် ၁၉၉၂ ခုနှစ်အတွင်းက ဦးနေဝင်းသည် အတော် မကျန်းမာ ဖြစ်၍ စကားပင် မပြောနိုင်ဘဲ နှုတ်ခမ်းသာ လှုပ်နိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ဒေါက်တိုက်များ၏ ကောင်းမှုကြောင့် အတော် ကျန်းမာလာကြောင်းကို ဆေးဝါးကုသခံရန် လာရောက်သူများ ရပ်ကွက်မှ ကြားသိရပါသည်။ ဦးနေဝင်း၏ နှုတ်ခမ်းသာ လှုပ်နိုင်သည့် အချိန်တွင် အပေါက်ဆောင့် ဗိုလ်ခင်ညွန့်နှင့် ရန်ကုန်စစ်တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်တို့ကလည်း ကိုယ်လိုရာဆွဲပြီး အဓိပ္ပာယ် ဖော်ဆောင်နေကြကြောင်းနှင့် ဦးနေဝင်းနှင့် သမီးစန္ဒာတို့လည်း ညစ်ကျယ် ခင်ညွန့်နှင့် လေလွှား မျိုးညွန့်တို့အား နားတရှည်းလို သဘောထားပြီး လှည်းယာဉ်စီးကောင်းဆဲပင် ရှိနေကြောင်းတို့လည်း ကြားသိရပါသည်။ သို့အတွက် အရေးကြီးသည့် ရန်ကုန်တိုင်းမှူး ဗိုလ်ချုပ်မျိုးညွန့်အား မန္တလေးတိုင်းမှူး ဗိုလ်ချုပ်ထွန်းကြည်ကဲ့သို့ ခင်သဲခင်ညွန့်အနေဖြင့် အလွယ်တကူ ဖယ်ရှား၍ မရနိုင်ဘဲ ဖြစ်နေပါသည်။

ဦးနေဝင်းအနေဖြင့် အပေါက်ဆောင့် ခင်ညွန့်၏ ခြယ်လှယ်အသုံးချမှုများကို မကြာမီကာလတွင် မချိမဆန့် ဝဋ်ဒုက္ခကြီးစွာ ခံစားရမည့် အလားအလာတစ်ရပ်ကို တွေးမြင်မိပါသည်။ စာရေးသူ ယူဂိုစလားဗီးယားနိုင်ငံတွင် ရှိနေစဉ်အတွင်း သမ္မတကြီးတီးတိုးသည် ခြေထောက်တစ်ဖက် အဖြတ်ခံရပြီး ဆေးဝါးကုသမှု ခံနေရစဉ်တွင် သမ္မတကြီးတီးတိုး၏ ရာထူးကို ဆက်ခံမည့်သူ အဆင်သင့် ရွေးချယ်လျာထားမှု မရှိသေးခြင်းကြောင့် သမ္မတကြီးအား မသေသေးရန် စက်တပ်ပြီး ဆေးထိုးထားခဲ့ကြပါသည်။ သမ္မတကြီး တီးတိုးသည် မသေမရှင်နှင့် ဝေဒနာကို အကြီး

အကျယ် ခံစားရလျက်ရှိနေသည်ကို မကြည့်ရက်သော ဗန်ညာလုကာမြို့မှ ဆရာဝန်ကြီးတစ်ဦးက ဒီအဘိုးကြီး သနားပါတယ်။ တပ်ဆင်ထားတဲ့ စက်တွေကို ဖြုတ်ပြီး သေခွင့်ပေးလိုက်ပါတော့လားဟု ပြောမိ၍ ၎င်းဆရာဝန်ကြီးအား ဖမ်းချုပ်ထားကြောင်း မိတ်ဆွေတစ်ဦး၏ ပြောစကားများကို သတိရလျက်ပင် ရှိနေပါသေးသည်။

ယနေ့ မြန်မာနိုင်ငံ၏ နိုင်ငံရေးဇာတ်ခုံ၌ အထက်တွင် ဖော်ပြခဲ့သော ထိုင်းနိုင်ငံမှ ဝန်ကြီးချုပ်ကြီး ကစ်ဆီကာချွမ်တို့၏ အကျနာသည့် ဇာတ်လမ်းနှင့် ယူဂိုစလားဗီးယားနိုင်ငံမှ မသေမရှင် ဝေဒနာကို ခံစားခဲ့ရသော သမ္မတကြီး တီးတိုးတို့၏ ဇာတ်လမ်းပုံတူများကို မကြာမီ ရုံတင်ပြသရန် ရှိနေပါသည်။

ထို့အပြင် နဝတသည် ဝန်ထမ်းအစိုးရ မဟုတ်ဘဲ 'နေဝင်းတပ်' ဆိုသည်ကိုလည်း စစ်သား၊ ရဲသားနှင့် အရပ်သား ဝန်ထမ်းများ အားလုံးက တစ်စတစ်စ သဘောပေါက် နားလည်လာကြပြီ ဖြစ်ပါသည်။

၎င်းတို့ အမှုန်းတင်နေသော ဝန်ထမ်းအစိုးရခေတ်တွင် လစာစားဝန်ထမ်းထု တစ်ရပ်လုံးသည် ဒုက္ခကြီးစွာ ရောက်လျက်ရှိပြီး စားရမဲ့ဝတ်ရမဲ့ ဖြစ်နေသော အချိန်၌ ဝန်ထမ်းများကို ခုတုံးလုပ်နေသည့် နဝတနှင့် အပေါင်းပါ ဒေါက်တိုင်တစ်စုသည်သာ ကုဋေကုဋာချီ၍ ချမ်းသာကြွယ်ဝနေကြသည်။

သို့ပါ၍ ပြည်သူ့ဝန်ထမ်း သားကောင်းများ အနေဖြင့် အသက် ၆၀ ကျော်ပြီဖြစ်သော နဝတ ဗိုလ်ချုပ်သန်းရွှေ (ကြည်း)၊ ဗိုလ်ချုပ်မောင်မောင်ခင် (ရေ)နှင့် ဗိုလ်ချုပ်တင်ထွန်း (လေ) အပါအဝင် အသက် ၆၀ ကျော်ပြီး စစ်ယူနီဖောင်း မချွတ်သေးသော စစ်ဗိုလ်အရေခြုံများကို ကာတွန်းရုပ်ပြောင်များ ရေးဆွဲ၍ လှောင်ပြောင်သရော်ပြီး စစ်တပ်မှ မောင်းထုတ်ကြရပေမည်။

ထို့အပြင် အစိုးရဌာနများမှ ဦးအောင်တိုး (တရားရေး)၊ ဦးဖေသန်း (ဆေးပညာဦးစီး)၊ ဦးခင်မောင်ရင် (ဆောက်လုပ်ရေး)နှင့် ဦးအုန်းကျော် (နိုင်ငံခြားရေး) စသည့် မီးဇာကုန် ဆီခန်းနေသော အသက် ၆၀ ကျော်

…ဘာ ဒေါက်တိုင်များအားလည်း ဌာနအသီးသီးမှ အမြန်ဆုံး ပျောင်ပြောင်
…ချ မောင်းထုတ်ကြပါရန် တပ်လှန့် နိုးဆော်အပ်ပါသည်။

ဝန်ထမ်းတစ်ရပ်လုံးနှင့် မိဘပြည်သူအားလုံး စစ်အာဏာရှင် အုပ်ချုပ်သည့် ခေတ်ဆိုးကြီးမှ အမြန်ဆုံး လွတ်မြောက်ရန်အတွက် စစ်တပ် အရေခြုံနှင့် ဝန်ထမ်းအရေခြုံများအား မောင်းထုတ်ကြပါစို့။

ဒေါ်ပြိုင်ဂျာနယ်၊ အမှတ် ၁၉ အောက်တိုဘာလ ၁၆ ရက်၊ ၁၉၉၃ ခုနှစ်။

✤

# အရိုးအရွက်မျှသာ စားရရှာသော ပညာရှင်ဆိုသူများ

၁၉၇၇ ခုနှစ်ခန့်က စာရေးသူသည် လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတိုက် အပေါ်ထပ်ရှိ ဂါးဒီးယန်း ဦးဘကျော်၏ ရုံးခန်းသို့ သွားရောက်လည်ပတ်ခဲ့ပါသည်။ ဦးဘကျော်သည် ဂါးဒီးယန်း အင်္ဂလိပ်သတင်းစာတွင် အယ်ဒီတာချုပ်နှင့် သတင်းနှင့် စာနယ်ဇင်းဌာနတွင် အကြံပေးပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပြီး မြန်မာ့သတင်းစာ လောကတွင် ဂါးဒီးယန်း ဦးဘကျော်အဖြစ် ထင်ရှားသော ပညာရှင်တစ်ဦး ဖြစ်ပါသည်

ခရီးရောက်မဆိုက်မှာပင် ဦးဘကျော်က စာရေးသူအား နိုင်ငံတော်ကောင်စီဝင် ဒေါက်တာမောင်မောင်ထံမှ ယခုလေးတွင် တယ်လီဖုန်းဆက်လာကြောင်း၊ အစိုးရအား ဝေဖန်ရေးသားနေသည့် ကလောင်ရှင်တချို့၏ အမည်များကို ပြောပြပြီး ၎င်းတို့အား စည်းရုံးလိုက်ပါဦးဟု ပြောနေကြောင်းကို ပြောပြပြီး ပြုံးစိစိ လုပ်နေပါသည်။

စာရေးသူ၏ အတွေးအမြင်တွင် စာပေပညာရှင်နှင့် အနုပညာရှင်ဆိုသူများသည် ၎င်းတို့၏ အယူအဆ အတွေးအခေါ်များကို လွယ်လွယ်နှင့် အလျှော့မပေးတတ်သော၊ အရေထူပြီး ခေါင်းမာသော သတ္တဝါတစ်မျိုးဖြစ်၍ ၎င်းတို့အား ဘယ်လိုစည်းရုံးမလဲဟု မေးမြန်းကြည့်မိပါသည်။ ဦးဘကျော်က စည်းရုံးရတာ လွယ်ပါတယ်ဗျာ၊ သူနဲ့ တန်ရာတန်ရာပေးပြီး ဆွယ်လိုက်ရုံပါပဲ၊ တချို့ကို နယ်စပ်ဒေသ သွားရောက်လာသည့် ခရီးစဉ်တွင် သတင်းထောက်အဖြစ် ထည့်ပေး၍ လည်းကောင်း၊

တချို့ကို လူကြီးများ နိုင်ငံခြား သွားရောက်လည်ပတ်သည့် ခရီးစဉ် များတွင် ထည့်ပေး၍လည်းကောင်း၊ တချို့ကို နိုင်ငံခြားသို့ ရက်တို သင်တန်းနှင့် နှစ်ရှည်ပညာတော်သင်အဖြစ် စေလွှတ်၍လည်းကောင်း စသည်ဖြင့် မဆလ အစိုးရ၏ ဟောင်တတ်သော ခွေးများအား အရိုးအရွတ် ပစ်ကျွေးရသည့် နည်းဗျူဟာများကို ရယ်ရယ်မောမောနှင့် ပြောပြပါသည်။

စာရေးသူနှင့် ဦးဘကျော်တို့ သိကျွမ်း ခင်မင်ကြခြင်းသည်ပင် လျှင် မဆလ ဒလန် ဒေါက်တာမောင်မောင်၏ အစည်းအရုံး စံနေရသော ဦးဘကျော်တစ်ယောက်သည်လည်း တာနယ်ဇင်း ကိုယ်စားလှယ် တစ်ဦး အဖြစ် ဂျပန်နိုင်ငံသို့ လေ့လာရေးခရီးသွား၍ အပြန်တွင် ဘန်ကောက်မြို့ သို့ ခေတ္တ ဝင်ရောက်ခဲ့စဉ်က ဖြစ်ပါသည်။

ဒေါက်တာမောင်မောင်သည်လည်း ခေတ်မမီတော့သည့် ဥပဒေ ပညာရပ် အချို့ကို တတ်ကျွမ်းပြီး အရိုးအရွက်မျှသာ စားသောက်နေရ သော စစ်အာဏာရှင် ဦးနေဝင်း၏ ငယ်မွေးခြံပေါက်သာဖြစ်ပြီး အစိုးရ ဌာနများမှ အင်္ဂလိပ်စာဖြင့် ရေးသားပြုစုသော စာတမ်းများ၊ မိန့်ခွန်း များနှင့် မူဝါဒများကို တည်းဖြတ်ပေးရသော ဘုံကျွန် စာပြင်တစ်ဦးမျှ သာဖြစ်ပါသည်။ မဆလခေတ်တွင် စစ်ဗိုလ်ဝန်ကြီးတစ်ဦးက ကျုပ်တို့ တင်ထားတဲ့စာတမ်း ဒေါက်တာမောင်မောင်ဆီမှာ ၄ ရက်ကြာနေပြီ၊ ခရီးမထွက်ခင် လူကြီးတွေဆီ တင်ပြရဦးမယ်၊ အခု သွားတောင်းစမ်း ဟု ဆဲဆို ကြိမ်းမောင်းနေသည်ကိုပင် ကြားခဲ့ရဖူးပါသည်။

စစ်အာဏာရှင်များ၏ နိုင်ငံရေးမူဝါဒ ဆိုသည်မှာ ချော့သင့်သူကို ချော့၊ ခြောက်သင့်သူကို ခြောက်၊ ချော့ချော့ ခြောက်ခြောက် တစ်ပြိုင် တည်း လုပ်သင့်သူကိုလုပ်သော နိုင်လိုမင်းထက် နာဇီဝါဒသာ ဖြစ်ပါ သည်။ ပညာရှင်များ အပါအဝင် ပြည်သူတစ်ရပ်လုံးအား ကျွဲ၊ နွား၊ မြင်း ကဲ့သို့ သဘောထားပြီး ကျောပွတ်၊ ကြိမ်သပ်၍ ၄င်းတို့ တစ်ကိုယ် တော် ကောင်းစားရေးဝါဒ သက်ဆိုးရှည်ရေးအတွက် ကြိမ်ရေးပြကာ လှည်းယာဉ်ဟောင်းဖြင့် ခရီးရှည် ချီလျက်ပင် ရှိနေကြပါသည်။

အနုပညာရှင်များကို အစုလိုက် အပြုံလိုက် နိုင်ငံခြားသို့ ပို့ပေး နေသည့် ခြံမန်နေဂျာလက်သစ် နဝတကို ကိုးကွယ်နေကြသည်။ ခြ

မန်နေဂျာဟောင်း မဆလတို့က ပို့မှ မပို့ပေးခဲ့ဘဲသကိုး။ ရောင်းဝယ်ဆောက်ကားသူများအား ဝါဇီမှ ထုတ်သည့် ဒေါ်လာစက္ကူများကို ကိုင်တွယ်သုံးစွဲခွင့်ပြုထားပြီး၊ အမေရိကန် ဒေါ်လာအစစ်များကိုမူ နဝတများ၏ ဆီးပိုက်ထဲတွင် လုံလုံခြုံခြုံ သိမ်းဆည်းပေးထားသည့် စေတနာ မေတ္တာသည်း ကြီးမားလှသည်။ ခြေပေါက်ဝကလေးကို နည်းနည်းဟပြီး 'ပပပပ' (ပြည်ပသို့ အပြီးအပိုင် ထွက်ခွာသွားသူများ) တို့အား ဒေါ်လာကိုက်၍ ပြန်လာလျှင် လက်ခံလျက် ရှိနေပါသည်။ 'ပပပပ' များသည် ဒီမိုကရေစီနိုင်ငံများတွင် နေထိုင်ပြီး မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆုံးရှုံးမှုများအတွက် နဝတ သံရုံးရှေ့များတွင် ဆန္ဒပြခဲ့ခြင်းကိုပင် မှားခဲ့သည်ဟု ဝန်ခံကြသည်။ 'ပပပပ'တချို့ ပြောစကားများအရ သံရုံးရှေ့များ ဆန္ဒပြခြင်းထက် ဒေါ်လာ ၅၀၀ ဖိုးမျှ မှောင်ခိုဈေးဖြင့် ကျပ်ငွေလဲလှယ်သွားနိုင်ပါကြောင်း စသည်ဖြင့် အပုပ်ချနေပြန်၍ အမျိုးချစ်သော မြန်မာများအနေဖြင့် မိအေးနှစ်ခါနာ ဘဝမျိုးသို့ ရောက်လျက်ရှိနေပါသည်။ ဖာပေါ၊ ဖုန်ထူ၊ နေပူ၊ ခြင်ကိုက်၊ ပူအိုက်သော မန္တလေးဟု ဘသာခေတ်တွင် ရတနာပုံ နေပြည်တော်ကြီးကိုပင် တသွဲ့နေကြ၍ 'ပပပပ' တို့နှင့် စကားစစ် မထိုးသာတော့ဘဲ နဝတတို့ စိုက်ပျိုးနေသည့် အမြစ်တွယ်နေသော ဒေါ်လာပျိုးပင်ကလေး ရှင်သန်ပါစေဟုသာ မေတ္တာပို့နိုင်ပါတော့သည်။

ယိုးဒယားလူမျိုး ငါးစိမ်းရောင်းချသူ၊ ဟင်းရွက်ကန်စွန်း ရောင်းသူများသည် အအေးဓာတ် ပေးထားသည့် ဘတ်စ်ကားကြီးများဖြင့် မလေးရှားနှင့် စင်ကာပူနိုင်ငံများသို့ အညာဘုရားဖူးအဖွဲ့များလို ဥဒဟို အလည်အပတ် သွားလာနေကြပါသည်။ ယိုးဒယား ငါးစိမ်းရောင်းသူတစ်ဦးအား နိုင်ငံခြားတစ်ခေါက် ခေါ်သွားမည်၊ အမှားကို အမှန်ပါ၊ ဝါးလုံးကို ဝါးခြမ်းပါဟု ပြောခိုင်း၍ မရနိုင်သော်လည်း မြန်မာပညာရှင် ဆိုသူများသည် ရှေ့တန်း ဝ နယ်သို့ ပျော်ပြေရေး ခရီးစဉ်တစ်ခုတွင် လိုက်ပါခွင့်ရရုံမျှနှင့်ပင် အမှားကို အမှန်ပါဟု လိမ်ညာနေကြ၍ စစ်ဝါဒီများ အနေဖြင့် ပညာရှင် ဆိုသူများအား ကျွဲ၊ နွား၊ မြင်းများလို သဘောထား နေခြင်းသည်လည်း ထူးဆန်းအံ့ဖွယ်ရာ မဟုတ်တော့ပေ။

စစ်အာဏာရှင် ဦးနေဝင်းသည် စာအုပ်စာပေများနှင့် မွေ့လျော်ပျော်ပိုက်နေသူ တစ်ယောက် မဟုတ်သောကြောင့် ပညာရှင်များကို တန်ဖိုးမထားတတ်သူ တစ်ဦးသာ ဖြစ်ပါသည်။ စိုက်ပျိုးရေး သုတေသနဆွေးနွေးပွဲတစ်ခုတွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဦးနေဝင်းသည် စိတ်ပါသယောင် ဟန်ဆောင်ပြီး တက်ရောက် မိန့်ခွန်းပြောကြား၍ နားထောင်လျက် ရှိနေခဲ့ပါသည်။ ပညာရှင်များဖြစ်သော ဒေါက်တာကောင်းစံနှင့် ဗိုလ်မှူးတင်အောင် (ကွယ်လွန်)တို့က စာတွဲများကို ကြည့်ပြီး ကိန်းဂဏန်းများ တင်ပြဆွေးနွေးလျက် ရှိကြပါသည်။ ဦးနေဝင်းက ကြားဝင်ပြီး "ခင်ဗျားတို့ ကိန်းဂဏန်းတွေ ရွတ်ပြနေတာ ပင်ပန်းလှတယ်ဗျာ၊ ရဲခေါင် (ယင်းအချိန်က လယ်/သစ် တွဲဘက် အတွင်းဝန်) ဆိုရင် ကျွန်တော်မေးလိုက်တိုင်း သူ့ပါးစပ်ထဲမှာရှိတဲ့ ဂဏန်းတွေကို စာရွက်မကြည့်ဘဲ ရွတ်ပြလိုက်တာပါပဲ၊ ကျွန်တော်လည်း ကွင်းဆင်းကြည့်နိုင်တာမှ မဟုတ်တာ"တက်ရောက်နေကြသည့် ပညာရှင် ပရိသတ်ကြီးက မပြုံးဘဲ ဝါးခနဲ ရယ်မောကြသည်။ ဦးနေဝင်းကလည်း ဘာတစ်ခုမှ အလေးအနက်မထားဘဲ တဝါးဝါး ရယ်မောလျက်ရှိသည်။ ညမအိပ်၊ နေ့မအိပ် အပင်ပန်းခံပြီး ပြုစုထားသော ပညာရှင်များ၏ သုတေသန စာတမ်းများသည် 'ထောင်တန်သည့်စကား ရယ်လျှင်ပေါ့'ဆိုသကဲ့သို့ ဖြစ်ကြရရှာသည်။

ထို့အပြင် ဦးနေဝင်းသည် မိန့်ခွန်းပြောလျှင် စင်မြင့်ပေါ်မှနေပြီး နာမည်များ ခေါ်ကာ "ဟုတ်တယ်မဟုတ်လား၊ ဗိုလ်တင်ဦး (ထောက်လှမ်းရေး မျက်မှန်တင်ဦး)"စသည်ဖြင့် ကြိုတင်ပြင်ဆင်မှု မရှိဘဲ ပေါက်ကရလေးဆယ် ပြောလေ့ရှိပါသည်။ နိုင်ငံ့အကြီးအကဲ တစ်ယောက်အနေဖြင့် စကားများကို ပေါ့ပေါ့တန်တန် ပြောမိခဲ့၍ ကိုယ့်ရှူးကိုယ်ပြန်ပတ်သည့် အမှားအယွင်းတချို့ကို ဦးနေဝင်းက ဖွင့်ဟ ဝန်ခံဖူးပါသည်။ ၁၉၈၆ ခုနှစ်၊ မေလ၌ လန်ဒန်မြို့ရှိ စစ်သံမှူးနေအိမ် ညစာစားပွဲတွင် ဦးနေဝင်းက ဝန်ထမ်းများအား စကားပြောကြားသည်မှာ "ကျွန်တော့်ပါးစပ်က ဘယ်သူ့နာမည်ကိုမှ မပြောရဲတော့ဘူးဗျာ၊ ကျွန်တော့် ပါးစပ်

-- အခေါ်အပြော ခံရသူတွေက အပြင်မှာ သူတို့နဲ့ ကျွန်တော် အလွန် ...င်းနီးသယောင် ဟန်ဆောင်ပြီး ကျွန်တော့်ကို ခုတုံးလုပ် ကလိမ်ကျ ...ခဲ့ကြလို့၊ အချင်းချင်း အပေါ်မှာလည်း ကျွန်တော့်လူဆိုပြီး ဗိုလ်ကျ ...ခဲ့လို့ ကျွန်တော်စကားပြောရင် ဘယ်သူ့နာမည်ကိုမှ မခေါ်တော့၊ ...ပြောတော့ဘူးလို့ သန္နိဋ္ဌာန် ချထားတယ်"ဟု ပြောခဲ့ဖူးပါသည်။

သို့သော်လည်း အဲ...ဦးနေဝင်း အိပ်ခန်းထဲတွင် တစ်နေ့ကာလ၌ ...အခံ ကုလားများထက်လည်း အနေကြာသော၊ ဇနီးသည် ဒေါ်နီနီ ...မြင့်ထက်လည်း အစား၊ အဖုံးအမြှော်၊ အဝင်အထွက်များသော အတွေး ...ဗိုလ်ချုပ်ကြီးဟောင်းကျော်ထင်၏ အမည်ကိုတော့ မသေမချင်း ...ကြင်နာယုယစွာဖြင့် ခေါ်နေဆဲပင် ဖြစ်ပါသည်။

ဦးနေဝင်း၏ ဘဝတွင် အမြင့်ဆုံး ရှိခဲ့သည့် သမ္မတကြီးဆိုသော ...ထူးကိုလည်း ပဲခူးတိုင်းသား ဗိုလ်ကျော်ထင်ကိုသာ အမွေဆက်ခံစေ ...ကြောင်းကိုလည်း ဇနီးသည် ဒေါ်နီနီမြင့် ပါးစပ်ကပင် ဖွင့်ဟ ပြောခဲ့ ...သည်ကို တစ်ဆင့်စကား ကြားသိခဲ့ရသည်။

မြန်မာနိုင်ငံတွင် သမ္မတ ရွေးကောက်ပွဲသာ ဖြစ်ပေါ်လာပါက ...ဦးနေဝင်း၏ သားကြီး မဆလနှင့် သားငယ် နဝတတို့ အချင်းချင်း ...အပြိုင်အဆိုင်အတွင်း အမွေလုပွဲကြီးတစ်ခု မလွဲမသွေ ပေါ်ပေါက်လာမည် ...ကို ပိတ်ကားပေါ်တွင် ရှုမြင်ကြရပါလိမ့်မည်။

တော်လှန်ရေးကောင်စီခေတ်၊ မဆလခေတ်နှင့် နဝတခေတ်များ ...တွင် အရိုးအရွက်မျှသာ စားရရှာသော မြန်မာပညာရှင်ဆိုသည့် နိုင်ငံ ...ခြားမှ ပါရဂူ ဒေါက်တာဘွဲ့ရ အရိုးစား၊ အရွက်စားများ အကြောင်းကို ...ရေးသားတင်ပြရပါလျှင် တထောင့်တစ်ည ပုံပြင်များကဲ့သို့ ရှည်လျား ...သွားပြားလှပါမည်။

ကွယ်လွန်သူ ဆရာဦးစံသာအောင် (ညွှန်ချုပ်၊ အထက်တန်း ပညာ ...ဦးစီးဌာန)က စာရေးသူအား ပြောပြခဲ့သည်မှာ "အလုပ်သမား အရေး ...အခင်းတွင် ကျောင်းသားများအား လူစုခွဲစေရန်အတွက် မဆလ ဌာနချုပ်

မှ အကြောင်းကြားလာ၍ ပညာရေးဝန်ကြီး ဒေါက်တာခင်မောင်ဝင်း (ဒေါက်တာမောင်မောင် ယောက်ဖ)က ၎င်းအားခေါ်ပြီး ဆရာဦးစံသာအောင်ကိုသာ ကျောင်းသားများက ချစ်ခင်လေးစားကြ၍ ဆရာပဲ အသံလွှင့်ပေးပါဟု ပြောကြောင်း၊ ၎င်းအား ဝန်ကြီးရုံးခန်းတွင် အသင့် ညအိပ်ခိုင်းထားပြီး ကောင်းကောင်းမွန်မွန် ကျွေးမွေးထားခဲ့ကြောင်း၊ သို့ရာတွင် စစ်ကားတစ်စီးဖြင့် ဝန်ကြီးကိုသာ လိုက်ခဲ့ရန် လာခေါ်၍ ဒေါက်တာခင်မောင်ဝင်းသည် ကြောက်ကြောက်လန့်လန့်နှင့် လိုက်သွားရကြောင်း၊ အသံလွှင့်သည့်အခါ ပညာရေးဌာန အာဘော်များ လုံးဝမပါသော မဆလများ အသစ်ရေးသားလာသည့် စာရွက်ကိုသာ ဝန်ကြီးက အသံတုန်တုန်ယင်ယင်ဖြင့် ခွေးအကဲ့သို့ ဖတ်ကြားခဲ့ကြောင်း" စသည်ဖြင့် ဒေါက်တာခင်မောင်ဝင်း၏ ကြောက်တတ်ပုံနှင့် အမိန့် နာခံတတ်ပုံများကို ပြောပြခဲ့ဖူးပါသည်။

စစ်အာဏာရှင်များ အနေဖြင့် ပညာရေးဝန်ကြီး ရာထူးများကို အရပ်သား ပညာရှင် ဒေါက်တာ အရိုးစား၊ အရွက်စားများအား ခန့်အပ်ထားပြီး စစ်တပ်နှင့် ကျောင်းသား ပဋိပက္ခများတွင် အဆိုပါ ပညာရှင်ဆိုသူတို့အား ကြားခံဒိုင်းအဖြစ် အသုံးပြုခြင်း၊ နိုင်ငံတော်တွင် ပညာရေးကိစ္စများ ဆုတ်ယုတ်လျက်ရှိပြီး ဘွဲ့ရလူငယ်များ အလုပ်လက်မဲ့ ဖြစ်နေခြင်းများသည်လည်း စစ်အာဏာရှင် စနစ်ကြောင့် မဟုတ်ဘဲ အဆိုပါ အရပ်သား ပညာရှင်ဆိုသူများ အသုံးမကျ၍ ဖြစ်သယောင်ယောင် အငြင်းတရားခံ ထည့်ထားခြင်းမျှသာ ဖြစ်ပါသည်။

ထို့အပြင် ၁၉၈၀ ပြည့်နှစ်က ဘဲလ်ဂရိတ်မြို့တွင် ကျင်းပသည့် ကမ္ဘာ့ဘဏ်အစည်းအဝေးကို တက်ရောက်လာသူများထဲမှ ရင်းနှီးသူ ဘဏ္ဍာရေး ဝန်ကြီးဌာန ပုဂ္ဂိုလ်တစ်ဦးက ဒုတိယဝန်ကြီး ဒေါက်တာ မောင်ရှိန်အား လက်ညှိုးထိုး၍ "ဒီလူပေါ့ဗျ၊ နိုင်ငံတကာ ငွေတွေကို လက်မှတ်ထိုးပြီး ချေးယူနေတာ၊ တစ်နေ့ ဒီလူ့မှာ တာဝန်ရှိဘယ်" ဟု နောက်ပြောင်ကာ စာရေးသူနှင့် မိတ်ဆက်ပေးပါသည်။ ဒေါက်တာ မောင်ရှိန်အား စစ်စားပြများအတွက် နိုင်ငံခြားချေးငွေများကို စာချု

သုံးလုယ်ပြီး စတိုင်ကောင်းကောင်းဖြင့် လက်မှတ်ထိုးရသော သတင်းစာ မင်းသားဖြစ်မလာမီကပင် စာရေးသူအနေဖြင့် မင်းသားက ဘယ်သူ၊ ဒါရိုက်တာဆရာက ဘယ်သူ ဆိုသည်ကို သိရှိထားပြီး ဖြစ်ပါသည်။

၁၉၇၆ ခုနှစ်ခန့်က အမေရိကန်နိုင်ငံမှ ပြန်လာသော ဒုတိယဝန်ကြီးချုပ် ဦးလွင် (ယခု အင်အယ်လ်ဒီ ပါတီကို အပိုင်စီးထားသူ)နှင့် အဖွဲ့အား စာရေးသူတို့ သံရုံး ရှေ့ကြိုများက ကြိုဆိုပြီး ဘန်ကောက်မြို့ ဒွန်မောင်းလေဆိပ်ရှိ အထူးပုဂ္ဂိုလ်များအတွက် သီးသန့်ထားသည့် ဧည့်ခန်းတွင် နေရာချထားခဲ့ရပါသည်။ အဖွဲ့ဝင် မဟုတ်ဘဲ လှမ်းပါလာသော ဒေါက်တာမောင်ရှိန်သည် လေဆိပ်ဧည့်ခန်းရှိ ဆိုဖာပေါ်တွင် အရုပ်ကြီး ပြတ် လည်ဂုတ်ကျပြီး သူများတကာစား၍ မစားနိုင်ဘဲ တမှိုင်မှိုင်နှင့် ညှိုးငယ်ကြီး ထိုင်နေသဖြင့် သံရုံးအဖွဲ့မှ စီးပွားရေးတက္ကသိုလ် ကျောင်း ဆရာတစ်ဦးက အနားကပ်ပြီး ''ဆရာ ဘာဖြစ်နေတာလဲ၊ နေကောင်းရဲ့ လား''ဟု မေးမြန်းခဲ့ပါသည်။ ဒေါက်တာမောင်ရှိန်က ''ကျွန်တော် အမေရိကားမှာ လခကောင်းကောင်းနဲ့ အလုပ်လုပ်နေတာ မကြာသေးပါ ဘူးဗျာ၊ အခု ဒုဝန်ကြီးချုပ်က အတင်းပြန်ခေါ်လို့ ပြန်လိုက်လာရတယ်'' ဟု ညည်းညည်းညူညူ ပြောရှာပါသည်။

နောက်များမကြာမီ စီမံကိန်းနှင့် ဘဏ္ဍာရေး ကိစ္စရပ်များကို နား လည်သည် သဘောမပေါက်သော အသားစား ဗိုလ်မှူးကြီးဟောင်း ဦးလွင် က ဒေါက်တာမောင်ရှိန်အား အရိုးအရွက်ကျွေးပြီး ဒုတိယဝန်ကြီး ရာထူး ပေးကာ အသုံးချပါတော့သည်။ ထို့နောက် ဒုတိယဝန်ကြီး ၁၀ နှစ်ကျော် သက်ရှိပြီးသော်လည်း ဒေါက်တာမောင်ရှိန်သည် ဝန်ကြီးရာထူးကို မရ၍ ကန်တန်တန် ဖြစ်လာသောကြောင့် လုပ်ငန်းစစ်ဆေးရေး အဖွဲ့ဝင် အဖြစ် ပြောင်းရွှေ့ ချောင်ထိုးခံခဲ့ရပါသည်။ ရှစ်လေးလုံး အရေးအခင်း ကြောင့် အရိုးအရွက်စားဘဝမှ ကျွတ်လွတ်ပြီး ၄င်းလိုလားသော နိုင်ငံ ခြားအလုပ်ကို အသက်အရွယ်ကြီးကာမှ သားအရွယ်၊ သားမက် အရွယ် လူငယ်များ လက်အောက်တွင် လုပ်ကိုင်နေရရှာပါသည်။

စာရေးသူသည် နိုင်ငံခြားရေး၊ ဝန်ထမ်းဘဝတွင် နှစ်ပေါင်း ၂၆

နှစ်ကျော်မျှ ကျင်လည်ခဲ့စဉ်က တွေ့ကြုံကြားသိခဲ့ရသော အာဏာရှင် စစ်ဗိုလ်များက အရပ်သား ပညာရှင်တို့အား ညစ်ညစ်ပတ်ပတ် ဆဲရေး တိုင်းထွာခြင်း၊ ဗိုင်တွဲများဖြင့် ပစ်ပေါက်ခြင်း၊ လက်သီးနှင့် မျက်နှာ ကိုထိုးခြင်း၊ မတ်တပ်ရပ် ဒဏ်ပေးခံရခြင်း စသော ဗိုလ်ကျနှိပ်စက်သည် များကို နောက်နောင်တွင် အလျဉ်းသင့်သလို ဆက်လက်ဖော်ပြသွားပါ မည်။

ပညာတော်၌ ကျောင်းဆရာကြီးများထံတွင်ပင် အဆိုအဆဲ မခံခဲ့ ရဖူးသော်လည်း စာမေးပွဲကျပြီး ကျောင်းဆက်တက်၍ မရနိုင်သော ကြောင့် စစ်တပ်ထဲ ဝင်သွားကြသူများထံတွင်မှ အဆဲခံ၊ ဒဏ်ပေးခံနေ ရ၍ ဒူးနှင့်မျက်ရည် သုတ်နေခဲ့ကြရသော ကြီးကောင်ကြီးမား ပညာရှင် အရာရှိကြီးများအား ယနေ့ထက်တိုင် မျက်စိထဲတွင် ကွင်းကွင်းကွက်ကွက် မြင်ယောင်လျက် ရှိနေပါသေးသည်။

သို့ပါ၍ စစ်အာဏာရှင် လက်အောက်တွင် နှစ်ပေါင်း ၃၀ ကျော် လုံးလုံး ကိုယ့်လုပ်စာ ကိုယ်စားလာကြရရှာသော ရိုးသားဖြောင့်မတ် သည့် ပြည်သူ့ဝန်ထမ်းကောင်းများ အနေဖြင့် မိမိတို့ ဖြတ်သန်းကြီးပြင်း လာခဲ့ရသော စစ်အာဏာရှင် လက်အောက်မှ အနိဋ္ဌာရုံများကို မမေ့မိဋ္ဌာန် ကျကျ ပြန်လည်သုံးသပ်ပြီး လက်တစ်ဆုပ်စာ စစ်အာဏာရှင် တစ်စုနှင့် အရိုးအရွက်မျှသာ စားနေရရှာသည့် အတွင်းအကျဉ်းသမား ပညာရှင်ဆိုသူ ဒေါက်တိုင်များအား ကျူပင်ခုတ် ကျူငုတ်ပင်မကျန်အောင် သုတ်သင် နိုင်ပါမှသာလျှင် နောင်လာနောင်သား သားသမီး မြေးမြစ်များ၏ ဘဝ သည် သာယာချမ်းမြေ့လာမည်သာ ဖြစ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၂၀-၂၁၊ နိုဝင်ဘာလ ၁ ရက်နှင့် ၁၆ ရက်၊ ၁၉၉၃ ခုနှစ်။

❐

## ဆိုးဆိုးပေပေ တို့တိုင်းပြည်၊
## မှောက်မှောက်ပျံ့ပျံ့ တို့နိုင်ငံ

၁၉၈၅ ခုနှစ် မြန်မာ့လွတ်လပ်ရေးအောင်ပွဲ နှစ်ပတ်လည်နေ့ တွင် ပြုလုပ်ကျင်းပသော နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ပျော်ပွဲရွှင်ပွဲ အခမ်းအနားသို့ မဆလ နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးချုပ် ချစ်လှိုင် (ယခု တာစည်ပါတီ)က အမှာစကား ပြောကြားရာတွင် 'ဆိုးဆိုး ပေပေ တို့တိုင်းပြည်' 'မှောက်မှောက်ပျံ့ပျံ့ တို့နိုင်ငံ'ဟု ကာရံနှောထပ် များဖြင့် လျှာစလစ်ဖြစ်သွားပြီး ဘရိတ်အုပ်၍ မရတော့ဘဲ ဖာထေးပြော ဆိုနေသော်လည်း တက်ရောက်သူ ဝန်ထမ်းမိသားစုများ အနေဖြင့် သဘော ပေါက်ကြသည်မှာ 'တို့တိုင်းပြည်ကြီးတွင် အလွန်တရာမှပင် ဆို ဆိုးနွှမ်းလျက်ရှိပြီး မှောက်မှားရာတွင်လည်း မှန်တာမှလွဲ၍ ကျန်တာ အကုန် ဖြစ်နေသည့် ကိုယ့်ပေါင်ကိုယ်လှန်ထောင်းနေသည့် ဝန်ကြီး ပြောသော တရားများ'ဟုပင် ဖြစ်ပါသည်။

နိဂုံးတွင် ဝန်ကြီးဗိုလ်မှူးချုပ် ချစ်လှိုင်က ကိုယ့်နိုင်ငံ ဘယ်ဘဝမျိုး ရောက်နေရောက်နေ နိုင်ငံခြားရေး ဝန်ထမ်းများအနေဖြင့် အမိနိုင်ငံ ကိုသာ ကိုယ်စားပြုရမည်ဟု ဖွတ်တရွတ်မှာကြားနေခြင်းပင် ဖြစ်ပါသည်။

စစ်အာဏာရှင် ဆိုးပေ မောင်မဲများအား ကိုယ်စားပြုရန် မမှာ ကြားလိုက်၍သာ တော်ပေသေးသည်။ သို့အတွက် စာရေးသူသည် စစ် အေးပြ နဝတအစိုးရ၏ သံတမန်တစ်ယောက် မဟုတ်တော့ဘဲ ဒီမိုကရေစီ ကို မြတ်နိုးသော ပြည်သူအပေါင်း၏ သံတမန်အဖြစ် ယခုတိုင် လှုပ်ရှား လျက်ရှိနေနိုင်ပါသည်။

အမှန်တကယ်ပင် ပြည်ပရောက် မြန်မာအများစုသည် အလွန် တရားမှုပင် နှစ်သက်မြတ်နိုးဖွယ်ကောင်းသော မြန်မာပြည်ကြီးနှင့် မြန်မာ လူမျိုး၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ စသည့် အမွေ အနှစ်များကို ထိန်းသိမ်းပြီး တိုင်းပြည်၏ ဂုဏ်သရေကို မြှင့်တင်နေကြ သူများသာ ဖြစ်ပါသည်။ မြန်မာလူမျိုးများကြောင့် အမိမြန်မာ နိုင်ငံတော် ကြီးသည် ကျက်သရေမင်္ဂလာ အပေါင်းနှင့် ပြည့်စုံလျက် ရှိနေပါသော် လည်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လျစ်လျူရှု၍ အုပ်ချုပ်မင်းမူ နေသော ဦးနေဝင်းနှင့် စစ်အာဏာရှင်တစ်စုကြောင့်သာလျှင် အမိမြန်မာ ပြည်သည် အကျည်းတန် အရုပ်ဆိုးလျက်ရှိပြီး မြန်မာများအား ကမ္ဘာက လက်ခံသည့် အမှားအမှန်နှင့် အရှုံးအနိုင်ကိုပင် မခွဲခြားတတ်သော၊ တရား မျှတသည့် ယှဉ်ပြိုင်ခြင်း Fair Play ကိုပင် သဘောမပေါက်ကြသေး သော လူရိုင်းများအဖြစ် ကောက်ချက်ချခြင်းကို ခံနေကြရပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် နဝတ စစ်အစိုးရက ပြုလုပ်ကျင်းပခဲ့သော ပါတီစုံ အထွေ ထွေရွေးကောက်ပွဲကြီး၏ အနိုင်အရှုံးရလဒ်ကို ဦးဆောင်ကျင်းပခဲ့သည့် အစိုးရဆိုသော နဝတအဖွဲ့ကြီးကပင် ကလိမ်ကကျစ် လုပ်ခဲ့ခြင်းကြောင့် မြန်မာများ၏ စရိုက်ဗိဇကိုပင် လူမျိုးခြားများက ကဲ့ရဲ့ပြီး Fair Play ကို နားမလည်သော လူမျိုးဟု ရိတ်တိတိပြောဆိုနေကြပါသည်။

စစ်အာဏာရှင် ဦးနေဝင်း မကြီးစိုးမီက မြန်မာနိုင်ငံသည် ကမ္ဘာ့ အလယ်တွင် ပွဲလယ်တင့်ခဲ့ပြီး မြန်မာလူမျိုးများအား သမာသမတ်ရှိသော ပညာတတ်များအဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ကြရပါသည်။ မြန်မာ နိုင်ငံ၏ သမာသမတ်ရှိသော နိုင်ငံခြားရေးဝါဒကို ကမ္ဘာက လေးစားပြီး ကုလသမဂ္ဂ အဖွဲ့ချုပ်ကြီးတွင် မြန်မာသံတမန်ကြီး ဦးသန့်အား အတွင်း ဝန်ချုပ်အဖြစ် နှစ်ရှည်လများ တင်မြှောက်ထားခဲ့ကြပါသည်။ ဦးသန့် အား ကမ္ဘာ့ပြည်သူများ ယုံကြည်လေးစားပြီး တချို့နိုင်ငံများတွင် လမ်း အမည်များကိုပင် ဦးသန့်အမည်ပေးပြီး လူသေသော်လည်း နာမည် မသေ စေရန် ဂုဏ်ပြုခဲ့ကြပါသည်။

ဦးသန့်၏ ရုပ်ကလာပ်အား မြန်မာနိုင်ငံသို့ သယ်ဆောင်လာပြီး ရန်ကုန်မြို့တွင် ပြည်သူနှင့် အစိုးရ ပဋိပက္ခ ဖြစ်ကြသည့် ကိစ္စနှင့် ပတ်သက်၍ စာရေးသူအား ယူဂိုစလားဗီးယား ခေါင်းဆောင်တစ်ဦးက သမ္မတကြီးတီတိုး၏ ဂူဗိမာန်ထဲတွင် ပြောပြသည်မှာ "ခင်ဗျားတို့ နိုင်ငံ အစိုးရလောက် မိုက်မဲတဲ့ အစိုးရမျိုး ကမ္ဘာမှာ မရှိပါဘူးဗျာ။ ဦးသန့် ဟာ ကျွန်တော်တို့ ယူဂိုဆလပ်လူမျိုး ဖြစ်ခဲ့ရင် အရင်းအနှီးစိုက်ပြီး "ဦးသန့်ဂူဗိမာန်"ဆောက်ပြီး နိုင်ငံတကာမှ ကမ္ဘာလှည့် ခရီးသည်များ ကို ပြစားမှာ။ သားစဉ်မြေးဆက် တစ်သက်လုံး စားနေရမှာဗျာ။ ဒါ ရွှေအိုးကြီးဗျ။ ကမ္ဘာတည်သရွေ့ ရှိနေမယ့် ဘဏ်တိုက်ကြီးဗျ။ ခင်ဗျား တို့ အစိုးရဟာ ကိုယ့်လူမျိုး ကြီးပွားချမ်းသာမယ့် အခွင့်အလမ်းကို ပိတ်ပင်နေတာ အံ့ပါရောဗျာ"ဟု ကရုဏာဒေါသ စကားများကို ပြော ဆိုခဲ့ခြင်းပင် ဖြစ်ပါသည်။

၁၉၇၉ ခုနှစ်တွင် မြန်မာနိုင်ငံမှ ဒုတိယဝန်ကြီးချုပ် သူရဦးထွန်း တင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာ့ဘဏ် အစည်းအဝေးသို့ တက်ရောက်ရန် ဘဲလ်ဂရိတ်မြို့သို့ ရောက်ရှိလာခဲ့ သည်။ ယင်းအချိန်တွင် ဦးနေဝင်းသည် ဘာစိတ်ရှုးဝင်သွားမှန်း မသိဘဲ ဆိုင်းမဆင့်ဗုံမဆင့် မြန်မာနိုင်ငံသည် ဘက်မလိုက်နိုင်ငံများ အဖွဲ့ဝင် အဖြစ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပါသည်။ ဘက်မလိုက် အဖွဲ့ထဲ မှ မြန်မာနိုင်ငံ အနေဖြင့် မထွက်သင့်ကြောင်းကို နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးချုပ် မြင့်မောင်ကလည်း အစည်းအဝေး ကျင်းပရာမြို့မှ ကြေးနန်း ရိုက်၍ တင်ပြသည်။ ဒုတိယ နိုင်ငံခြားရေးဝန်ကြီး (ဒေါ်နီနီမြင့်၏ ဆရာ) ဦးတင်အုန်းအားလည်း ဦးနေဝင်းထံ အခစားဝင်ပြီး မထွက်သင့် ကြောင်း အကျိုးအကြောင်း တင်ပြစေပါသည်။ ဦးနေဝင်းအနေဖြင့် ထွက် ပြီးသားဆင်စွယ် ပြန်ဝင်တယ်မရှိသောမူအရ အဖွဲ့အစည်းအဝေးသို့ တက် ရောက်နေသည့် နိုင်ငံခြားရေး ဝန်ကြီးအဖွဲ့အား တပ်ခေါက် ပြန်လာစေခဲ့ ပါသည်။

ဘက်မလိုက်နိုင်ငံများ၏ အမြုတေ ယူဂိုဆလားဗီးယားနိုင်ငံ ခေါင်းဆောင်များကလည်း ဘဲလ်ဂရိတ်မြို့သို့ ရောက်ရှိနေသော ဒုတိယ ဝန်ကြီးချုပ် ဦးထွန်းတင်အား လူရာသွင်းပြီး အကျိုးအကြောင်းကို လိုက် မေးနေ၍ ဒုတိယဝန်ကြီးချုပ်သည် ဘုမသိဘမသိ ဘာတစ်ခုမှ မဖြေ ကြား..နိုင်ဘဲ ရှောင်ပုန်းနေခဲ့ရပါသည်။ စာရေးသူအား သံအမတ်ကြီးက ၄င်းအိမ်တွင် အစည်းအဝေး လုပ်မည်ဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးချုပ် နှင့် အဖွဲ့လည်း လာကြလိမ့်မည် ဖြစ်သည့်အလျောက် သံရုံးမှ လူတွေ အကုန်လာကြရန်ပြော၍ သံအမတ်ကြီးအိမ်သို့ သွားခဲ့ကြရပါသည်။ သံအမတ်ကြီး အိမ်တွင် တစ်နေ့သာကုန်၍ ဒုတိယဝန်ကြီးချုပ်လည်း စားသောက်ပြီး တည်းခိုရာ ဟိုတယ်သို့ ပြန်သွားခဲ့ပါသည်။ သံရုံးအဖွဲ့ဝင် များက သံအမတ်ကြီးအား ဘာအစည်းအဝေးမှလည်း မလုပ်ပါလားဟု မေးမြန်းကြတော့မှ ဘက်မလိုက်အဖွဲ့က ထွက်သည့်ကိစ္စနှင့် ပတ်သက်၍ ယူဂိုဆလပ် လူကြီးတွေက မေးနေကြသဖြင့် တမင်သက်သက် သံရုံးမှာ အစည်းအဝေးရှိတယ်ဟု အကြောင်းပြပြီး လာရှောင်ပုန်းနေကြောင်း သိရှိ ခဲ့ကြရပါသည်။

ဦးနေဝင်းအနေဖြင့် ဘက်မလိုက် နိုင်ငံများအဖွဲ့တွင် ဆိုဗီယက် ပြည်ထောင်စု နိုင်ငံအချို့က အုပ်စုဖွဲ့ကာ ဘက်လိုက်နေကြသည်ကို မကျေနပ် ၍ နိုင်ငံရေးကစားကွက် ဖန်တီးလိုက်ခြင်း ဖြစ်သော်လည်း တကယ့် တကယ်တွင် ဘာမှအရာမထင်ဘဲ အဖွဲ့ဝင်အဖြစ်မှ ထွက်သွားသော ပေါ လုပ်ရပ်အဖြစ်သာ အဖတ်တင်ခဲ့ပါသည်။

နောက်များမကြာမီ ဒေါသပြေပြီး ကြောက်စိတ်ဝင်လာသော ဦးနေဝင်းသည် ဆရာကြီးအား ခေါင်းခေါက်မိ၍ တပည့်အား ခြေထောက် ကိုင်ပြီး တောင်းပန်ရန်အတွက် လက်ဝဲအုပ်စုတွင် အငယ်ဆုံး တပည့် ဖြစ်သော လာအိုနိုင်ငံသို့ သမ္မတကြီး ဦးစန်းယုအား ချစ်ကြည်ရေး အလည်အပတ်ခရီးလွှတ်ကာ မျက်နှာချိုသွေးခဲ့ရပါသည်။

တောက်တဲ့မြည်သံကိုပင် ကြောက်လန့်၍ အိပ်မပျော်တတ်သော ဗညဲ့ဂေဟာရှိ ရေနွေးဘွိုင်လာအိုးမှ ရေစက်ကျသံ ကြားရုံဖြင့် မျက်

ကြောင်နေပြီး ငါ့ကို ဆေးရုံပြန်ပို့ဟု သွေးဆုတ်ပြီး ဂျိုက်တက်သော ဆရာမိတရား များလှသည့် ဦးနေဝင်းနှင့် တပည့်အာဏာသားများ၏ ကြောင်တောင်တောင်၊ အတတ အလွန်ဌကျလှသော စာတလမ်းအချို့ ကြင် စာရေးသူတို့ ဝန်ထမ်းများသည်လည်း ကျွန်နောက်သားပေါက် အဆစ်ပါဆိုသည့် ဖြစ်ရပ်တချို့ကို တွေးကြည့်မိတိုင်း အူလည်လည်နှင့် ပေါ်ချင်နေပါသည်။

အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ် အင်ဒီရာဂန္ဒီ လုပ်ကြံခံရသည့် သတင်း ကို နိုင်ငံခြားရေဒီယို သတင်းများမှ ကြားသိရသူ ဦးနေဝင်းက ၎င်း ကိုယ်တိုင် အင်ဒီရာဂန္ဒီ၏ နိုင်ငံတော် ဈာပနသို့ တက်ရောက်မည်ဟု နိုင်ငံခြားရေး ဝန်ကြီးအား အမိန့်ရှိ၍ စာရေးသူနှင့် ရုံးအဖွဲ့ခွဲမှူး ဦးမြင့် တော်တို့သည် ရုံးဆင်းချိန်ခန့်တွင် ဦးနေဝင်းနှင့် အဖွဲ့ဝင်များ၏ နိုင်ငံကူး လက်မှတ်များကို ပိုက်ပြီး ရန်ကုန်မြို့ အိန္ဒိယသံရုံးသို့ သွားရောက်လျှက် ဗြည့်ဝင်ဗီဇာ တောင်းခံကြရပါသည်။ စာရေးသူတို့ အိန္ဒိယသံရုံးသို့ ရောက်သွားချိန်အထိ ၎င်းတို့ အစိုးရက သေသည်ရှင်သည်ကို တရားဝင် ကြေညာပြန်ရသေးခြင်း၊ အောအိန္ဒိယ အသံလွှင့်ဌာနမှပင် တရားဝင် မကြေ ညာသေးခြင်း စသည်များကြောင့် စာရေးသူတို့အား သံရုံးအတွင်းဝန်က ဦးမှာ တအုံ့တည်းမကြည်မဖြူဖြင့် မလိုတမာ မောက်မာစွာဆက်ဆံပြီး ဧည့်ခန်းတွင် ထိုင်နိုင်းထားခဲ့ပါသည်။ သုံးလေးနာရီခန့် ထိုင်စောင့်ရပြီး ၎င်းတို့ အစိုးရက တရားဝင် ထုတ်ပြန်ကြေညာပြီဟုပြောပြီး နိုင်ငံကူး လက်မှတ်များကို ဗီဇာရိုက်ပေးနိုင်ရန် လက်ခံကြပါသည်။ ည ၉ နာရီ ခန့်တွင်မှ နိုင်ငံကူးလက်မှတ်များ ပြန်ရပြီး အိန္ဒိယအတွင်းဝန်က ဦးနေဝင်း နှင့်အဖွဲ့ တက်ရောက်မည့်ကိစ္စကို နယူးဒေလီမြို့ရှိ ၎င်းတို့ နိုင်ငံခြားရေး ဝန်ကြီးအား အကြောင်းကြားပြီး ဖြစ်ကြောင်းနှင့် အသုဘကိစ္စ အသေး စိတ်ကို ထပ်မံ၍ အကြောင်းကြားပါမည်ဟု ပြောဆိုလာပါသည်။ စာရေး သူတို့အနေဖြင့် ရုံးဆင်းချိန်မှစ၍ ဗိုက်တဆာဆာနှင့် နိုင်ငံကူးလက်မှတ် များကိုပိုက်လျှက် ဘယ်မှမထရဲဘဲ အူကြောင်ကြောင်နှင့် လုပ်ဆောင်ခဲ့ သော်လည်း တကယ်တွင် ဦးနေဝင်း၏ လိမ့်လုံးမှုသာ ဖြစ်ပါသည်။

အင်ဒိုရာဂန္ဓီ ရှာပမှာအခမ်းအနားသို့ ဦးနေဝင်း တက်ရောက်ခဲ့ခြင်း မရှိခဲ့ပါပေ။

နိုင်ငံတော် အာဏာကို ဓားပြတိုက်ယူထားသော အာဏာရှင် ဦးနေဝင်း အနေဖြင့် နိုင်ငံတကာ ခေါင်းဆောင်ကြီးများ စုံညီစွာ တက်ရောက်ကြမည့် နိုင်ငံတော် အသုဘများသို့ ကိုယ့်လိပ်ပြာ ကိုယ်မလုံ၍ မတက်ရဲခဲ့ခြင်း ဖြစ်ပါသည်။

၁၉၈၀ ခုနှစ်က သမ္မတကြီး တီးတိုး၏ နိုင်ငံတော် ရှာပမှာ အခမ်းအနားသို့ နိုင်ငံအကြီးအကဲပေါင်း ၁၂၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည့် အထဲတွင် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံမှလည်း ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် အဖွဲ့လည်း ပါဝင်ခဲ့ပါသည်။ ဝန်ကြီးချုပ် ဦးမောင်မောင်ခသည် တခြားနိုင်ငံမှ ခေါင်းဆောင်များနှင့် ပြောဆိုဆက်ဆံရမည်ကို ကြောက်ရွံ့ခြင်းနှင့် အထူးသဖြင့် သတင်းထောက် သတင်းစာဆရာများ၏ အမေးအမြန်းအား ဖြေကြားရမည်ကို သွေးလန့်နေခြင်းတို့ကြောင့် စာရေးသူတို့ သံရုံးအဖွဲ့ဝင်များအား သမ္မတကြီး တီးတိုး၏ ရုပ်ကလာပ် မြေမကျမီ အသုဘပို့သည့် နိုင်ငံတကာခေါင်းဆောင်များ၏ ရှည်လျားသော မော်တော်ယာဉ်တန်းထဲမှ အသာအေးလွတ်ကျွန်ခဲ့ပြီး မသိမသာ နောက်ဖေးပေါက်မှ လစ်နိုင်ရန် စီစဉ်ခိုင်းခဲ့ပါသည်။ ဘဲလ်ဂရိတ်မြို့မှ အသုဘကိစ္စမပြီးမြောက်ခင် ထွက်သွားရလျှင်ပြီးရော။ မော်တော်ယာဉ်များဖြင့် ဆွစ်ဇလန်နိုင်ငံ အထိသော်လည်းကောင်း၊ သို့မဟုတ် လေယာဉ်ဖြင့် ရရာတစ်နိုင်ငံသို့သော်လည်းကောင်း စီစဉ်ခိုင်း၍ ဘဲလ်ဂရိတ်မြို့မှ ဆွစ်ဇလန်နိုင်ငံသို့ ညနေ ၄း၃၀ ခန့်တွင် ထွက်သည့် ဆွစ်ဇလန်လေကြောင်းဖြင့် စီစဉ်ပေးလိုက်ရဖူးပါသည်။ အသုဘသည် ညနေ ၅း၃၀ ခန့်တွင်မှ တီးတိုးဗိမာန်တွင် ဂူသွင်းသဂြိုဟ်ချိန်တွင် နိုင်ငံတကာမှ ခေါင်းဆောင်များသည် မော်တော်ယာဉ်ပေါ်မှဆင်း အချင်းချင်း မိတ်ဖွဲ့၍ အာလာပသလ္လာပ ပြောဆိုပြီးသကာလ နိုင်ငံရေး အမြင်ချင်း ဖလှယ်ကြပါမည်။ မြန်မာဝန်ကြီးချုပ် ဆိုသူတွင် အသုဘပို့ရန်မှ လွဲ၍ အခြားနိုင်ငံ ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေး ပြောဆိုပိုင်ခွင့်ကို

အာဏာရှင် ဦးနေဝင်းက ပါမစ်ပေးမထား၍ လမ်းခုလတ်မှ ပြန်သွားခြင်းကို အပြစ်မဆိုသာပေ။ တစ်ခုခုပြောမိ၍ သတင်းစာတွင် ပါသွားပါက ဦးနေဝင်း၏ နားသို့ ပေါက်ရောက်သွားနိုင်ပါသည်။ အပြောဆော်လျှင် ဘာစ်ခွန်းတည်းနှင့် အဆီတဝင်းဝင်း နိုက်စား၍ရသော ဝန်ကြီးချုပ် ရာထူးကြီးကိုပင် တီးတိုးအသုဘနှင့်အတူ ဝှမ်းမာန်ထဲသို့ ရောက်သွားနိုင်ပါသည်။

တစ်ချိန်က ဘန်ကောက်မြို့ လေဆိပ်တွင် ဒုတိယဝန်ကြီးချုပ် ဦးလွင် (ယခု အင်အယ်ဒီပါတီအား အပိုင်စီးထားသူ)သည် ဖိလစ်ပိုင်နိုင်ငံတွင် ကျင်းပမည့် ကမ္ဘာ့ဘဏ်အစည်းအဝေးသို့ အသွားခရီးတွင် သတင်းစာဆရာမတစ်ဦး လာရောက်မေးမြန်းသည်ကို မလွှဲသာ မရှောင်သာ၍ ဖြေကြားခဲ့ရပါသည်။ ထို့နောက် ဦးလွင်က ကြောက်ကြောက်လန့်လန့်ဖြင့် သံရုံးအဖွဲ့ဝင်များအား 'သတင်းစာထဲမှာ ကျွန်တော်ပြောတာတွေ မပါအောင် သွားပိတ်ပေးဗျာ' ဟု ထိတ်လန့်တကြား ပြောပါသည်။ ဂျပန်မှာတစ်ခါ သတင်းစာတွင် သူ့စကားပါသွား၍ ဦးနေဝင်းက ခေါ်ပြီး သတိပေးခြင်း ခံထားရပြီးဖြစ်ကြောင်း၊ နောက်တစ်ကြိမ် သတင်းစာတွင်ပါလျှင် သူ့ရာထူး ပြုတ်တော့မည်ဖြစ်ကြောင်း ပြောကြားဖူးပါသည်။

စစ်အာဏာရှင် ဦးနေဝင်း၏ အုပ်စိုးမှုအောက်တွင် တိုင်းသူပြည်သား တစ်ရပ်လုံးသာ ကြောက်ရွံ့မှုနှင့် ဖိနှိပ်မှုအောက်တွင် နေထိုင်ကြရခြင်းမဟုတ်ဘဲ ၎င်း၏ ခေါက်တိုင် အစိုးရအကြီးအကဲများပင် ကျီးလန့်စာစား ကြောက်လန့်တကြားဖြင့် နေထိုင်ကြရသည်မှာ လက်တွေ့ဖြစ်ရပ်များပင် ဖြစ်ပါသည်။

တလောကလည်း နိုင်ငံခြားရေးဝန်ကြီး ဦးအုန်းကျော်နှင့် တရုတ်သံအမတ်ကြီးတို့ ဆွေးနွေးချက်အချို့ကို ကြားသိလိုက်ရပါသေးသည်။ ရန်ကုန်မြို့ရှိ တရုတ်သံအမတ်ကြီးအား ဆင့်ခေါ်ပြီး ရခိုင်ပြည်နယ်ဘက်မှ ထွက်ပြေးသွားကြသည့် ခုက္ခသည် မွတ်ဆလင်များ အရေးကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ အစည်းအဝေးတွင် မြန်မာစစ် အစိုးရ၏ ရပ်တည်ချက်များကို တရုတ်နိုင်ငံ ကိုယ်စားလှယ်က ဝင်ရောက်ပြီး မထောက်ခံ

သောကြောင့် ''အစ်ကိုပေါက်ဖော်တို့ကိစ္စမှာ အုံးအုံးတို့က အမြဲထောက်ခံ ပေးနေပါလျက် အုံးအုံးတို့ကိစ္စမှာ အစ်ကိုကြီးတို့က ဘာမှဝင် မပြောတာ အုံးအုံးတို့ သိပ်ဝမ်းနည်းတာပါပဲ'ဟု ဒေါသသံနှောပြီး မယားငယ်ကလေး မျက်နှာမျိုးဖြင့် အပြစ်တင် ရန်တွေ့နေ၍ အစ်ကို ပေါက်ဖော်ကြီးတို့က ပြုံးဖြဲဖြဲရယ်ပြီး ဘာမှ ပြန်မပြောဘဲ ထပြန်သွားခဲ့ပါသည်။

ယင်းကိစ္စနှင့် ပတ်သက်၍ ခြစည်းရိုးခွထိုင်နေသော ဝန်ထမ်းကြီး တစ်ဦး၏ မှတ်ချက်ကိုလည်း တဆင့်စကား ကြားသိလိုက်ရ ပြန်ပါသည်။ ထိုအခါက ပေါက်ဖော်သံအမတ်ကြီး၏ အတွင်းစိတ်ထဲတွင် 'အုံးအုံးတို့ ထက် ပို၍ချစ်ရပါသော၊ အုံးအုံးတို့ထက် ပို၍ လက်နက်ပစ္စည်း အဝယ် များသော အရှေ့အလယ်ပိုင်းက အချစ်ဦး မဂိုမဒေဘာတီများ၏ အပြ အငြင်ကို မခံလို၍ပါ'ဟု ပြောနေသယောင်ယောင် ထင်ရကြောင်းနှင့် တရုတ်ကြီးက အုံးအုံးကလေး၏ နှုတ်သီးကောင်း လျှာပါး ရန်တွေ့ သည်ကို ဘာတစ်ခွန်း ပြန်မပြောဘဲ လူပါးဝလွန်းသော တရုတ်သံ အမတ်ကြီး၏'သံတမန်နှာစေးသည့် ဇာတ်လမ်း'မှတ်ချက်ပင် ဖြစ်ပါသည်။

ထို့အပြင် ဥရောပဘုံဈေး အဖွဲ့ဝင်နိုင်ငံများမှ ၎င်းတို့၏ စစ်သံမှူး ရုံးများအား ပဏာမ သံတမန်ပိတ်ဆို့ ကန့်သတ်သည့် သဘောဖြင့် ၁၉၉၂ ခုနှစ်ဦးပိုင်းကပင် ရုပ်သိမ်းသွားခဲ့ကြပါသည်။ အမေရိကန် သံအမတ် ကြီးအား မြန်မာနိုင်ငံမှ ရုပ်သိမ်းထားသော်လည်း မြန်မာသံအမတ်ကြီး ဦးသောင်းသည် အရှက်မရှိစွာဖြင့် ဝါရှင်တန်မြို့တွင် ဆက်လက် နေထိုင် လျက် ရှိနေပါသည်။

သံတမန်လောက၏ ဥပဒေသတွင် နှစ်နိုင်ငံ ဆက်ဆံရေး မကောင်းပါက ပြုလုပ်ကြသော အောက်ဖော်ပြပါ နည်းလမ်းသုံးသွယ် ရှိပါသည်။

(၁) မိမိ၏ သံအမတ်ကြီးအား ဆွေးနွေးညှိနှိုင်းရန်ဟု အကြောင်း ပြ၍ ပြန်လည်ခေါ်ယူခြင်း၊ (Consultation)

(၂) မိမိ၏ သံအမတ်ကြီးအား ပြန်လည်ရုတ်သိမ်းခြင်း၊ (Withdrawal)

(၃) သံတမန် အဆက်အသွယ် ဖြတ်တောက်ခြင်း။ (Breaking relation)

မြန်မာအစိုးရကလည်း အပြန်အလှန်သဘောဖြင့် ဥရောပဘုံဈေးအဖွဲ့ဝင်နိုင်ငံများတွင်ရှိသော မြန်မာစစ်သံမှူး၊ ဗိုလ်မှူးကြီးများအား လန်ဒန်မြို့နှင့် ဘွန်းမြို့များမှ ၁၉၉၂ ခုနှစ်၊ မတ်လကုန်ကပင် ပြန်လည်ခေါ်ဆောင်သွားသော်လည်း စစ်သံရုံးအား မရုတ်သိမ်းသေးဘဲ အရာခံ ဗိုလ်တစ်ဦးနှင့်တပ်ကြပ်သုံးလေးဦးဖြင့် ပုန်းလျှိုးကွယ်လျှိုး ဆက်လက်ဖွင့်လှစ်ထားပါသည်။

မြန်မာစစ်သံရုံးများရှိ အောက်လက်ငယ်သား အရာခံဗိုလ် (စစ်သံရုံးအုပ် ရာထူး)နှင့် တပ်ကြပ်ကြီး (စာရေးရာထူး) များကို သုံးနှစ်တစ်ကြိမ် စစ်တပ်များတွင် ရေးဖြေစာမေးပွဲ ကျင်းပပြီး အလှည့်ကျတစ်သက်တစ်ကြိမ် နိုင်ငံခြားတွင် တာဝန်ထမ်းဆောင်ခွင့် ပြုထားသည်။ အဆိုပါမူအရ လန်ဒန်မြို့မှ တပ်ကြပ်ကြီးတစ်ဦးနှင့် ဘွန်းမြို့မှ တပ်ကြပ်ကြီး တစ်ဦးတို့သည် ၁၉၉၃ ခုနှစ် စက်တင်ဘာလအတွင်း သက်တမ်းစေ့၍ ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့ ခံကြရပါသည်။ စာမေးပွဲအောင်သော တပ်ကြပ်ကြီးများအနက်မှ လန်ဒန်မြို့သို့တာဝန်ကျသည့် တပ်ကြပ်ကြီး ညိုမြင့်နှင့် ဘွန်းမြို့သို့ တာဝန်ကျသည့် တပ်ကြပ်ကြီး လှမြင့်တို့သည် တရားဝင် ခန့်အပ်ထားပြီးဟု ပြောထားသော လန်ဒန်မြို့နှင့် ဘွန်းမြို့သို့ တပ်ကြပ်ကြီး စစ်သားများအနေဖြင့် သက်ဆိုင်ရာ ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးနှင့် ဂျာမနီ သံရုံးတို့တွင် ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခဲ့ပါက အလိမ်ပေါ်ပြီး အပယ်ခံရမှာ သေချာလှပါသည်။ သို့ပါ၍ အလွန်လိမ်တတ် ညာတတ်သော စစ်မဟာဗျူဟာ လေ့လာရေး ဌာနကြီးမှူး အပေါက်စောင့် ခင်ညွန့်က အဆိုပါ တပ်ကြပ်ကြီးတို့အား နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးပြီး အရပ်သား စာရေးများအဖြစ် အရေခွံပြောင်းမြုံစေ၍ မြန်မာသံရုံးတွင် အမှုထမ်းမည့် အရပ်သား နိုင်ငံခြားရေးရုံးမှ ဝန်ထမ်းများဟု လိမ်ညာလျက် ဗီဇာလိမ်လျှောက်ထားသောက်တိုက်ဘာလ ပထမအပတ်တွင်ပင် စေလွှတ်လိုက်ပြီး ဖြစ်ပါသည်။

အပေါက်စောင့် ခင်ညွန့်၏ လုပ်ရပ်များသည် လူမြင်မည်စိုး၍ ကလေးများ ရေထဲငုပ်ပြီး ချေးပါသကဲ့သို့ လူမပေါ်ခင် ချေးပေါ်လာသည့် မဟာစစ်ဗျူဟာ နည်းပရိယာယ်ကြီး တစ်ခုပင် ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးမ ဩဝါဒအရ ဆိုပါမူ စစ်အာဏာရှင် ဦးနေဝင်းနှင့် အပေါက်စောင့် ခင်ညွန့်တို့သည် "မှားမှန်းသိလျက်နှင့် မမှန်သော စကားကိုဆိုရန် မကြောက်သူအဖို့ သူမလုပ်ရဲသော၊ မကိုင်ရဲသော မကောင်းမှုဟူသည် မရှိတော့ပြီ" ဖြစ်ခြင်းကြောင့် အမိနိုင်ငံတော်ကြီးသည် "ဆိုးဆိုးပေပေ တို့တိုင်းပြည်" ဘဝတွင် စုံးစုံးမြုပ်လျက် ရှိနေသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ ပြန်လည်သုံးသပ်ကြပါက 'အမျိုးသားနိုင်ငံရေးကိုသာ ဆောင်ရွက်နေသည်' ဟုဆိုသော စစ်အာဏာရှင်တစ်စုကြောင့် မြန်မာတစ်မျိုးသားလုံး၏ ဂုဏ်သရေ ဆုတ်ယုတ်မှုများကို ကယ်တင်နိုင်မည့် သူများသည် စစ်အာဏာရှင်စနစ်၏ အနိဋ္ဌာရုံများကို ကိုယ်တွေ့မျက်မြင် ခံစားကြုံတွေ့ခဲ့ကြသော ပြည်သူလူထုအပေါင်းနှင့် ရိုးသားသည့် တပ်မတော်သားကောင်းများပင် ဖြစ်ပါသည်။

မျက်အစဉ် ပြင်ဓာဆိုသော ပညာရှိကြီးများ၏ စကားကို ယုံကြည်သူ မြန်မာနိုင်ငံသားကောင်းများအနေဖြင့် စစ်အာဏာရှင် စနစ်အောက်တွင် သက်ဆိုးရှည်နေသော "ဆိုးဆိုးပေပေ တို့တိုင်းပြည်" ကြီးအား ကိုယ်နိုင်ရာ၊ ကိုယ်ဆိုင်ရာ အပိုင်းမှ အမြန်ဆုံး ကယ်တင်ကြပါရန်ဟု တပ်လှန့်နှိုးဆော်လိုက်ရပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၂၂၊ ဒီဇင်ဘာလ၊ ၁၉၉၃ ခုနှစ်။

❖

## တစ်သီးစား နှစ်သီးစား
## အကျင့်ပျက်သော စစ်ဗိုလ်များ

တောင်သူလယ်သမား၏ ဘဝတွင် တစ်နှစ်တာ ရာသီကာလအတွင်း အဓိက ဆန်၊ ပြောင်း၊ ဂျုံ စသော ကောက်ပဲသီးနှံ အမျိုးမျိုးကို စိုက်ပျိုး ရိတ်သိမ်းအပြီးတွင် ရာသီမကုန်သေးပါက ကျန်သည့်အချိန်တွင် အခြား နှမ်း၊ ပဲ၊ ဝါ၊ နေကြာ စသည့် အသီးအနှံ တစ်မျိုးမျိုးကို စိုက်ပျိုးကြပြီး နောက်တစ်သီး စားကြရ ပြန်ပါသည်။ ထို့ကြောင့် တောင်သူလယ်သမား လောကတွင် တစ်သီးစား၊ နှစ်သီးစားဆိုသည့် စကားရပ်သည် လုပ်အားအလျောက် ဝီရိယ အကျိုးကို ခံစားရသော စကားရပ်တစ်ခု ဖြစ်ပါသည်။

သို့ရာတွင် စာရေးသူတို့ ဝန်ထမ်းလောကတွင် ဝန်ထမ်းတစ်ဦး (စစ်သား၊ ရဲသား၊ အရပ်သားများ)သည် ဌာနဆိုင်ရာ အလုပ်ခွင် စည်းကမ်းဥပဒေများအရသော်လည်းကောင်း၊ ရာဇဝတ် ပြစ်မှုဆိုင်ရာ ဥပဒေအရသော်လည်းကောင်း အရေးယူ အပြစ်ပေးခံရပါလျှင် ဘဝပျက်ပြီး နောက်တစ်ကြိမ် ပြည်သူ့ဝန်ထမ်းဘဝနှင့် လွတ်တော် အမတ်ဆိုလျှင်လည်း ပြည်သူ့ကိုယ်စားလှယ် ဘဝကို ရရှိရန် လုံးဝအခွင့်အလမ်း မရှိတော့၍ ဝန်ထမ်းလောကတွင် တစ်သီးစား စနစ်ဆိုသည်မှာ ကောင်းမွန်သော လက္ခဏာကို ဆောင်ပါသည်။

အကျင့်ပျက်၊ စည်းကမ်းပျက်သော ဝန်ထမ်းတစ်ဦးအား ဌာနတစ်ခုခုတွင် အပြစ်ပေး ဒဏ်ခတ်ပြီးပါက နောက်ထပ် ဌာနတစ်ခုခုသို့

ထပ်မံပြောင်းရွှေ့ ခန့်အပ်ပေးခြင်းများသည် ယဉ်ကျေးသော ဒီမိုကရက်တစ် နိုင်ငံများတွင် ထုံးစံမဟုတ်၊ အစဉ်အလာမရှိ၊ ဘယ်နိုင်ငံ တွင်မျှ မတွေ့ရှိနိုင်သော်လည်း မြန်မာနိုင်ငံကဲ့သို့ သေနတ်အားကိုးဖြင့် ဗိုလ်ကျ စိုးမိုးနေသော စစ်အာဏာရှင်စနစ် ထွန်းကားသည့် နိုင်ငံတချို့တွင်မူ မကြာမကြာ တွေ့ရှိနိုင်ပါသည်။

ဦးနေဝင်း၏ စစ်အာဏာရှင် စနစ်အောက်တွင် အကျင့်ပျက်သော စစ်ဗိုလ်များသည် စစ်တပ်တွင် အရေးယူ အပြစ်ပေးခံရပါက ပါတီကောင်စီဖက်သို့ လွှဲပြောင်းပေးလိုက်၊ တစ်ဖန် ပါတီကောင်စီတို့တွင် အကျင့်ပျက်ပါက အရပ်ဘက်၊ ရဲဘက်၊ အစိုးရအမှုထမ်း ဘဝသို့ လွှဲပြောင်းပေးလိုက် စသည်ဖြင့် စစ်ဗိုလ်များသည် ဘယ်တော့မှ အပါယ်မသွားသည့် နှစ်သီးစား၊ သုံးသီးစား ဆယ့်နှစ်ရာသီ သီးပွင့်နေသည့် အခွင့်ထူးခံ လူတန်းစားဘဝကို ရရှိနိုင်သည့်အပြင် ရာထူးအရှိန်အဝါဖြင့် သီးထပ် သီးညှပ်အဖြစ် ခိုးဝှက်စားသောက်၊ အိမ်ဆောက်၊ ကားဝယ်၊ မယားငယ်ထားကြသည့် ကိုယ်တွေ့မျက်မြင်များကို ရေးသားပါက တထောင့်တည ပုံပြင်များထက် ရှည်လျားထွေပြားနေမည်ပင် ဖြစ်ပါသည်။

ဦးနေဝင်းသည် အာဏာသိမ်းပြီး ဂေါက်သီး အားကစားရောဂါထနေချိန်တွင် ထူးချွန်သော ဂေါက်သီးသမား ကိုမြအေးအား ဦးနေဝင်း၏ အစီအစဉ်ဖြင့် အမေရိကန်နိုင်ငံသို့ ပို့ပြီး ဝါရှင်တန်မြို့ရှိ စစ်သံမှူးကြီး ကြည်ဟန် (ယခု ဗိုလ်ချုပ်အောင်ကြီးပါတီဝင်) နေအိမ်တွင် ခေတ္တနေထိုင်စေလျက် ဂေါက်သီးပညာများကို လေ့လာခိုင်းထားခဲ့ပါသည်။ တစ်နေ့သ၌ ဗိုလ်မှူးကြီး ကြည်ဟန် ခရီးထွက်နေချိန်တွင် စစ်သံရုံးမှ တပ်ကြပ်ကြီးများက ကိုမြအေးအား ထမင်းဖိတ်ကျွေးပြီး စကားစမြည်ပြောဆိုနေကြပါသည်။ ယင်းအချိန်တွင် အလုပ်ကိစ္စတစ်ခုကြောင့် လက်ထောက် စစ်သံမှူး ဗိုလ်မှူးကျော်မြင့်သည် အဆိုပါ တပ်ကြပ်ကြီးနေအိမ်သို့ အမှတ်မထင် ရောက်ရှိသွားပြီး တပည့် တပ်ကြပ်ကြီးများ၏ လောကဝတ်အရ ခေတ္တဝင်ရောက်၍ ဝိုင်းဖွဲ့ကာ စကားစမြည်း

ပြောဆိုဆွေးနွေးခဲ့ကြပါသည်။ ဗိုလ်မှူးကြီးကြည်ဟန် ခရီးဝေးမှ ပြန်လာသောနေ့တွင် စစ်သံမှူးရုံးအုပ် အရာခံဗိုလ် ဦးခင်မောင်ငြိမ်းက အဆိုပါ ထမင်းစားပွဲသို့ ဗိုလ်မှူးကျော်မြင့် ရောက်ရှိလာသည့် ကိစ္စကို အမှတ်မထင် ထင်ပြမိပါသည်။ (ဦးခင်မောင်ငြိမ်းသည် မဆလ ခေတ်တွင် ဒုတိယ နိုင်ငံခြားရေးဝန်ကြီး ဗိုလ်မှူးကြီးဝင်း၏ ကိုယ်ရေးအရာရှိ ဖြစ်လာပြီး ၎င်း၏သမီး ဒေါ်အေးအေးငြိမ်းသည်လည်း နိုင်ငံခြားရေးဝန်ထမ်းဖြစ်လာခဲ့ပါသည်။ ဒေါ်အေးအေးငြိမ်းနှင့် မိသားစုသည် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ အတွင်းက မြန်မာသံရုံး ဝါရှင်တန်မြို့တွင် အမှုထမ်းနေရာမှ စစ်ဗိုလ်များနှင့် စစ်ဗိုလ်သားသမီးများ ချယ်လှယ်နေသည့် ဝန်ထမ်းလောကကို မလိုလားတော့၍ဟု အကြောင်းပြ၍ အမေရိကန်နိုင်ငံတွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံလိုက်ပါသည်။) ဗိုလ်မှူးကြီး ကြည်ဟန်က ဒီအကောင် ငါ ခရီးထွက်နေတုန်း မြအေးကို စည်းရုံးတယ်။ ချက်ချင်းသွားခေါ်စမ်းဟု အမိန့်ရှိ၍ ဗိုလ်မှူးကျော်မြင့်အား စစ်သံရုံးဝန်ထမ်းတစ်ဦးက စစ်သံမှူးကြီး အိမ်သို့ ကြွလာပါရန် သွားခေါ်ပေးခဲ့ရပါသည်။ ဘုမသိ ဘမသိနှင့် ရောက်ရှိလာသော ဗိုလ်မှူးကျော်မြင့်အား ဗိုလ်မှူးကြီး ကြည်ဟန်က ဘာမပြောညာမပြောဘဲ မျက်နှာကို လက်သီးနှင့် ထိုးလိုက်ပါသည်။ ကြီးနိုင်ငယ်ညှင်းသည် စစ်ဗိုလ်များ၏ စရိုက်ဖြစ်သဖြင့် အကြောင်းမဲ့ သက်သက် အထိုးခံရသော ဗိုလ်မှူးကျော်မြင့်က ရန်ကုန်စစ်ရုံးချုပ်သို့ တိုင်တန်းလိုက်ပါသည်။ စစ်ရုံးချုပ်၏ စာတစ်ကြောင်းနှင့် တစ်ဝက်စာမျှသာရှိသော အမိန့်စာကို ယနေ့တိုင်ပင် မြင်ယောင်မိပါသေးသည်။ အဆိုပါ မှုခင်းနှင့် ပတ်သက်၍ ဗိုလ်မှူးကြီး ကြည်ဟန်အား စစ်ခုံရုံးမှ ပြင်းပြင်းထန်ထန် ပြစ်တင် ရှုတ်ချလိုက်သည်ဟု အပြစ်ပေးပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးကာ မနီလာမြို့ မြန်မာသံရုံးတွင် အတိုင်ပင်ခံအရာရှိ (Counsellor)အဖြစ် ခန့်အပ်လျှက် နောက်များ မကြာမီ ရာထူးတိုး၍ အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်ခဲ့ပြန်ပါသည်။

၁၉၇၇ ခုနှစ်ခန့်က စာရေးသူသည် ရန်ကုန်မြို့ ၄၇ လမ်းထဲတွင် နေထိုင်စဉ်အတွင်း ရုပ်ရှင်မင်းသားကြီး ဦးမျိုးချစ်နှင့် ဒေါ်ခင်အုန်းမြင့်တို့၏ အိမ်အနီးမှ နေအိမ်သို့ ရဲကားများ၊ အိမ်အသုံးအဆောင် ပစ္စည်းတင်ကားများ တရုံးရုံးဖြင့် စည်ပင်နေ၍ ဘယ်သူများ လာရောက်နေထိုင်သနည်းဟု မေးမြန်းကြည့်မိပါသည်။ အိမ်က ယောက်ဖက မြို့တော်သိန်းအောင်လေဗျာဟု ပြောပါသည်။ နောက်မှ ထိုအိမ်မှာ ရန်ကုန်တိုင်းပြည်သူ့ကောင်စီ ဥက္ကဋ္ဌကြီး ဦးသိန်းအောင် နေထိုင်သည့် အစိုးရ သိမ်းထားသော အိမ်ဖြစ်ကြောင်း သိရပါသည်။

နောက်များမကြာမီ ဘုန်းမီးနေလ အလွန်တောက်ပခဲ့သော ရန်ကုန်တိုင်းကောင်စီ ဥက္ကဋ္ဌကြီး ဒုတိယဗိုလ်မှူးကြီး သိန်းအောင်အား အပြစ်ဖြင့် ရာထူးမှ နုတ်ထွက်စေခဲ့ပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပြောင်းရွှေ့ပေးလျက် ဂျိနီဗာမြို့ရှိ မြန်မာ အမြဲတန်းကိုယ်စားလှယ်ရုံးတွင် လစာကျပ်ရှစ်ရာမျှသာ ရရှိသော ပထမအတွင်းဝန် ရာထူးကို ခန့်အပ်စေခဲ့ပါသည်။ ဒုတိယဗိုလ်မှူးကြီး သိန်းအောင်သည် ဦးသိန်းအောင်ဘဝ၌ ဂျိနီဗာနှင့် မော်စကို မြန်မာသံရုံးများတွင် သုံးမရတော့၍ နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ပြန်လည်ခေါ်ယူကာ ညွှန်ကြားရေးမှူးချုပ် ရာထူးသို့ တိုးမြှင့်ပေး၍ မွန်ပြည်နယ်ဖက်တွင် ကြားဖြတ်ရွေးကောက်ပွဲ၌ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ပြန်လည် အရွေးခံစေပြန်ပါသည်။ ထိုမှတဖန် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြန်ပါသည်။ ကနေဒါနိုင်ငံသို့ ခရီးရောက် မဆိုက်မှာပင် မြန်မာနိုင်ငံ၌ ရှစ်လေးလုံး အရေးတော်ပုံကြီး ပေါ်ပေါက်လာသောကြောင့် သမ္မတ ဒေါက်တာမောင်မောင်၏ မိန့်ခွန်းအရ မြန်မာသံအမတ်ကြီးများသည်လည်း ကိုယ့်ဆန္ဒသဘောထားများကို လွတ်လပ်စွာ တင်ပြနိုင်ကြသည်ဟူသော ညွှန်ကြားချက်အရ ဒီမိုကရေစီနိုင်ငံအဖြစ် အေးချမ်းစွာ ကူးပြောင်းပေးသင့်ကြောင်း တင်ပြ၍ နဝတက သူ့အား နှစ်မရှေမီ ရာထူးမှ ဖြုတ်ပစ်ခြင်းကို ခံခဲ့ရပါသည်။

ဦးနေဝင်း ပါးစပ်က ပါတီစုံဒီမိုကရေစီ စကားထွက်လာ၍ ယောင်လိုက်မိသော ဦးသိန်းအောင်ခများမှာ နှစ်သီးစား၊ သုံးသီးစား၊ လေးသီးစားဘဝ၌ ချုပ်ငြိမ်းသွားခဲ့သော်လည်း စစ်ဗိုလ်ဟောင်းဖြစ်၍ ယခုတ ခေတ်တွင် သီးထပ်သီးညှပ်များကို ထပ်မံစားသောက်လျက် ရှိနေ ဦးမည်မှာ သေချာလှပါသည်။ ရာထူးအရှိန်အဝါ ရှိစဉ်က အစိုးရပေး သော တိုက်ခန်းအပြင် မတရား အခွင့်အရေးယူပြီး ခိုးဖွက်ဆောက်လုပ် ထားသော တိုက်ကြီးအိမ်ကြီးများမှာလည်း နဝတခေတ်တွင် နိုင်ငံခြားသား များအား ဒေါ်လာနှင့် ငှားစားနိုင်၍ ပို၍ပင် ပွနေကြပါသည်။

ဦးသိန်းအောင်အကြောင်း စကားစပ်မိ၍ တခြားဖော်ပြစရာ အကြောင်းအရာတစ်ခု ခေါင်းထဲတွင် ပေါ်လာပြန်ပါသည်။ ၁၉၈၀ ခုနှစ် ခန့်က ဦးသိန်းအောင် ညွန်ကြားရေးမှူးချုပ်ဘဝ မွန်ပြည်နယ်သို့ သွား ရောက်ပြီး ကြားဖြတ်ရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်အဖြစ် အရွေးခံရန် သွားစဉ်က မွန်စကား နားလည်သော ရုံးမှ ဝန်ထမ်းတစ်ဦးလည်း လိုက်ပါသွားခဲ့ပါသည်။ အဆိုပါ ဝန်ထမ်းနှင့် ဦးသိန်းအောင်တို့ ရွာတွင် မဲပုံးများကို ရေတွက်ရန် သိမ်းဆည်းလာသော ရဲမှူးတစ်ဦးက ပါတီယူနစ်မှ တာဝန်ရှိသူအား မဲတွေအတုန်လုံးနီးပါး အဖြူပုံးထဲမဝင်ဘဲ အမဲပုံး (ကန့်ကွက်မဲ)ထဲမှာချည်း ထည့်သွားကြသည်၊ ကြွပါပဲ ရန်ကုန်က လာအရွေးခံတဲ့ လူကြီးတော့ အရှက်ကွဲတော့မှာပဲ ဟု မွန်ဘာသာဖြင့် ပြောဆို၍ ပါတီယူနစ်မှ ပုဂ္ဂိုလ်က စိတ်မပူပါနဲ့ကွာ၊ ရပါတယ်ဟုပြောကြောင်းနှင့် မဲများ ရေတွက်သည့်အခါတွင်လည်း အမဲ ပုံးမှ မဲပြားများအားလုံး အဖြူပုံး (ထောက်ခံမဲပုံး)ထဲသို့ မျက်လှည့်ပြ သလို အားလုံးရောက်ရှိသွားသည်ဟု ပြောပြီး ပြောသူရော နားထောင်သူ များပါ (စာရေးသူ အပါအဝင်) ဝိုင်း၍ လှောင်ပြောင်ရယ်မောမှုများကို ပြုမိခဲ့ကြပါသည်။

ယခု စာရေးနေချိန်တွင်မှ ရယ်အားထက် ဒိုအားသန်လာပြီး ဒီ စစ်ဗိုလ်တွေ မခိုးတာ ဘာကျန်သေးလဲ။ ထာဝရ စစ်အာဏာရှင်များ ဖြစ်နေရန်အတွက် အမျိုးသားညီလာခံ အတုအယောင်ကြီး၌ ငွေကို ဗုံး

ပေါလအောသုံးပြီး နောက်တချီမဲခိုးပွဲကြီး ကျင်းပရန် ကြံရွယ်နေပြန်ပါ ပကောလားဟု အလွန်ပင် စိတ်သောကရောက်လျက် ရှိနေမိပါသည်။

နဝတသည် ယခင် စစ်အာဏာရှင် အဖေကြီးများနည်းတူ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလ တရားများ ပိုမိုထွန်းကားရေး ဦးတည်ချက်ဖြင့် အနာဂတ် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်အခန်းကဏ္ဍတွင် တပ်မတော် ပါဝင်ထမ်းဆောင်ရေးဟူသော အမြီးအမောက်မတည့်သည့် ခွေးပါးစပ်က နတ်စကားထွက်သည့် လေသံများ ကြားနေပြန်ပါသည်။

ကျောသားရင်သား မခွဲခြားတတ်သော စစ်အာဏာရှင်များခေတ်၌ နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် သံအမတ်ကြီးများအဖြစ် ဒုတိယ အသီးစားလာကြသည့် ဗိုလ်မှူးကြီး ပေအောင် (ဩစတြေးလျ)၊ ဒုတိယ ဗိုလ်မှူးကြီး ရွှေခံအောင် (အစ္စရေးလ်)၊ ဗိုလ်မှူးကြီး ဒေါက်တာ မောင်မောင်အောင် (ယူဂိုစလားဗီးယား)နှင့် ဒုတိယ ဗိုလ်မှူးကြီး မောင်မောင် (ယူဂိုစလာဗီးယား)တို့သည် ပြည်သူ့ဘဏ္ဍာ ခိုးဝှက်မှု၊ အကျင့်ပျက်မှု စသည်များဖြင့် အမျိုးသား ထောက်လှမ်းရေးအဖွဲ့မှ စစ်ဆေးပြီး အပြစ်ရှိသဖြင့် အလုပ်ဖြုတ်ခြင်း ခံခဲ့ကြရပြီးသော်လည်း စစ်ဗိုလ်ဆိုးများဖြစ်၍ ထောင်မကျဘဲ ရာထူးအသစ် ထပ်ရသွားကြပါသည်။

အရပ်သားဖြစ်သော တရားရေး ဝန်ထမ်းအဆင့် (၁)မှ သံအမတ်ကြီး ဖြစ်လာသည့် အာရှလူငယ်ခေါင်းဆောင် ဦးသန်းဆွေ (အင်ဒိုနီးရှား) သည် စစ်ဗိုလ်သံအမတ်ကြီးများ တစ်သက်လုံး လုပ်စားသွားသည့် နည်းလမ်းဖြစ်သော အင်ဒိုနီးရှားနိုင်ငံတွင် သံတမန် အခွင့်အရေးအရ အကောက်အခွန် ကင်းလွတ်ခွင့်ဖြင့် ဝယ်ယူသည့် မော်တော်ယာဉ်အား အင်ဒိုနီးရှားလူမျိုးတစ်ဦးအား ပြန်လည်ရောင်းချသည်ဟုဆိုကာ သံမှူးဖြစ်သူ ဗိုလ်မှူးလှမြင့်ဦး (ယခု သံအမတ် ဖြစ်နေသူ)၏ တိုင်တန်းချက်ကြောင့် ရန်ကုန်မြို့သို့ ပြန်ခေါ်ပြီး မင်္ဂလာဒုံလေဆိပ်တွင်ပင် ဖမ်းဆီးချုပ်နှောင်လျက် ထောင်ဒဏ် အပြစ်ပေးလိုက်၍ ဘဝပျက်သွားရရှာပါသည်။

တော်လှန်ရေးကောင်စီ တက်ခါစတွင်လည်း နိုင်ငံခြားရေးရုံးမှ ကောင်ကုတ်မြို့သား ကြိုးမဲ့ကြေးနန်းစာရေး ဦးထွန်းရွှေသည် တက္ကသိုလ်ကျောင်းသားခေါင်းဆောင် ဦးခင်အောင်တို့နှင့် တစ်မြို့တည်းသားများဖြစ်၍ တစ်အိမ်တည်းအတူ ငှားရမ်းနေထိုင်ခဲ့ကြပါသည်။ တစ်နေ့ ညဉ့်နက်သန်းခေါင် အချိန်တွင် ဦးခင်အောင်အား စစ်ထောက်လှမ်းရေးမှ ဝင်ရောက်ဖမ်းဆီးစဉ် ဦးထွန်းရွှေအားလည်း ကျောင်းသားဟု ထင်မှတ်ပြီး မှားယွင်း ဖမ်းဆီးသွားခဲ့ကြပါသည်။ သို့သော် မကြာပါ။ ထောင်ထဲမှထွက်လာသော ဦးထွန်းရွှေသည် စစ်ထောက်လှမ်းရေးဌာနမှ မှားယွင်းဖမ်းဆီးသွား၍ အလုပ်ပြန်ခန့်ပေးပါရန် ရေးသားထားသည့် စာတစ်စောင်နှင့် ရုံးသို့ ပြန်လည် ရောက်ရှိလာခဲ့ပါသည်။ ဤတွင် နိုင်ငံခြားရေးရုံးမှ ဦးထွန်းရွှေအား ဝန်ထမ်း စည်းကမ်းစည်းမျဉ်းဆိုင်ရာ "ဂျီဆာကြူလာ" ဖြင့် ခုံရုံးဖွဲ့ စစ်ဆေးပြီး အလုပ်ဖြုတ်ပစ်ခဲ့ပါသည်။ စစ်ထောက်လှမ်းရေးညွှန်ကြားရေးမှူး အနေဖြင့် အလွန်ပင် သမာသမတ် ရှိသယောင် အလုပ်ပြန်ခန့်ရန် စာတစ်စောင်ကို ဦးထွန်းရွှေ လက်ထဲသို့ ထည့်ပေးလိုက်ပြီး ဌာနဆိုင်ရာ အာဏာပိုင်များထံကိုမူ ဦးထွန်းရေအား လက်ဝဲ အယူအဆရှိသော ကျောင်းသားခေါင်းဆောင်များနှင့် နီးစပ်သူဖြစ်၍ အလုပ်ထုတ်သင့်ကြောင်း လျှို့ဝှက်ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါသည်။ ဦးထွန်းရွှေ၏ စိတ်ထဲတွင်မူ စစ်ထောက်လှမ်းရေးက သဘောထား ကောင်းပါလျက်နှင့် နိုင်ငံခြားရေးရုံးမှ အကြီးအကဲများအား ဗျူရိုကရက်ဆိုးကြီးများ၊ ကိုလိုနီခေတ်က ဂျီဆာကြူလာကို လက်ထဲက မချသေးဘဲ ကိုးကွယ်နေကြသူများဟု အထင်မှား အမြင်မှားလျက် ဘဝပျက်သွားခဲ့ရရှာပါသည်။

တက်ခါစ တော်လှန်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးကြီးသောမြင့် (မှူးသမိန်)အား ငွေစက္ကူကိစ္စဖြင့် ထောင်ဒဏ် အပြစ်ပေးခဲ့သော်လည်း အစိုးရအိမ်၊ ကားနှင့် နောက်ထပ်ရာထူး ပြန်လည် ချီးမြှင့်ထားခြင်း၊ မဆလပါတီ ဌာနချုပ်မှ ဗိုလ်မှူးတင်အေးကျော်တို့ အုပ်စုအား ထောင်ဒဏ်အပြစ်ပေးပြီး အစိုးရ ကော်ပိုရေးရှင်းများတွင် ပြန်လည်

အလုပ်အကိုင် ပေးထားခြင်း စသည်များသည် တိုင်းသိပြည်သိ အရှက်မရှိသော ကိစ္စရပ်များပင် ဖြစ်ပါသည်။

၁၉၈၃ ခုနှစ်ခန့်က ဆွေမျိုးတစ်ဦး၏ အလှူတစ်ခုတွင် ပန်းပဲတန်းမြို့နယ်၌ နေထိုင်သော ဗိုလ်ကြီးဟောင်း ကိုကိုလေးဆိုသူ တစ်ဦးနှင့် စကားလက်ဆုံ ကျမိခဲ့ပါသည်။ ၄င်းက သူသည် စစ်တပ်တွင် မပျော်ပိုက်တော့၍ ရိုးသားစွာပင် အပြစ်အနာဆာမရှိဘဲ အငြိမ်းစားယူခဲ့သူ တစ်ဦးဖြစ်ပြီး ယခု ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေပါကြောင်း၊ ယခင် လက်ကျန် စစ်ပြန်စစ်မှုထမ်းဟောင်း အသင်းက ၄င်းအား အဖွဲ့ဝင် သတ်မှတ်ပြီး အစည်းအဝေး ခေါ်ယူ၍ သွားခဲ့ကြောင်း၊ စစ်တပ်မှ ရာထူးအဆင့်ဆင့်သည် အပြစ်စစ်ပြန်ဝန်ထမ်းဟောင်း အသင်းကြီးအထိ ရောင်ပြန်ဟပ်ပြီး စိုးမိုးနေကြောင်း၊ မြို့နယ်များတွင် စစ်တပ်၌ ရာထူးကြီးခဲ့သော ဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးချုပ်ဟောင်းတို့ကိုသာ ဥက္ကဋ္ဌ ရာထူးပေးရန် မဆလပါတီမှ ဖက်ရှင်မှုတစ်ခုအဖြစ် ပြုလုပ်ထားကြောင်း၊ ၄င်း ဗိုလ်မှူးကြီးများသည် စစ်တပ်ထဲတွင် ရှိစဉ်က အကျင့်စာရိတ္တ ပျက်ပြားမှုများဖြင့် ထုတ်ပယ်ခံခဲ့ကြရသည့် ကိုယ်ရေးရာဇဝင်များကို ထည့်မတွက်ကြဘဲ ဗိုလ်မှူးကြီး ဖြစ်ခဲ့သည်ဆိုသော ရာထူးဌာနနှင့် အထိမ်းအမှတ်အဟောင်း တစ်ခုတည်းကိုသာ အဓိကထားတတ်သည့် ညှည်ဆိုးသည့် စစ်အာဏာရှင်ပိုင်းများတွင် ယခုတိုင် ရှိနေကြောင်း၊ သူ့အနေဖြင့် အကျင့်စာရိတ္တ ပျက်ပြား၍ စစ်တပ်က ထုတ်ပယ်လိုက်ပြီး အရပ်ဖက် အစိုးရ ကော်ပိုရေးရှင်းတစ်ခုတွင် အကောင်ကြီး ဖြစ်နေပြန်သော ဒုတိယဗိုလ်မှူးကြီးဟောင်းတစ်ဦး ဥက္ကဋ္ဌလုပ်နေသော စစ်ပြန်စစ်မှုထမ်းဟောင်းအသင်းတွင် လုံးဝမပါဝင်လိုကြောင်း ငြင်းပယ်ခဲ့၍ ၄င်းတို့ ဒုက္ခပေးမည်ကို စိုးရိမ်နေရကြောင်း စသည်များကို ကြားသိခဲ့ရပါသည်။

လက်တွေ့ဘဝတွင် "စစ်ပြန်စစ်မှုထမ်းဟောင်းများအသင်း"သည် ယခင် ဖွဲ့စည်းစက ဦးနေဝင်း၏ ဩဇာသက်ရောက်မှု မရှိခဲ့သော်လည်း မဆလခေတ်မှစ၍ ဦးနေဝင်း၏ ဒေါက်တိုင် လက်ကိုင်တုတ် အသင်း

ာစ်သင်း ဖြစ်လာခဲ့ပါသည်။ ယခုလည်း နဝတက ဆက်လက် အသုံးချ ၍ မိလ္လာစက္ကူ ဖြစ်နေပြန်ပါပြီ။ ဦးနေဝင်းအနေဖြင့် ၄င်းအနေဖြင့် နီးစပ် ၍ ယုံကြည်စိတ်ချရသော အကျင့်ပျက် စစ်ဗိုလ်ဆိုးများအား တပ်မတော် ၌ ပထမတစ်သီး၊ အရပ်ဖက် အစိုးရဌာနတွင် ဒုတိယတစ်သီး၊ မဆလ ပါတီနှင့် ပြည်သူ့ကောင်စီအဖွဲ့များတွင် တတိယတစ်သီးနှင့် စစ်ပြန်စစ်မှု ထမ်းဟောင်းများ အသင်းတွင် စတုတ္ထတစ်သီး စသည်ဖြင့် တိုင်းပြည် ဘဏ္ဍာတော်ထဲမှ နှိုက်ပြီး တပည့်မွေးထားခြင်းများမှာ သူ့တစ်သက်လုံး ကျင့်သုံးခဲ့သည့် ရာဇပရိယာယ်ပင် ဖြစ်ပါသည်။

သို့သော် အကျင့်စာရိတ္တ ကောင်းမွန်ပြီး၊ တပည့်မခံ၊ ဆရာမ မွေးသော အသိပညာ၊ အတတ်ပညာရှိသော၊ တစ်ကိုယ်တော် မဆန့်ဘဲ အများအမှန်ကို ဝေဖန်ခဲ့ခြားတတ်သော စစ်ဗိုလ်ဟောင်းများ၏ ဘဝသည် ာပ်သားပြည်သူများကဲ့သို့ပင် စားဝတ်နေရေး ခက်ခဲကျပ်တည်းလျက်ပင် ်နေကြပါသည်။

သူများ မိုးခါးရေသောက်လည်း တို့မသောက်ဟူသော ဖွဲ့မာန်ဖြင့် ဆလခေတ်တွင် ခါးစည်းခံခဲ့ကြသည့် အကျင့်သိက္ခာရှိသော စစ်ဗိုလ် ဟောင်းများစွာကို ကျွန်တော် တွေ့ကြုံခဲ့ဖူးပါသည်။ စားဝတ်နေရေး ကျပ်တည်းလွန်း၍ မိမိအိမ်ခန်းထဲတွင်ပင် ငုံးများမွေးမြူပြီး ငုံးဥရောင်းစား ကာ ပရိယေသန ဝမ်းစာကို ဖြည့်ဆည်းနေရသည့် ဗိုလ်မှူးအချို့ကို ယနေ့အထိပင် မြင်ယောင်ကာ ချီးမွမ်းဂုဏ်ပြုလျက် ရှိနေပါသည်။ ယခု ာစ်ဖန် စစ်အာဏာရှင် နဝတအနေဖြင့် အဖေကြီး ဦးနေဝင်း လမ်းသစ် အတိုင်း မုန့်လုံးစက္ကူကပ်သည့် ဓာတ်လမ်းအတိုင်းပင် "ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း"ဖွဲ့စည်းပြီး အကျင့်ပျက် စစ်ဗိုလ်ဟောင်း များအား ပဉ္စမတစ်သီး စိုက်ပျိုးပေးနေပြန်ပါပြီ။

ယနေ့ ပြည်သူအပေါင်းနှင့် တပ်မတော် သားကောင်းများအနေဖြင့် ပြန်လည်သုံးသပ်ရမည်မှာ "အမိမြန်မာနိုင်ငံသည် အဘယ်ကြောင့် ယခု ကဲ့သို့ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝသို့ ရောက်ရှိနေရသနည်း"စသည်တို့ ပင် ဖြစ်ပါသည်။

မြေမရှိ၊ ရေမရှိသော စင်ကာပူ နိုင်ငံလေးသည် ဘာကြောင့် ချမ်းသာနေရသနည်း။ တိုင်ဝမ်လို ကျွန်းနိုင်ငံငယ်လေးတွင် အဘယ့်ကြောင့် နိုင်ငံခြားငွေကြေး အမေရိကန်ဒေါ်လာ ဘီလီယံရှစ်ဆယ် ချမ်းသာကြွယ်ဝနေရသနည်း။ ထိုနိုင်ငံများ၌ စစ်တပ် အုပ်ချုပ်နေပါသလော။ Who Governs? (ဘယ်သူအုပ်ချုပ်နေပါသလဲ။)

အဖြေက ရှင်းလှပါသည်။ အမိ မြန်မာနိုင်ငံတော်ကြီးအား အရည်အချင်းမရှိ၊ အရက်မရှိ၊ ဒီမိုကရေစီ သတ္တိမရှိသည့် တစ်ပါတီ အာဏာရှင် နလပိန်းတုန်း စစ်ဗိုလ်ဆိုးများ အုပ်ချုပ်နေ၍ ဖြစ်ပြီး စင်ကာပူနှင့် တိုင်ဝမ် ကျွန်းများတွင် ဒီမိုကရေစီစနစ်ဖြင့် လူတော်လူတတ်များ အုပ်ချုပ်၍ပင် ဖြစ်ပါသည်။

သူတို့လက်ထက်တွင် နိုင်ငံရေးစနစ် မမှန်ကန်၍ အုပ်ချုပ်ရေးစနစ်လည်း မှားယွင်းနေပုံများကို အထက်ဖော်ပြပါ လက်တွေ့ဖြစ်ရပ်များက သက်သေခံလျက် ရှိနေပါသည်။

သို့ပါ၍ တစ်သီးစား၊ နှစ်သီးစား၊ သုံးသီးစား၊ လေးသီးစား ဆယ့်နှစ်ရာသီ အပုပ်နံ့ညှီနေသော စစ်ဗိုလ်များ အုပ်ချုပ်နေသည့် စစ်အာဏာရှင် စနစ်အား အမြစ်ပါမကျန် တူးဖော်ချေဖျက် အညွန့် မတက်အောင် လုပ်ပစ်၍ စစ်တပ်ထဲဝင်ဖူးသည် ဖြစ်စေ၊ မဝင်ဖူးသည် ဖြစ်စေ အရပ်သား လူတော်လူကောင်းများအား ပြည်သူ့ဆန္ဒသဘောထား မှတ်ကျောက်ဖြင့် ရွေးချယ်တင်မြှောက် ဖြုတ်ချပိုင်ခွင့် ရှိသော စစ်မှန်သည့် ဒီမိုကရေစီစနစ်အား ပြန်လည်စိုက်ပျိုးကြပါရန် အလေးအနက် ပန်ကြားအပ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၂၃၊ ဖေဖော်ဝါရီလ၊ ၁၉၉၄ ခုနှစ်။

❖

## အထီးကျန် ဘဝမျိုး၌လည်း မဖြစ်စေလို
## အစီးခံဘဝမျိုး၌လည်း မနစ်စေလို

ပြည်သူလူထုကို နည်းမျိုးစုံဖြင့် ဖိနှိပ်ညှဉ်းဆဲနေပြီး ရွေးကောက်ပွဲတွင် အနိုင်ရရှိသော နိုင်ငံရေးပါတီကို အာဏာလွှဲပြောင်းမပေးဘဲ ထင်ရာစိုးနေသော မြန်မာစစ်အစိုးရအား ယခုအတောအတွင်းတွင် ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန် စသည့် ချမ်းသာသည့် နိုင်ငံအများစုက စီးပွားရေး အဆက်အသွယ်ဖြတ်တောက်သော နည်းလမ်းဖြင့် လမ်းမှန်သို့ ရောက်လာရေးအတွက် ဖိအားပေးကြရန် အာဆီယံ အာရှ ၆ နိုင်ငံတို့အား လူဇင်ဘတ်မြို့တွင် တစ်ကြိမ်နှင့် ကွာလာလမ်ပူမြို့တွင် တစ်ကြိမ် လူသိရှင်ကြား တိုက်တွန်းခဲ့ကြသည်။

သို့သော်လည်း အာဆီယံ အသင်းဝင် နိုင်ငံများက ဆင်ခြေဆင်လက် အမျိုးမျိုးပေးလျက် ရှိနေကြသေးသည်။ ထိုအထဲတွင် မိတ်ဆွေဆောင်ဆောင်ပြီး မြန်မာများကို ပွးသတ်နေသော ယိုးဒယားနိုင်ငံ၏ ဆင်ခြေဆင်လက်များသည် အလွန်ရိုင်းစိုင်း တင်းစီးသော စကားရပ်များသာ ဖြစ်နေသည်။ "ဒီကောင်ကလေး မိုက်တွင်းနက်နေတာကို ကျုပ်တို့ ကြည့်ထိန်းပေးပါ့မယ်။ သူ့ကို ကျုပ်တို့ပါ အပေါင်းအသင်း မလုပ်ဘဲ စွန့်ပယ်လိုက်ရင် အထီးကျန်ဘဝမျိုးနဲ့ ပိုရိုင်းသွားမှာ စိုးရိမ်လို့ပါ" ဟု ဝန်းမထိန်းက ၄င်း၏ လက်ဝေခံ အပေါက်ဆောင့် လူမိုက်အတွက် အကာအကွယ်ပေး၍ ပြောကြားသည့် စကားရပ်မျိုးပင် ဖြစ်သည်။

အမှန်တကယ်တွင် ယိုးဒယားက ၎င်းတို့၏ အလိုအလျောက် စီးပွားရေး ကျေးကျွန်ဖြစ်နေသော မြန်မာနိုင်ငံအား ဒီမိုကရေစီ နိုင်ငံ တစ်နိုင်ငံ ဖြစ်သွားပြီး ၎င်းတို့ ခွစီးထားသောအောက်မှ လွတ်ထွက်သွား မည်ကို အလွန် စိုးရိမ်ပူပန်လျက် ရှိနေရှာသည်။

ကမ္ဘာ့သမိုင်းတွင် မြန်မာ့လက်အောက်သို့ အကြိမ်ကြိမ် ကျရောက် ခဲ့ဖူးသော ယိုးဒယားလို နိုင်ငံမျိုးက ယခုလို အလိမ္မာနှင့် တင်စီးနေခြင်း သည် စစ်အာဏာရှင် ဦးနေဝင်းနှင့် နောက်လိုက်များ၏ အတောမသတ် နိုင်သော လောဘရမ္မက် မိုက်တွင်းနက်နေမှုကြောင့်ပင်ဖြစ်သည်။

မကြာသေးသော ဆယ်စုနှစ်များက ယိုးဒယားနိုင်ငံတွင် အသိ ပညာရှင် အတတ်ပညာရှင်များ ခေါင်းပါးနေ၍ ယိုးဒယား ဘုရင်က မြန်မာနိုင်ငံကို အုပ်ချုပ်နေသည့် အင်္ဂလိပ်များအား မေတ္တာရပ်ခံချက်အရ မြန်မာပညာရှင် ၅၀ သည် ယိုးဒယားများအား သင်ကြားပြသခဲ့ကြ သည်။ ထိုအခါ မြန်မာပညာရှင်များနှင့် မိသားစုများ ကိုးကွယ်ရန်အတွက် ပင် ယိုးဒယား ဘုရင်က ဆောက်လုပ်လှူဒါန်းခဲ့သော ဝါးပလုပ် မြန်မာ ဘုန်းတော်ကြီးကျောင်း၏ ဂရန်မြေစာချုပ်များသည် ယနေ့အထိ ဘန်ကောက်မြို့ မြန်မာသံရုံးလက်ဝယ် ရှိနေပေသည်။ သက်ဦးဆံပိုင် ခေတ်တစ်လျှောက် မြန်မာများကို ရှေ့တန်းတင်၍ လေးစားစွာ ဆက်ဆံ လာခဲ့ရသော မြန်မာနိုင်ငံမှ ရှမ်းလူမျိုးများကိုပင် နောင်တော်ကြီး (ထိုင်း ယိုင်)အဖြစ် အသိအမှတ်ပြုခဲ့သူ ယိုးဒယားများက မိုက်တွင်းနက်လှ သော ဦးနေဝင်းနှင့် အပေါင်းပါများ၏ လုပ်ရပ်များကြောင့် အပေါ်စီး ရသွားခဲ့ရသည်ကိုပင် မြန်မာနိုင်ငံအား အထီးကျန်ဘဝမျိုး ဖြစ်မသွား စေရန် မျှားခေါ် ချော့ခေါ်နေသယောင် အသံကောင်းဟစ်ပြီး တစ်သက်လုံး မြန်မာလူမျိုးများ နလံမထူနိုင်အောင် အချင်းချင်း ဖိနှိပ် သတ်ဖြတ် မိုက်ရိုးကပ်နေသော စစ်အစိုးရမျိုးကို သက်ဆိုးရှည်စေရန် ကျားကန် အားပေးအားမြှောက် ပြုနေပြန်ပါသည်။

ယိုးဒယားများအနေဖြင့် အသိပညာ၊ အတတ်ပညာမရှိ တိရစ္ဆာန် သာသာ ဖြစ်နေကြသော စစ်ဗိုလ်များ ဆက်လက်အုပ်ချုပ်နေမှသာ မြန်မာ

…များ ဓားတုံးတုံးနှင့် လှီးနိုင်သည်။ အာဏာရှင် ဦးနေဝင်း စတင် …ချုပ်ခဲ့စဥ်မှစ၍ မြန်မာများသည် ခြေစီးဖိနပ်က အစပြုပြီး ခေါင်းဆံ… ခေါင်းလိမ်းဆီအထိ လူတစ်ကိုယ်လုံးရှိ အသုံးအဆောင် ပစ္စည်းများ …ထုတ်လုပ်တော့ဘဲ ယိုးဒယားနိုင်ငံမှ ဝယ်ယူသုံးစွဲနေကြရရှာသည်။ …ာအနေဖြင့် အဖိုးတန် ဆန်ရေစပါး၊ ကျွန်းသစ်၊ သား၊ ငါး၊ ရော်ဘာ၊ …တ်သတ္တုပစ္စည်းများနှင့် ကျောက်မျက်ရတနာများကို အဖိုးမတန်သော …ိုက်ပုံပစ္စည်း ပလပ်စတစ်ပစ္စည်း စသည့် လူသုံးကုန် အမျိုးအစား၊ …စ်ပစ္စည်းများနှင့် ဖလှယ်ကြရရှာသည်။ မြန်မာတစ်မျိုးသားလုံးသည် …သို့လျှင် ယိုးဒယားများ၏ စီးပွားရေး၊ နိုင်ငံရေးနှင့် လူမှုရေး ကျေးကျွန် …များအဖြစ် ခွစီးခံနေကြရသော်လည်း အာဏာရှင် ဦးနေဝင်းနှင့် အပေါင်း …များ၏ စိတ်အစဥ်တွင် ၄င်းတို့သည် ယိုးဒယားများကို ဘယ်တုန်းက …ယ်လိုချုပ်လိုက်တာ၊ ဘယ်လိုနှိပ်လိုက်တာဟု အပေါ်စီးမှ အနိုင်ရခဲ့ …ယောင် ထင်မြင်လျက် သက်ဦးဆံပိုင်ခေတ်က အမှားများကို မြင်းခင်း …ာင်များ ပြုလုပ်လျက် ဂုဏ်ယူဝင့်ကြွားနေဆဲပင် ဖြစ်သည်။

ယိုးဒယားနိုင်ငံသည် ပထဝီ အနေအထားအရ အနောက်နိုင်ငံများ …့ လေယာဥ်များ ပျံသန်းရာတွင် မြန်မာနိုင်ငံအပေါ်မှ မလွဲမရှောင်သာ …ဖြတ်ကျော်ပျံသန်းကြရသည်။ ၄င်းတို့သည် ဗီယက်နမ်စစ်တွင် မိန်းမရွှင် …ငန်းဖြင့် အမြတ်အစွန်း မြက်မြက်ကလေး ရရှိခဲ့ခြင်း၊ မဆလနှင့် …တလက်ထက် မြန်မာဘက်မှ မှောင်ခိုလုပ်ငန်းဖြင့် အမြတ်စွန်းများစွာ …ရှိနေခြင်း စသည်တို့ကြောင့် အသင့်အတင့် ကြီးပွားချမ်းသာလျက်ရှိပြီး …လေယာဥ်များဝယ်ယူ၍ ကမ္ဘာလှည့်ခရီးသည်များအတွက် မိန်းမရွှင် …ငန်းကို ဖောက်ချလုပ်ကိုင်လျက် ရှိကြသည်။ ထို့ကြောင့် မြန်မာနိုင်ငံ အပေါ်မှ တရားဝင် တစ်နေ့လျှင် အကြိမ် ၁၀ ခန့် ဖြတ်ကျော် ပျံသန်း …သော်လည်း ၁၉၈၅ ခုနှစ်ခန့်အထိ မြန်မာအစိုးရက တနင်္ဂနွေတစ်ပတ် …ွင် ၂၈ ကြိမ်သာ ဖြတ်ကျော်ပျံသန်း ဆင်းသက်ရပ်နားခွင့် ပြုထားပေ …သည်။ မြန်မာနိုင်ငံအနေဖြင့် အုပ်ချုပ်သူများ ညံ့ဖျင်း၍ ဆင်းရဲမွဲတေနေပြီး

ကမ္ဘာ အရပ်ရပ်သို့ လေယာဉ်ပျံသန်းနိုင်ခြင်း မရှိဘဲ ဘန်ကောက်မြို့သို့သာ တစ်ပတ်မှ ၇ ကြိမ်သာ ပျံသန်း ဆင်းသက်နိုင်ကြသည်။

မြန်မာနိုင်ငံသည် နိုင်ငံတကာ လေယာဉ်များ ဖြတ်ကျော်ပျံသန်းခြင်း စာအုပ်အဖွဲ့[၆]တွင်လည်း မပါဝင်ရဲပေ။ ထို့အပြင် ခေတ်မီနိုင်ငံအများစုက လက်ခံကျင့်သုံးနေသော ကောင်းကင်ပြင်၌ ဖွင့်လှစ်ထားသည့် ''ဘာမူဒါ ဖော်မြူလာဝါဒ''[၇] ကိုလည်း ခေတ်မီရေဒါ ကိရိယာများ မရှိ၍ လက်မခံရဲသည့် အထီးကျန် တစ်ကိုယ်တော်နိုင်ငံ တစ်နိုင်ငံသာ ဖြစ်သည်။ မြန်မာနိုင်ငံပေါ်မှ မည်သည့်လေယာဉ်မှ ခွင့်ပြုချက် မရှိဘဲ ဖြတ်ကျော်ပျံသန်းခွင့် မရှိပေ။ (မှတ်ချက်- ခွင့်ပြုချက် မရှိဘဲ ဖြတ်ကျော်ပျံသန်းပါက လောက်လေးခွစာ မိသွားနိုင်ပေသည်) မြန်မာနိုင်ငံပေါ်မှ ဖြတ်ကျော်ပျံသန်း ဆင်းသက်နားလိုပါက နှစ်နိုင်ငံ လေကြောင်းဆက်သွယ်ရေး သဘောတူစာချုပ်[၈]ကို ပထမ ချုပ်ဆိုကြရပြီး ယင်းစာချုပ်၏ နောက်ဆက်တွဲပါ သတ်မှတ်ချက်များအရသာ ဖြတ်ကျော်ပျံသန်း ဆင်းသက်ခွင့် ရှိကြသည်။

လက်ထိပ်ခတ်၊ ကြိုးချည်၊ ရင်ဘတ်တွန်း၊ တံခါးပိတ်၊ သော့ခတ် ပညာရပ်များသာ တတ်မြောက်ကြသည့် မြန်မာစစ်အာဏာရှင်များသည် ယင်းနိုင်ကွက်ကို ကိုင်တွယ်ပြီး ယိုးဒယားအပေါ် ညစ်ကျယ်ကျယ် လုပ်လေ့ လုပ်ထ ရှိကြသည်။ ယိုးဒယားနိုင်ငံမှ လိုလားတောင်းခံသလောက် မပေးဘဲ အကျပ်ကိုင်ထားကြသည်။ ဦးနေဝင်းသည် စီးပွားရေး လုပ်ငန်းများကို ပြည်သူပိုင်သိမ်းပြီး နိုင်ငံခြား လေယာဉ် ကုမ္ပဏီများအားလည်း ရုံးသာဖွင့်ခွင့်ပြု၍ လေယာဉ်လက်မှတ်များကို ခရီးသည်များအား တိုက်ရိုက်ရောင်းချပိုင်ခွင့် မရှိကြဘဲ အစိုးရလေကြောင်း ဘီအေစီမှ တဆင့်သာ ရောင်းချခွင့် ပေးထားခဲ့သည်။ သို့ရာတွင် မြန်မာ့လေကြောင်း ဘီအေစီသည် ဘန်ကောက်မြို့ စူရီဝေါင်းလမ်းတွင် ရုံးဖွင့်၍ ခရီးသည်များအား တိုက်ရိုက်လက်မှတ်ရောင်းချနေပေသည်။ ယိုးဒယားနိုင်ငံက ဘီအေစီ အနေဖြင့် ဘန်ကောက်တွင် ရောင်းချသကဲ့သို့ ထိုင်းအင်တာနေရှင်နယ်ရုံး အနေဖြင့်လည်း ရန်ကုန်မြို့တွင် အပြန်အလှန်

အသော ရောင်းချလိုကြောင်း တောင်းဆိုလာခဲ့သည်။ ယင်းအချိန်အခါက ဦးနေဝင်း၏ တပ်ရင်း ၄ မှ တပည့်ကျော် ဒီမိုကရေစီ ဘက်တော်သားများအပေါ် အသာကလေးကျော်မည့် ဦးသာကျော် (ယခု တစည ပါတီ ဥက္ကဋ္ဌ)ပို့ဆောင်ဆက်သွယ်ရေး ဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်နေပေသည်။ ပြည်သူပိုင်သိမ်းသည့ မူအရ ပုဂ္ဂလိက ကုမ္ပဏီကို ခွင့်မပေးနိုင်၍ ယိုးဒယားနှင့် မြန်မာ အခြေအတင် အငြင်းများကြပြီး မြန်မာက တစ်ဘက်သတ် အနိုင်ယူခဲ့သည်။ မြန်မာက ယိုးဒယားအား မြန်မာလေယာဉ်များသည် ယိုးဒယားနိုင်ငံသို့ တစ်ပတ် ၂ ကြိမ်သာ ပျံသန်းဆင်းသက်၍ ယိုးဒယား လေယာဉ်များသည် လည်း မြန်မာ့ဝေဟင်ပေါ်မှ တစ်ပတ်လျှင် ၇ ကြိမ်မျှသာ အပြန်အလှန် သဘောဖြင့် ပျံသန်းခွင့် ပေးမည်ဟု အကျပ်ကိုင်သောကြောင့် ယိုးဒယား က လေယာဉ်လက်မှတ် ရောင်းသည့်ကိစ္စကို မဟာရဲတော့ဘဲ အလျှော့ပေးရရှာသည်။

ထို့အပြင် ၁၉၇၇ ခုနှစ်ခန့်က ကျိုင်းတုံမြို့ရှိ ယိုးဒယား ကောင်စစ်ဝန်ချုပ်သည် မကြာခဏ ကုန်းလမ်းခရီးဖြင့် ဘန်ကောက်မြို့သို့ ပြန်သွားလာခြင်း၊ (မှတ်ချက်-မြန်မာစစ်အစိုးရများ၏ ပြည်ဝင်ခွင့် ဗီဇာတွင် ကုန်းလမ်းဖြင့် ခရီးမသွားရဟု ပါရှိသည်။) ၎င်း ကောင်စစ်ဝန်ချုပ်သည် ဒေသခံ ရှမ်းလူမျိုးများနှင့် ခင်မင်ပြီး ဗမာစကားကိုပင် အနည်းငယ် ပြောဆိုတတ်ခြင်း စသည်တို့ကြောင့် မြန်မာစစ်အစိုးရအနေဖြင့် မနှစ်မြို့သော့သည့်အလျောက် ဇင်းမယ်ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးကို ပထမ ရုပ်သိမ်းလိုက်ပြီး အပြန်အလှန် သဘောမျိုးဖြင့် ယိုးဒယား ကောင်စစ်ဝန်ရုံးကိုလည်း ကျိုင်းတုံမြို့မှ ရုပ်သိမ်းစေခဲ့သည်။ ဤတွင် ယိုးဒယား ကလည်း ပညာပြသည့် အနေဖြင့် (အမည်မမှတ်မိတော့သော လူဝကြီး) ယိုးဒယား ကောင်စစ်ဝန်အား ယိုးဒယား အစိုးရတာဖန် မြန်မာနိုင်ငံဆိုင်ရာ ယိုးဒယား သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အဆိုပြုခဲ့ပြန်သည်။ ထိုအခါ မြန်မာအစိုးရက သဘောတူသည်ကိုလည်း မပြန်ကြား၊ သဘော မတူသည်ကိုလည်း မပြန်ကြားဘဲ သံတမန် နှာစေးနေ၍ အဆိုပါ လူဝ

ကြီးအား အချိန်တောင်ကြာပြီးမှ ယိုးဒယား အစိုးရက သဘောပေါက်၍ ဘဂ်လားဒေ့ရှ် နိုင်ငံသို့ သံအမတ်အဖြစ် ပို့ခဲ့ရသည်။

ငှင်းအပြင် ဦးနေဝင်းသည် ပေါက်ကရလေးဆယ် ရည်သည်နိုင်ငံသား၊ အိမ်ရှင်နိုင်ငံသား စသည်ဖြင့် အရှုပ်ချိုးပန်း မိန့်ခွန်းပြောကြားပြီး ၁၉၇၈ ခုနှစ်ခန့်တွင် မြန်မာနိုင်ငံသား ဥပဒေကို ပြဋ္ဌာန်းခဲ့ပြန်သည်။ ယင်းဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် နိုင်ငံသားတစ်ဦးသည် နိုင်ငံတော်မှ အပြီးအပိုင် ထွက်ခွာသွားလျှင်ဖြစ်စေ၊ နယ်စပ်မှ တိတ်တဆိတ် ထွက်ခွာသွားလျှင်ဖြစ်စေ နိုင်ငံသားအဖြစ်မှ ရပ်စဲသည်ဟု ပြဋ္ဌာန်းထားသည်။ ယိုးဒယားနိုင်ငံက အဆိုပါ ဥပဒေကို ပြဋ္ဌာန်းရန် ကြံစည်စဉ်ကပင် ငှင်းတို့နိုင်ငံသို့ နေ့စဉ်နှင့်အမျှ တိတ်တဆိတ် မှောင်ခိုကုန်လာရောင်း၊ လာဝယ်ကြသော မြန်မာများသည် ငှင်းတို့နိုင်ငံ၏ နိုင်ငံသားအဖြစ်မှ ရပ်စဲခံကြရပြီး ယိုးဒယားနိုင်ငံတွင် သောင်တင်နေကြရတော့မည်ကို စိုးရိမ်ကြောင့်ကြ၍ ရန်ကုန်မြို့ရှိ ယိုးဒယား သံအမတ်ကြီးသည် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနသို့ (ခိုးဝင်လာသော မြန်မာများကို ပြန်ပို့က) မည်သို့ အရေးယူဆောင်ရွက်မည်ကို မေးမြန်းလေ့ရှိသည်။

မြန်မာနိုင်ငံ၏ ယခင်ပါလီမန်ခေတ်တွင် ရှိပြီးသော လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဆိုပါမူ ပြန်လည်လက်ခံခြင်းနှင့် ပြစ်ဒဏ်အနည်းငယ်သတ်မှတ်ခြင်းများကို ပြုရပါမည်။ နိုင်ငံသား တစ်ဦးအား ငှင်း၏ ဆန္ဒအလျောက် မဟုတ်ဘဲ မည်သူကမှ နိုင်ငံသားအဖြစ်မှ ရပ်စဲပိုင်ခွင့်မရှိပေ။ ထိုကိစ္စနှင့် ပတ်သက်၍ မြန်မာဘက်မှ တိကျသော အဖြေကို မပေးသောကြောင့် ယိုးဒယားအစိုးရက သွေးတိုးစမ်းသော သဘောဖြင့် ငှင်းတို့ နိုင်ငံရှိ လက်လှမ်းမီသမျှ မြန်မာများကို ဖမ်းချုပ်ပြီး မြန်မာနိုင်ငံသို့ပြန်ပို့ရန် အဆိုပြုခဲ့သည်။ မြန်မာများဘက်မှလည်း ဖမ်းချုပ်ခံနေရသူများ၏ ဓာတ်ပုံနှင့် ကိုယ်ရေးရာဇဝင် အမျိုးမျိုးကို တောင်းခံပြီး အချိန်ဆွဲသည်။ ယိုးဒယား လူဝင်မှု ကြီးကြပ်ရေးဌာန အနေဖြင့် တခြားလူမျိုးများကို ချုပ်နှောင်ဖမ်းဆီးပြီး သက်ဆိုင်ရာသံရုံးသို့ အကြောင်းကြားလိုက်ပါက ချက်ချင်းလာရောက်ပြီး စောင့်ရှောက် ခေါ်ယူသွားကြသည်

ား ဖြစ်သည်။ မြန်မာ အချုပ်သမားများကိုမှ သံရုံးမှလည်း လာမစောင့် ှောက်၊ ပြန်ကြားချက်လည်း မရရှိ၍ အချုပ်ခန်းတွင် ကျွေးမွေးရသည့် ငွေသာ ကြီးမြင့်လာသောကြောင့် နောက်ဆုံး ကိုယ့်နည်းကိုယ့်ဟန် ြင့် သာရာလမ်းမှ ပြန်သွားကြစေရန်သာ ကျောသပ်ပြီး ပြန်လွှတ်လိုက် ြရသည်။

၁၉၈၄ ခုနှစ်ကလည်း ယိုးဒယားလေကြောင်းမှ ခရီးသည် ၁၈၀- ူး ခန့်တင်ဆောင်နိုင်သော အဲယားဘတ်စ် လေယာဉ်အမျိုးအစားကို ောက်ရှိဆင်းသက်နေသော ခရီးသည် ၁၀၀ ခန့်သာ တင်ဆောင်နိုင်သော လေယာဉ်အမျိုးအစားနှင့် အစားထိုးပြီး ရန်ကုန်မြို့သို့ ဆင်းသက်ခွင့် ြုရန် အဆိုပြုလာသည်။ မြန်မာအစိုးရက မင်္ဂလာဒုံလေဆိပ်တွင် အဲယား ဘတ်စ် လေယာဉ်အမျိုးအစားများ ဆင်းသက်ရန် ပြေးလမ်းမကောင်းမွန် း အကြောင်းပြ၍ ငြင်းပယ်ခဲ့သည်။ ယိုးဒယားက အလျှော့မပေးဘဲ ောင်းဆင်းသက်လိုကြောင်း တင်ပြ၍ ဆင်းသက်ခွင့် ပြုလိုက်ရသည်။ အဲယားဘတ်စ်များ ကောင်းစွာဆင်းသက်နိုင်၍ ကမ္ဘာလှည့် ခရီးသည်များ င်ဆောင်ပြီး တစ်ပတ်တစ်ကြိမ် ပုံမှန်ဆင်းသက်ခွင့်ကို အဆိုပြုလာပြန် သည်။ မြန်မာအစိုးရက အဲယားဘတ်စ် လေယာဉ်ကို ဆင်းသက်ခွင့် ပြုပါကြောင်းနှင့် သို့သော်လည်း လေယာဉ်တစ်ခေါက်တွင် ခရီးသည် ၁၀၀ ထက်ပို၍ တင်ဆောင်လာခွင့် မပြုနိုင်ကြောင်း၊ ကပ်ဖဲ့ရပ်ဖဲ့ ဆင်းသက်ခွင့်ပြုလိုက်၍ ယိုးဒယားများ ခံကြရပြန်သည်။

အထက်ဖော်ပြပါ ကိစ္စရပ်များအပြင် မြန်မာ အာဏာရှင် စစ် အစိုးရ အနေဖြင့် ယိုးဒယား အစိုးရအား မထီမဲ့မြင် ပြုမူခဲ့သည်များမှာ ောက်များစွာပင် ရှိခဲ့သည်။ ယိုးဒယား ငါးဖမ်းတံငါ စက်လှေများအား ည်း ရေထဲတွင် လှေမြှုပ်သုတ်သင်ရှင်းလင်းခြင်း၊ ဖမ်းဆီး၊ လှေသိမ်း၊ ထောင်ချခြင်းများကို နေ့စဉ်နှင့်အမျှ ပြုလုပ်ခဲ့သည်။ ဦးနေဝင်းခေတ်တွင် ပြုလုပ်ခဲ့သမျှသော ကျောက်မျက်ရတနာ ပြသရောင်းချပွဲများသို့ ယိုးဒယား များအား သူခိုးစာရင်းတွင်သွင်းပြီး အဖက်လုပ်၍ ဖိတ်ကြားခြင်းမရှိခဲ့ ပေ၊ နှစ်နိုင်ငံ နယ်ခြားဒေသ ကြီးကြပ်ရေး ကော်မတီ အစည်းအဝေးကို

လည်း (ဝန်ကြီးချုပ် ဦးနုအား လက်ခံခဲ့မှုကြောင့်) စိတ်ကောက်ပြီး မပြုလုပ်ဘဲ နေခဲ့သည်။

ယိုးဒယား အစိုးရ၏ အိမ်နီးချင်း နိုင်ငံများအပေါ် ဆက်ဆံရေး သဘောထားမှာ အရက်ရောင်းစားသော ထောင်ကဲကြီး ကဲ့သို့ပင် အရက် မူးလျှင် ဆဲတတ်ရမ်းတတ်သူ ဖြစ်သော်လည်း ဖောက်သည်မပျက်စေ ရန် ထောင်ကဲကြီးကလည်း သည်းခံ၍ ဆက်ဆံသည်။ အရက်သမား၏ နေငွေကြေးများသည် ထောင်ကဲကြီး၏ နေငွေကြေးများ မဟုတ်ပါလား။ ထို့ကြောင့် စစ်ဗိုလ်များ အုပ်ချုပ်နေသမျှ မြန်မာ့ သယံဇာတ ပစ္စည်းများ သည် ယိုးဒယား ထောင်ကဲကြီးများအတွက်ပင် ဖြစ်နေ၏။ အရက်သမား အရက်ပြတ်သွားမည်ကို အရက်ရောင်းချသူ ထောင်ကဲကြီးက စိုးရိမ် ကြောင့်ကြနေသကဲ့သို့ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းသွား မည်ကို ယိုးဒယား ထောင်ကဲကြီးများက စိုးရိမ်နေကြသည်။ အသိပညာ မရှိသော မြန်မာစစ်အာဏာရှင် အစိုးရ မရှိမည်ကို ယိုးဒယားများ စိုးရိမ် နေကြသည်။ အသိပညာမရှိသော မြန်မာစစ်အာဏာရှင် အစိုးရကို မည်သို့ ကျူးသွင်းရမည်ကို ယိုးဒယားများ နောကျေနေကြပြီ ဖြစ်သည်။

အာဏာလုပြီး ဆိုရှယ်လစ် အရူးထစ အာဏာလျှမ်းလျှမ်းတောက် စဉ်က ယိုးဒယားများအား အဖက်မလုပ်ခဲ့သော ဦးနေဝင်းသည် ယနေ့ ဘဝနေဝင်ချိန် ဆည်းဆာချိန်၌ ယိုးဒယားနိုင်ငံသို့ ဝတ်ဖြူစင်ကြယ်ဝတ် ပြီး ဘုရင့်သမီးတော်များကိုပင် ဒူးထောက်ခစားရန် အကြိမ်ကြိမ် ကြိုးစား ခဲ့သည်ကို ယိုးဒယားများက ငါးရံ့ပြုံး ပြုံးခဲ့ကြသည်။

ဦးနေဝင်းသည် မြန်မာရာဇဝင်တွင် တရုတ်ပြေးမင်းဟု အမည် တွင်သော နရပတိမင်းကဲ့သို့ ယိုးဒယားများ၏ ခွစီးခံရသော စစ်အာဏာ ရှင်ကြီးအဖြစ် အမည်တွင် ကျန်ရစ်မှာလည်း အလွန်သေချာလှပေသည်။

မြန်မာနိုင်ငံသည် ဒီမိုကရေစီ နိုင်ငံတစ်နိုင်ငံ မဖြစ်မချင်း အထီးကျန်ဘဝနှင့် ယိုးဒယားများ အစီးခံဘဝတွင် ကျင်လည်နေရဦးမည် သာ ဖြစ်သည်။ အထီးကျန် ဘဝမျိုးလည်း မဖြစ်စေရန်၊ အစီးခံ ဘဝမျိုး

သည်း လွှတ်မြောက်စေရန်အတွက် မြန်မာပြည်ချစ်သားကောင်းများ အနေဖြင့် အားသွန်ခွန်စိုက် ဆက်လက်ကြိုးစားကြရမည်သာ ဖြစ်သည်။

၁။ International Regionals Routes 15 trips. International Intercontinental Rotues 11 trips. Bangkok/Kunming/Conton/Hongkok Routes 1 trips. Bangkok/Canton Bangkok 1 trips.

၂။ The transit agreement convention.

၃။ Open sky policy (Bermuda Formula)

၄။ Air Transport Agreement.

ဆော်ပြိုင်ဂျာနယ်၊ အမှတ် ၂၅၊ ဧပြီလ ၁၉၉၄ ခုနှစ်။

✤

## ဘားမစ္စ် ကွန်မြူနတီ

ဘားမစ္စ်ကွန်မြူနတီများသည် အမည်နာမ အမျိုးမျိုးဖြင့် အမိနိုင်ငံ၏ အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကား စသည်များ မတိမ်ကော မပျောက်ဆုံးစေရန်အတွက် အားမာန်အားဖြင့်လုပ်ရှားဆောင်ရွက်လျက် ရှိကြပါသည်။ Community ဆိုသော အင်္ဂလိပ် ဝေါဟာရ၏ အဓိပ္ပာယ်ကို အတူနေလူများ၊ ဘာသာတူလူများ၊ အတွေးအခေါ် အယူအဆတူလူများ၊ နိုင်ငံရေး ဝါဒတူလူများဟု အများသိရှိပြီး ဖြစ်ပါသည်။

စာရေးသူ ရောက်ရှိနေသော ယူနိုက်တက်ကင်းနဒမ်းနိုင်ငံသည် လူမျိုးပေါင်းစုံ စုဝေးနေထိုင်သော၊ ကမ္ဘာတွင် သမ္မာအရင့်ဆုံး ပါလီမန် ဒီမိုကရေစီ ထွန်းကားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

ကမ္ဘာ့အရပ်ရပ်မှ လူမျိုးပေါင်းစုံတို့သည် လူ့မူလွတ်လပ်ခွင့်၏ အရိပ်အာဝါသအောက်တွင် နိုနားရန် လာရောက်နေထိုင်ကြပြီး မိမိလူမျိုးများ၏ ရိုးရာ၊ ယဉ်ကျေးမှု၊ ဘာသာတရား စသည်များကို "အရိုးကို အရွက်မဖုံးစေရ" ဟူသောမူဖြင့် စုဝေးနေထိုင်လျက် ရှိကြပါသည်။

လူသားတို့သည် မိမိတို့၏ မွေးဖွားရာဒေသ၊ မိမိတို့၏ ယဉ်ကျေးမှုနှင့် ကိုးကွယ်သည့် ဘာသာ၊ စာပေနှင့် စကား၊ မိမိတို့၏ ဒေသအစားအစာ စသည်များကို မြတ်နိုးစုံမက်ကြပါသည်။ သို့ဖြစ်၍ ရောက်လေရာ ဒေသတိုင်းတွင် ဘာသာစကားတူသူ အချင်းချင်း၊ ကိုးကွယ်သည့်ဘာသာနှင့် အယူအဆတူသူ အချင်းချင်း အစုအသင်းဖွဲ့၍ နေထိုင်လျက်

ရှိကြပါသည်။ အမိနိုင်ငံတော်ရှိ ကိုယ့်လူမျိုးများ ကောင်းစားရေးကိုလည်း ဦးထိပ်ထားကြပါသည်။

နေ့စဉ် ရေဒီယို၊ ရုပ်မြင်သံကြား သတင်းများနှင့် သတင်းစာ ဂျာနယ်များကို လေ့လာပါက ဤနိုင်ငံရှိ လူမျိုးအသီးသီး၏ 'ကွန်မြူနတီ' များ လှုပ်ရှားနေသော သတင်းများကို တွေ့မြင်နိုင်ပါသည်။ ယခု လောလောဆယ်တွင် 'ရဝမ်ဒါ'စစ်ဘေးဒုက္ခသည်များကို ကူညီနေသော ရဝမ်ဒါ ကွန်မြူနတီများ၏ လုပ်ရပ်များကိုလည်းကောင်း၊ 'ကာဒေ့စ်ချ်' စစ်ပြေးဒုက္ခသည်များကို ကူညီနေသော ကာဒေ့စ်ချ် ကွန်မြူနတီများ နှင့် ကမ္ဘာ့လူမျိုးပေါင်းစုံ ပါဝင်သည့် ကွန်မြူနတီများ၏ စေတနာ့ ဝန်ထမ်း လုပ်ရပ်များကို တွေ့မြင်နိုင်ပါသည်။

ယခင်နှစ်များက ဖြစ်ပေါ်ခဲ့သည့် အရှေ့ဥရောပ နိုင်ငံများနှင့် မြန်မာနိုင်ငံတို့၏ သွေးမြေကျ 'ဒီမိုကရေစီတိုက်ပွဲ'များတွင်လည်း နိုင်ငံ အရပ်ရပ်ရှိ သက်ဆိုင်ရာ နိုင်ငံများ၏ ကွန်မြူနတီနှင့် အသင်းအဖွဲ့များ က ငွေအား၊ လူအား၊ ပစ္စည်းအား၊ စိတ်ဓာတ်အား စသည်များဖြင့် ကူညီခဲ့ကြသည်ကို တွေ့မြင်ကြရပါသည်။ အရှေ့ဥရောပတွင် တစ်ပါတီ စနစ် ချုပ်ငြိမ်းသွားပြီး လူမှုလွတ်လပ်ခွင့်များ ရရှိပြီးသော အချိန်ကာလ များတွင်လည်း မိမိလူမျိုးများ တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက် ကူညီနေကြပြန်ပါသည်။ နိုင်ငံရပ်ခြားရှိ လူမျိုးအသီးသီး၏ ကွန်မြူနတီ များသည် မိမိတို့၏ လူမျိုးများ ဆန္ဒနှင့်သာ တစ်သားတည်း ရှိကြပါ သည်။ အာဏာရှင် စနစ်အား မကြိုက်နှစ်သက်၍ အမိနိုင်ငံအား စွန့်ခွာ လာသူများ အနေဖြင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ကင်းမဲ့သော စစ် အစိုးရများနှင့် စိတ်သဘောထားခြင်း ကွဲလွဲကြသည်မှာ မွေတာပင် ဖြစ်ပါ သည်။

မြန်မာနိုင်ငံမှ အုပ်ချုပ်သူ စစ်ဝါဒီများကလည်း ၎င်းတို့ လူညွှန်ပြ ပြီး အုပ်ချုပ်နေသည့် စနစ်အောက်မှ ရုန်းထွက်သွားသူတိုင်းအား ငြိုငြင် လျက် ရှိပါသည်။ ၎င်းစစ်ဝါဒီ အာဏာရှင်များ ငြိုငြင်သည့် ကြားမှပင်

...တို့၏ သားသမီး ရင်းချာများပင် အမိနိုင်ငံအား စွန့်ခွာထွက်လာနေကြ ဖြစ်ပါသည်။

ဘယ်အချိန် ဘယ်ကာလမှ စိတ်မကူးခဲ့ကြသော မြန်မာများသည် ယခုအခါ တိုင်းတစ်ပါးသို့ အတော်အသင့် ရောက်ရှိနေကြပြီး "ဘားမစ် ကွန်မြူနတီ"များ၊ အသင်းအဖွဲ့များ၊ မြန်မာ ဘုန်းတော်ကြီးကျောင်းများ စသည်ထောင်ကာ အရှည်နေထိုင်ရန် အခြေအနေအရ ကြံရွယ်လာကြပါသည်။

မြန်မာလူမျိုးများသည် တထီး၊ တနန်း၊ တကြင်နှင့် နေထိုင်ခဲ့သည့် ဘာသာတရားကိုင်းရှိုင်းပြီး အလွန် ယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ပါသည်။ သူ့ကျွန်ဘဝတွင်ပင် မြန်မာများ၏ ပညာ၊ ဘာသာနှင့် ယဉ်ကျေးမှု အဆင့်အတန်းသည် အလွန်မြင့်မားခဲ့သည်။ ယိုးဒယား ဘုရင်၏ မေတ္တာရပ်ခံချက်အရပင် မြန်မာအတတ်ပညာရှင် ၅၀ အား ယိုးဒယားနိုင်ငံ၏ ခေတ်မီတိုးတက်ရေးအတွက် ကူညီအမှုထမ်းရန် အင်္ဂလိပ်အစိုးရက စေလွှတ်ခဲ့ဖူးပါသည်။ ယင်းအချိန်ကာလက မြန်မာ သူဌေးနှင့် အရာရှိကြီးများသည် ယိုးဒယား၊ အိန္ဒိယနှင့် မလေးရှား နိုင်ငံများတွင် မြန်မာဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ် လှူဒါန်းခဲ့ကြသည်။ အိန္ဒိယနှင့် ယိုးဒယားလူမျိုး ဗုဒ္ဓဘာသာများကလည်း မြန်မာ ဘုန်းကြီးများ၏ တရားဓမ္မ အသင်အပြနှင့် အကျင့်သိက္ခာများကို ကြည်ညို လေးစား၍ ယိုးဒယားတစ်နိုင်ငံလုံးတွင် မြန်မာဘုန်းကြီးကျောင်း ၆၄ ကျောင်းနှင့် အိန္ဒိယနိုင်ငံတွင်လည်း မြန်မာဘုန်းကြီးကျောင်းများ ကျောင်းတိုက်များစွာ ရှိခဲ့ပါသည်။ မလေးရှားနိုင်ငံ ပီနန်မြို့တွင်ပင် မြန်မာ ဘုန်းကြီးကျောင်း တစ်ကျောင်းရှိခဲ့ပါသည်။

လွတ်လပ်ရေး ရပြီးသည့် နောက်ပိုင်းတွင်လည်း မြန်မာများသည် တစ်ညသာအိပ်၊ နှစ်ညအိပ်မျှပင် စင်္ကာပူနှင့် ဟောင်ကောင် စသည်များသို့ ...သည်အပတ် ဈေးဝယ်သွားနိုင်ခဲ့၍ နိုင်ငံခြားသို့ အပြီးအပိုင် သွားရောက် နေထိုင်ရန် မြန်မာကပြားများပင် စိတ်ကူးထဲ၌ မထည့်ခဲ့ကြပါ။ ဖဆပလ ခေတ်တွင် စာရေးသူတို့၏ နိုင်ငံခြားရေးရုံး အုပ်ချုပ်မှုအောက်တွင်ရှိ

သော နိုင်ငံခြားရှိ မြန်မာသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများသို့ မည်သူသွား ရောက် အမှုထမ်းလိုသည်ကို အုပ်ချုပ်ရေး ဌာနခွဲမှ ရုံးအုပ်ကြီးက တစ်ရုံး လုံး လှည့်လည်၍ မေးမြန်းရပါသည်။ မည်သူမျှ မသွားလိုကြ၊ လာမေး သူကိုပင် ငြိုငြင်ကာ အော်ထုတ်ကြပါသည်။ မြန်မာသံရုံးများတွင် မြန်မာ အမှုထမ်းများ လိုအပ်လျှင် သံအမတ်ကြီးများနှင့် လိုက်လာသည့် အိမ် ဖော်၊ ထမင်းချက် စသည်များကိုသာ စာရေးစာချီ ခန့်ခဲ့ကြပါသည်။ ဦးနေဝင်း၏ တစ်ပါတီ အာဏာရှင် စနစ်ခေတ်တွင် ရှေ့ကနှင့် ပြောင်းပြန် ဖြစ်ခဲ့ကြရပါသည်။ နိုင်ငံခြားကို သွားရောက်လိုသော ရမ္မက်ကြောင့် ပြည်ထဲရေးဝန်ကြီး ဗိုလ်မှူးချုပ် မင်းဂေါင်၏ သားနှင့် ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး ကျော်ညိမ်းတို့၏ သမီးများပင် ရုံးလုလင်များအဖြစ် နိုင်ငံ ခြားရေးရုံးတွင် ဝင်ရောက်အမှုထမ်းကြရပါသည်။ (မှတ်ချက်-အောက် တန်း စာရေးရာထူးနှင့် အရာရှိ အလုပ်သင်ရာထူးများကို အပြင်မှ အများ တကာနှင့် ပြိုင်၍ စာမေးပွဲ ဖြေရပါသည်။ ၎င်းတို့၏ သားသမီးများက စာမေးပွဲ မအောင်မြင်နိုင်ပါ။ ထို့ကြောင့် စာမေးပွဲ မဖြေရဘဲ ဆွဲခန့်နိုင် သော ရုံးလုလင် ရာထူးများကိုပင် အရှက်သိက္ခာမရှိ စတင်ဝင်လာကြပြီး အတွင်းလူ ရုံးဝန်ထမ်း ဖြစ်လာပြီးမှသာ နေ့ချင်း ညချင်း မျက်နှာလိုက် ဘက်လိုက်၍ ရာထူးတိုးပေးပြီး စာရေးကြီးများ၊ အရာရှိများအဖြစ် နိုင်ငံ ခြား မြန်မာသံရုံးများသို့ စေလွှတ်ကြပါသည်။)

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း မြန်မာလူမျိုးများသည် ၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက်နေ့ ဦးနေဝင်း အာဏာမသိမ်းမီအထိ လွတ်လွတ် လပ်လပ် သွားလာနိုင်ခြင်း၊ အမိနိုင်ငံကြီးသည်လည်း ဖွံ့ဖြိုးသာယာနေ ခြင်း စသည်များကြောင့် နိုင်ငံတာဝန်၊ သာသနာ့တာဝန်၊ လုပ်ငန်း တာဝန် များမှအပ မည်သူမျှ နိုင်ငံခြားတွင် အခြေချ မနေထိုင်ခဲ့ကြပါ။

တော်လှန်ရေးကောင်စီခေတ်တွင် ဦးနေဝင်းသည် မြန်မာနိုင်ငံ၌ အင်္ဂလိပ်စာတတ်နှင့် ဗဟုသုတ ပြည့်ဝသူများ၊ အနာဂတ်ကာလတွင် မပေါ်ပေါက်လာနိုင်စေရန်အတွက် ရည်ရွယ်ပြီး သာသနာပြုကျောင်းများ

အလွှတ်ပညာသင်ကျောင်းများကို ပြည်သူပိုင်သိမ်းပြီး ပညာရေး ကို ဖျက်ဆီးပစ်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အနာဂတ် တိုးတက်ဖွံ့ဖြိုးမှုကြီး တစ်ခုလုံးကို ဆုံးရှုံးစေခဲ့သော (ကျောင်းများကို ပြည်သူပိုင်သိမ်းမည့်) တော် ကောင်စီ၏ အစည်းအဝေးတွင် ဦးနေဝင်း၏ မှတ်ချက်တစ်ခု ပြည်ပတွင် ရောက်ရှိနေကြသော သာသနာပြု မြန်မာဘုန်းကြီး များသည် အလွန်ဒုက္ခကြီးစွာ ရောက်သွားခဲ့ကြရပါသည်။ "သူများ နာပြုခြင်းကို လက်မခံရန်၊ ကိုယ့်နိုင်ငံမှလည်း သူများနိုင်ငံသို့ ရောက် သာသနာပြုခြင်းကို အားမပေးကြရန်" ဆိုသော ပုံ/ဗိုလ် ၏ မှတ်ချက်ကြောင့် အိန္ဒိယနှင့် ယိုးဒယားနိုင်ငံများရှိ မြန်မာ ကြီးများ၏ မြန်မာနိုင်ငံကူး လက်မှတ်များအား သက်တမ်းတိုးမြှင့် ခြင်း၊ စာရွက်ကုန်သော်လည်း အသစ်ထုတ်မပေးခြင်း စသည်တို့ နိုင်ငံခြားတွင် သက်တမ်းမရှိသော မြန်မာနိုင်ငံကူး လက်မှတ် ဖြင့် မြန်မာဘုန်းတော်ကြီးများသည် သက်ဆိုင်ရာ နိုင်ငံ၏ လူဝင် ကြက် အရာရှိနှင့် ပုလိပ်များ၏ သားကောင်ဖြစ်ခဲ့ကြရသည်။ နောက် ၌ သူများနိုင်ငံတွင် တရားမဝင် ပုန်းအောင်းနေထိုင်ရခြင်းကြောင့် တရားဝင် ပိုင်ဆိုင်ခဲ့သော မြန်မာဘုန်းတော်ကြီးကျောင်းများသည် ကုလား နှင့် ယိုးဒယားများ လက်ဝယ်သို့ ရောက်ရှိသွားခဲ့ရပါသည်။

အလုံးစုံသော ဖြစ်ရပ်များ၏ တရားခံသည် ဉာဏ်ပညာ အမြော် အမြင်နည်းပါးလျက် ဦးနေဝင်း၏ အတ္တဆန်သော မသမာသည့် လုပ်ရပ် များကြောင့်ပင် ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဆုံးရှုံးမှုများသည်လည်း အမျိုးသားထု တစ်ရပ် လုံး၏ ဆုံးရှုံးမှုတွင် ပါဝင်ခဲ့ပါသည်။

မြန်မာများ၏ ဆုံးရှုံးမှုကို မြန်မာများသာ ခါးစည်းခံကြရပြီး မြန်မာ များ ပြန်လည်နာလန်ထူလာစေရန် အတွက်ကိုလည်း မြန်မာများပင် ပေါင်းတည်ဆောက်ကြရမည်သာ ဖြစ်ပါသည်။ အမျိုး၊ ဘာသာ၊ သာသနာ တည်တံ့နိုင်ရန်အတွက်ကိုလည်း ဉာဏ်ပညာ အမြော်အမြင်ရှိ

သော အတတ်ပညာရှင်၊ အသိပညာရှင် များကသာ စွမ်းဆောင်နိုင်ပါမည်။

တိုက်ရေးခိုက်ရေးနှင့် သတ်ရေးဖြတ်ရေးတွင်သာ ကျွမ်းကျင်သော စစ်အစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် မနေထိုင်လိုကြ၍ အစွမ်းအစနှင့် ပညာအမြော်အမြင်ရှိသော လူများသည် ပြည်ပသို့ ရောက်ရှိနေကြပြီ ဖြစ်ပါသည်။

ပြည်ပရှိ မြန်မာများအနေဖြင့်လည်း (ဗမာစစ်စစ်က ဗမာမဟုတ်ပါဘူးဟု ဆိုကာ လိမ်ညာပုန်းလျှိုး နေသူများမှအပ) မြန်မာများ အခြေမမြင့်လာပါက ကိုယ်လည်း အနေတင့်မည် မဟုတ်နိုင်ကြောင်း သဘောပေါက်ကြပြီးဖြစ်၍ ရောက်ရာအရပ်တွင် လူမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှု၊ အနုပညာ၊ စာပေ၊ ဘာသာစကားများ အစွန့်ရှည်တည်တံ့နိုင်ရန် အသင်းအဖွဲ့အမျိုးမျိုး ဖွဲ့စည်းစုဝေးကာ ဒီမိုကရေစီအရသာကို ခံစားနေထိုင်လျက် ရှိနေကြပြီ ဖြစ်ပါသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်များကို ဆန်းစစ်ကြည့်ပါက မြန်မာများအနေဖြင့် မိပစ်ဖပစ် တစ်ပါးနိုင်ငံတွင် အပြီးအပိုင် လာရောက် အခြေချနေထိုင်ရခြင်းသည် စစ်အာဏာရှင် စနစ်ဆိုး၏ ဆိုးမွေများကြောင့်ပင် ဖြစ်ပါသည်။

ယခုတဖန် နဝတစစ်အစိုးရ၏ ချော့မြှူမှုပရိယာယ်ကို မသိနားမလည်ကြသော အသိခေါက်ခေါက် အဝင်နက်သည့် ဆရာဝန်ဆိုး အချို့သည် မိမိတို့အား ဒုက္ခအင်မတန်ပေးခဲ့သည့် စစ်အာဏာရှင်စနစ် အဆိုးပင်အား မစို့မပို့ ရေလောင်းပေးလျက် ရှိနေကြပြန်ပါသည်။ ၄င်း ဆရာဝန်ဆိုးများ၏ ပုံပိုးမှုသည် ခြတောင်ဘို့ပေါ်သို့ ထင်းရှူးသေတ္တာ သွားချပေးသကဲ့သို့ပင် ဖြစ်ပါသည်။ ထင်းရှူးသေတ္တာက နည်းပြီး ခြတွေက များပြားလွန်း၍ တချို့ဆရာဝန်ဆိုးများသည် ရန်ကုန်မြို့သို့ အလည်အပတ် မပြန်ရဲကြတော့ရုံသာမကတော့ဘဲ မြန်မာသံရုံး အရိပ်ကိုပင် မနင်းရဲကြတော့ကြောင်း သိမြင်နေရပါသည်။

"ထမင်း တစ်နပ် ခေါ်ကျွေးတဲ့ ပိုင်းလုံး ခင်ညွန့်နဲ့ ဇနီး ဒေါက်တာ ဒေါ်ဝင်းရွှေတို့၊ နဝတ ဝန်ကြီးများနဲ့ ဇနီးတို့ကိုတော့ ကြောက်ပါပြီဗျာ။ ဦးသလပ်ပါပဲ။ ပါသွားတာတွေ အကုန်လှူခဲ့ရတဲ့အပြင် နောက်ထပ်လည်း ဆေးရုံတွေအတွက် ဒေါ်လာ ၃-၄ သောင်းတန် နှလုံးကုစက်တွေလည်း အလှူခံလိုက်သေးတယ်။ ဘယ်လိုလုပ် ပေးနိုင်ပါ့မလဲဗျာ။ သူတို့ နေထိုင်တဲ့ အိမ်တွေကျတော့ ကျုပ်တို့ နိုင်ငံခြားမှာနေတဲ့ အိမ်တွေထက် အများကြီး သာတယ်။ တစ်လ ကျပ် ၃ ထောင်လောက်သာ လစာဝင်ငွေရှိတဲ့ စစ်ဗိုလ်ကြီးတွေ ကောင်းစားနေလိုက်ကြတာ" ဟု နှစ်ခါသေဖူးမှ ဖျဉ်မိုး ဖေးလည်သော ဆရာဝန်ဆိုးတစ်ဦး၏ ညည်းညူသံကိုလည်း ကြားသိနေရပြန်သည်။

နိဂုံးချုပ်အနေဖြင့် ပြည်ပရောက် မြန်မာကောင်းများ အနေဖြင့် မြန်မာလူမျိုး တစ်မျိုးလုံးကို လူညွန့်တုံးစေသည့် စစ်အာဏာရှင် ယန္တရား ဆိုးကြီးအား လောင်စာဆီ ထည့်မပေးကြပါရန်နှင့် မြန်မာလူမျိုး တစ်ရပ်လုံး ဆုံးရှုံးနေသော လူ့အခွင့်အရေးများကို ပြန်လည်ရယူနိုင်ရန်အတွက် "မြန်မာကွန်မြူနတီများ" အနေဖြင့် စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်သို့သာ တက်ညီလက်ညီ ချီတက်ကြပါရန် ထပ်လောင်းနှိုးဆော်အပ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၂၇၊ ဩဂုတ်လ၊ ၁၉၉၄ ခုနှစ်။

✤

# ပြောရမှာ ရှက်ပါတယ်

ရိုးသားပွင့်လင်းသော မြန်မာများသည် မပြုံနိုင်မသိပ်နိုင်တော့သည့် နာကျည်းစရာ ခံစားချက်များတွင် "ပြောရမှာ ရှက်ပါတယ်" ဟု အစချီပြီး မြိုသိပ်ထားသမျှ အကုန်လုံး ဖွင့်အန်တတ်ကြသည်ကို ကြားဖူး ကြည့်ရှုကြမည်သာ ဖြစ်ပါသည်။

အဆိုပါ "ပြောရမှာ ရှက်ပါတယ်" သာမန်ဖြစ်ရိုးဖြစ်စဉ် ဇာတ်လမ်းများထဲမှ အရိုးကို အရွက်ဖုံးပြီး အမျိုး၊ ဘာသာ၊ သာသနာပါ ပျောက်နိုင်သော၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုများနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသော ဖြစ်ရပ်အချို့ကို ကြားသိနေရ၍ အထူးပင် စိတ်မချမ်းမြေ့ ဖြစ်နေပါသည်။

စာရေးသူသည် လူကိုမမုန်း၊ မှု (စစ်ဝါဒ)ကိုသာ မုန်းသူဖြစ်၍ မိတ်ဟောင်းဆွေဟောင်း စစ်ဗိုလ်ကြီးများအကြောင်းကို ၎င်းတို့ ဆွေမျိုးသားချင်းများအား တွေ့ဆုံတိုင်း သာရေးနာရေး စသည်ဖြင့် သတင်းမေးမြန်းလေ့ရှိပါသည်။

တချိန်က တော်လှန်ရေးကောင်စီခေတ်နှင့် မဆလ ခေတ်များတွင် အလွန့်အမင်း ဘုန်းမီးနေလ တောက်ပခဲ့သော ဗိုလ်မှူးကြီးတစ်ဦး၏ သားတော်မောင်တစ်ယောက်နှင့် မမျှော်လင့်ဘဲ လမ်းပေါ်တွင်တွေ့၍ မောင်ရင့်အဖေကြီးတစ်ယောက် ကျန်းကျန်းမာမာရှိပါစဟု သတင်းမေးမိပါသည်။ ၎င်းက "ကျွန်တော် ရန်ကုန်က ပြန်လာတာ သုံးလေးရက်ပဲ ရှိပါသေးတယ်။ ကျွန်တော့်အဖေ အပါအဝင် ခေါင်းဖြူစွယ်ကျိုး စစ်ဗိုလ်

ဟောင်းကြီးတွေ ဘဝကတော့ အတော်အဖြစ်ဆိုးနေပါတယ်။ အသက်ကြီးမှ ဒေါ်လာရောဂါ ထနေကြပါတယ်။ သူတို့တွေ အကြောင်းကို မပြောချင်တော့ပါဘူးဗျာ၊ ပြောရမှာတောင် ရှက်ပါတယ်"ဟု အစချီပြီး အကုန်ဖွင့် အန်ပါတော့သည်။

"ကျွန်တော့်အဖေတို့တတွေ တစည်ပါတီ (တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ)ထောင်ပြီး၊ ရွေးကောက်ပွဲဝင်ကြတော့ အရှုံးကြီးရှုံးကြတာ ဦးလေးသိမှာပါပဲ။ အဲဒါကိုလည်း မမှတ်ကြဘဲ နိုင်ငံရေး အာဏာသူတို့ဘက်ကို တနည်းနည်းနဲ့ ပြန်လည်ရလာနိုးနဲ့ ပါတီရုံးချုပ်မှာ ထိုင်စောင့်ကြတာ လေးနှစ်ကျော် ငါးနှစ်ကိုသာ ရောက်လာတယ် ဘာမှ အကြောင်းမထူးကြပါဘူး။ တစ်လ သုံးထောင်ကျော်ရတဲ့ မဆလ နိုင်ငံရေး ပင်စင်နဲ့ ချို့ချို့တဲ့တဲ့ ခါးစည်းခံနေခဲ့ကြရပါတယ်။ အခုတော့ ခါးစည်းမခံနိုင်ကြတော့ဘဲ ဗိုလ်မှူးကြီးဟောင်း၊ တိုင်းမှူးဟောင်း၊ ဝန်ကြီးဟောင်း ငါးဦးခြောက်ဦး အဖော်စပ်ပြီး ဟိုတယ်ဆိုလား၊ မိုတယ်ဆိုလား ထောင်ထားကြပါတယ်။ အလုပ်က စ,ခါစဆိုတော့ အလုပ်သမား စရိတ်စက သက်သာအောင်ဆိုပြီး စစ်ဗိုလ်ဟောင်းကြီးတွေ ရုံးခန်းမှာ တစ်ယောက်တစ်လှည့်စီ ရုံးထိုင်ကြတယ် ဆိုပါတယ်။ အဖေပြောပြချက် အရတော့ တပည့်တပန်း နဝတတွေက အစိုးရ ရုံးကိစ္စနဲ့ ပတ်သက်ပြီး လာကြတဲ့ နိုင်ငံခြား ကုမ္ပဏီက သူဌေးတွေကို ခွဲတမ်းချပြီး တည်းခိုနိုင်းလို့ ဝင်ငွေတော့ အတော်အသင့် ကောင်းပါတယ်လို့ ဆိုပါတယ်၊ ဒါပေမယ့် တစ်နေ့ အဖေဟာ အလုပ်က အချိန်မဟုတ် ဒေါသထွက်အိမ်ကိုပြန်လာပြီး သုံးလေးရက်လောက် အလုပ်ပြန်မသွားဘဲ တမှိုင်မှိုင်တတွေတွေ ဖြစ်နေလို့ အမေက 'ဘာဖြစ်တာလဲ၊ အလုပ်ထဲမှာ ရန်ဖြစ်လာတာလား'လို့ အတန်တန် မေးမြန်းကြည့်မှ ကျွန်တော့်အဖေက 'တို့ဟိုတယ်မှာ လာတည်းခိုနေတဲ့ ယိုးဒယား ကုန်သည်တစ်ယောက်က မိန်းမလိုချင်တယ်၊ ရှာပေးပါလို့ ငါ့ကိုပြောတယ်၊ တို့ဟိုတယ်ဌာ ဒါမျိုး မလုပ်ဘူး' ယိုးဒယားကုန်သည်ကို အော်ငေါက်လိုက်တော့ အဲဒီကုန်သည်က "ဗြော် ဝမ်းနည်းပါတယ်၊ ကျွန်တော်လူမှားသွားလို့ပါ။ ဟိုတစ်နေ့

ဒီ ဒီရုံးခန်းမှာထိုင်တဲ့ ခေါင်းဖြူဖြူလူနဲ့ ခင်ဗျားနဲ့ အတော်ရုပ်ချင်းတူပါ တယ်။ လူမှားပြီး ပြောမိတာပါ"လို့ ပြန်တောင်းပန်တဲ့ အကြောင်း ဖေဖေ ပြောပြလို့ သိရပါတယ်၊ ဒါပေမယ့် အဖေကတော့ စိတ်လည်း ညစ်၊ စိတ်ဓာတ်လည်းကျပြီး "တို့တတွေ ဒီဘဝကို ရောက်နေကြပါပ ကောလား"ဟု ရင်ထုမနာ ဖြစ်ရပါသော ပြောရမှာ ရှက်ပါတယ် ဇာတ်လမ်းကလေးတစ်ပုဒ် အဖြစ်ကို သိခဲ့ရပါသည်။

စစ်အာဏာရှင်အောက်၌ နိုင်ငံဂုဏ်ရည် ပထမအဆင့်၊ ဒုတိယ အဆင့်၊ လွတ်လပ်ရေး မော်ကွန်းဝင်ဘွဲ့ အသီးသီး ရရှိခဲ့ကြသော ဗိုလ်မှူး ကြီးဟောင်း၊ ဗိုလ်မှူးချုပ်ဟောင်းများ၏ ဟိုတယ်၊ မိုတယ်ပိုင်ရှင် ဇိမ် ခံ င်းဘဝ စသည်တို့မှာ ဖန်ခါးသီး စားသကဲ့သို့ တဖြည်းဖြည်းနဲ့ ဖန်ဖန် ခါးခါး လျှာရည်လိုက်ပြီး အရသာတွေ့ကာ နောက်သောအခါ ယဉ်ပါး သွားတော့မည်သာ ဖြစ်ပါသည်။

ယိုးဒယားနိုင်ငံရှိ အမျိုးသမီးငယ် တစ်ရာကျော် နှစ်ရာခန့် မွေး ထားသည့် မိုတယ်ဇိမ်ခန်းကြီးများ၏ ပိုင်ရှင်များသည် စစ်အာဏာရှင် ဗိုလ်ကြီးများသာ ဖြစ်ကြပါသည်။ အမှန်စင်စစ် မျိုးချစ်ယိုးဒယား စစ်ဗိုလ်အများစုသည် ဗီယက်နမ်စစ်ပွဲတွင် တိုက်ခိုက်နေသော အမေရိကန် စစ်သားများအတွက် အပန်းဖြေ ဇိမ်ခန်းများ ဖွင့်ပြီး ဒေါ်လာရှာဖွေရမည့် စီးပွားရေး စီမံကိန်းကြီးအား မနှစ်မြို့ခဲ့ကြသော်လည်း ဝိသမ လောဘ တက်နေကြသော သူတို့အထက်မှ စစ်အာဏာရှင် တစ်စုကြောင့် အဆိုပါ ဟိုတယ်၊ မိုတယ် ဇိမ်ခံလုပ်ငန်းကြီးသည် ရှင်သန်ကြီးထွားလာပြီး အုပ် ချုပ်နိုင်ထိန်းမရဖြစ်ကာ မြန်မာနိုင်ငံမှ လေတပ်ဗိုလ်ချုပ်ဟောင်း ဒီကလစ် သည့်ပင်လျှင် ဦးနေဝင်း ကန်ထုတ်လိုက်၍ ယိုးဒယားနိုင်ငံသို့ ရောက်ရှိ သော အချိန်ကာလက သူ့မိတ်ဆွေ ယိုးဒယားလေတပ်ဗိုလ်ချုပ် မာရှယ် ဒီတို့၏ မစမှုဖြင့် လေဆိပ်သို့ ဆိုက်ရောက်လာသော အမေရိကန် စစ်သား များအား ဟိုတယ်၊ မိုတယ်ဇိမ်ခံခန်းများသို့ ဘတ်စ်ကားများဖြင့် ပို့ဆောင် သည့် ကန်ထရိုက်လုပ်ငန်းကို ရရှိသွား၍ အတော်စားသာသွားခဲ့ဖူးသည်

ကို စာရေးသူအနေဖြင့် ဘန်ကောက်မြို့တွင် ရှိနေစဉ် တွေ့ကြုံကြားသိခဲ့ရဖူးပါသည်။

ထို့အပြင် တောင်ကိုရီးယားနိုင်ငံသို့ ၁၉၇၀ ခုနှစ် ပတ်ဝန်းကျင်က မြန်မာများ အတော်အရောက်အပေါက်နည်းပြီး မြန်မာသံရုံးများပင် ဖွင့်လှစ်ထားခဲ့ခြင်း မရှိခဲ့ပါ။ သို့ရာတွင် ထိုနောက်ပိုင်း အချိန်ကာလများ၌ ပတ်ချူဟီး ဘောလုံးဖလားပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဘောသမားများ နှစ်စဉ်ရောက်ရှိခဲ့ကြပါသည်။ ထိုအချိန်က တောင်ကိုရီးယားတွင် အာဏာရှင်များ ခြံနှင့်ဝင်းနှင့် လူနှစ်ဆယ်သုံးဆယ်ခန့် စစ်ဗိုလ်များ ကိုယ်ပိုင်အမျိုးသမီးငယ်များ မွေးထားသည့် အိမ်ခန်းဟိုတယ် မိုတယ်များ အမြောက်အမြား ရှိခဲ့သည်ကို ကိုယ်တွေ့မျက်မြင်သမားများထံမှ ကြားသိခဲ့ရဖူးပါသည်။ ၁၉၇၂ ခုနှစ်ခန့်က တောင်ကိုရီးယား စစ်ဗိုလ်ချုပ်ကြီးများ၏ အခြေအနေနှင့် ၁၉၉၄ ခုနှစ် မြန်မာ့စစ်ဗိုလ်ချုပ်ကြီးများ၊ စစ်ဗိုလ်ဟောင်းကြီးများ၏ အခြေအနေသည် ထပ်တူထပ်မျှ တူနေ၍ မြန်မာ့စစ်အာဏာရှင်များသည် တောင်ကိုးရီးယားနှင့် ယိုးဒယား စစ်အာဏာရှင်များထက် အနှစ်နှစ်ဆယ်ကျော်ခန့် အိမ်ခန်းပိုင်ရှင် သမိုင်းတွင်ပင် ခေတ်နောက်ကျလျက် ရှိနေပြန်ပါသည်။

ယခုတစ်ဖန် မြန်မာနိုင်ငံက ဆရာတင်၍ နိုင်ငံရေးစနစ် ပုံတူကူးယူခြင်းကို ခံရသည့် အင်ဒိုနီးရှား နိုင်ငံတွင်လည်း ယိုးဒယားနှင့် တောင်ကိုးရီးယား နိုင်ငံများထက် လူမှုရေး ဖောက်ပြန်မှု ကိုးဆယ်ဆ သာလွန်လျက်ပင် ရှိနေပြန်ပါသည်။ ဆင်းရဲချမ်းသာ ဆုကြုံနိမ့်မြင့် အလွန်ကွာဟပြီး၊ လူရောင်းလူဝယ် ကိစ္စရပ်များ အလွန်များပြားလျက် မိန်းမပျိုများအား ဈေးချိုချိုဖြင့် နှစ်တိုနှစ်ရှည် အသုံးပြုလိုရာ အချက်အလက်သတ်မှတ်၍ အိမ်ပေါ်တင်ထားနိုင်ကြောင်းကို ကိုယ်တွေ့မျက်မြင် နောင်တော် သံတမန်များထံမှ ကြားဖူးနား၀ ရှိခဲ့ပါသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ၏ ခံယူချက် ယုံကြည်ချက် စသည့် လူမျိုးစရိုက် လက္ခဏာများသည် ယိုးဒယား၊ ကိုးရီးယား၊ အင်ဒိုနီးရှား နိုင်ငံများ၏ ယဉ်ကျေးမှုအစဉ်အလာများနှင့် ဆီနှင့် ရေတမျှ ကွာခြားလှပါသည်။

အစိုးရလုပ်ငန်းများမှ သာဓကတစ်ခုကို ထုတ်ပြရပါမူ ၁၉၇၄ ခုနှစ်တွင် မဆလလွှတ်တော် ပေါ်ပေါက်လာပြီး၊ လွှတ်တော်မှ မူမူနွေး နွေး ခန့်အပ်လိုက်သော အလုပ်သမား ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဖြစ်သူ ဗိုလ်မှူးကြီးဟောင်း ဦးကျော်ခိုင်သည် ဂျနီဗာမြို့သို့ အလုပ်သမား ညီလာခံတက်ရန်အသွား ဘန်ကောက်မြို့သို့ တစ်ညတာ ဝင်ရောက် ရပ်နားခဲ့ပါသည်။ ယင်းအချိန်က ယိုးဒယားနိုင်ငံတွင် ဒုတိယနိုင်ငံခြားရေး ဝန်ကြီး ဖြစ်နေသူ ဗိုလ်ချုပ်ကြီးချတ်ချိုင်း (နောင်ဝန်ကြီးချုပ် ဖြစ်လာ သူ) က ဦးကျော်ခိုင်အား ညစာ ထမင်းပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ထမင်းပွဲသို့ ယိုးဒယား နိုင်ငံခြားရေး ဝန်ကြီးဌာန၊ သံတမန် မိတ်ဆက် ဌာနခွဲမှ လှပျိုမြစ် မိမ်မယ်ကလေးများကို ထမင်းစားအပြီး အချိုပွဲပမာ ၎င်းတို့ ထုံးစံအတိုင်း တည်ခင်းပေးရှာပါသည်။

ဦးကျော်ခိုင်က ကြောက်လန့်ပြီး "ဒီကောင်မလေးတွေကို ပြန် လွှတ်ခိုင်းလိုက်ပါ၊ ငါ မနေ့ကမှ ဒုတိယဝန်ကြီးဖြစ်တာ ပြုတ်တော့မှာ ပဲ"ဟုပြော၍ သက်ဆိုင်ရာ ယိုးဒယား သံတမန်အရာရှိများအား မိန်း ကလေးများကို ပြန်လွှတ်လိုက်ရန် စာရေးသူတို့ သံရုံးအဖွဲ့ဝင်များက ပြောပြခဲ့ဖူးပါသည်။ နောက် များမကြာမီ ယိုးဒယား သံတမန်ရေးဌာန မှ အကြီးအကဲ ဖြစ်နေသူ၊ မြန်မာနိုင်ငံတွင်လည်း ယိုးဒယားသံရုံး၌ ဒုတိယအတွင်းဝန် လုပ်ခဲ့ဖူးသူအား မြန်မာလူကြီးများအတွက် ထမင်းစား ပွဲလုပ်သည့်အခါ မိန်းကလေးများအား ခေါ်မလာရန်နှင့် မြန်မာ့စရိုက်နှင့် မကိုက်ညီပုံကို ပြောပြရာ ၎င်းကရယ်မောပြီး ကျွန်းဆွယ်ပွဲ ကျင်းပတဲ့ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရခေတ်က မင်းတို့ ဗမာတွေလည်း ဒီ လူကြီးတွေကို မိန်းမပျိုတွေနဲ့ ဧည့်ခံခဲ့တာပါပဲဟု ပြန်မှတ်၍ အတော်ပင် စိတ်ထဲ၌ နာကျည်းခံပြင်း ဖြစ်ခဲ့ရဖူးပါသည်။

စာရေးသူသည် မြန်မာနိုင်ငံတွင် ကျွန်းဆွယ်အားကစားပွဲ ကျင်းပ ချိန် ဗိုလ်ချုပ်ကြီးနေဝင်း အုပ်စိုးသည့် အိမ်စောင့်အစိုးရခေတ်တွင် ကျောင်းသားဘဝ၌သာ ရှိနေသေး၍ ယင်းအကြောင်းအရာများအား မသိ ရှိခဲ့သော်လည်း ၎င်းယိုးဒယားအရာရှိ ပြောသော စကားများသည် စာရေး

သူတို့ နိုင်ငံခြားရေးရုံးတွင် တစ်ကြိမ်တစ်ခါမျှ ကြားဖူးနား၀ မရှိခဲ့၍ မြန်မာလူကြီးများ ဤမျှအထိ ကိုယ့်ယဉ်ကျေးမှုနှင့် ဆန့်ကျင်ပြီး သိက္ခာမရှိသော လုပ်ရပ်များကို လုပ်ဆောင်လိမ့်မည် မဟုတ်ကြောင်း အကြွင်းမဲ့ ယုံကြည်ထားခဲ့သည်။

သို့ရာတွင် နောက်များမကြာမီ အဆိုပါ ကျွန်းဆွယ်ပွဲအတွင်းက မြန်မာအမျိုးသမီးများနှင့် ယိုးဒယား ဗိုလ်ချုပ်ကြီးများ တွဲရိုက်ထားသည့် ဓာတ်ပုံများကို ကိုယ်တွေ့မျက်မြင် ကြည့်ရှုရမှသာလျှင် ဦးနေဝင်းတို့ စစ်ဗိုလ်ဆိုးအုပ်စုသည် မိမိတို့ ပါဝါအာဏာ တည်မြဲရေးအတွက်ဆိုလျှင် ဘာမဆိုလုပ်မည့် ဆိုးပေမောင်မဲများပါကလားဟု သိမြင်လာခဲ့ရပါသည်။

၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရခေတ်တွင် ဦးနေဝင်းနှင့် သဘောချင်း မတိုက်ဆိုင်၍ စစ်တပ်မှ မောင်းထုတ်ခံရပြီး သံအမတ်ကြီးများ ဖြစ်လာကြသော၊ လက်ျာအယူအဆရှိသော စစ်ဗိုလ်တချို့က မြန်မာနိုင်ငံတွင် နေ့ချင်းညချင်း မိုးပျံတိုက်ကြီးများ၊ ကုန်တိုက်ကြီးများ ဖြစ်ပေါ်လာအောင် ၎င်းတို့ဆောင်ရွက်နိုင်ကြောင်း၊ သို့ရာတွင် ပြည်သူလူထုအကျင့်စာရိတ္တ မည်၍မည်မျှ ပျက်စီးယိုယွင်းသွားမည်ကို ၎င်းတို့ မသိနိုင်ကြောင်း၊ လူ့သိက္ခာနှင့် ငွေ အလဲအလှယ်လုပ်ရမည့် နိုင်ငံခြား ခရီးသွား ဧည့်လုပ်ငန်းသည် ဦးစားပေးအဆင့်တွင် မထားသင့်သော စီးပွားရေးလုပ်ငန်းသာဖြစ်ကြောင်း စသဖြင့် ပြောဆိုသံများကို ကြားသိမှတ်သားခဲ့ရဖူးပါသည်။

န၀တ စစ်ဗိုလ်ဆိုးများသည် မြန်မာနိုင်ငံအတွက် ဦးစားပေး အဆင့်တွင် မထားသင့်သော တိုးရစ်အင်ဒပ်စ်စရီးကို လက်တွေ့ အကောင်အထည်ဖော်သည့် အနေဖြင့် ဟိုတယ်၊ မိုတယ် အိမ်ခန်းများ တည်ဆောက်လျက်ရှိနေကြပါသည်။

န၀တများအနေဖြင့် ဈေးကွက်ကို သုတေသနမပြုဘဲ လာမည့်နှစ်သည် ကမ္ဘာလှည့် ခရီးသည်များ (တိုးရစ်) နှစ်ဟု ကြွေးကြော်ပြီး ဟိုတယ်၊ မိုတယ်တွေ အကြီးအကျယ် ဆောက်နေကြသည်ကို အံ့အားသင့်ပြီး၊ ထိုအချက်ကို သဘောမပေါက်သော မြန်မာစကားတတ်သည့်

ငံခြားသားတစ်ဦးက "ကျွန်တော့်အမြင်တော့ မြန်မာနိုင်ငံကို တိုးရစ်တွေ သိပ်လာမယ့် အခြေအနေတော့ မမြင်သေးပါဘူးဗျာ။ ဒါပေမယ့် နောင်နှစ်များမှာတော့ ဒီစစ်ဗိုလ်တွေ အာဏာကို ပိုပြီး တိုးယစ် (တိုးပြီး ငံမူး)လာကြလိမ့်မယ်။ ဒီအချိုးတိုင်း သွားလို့တော့ ဘယ်တော့မှ ဒီ ဗိုလ်တွေ ကုလားထိုင်က ဆင်းပေးမှာ မဟုတ်ဘူး" ဟု မှတ်ချက်ချ ပြန်ပါသည်။

လွှတ်လပ်ရေး မော်ကွန်းဝင်ဘွဲ့ရ စစ်ဗိုလ်ဟောင်းကြီးများပင် ပြောရမှာ ရှက်ပါတယ် ဘဝမျိုးကို ရောက်နေကြပြီ ဆိုပြန်တော့ စာရေးသူ အနေဖြင့် ခင်မင်သိကျွမ်းခဲ့ရသူ စစ်ဗိုလ်ကြီးများအတွက် အလွန်အမင်း ခံတတ်ကျပြီး နိဂုံးချုပ်တွင် ဘာမျှဆော်သြချက်၊ တိုက်တွန်းချက်၊ နှိုးဆော်ချက်များကိုပင် မရေးချင်တော့ဘဲ အထက်ပါ ကိစ္စရပ်များကို ပြောမဖြစ်၍သာ ပြည်သူများ သိရှိနိုင်ရန်အတွက် ပြောပြလိုက်ရသော ည်း ဒီထက် အတွင်းကျကျ ပြောရမှာကို ရှက်သလို ဖြစ်နေကြောင်းကို ည်း စာဖတ်သူများအနေဖြင့် နားလည် သဘောပေါက်ကြစေလိုပါ ည်။

တ်ပြိုင်ဂျာနယ်၊ အမှတ် ၂၈၊ စက်တင်ဘာလ၊ ၁၉၉၄ ခုနှစ်။

## ကောက်ရိုးခြေထောက် မြက်ခြေထောက်

ကောက်ရိုးခြေထောက် မြက်ခြေထောက် ဆိုရုံမျှဖြင့် မြန်မာများ အနေနှင့် မြန်မာစစ်သားတွေ အကြောင်းပါပဲဟု ကြိုတင်သိရှိနိုင်သကဲ့သို့ 'ခတ်မြေညြဇာ' ဟု ဖွင့်ဟရုံမျှဖြင့် ယိုးဒယားများအနေနှင့် ယိုးဒယား စစ်သားတွေ အကြောင်းပါပဲဟု ကြိုတင်သိရှိနိုင်ပါသည်။

စာရေးသူ ယိုးဒယားနိုင်ငံတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က သံရုံး ယာဉ်မောင်းဖြစ်သူ မဲဆောက်မြို့သား ဦးကျော်ညွန့်က စစ်ကားပေါ် တွင် စစ်သားအပြည့်ဖြင့် သွားလာနေသည်ကို မြင်တွေ့တိုင်း ခတ်မြေ ညြဇာဟု ပြောဆိုလေ့ရှိပါသည်။ သီးနှံပင်များ ဖွံ့ဖြိုးသီးပွင့်ရန်အတွက် ခတ်မြေညြဇာက ပံ့ပိုးပေးရသကဲ့သို့ ယိုးဒယား စစ်အာဏာရှင် စစ် ဗိုလ်ချုပ်ကြီးများ ဖွံ့ဖြိုးရန်အတွက်ကိုလည်း လူငယ်လူရွယ် စစ်သားများ က ပံ့ပိုးပေးကြရရှာပါသည်။ သို့အတွက် စစ်အာဏာရှင် စနစ်အား နှံမုန်းသူ ယိုးဒယားနိုင်ငံသားများ အနေဖြင့် တပ်သားငယ်များအား ကရုဏာဒေါသနှင့် ခတ်မြေညြဇာဟု အမည်နာမ်တား ပေးထားကြခြင်း ပင်ဖြစ်ပါသည်။ ခတ်မြေညြဇာများနှင့် သဏ္ဍာန်တူသော တပ်သားငယ် များသည် မြေတွင်သာ ဆွေးမြေ့သွားကြပြီး စစ်ဗိုလ်ချုပ်များသာ ဖွံ့ဖြိုး သီးပွင့်ကြလျက် တိုက်ကြီးတာကြီး၊ ကားကြီးကားငယ်၊ မယားငယ် အသွယ်သွယ်ဖြင့် ကြီးပွားနေကြသည့် စစ်အာဏာရှင် စနစ်၏ သရုပ် သကန်တစ်ခုပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဗမာ့တပ်မတော်အား ထူထောင်စဉ် အခါသမယတွင် ဗြိတိသျှစစ်တပ်များ၏ စစ်သင်တန်း ပုံစံအတိုင်း Left ဘယ် Right ညာဖြင့် စတင်ခဲ့ကြပါသည်။ ဘယ်ညာ၊ လက်ဝဲလက်ယာကို မသိရှာကြသော တောင်သူလယ်သမားများ၏ ရင်နှစ်သည်းချာများနှင့် လူမျိုးစု လူငယ်လူရွယ်များအား ဘယ်ညာအစား ဘယ်ဘက်ခြေထောက်တွင် ကောက်ရိုးတစ်ပင် ချည်နှောင်ပြီး ညာဘက်ခြေထောက်တွင် မြက်တစ်ပင် ချည်နှောင်ကာ သင်တန်းဆရာ တပ်ကြပ်ကြီးများက သင်တန်းသားသစ်များအား ဘယ်ညာ၊ ဘယ်ညာ မောင်းရမည့်အစား ကောက်ရိုးခြေထောက် မြက်ခြေထောက် စသဖြင့် စစ်သင်တန်းကို စတင်ခဲ့ကြပါသည်။ စာတတ်၍စစ်ထဲဝင်သူရော၊ စာမတတ်၍ စစ်ထဲဝင်သူပါ ရိုင်ဖယ်သေနတ်ထမ်း၍ စစ်သင်တန်းကို ကောက်ရိုးခြေထောက် မြက်ခြေထောက်များဖြင့် စတင်ခဲ့သူများသာ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဗြိတိသျှနယ်ချဲ့တို့၏ နည်းနာနိဿယများဖြင့် ပေါက်ဖွားသန္ဓေတည်လာသော ဗမာ့တပ်မတော်တွင် ယနေ့အထိ အရာရှိနှင့် အကြပ်တပ်သား ခွဲခြားမှု၊ ကွာဟမှုများနှင့် ခိုင်းရာစေ သေရွာသွားရမည့် စာပေမတတ်မြောက်သည့် လူငယ်များကို စစ်သားသစ်အဖြစ် စုဆောင်းလျက် ရှိနေသည်မှာ ယခင်နှစ်ပေါင်း ၄၀ ခန့်က အရေးပေါ် စုဆောင်းရသည့် အခြေအနေအတိုင်းပင် ရှိနေပါသေးသည်။ ယခင်က နယ်ချဲ့နှင့် ဖက်ဆစ်ရန်ကို ကာကွယ်ရန်ဖြစ်ပြီး၊ ယခုတော့ ဒီမိုကရေစီရန်ကို ကာကွယ်ရန်နှင့် ကိုယ့်လူမျိုးကို ပြန်သတ်ရန်အတွက်ပင် ဖြစ်ပါသည်။

* တပ်သားများသည် စိုလ်အဖြစ်သို့ အရည်အချင်းအလျောက် မတက်နိုင်ပေ။
* စစ်ဗိုလ်အဖြစ်သည် ဘုန်းကံရှင်များသာ ဖြစ်ရမည်။
* တပ်ထဲတွင် ဒီမိုကရေစီ လုံးဝမရှိရ။
* ဗိုလ်နှင့်တပ်သား လုံးဝခြားနားရမည်။
* တပ်သားနှင့် လူထု အဆက်အသွယ် မရှိရ။

* စစ်သားသည် နိုင်ငံရေးနှင့် ကင်းဝေးရမည်။

ရည်ရွယ်သည်မှာ စစ်သားများသည် နလပိန်းတုံး ကြေးစားကျွန်များသာ ဖြစ်ရမည်။

ယနေ့ မြန်မာ့တပ်မတော် အရာရှိကြီးများသည် နယ်ချဲ့အရင်းရှင်သနစ်အား အခွင့်ကြုံတိုင်း ဝေဖန်ပြစ်တင် မိန့်ခွန်းခြွေလျက် ရှိကြသော်လည်း အရှင်သခင် အငွေ့အသက် အများဆုံး ကျန်ရှိသော နေရာသည် စစ်ဗိုလ်များ၏ ရင်ခေါင်းထဲတွင်သာ ဖြစ်ပါသည်။ မည်သည့် ဥရောပအရင်းရှင် နိုင်ငံများတွင်မှ မရှိတော့သည့် အထက်ဖော်ပြပါ တပ်သားနှင့်စစ်ဗိုလ်၊ စာရေးစာချီနှင့် အရာရှိအရာခံ ခွဲခြားမှုသည် မြန်မာစစ်တပ်တွင်သာ အပြည့်အဝ ရှိနေပါသည်။

နဝတ ဒေါ်လာဗိုလ်ချုပ်၊ ယွမ်ဗိုလ်ချုပ်များသည် စစ်သား၊ ရဲသား၊ အလုပ်သမား၊ စာရေးစာချီ စသည့် လစားနည်း ဝန်ထမ်းများအား ၎င်းတို့မိသားစု သီးပွင့်ရန်အတွက် ခေတ်မြေဩဇာအဖြစ် ယိုးဒယား ဗိုလ်ချုပ်များနည်းတူ အသုံးပြုလျက် ရှိနေကြပါသည်။

စာရေးသူ သံတမန်ဘဝ ခရီးတစ်လျှောက်တွင် ဘီအေ၊ ဘီအက်စ်စီ အောင်မြင်ထားသော စစ်သံရုံးများမှ တပ်ကြပ်ကြီးစာရေးများကို သိကျွမ်းခင်မင်ခဲ့ဖူးပါသည်။ ၎င်းတို့တစ်ဝက်မျှပင် ပညာမသင်ဖူးဘဲ အရှင်မွေး ညချင်းကြီးပြီး ကောက်ရိုးခြေထောက် မြက်ခြေထောက်ဘဝမှ ဒုတိယဗိုလ်မှူးကြီးများ ဖြစ်လာကြသည့် စစ်သံမှူးများကိုလည်း ကြုံတွေ့ဖူးပါသည်။ တချို့ ဒုတိယဗိုလ်မှူးကြီးများသည် နိုင်ငံခြား ဘာသာစကား မတတ်ဘဲ သံအမတ်ကြီးများအဖြစ်လည်းကောင်း၊ တရားဥပဒေကို နလပိန်းတုံးမျှ မသိဘဲ တိုင်းနှင့်ပြည်နယ် တရားသူကြီး ဥက္ကဋ္ဌများအဖြစ်လည်းကောင်း၊ ဗဟိုတရားရုံး တရားသူကြီးအဖွဲ့ဝင်များအဖြစ်လည်းကောင်း ဖြစ်သွားကြသည်ကိုလည်း နဖူးတွေ့ဒူးတွေ့ တွေ့ကြုံဖူးပါသည်။ ဘုရားကအောက် မျောက်ကအထက်ဆိုသည့် လုပ်ရပ်များကြောင့် မြန်မာနိုင်ငံသည် လူမွဲစာရင်းဝင်နိုင်ငံ ဖြစ်သွားခဲ့ခြင်းပင် ဖြစ်ပါသည်။

စစ်ဗိုလ်များနှင့် စစ်သားများ ဆက်ဆံပုံများနှင့် ပတ်သက်၍ ပညာတတ် တပ်ကြပ်ကြီး စာရေးတစ်ဦး၏ ပြောကြားချက်ကို သတိရလျက်ရှိနေပါသည်။ အဆိုပါ တပ်ကြပ်ကြီးက ၎င်းသည် ဆွေမျိုး အသုဘတစ်ခုတွင် ဘုန်းရှင်ကံရှင် စစ်ဗိုလ်ကြီးများ၏ သား ဒု-ဗိုလ်တစ်ယောက်နှင့် စကားလက်ဆုံ ဆယ်မိနစ်ခန့် ပြောဆိုနေကြကြောင်း၊ အစတွင် ၎င်း ဒု-ဗိုလ်က အရပ်သားထင်ပြီး ဦးလေးဟု ခေါ်ဝေါ်ပြောဆိုနေကြောင်း၊ နောက်သူ့အား တပ်ကြပ်ကြီး စာရေးမှန်းလည်း သိရှိသွားသောအခါ ဦးလေးဟု မခေါ်တော့ဘဲ မောင်ရင်..မောင်ရင်ဟု သခင်က ကျွန်ကိုခေါ်သည့် ပုံစံမျိုး ချက်ချင်းပြောင်းသွားကြောင်း၊ စစ်တပ်တွင် ဂါရဝတရား လုံးဝမရှိဘဲ အထက်အောက် ဆက်ဆံရေးတွင် သခင်နှင့် ကျွန်ကဲ့သို့ နိုင်ထက်စီးနင်း ဆက်ဆံပုံများပင် ဖြစ်ပါသည်။

စစ်ဗိုလ်များ၏ မဟာဆန်ပုံနှင့် ပတ်သက်၍ ကိုယ်တွေ့ အဖြစ်အပျက်တစ်ခုကို အခွင့်ရ၍ တင်ပြပါမည်။ ၁၉၈၆ ခုနှစ်တွင် ဦးနေဝင်းသည် လန်ဒန်မြို့သို့ ဆွေတော်မျိုးတော်၊ ကျေးတော် ကျွန်တော်အပေါင်းနှင့် လာရောက်စဉ်က စစ်သံရုံးများကို အုပ်ချုပ်ရသော ထောက်လှမ်းရေးညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ခင်ညွှန့်သည် အပေါက်စောင့်တာဝန်ဖြင့် လိုက်ပါလာခဲ့ပါသည်။ ဗိုလ်ခင်ညွှန့်သည် ၎င်း၏ အတွင်းခံဘောင်းဘီနှင့် စွပ်ကျယ်အင်္ကျီများအား လျှော်ဖွပ်စွာဖြင့် စစ်သံရုံးမှ ရုံးအုပ် အရာခံဗိုလ်လှဝင်း (လေ)အား ဖွပ်လျှော်ခိုင်းထားပါသည်။ ဗိုလ်ခင်ညွှန့်နှင့် နီးစပ်လိုကြသော တခြား ဓာတ်မြေသြဇာများ ဖြစ်ကြသည့် တပ်ကြပ်ကြီး စာရေးများက သိရှိသွားပြီး ၎င်းတို့သည် ဗိုလ်ခင်ညွှန့်၏ အတွင်းခံဘောင်းဘီပဲဖြစ်ဖြစ်၊ စွပ်ကျယ်အင်္ကျီပဲဖြစ်ဖြစ် အလှည့်ကျ လျှော်ဖွပ်ပေးလိုသည်ဟု ခွဲတမ်းတောင်းခံရာတွင် အရာခံဗိုလ် လှဝင်းနှင့် ဇနီးတို့က ငါတို့ကို တာဝန်ပေးသည့်ကိစ္စ ငါတို့ပဲ ဆောင်ရွက်ပေးမည်ဟု တင်းခံနေ၍ အချင်းချင်း ပဋိပက္ခဖြစ်ကြကာ အဆိုပါ တပ်ကြပ်ကြီးများက ဗိုလ်ခင်ညွှန့်အား အရာခံဗိုလ် လှဝင်း၏ သမီးကြီးနှစ်ဦးသည် ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပြီး အပြင်တွင် အလုပ်နိုးလုပ်နေ

ကြသည်ဟု စာရေးတိုင်တန်းကြပါသည်။ (မြန်မာ့ သံတမန်ဝန်ထမ်းစည်းမျဉ်း စည်းကမ်းတွင် ဝန်ထမ်းနှင့်အတူ လိုက်ပါလာသူများ ဖြစ်သည့် ဇနီး၊ ခင်ပွန်း၊ သားသမီးတို့နှင့် အိမ်ဖော် စသည်များသည် မိမိတို့ ရောက်ရှိနေသည့် နိုင်ငံတွင် အလုပ်လုပ်ပိုင်ခွင့် မရှိပါ။ အလုပ်လုပ်ပါက တိုင်းပြည်နှင့် လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်သည်ဟု ဆိုထားပါသည်) ဒိုသံခင်ညွန့်သည် လန်ဒန်တွင် ရောက်ရှိနေစဉ် ကာလတွင် ဦးနေဝင်း နှင့် သမီးစန္ဒာဝင်းတို့၏ တံခါးပေါက်ဝတွင် ထိုင်စောင့်ရသည့် တာဝန် ထူးရှားများအပြင် နိုင်ငံခြားတွင် ကျောင်းစရိတ်ကြီး၍ အထက်တန်း ပညာကို မသင်ကြားနိုင်ဘဲ တစ်နေ့ကုန်တစ်နေ့ခန်း နှစ်ရှည်လများ ဖျင်း ကြောဆွဲနေကြသည့် သမီးကြီးနှစ်ဦးအား ပစ္စည်းထုတ်ပိုးသည့် ကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်ခွင့် ပြုခဲ့မိသည့် အရာခံဗိုလ်လှဝင်း၏ ဖြစ်မှုကြီး ကိုလည်း ကိုယ်တိုင်စစ်ဆေးခဲ့ရပါသည်။ ဖြစ်မှုထင်ရှားသဖြင့် အရာခံ ဗိုလ်လှဝင်းနှင့် မိသားစုအား နှစ်မစေ့မီ မြန်မာနိုင်ငံသို့ ပြန်လည် ပြောင်းရွှေ့လိုက်ပါသည်။

အာဏာရှင် ဗိုလ်ခင်ညွန့်၏ အတွင်းခံ ဘောင်းဘီနှင့် ခွပ်ကျယ်များ ကို လျှော်ဖွပ်ခွင့်ရသွားသော တပ်ကြပ်ကြီးများသည်လည်း နှစ်စေ့၍ မြန်မာနိုင်ငံသို့ ပြောင်းရွှေ့သွားသောအခါ နယ်တပ်ရင်းများသို့ မသွားရ ဘဲ ဗိုလ်ချုပ်ခင်ညွန့် အနားတွင်ပင် တာဝန်ထမ်းဆောင်နေကြရကြောင်း သိရပါသည်။ စစ်စည်းကမ်း ဥပဒေအရ ဆိုပါမူ နိုင်ငံခြားရှိ စစ်သံရုံးမှ အပြန်တွင် နယ်ရှိတပ်ရင်းများသို့ သွားရောက်ရပါသည်။

အမှိုက်ကာစ ပြဿဒ်မီးလောင်သည့် ပုံပမာကဲ့သို့ ဗိုလ်ခင်ညွန့်၏ အတွင်းခံ ဘောင်းဘီမှစပြီး စစ်သံရုံးအုပ် တရားခံဗိုလ် လှဝင်းနှင့် မိသားစု ၏ ဘဝကို လောင်မြိုက်သွားခဲ့ပါသည်။ သို့ရာတွင် စစ်သံမှူး၊ ဗိုလ်မှူး ကြီးများ၏ သားသမီးများ၊ အနေဖြင့် စစ်သံရုံးကားနှင့် အကြိုအပို့ လုပ် နိုင်းပြီး အပြင်ကုမ္ပဏီများတွင် အလုပ်သွားရောက် လုပ်ကိုင်နေကြခြင်း ကိုမူ ပညာလိုချင်၍ သွားရောက် ဆည်းပူးနေပါသတဲ့။ မညီမျှသော စစ်ဗိုလ်နှင့် အကြပ်တပ်သားများ ဘုန်းကံ ကွာဟချက်တစ်ခုနှင့် စစ်

တပ်တွင်လည်း ဥပဒေကို လိုတစ်မျိုး မလိုတစ်မျိုး ကျင့်သုံးနေပုံများပင် ဖြစ်သည်။

အမှန်တကယ်တွင် ဖောက်ပြန်ဝါဒဟု အခေါ်ခံရသော ယိုးဒယား တပ်သားများ၏ လူနေမှုဘဝသည် မြန်မာတပ်သားများ၏ လူနေမှု ဘဝ ထက် အရာရာတွင် သာလွန်လျက် ရှိနေပါသည်။ ဝင်ငွေထွက်ငွေမှအစ အရာရှိ အကြပ်တပ်သား ဆက်ဆံရေးတွင်လည်း ယိုးဒယားက ပိုမို ပြေပြစ်ပြီး၊ အသေအပျောက် စာရင်းတွင်လည်း ယိုးဒယားစစ်သား တစ်နှစ် လျှင် ဆယ်ယောက်မျှပင် မရှိသော်လည်း မြန်မာနိုင်ငံတွင် ၁၉၉၃ ခုနှစ် က ဗိုလ်လောင်းသင်တန်းဆင်းပွဲ တစ်ခု၌ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေး၏ မိန့်ခွန်းအရပင် ယင်းနှစ် ၇ လပိုင်း ၈ လပိုင်း တွင်းမှာပင် စစ်သား ၁၄၀၀ ကျော်မျှ ကျဆုံးသွားကြောင်း သတင်းစာ များတွင် ဖတ်ရှုရပါသည်။

ယနေ့ အာရှတိုက်တွင် စစ်သားသေ်များ အသေအပျောက် အများ ဆုံးသည် မြန်မာနိုင်ငံတွင်သာ ဖြစ်ပါသည်။

နဝတ စစ်ဗိုလ်ဆိုးများသည် ၎င်းတို့ နေရာမြဲလျှင် ပြီးရောဆိုသည့် မူဖြင့် နိုင်ငံအား ဖောက်ကြမ်းတိုက် ကုသနည်း (Shock Therapy) ကြောင့် စစ်သားများ အသေအပျောက် များပြားလာခြင်းမှအစ ဗလောင်း ဗလဲ ဈေးကွက်စီးပွားရေး စနစ်ကျင့်သုံးနေခြင်းများသည် ပြည်သူလူထု၏ စားဝတ်နေရေးနှင့် ဘဝနေရာင်ရေးများကို ဆိုးဝါးစွာ ထိခိုက်လျက် ရှိနေ ပါသည်။

ဈေးကွက် စီးပွားရေး စနစ်သည် တကယ့်တကယ်တွင် ပါတီစုံ ဒီမိုကရေစီ စနစ်ဖြင့် ကျင့်သုံးရသော အရင်းရှင် စီးပွားရေး စနစ်သာ ဖြစ်ပါသည်။ ဈေးကွက် စီးပွားရေးစနစ်ကို စစ်အာဏာရှင်စနစ်ဖြင့် ကျင့်သုံးပါက ဖက်ဆစ်နိုင်ငံ ဖြစ်လာနိုင်ပါသည်။

နဝတဝန်ကြီး ဗိုလ်ချုပ်တစ်ဦးက ဈေးကွက်စီးပွားရေးစနစ်ဟာ အရင်းရှင် စီးပွားရေးစနစ် မဟုတ်ပါဘူးဟု ဇွတ်တရွတ် ငြင်းခုံနေကြောင်း

"ဒ်ငနဲတွေ ကိုယ်စီးတဲ့မြင်း အထီးမှန်း အမမှန်းတောင် မသိဘူး" ဟု ကိုယ်တွေ့ကြုံခဲ့သည့် အသိတစ်ယောက်က ပြောပြဖူးပါသည်။

နဝတဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးများသည် အမြဲမူးနေပြီး ကောက်ရိုး ခြေထောက်မြက်ခြေထောက်ဘဝမှ လာသူများ ဖြစ်ကြ၍ အဓိနိုင်ငံသည် ကောက်ရိုးဘက် (ဝါ) လက်ဝဲဘက်၊ (သို့မဟုတ်) မြက်စိမ်းဘက် (ဝါ) လက်ယာဘက် (ဝါ) အရင်းရှင်ဘက် ရောက်နေသလား? ဆိုသည်ကို ဘဝ နားလည် သဘောမပေါက်ကြသည့် အပြင် သဘောပေါက်ရန်လည်း ကြိုးစားလေ့လာရန် စိတ်မဝင်စားကြပေ။

စစ်ဗိုလ်ဆိုးများ သဘောပေါက် စိတ်ဝင်စားနေသည်မှာ ကောက်ရိုး ပဲဖြစ်ဖြစ်၊ မြက်ပဲဖြစ်ဖြစ်၊ လက်ဝဲဘက်ပဲ ဖြစ်ဖြစ်၊ လက်ယာဘက်ပဲ ဖြစ်ဖြစ် "တို့စစ်ဗိုလ်တွေ နံပါတ်တစ်နေရာ ရနေလျှင် ပြီးတာပါပဲ။ တို့ စားသာလျှင် ပြီးတာပါပဲ (?)ဘဲ (?)ဘဲဟု ငါ့ဖို့ တစ်ဖို့တည်း အတွက်ကိုသာ အရေးထားနေကြပါသည်။

အညွန့်တလူလူ တက်နေသော လူငယ်များ၏ ဘဝကို မြေသြဇာ အဖြစ် အသုံးပြုနိုင်ရန်အတွက် မဆလနှင့် စစ်အာဏာရှင်တစ်စုတို့သည် ဘုန်းတော်ကြီးကျောင်း ပညာရေးမှအစ တက္ကသိုလ် ပညာရေးအထိ နည်းမျိုးစုံဖြင့် ပိတ်ပင်ဖျက်ဆီးခဲ့ ဖျက်ဆီးဆဲပင် ဖြစ်ပါသည်။

မြန်မာတစ်မျိုးသားလုံးအား လူမွဲမျဉ်း (Poverty Line)ကို ကျော်ဖြတ်နိုင်ရန်အတွက် လူတော်လူကောင်းများကို ရွေးချယ်တင်မြှောက်နိုင်သော ဒီမိုကရေစီစနစ်သည်သာ ယနေ့ အဓိက လိုအပ်ချက် ဖြစ်ပါသည်။

ဒူးနေရာဒူး၊ တော်နေရာတော် ဆိုသကဲ့သို့ နို့ တာဝန် အရေး သုံးပါးကို ဖန်းပြပြီး စီးပွားရှာနေကြသော အသက် ၆၀ ကျော် စစ်ဗိုလ်ချုပ်များ အနေဖြင့် ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများအရ အငြိမ်းစား ယူကြပြီး အသက်အရွယ်ငယ်သေးသော ဗိုလ်ချုပ်များအနေဖြင့် စစ်တန်းလျားသို့ ပြန်ရန်အတွက် ဆုံးဖြတ်သောနေ့သည်သာလျှင် "အဓိ မြန်မာနိုင်ငံ၏ မင်္ဂလာရှိသော နေ့ထူးနေ့မြတ်ကြီး"သာ ဖြစ်ပါမည်။

မြန်မာ လူငယ်လူရွယ်များအား အာဏာရှင် စစ်ဗိုလ်ဆိုးတစ်စုက ၄င်းတို့ သီးပွင့်ဖွံ့ဖြိုးရန် တစ်ခုတည်းအတွက် "မာတ်မြေဩဇာ" အဖြစ် အသုံးပြုခံနေရခြင်းမှ လွတ်မြောက်ပါစေကြောင်း မေတ္တာမွန်ဖြင့် ရေးသား တင်ပြအပ်ပါသည်။

မော်ပြိုင်ဂျာနယ်၊ အမှတ် ၂၉၊ နိုဝင်ဘာလ၊ ၁၉၉၄ ခုနှစ်။

✣

## စုမှသာလျှင်

နိုင်ငံကျော် ဟာသပိဋ္ဋကာ ဒေါက်တာဇာဂနာသည် ၁၉၉၀ ပြည့်နှစ်တွင် နဝတတို့ ပြုလုပ်သော အတုအယောင် အထွေထွေရွေးကောက်ပွဲကြီးအား ယုံစားပြီး ပိုက်ဆံစုဘူးငယ်တစ်ခုအား ဂလောင်ဂလောင် လှုပ်ရက် "စုနိုင်မှ ချမ်းသာမည်" ဟု ပညာသားပါပါဖြင့် ပြည်သူလူထုကြီးအား ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် ပါတီအတွက် မဲဆွယ်ခဲ့သည်ဟု ကြားသိခဲ့ရပါသည်။

ထို့နောက် ဒေါ်စုပါတီသည် မဲဆန္ဒရှင် ရှစ်ဆယ်ရာခိုင်နှုန်း၏ ထောက်ခံမှုဖြင့် အပြတ်အသတ် အနိုင်ရခဲ့ပါသည်။

'စုနိုင်မှ ချမ်းသာမည်' ဟု ယုံကြည်ခဲ့သော ဒေါက်တာ ဇာဂနာသည် ငါးမိနစ်တာမျှ စင်မြင့်ပေါ်တက်ပြီး ပြည်သူများအား ဒီမိုကရေစီအာဒယရှင်ဆေးတိုက်ကျွေးခဲ့၍ ထောင်ငါးနှစ် စံမြန်းခဲ့ရရှာပါသည်။

ထို့ပြင် ဒေါ်စုခမျာမှာလည်း နဝတ စစ်အာဏာရှင်များ ပါဝါအာဏာ ရှိနေသမျှ ကာလပတ်လုံး အထိန်းသိမ်းခံဘဝမှ လွတ်မြောက်ခွင့် မျှော်လင့်ချက် မရှိသလောက် ဖြစ်နေရှာပါသည်။

နဝတ စစ်အာဏာရှင်များသည်လည်း သေနတ်ကိုခေါင်းအုံးပြီး ထောင်မလဲသဲကော် ငွေစက္ကူကို စောင်ခြုံကာ ပြည်သူလူထုဆန္ဒနှင့် ကိုက်ညီသော နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဒီမိုကရေစီစနစ်မျိုးသည် မြန်မာပြည်သူများနှင့် မတန်မရာဟု ပြောဆိုနေပါသည်။ စစ်တပ်၏ အတုအယောင် ငါဒီမိုကရေစီသည်သာ မြန်မာများနှင့် အံဝင်ခွင်ကျ ဖြစ်

သည်ဟု တစွတ်ထိုး ကိုယ်လုပ်လိုရာ သတ်မှတ်ပြီး စစ်တပ်မှ ပါဝါ အာဏာ ထာဝရရရှိစေမည့် ရွှေရည်စိမ် သမ္မတ နိုင်ငံတော်ကြီးကို တည်ဆောက်ရန် စိုင်းပြင်းလျက် ရှိပါသည်။

လူ့ဘောင်ကြီး၏ သဘောသဘာဝတွင် သီလရှိသူကသာလျှင် တခြားသူများအား သီလပေးနိုင်ပါသည်။ လူမှုအခွင့်အရေး ရှိသူကသာ အများတကာအား လူမှုအခွင့်အရေး ပေးနိုင်ပါသည်။ ဒီမိုကရေစီ စနစ်ကို လက်ခံကျင့်သုံးသူကသာ ပြည်သူလူထု အပေါင်းအား ဒီမိုကရေစီ နိုင်ငံတော်သို့ ခေါ်ဆောင်သွားနိုင်ပါသည်။

ဦးနေဝင်းနှင့် ငယ်မွေးခြံပေါက် မြန်မာစစ်ဝါဒီများက အထွေထွေ ရွေးကောက်ပွဲကြီး ပြုလုပ်ပေးပြီး ပြည်သူလူထု ထောက်ခံသည့် ပါတီအား အာဏာလွှဲပေးမည်ဟု လိမ့်လုံး၊ လိမ်လုံး၊ လေပုပ်များသည် ကမ္ဘာ့ လေထုတွင် ညစ်ညမ်းဆဲပင် ရှိနေသေးသည်။ နဝတတို့သည် အရှက် အကြောက် ကင်းမဲ့စွာဖြင့် ဒီမိုကရေစီ သမ္မတနိုင်ငံတော်ကြီး တည် ဆောက်နေသည်ဟု လေပုပ်များ ထုတ်နေကြပြန်ပါသည်။

နောင်ကာလတွင် နဝတတို့အနေဖြင့် အများဆန္ဒ ခံယူပွဲ၊ အထွေ ထွေ ရွေးကောက်ပွဲနှင့် သမ္မတရွေးကောက်ပွဲများ ပြုလုပ်လျှင်လည်း စစ်တပ်နှင့် ဆက်နွယ်သူများအား ပြည်သူလူထုကြီးက အသဲကြားမှ မဲတစ်ပြားဖြင့် ပြန်လည်ထိုးနှက်ကြဦးမည်သာ ဖြစ်ပါသည်။ ပြည်သူလူထု ဆန္ဒနှင့် ဆန့်ကျင်သော စစ်အာဏာရှင်များ၏ ရွှေရည်စိမ် ဒီမိုကရေစီ နိုင်ငံသည် အနောက်တိုင်းမှ ကလေးများ ဆီးနှင်းများဖြင့် တည်ဆောက် ကစားသည့် 'ရေခဲအိမ်ငယ်'ကဲ့သို့ပင် နေအရှိန်နှင့် ပုံတူသော ပြည်သူ့ ဆန္ဒမဲကြောင့် အရည်ပျော်သွားမည်သာ ဖြစ်ပါသည်။

တည်မြဲ ဖဆပလနှင့် မဆလမှ အမည်ပြောင်းခဲ့သည့် တစည်များ သည် စစ်တပ်အငွေ့အသက် မစင်၍ ပါလီမန် ဒီမိုကရေစီ ရွေးကောက်ပွဲ များတွင် မရှုမလှအရေးနိမ့်ခဲ့သည့် သာဓကများသည် သမိုင်းတွင် အထင် အရှား ရှိနေပါသည်။

အိမ်နီးနားချင်း ထိုင်းနိုင်ငံတွင် ၁၉၇၀ ခုနှစ်ဝန်းကျင်က မြူနီစပယ် ရွေးကောက်ပွဲများနှင့် ပါလီမန်ရွေးကောက်ပွဲများကို ကျင်းပတိုင်း ဒီမိုက ရေစီ ပါတီများကသာ အနိုင်ရရှိပြီး စစ်တပ်နှင့် ဆက်နွှယ်နေသည့် ပါတီက ဒွန်းမောင်းလေဆိပ်အနီးမှ စစ်တပ်ရပ်ကွက် တစ်ခုတည်းတွင် သာ အနိုင်ရလေ့ ရှိပါသည်။ သို့သော်လည်း အနိုင်ရရှိသည့် မြူနီစပယ် လူကြီးများနှင့် ပါလီမန်အမတ်များသည် ဘာတစ်ခုမှ လုပ်ပိုင်ခွင့် မရှိဘဲ စစ်ကောင်စီကသာ ပါဝါအာဏာ အားလုံးကို ယူထားခဲ့ပါသည်။ ယင်း အချိန်က ထိုင်းနိုင်ငံ၏ ပြည်တွင်းရေး အခြေအနေသည် ယခုလက်ရှိ မြန်မာနိုင်ငံ၏ နဝတခေတ်နှင့် နောင်လာမည့် ရွှေရည်စိမ် သမ္မတနိုင်ငံ တွင် ဖြစ်ပေါ်လာမည့် ပြည်တွင်းရေး အခြေအနေများနှင့် ထပ်တူထပ်မျှ တူညီကြောင်း တူညီပေလိမ့်မည်။

ပြည်သူကတခြား၊ အစိုးရကတမှောင့်၊ စစ်တပ်ကတဖုံ၊ နိုင်ငံရေး ပါတီများက တစ်မျိုးစသည့် အမှောက်မှောက် အမှားမှားများကြောင့် ထိုင်းစစ်တပ်အာဏာရှင်များသည် နိုင်ငံ၏ စီးပွားရေး ကျဆုံးမှုများကို ဆေးပြီးတိုဖြင့် ကုသလိုက်သဖြင့် ဗီယက်နမ်တွင် စစ်တိုက်ခိုက်နေသော အမေရိကန်ဂျီအိုင် (Government Issue) များ၏ အပန်းဖြေရာ ဖာနိုင်ငံ ဖြစ်သွားခဲ့ပါသည်။ ယင်းအချိန်က ထိုင်းနိုင်ငံ၏ လူမှုရေး၊ နိုင်ငံရေး နှင့် စီးပွားရေး အခြေအနေ အရွယ်အစားတိုင်း နဝတခေတ် မြန်မာနိုင်ငံ တွင် "အစိမ်းတစ်ရွက် (အမေရိကန်ဒေါ်လာ တစ်ရာတန်တစ်ရွက်) အစိမ်းနှစ်ရွက်" စသည်ဖြင့် အစိမ်းမက်၍ ဘဝပျက်ခဲ့ကြရသော ထိုင်း အမျိုးသမီးပျိုသားပျိုများကဲ့သို့ မြန်မာသမီးပျိုသားပျိုများသည်လည်း အစိမ်း ရောင် ဝတ်စုံများ အုပ်ချုပ်သည့် နဝတခေတ်ကြီးတွင် ဒေါ်လာစိမ်းများ ၏ သားကောင်များ ဖြစ်လျက်ရှိနေကြပါသည်။

တဖန် မြန်မာနိုင်ငံတွင် စစ်အာဏာရှင် ဦးနေဝင်း အုပ်ချုပ်စဉ် က ဆိုရှယ်လစ် ဒီမိုကရေစီဟု ဗန်းပြပြီး အများသဘောဆန္ဒကို တစ်ဦး တည်းက လက်ခံကြရမည်။ တစ်ဦးချင်းစီ၏ သဘောထားကိုလည်း အများ ကာက လေးစားကြရမည် စသည်ဖြင့် ဒီမိုကရေစီ ကျင့်စဉ်များကို

အခြေခံ ဥပဒေများတွင် ရေးဆွဲထားသော်လည်း ဦးနေဝင်းကိုယ်တိုင် လုံးဝမကျင့်သုံးဘဲ မျက်နှာလွှဲခဲ့သည့် သာဓက မြောက်များစွာအနက်မှ အဖြစ်အပျက်တစ်ခုကို တင်ပြပါမည်။

သမ္မတကြီးရာထူးနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ရာထူးပိုင်ရှင် ဦးနေဝင်း သဘာပတိအဖြစ် ကျင်းပနေသည့် နိုင်ငံတော်ကောင်စီ အစည်းအဝေးတစ်ခုတွင် ရခိုင်အမျိုးသား သတင်းစာဆရာ နိုင်ငံတော်ကောင်စီဝင် ဦးလှထွန်းဖြူက ဦးနေဝင်းပြောကြားသည့် ကိစ္စတစ်ခုကို အခြေအတင် ပြန်လည်၍ ပြောကြားမိရာ၌ ၎င်း၏ စကားမဆုံးမီပင် ဦးနေဝင်းသည် ဒေါသထွက်သွားပြီး အစည်းအဝေးခန်းမမှ ထွက်သွားကြောင်း၊ ယင်းနေ့မှစ၍ တခြား နိုင်ငံတော် ကောင်စီဝင် ၂၀ ကျော်တို့သည် ၎င်းအား နှုတ်လည်းမဆက်၊ စကားလည်း မပြောကြတော့ကြောင်း၊ နောင် အစည်းအဝေးတစ်ခုတွင် ဦးနေဝင်းက သူ့အား စကားမပြည် ပြောမှသာ တခြား နိုင်ငံတော်ကောင်စီဝင်များက သူ့ကို ခေါ်ခေါ် ပြောပြော ပြန်လုပ်ကြောင်း၊ "အဲဒီအကောင်တွေ တော်တော်ဆိုးကြတယ် ကွာ၊ အစည်းအဝေးမှာ ဘာစကားတစ်ခွန်းမှ မပြောကြဘဲ ကျွေးတာမွေး တာ ပလုပ်ပလောင်းစားပြီး လက်ညှိုးထောင် ခေါင်းညိတ်ယုံသာတတ် တဲ့ နလပိန်းတုံးတွေပဲ"ဟု ပြောပြခဲ့ဖူးပါသည်။

ထို့ကြောင့်လည်း စစ်ဝါဒီ ဦးနေဝင်းတို့၏ ဒီမိုကရေစီ "ခေါ်ရင် သွား၊ ခိုင်းရင်လုပ်၊ ခံမပြောနှင့်"ဟူသော 'ခ' သုံးလုံး ဒီမိုကရေစီ သာ ဖြစ်သည်ဟု အများတကာ ပါးစပ်မှ ပြစ်တင်ဝေဖန်ခဲ့ကြပါသည်။

ဦးနေဝင်းသည် မဆလပါတီ လွှတ်သန်းကျော်အား ပါတီဝင် အဖြစ် အာဏာကိုသုံးကာ စာရွက်ပေါ်တွင် စည်းရုံးနိုင်ခဲ့သော်လည်း ဇာတ်တူသားစားသည့်ပေါ်ရိသာဖြစ်၍ ၎င်း၏ တပည့်တပန်းများထဲမှ မည်သူတစ်ဦးတစ်ယောက်မျှ ဦးနေဝင်းနှင့် ကြမ်းတပြေးတည်း၊ တစ်ခန်း တည်းထိုင်၍ စကားမပြောရဲကြသောကြောင့် အထီးကျန်ဘဝနှင့် ဘု လယ်လယ် ဖြစ်နေခဲ့ရသည့် အဖြစ်အပျက်တစ်ခုကိုလည်း ဖော်ပြပါဦး မည်။

ဦးနေဝင်း၏ ဘခင်ကြီး ဘိုးခ (တရုတ်လူမျိုး မဟုတ်ပါဟု ...ါင်ပေါ်မှ ဆေးမင်ကြောင်များကို သတင်းစာဆရာများအား လှန်ပြသူ) ...ယ်လွန်၍ ဦးနေဝင်းအိမ်တွင် အသုဘ ညှိခံပွဲကို ပြုလုပ်ခဲ့ပါသည်။ ...င်း ညှိခံပွဲသို့ သူ၏ တပည့်ကျော် နိုင်ငံတော်ကောင်စီဝင်များ၊ ဝန်ကြီး ...များ၊ မဆလ ဗဟိုကော်မတီဝင်များ၊ ဆွေမျိုးများ တက်ရောက်လာကြ ...ဖြင့် ဦးနေဝင်း အိမ်ထဲမှထွက်လာပြီး ညှိခန်းတစ်ခုတွင် ထိုင်လိုက် ... ခဏအကြာတွင် ညှိခန်းအတွင်းရှိ လူများသည် အခြား ညှိခန်း တစ်ခုသို့ မသိမသာ ရှောင်သွားကြ၍ ဦးနေဝင်းသည် အဆိုပါ ညှိခန်း ...တွင် တစ်ဦးတည်းသာ ကျန်နေတော့ကြောင်း၊ သို့ဖြစ်၍ ဦးနေဝင်းသည် ...င်းတပည့်များ ကူးပြောင်းသွားသည့် တခြားညှိခန်းသို့ လိုက်သွား ...ဦး ထိုင်လိုက်ပြန်ရာ ခဏအကြာတွင် ညှိသည်များသည် ရှေးနည်းတူ ...လျှိုလျှို ပျောက်သွားပြန်၍ ထိုညှိခန်းထဲ၌ဦးနေဝင်း တစ်ဦးတည်းသာ ...နေတော့ကြောင်း၊ နောက်ဆုံးတွင် ဦးနေဝင်းသည် ၎င်း၏ တူဝမ်းကွဲ ...တော်သူ ဦးအောင်ကြည် (ဦးဆောင်ညွှန်ကြားရေးမှူး)အား "မင်းနဲ့ငါနဲ့ ...စ်ယောက်တည်း စကားပြောကြရအောင်"ဟုခေါ်၍ ၎င်းသည် ဦးနေဝင်း ...နှင့် တစ်ချိန်လုံး စကားပြောနေခဲ့ရကြောင်းဖြင့် ဦးနေဝင်းနှင့် သူ့လူတွေ ...တစ်ခန်းတည်း မထိုင်ရဲ၊ မပြောရဲကြခြင်းကြောင့် ဦးနေဝင်း အထီးကျန် ...ဖြစ်ရပုံများကို ဦးအောင်ကြည်ထံမှ ကြားသိခဲ့ရဖူးပါသည်။

ယခုတဖန် ဦးနေဝင်း၏ အပေါက်စောင့် ခင်ညွှန့်သည်လည်း ...ဦးနေဝင်း ကဲ့သို့ပင် နဝတအဖွဲ့ဝင်များ၊ ဝန်ကြီးများအား စကားပြောခွင့် ...ပင်မပေးသောကြောင့် ခင်ညွှန့်မှ ခင်ညွှန့်၊ ခင်ညွှန့်ပြောသမျှသည် နိုင်ငံ ...တော်၏ ဥပဒေဖြစ်နေပြန်ပါသည်။

ဤသို့လျှင် မိမိ နဝတအဖွဲ့ဝင်များနှင့် ဝန်ကြီးများကိုပင် မယုံ ...ကြည်၍ နေရာတကာတွင် ပဲခူးဆားလုပ်နေသော ခင်ညွှန့်အနေနှင့် လူမျိုး ...ခေါင်းဆောင်များအားလည်း ယုံကြည်ပါ့မလား ဆိုသည်မှာ စဉ်းစား ...ရာပင် ဖြစ်သကဲ့သို့ ပြည်သူလူထုအား ယုံကြည်အားကိုးပါ့မလား ဆိုသည်မှာလည်း ထိုနည်းအတူပင် ဖြစ်သည်။ လက်တွေ့ ဖြစ်ရပ်များ

နှင့် လက်တွေ့ခင်ညွန့်၏ လုပ်ရပ်များကို လေ့လာပါက အချင်းချင်း မယုံကြည်သော စိတ်ဓာတ်၊ ဆရာကြီး လုပ်ချင်သောလောဘ၊ အသိပညာရှင် အတတ်ပညာရှင်များအား မခန့်လေးစား ပြုလုပ်သွားသည့် ဉာဉ်တို့သည် ဒီမိုကရေစီ ကျင့်စဉ်များနှင့် လုံးဝဆန့်ကျင်ပြီး ငါတကောကော နေသည့် အမိန့်ပေး အာဏာပြဝါဒ လွှမ်းမိုးသော စစ်ဝါဒီစနစ် (Military Authoritarian System) ကိုအကြွင်းမဲ့ မိုက်မဲစွာ ယုံကြည်ကျင့်သုံးနေသည်မှာ လယ်ပြင်တွင် ဆင်သွားသကဲ့သို့ ထင်ရှားနေပါသည်။

ခင်ညွန့်နှင့် နဝတများ၏ မတရားသဖြင့် တိုင်းပြည်ဘဏ္ဍာများအား ရိုက်စားနေကြသည်များကို ရောင်းဝယ်ဖောက်ကား နေကြသည့် ပြည်တွင်းပြည်ပ ကုန်သည်ပွဲစားများက အတွင်းသိ အစင်းသိ ဖြစ်နေကြ၍ တိုင်းပြည်အုပ်ချုပ်ရန် အတွက် အဓိကကျသည့် အခွန်အကောက်များကို မှန်မှန်ကန်ကန် မပေးဘဲ နည်းမျိုးစုံဖြင့် ဆန့်ကျင်လျက်ရှိနေကြပါသည်။

ဒ်ပေါက်တစ်ထုပ်ကို ကျပ် ၅၀ ဝန်းကျင်ခန့် ဖြစ်နေချိန်တွင် နာမည်ကြီး ဒ်ပေါက်ဆိုင် တစ်ဆိုင်၏ တစ်နေ့ရောင်းရငွေသည် ၄၄ ကျပ်ဟု လည်းကောင်း၊ ရွှေတစ်ကျပ်သားကို သုံးသောင်းနီးပါး ရှိနေချိန်တွင် ရွှေဆိုင်တစ်ဆိုင်၏ တစ်နေ့ရောင်းရငွေသည် ကျပ် ၁၃၀ နှင့် ၁၈၈ ဟု အခွန်ကြေညာလွှာများဖြင့် ဖော်ပြနေ၍ ခင်ညွန့်ကိုယ်တိုင် အခွန်အကောက် မှန်မှန်ကန်ကန် ပေးကြရန် လိုက်လံဆော်ဩနေရသည်ဟု မြန်မာ့အလင်း သတင်းစာတွင် ဖတ်ရှုရပါသည်။

၂၂-၁၁-၉၄ နေ့တွင် အပေါက်စောင့် ခင်ညွန့်က "ပေးသင့်သော အကောက်အခွန်ကို မပေးဆောင်ရအောင် တိမ်းရှောင်ကပ်ခိုနေသူများမှာ မတရားသဖြင့် တာဝန်နှင့် သစ္စာကို ထိမ်ချန်ရာ ကျသောကြောင့် လောကတွင် အရှက်ကွဲကြရုံမက ငရဲလားရန်အကြောင်း မကောင်းမှုကိုလည်း ပြုရာရောက်သည်"ဟု သူ့ခိုးက လူလူ ဟစ်နေပြန်ပါသည်။

ဦးနေဝင်း၏ တံခါးပေါက်ကို စောင့်ရန်အတွက် နိုင်ငံခြားသို့ ဦးနေဝင်းနှင့်အတူ အခေါက်ခေါက်အခါခါ သွားရောက်ခဲ့ရသော ခင်ညွန့်

အနေနှင့် မင်္ဂလာဒုံ လေဆိပ်တွင် ၄င်းတင်သွင်းလာသည့် ပစ္စည်းများ အတွက် အကောက်အခွန် ပေးရိုးထုံးစံ ရှိခဲ့ဖူးပါသလား။ ယခုလည်း ခင်ညွန့်နှင့်တကွ နဝတဝန်ကြီးများ နိုင်ငံခြားက ပြန်လာတိုင်း လေဆိပ်မှ အကောက်အခွန် ဝန်ထမ်းများအား တာဝန်အရ သူတို့၏ သေတ္တာကို ဖွင့်ပြခဲ့ဖူးကြပါသလား။

အမှန်တကယ်တွင် နှစ်ပေါင်းများစွာ အခွန်အကောက် မပေးမိခဲ့သော ခင်ညွန့်သည် ဦးနေဝင်း၏ မစင်ထုပ်ကြီးအား သူ့ခေါင်းပေါ်တွင် တစ်ဦးတည်း ရွက်ထားရခြင်း၊ ကျောင်းသားလူငယ်များအား အာဏာသား သဖွယ် အတုံးအရုံး သေအောင်သတ်ဖြတ်ခဲ့ရခြင်း၊ နိုင်ငံရေးသမားများ အား နေ့စဉ် နှိပ်စက်ညှင်းပန်း နေရခြင်း၊ တစ်နေ့လျှင် ၉ နေရာ ၁၀ နေရာသို့ သွားရောက်ပြီး အအိပ်ပျက် အစားပျက်ခံကာ ဝါးလုံးကို ဝါးခြမ်း ပြု လိမ်လည်နေရခြင်းများသည် အပါယ်ငရဲသို့ သွားရာ ခရီးလမ်း (၁၀တ) ဘူတာ၌ လောကငရဲသို့ ရှေ့ရှုနေခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် အပေါက်စောင့် ခင်ညွန့်တို့ အုပ်စုသည် ဝါဇီစက်ရုံမှ ထုတ်သည့် ကျပ်ငွေများကို သေတ္တာလိုက် (ပြည်ထောင်စုဘဏ် ပို့သည့် လမ်းခုလတ်မှ ဖြတ်ယူထားကြပြီး) အနီးကပ် ကိုယ်ရံတော် များနှင့် အာဏာသားငယ်များအား တပ်သားရိုးရိုးပင် ဖြစ်သော်ငြား လည်း ဗိုလ်မှူးကြီး လစာအတိုင်း တစ်ဦးလျှင်ကျပ် ၁၈၀၀ ခန့် ပေးထား ရကြောင်း၊ ယင်းသို့ စစ်တပ်ထဲတွင် အောက်ကြေးပေးရသည့် လစာ များကြောင့် ငွေဖောင်းပွမှုသည် တစ်နေ့တစ်ခြား ဒုံးပျံအလားသို့ မြန်ဆန် စွာ မြင့်တက်နေကြောင်းများကို ကိုယ်တိုင် ငွေမဲ့လစာများ ရရှိနေကြ သော စစ်သားမိသားစုများထံမှ အပုပ်နံ့များ ထွက်ပေါ်နေလျက် ရှိနေပြန် ပါသည်။

အထက်ဖော်ပြပါ ဖြစ်ရပ်များကို သုံးသပ်ခြင်းအားဖြင့် ယနေ့ မြန်မာနိုင်ငံတွင် ဒုတိယ လွတ်လပ်ရေး တိုက်ပွဲကြီးကို (ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင် ဦးဆောင်ခဲ့သည့် နယ်ချဲ့တော်လှန်ရေးနှင့် ဖက်ဆစ်

တော်လှန်ရေးနည်းတူ)ဆင်နွှဲရန် အထူးလိုအပ်လျက် ရှိနေပါသည်။

၁၉၄၂ ခုနှစ် ပတ်ဝန်းကျင်က နိုင်ငံရေး ဦးတည်ချက် နှစ်ရပ်မှာ နိုင်ငံတော်လွတ်လပ်ရေးသည် ပထမ၊ နိုင်ငံရေး အဖွဲ့အစည်းများ ညီညွတ်စွာ စုရုံး၍ လွတ်လပ်ရေး တိုက်ပွဲများ ပါဝင်ရေးသည် ဒုတိယ ဖြစ်ခဲ့ပါသည်။

ယနေ့ ဒီမိုကရေစီ ဘက်တော်သားများ၏ နိုင်ငံရေး ဦးတည်ချက်သည်လည်း စစ်အာဏာရှင် ချုပ်ငြိမ်းသွားရေးသည် ပထမနှင့် နိုင်ငံရေး အဖွဲ့အစည်းများနှင့် ဒီမိုကရေစီ စနစ်ကို မြတ်နိုးသူ ပြည်သူများအနေနှင့် စုစုရုံးရုံး အမျိုးသားခေါင်းဆောင် ဒေါ်စု၏ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲတွင် ပါဝင်အားပေးရေးသည် ဒုတိယ ဦးတည်ချက်ကြီးပင် ဖြစ်ပါသည်။

အချုပ်ဆိုရသော် "စုမှသာလျှင်" အမိမြန်မာနိုင်ငံတော်ကြီးအား စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် တည်ထောင်နိုင်ကြမည်သာ ဖြစ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၂၆၊ မေလ၊ ဇွန်လ၊ ၁၉၉၄ ခုနှစ်။

❖

## တပ်မတော်သား ကိုယ်စားလှယ် မပါဝင်သည့် နဝတ၏ အမျိုးသားညီလာခံ

စစ်အာဏာ နဝတ ဗိုလ်ချုပ်များ၏ ပေါ်တာဖြစ်သည့် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်မှ ထုတ်ပြန်သော စာတမ်းများကို လေ့လာ ကြည့်ပါက ညီလာခံ၏ ဦးတည်ချက်အမှတ် (၆)ဖြစ်သည့် **"အနာဂတ် နိုင်ငံတော်၏ အမျိုးသား နိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ် မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး"**သည် အဓိကဦးတည်ချက်ပင် ဖြစ်ပါသည်။

သို့ရာတွင် အဆိုပါ ညီလာခံကြီးတွင် တပ်မတော်သား ကိုယ်စား လှယ် အစုအဖွဲ့နာမည် လုံးဝမပါဝင်ဘဲ အနာဂတ်တွင် စစ်ဗိုလ်ဆိုးများ ကောင်းစားရေးအတွက် ၎င်းတို့၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းဆောင်နေကြ သည့် အောက်ပါ နေ့စားပေါ်တာ အစုအဖွဲ့များသာ ပါဝင်နေသည်ကို တွေ့ရှိရပါသည်။

၁။ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၊
၂။ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၊
၃။ တောင်သူလယ်သမားများ ကိုယ်စားလှယ်များ အစုအဖွဲ့၊
၄။ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစု အဖွဲ့၊
၅။ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၊

၆။ နိုင်ငံရေး ပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊

၇။ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၊

၈။ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့.

နဝတ စစ်ဗိုလ်များက ၎င်းတို့၏ ကိုယ်စားလှယ်များ အစုအဖွဲ့ကို နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအဖြစ် အမည်ခံ အရေခြုံထားစေပြီး အနာဂတ် ဖွဲ့စည်းပုံ အခြေခံဥပဒေများတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို ဦးတည်ချမှတ်နေပါသည်။

အနာဂတ်တွင် စားရဝါးရမည့် အပိုင်းတွင် နိုင်ငံ့ဝန်ထမ်းများကဟု မသုံးနှုန်းတော့ဘဲ တပ်မတော်ကသာဟူ၍ ပုဂ္ဂလဓိဋ္ဌာန် သုံးနှုန်းထားခြင်းသည်ပင်လျှင် စစ်ဗိုလ်များ အနေဖြင့် လူများစုဖြစ်သည့် အရပ်သား နိုင်ငံ့ဝန်ထမ်းများကို မေ့တုံးတုံးနှင့် လှီးဖြတ်နေခြင်းပင် ဖြစ်ပါသည်။

အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင်အမည်ခံ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် မိမိ အကျိုးစီးပွားကို ပစ်ပယ်ပြီး တပ်မတော်အတွက် ပြောဆိုနေကြရခြင်းသည်ပင်လျှင် လူ့အခြေခံ သဘာဝတရားကို ဆန့်ကျင်နေပါသည်။ ၎င်းတို့သည် ကိုယ်စားလှယ်တော်များ မဟုတ်ကြဘဲ သူတစ်ပါး ဝန်ထုပ်ကိုထမ်းနေကြရသည့် 'နောက်တန်းမှ ပေါ်တာများ'သာ ဖြစ်သည်မှာ ထင်ရှားလှန်းလှပါသည်။

ကြက်သား ၄ ပိဿာ တန်ဖိုးမျှသာ လစာရရှိသော တက္ကသိုလ်မြန်မာစာ ပါမောက္ခ ရွှေဘိုမြို့သူ ဒေါ်ပိုကပင်လျှင် "စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာမှ တပ်မတော်ကို ပြည်သူ့အကျိုးစီးပွား ဖော်ဆောင်နေတဲ့၊ ခိုင်မာတောင့်တင်းတဲ့ အမျိုးသားရေးအင်အားစု တစ်ရပ်အဖြစ် ခံယူပြီးတော့ တခြားတခြားသော အမျိုးသားရေး အင်အားစုများနဲ့ ပူးပေါင်းလက်တွဲ တည်ဆောက်ဖို့ လိုအပ်တယ်ဆိုတဲ့ စိပြုလက်စွဲမှုနှင့် လွှတ်တော် ၂ ရပ်တွင်လည်းကောင်း၊ (အဆင့်

ဘူ ဒေသများတွင် လွှတ်တော်များ ထားရှိလျှင်) ယင်းဒေသ လွှတ်တော် များတွင် လည်းကောင်း၊ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်က ရွေးချယ် တာဝန်ပေးသော ကိုယ်စားလှယ်များ ပါဝင်စေရမည်" ဆိုသော ဥပဒေပြု ရေးဆိုင်ရာ အခြေခံမူများကို အကြံပြုတင်ပြသွားသည်ဟု သိရှိရပါသည်။

မြန်မာရာဇဝင်တွင် အလောင်းဘုရား၊ ဦးအောင်ဇေယျတို့၏ ဘူမိ နက်သန် အောင်မြေဖြစ်သည့် ရွှေဘိုမြို့သူ ပါမောက္ခ ဒေါ်ပိုသည်ပင်လျှင် နဝတ စစ်အားပြများက လည်မျိုညစ်ထား၍ အစာကို ခြေနှင့် ယက်ရှာ ထားနေရသည့် ကြက်မကြီးအသံမျိုးကဲ့သို့ "ကတော်...ကတော်... တပ်မတော်" ဟု အော်ဟစ်နေရရှာပါသည်။

ဆန်တစ်တင်း၊ ဆီတစ်ပုံး တန်ဖိုးမျှပင် လစာဝင်ငွေ မရှိကြသော ပညာရှင် ပါမောက္ခကြီး ရာထူးပိုင်ရှင်များ၏ လူနေမှု ဘဝသည် အလွန် အမင်း ဆိုးသွမ်းနိမ့်ကျနေသည်များကို နေ့စဉ်နှင့်အမျှ ကြားသိနေရ၍ သခင်ဘဝတွင် ခေါက်ရိုးကျိုးလာခဲ့သော စာရေးသူ အနေဖြင့်လည်း အကျင့်သိက္ခာရှိသော လစာတစ်ခုတည်းမှသာ ဝင်ငွေရှိသော ဝန်ထမ်းများ အတွက် အလွန်ပင် ရတက်မအေး ဖြစ်နေမိပါသည်။

ဒေါ်ပိုကဲ့သို့ အသိပညာရှင် အတတ်ပညာရှင်များသည် နဝတ စစ်အားပြများ၏ လှည့်လုံး ပတ်လုံးများကို အဝေးရောက်နေသော စာရေး သူတို့ထက် ပို၍နားလည် သဘောပေါက်ကြမည်သာ ဖြစ်ပါသည်။ သို့ သော်လည်း "စားစရာ ဆန်မရှိတော့၍ ရှဲမှ" ဆိုသည့် ဘဝသို့ ရောက် ရှိနေကြပြီး နဝတများ ရေးပေးသမျှကို မျက်နှာပြောင်ပြောင်နှင့် လူပုံ အလယ်တွင် ဖတ်ပြနေကြရရှာပါသည်။

အလျဉ်းသင့်၍ မဆလခေတ်မှ အဖြစ်အပျက်တစ်ခုကို တင်ပြပါ မည်။ ၁၉၇၂ ခုနှစ်အတွင်းက ဒဂုံမြို့နယ် ပါတီယူနစ်လက်အောက်ရှိ ပြည်လမ်းအရှေ့ရပ်ကွက် ပြည်ထောင်စုရိပ်သာတွင် မဆလ၏ နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေမူကြမ်းကို အကြံပြုဆွေးနွေးပွဲတစ်ခု ကို ကျင်းပခဲ့ပါသည်။ အခမ်းအနား သဘာပတိအဖြစ် ကုန်သွယ်ရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုရိပ်သာနေ ဗိုလ်မှူးကြီး ကြည်သိန်းအား

တာဝန်ပေးထားခဲ့ပါသည်။ သဘာပတိအနေဖြင့် အခမ်းအနားတွင် အဖွင့် မိန့်ခွန်းနှင့် အပိတ်နိဂုံး မိန့်ခွန်းများကို မဆလပါတီမှ ရေးသား ပြုစု ထားသည့် စာတမ်းအား ဖတ်ကြားရုံမျှသာ ဖြစ်ပါသည်။ လွှပုံအလယ် တွင် အခမ်းအနားစတင်သည့်အခါ သဘာပတိကြီးသည် စကားပြော မိုက်ခွက်ရှိရာ စင်မြင့်ပေါ်သို့ အပိတ်နိဂုံး မိန့်ခွန်းစာရွက်ကိုသာ မှားယူသွား မိပြီး "ကျွန်တော့်အနေဖြင့် နိဂုံးချုပ်တိုက်တွန်း ပြောကြားလိုတာက တော့" ဟူ၍ "စလျှင်စချင်း နိဂုံးချုပ် အပိတ်မိန့်ခွန်းကို ဖတ်နေလို့ ပရိသတ်အနေနဲ့ ပြုံးရခက်၊ ရယ်ရချက် အလွန်မျက်နှာပူပြီး မျက်နှာကို အကုန်အောက်ချထားကြရတယ်ဗျာ။ အဲဒီကိစ္စကို တွေးမိတိုင်း အမြဲ ရယ်ချင်နေသေးတယ် ဗျ" ဟု ပြည်ထောင်စုရိပ်သာနေ အရပ်သား အရာရှိကြီးတစ်ဦးက ပြောပြလိုက် ရယ်လိုက်ဖြစ်နေ၍ နားထောင်သူများ ပင် ဝိုင်းရယ်ခဲ့ကြရပါသည်။

တစ်ခါတွင်လည်း ချင်းအမျိုးသား ဒုတိယ ဗိုလ်မှူးကြီး တစ်ဦး အား ပါတီမှ လက်နှိပ်စက် ရိုက်နှိပ်ထားသော ပြည်ထောင်စုနေ့ မိန့်ခွန်း တစ်ခုကို လွှပုံအလယ်တွင် သဘာပတိကြီးအဖြစ် ဖတ်ကြားစေခဲ့ပါ သည်။ "လေးစားအပ်ပါသော တိုင်းရင်းသား လုပ်သားပြည်သူများ ခင်ဗျား… လေးစားအပ်ပါသော တိုင်းရင်းသား လုပ်သားပြည်သူများ ခင်ဗျား… တောက်… လက်နှိပ်စက်စာရေး၊ ခွေးကောင် နှစ်ခါမှားရိုက် ထားတယ်" ဟု မိုက်ခွက်ပေါ်မှ အသံထွက်လာ၍ ပရိသတ်ကြီးမှာ တဝါးဝါးနှင့် အူလိမ့်အောင် ရယ်ကြပါတော့သည်။

ယခု အမျိုးသား ညီလာခံတွင်လည်း အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းနှင့် အသိပညာရှင်၊ အတတ်ပညာရှင် အစုအဖွဲ့များမှ တင်ပြ သည့် စာတမ်းကို ဖတ်ကြည့်ပါက နဝတ စစ်ဗိုလ်များ ရေးသားပေး သမျှ အမြီးအမောက် မတည့် စာတမ်းများကို ဖတ်ပြနေကြရကြောင်း တွေ့ရှိနေရ၍ ရယ်အားထက် ငိုအားသန်ပြီး မြန်မာနိုင်ငံကြီးသည် ဦးနေဝင်း၏ စမ်းသပ်မှု အမှားသံသရာတွင်ပင် ရာဇဝင်ဘီး တစ်ပတ်ပြန် လည်နေပြန်ပါပကောလားဟု ကိုယ်တွေ့ကြုံခဲ့ဖူး၍ အနာဂတ် မျိုးဆွယ်များ

အတွက် အထူးပူပင်သောကရောက်လျက် ရှိနေမိပါသည်။

ဗိုလ်ချုပ်ကြီး နေဝင်းသည် ၁၉၆၂ ခုနှစ်တွင် စစ်အာဏာသိမ်းပွဲကို စတင်ခဲ့ပြီး ရေရှည်အုပ်စိုးရန် အလို့ငှာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကို ထူထောင်၍ စစ်ဗိုလ်သင်တန်းသားများဖြင့် အခြေခံ နိုင်ငံရေးသင်တန်း အပတ်စဉ် (၁)ကို ချော်တွင်းကုန်းတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။ တပ်ရင်းမှူး၊ တိုင်းမှူးများမှတစ်ဆင့် ကာကွယ်ရေး ဦးစီးချုပ်က တာဝန်ခံရွေးချယ်၍ စစ်ဗိုလ်များကို မဆလပါတီ အမာခံ ကေဒါများအဖြစ် နိုင်ငံရေး နယ်ပယ်တွင် စတင်မြှုပ်နှံခဲ့ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံရေးသင်တန်း အပတ်စဉ် (၁) မှ (၇) အထိ ချော်တွင်းကုန်းတွင် တက်ရောက်ခဲ့သည့် စစ်ဗိုလ်များသည် တပ်ထဲတွင် တပ်ရင်းမှူး၊ တိုင်းမှူးတို့နှင့် အဆင်မပြေ ဖြစ်ကြသော အရက်သမား၊ ဖဲသမား၊ မိန်းမလိုက်စားသူများ၊ ယောင်ခြောက်ဆယ်များနှင့် ကလန်ကဆန်များသာ ဖြစ်ကြ၍ တချို့စစ်ဗိုလ်များအား သင်တန်းမဆင်းမီပင် ဆိုးလွန်း၍ မိခင်တပ်ရင်းသို့ ပြန်ပို့ခံခဲ့ကြရပါသည်။ မိတ်ဆွေ သင်တန်း ဆရာတစ်ဦးက "တပ်မတော်ထဲက မကောင်းဆိုးဝါးတွေ မှန်သမျှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီထဲ ရောက်လာတာပါပဲ"ဟု ပြောပြဖူးပါသည်။ ယင်းကိစ္စနှင့် ပတ်သက်၍ အသိဗိုလ်မှူးချုပ် တစ်ဦးကလည်း "ကိုယ်နဲ့တည့်တဲ့ အကောင်ကို ကိုယ့်တပ်ရင်းမှာပဲ ထားမှာပေါ့ကွ၊ ကိုယ့်ကိုဒုက္ခပေးနေတဲ့ ကလန်ကဆန် အကောင်တွေကို ဘာလုပ်ပစ်ရမလဲလို့ စိတ်ကူးနေတာ မဆလပါတီ ပေါ်လာတော့မှ အတော်ပဲ ဖြစ်သွားတယ်"ဟု ပြောပြဖူးပါသည်။

မဆလပါတီကို စစ်တပ်ထဲတွင် အဆိုးဝါးဆုံး ဗိုလ်ချုပ်ကြီး နေဝင်းက ဥက္ကဋ္ဌလုပ်ပြီး မကောင်းကျောင်းပို့သည့် ပုံစံဖြင့် တပ်ရင်းမှ ကန်ထုတ်လိုက်သော ဆိုးပေမောင်မဲ စစ်ဗိုလ်များသည်လည်း ဒေသပါတီယူနစ် အသီးသီးတွင် ဥက္ကဋ္ဌများ ဖြစ်လာကြသဖြင့် မြန်မာ့နိုင်ငံရေးလောကကြီး တစ်ခုလုံး အကျည်းတန် အရုပ်ဆိုးသွားစေခဲ့ပါသည်။

ယခုတဖန် အမျိုးသားညီလာခံတွင် ကာကွယ်ရေး ဦးစီးချုပ်က ရွေးချယ်တာဝန်ပေးသော စစ်ဗိုလ်ဆိုးများသည် လွှတ်တော်အရပ်ရပ် တွင် ကိုယ်စားလှယ်အဖြစ် ပါဝင်ဦးမည်ဆိုသော "ဆွမ်းဆန်ထဲ ကြွက်ချေး ရော"သည့် အမှားသံသရာကို ထပ်မံကျူးလွန်နေကြပြန်ပါသည်။

အမှန်တကယ်တွင် တပ်မတော်ရှိ အကြပ်တပ်သား စစ်ဗိုလ်ချုပ် များ၏ ကိုယ်စားလှယ် အစစ်အမှန်သည် မဆလခေတ်တွင်လည်း လုံးဝ မရှိခဲ့ပါပေ။ ယခု နဝတ ခေတ်တွင်လည်း လုံးဝမရှိသေးဘဲ နောင် နဝတများ တည်ဆောက်နေသည့် ပါတီစုံ ဒီမိုကရေစီ အတုအယောင် ခေတ်တွင်လည်း လုံးဝရှိနိုင်မည် မဟုတ်သည်မှာ ထင်ရှားလွန်းလှပါ သည်။

တပ်မတော်ကို ခုတုံးလုပ်ပြီး လက်သင့်ရာ စားတော်ခေါ်သည့် လုပ်ရပ်များသာဖြစ်၍ တပ်မတော်သားများ တစ်ဦးချင်း ဆန္ဒမဲဖြင့် ရွေးကောက်သည့် တပ်မတော် ကိုယ်စားလှယ် အစစ်အမှန်သည် အာဏာ ရှင် စစ်ဗိုလ်ဆိုးများ အုပ်ချုပ်နေသမျှ ပေါ်ပေါက်လာနိုင်စရာ မရှိသကဲ့ သို့ပင် ဖြစ်နေပါသည်။

မဆလခေတ်တွင် လမ်းစဉ်ပါတီဝင် တပ်မတော်သားပေါင်း ၁၁၃,၅၄၀ (၁၉၈၅ ခုနှစ်စာရင်း)ရှိခဲ့ပါသည်။ လမ်းစဉ်ပါတီတွင် လူငယ် ကော်မတီနှင့် စည်းရုံးရေး ကော်မတီဟု ကော်မတီနှစ်ခု ရှိခဲ့ပါသည်။ လူနစ်ကော်မတီဝင်များကို တင်းပြည့်ပါတီဝင် အချင်းချင်း ရွေးချယ် တင်မြှောက်ရပါသည်။ ပါတီဝင် အချင်းချင်း ပါတီယူနစ် ကော်မတီဝင် များအား ရွေးကောက်တင်မြှောက်၍ မရရှိနိုင်ပါက အဆင့်လျှော့ချပြီး ယူနစ်ကော်မတီအဆင့်မှ ဗဟိုက တိုက်ရိုက်ဆွဲခန့်သည့် စည်းရုံးရေး ကော်မတီဝင်များ ဖြစ်သွားခဲ့ကြရပါသည်။

တပ်မတော်သားများ အများစုဖြင့် ဖွဲ့စည်းခဲ့သော လမ်းစဉ်ပါတီ တွင် တပ်မတော် စည်းရုံးရေး ကော်မတီများသာ ရှိခဲ့၍ မဆလ အစိုးရ တစ်ခေတ်လုံးတွင် တပ်မတော်သားများသည် ရွေးကောက်ခံခွင့်နှင့် မဲပေး ပိုင်ခွင့်ကို ဆုံးရှုံးခဲ့ကြသော ဒုတိယတန်းစား ပါတီဝင်များသာ ဖြစ်ခဲ့ကြ

ပါသည်။

တပ်မတော်သည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် ပါဝင်နေခြင်းလား? (ဝါ) နဝတ စစ်အာဏာရှင်ဗိုလ်ချုပ်တို့၏ ဝန်ထုပ်ဝန်ပိုးကို ထမ်းထားရသည့် အထမ်းသားများ ပေါ်တာများလား? မိမိကိုယ်ကို ဆင်ခြင်ဝေဖန်ရေးဖြင့် ပြန်လည်၍ သမိုင်းကို ဆန်းစစ်ကြည့်သင့်သည့် အချိန်ကို ရောက်ရှိနေပြီ ဖြစ်ပါသည်။

တပ်မတော်သား ကိုယ်စားလှယ် ဆိုပါလျှင် တပ်မတော် ညီလာခံ (သို့မဟုတ်) မျက်နှာစုံညီ အစည်းအဝေးပွဲများမှ ရွေးကောက် တင်မြှောက်ပါမည်။

စစ်ဦးစီးချုပ်သည် စစ်ရာထူးများကို တိုးမြှင့်ခန့်အပ်နိုင်သော်လည်း တပ်မတော် ကိုယ်စားလှယ်ကို မခန့်အပ်နိုင်ပါ။ ကိုယ်စားလှယ် ဆိုသည်မှာ အများကို ကိုယ်စားပြုသူဖြစ်၍ အများက ရွေးကောက်တင်မြှောက်ရပါသည်။

နဝတ အမျိုးသားညီလာခံတွင် တပ်မတော်သား ကိုယ်စားလှယ်ဟု သုံးရဲဘဲ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့ဝင် ဗိုလ်မှူးချုပ်ကြည်လှိုင်၊ ဗိုလ်မှူးကြီးသိန်းဌေးနှင့် ဒုဗိုလ်မှူးကြီး ဇော်ဝင်းဆိုသူများက ဦးခေါင်းဆောင်ပြီး စာတမ်းဖတ်ကြားကြပြန်ပါသည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံရေး ကင်းရှင်းရမည်ဟု ဝန်ထမ်းများအား အတင်းအကျပ် အကြိမ်ကြိမ် ခြိမ်းခြောက်လက်မှတ်ရေးထိုး ခိုင်းထားပြီး အထက်ပါ စစ်ဗိုလ်များနှင့် တခြားစစ်ဗိုလ် အမြောက်အမြားတို့သည် နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်ဟု အရေခြုံပြီး နိုင်ငံရေး လုပ်နေကြပြန်ပါသည်။

ဗိုလ်ချုပ်ခင်ညွန့် ပါးစပ်ကပင် စစ်တပ်ထဲတွင် အကွဲကွဲ အပြားပြား ဖြစ်နေ၍ ဒေါ်အောင်ဆန်းစုကြည်အား မလွှတ်ရဲသေးကြောင်း ပြောင်ပြောင်တင်းတင်း ဖွင့်ဟပြောဆိုနေရပြီ ဖြစ်ပါသည်။

နဝတ စစ်အာဏာရှင်များသည် လက်နက်မရှိသော အလုပ်သမား လယ်သမား၊ နိုင်ငံ့ဝန်ထမ်းနှင့် အသိပညာရှင် အတတ်ပညာရှင်များကို

ဗိုလ်ကျပြီး ၎င်းတို့ ကိုယ်စားလှယ်များပါဟု ဆွဲခန့်ထားကြသော်လည်း လက်နက်ကိုင်အချင်းချင်း ဗိုလ်မကျရဲတော့သည့် အခြေအနေတွင် ရှိနေ၍သာ အမျိုးသား ညီလာခံတွင် 'တပ်မတော်သား ကိုယ်စားလှယ်များ' ဟု ဆွဲမခန့်ရဲ၊ အမည်မတပ်ရဲသည်မှာ ထင်ရှားလှပါသည်။

တပ်မတော်သားများ အချင်းချင်း မကွဲမပြဲကြဘဲ လူလိမ်လူညာ စစ်ဓားပြအုပ်စုအား ဖယ်ရှားပြီး စစ်မှန်သော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းမည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တက်ညီလက်ညီ တည်ဆောက်ကြပါစို့ဟု မေတ္တာမှန်ဖြင့် ဆော်ဩလိုက်ရပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၃၁၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ ၁၉၉၅ ခုနှစ်။

✣

## လူတစ်ဦး၏ အကျိုးထက် ၄၅ သန်းသော ပြည်သူများ အကျိုးကို ဦးစားပေးရမည်

ဦးနေဝင်း၏ အပေါက်ဆောင့် ဗိုလ်ချုပ်ခင်ညွန့်က "လူတစ်ဦး အကျိုးထက် ၄၅ သန်းသော ပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုကိုသာ ဦးစားပေးမှာ ဖြစ်ပါတယ်လို့ မြန်မာနိုင်ငံ အနေဖြင့် အလေးအနက် ခံယူထားပါကြောင်း အသိပေး ပြောကြားလိုပါတယ်"ဟု တစ်ကြိမ် မဟုတ်၊ နှစ်ကြိမ်မဟုတ် အကြိမ်ကြိမ် ပြောဆိုလျက် ရှိပါသည်။

စာရေးသူ မြန်မာသံရုံး ဘဲလ်ဂရိတ်မြို့တွင် တာဝန်ထမ်းဆောင် စဉ်က စကားကို ဗလောင်းဗလဲ ပြောဆိုတတ်သော ယာဉ်မောင်းတစ်ဦး အား "မင်းစကားပြောတာ ပါးစပ်ပေါက်က ပြောနေတာလား။ ဘယ် (++) က ပြောနေတာလဲ"ဟု ရင့်ရင့်သီးသီး ဆိုဆုံးမလိုက်၏။ နောက်ပိုင်း တွင် အဆိုပါ ယာဉ်မောင်းသည် ရှက်ကြောက်တတ်သွားပြီး စာရေးသူ အား မှန်မှန်ကန်ကန် ပြောဆိုဆက်ဆံလာသည့် ဘဝ အတွေ့အကြုံ တစ်ခုကို ရရှိခဲ့ဖူးပါသည်။

ယခုလည်း ဗိုလ်ချုပ်ခင်ညွန့်အား "မင်းစကားပြောတာ ပါးစပ် ပေါက်က ပြောတာလား။ ဘယ် (++)က လေပန်းထုတ်နေတာလဲ"ဟု ဆိုဆုံးမလိုက်ပါက စာရေးသူ၏ စာဖတ်ပရိသတ်က ဤစကားသည် ရင့်သီးလွန်းသည်ဟု မဆိုတန်ရာ။ အဘယ်ကြောင့်ဆိုသော် ဗိုလ်ချုပ် ခင်ညွန့်၏ လေပုပ်များသည် မြန်မာလူမျိုးများ အတွက်တွင် သာမက ကမ္ဘာ့ လူမျိုးပေါင်းစုံအတွက်ပင် နံဟောင်လျက် ရှိနေသောကြောင့်ပင် ဖြစ်ပါသည်။

ယခုနှစ် မေလအတွင်းက ''နယ်စပ်ပြဿနာတွေဟာ ထိုင်းနိုင်ငံရေးသမားတွေရဲ့ လှည့်ကွက်ဖြစ်တယ်''လို့ ဖောင်ကြီး ဗဟိုဝန်ထမ်းလေ့ကျင့်ရေးကျောင်းမှာ လေပုပ်ထုတ်လိုက်မိ၍ ဗိုလ်ချုပ်ခင်ညွန့်သည် ၎င်း၏ လေပုပ်အနံ့ ၎င်း၏ နှာခေါင်းထဲသို့ ပြန်ဝင်သွားပြီး နဝတထဲမှာပင် ဗိုလ်ချုပ်ခင်ညွန့် အတော်အမှတ်လျော့သွားခဲ့ခြင်းကို အများသိရှိပြီး ဖြစ်ပါသည်။

လူတစ်ဦး၏ အကျိုးထက် ၄၅ သန်းသော ပြည်သူများ အကျိုးဖြစ်ထွန်းမှုကို ဦးစားပေးရမည်ဟု ဗိုလ်ချုပ်ခင်ညွန့် ပြောခြင်းသည် ဒေါ်အောင်ဆန်းစုကြည် အကျိုးထက် ၄၅ သန်းသော ပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုကို ဦးစားပေးမည်ဟု ပြောခြင်းပင် ဖြစ်သည်ဟု အများစုက သဘောပေါက်ကောင်း ပေါက်နိုင်သည်။

သို့ရာတွင်ဗိုလ်ချုပ်ခင်ညွန့်နှင့် အပေါင်းအပါ စစ်အာဏာရှင်များ၏ ဦးစားပေးခြင်း မခံရသော ဒေါ်စု၏ လက်ရှိအနေအထားတွင် အကျိုးဖြစ်ထွန်းမှု မြောက်များစွာကို အောက်ပါအတိုင်း တွေ့ရှိနိုင်သည်။

(၁) ဒေါ်စုသည် မိမိကိုယ်ကျိုး အတွက်ကို လုံးဝမျှော်ကိုးသူတစ်ယောက် မဟုတ်ကြောင်းနှင့် ပြည်သူအပေါင်းအား ကြောက်ရွံ့ခြင်းဘေးမှ ကင်းဝေးလွတ်မြောက်စေမည့် ဒီမိုကရေစီ နိုင်ငံတော်မျိုး တည်ဆောက်ရန် လမ်းညွှန်နေသည့် သူရဲကောင်းကြီးဟု အကြွင်းမဲ့ ယုံကြည်လာကြပါသည်။

(၂) ဒေါ်စု၏ ခေါင်းဆောင်မှုအား အကြွင်းမဲ့ ယုံကြည်ခဲ့ကြ၍ အသဲကြားမှ မဲတစ်ပြားဖြင့် ဒေါ်စုပါတီအား ထောက်ခံခဲ့ကြပါသည်။

(၃) ကမ္ဘာမှာ အမြင့်ဆုံး နိုဘယ်လ်ငြိမ်းချမ်းရေးဆုကြီးအပြင် နိုင်ငံတကာ ဆုမျိုးစုံ ရရှိထားသည့် ကမ္ဘာကျော် ပုဂ္ဂိုလ်တစ်ဦးအဖြစ် ကျော်ကြားလျက် ရှိနေပါသည်။

(၄) ဆုအသီးသီးနှင့် တွဲဖက်ပေးထားသည့် ငွေသားပမာဏသည်ပင် တစ်သက်လုံး ရပ်တည်နေထိုင် စားသောက်နိုင်

သည့်အပြင် စာပေပညာဖြင့် အသက်မွေးဝမ်းကြောင်းနိုင်သူ ဖြစ်ပါသည်။ (စစ်ဗိုလ်များကဲ့သို့ အလုပ်ပြုတ်ပါက တက္ကစီကား မောင်းရမည့် ဘဝမျိုး၊ လေဆိပ်တွင် အကောက်ခွန်လွတ် ဈေးသည်ဘဝမျိုး၊ တည်းခိုခန်းဖောင့်ရမည့် ဘဝမျိုး ရောက်ရန် လုံးဝ မပူပင်ရပါ။)

(၅) နဝတ ချိန်ခွင်တွင် ဒေါ်စုတစ်ဦးတည်းအကျိုးကို တစ်ဖက်နှင့် ၄၅ သန်းသော ပြည်သူ့အကျိုးကိုတစ်ဖက် စသည်ဖြင့် ဆတူ ချိန်တွယ် နှိုင်းယှဉ်ခံနေရပါသည်။ (ဗိုလ်ချုပ်ခင်ညွန့် ကြောက်စိတ်ဝင်နေခြင်းသည်ပင်လျှင် ဒေါ်စုပို၍ အလေးစီးပြီး အကောင်ကြီးနေပါသည်။)

(၆) ဒေါ်စုနှင့် ပြည်သူ၊ ပြည်သူနှင့် တပ်မတော်သားများ (ဗိုလ်ချုပ်အောင်ဆန်းအား ကြည်ညိုသော တပ်မတော်သား စစ်သားများကို ဆိုလိုပါသည်။ သူခိုး၊ ဓားပြများကို ဆိုလိုခြင်းမဟုတ်ပါ)သည် တစ်သားတည်း ဖြစ်နေသောကြောင့် ဒေါ်စုအား တခြား နိုင်ငံရေး ခေါင်းဆောင်များကဲ့သို့ အမှုန့်မကြိတ်ပစ်ရဲခြင်းပင် ဖြစ်ပါသည်။

တဖန် ဗိုလ်ချုပ်ခင်ညွန့်၏ စကားဖြစ်သည့် ၄၅ သန်းသော ပြည်သူများ၏ နဝတခေတ်တွင် အကျိုးဖြစ်ထွန်းမှုများကို ခမ္မခိဋ္ဌာန်ကျကျ အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။

(၁) အရိုးနည်းပြီး ခွေးကများ၍ စားခွက်လုကြသောအခါ ဝန်ကြီးရာထူး၊ ဒုတိယ ဗိုလ်ချုပ်ကြီးရာထူးများ ဖောင်းပွနေ၍ အုပ်ချုပ်မှုစရိတ် ကြီးလေးမှုဒဏ်ကို ပြည်သူများ ခံနေရပါသည်။

(၂) ငွေဖောင်းပွပြီး ငရုတ်သီးတစ်တောင့် တစ်ကျပ်ဈေး ဖြစ်နေပါသည်။

(၃) ဝန်ထမ်းများ လစာနှင့် မစားလောက်ခြင်းနှင့် စစ်ဗိုလ်များ ဝိသမလောဘ အတောမသတ်နိုင်ခြင်းတို့ကြောင့် မျက်ပြားဖောက်ပြန်နေသော နိုင်ငံတစ်နိုင်ငံ ဖြစ်နေပါသည်။

(၄) နိုင်ငံခြားသားများနှင့် လွယ်လွယ်ကူကူ သွေးနှောနေကြ သည်များသည် ဖက်ရှင်တစ်ခုလို ခေတ်စားလာသည်ကို တွေ့ မြင်နေရသည်။ (ဗိုလ်ချုပ်ခင်ညွန့်၏ ၄-၈-၉၅ အမျိုးသမီး ညီလာခံ မိန့်ခွန်း)

(၅) အထောက်တော် ဦးအုန်းမြင့် ရေးသားသလို "ခက်ဖွယ်ရယ် ကြို၊ လက်နက်ကယ် အစုံအညီနှင့်" အခြေအနေ ရောက်ရှိ နေပြီး တပ်မတော်အပါအဝင် အရောင်စုံ လူမျိုးစု လက်နက် ကိုင် တပ်မတော် ၁၆ ခု ရှိနေပါသည်။

ဖောင်းပွသည် ဆိုခြင်းမှာ ကျစ်ကျစ်လျစ်လျစ်မရှိ၊ အနှစ်မရှိခြင်း ကို ဆိုလိုကြောင်း အများသိရှိကြပြီး ဖြစ်ပါသည်။ ကျန်းမာသော လူ သည် ဖောင်းပွ၍ မနေပါ။ သိပ်သည်းကျစ်လျစ်၍ နေပါသည်။ မြန်မာ နိုင်ငံလည်း နဝတခေတ်တွင် မကျန်းမမာ ဖြစ်နေရှာပါသည်။

ဗလောင်းဗလဲ ပြောတတ်သော အညံ့စားစစ်အာဏာရှင်များ ကြောင့် နိုင်ငံတော်ကြီး မကျန်းမမာဖြစ်ပြီး ဖောသွတ်ဖောင်းပွလျက် ရှိနေသည်ကို အချိန်မီဆေးမကုသပါက "ကြွ"သွားနိုင်ပါသည်။

အနာသိလျှင် ဆေးရှိပါသည်။ အနာ၏ အရင်းမြစ်သည် လူတစ်ဦး ၏ အကျိုးနှင့် ၄၅ သန်းသော ပြည်သူများ၏ အကျိုးဖြစ်ထွန်းမှု ဘယ်သူ့ ကို ဦးစားပေးရမည်နည်းပင် ဖြစ်ပါသည်။ လူတစ်ဦးဆိုသော ဗိုလ်ချုပ် ခင်ညွန့်၏ နာမ်စားပရဝုဏ်သည် ဒေါ်အောင်ဆန်းစုကြည်အား ဆိုလိုတာ မဟုတ်ပါဘူးဟု တစ်နေ့တွင် စကားဗလောင်းဗလဲ လုပ်၍ ရနိုင်ပါသည်။ (ဒေါ်အောင်ဆန်းစုကြည်ဟာ တစ်ဦးတည်းမှ မဟုတ်တာ။ သူမ နောက်မှာ ပြည်သူလူထုရှိတာ ကျွန်တော်သိသားပဲဗျ)

ဗိုလ်ချုပ်ခင်ညွန့်ပြောသော "လူတစ်ဦး"ဆိုသည်မှာ ဖြစ်ခြင်းဖြစ် လျှင် ၎င်းတို့၏ အဖေကြီး ဦးနေဝင်းသာလျှင် ဖြစ်နိုင်သည်။ (ကျွန်တော် ပြောပြောနေတဲ့ "လူတစ်ဦး"ဆိုတာ ဦးနေဝင်းကို ပြောတာဗျ။ ကျွန်တော် က ငယ်ကြောက်မို့ သူ့နာမည်ကို မပြောရဲဘဲ လူတစ်ဦး၊ လူတစ်ဦးလို့ သာ တင်စားပြောနေရတာ။ သူ့အကျိုးဖြစ်ထွန်းမှုကိုပဲ ကျွန်တော်တို့

ကြည့်နေရတာ။ ပြည်သူများရဲ့ အကျိုးဖြစ်ထွန်းမှုကို ဦးစားမပေးနိုင်ခဲ့ပါဘူးဗျာ)

တကယ့် ပကတိ အခြေအနေသည် ပြည်သူ+ဒေါ်အောင်ဆန်းစုကြည်က တစ်ဖက်၊ လူတစ်ဦးဆိုသည့် ဦးနေဝင်းက တစ်ဖက်၊ ကြက်သားတစ်ဖက်နှင့် အလေးတုံး တစ်ဖက် ဖြစ်ရပါမည်။

လူတစ်ဦး (ဒေါ်အောင်ဆန်းစုကြည်)က တစ်ဖက်နှင့် ပြည်သူကတစ်ဖက်စီ ဗိုလ်ချုပ်ခင်ညွန့်က ချိန်တွယ်နေခြင်းသည် ဇလောင်းဇလဲလုပ်နေခြင်းမျှသာ ဖြစ်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ၄၅ သန်းသော ပြည်သူများ၏ အကျိုးဖြစ်ထွန်းမှုကို ပစ်ပယ်ပြီး လူတစ်ဦးဖြစ်သည့် ဦးနေဝင်း၏ အကျိုးဖြစ်ထွန်းမှု ကိစ္စအဝဝကို နေ့စဉ်နှင့်အမျှ ဗိုလ်ချုပ်ခင်ညွန့် ဆောင်ရွက်လျက် ရှိနေဆဲ ဆိုသည်ကို အများပြည်သူ အသိပင် ဖြစ်ပါသည်။

Radio Burma, 4-9-95, Monday No.81

✤

## နဝတဆိုင်းဘုတ် ဘယ်ပုံစံနှင့် ဖြုတ်မလဲ

၁၉၈၈ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သည့် ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် မြန်မာ့စစ်အာဏာရှင် ဦးနေဝင်း၏ မဆလဆိုင်းဘုတ်များသည် အနယ်နယ် အရပ်ရပ်၌ ဖြုတ်ချခံရပြီး ပြည်သူလူထု၏ ခြေဖနောင့်စာ ဖြစ်သွားခဲ့ကြပါသည်။ ဦးနေဝင်းနှင့် မဆလ အုပ်စုက "တို့ မဆလဆိုင်းဘုတ်တွေတော့ လူထုဖနောင့်စာ ဖြစ်သွားပြီ။ တို့အလှည့်ပဲ ကျန်တော့တယ်။ နိုင်ငံတော်မှာ ငြိမ်ဝပ်ပိပြားရေး တည်ဆောက်ဖို့ အထူးလိုအပ်နေတယ်"ဟု ကယ်ပါကူပါ တစာစာအော်ဟစ်နေကြ၍ ရိုးသားသော တပ်မတော်သား ဗိုလ်မှူးချုပ်အချို့သည် ဦးနေဝင်းနှင့် မဆလ အုပ်စု၏ သွေးကွက်ကို နားမယောင်ပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တွင် ပါဝင်ကာ စစ်အာဏာကို တဖန်ပြန်လည် အသက်သွင်းခဲ့ကြပါသည်။ ပြည်သူအပေါင်းက ငြိမ်ဝပ်၊ ငြိမ်ဝပ်ဟု အတိုကောက် ခေါ်ဝေါ်နေကြ၍ ငြိမ်ဝပ်ဟု မခေါ်ကြရန်နှင့် နဝတဟုသာ ခေါ်ဝေါ်ကြပါရန် ဘရားဝင် အတိုကောက် အမည်ကို သတ်မှတ်လိုက်သော အခါတွင်မှ ရိုးသားသော ပြည်သူအပေါင်းနှင့် တပ်မတော်သား အများစုက နဝတဆိုသည်မှာ နေဝင်းတပ်ပါပဲကလား။ နဝတသည် ဦးနေဝင်း ပျော့သွားသည့် အချိန်ကာလတွင်မှ ပါတီစုံ ဒီမိုကရေစီ ဖန်ပြန့်ထဲ၌ ပဋိသန္ဓေတည်၍ ပေါက်ဖွားလာရသော အထွေးဆုံးသားငယ် ဆိုးနေဝင်းကလေးပါကလားဟု နားလည်သဘောပေါက်လာကြပါသည်။

နဝတ (ဝါ) ဆိုးနေဝင်းကလေးသည် ပြည်သူလူထု၏ တံတွေး ခွက်၌ အချင်းဆေးကြော မွေးဖွားလာရသူဖြစ်၍ တံတွေးပူလောင်မြိုက် ခံနေရပြီး တစ်ကမ္ဘာလုံးက ဆေးဖော်ကြောဖက်ပင် မလုပ်ဘဲ ဝိုင်းပယ် ထားခြင်းခံနေရသည့် ခွေးမျိုးမဲ့ ဖန်ပြွန်သား တစ်ဦးမျှသာ ဖြစ်နေပါသည်။ ဦးနေဝင်း၏ ဖန်ပြွန်သားငယ် နဝတသည် မိခင်ပါတီစုံ ဒီမိုကရေစီ ဖန်ပြွန်ကို ငှဲညှာ၍လည်းကောင်း၊ ဖခင် မဆလ တစ်ဖြစ်လဲ တစည ပါတီ အနိုင်ရလိမ့်မည်ဟု တွက်ကိန်းဖြင့်လည်းကောင်း ၁၉၉၀ ပြည့် နှစ်တွင် အထွေထွေရွေးကောက်ပွဲကို ပြုလုပ်ပေးခဲ့ရှာပါသည်။ တစည အနိုင်မရရှိဘဲ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် အမျိုးသား ဒီမိုကရေစီ တပ်ပေါင်းစုက အပြတ်အသတ် အနိုင်ရရှိခဲ့ပါသည်။ အနိုင် ရသည့် ပြည်သူ့ကိုယ်စားလှယ်များအား နည်းမျိုးစုံဖြင့် ညှင်းပန်း နှိပ်စက် ချေမှုန်းပြီး တစ်ဘက်တွင် ပြည်သူလူထုအား မက်လုံးပြ၍ ဈေးကွက် စီးပွားရေး အတုအယောင်ကို ကျင့်သုံးနေပြန်ပါသည်။ ဒို့တာဝန် အရေး သုံးပါးနှင့် နိုင်ငံတော် ဖွဲ့စည်းပုံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင် စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်ဟု ဝမရှိဘဲ ဝိလုပ် သည့် ဝါဒလမ်းစဉ်များကို ဇန်းပြပြီး နိုင်ငံတော်၏ ဓနဥစ္စာဟူသမျှကို နဝတအဖွဲ့ဝင်များနှင့် နောက်လိုက်များ ဝါးစေ ဝေစားနေကြသည်။

နဝတများ ဝါးစေ ဝေစားနေကြသည့် ပေါ်လစီ၏ ကောင်းမှု ကြောင့် နိုင်ငံတော်ရှိ သစ်တောကြီးများလည်း အငုတ်သာ ကျန်ပါတော့ သည်။ ပင်လယ်ပြင်မှ ငါးများနှင့် မြေပေါ်မှ သတ္တုရတနာများလည်း ကုန်လုခန်းလု အခြေအနေတွင် ရှိနေပါသည်။ မြေအောက် ရေအောက် တွင် ကျန်နေသေးသည့် ရေနံဓာတ်ငွေ့များကိုလည်း လက်ညှိုးထိုးပြီး ထိုင်းနိုင်ငံသို့ ရောင်းစားထားပြီး ဖြစ်သည်။ ဓာတ်ငွေ့မှ အပ တခြား နည်းလမ်းဖြင့် ဝင်ငွေအလုံးအရင်း ရရှိရန် မရှိတော့၍ ဓာတ်ငွေ့ပိုက် လိုင်း တည်ဆောက်မည့် နယ်နိမိတ်ရှိ ဒီမိုကရေစီ တပ်စခန်းများကို မီးကုန်ယမ်းကုန် တိုက်ခိုက်နေရ ပြန်ပါသည်။

ယနေ့ နဝတ အစိုးရနှင့် စစ်တပ်အတွက် အသုံးစရိတ်သည် တစ်နေ့လျှင် ကျပ်သန်း ၁၇၅ အထက်တွင် ကုန်ကျနေသည်ဟု သုတေသီ တစ်ဦးက တွက်ချက်ပြပါသည်။ စစ်သား ၃ သိန်း ၅ သောင်းကို တစ်ဦးလျှင် တစ်နေ့ကျပ်ငါးရာနှုန်းနှင့် ပျမ်းမျှတွက်ချက်ပါက အဆိုပါ သုတေသီ၏ စာရင်းဇယားသည် မှန်ကန်နိုင်ပါသည်။ အပေါက်စောင့် နိုင်ငံခြင်ညွှန့်ကပင်လျှင် အမျိုးသား ညီလာခံ၏ တစ်နေ့ သုံးစရိတ်သည် ငါးသန်းဝက်ရှိကြောင်း၊ အမြန်ပြီးချင်ပြီဖြစ်ကြောင်းကို ကုလသမဂ္ဂ ကိုယ်စားလှယ် မစ္စတာ ယိုကိုတာထံတွင် ၁၄-၁၁-၉၄ နေ့က အစစ်ခံ ခဲ့သည်။

အလျဉ်းသင့်၍ ဝါရှင်တန်မြို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရံပုံ ငွေအဖွဲ့၏ ၁၉၈၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ကြွေးမြီ များစာရင်း တချို့ကို အောက်တွင် ဖော်ပြပါမည်။

၁၉၆၂ မှ ၁၉၇၂ ခုနှစ်အထိ တော်လှန်ရေးကောင်စီ အုပ်ချုပ်သည့် ကာလတွင် နိုင်ငံခြား ကူညီပံ့ပိုးငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ သန်းခန့်သာ ပျမ်းမျှ ရရှိခဲ့ပါသည်။

၁၉၇၀ ပြည့်နှစ်တွင် အာမခံဖြင့် ကြော်ငြာ၍ ရေရှည်ချေးငွေ သည် ဒေါ်လာသန်း ၁၀၀.၇ ရှိခဲ့ပြီး၊ နောင်ရှစ်နှစ်အကြာ ၁၉၇၈ ခုနှစ် တွင် ၇၅၉ ရာခိုင်နှုန်း တိုးပွားလာကာ ဒေါ်လာသန်း ၈၆၄.၄ ရှိလာပြီး၊ ၁၉၈၄ ခုနှစ်တွင် တစ်ဖန် ၁၅၇ ရာခိုင်နှုန်း တိုးပွားလာကာ အမေရိကန် ဒေါ်လာ သန်းပေါင်း ၂၃၁၁.၂ ရှိလာခဲ့ပါသည်။

ဦးနေဝင်းနှင့် မဆလ စစ်ဝါဒီ အပေါင်းတို့သည် ၁၉၆၂ ခုနှစ်မှ ၁၉၇၂ ခုနှစ်ထိ စစ်အစိုးရဟု အတိအလင်းကြေညာထား၍ နိုင်ငံခြား အထောက်အပံ့ အနည်းအကျဉ်းသာ ရရှိခဲ့ပြီး ချေးငွေများ မရရှိသယောင် ဖြစ်ခဲ့ပါသည်။ ထိုကိစ္စများနှင့် ဆက်စပ်၍ ဖဆပလ ဝန်ကြီးဟောင်း နှင့် သံအမတ်ကြီးဟောင်း ဦးထွန်းဝင်းက စာရေးသူတို့အား ၁၉၇၂ ခုနှစ်က ဘန်ကောက်မြို့တွင် ပြောပြခဲ့ဖူးသည်မှာ "တို့ ဖဆပလတွေ အနေနဲ့ နိုင်ငံခြား သုံးငွေများ၊ အရံရွှေများအပြင် တိုင်းပြည်မှာ အရေး

ကြုံလာရင် သုံးစွဲမယ်ဆိုပြီး စုဆောင်းထားတဲ့ လော်လီကား ၁၂ စီးတိုက် စာလောက်ရှိတဲ့ အဖိုးတန် သတ္တု ရတနာတွေ ဒီကောင်တွေ ထုတ်ရောင်း စားလို့ ကုန်ပါပြီဗျာ" ဟူ၍ပင် ဖြစ်ပါသည်။

မဆလ အနေဖြင့် ဖဆပလ အစိုးရ စုဆောင်းထားခဲ့သမျှကို သူဌေးသားကဲ့သို့ သုံးစွဲနိုင်ခဲ့သော်လည်း နဝတသည် မဆလ အစိုးရ၏ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ ရေတိုရေရှည် ကြွေးမြီများဖြင့် လုံးချာလိုက်နေပြီး နောက်ထပ် ချေးမည့်သူ၊ ပေးမည့် သူ မရှိတော့၍ ဓာတ်ငွေ့ရောင်းစားနေရခြင်းနှင့် နိုင်ငံခြားမှ ဟိုတယ် အိမ်ခန်းများကိုပင် ရန်ကုန်မြို့လယ် အချက်အချာ နေရာများတွင် တည် ဆောက်ခြင်းများ ပြုလုပ်နေရရှာပါသည်။

နဝတတို့၏ အလိမ်အညာ ဈေးကွက်စီးပွားရေးအောက်မှ ၁၉၉၄ ခုနှစ် အကုန်တွင် နှစ်ချုပ်သုံးသပ်ချက် အချို့ကို လေ့လာကြည့်ပါက သွင်းကုန်ထုတ်ကုန်လုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း၊ ဆောက်လုပ် ရေးလုပ်ငန်း၊ စက်မှုလုပ်ငန်း၊ ဘဏ်လုပ်ငန်း၊ ပွဲရုံလုပ်ငန်း၊ အရောင်း အဝယ်လုပ်ငန်း၊ နယ်စပ်ကုန်သွယ်ရေး လုပ်ငန်းများသည် ဦးမော့ဘဲ ဦးမြုပ်လျက် ရှိနေသည်ကို တွေ့ရှိရပါသည်။

ကုန်ဈေးနှုန်းများကို လေ့လာကြည့်ပါကလည်း ၁၉၉၀ ပြည့်နှစ် တွင် ငစိန်ဆန် တစ်အိတ်လျှင် ကျပ် ၄၉၀ မှ ၁၉၉၄ ခုနှစ်တွင် ကျပ် ၁၆၅၀ ဖြစ်လာနေပြီး၊ မြေပဲဆီ တစ်ပိဿာလျှင် ၁၉၉၀ ပြည့်နှစ်တွင် ၆၆ ကျပ်မှ ၁၉၉၄ ခုနှစ်တွင် ကျပ် ၁၉၄ အထိ ဖြစ်လာသည်ကို တွေ့ ရှိနေရပါသည်။

ဈေးကွက်သည်လည်း ဝယ်သူလက်ဝယ် ရှိနေပြီး တရုတ်၊ အိန္ဒိယ ယိုးဒယား၊ စကော်ပူ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဟောင်ကောင်စသည့် လူမျိုးခြားတို့၏ ဈေးနှိမ်မှု၊ ခေါင်းပုံဖြတ်မှုကို မြန်မာတစ်မျိုးသားလုံး ကုန်းခံနေကြရရှာပါသည်။

နဝတ အဖွဲ့ဝင်ထဲတွင်လည်း "အရိုးကနည်း ခွေးကများသည့်" အတတ်လမ်းများ တောင်နေပြီဖြစ်၍ လုပ်ငန်းဟူသမျှကို ဝန်ကြီးများ အ

ဖြင့် ချမပေးနိုင်တော့ဘဲ ဗိုလ်ခင်ညွန့်ထံသို့ တင်ပြပြီး သဘောတူညီမှုကို ယူနေကြရရှာပါသည်။ ဗိုလ်ချုပ်ထွန်းကြည်နှင့် ဗိုလ်ချုပ်စိန်အောင်တို့ပင်လျှင် ဗိုလ်ချုပ်ခင်ညွန့်အား အာမခံနိုင်တော့ဘဲ လက်ပိုက် ကြည့်နေရသည့် ဘဝသို့ ရောက်ရှိသွားရရှာပါသည်။

နဝတအနေဖြင့်လည်း အဂတိတရား လိုက်စားသည့် တရားသူကြီးများ အပါအဝင် ဝန်ထမ်း ၄၃၄ ဦးအား အပြစ်ပေး အရေးယူခဲ့ကြောင်း ရွေ့ခင်း၊ စာစောင်များတွင် ဖတ်ရှုရပါသည်။ ဗိုလ်ချုပ်များနှင့် ဝန်ကြီး၊ ဝန်လေးများသည် အဂတိတရားကို အရေကြိုသောက်နေကြ၍ အချင်းချင်း အရေးမယူရဲကြသေးဘဲ နိုးသားငါးရာ ညီညွတ်ဆဲ၊ သွေးစည်းဆဲဟု ဝန်ထမ်းလောကတွင် ပွစိပွစိဖြစ်လျက် ရှိကြောင်းကိုလည်း ကြားသိရပြန်ပါသည်။

ကျောင်းဆရာများ၊ ပါမောက္ခများကို စာချနေပြီး တရားသူကြီးများကို အလုပ်ဖြုတ်နေသော ဗိုလ်ခင်ညွန့်သည် ဘိန်းဖြူမှုဖြင့် ထောင်ကျနေသည့် နှစ်ကြီး အကျဉ်းသမားများကိုပင် ၄င်း၏ဇနီး ဒေါက်တာခင်ဝင်းရွှေအား စိန်တဆင်စာ ဝယ်ပေးပါက နိုင်ငံရေး အကျဉ်းသားများ စာရင်းသို့ ပြောင်းလဲထည့်ပေးပြီး လွှတ်ပေးသည်များ ရှိနေပါသည်။ ယခုဟောင်ကောင်မြို့တွင် မြန်မာကောင်စစ်ဝန်ချုပ်ဖြစ်နေသော ဗိုလ်မှူး မျိုးမြင့်၏ဇနီး ဒေါက်တာတင်မိုးအေး ကိုယ်တိုင်ပင် အပေါင်းအသင်း ဆရာဝန်မအချင်းချင်းဖြစ်၍ ဗိုလ်ခင်ညွန့်၏ ဇနီးအတွက် ဗိုလ်ချုပ်ဈေးတွင် စိန်ဝယ်ပေးခဲ့ရသည့် လာဘ်ပေးလာဘ်ယူမှုများတွင် ပါဝင်ခဲ့ရပါသည်။ စာရေးသူတို့၏ မြန်မာသံတမန် လောကတွင် ဦးနေဝင်း၏ဇနီး ဒေါ်ခင်မေသန်း သေဆုံးစဉ်က ရှေ့ဆုံးမှ ခေါင်းထမ်းသူ ဦးမောင်မောင်ကြီး ဆိုသူသည် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံအမတ်ကြီး တစ်ဦးအဖြစ် ခန့်အပ်ခြင်း ခံခဲ့ရဖူးပါသည်။ ဗိုလ်မှူးမျိုးမြင့်လည်း ၁၉၉၇ ခုနှစ်တွင် ဟောင်ကောင်ကျွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ပေးအပ်မည့်အချိန်၌ (ဗိုလ်ခင်ညွန့်သာ ရာထူးမပြုတ်သေးပါက) သံအမတ်ကြီးရာထူး ဖြစ်နေရာရမည်မှာ အလွန်သေချာလွန်းလှပါသည်။

ဪ… သနားစရာ။ နဝတ စစ်ဗိုလ်ဆိုးများသည် ပြည်သူအပေါင်းတို့၏ ပါးစပ်ပေါက်ကို ပိတ်ထားနိုင်ကြသော်လည်း ငါ့လင် ဘယ်လောက် အစွမ်းအစရှိတယ်၊ ငါ့သမက် ဘယ်လောက် ဘုန်းတန်ခိုးကြီးတယ်ဟု ကြွားချင်မော်ချင်သူများ၏ ပါးစပ်ပေါက်များကိုမူ ဘယ်တော့မှ ပိတ်နိုင်လိမ့်မည် မဟုတ်သည်မှာ ထင်ရှားလှပါသည်။

အထက်ပါ ဖြစ်ရပ်များကို သုံးသပ်ကြည့်ပါက နဝတ၏ 'စီးပွားရေးသည် ပထမ၊ နိုင်ငံရေးသည် ဒုတိယ၊ စစ်ရေးသည် အဓိက၊ နိုင်ငံရေးသည် သာမည၊ လူမျိုးစု အချင်းချင်း သင့်မြတ်ပေါင်းစည်းရေးသည် ပဓာန၊ နိုင်ငံရေးသည် အညတရ' ဆိုသော တရုတ်နောက်လိုက် ပေါ်လစီများသည် အမှားကြီးမှားလျက် ရှိနေပါသည်။

စစ်မှန်သော ဒီမိုကရေစီ နိုင်ငံကြီးကို တည်ဆောက်နိုင်မည်ဆိုသော နိုင်ငံရေး ဦးတည်ချက်ကြီးဖြင့် အခြေခံကျကျ အများပြည်သူနှင့်ပေါင်း၍ အောင်မြင်အောင် ဆောင်ရွက်နိုင်ပါမှသာလျှင် တိုင်းပြည်တွင် စီးပွားရေး၊ လူမျိုးရေး၊ ပညာရေး၊ စစ်ရေးနှင့် လူမှုရေး ကိစ္စ အဝဝတို့သည် ကောင်းမွန်မြင့်မားလာမည်မှာ မုချကေန်ပင် ဖြစ်ပါသည်။

နဝတ စစ်ဗိုလ်ဆိုးများအနေဖြင့် အများပြည်သူ ရွေးကောက်တင်မြှောက်သော အစိုးရဖြစ်ပါမှသာ နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီနှင့် ချေးငွေများ ရရှိနိုင်မည်ကို သိရှိသဘောပေါက်သောကြောင့် အမျိုးသားညီလာခံ ကျင်းပပြီး အခြေခံဥပဒေရေးဆွဲကာ မဆလ အစိုးရကဲ့သို့ ဦးနေဝင်းတစ်ဦးတည်း မရမ်းကုန်းမြို့နယ် မဲဆန္ဒနယ်တွင် မဲပုံးအဖြူတစ်ပုံး အမဲတစ်ပုံးဖြင့် ပြိုင်ဘက်မရှိ ရွေးကောက်ပွဲ ပြုလုပ်ပြီး မဲရေတွက်သည့်အခါ မဲအားလုံး အဖြူမဲပုံးထဲ ပြောင်းထည့်၍ ရာနှုန်းပြည့် ထောက်ခံမဲ ရရှိသော သမ္မတကြီးဖြစ်လာသည့် ဇာတ်လမ်းဟောင်းကို စိတ်ကူးယဉ် အိပ်မက်မက်၍ အကောင် အထည်ဖော်ရန် ကြိုးစားလျက်ပင် ရှိနေကြပြန်ပါသည်။

ဦးနေဝင်း အနေဖြင့် တော်လှန်ရေးကောင်စီ ဆိုင်းဘုတ်ကို အသာဖြုတ်၍ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတနိုင်ငံတော် ဆိုင်းဘုတ်ကို

ဘင်နိုင်ခဲ့သော ၁၉၇၄ ခုနှစ်က အခြေအနေနှင့် ယနေ့ ကမ္ဘာ့ အခြေအနေ၊ မြန်မာ့အခြေအနေ အရပ်ရပ်သည် လုံးဝခြားနားလျက် ရှိနေပါသည်။

နဝတများအနေဖြင့် "ကိုယ့်လှေကိုယ်ထိုး ပဲခူးရောက်ရောက်" ဆိုသည့် ဝါဒကို ကျင့်သုံးပါကလည်း နိုင်ငံတကာ အကူအညီ မရရှိဘဲ နဝတ၏ စီးပွားရေး ပြုပြင်ပြောင်းလဲရေး စစ်မျက်နှာတွင်ပင် စစ်ဗိုလ်ဆိုးများသည် အတုံးအရုံး ကျဆုံးကြရပါလိမ့်မည်။

အချုပ်ဆိုရပါသော် နဝတများကိုယ်တိုင် နဝတဆိုင်းဘုတ်ကို ဦးနေဝင်း၏ မျက်လှည့်နည်းဖြင့်ပင် ဖြုတ်ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဆိုင်းဘုတ်ကို အစားထိုးတင်လိုသည့် လုပ်ရပ်များကို တွေ့ရှိနေကြရပါသည်။

ပြည်သူများ အနေဖြင့်လည်း နဝတ ဆိုင်းဘုတ်ကို မဆလ ဆိုင်းဘုတ်ကဲ့သို့ ဖနောင့်စာကျွေးပြီး စစ်မှန်သော ဒီမိုကရေစီ ဆိုင်းဘုတ်ကို တပ်ဆင်ရန် ကြိုးစားအားထုတ်လျက် ရှိနေကြပါသည်။

စာရေးသူ အပါအဝင် လုပ်သားပြည်သူ တစ်ရပ်လုံး အနေဖြင့် သားရွှေအိုးထမ်းလာသည်ကိုသာ မြင်လိုသော ဆန္ဒအရ ဗိုလ်ချုပ်ဆိုးများအနေဖြင့် နဝတဆိုင်းဘုတ်အား ကိုယ်တိုင်ဖြုတ်ပြီး စစ်တန်းလျားသို့ ပြန်ကြွစံမြန်း၍ ရွေးကောက်ပွဲတွင် အနိုင်ရရှိထားသော ပြည်သူ့ ကိုယ်စားလှယ်များအား အာဏာလွှဲပြောင်းပေးပါမှသာလျှင် နိုင်ငံတကာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကူအညီ၊ အထောက်အပံ့၊ ချေးငွေစသည်များ ရရှိပြီး မြန်မာလူမျိုးများသည်လည်း ကမ္ဘာ့အလယ်တွင် ထိပ်တန်းသို့ တစ်ဖန်ပြန်လည် ရောက်ရှိလာနိုင်ရန် ဤနည်းလမ်းတစ်ခုတည်းသာ ရှိတော့ကြောင်းကို မေတ္တာမှန်ဖြင့် ရေးသားတင်ပြလိုက်ရပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၃၃၊ ဧပြီလ၊ ၁၉၉၅ ခုနှစ်။

✤

## တိုကြိုက်သော မြန်မာအာဏာရှင်များ

တစ်ရပ်ကွက်တည်းနေ ဦးတော်မီတို့ လင်မယားနှစ်ယောက်သည် ေသာ စစ်အစိုးရ၏ တံခါးဖွင့်ဝါဒ အတုအယောင်ကို အထင်ကြီးပြီး ၁၆ နှစ်ကျော်မျှ ခွဲခွာနေခဲ့ကြရသော ဆွေမျိုးသားချင်းများကို တွေ့ဆုံ ရန်နှင့် အခွင့်အရေးကောင်းလျှင် စီးပွားရေး၊ ကြီးပွားရေး လုပ်ငန်း ကလေးများလုပ်ရန် ရည်ရွယ်ချက်ဖြင့် မိခင်အုတ်ဂူရှိရာ အမိမြန်မာနိုင်ငံ သို့ ယခင်နှစ်က နှစ်လတာမျှ သွားရောက် လည်ပတ်ခဲ့ကြပါသည်။

ရန်ကုန်မှ ပြန်ရောက်ပြီး နောက်တစ်နေ့မှာပင် ဦးတော်မီနှင့် ဇနီး ဒေါ်မေရီတို့သည် စာရေးသူထံသို့ ရောက်ရှိလာပြီး ၎င်းတို့ တွေ့ကြုံ ခဲ့ရသော တိုကြိုက်သော မြန်မာအာဏာရှင်များ အကြောင်းနှင့် လျှပ်စစ် မီးမရှိဘဲ မန္တလေးမြို့ပြင်က အိမ်သစ်တစ်အိမ်တွင် တစ်လခန့် နေခဲ့ရ သည့် ကြမ်းတမ်းလှသောခရီး (Adventure Tour) အကြောင်းကို ဇာတ်ကာပတ်ကုံး ပြောပြပါသည်။

လေဆိပ်ဝင်ဝင်ချင်း လူဝင်မှုကြီးကြပ်ရေး အရာရှိက နိုင်ငံကူး လက်မှတ်ဆိပ် မရိုက်မီပင် "အန်ကယ်လ်က ရန်ကုန်မှာ မွေးဖွားတယ်ဆိုတော့ ဗမာလို ပြောတတ်ဦးမှာပေါ့"ဟု ပြော၍ ဦးတော်မီက "တတ်တာ ပေါ့ဗျာ။ ကျွန်တော်က မြန်မာနိုင်ငံမှာ အစိုးရအရာရှိ ဆယ်နှစ်ကျော် လုပ်လာသူပဲ"ဟု ပြန်ပြောလိုက်ကြောင်း၊ လူဝင်မှု အရာရှိက "ဒါဆို ကျွန်တော်တို့ကို လက်ဖက်ရည်ဖိုးလေး မစခဲ့ပါဦး"ဟု ပြောရာ ဦး တော်မီက "ဒါတော့ ကျွန်တော် သိပ်နားမရှင်းဘူး၊ ခင်ဗျားတို့ လက်ဖက်

ရည် သောက်ချင်လို့လား၊ ဗမာငွေလည်း မလဲရသေးပါဘူး၊ ဘယ်နှစ် ကျပ်လောက် ကုန်မလဲ။ ငွေလဲပြီးရင် တိုက်ပါ့မယ်''ဟု ပြောလိုက်မိ သောအခါ လူဝင်မှုအရာရှိက "Tea Money ပါ အန်ကယ်လ် ဘောက်ဆူး (Tip) ဆိုလည်း ဖြစ်ပါတယ်။ ဟိုဘက်နားမှာရှိတဲ့ အကောက် အခွန်လွတ်ဆိုင် (Duty free shop) မှာ ငါးသုံးလုံး စီးကရက် တစ်ကာ တွန်းလောက် သွားဝယ်ပေးခဲ့ပါ။ ကျွန်တော်တို့ ပြည်ဝင်ခွင့် တံဆိပ် ရိုက်နှိပ်ထားပါ့မယ်''ဟု ပြော၍ လက်ဖက်ရည်ဖိုး စီးကရက်တကာတွန်း ပြေးဝယ်ပေးလိုက်ရကြောင်း၊ တဖန် အကောက်ခွန်အရာရှိကလည်း လက်ဖက်ရည်ဖိုးဆိုပြီး စကော့ဝီစကီအနက် တစ်ပုလင်း တောင်း၍ ပြေးဝယ်ပေးလိုက်ရကြောင်း၊ နောက်တစ်ဖန် နိုင်ငံခြားငွေ လဲလှယ်ပေး သည့် အရာရှိက လက်ဖက်ရည်ဖိုး စီးကရက်တစ်ကာတွန်း တောင်းနေပြန် ၍ ဦးတော်မီက ''ကျွန်တော်တော့ စိတ်ညစ်သွားပြီဗျာ''ဟု ညည်းညူ လိုက်မိသောကြောင့် ငွေလဲပေးသည့် အရာရှိက ''အန်ကယ်တို့ စိတ် မညစ်ရတာ ကြာပါပြီ။ ကျွန်တော်တို့က လစာမလောက်လို့ စိတ်ညစ် နေရတာ အနှစ် ၃၀ လောက် ရှိနေပြီ''ဟု ပြန်ပြောသဖြင့် ဦးတော်မီ ခမျာမှာ ပို၍သနားသွားပြီး စီးကရက်တစ်ကာတွန်း ဝယ်ပေးလိုက်ရ ကြောင်းများပင် ဖြစ်ပါသည်။

လေဆိပ်တွင်ပင် သုံးကြိမ်သုံးပြန် အပြေးအလွှား အကောက်အခွန် လွတ်ဆိုင်တွင် ဈေးဝယ်ပေးလိုက်ရ၍ မောပန်းနေသော ဦးတော်မီသည် ပထမဦးဆုံး ပြန်လည်ဆုံတွေ့ရသော တူမတစ်ယောက်က ''အန်ကယ်လ် တို့ လေဆိပ်မှာ ချောချောမွေ့မွေ့ ဖြစ်ဖို့အတွက် ကျွန်မတို့ အရာရှိတွေကို ပေးကမ်းထားပြီးပါပြီ၊ ချောချောမွေ့မွေ့ပဲ မဟုတ်လား''ဟူသော အမေး ကြောင့် ဦးတော်မီသည် ပို၍ပင် ရင်ဆို့သွားခဲ့ရကြောင်း ပြောပြပြန်ပါ သည်။

ဦးတော်မီက ''ကျွန်တော့်တစ်သက်တွင် ဘယ်လေဆိပ်တွင်မှ မတွေ့ဖူးပါဘူးဗျာ။ အဝင်ခရီးသည်တွေက အကောက်အခွန်လွတ်ဆိုင် တွေမှာ အရက်တို့၊ စီးကရက်တို့ ဝယ်လို့ရတယ်ဆိုတာ အတွက် ခရီးသည်

တွေ့သာ ခရီးသည်တစ်ယောက်ကို အရက်တစ်ပုလင်း၊ စီးကရက် တစ်ကာတွန်း၊ ရေမွှေး ဘယ်နှစ်အောင်စ စသဖြင့် လေယာဉ် ပေါ်ကိုသာ ယူသွားနိုင်တာ၊ ဗမာက တစ်ကမ္ဘာလုံးနဲ့ ပြောင်းပြန်ပါပဲလား'ဟု အံ့တသြ ဖြစ်နေပြန်ပါသည်။

မြန်မာနိုင်ငံတွင် စီးကရက်အပေါ်တွင် အကောက်အခွန်နှုန်းထား ၁၁၀ ရာခိုင်နှုန်းနှင့် အရက်ပေါ်တွင် ၅၀၀ ရာခိုင်နှုန်း သတ်မှတ်ထားပါ သည်။ အကောက်ခွန်လွတ် စီးကရက်နှင့် အရက်များကို ပြည်ဝင် ခရီးသည်များအား ဝယ်ခွင့်ပြုထားပါက မြို့တွင်းမှ အခွန်အကောက်ပေးရ သည့် ဆိုင်များ၌ ဘယ်နိုင်ငံခြားသားများက ဈေးကြီးပေး၍ ဝယ်ပါဦး မည်နည်း။ **ဈေးကွက်စီးပွားရေး မဟုတ်တော့ဘဲ 'ဈေးပျက်စီးပွားရေး စနစ်'** သာ ဖြစ်နေပါသည်။ အဘယ့်ကြောင့်ဆိုသော် နဝတ တို့ အဖေ ကြီး ဦးနေဝင်း၏ သမီးနှင့် သားမက်တို့က ရန်ကုန်လေဆိပ်ရှိ အကောက် ခွန်လွတ်ဆိုင်ကို ပိုင်ဆိုင်ပြီး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒက္ကာမြို့လေဆိပ်ရှိ အကောက်ခွန်လွတ် ဆိုင်များထက် များစွာပင် ဈေးနှုန်းမြင့်တင်ကာ ခေါင်းပုံဖြတ် အမြတ်ကြီးစားပြီး ဒေါ်လာဖြင့် ရောင်းချနေ၍ပင် ဖြစ်ပါ သည်။

ဦးတော်မီက သူမြန်မာနိုင်ငံတွင် လည်ပတ်နေစဉ်အတွင်း ''ဘာ စီးပွားရေးများ လုပ်နိုင်မလဲ''ဟု စုံစမ်းကြည့်ရာတွင်လည်း ''ကုန်သွယ် ရေးဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်သမီး သီသီထွန်းနှင့် စီးပွားရေး လုပ်ငန်း ကိစ္စ ပြောလိုလျှင် သီသီထွန်းနှင့် စကားပြောခွင့်ရရန် စီစဉ်ပေးမည့် ဗိုလ်ဟောင်းတစ်ဦးအား ထမင်းတစ်စားပွဲစာ (One Table) ပေးရ မည်ဖြစ်ကြောင်း၊ တစ်စားပွဲအတွက် ကျပ်နှစ်သောင်းအထက်တွင်ရှိ ကြောင်း၊ သီသီထွန်းက ၎င်း၏ဖခင် ဝန်ကြီး ဗိုလ်ချုပ်ထွန်းကြည်နှင့် တွေ့ဆုံစကားပြောလိုပါက လုပ်ငန်းအောင်မြင်သည်ဖြစ်စေ၊ မအောင်မြင် သည်ဖြစ်စေ သူမအား ရုပ်မြင်သံကြားစက်တစ်လုံးစာ (One Televi- sion) ပေးရမည်ဖြစ်ကြောင်း၊ တန်ဖိုးအားဖြင့် ကျပ်ငါးသောင်းအထက် တွင် ရှိကြောင်း၊ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံ ကုန်သည်များ

ကမူ သီသီထွန်းတို့ ဇနီးမောင်နှံအား နိုင်ငံခြားခရီးတစ်ခေါက် (One Trip) ပင့်ဖိတ်ကြားရပြီး၊ ဘန်ကောက်မြို့နှင့် စင်ကာပူမြို့များရှိ ထိပ်တန်းဟိုတယ်ကြီးများတွင် တစ်ပတ် ဆယ်ရက်ခန့် စားရိတ်ငြိမ်း ထားပေးပြီးမှ ရွှေလမ်းငွေလမ်း ခင်းကြရကြောင်း၊ ဝန်ကြီး ဗိုလ်ချုပ် ထွန်းကြည်အားလည်း တိုယိုတာကားတစ်စီးစာ (One Toyota) အတွက် ကျပ်တစ်သန်းကျော်မျှ ပူဇော်ပသနိုင်ပါမှ စီးပွားရေးကိစ္စများအတွက် လက်ခံတွေ့ဆုံကြောင်း၊ စစ်ဗိုလ်များနှင့် တပည့်သားချင်းများကလည်း Tour ကုမ္ပဏီထောင်ရန်၊ Tourist တွေ ဆွယ်ပေးရန် ဗမာတွေ တီ (T) စကားပဲ ပြောနေကြပါကြောင်း၊ ဦးတော်မီ အနေဖြင့် ဗမာပြည်ကို နောက်သွားဖို့တော့ တော်ပါပြီဗျာ၊ မန္တလေးမှာရှိတဲ့ အမေ့သချိုင်းလည်း ဘယ်ပြောင်းလို့ ဘယ်ရွှေ့ပစ်ကြသလဲ မသိခဲ့ရပါဘူး။ မန္တလေးမှာ နေထိုင်စဉ်အတွင်း လျှပ်စစ်မီး မရှိ၊ ရေမသန့်၊ ပိုးလောက်လန်းတွေနဲ့ ရေကို ချိုးခဲ့ရကြောင်းနှင့် လမ်းစရိတ်မတတ်နိုင်၍ စက်ဘီးဖြင့် ခရီးသွားရာတွင်လည်း ကိုးကန့်တရုတ်တွေ ကားအရှိန်မောင်းလာ၍ စက်ဘီးကိုမပြီး ပလက်ဖောင်းပေါ် တက်ပြေးရတာလည်း ခဏခဏ ကြုံခဲ့ရကြောင်း စသည်ဖြင့် တရုတ်တွေ မန္တလေးတွင် အလွန်အမင်း ဗိုလ်ကျ သောင်းကျန်းနေပုံများကို မရပ်မနား ပြောပြနေရှာပါသည်။

နှုတ်ဆိတ်နေသော ဦးတော်မီ၏ဇနီး ဒေါ်မေရီကလည်း စစ်ဗိုလ်ကတော်တွေ တယ်လီဗေးရှင်းတို့၊ တိုယိုတာတို့၊ တိုးကုမ္ပဏီတို့ အကြောင်းသာ ပြောတတ်ကြပြီး တစ်ပြိုင်တည်း ပြိုင်နေကြတော့တာပဲ။ လူတွေ သိပ်ဆင်းရဲနေကြတာကို တွေ့ရလို့ တစ်ခက်မှ စိတ်မချမ်းသာခဲ့ရပါဘူး။ ရှင်တို့ 'တီ'တွေ အကြောင်းသာ ပြောနေလို့ ကျွန်မတော့ အန်တောင် အန်ချင်လာပြီ။ တော်ကြပါတော့ဟု တကယ့်မြေကြီးထဲက တီကောင်ကို စက်ဆုပ်ရွံရှာသည့်ပုံစံဖြင့် ပြောနေ၍ စကားလမ်းကြောင်း ပြောင်းလိုက်ကြရပါသည်။

စာရေးသူတို့၏ မြန်မာ့စစ်အာဏာရှင်များသည် သီလ သမာဓိ ရှိသယောင် အယောင်ဆောင်တတ်ကြပြီး၊ လာဘ်လာဘများကို ငွေသားဖြင့်သာ အတိအကျ မတောင်းခံရဲတတ်ကြဘဲ ဝိနည်းရှောင်သည့် သဘောဖြင့်

လက်ဖက်ရည်ဖိုးကလေးပါဗျာ Tea Money ကလေးတော့ မစသွား ပါဦးဟု စကားခေါ်တတ်ကြပါသည်။ လက်ဖက်ရည်ဖိုးစသည့် လာဘ်ပေး လာဘ်ယူမှုများ ပေါ်ပေါက်လာရသည့် အရင်းခံအကြောင်းတရားသည် ၁၉၆၂ ခုနှစ် နောက်ပိုင်းတွင် ဖြစ်ပေါ်လာသော ဗဟိုဦးစီးချုပ်ကိုင်မှုများ ထွန်းကဲသည့် စစ်အာဏာရှင် စနစ်ဆိုးကြောင့်ပင် ဖြစ်ပါသည်။

ဦးနေဝင်းက ချော်မွေ့လည်ပတ်နေသော အတွင်းဝန်ရုံးစနစ် (Secretary) အုပ်ချုပ် ရေးယန္တရားကို ဖျူရိုကရေစီ ကြိုးနီစနစ်ဟု သမုတ်ပြီး ဖျက်ဆီးပစ်လိုက်ကာ ဘာသာရပ်နှင့် ဌာနဆိုင်ရာ ကိစ္စရပ်များကို နား လည်သော စစ်မိုလ်များအား အတွင်းဝန်များနေရာတွင် ဌာနတာဝန်ခံ၊ အထူးအရာရှိ၊ ကော်မတီဝင်နှင့် ညွှန်ကြားရေးမှူးချုပ် စသည်ဖြင့် နာမည် အမျိုးမျိုးဖြင့် တာဝန်ပေးလိုက်ချိန်တွင် ကြိုးနီစနစ်မှ ကြိုးရှုပ်စနစ်သို့ ပြောင်းသွားပြီး ဖင်မနိုင် ခေါင်းမနိုင်သော အုပ်ချုပ်ရေး ယန္တရားဆိုးကြီးကို တောင် ဖန်တီးလိုက်ပါသည်။ ရုံးဌာနအချင်းချင်းပင် စာပေးစာယူ နည်းဖြင့် ဆက်သွယ်၍ မရတော့ဘဲ၊ ကိစ္စတိုင်း၌ လူကိုယ်တိုင် လိုက်ပြောရသည့် ဘဝသို့ ကျရောက်သွားခဲ့ပါသည်။ ပြည်သူများသည်လည်း ရပ်ကွက် ပါဦးကော်မတီရုံးတွင် စည့်စာရင်း တိုင်သည်မှအစ လူကိုယ်တိုင် တန်း စီပြီး ထောက်ခံစာ အမျိုးမျိုးဖြင့် ဌာနအသီးသီးသို့သွားပြီး လူသုံးကုန် ပစ္စည်း၊ ဆေးဝါးပစ္စည်းမှ အစ အိမ်ဆောက်ပစ္စည်းများအပြင် ရထား လက်မှတ်၊ လေယာဉ်လက်မှတ်နှင့် သင်္ဘောလက်မှတ်ပါမကျန် လက်ဖက် ရည်ဖိုးပေးပြီး ဝယ်ခြမ်းကြရပါတော့သည်။

အနောင်အဖွဲ့ ကင်းရှင်းသော စာရေးဆရာ၊ ပန်းချီဆရာ၊ ကာတွန်း ဆရာ၊ ထုတ်ဝေသူနှင့် ရုပ်ရှင်ပညာ၊ သဘင်ပညာ စသည့် ပညာရှင် အားလုံးသည်လည်း စာပေ စိစစ်ရေးရုံး၊ ရုပ်ရှင် ကောင်စီနှင့် သဘင် ကောင်စီများသို့ လူကိုယ်တိုင် သွားရောက်ပြီး လုပ်ငန်းဆောင်ရွက်ရန် အတွက် လက်ဖက်ရည်ဖိုး၊ ထမင်းဖိုးနှင့် လက်ဆောင်ပစ္စည်း အမျိုးမျိုး ပေးပြီး လာဘ်ထိုးရသည်ကိုလည်း ပြည်သူ အများအသိ ဖြစ်ပါသည်။ နဝတ ခေတ်တွင် (Tea Money & Toyota) အထိ ပေါ်ပေါ်ထင်ထင်

ဖြစ်လာနေပြီ ဖြစ်သော်လည်း မဆလခေတ်တွင် ပြည်သူမသိခဲ့သော ဦးနေဝင်း၏ ပေါပေါထင်ထင် မသမာမှုနှင့် တံစိုးလက်ဆောင် လာဘ် ယူမှုအချို့ကို အလျဉ်းသင့်၍ ဖော်ပြပါမည်။

ဦးနေဝင်း နှင့် ဒေါ်ခင်မေသန်းတို့သည် ပြည်သူ့ဘဏ္ဍာမှ ခိုးဝှက် ထားသော ငွေများဖြင့် လန်ဒန်မြို့တွင် အိမ်စောင့်အစိုးရခေတ်ကပင် အသုံးပြုလာသော အင်္ဂလိပ်ဂျူးလူမျိုး Mr. Julian Leich၏ အမည်ဖြင့် အိမ်များ ဝယ်ခြမ်းထားခဲ့ပါသည်။ ထိုဂျူးကြီး မမျှော်လင့်ဘဲ သေဆုံးသွား၍ ၄င်း၏ဇနီးကသာ အမွေစားအမွေခံ ဖြစ်သွားသောကြောင့် ဦးနေဝင်းသည် အင်္ဂလန်ကို နာကျည်းသွားခဲ့ပါသည်။ ထို့အပြင် ဒေါ်ခင်မေသန်းသည် လန်ဒန်မြို့ရှိ ဟမ်မာစမစ်ဆေးရုံ (Hammersmith Hospital) တွင် မြန်မာခန်းမတစ်ခုကို မြန်မာကျွန်းသစ်များ ခင်းကျင်းပြီး လှူဒါန်းထားခဲ့ပါသည်။ ဦးနေဝင်းနှင့် မသင့်မြတ်သည့် အချိန်တွင် ဒေါ်ခင်မေသန်းသည် ထိုအဆိုပါ ဆေးရုံတွင်ပင် သားသမီး များနှင့် လင်သား မရှိယုံသာမက သံရုံးမှလည်း မည်သူမျှ သွားရောက် မကြည့်ရှုရဲသည့် အပယ်ခံဘဝတွင် ကျောက်ကပ်ရောဂါဖြင့် ခွေးသေ ဝက်သေ သေဆုံးသွားခဲ့ပါသည်။ ဒေါ်ခင်မေသန်းနှင့် ရင်းနှီးသော အင်္ဂလန်ဆရာဝန် အသိုင်းအဝိုင်းက အကြင်နာတရား မရှိသော ဦးနေဝင်း အား ကဲ့ရဲ့ပြောဆို ဖြစ်တင်ခဲ့ကြပါသည်။ ဦးနေဝင်းသည် နှစ်စဉ် အင်္ဂလန် နိုင်ငံ၌ ဇွန်လတွင်ကျင်းပလေ့ရှိသော ကမ္ဘာကျော် အင်္ဂလိပ်ဒါဘီ (Derby) မြင်းပွဲကြီးသို့ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဘဝတွင် ရှစ်နှစ်ဆက်တိုက် ပြည်သူ့ဘဏ္ဍာဖြင့် လာရောက်လောင်းကစားခြင်းကို အထက်ဖော်ပြပါ ဖြစ်ရပ်ဆိုးနှစ်ခုကြောင့် ရင်နာနာဖြင့် ခွဲခွာသွားခဲ့ရသည်။

၁၉၇၄ ခုနှစ် နောက်ပိုင်းတွင် ဦးနေဝင်းသည် တပည့်ကျော် ဒုတိယ ဗိုလ်မှူးကြီးလေးမောင်၊ နိုင်ငံခြားရေးဝန်ကြီးနှင့် တရားသူကြီး အဖွဲ့ဝင်ဟောင်း (ကွယ်လွန်)အား ဆွစ်ဇလန်နိုင်ငံတွင် ကျောက်မျက် ရတနာ ဆိုင် မန်နေဂျာ ခန့်အပ်ပြီး ကျောက်မျက်ရတနာ မှောင်ခိုလုပ်ငန်းကြီး ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်စေခဲ့ပါသည်။ ကျောက်မှောင်ခိုကုန်သည်

အတွင်ပင် ရတနာနတ်မယ်နှင့် အကြောင်းပါပြီး ခွာပြုပြန်ကာ ဂျာမနီနိုင်ငံသို့ သိုက်ပြောင်းလာခဲ့ ပြန်ပါသည်။ မြန်မာနိုင်ငံရှိ အကြီးစားစက်မှုလုပ်ငန်းများနှင့် ကာကွယ်ရေးဌာနပိုင် ဝါဇီ ငွေစက္ကူစက်ရုံနှင့် လက်နက် စက်ရုံများကို ဆိုရှယ်လစ် စီးပွားရေး ဥပဒေများနှင့် ဆန့်ကျင်ပြီး တစ်သီးပုဂ္ဂလနှင့် ဖက်စပ်လုပ်ပိုင်ခွင့်များကို ရရှိထားသော ဂျာမနီနိုင်ငံမှ ဖရစ်ဝါနာ (Fritz Werner) ပေးသည့်သဘောဖြင့် ဂျာမနီနိုင်ငံရှိ ဖရစ်ဝါနာ စက်ရုံကြီးအနီးမှ ဟိုတယ်ကြီးတစ်ခုတွင် တစ်နှစ်လျှင် တစ်လကျော်ခန့် လာရောက်အပန်းဖြေ ဟောလီးဒေး ထွက်နိုင်ရန် လာဘ်ထိုးနေပါသည်။

အဆိုပါ အပန်းဖြေ ခရီးတွင် ပါဝင်ဖူးသော ဦးနေဝင်း၏ ထမင်းချက်ကြီး ဦးမြမောင်က စာရေးသူအား ပြောပြဖူးသည်မှာ "ဂျာမနီသို့ အကြိမ်တိုင်တိုင် ဦးနေဝင်းနှင့်တကွ သွားရောက်ခဲ့ဖူးကြောင်း၊ ၎င်းတို့ ငါးလေးဆယ်ကျော်ပါသည့် အဖွဲ့ကြီး ရောက်ရှိသွားပါက ဟိုတယ်ရှိ အခြားတည်းခိုနေသူများ အားလုံးကို အခြားဟိုတယ်သို့ ပို့လိုက်ပြီး ၎င်းတို့အဖွဲ့ တစ်ဖွဲ့တည်းသာ သီးသန့် တည်းခိုနေထိုင်ကြရပြီး ဥက္ကဋ္ဌကြီး ဦးနေဝင်းကလည်း ၎င်းတို့အား လက်ဖက်ရည်ဖိုး တစ်ပတ်လျှင် ဒေါ်လာငါးဆယ်ကျော်၊ ခြောက်ဆယ်ကျော် စသည်ဖြင့် အမြဲတစေ ဘောက်ဆူးချလေ့ရှိကြောင်း" များပင် ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီခေတ်နှင့် မဆလခေတ်တွင် ဦးနေဝင်း စိုက်ပျိုးခဲ့သော Tea Money & Trip ပြည်ဖျက် မျိုးစေ့များသည် နဝတခေတ်တွင် ပိုမိုသီးပွင့်လာပြီး စစ်ဗိုလ်များအပြင် စစ်ဗိုလ်များ၏ သားသမီးများသည်ပင် TV, Toyota, Tour Co. စသည့် ပြည်ဖျက် အသီးအပွင့်များကို စားသုံးနေကြပြီ ဖြစ်ပါသည်။

ပြည်သူအများစုတွင်မူ ဆန်ရှား၊ ဆီရှား၊ ဆေးဝါးရှားပြီး၊ အစားဆင်းရဲ၊ အနေဆင်းရဲသည့် ရှားပါးမှု ဒုက္ခပင်လယ်ပြင်ကြီးတွင် လက်ပစ်ကူးလျက် ရှိနေကြရရှာပါသည်။

နဝတများကြိုက်သော T များရှိသကဲ့သို့ နဝတများ လုံးဝမကြိုက်သော T တစ်လုံးရှိနေပါသည်။ ၎င်းသည် ဒီမိုကရေစီသမားများက စကားပြောဆို ဆွေးနွေးလိုပါသည်၊ Talk လုပ်ချင်ပါသည်ဆိုသည့်

စကားပြောဆို ဆွေးနွေးလိုပါသည်၊ Talk လုပ်ချင်ပါသည်ဆိုသည့် Please Talk လုပ်လိုခြင်းပင် ဖြစ်သည်။ ထို့ကြောင့် လက်ရှိ အခြေအနေ အရ နိဂုံးချုပ်ပါသော် "လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရန်သူ" "တိုင်းပြည် အာဏာ အလွဲသုံးစားသူများသည် တို့ရန်သူ" "နဝတသည် ပြည်သူ့ ရန်သူ" ဟု ကြွေးကြော်တိုက်ဖျက်ရန်မှလွဲ၍ တခြားနည်းလမ်း မရှိတော့ ပါကြောင်း မေတ္တာမွန်ဖြင့် တင်ပြအပ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၃၅၊ ဇူလိုင်လ ၁၉၉၅။

✤

## ဒေါ်စုပုဒ်မ ငြိစွန်းနေသူများ

စာရေးသူသည် နိုင်ငံခြားရေး ဝန်ထမ်းလောကမှ အသိအကျွမ်း မိတ်ဆွေများအား သံယောဇဉ် ရှိသူဖြစ်၍ မိတ်ဆွေများကို တွေ့ရတိုင်း နိုင်ငံခြားရေးရုံးမှ လူဟောင်းများ၏ သာရေး နာရေး ကိစ္စ အဝဝတို့ကို မေးစုလေ့ ရှိခဲ့ပါသည်။

တလောက မိတ်ဆွေတစ်ဦးအား လမ်းပေါ်တွင် တွေ့၍ "မောင် အေးနဲ့ ဝင်းမြတို့ သံအမတ် ဖြစ်နေကြပြီ။ သူတို့ထက် လုပ်သက်ရှစ်နှစ်၊ ကိုးနှစ်လောက်ကြီးတဲ့ ညွှန်ကြားရေးမှူးချုပ် ဦးအေးလွင်တစ်ယောက် သံအမတ် မဖြစ်သေးပါလားဗျ" ဟု စပ်စုမိခဲ့ပါသည်။

"ဦးအေးလွင်တစ်ယောက် ဒေါ်စုပုဒ်မနဲ့ ငြိနေလို့ သံအမတ်ဖြစ် ရာ မဟုတ်တော့ပါဘူးဗျာ။ သူ့နောက်မှ ရုံးကို ရောက်လာတဲ့ သူ့ ယောက်ဖ ဖေသိန်းတင်ကတောင် သံအမတ်ဖြစ်သွားတာ အတော် ကြာနေပါပြီ"

"နဝတတက်ပြီးမှ ရုံးကို ရောက်လာတဲ့ သံတမန် ရေးရာ ဦးစီး ဌာနက ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး သူရအောင်ထက် တစ်ယောက် သည်း ဒေါ်စုပုဒ်မနဲ့ ငြိသွားပြီး သံအမတ်ရာထူး မရတော့ပါဘူး။ သူ့ နောက်အောက်က ဗိုလ်တွေသာ အတော်များများ သံအမတ်ကြီး ရာထူးတွေ ရသွားကြပါတယ်"

"သနားပါတယ်ဗျာ၊ ညွှန်ကြားရေးမှူးချုပ်လစာ ကျပ်ထောင့်ရှစ် ရာဟာ ဒီနေ့ ဗမာပြည်မှာ လက်ဖက်ရည်ဖိုးလောက်ပဲ ရှိပါတယ်။ သံ

အမတ်ဖြစ်ရင် တစ်လကိုတော့ အနည်းဆုံး ဒေါ်လာငါးရာ၊ ခြောက်
လောက် အိုးနာအတွက် စုဆောင်းမိနိုင်တာပေါ့ဗျာ၊ ဒါ့အပြင် H.E
(His Excellency) လည်း အခေါ်ခံချင်ကြတယ်လေ"

"ဒေါ်အောင်ဆန်းစုကြည်ဟာ အင်္ဂလိပ်လူမျိုးကို အိမ်ထောင်
လို့ နိုင်ငံတော်ရဲ့ အချုပ်အခြာနဲ့ လုံခြုံရေးကို ထိခိုက်နိုင်တယ်ဆို
ပုဒ်မ (၁၀ က)အရ ရွေးကောက်ပွဲကိုတောင် ဝင်ခွင့်မပြုတာ ခင်ဗျား
လည်း သိပြီးသားပါဗျာ"

"ဦးအေးလွင်သမီးနဲ့ ဗိုလ်မှူးကြီး သူရအောင်ထက်တို့ သမီး
လည်း နိုင်ငံခြားသားနဲ့ လက်ထပ်သွားကြလို့ အဖေတွေကို ဒဏ်ခတ်
သဘောပေါ့"ဟု ပြောပြနေပါသည်။

စာရေးသူက "ဒါနဲ့ဗျာ။ ဗိုလ်မှူးကြီး သူရအောင်ထက်ကို သူ့သမီး
နိုင်ငံခြားသား ယူသွားလို့ သံအမတ်ကြီးရာထူး မပေးတော့ဘူး။ နိုင်ငံ
တော် လုံခြုံရေးအတွက် မယုံရဘူးဆိုပြီး ဒဏ်ခတ်ထားပေမယ့် ဗိုလ်ချုပ်
သန်းရွှေနဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့ နိုင်ငံတကာက အကြီးအကဲတွေနဲ့ တွေ့
စကားပြောတိုင်း သံတမန်ရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ
အောင်ထက်ကတော့ အမြဲတမ်း ထိုင်နားထောင်ရပါလားဗျာ။ ဒါ
တော့ ယုံနေတဲ့ ပုံစံပါပဲနော်"ဟု ပြန်ရိုကြည့်မိပါသည်။

မိတ်ဆွေက "ဒါတွေ လျှောက်ပြောနေရင် ဘယ်တော့မှ ဆုံးတော့
မှာ မဟုတ်တော့ပါဘူး၊ ဒီအကောင်တွေ ဉာဏ်ရှိတဲ့ အကောင်တွေ
မဟုတ်တာ။ ဒေါ်စုကို အာဏာလွှဲမပေးချင်ရင်လည်း ဦးကြည်မောင်
ဦးတင်ဦးတို့ကို လွှဲပေးရင် ဖြစ်တာပါပဲ။ အိန္ဒိယဝန်ကြီးချုပ် ရာဂျ
ဂန္ဒီလည်း နိုင်ငံခြားသူယူပြီး ဝန်ကြီးချုပ် တစ်သက်လုံး လုပ်သွားတယ်
ကျော်ဒန်ဘုရင် ဟူစိန်လည်း အမေရိကန်မယူပြီး ဘုရင် လုပ်နေတာပါ
သူများနိုင်ငံတွေမှာ ဘာပြဿနာမှ မရှိပါဘူးဗျာ။ ဒီအကောင်တွေ တစ်
သက်လုံး ကုလားထိုင်က ဆင်းမဲ့အကောင်တွေ မဟုတ်ပါဘူး။ ကုလား
ထိုင်အရသာ တွေ့နေကြပြီလေ။ ကျုပ်အခု ဒီလာဖို့ နိုင်ငံကူးလက်မှတ်

ချောက်တာ ကျပ်နှစ်သောင်းကျော် လာဘ်ထိုးခဲ့ရတယ်''ဟု စကား ကြောဖြတ်ပြီး လမ်းခွဲသွားပါသည်။

တရားဥပဒေ မစိုးမိုးနိုင်တော့သော တရားသူကြီးများပင်လျှင် စစ်ခေါင်းပြများ၏ ထီးကိုင်၊ ဖိနပ်ကိုင် အစေအပါး ဖြစ်နေကြရသော မြန်မာနိုင်ငံတွင် တရားစီရင်ထုံး ဒီဂရီနှင့် အမိန့်များသည် တစ်သမတ် တည်း မရှိဘဲ လူကိုခင်လျှင် မှုကိုပြင်ပြီး၊ လူကို မုန်းလျှင် မှုကိုသုံး သည့် သာဓက အမြောက်အများ ရှိသည့်အနက်မှ အများပြည်သူ သိသာ မြင်သာနိုင်သည့် ဖြစ်ရပ်တစ်ခုကို တင်ပြပါမည်။

စစ်ခေါင်းပြတို့၏ အဖေကြီး ဦးနေဝင်းသည် မြန်မာနိုင်ငံသားဘဝသို့ ကျော်ခိုင်းသွားခဲ့သော ဒေါ်ရတနာနတ်မယ်အား မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးပြီး လက်ထပ်လာသော အချိန်တွင် ဒေါ်ရတနာနတ်မယ် ပုဒ်မ နှင့် ငြိစွန်းသူများ အသက်ရှုပေါက် ချောင်သွားခဲ့ရဖူးသည်။

ဥပမာအားဖြင့် ဇပဲရှိချုပ်ကိုင်မှုများကြောင့် မြန်မာနိုင်ငံကူး လက်မှတ် သက်တမ်းကုန်ဆုံးနေသူများအား ရတနာနတ်မယ်နှင့် ပတ်သက် ၍ ဦးနေဝင်း၏ နိုင်ငံတော် သမ္မတရုံးမှ တိုက်ရိုက်ညွှန်ကြားသည့် လူကို ခင်၍ မှုပြင်သော စီရင်ထုံးတစ်ခုအရ နိုင်ငံခြားတွင် နိုင်ငံကူးလက်မှတ် သက်တမ်းကုန်၍ ဒုက္ခရောက်နေသူများ၏ နိုင်ငံကူးလက်မှတ်များကို သက်တမ်းတိုးပေးခြင်း၊ အသစ်ထုတ်ပေးခြင်းများကို ပြုလုပ်ခဲ့ကြပါသည်။

ထို့အပြင် ဦးနေဝင်းနှင့် သမီးစန္ဒာဝင်းတို့၏ အမျက်ဒေါသကြောင့် ဒေါင်ဦးကမ်းပါးပြို၍ ရာဇဝတ်ဟောက ရွာမပေါင်ကျိုးသည့် ကိစ္စတစ်ခု ကိုလည်း ဖော်ပြပါဦးမည်။

ဦးနေဝင်းနှင့် အဖွဲ့ဝင် ၄၄ ဦးတို့ ၁၉၈၆ ခုနှစ်တွင် လန်ဒန်မြို့ သို့ ရောက်ရှိလာစဉ်က စာရေးသူတို့၏ ဝန်ထမ်းထဲတွင် အာချောင် သော အမျိုးသမီး အရာရှိတစ်ဦးရှိခဲ့ပါသည်။ ထိုအရာရှိ အမျိုးသမီးသည် ဦးနေဝင်း၏ ပဋ္ဌမမြောက်ဇနီး ဒေါ်နီနီမြင့်၏ တပည့်တစ်ယောက် ဖြစ်ခဲ့ ဖူး၍ သံရုံးမှလည်း ဒေါ်နီနီမြင့်အား ကူညီရန် တာဝန်ပေးထားခဲ့ပါသည်။ ဦးနေဝင်းတို့အဖွဲ့ စည့်ဂေဟာသို့ ခရီးရောက်မဆိုက်မှာပင် ဒေါ်နီနီမြင့်

၏ ကားတံခါးဖွင့်၍ ကြိုဆိုသော ထိုအရာရှိမအား သမီးတော် အာဏာရှင် စန္ဒာဝင်းက "ဒီအမျိုးသမီး ဘယ်သူလဲ" ဟု နာမည်မေးခံရပါသည်။ ထိုအချိန်က မိထွေးတော်နှင့် သမီးတော်တို့၏ ရန်ပွဲသည် အထွတ်အထိပ် ရောက်နေသည့် အချိန်ကာလဟု တွက်ဆ၍ ရနိုင်ပါသည်။

ထို့အပြင် ဒေါ်နီနီမြင့်၏ တပည့်မ ထိုအရာရှိ အမျိုးသမီးက စန္ဒာဝင်း၏ သားသုံးယောက်အား "**တစ်ယောက်မျက်နှာ တစ်မျိုးစီ ပါလား၊ ရုပ်ရည်လဲ မတူကြဘူး၊ အဖေသုံးယောက်နဲ့ မွေးတာ ဖြစ်မှာ ပဲ**" ဟု အာချောင်နေပြန်ပါသည်။ ထိုအခါ သံအမတ်ကတော်မှအစ အခြားလူများက အဆိုပါ အရာရှိမအား "နင်တော့ ဒုက္ခရောက်တော့ မယ်။ အိမ်မှာပဲ အေးအေးဆေးဆေးနေပါ။ ဒီအဖွဲ့တွေ ရှိနေတဲ့ ဧည့်ခံပွဲ တွေကို မလာပါနဲ့" ဟု အကြိမ်ကြိမ် တားမြစ်ကြသည့်ထဲမှ လာရောက်၍ ပေါက်ကရလေးဆယ် ပြောဆိုလေ့ ရှိနေပြန်ပါသည်။

ဦးနေဝင်းနှင့်အဖွဲ့ ရန်ကုန်သို့ ပြန်ရောက်ပြီး များမကြာမီမှာပင် အဆိုပါ အမျိုးသမီးသည် ရန်ကုန်ရုံးချုပ်သို့ ပြန်လည်ပြောင်းရွှေ့ခံလိုက် ရပါသည်။ ထို့မျှနှင့်မပြီးသေး နောက်ဆက်တွဲအဖြစ် ကမ္ဘာအရပ်ရပ်ရှိ မြန်မာသံရုံးများမှ အမျိုးသမီး ဝန်ထမ်းများအား သံရုံးတွင် တာဝန် ထမ်းဆောင်ခွင့် သုံးနှစ်ခွဲကာလစေ့သည်ဖြစ်စေ၊ မစေ့သည်ဖြစ်စေ ရန်ကုန် ရုံးချုပ်သို့ ပြန်လည်ပြောင်းရွှေ့ခြင်းကို ခံလိုက်ကြရခြင်းကြောင့် စာရေး သူ၏ မိတ်ဆွေအချို့ အရာရှိ အမျိုးသမီးများသည် ဆွစ်ဇလန်နှင့် ပြင်သစ် နိုင်ငံများသို့ တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည်မှာ ခြောက်လပင် မပြည့်သေးဘဲ မျက်ရည်စက်လက်နှင့် ပြန်သွားကြရရှာပါသည်။

ဤပြဿနာကို အကြောင်းပြု၍ နိုင်ငံတော်တွင်လည်း မလိုအပ် ဘဲ ဝန်ထမ်းအပြောင်းအရွှေ့ကြောင့် ဘဏ္ဍာတော် ကုန်ခမ်းသွားရ ပြန်ပါ သည်။

အဆိုပါ အရာရှိ အမျိုးသမီး ရန်ကုန်ပြန်ရောက်သွားပြီး မကြာမီ စာရေးသူထံသို့ စာရေးလိုက်သည်မှာ ဦးနေဝင်း အာဏာရှိနေသ၍ မြန်မာ သံရုံးများသို့ အမျိုးသမီး ဝန်ထမ်းများကို စေလွှတ်တော့မည် မဟုတ်

ကြောင်း ဒေါ်နီနီမြင့်က ၎င်းအား ပြောပြသည့် အကြောင်းများ ရေးထား ခြင်း ဖြစ်ပါသည်။

သို့ပါသော်လည်း နိုင်ငံခြားရေးရုံးတွင် နိုင်ငံခြားသို့ ထွက်ချင်၍ ဝင်လာကြသော နိုင်ငံတော် ကောင်စီဝင်များဖြစ်သည့် ဒေါက်တာ မောင်မောင်နှင့် ဗိုလ်မှူးတင်သိန်းတို့၏ သမီးများ၊ ဝန်ကြီးများဖြစ်သည့် ဗိုလ်မှူးစိန်ထွန်းနှင့် ဗိုလ်မှူးထွန်းဝေတို့၏ သမီးများမှာမူ တတိယ အတွင်း ဝန်များ ဖြစ်နေကြပြီဖြစ်၍ ဦးနေဝင်း၏ အမိန့်ကိုလည်း လွန်ဆန်ရာ မရောက်စေရန် အဆိုပါ အကောင်ကြီး သမီးများအား သံရုံးများသို့ တာဝန်ဖြင့် မပြောင်းရွှေ့တော့ဘဲ နိုင်ငံခြား တက္ကသိုလ် အသီးသီးသို့ အစိုးရ ပညာတော်သင်အဖြစ် နှစ်နှစ်၊ သုံးနှစ်ခန့်စီ စေလွှတ်လိုက်ကြ ပေါ်သည်။

အဆိုပါ ဝန်ကြီးများ၏ သမီးများ တတိယအတွင်းဝန်ရာထူး ရနေ ချိန်တွင် ပညာရေးဝန်ကြီး ဗိုလ်မှူးကြီး ကျော်ငြိမ်း၏ သမီးငယ် မစန်းစန်း ငြိမ်းမှာ အောက်တန်းစာရေး ရာထူးတွင်ပင် ရှိနေသေးပါသည်။ နိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ကြီး (နိုင်ငံ ခြားရေးရုံးအခေါ် ဘဲမောင်မောင်ကြီး၊ အသံပြာပြီး ဘဲငန်းသံဖြင့် စကား ပြော၍ ဘဲနာမည် ရနေသူ)က သူမတို့ အိမ်သို့ လာရောက်ပြီး သူ့အဖေ ရှေ့တွင်ပင် သူမကို မကြာမီ တတိယအတွင်းဝန်ရာထူးပေါ်လျှင် ရွေးချယ် ခန့်အပ်ပေးမည်ဖြစ်ကြောင်း ကြိုတင်၍ အိမ်တိုင်ယာရောက် ရာထူးလာပေး သွားကြောင်း စာရေးသူနှင့် အခြားဝန်ထမ်းများရှေ့တွင် ပြောခဲ့ဖူးပါသည်။

ထိုအတိုင်းပင် စာရေးသူ လန်ဒန်မြို့သို့ရောက်ပြီး မကြာမီမှာပင် မစန်းစန်းငြိမ်း တစ်ယောက် အရာရှိရာထူး ရသွားပြီး ဂျပန်နိုင်ငံသို့ ပညာ တော်သင် သွားရကြောင်း၊ သံရုံးသို့ပြောင်းရွှေ့ခံရခြင်း မဟုတ်၍ ကလေး နှစ်ယောက်နှင့် လင်ယောကျ်ားတို့သည် ရန်ကုန်တွင် ချန်နေခဲ့ရကြောင်း၊ ထို့နောက် ဂျပန်တွင် ပညာသင်ရင်း အာရပ်တစ်ယောက်နှင့် လက်ထပ် သွားခဲ့ကြောင်း ကြားသိရပါသည်။

ဆက်နွယ်ထိခိုက်သွားသော ရာဇပြိုဟ်မြို့က နွားမပေါင်ကျိုးသွားသည့် တကယ့် အဖြစ်အပျက် တစ်ခုပါတည်း။

နဝတ စစ်ဗိုလ်များသည် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများကို အငမ်းမရ လိုလားလျက် ရှိနေကြပါသော်လည်း နိုင်ငံခြားသားနှင့် ဆက်သွယ်နေသူများအား (တရုတ်ကို မဆိုလိုပါ။ တရုတ်သည် နိုင်ငံခြားသား မဟုတ်ပါ။ မိုးဝင်လာသော တရုတ်များသည် စစ်အာဏာရှင်များ၏ အဓေကြီးသာ ဖြစ်ပါသည်။) နည်းမျိုးစုံဖြင့် ဒဏ်ခတ် ချိုးနှိမ်လျက် ရှိနေပါသည်။ ဥပမာအားဖြင့် ယခု ဒုတိယ ဗိုလ်ချုပ်ကြီး ဆိုသူ ခင်ညွန့် ဗိုလ်ကြီးဘဝတွင် ယခု နဝတဝန်ကြီး ဗိုလ်မှူးချုပ် အောင်ယဉ်သည် တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ဖြစ်ခဲ့ပါသည်။ ယခင်က ခင်ညွန့်ထက် ရာထူးနှစ်ဆင့်မြင့်ခဲ့ပြီး ယခု နဝတခေတ်တွင် ခင်ညွန့်ထက် စစ်ရာထူး နှစ်ဆင့်နိမ့်ကျကျန်နေရစ်ခဲ့သည်မှာ တရားရစရာ။

ယခုလည်း နဝတများသည် နောင်အနာဂတ် ကာလအတွက် နိုင်ငံတော် အခြေခံမှုများကို အတင်းရိုက်၍ "ဒေါ်စုပုဒ်မနှင့် ငြိစွန်းသူများအား လူထုကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခွင့် မရနိုင်အောင်" ရေးဆွဲနေကြပါသည်။ မဆလခေတ်တွင် အဘိုးအဘွား မိဘနှစ်ပါးနှင့် ကိုယ်ကိုယ်တိုင် မြန်မာနိုင်ငံသား (Three Generation) ဖြစ်ပါမှ လူထုကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံခွင့် ရှိသည်ဟု ပြဋ္ဌာန်းခဲ့ကြပါသည်။ ယင်း ဥပဒေ အင်္ဂါရပ်နှင့် မညီညွတ်သော သတ္တုတွင်းဝန်ကြီး ဒေါက်တာ ညီညီနှင့် နိုင်ငံခြားရေး ဒုတိယဝန်ကြီး ဦးဝင်းတို့သည် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ကြရပြီး ဝန်ကြီးရာထူးများလည်း လက်လွှတ်ခဲ့ကြရပါသည်။

အဆိုပါ ဥပဒေအင်္ဂါနှင့် ငြိစွန်းသူများကို စိုးရိမ်နေသော ဦးနေဝင်းက မန္တလေး နန်းတော်၌ ကျင်းပသော တပ်တွင်း အစည်းအဝေးတစ်ခုတွင် သမ္မတကြီး ဗိုလ်ချုပ်ကြီး စန်းယုအား "ဟေ့ စန်းယု၊ မင်းတရုတ်မဟုတ်လား"ဟု မေးမြန်းခဲ့ပါသည်။ ဦးစန်းယုက လူပုံအလယ်တွင် အမေးခံရ၍ လန့်ဖြတ်သွားပြီး "ကျွန်တော် တရုတ် မဟုတ်ပါဘူး။

ဘုန်းတော်မိန်းမကသာ တရုတ်စပ်တာပါ''ဟု ပြန်ဖြေကြားကြောင်း ဆေလပါတီမှ တာဝန်ရှိသူများထံမှ ကြားသိခဲ့ရဖူးပါသည်။

ဦးနေဝင်း၏ နိုင်ငံရေး ပရိယာယ်မှာ ''စန်းယု တရုတ် မဟုတ် သူ့င် ရှမောင် (နေဝင်း)လည်း တရုတ်မဟုတ်'' ဤ ပြဿနာ (မျိုးသုံး ဆက် နိုင်ငံသား)ကို ဆက်လက်၍ အမြစ်မလှန်ကြရန် အလိမ်အမာနှင့် ဘန့်တားလိုက်ခြင်းပင် ဖြစ်ပါသည်။ သို့မဟုတ်ပါက သူလည်း ထိုဥပဒေ အင်္ဂါရပ်နှင့် ငြိစွန်းသွားပြီး တခြား မဆလ စစ်ဗိုလ်များပါ ထိုဥပဒေ နှင့် ငြိစွန်းသွားက အားလုံး အလုပ်လက်မဲ့ဘဝ ရောက်ကုန်နိုင်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြရသော် ယနေ့ နဝတ၏ နိုင်ငံရေး ဦးတည် ချက် ၄ ရပ်ထဲတွင်လည်း ...

- နိုင်ငံတော် တည်ငြိမ်ရေး
- ရပ်ရွာအေးချမ်းသာယာရေးနှင့်
- တရားဥပဒေ စိုးမိုးရေး

သည်ဖြင့် ပထမဆုံး ဖော်ပြသည့် ဦးတည်ချက်၏ တတိယ စာပိုဒ် တွင်သာ တရားဥပဒေ စိုးမိုးရေးကိစ္စကို ဖော်ပြထားသည်ကို သုံးသပ် သင်ခြင် ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံတွင် တရားဥပဒေ စိုးမိုးမည်ကို အကြောက်ရွံ့ဆုံးသည့် စစ်ဓားပြ ဖြန်ပေးသမားများသာ ဖြစ်ကြောင်း ထင်ရှားလှပါသည်။

ဥပဒေရှေ့မှောက်တွင် အားလုံး အညီအမျှ ဖြစ်ရမည်။ (Equality before the law) ကို မလိုလားဆုံးသော သူများသည် အသိပညာ၊ အတတ်ပညာ မရှိသော၊ တပ်မတော်တစ်ခုလုံးကို ခုတုံးလုပ်နေသော သားဝ မယားဝ မဆလ ဟောင်းများနှင့် နဝတ စစ်အာဏာရှင် လက်သစ် များသာ ဖြစ်သည်မှာ ယုံတမ်းစကား မဟုတ်ပါ။ အထက်ပါ လက်တွေ့ ဖြစ်ရပ်များကို ဓမ္မဓိဋ္ဌာန်ကျကျ လေ့လာပါက သိသာထင်ရှားလွန်းလှပါ သည်။

ညောင်ဦးမြို့က ကမ်းပါးပြို၍ ရာဇဂြိုဟ်မြို့က နွားမကြီး ခေါင် ကျိုးသည့် စကားပုံကဲ့သို့ ဒေါ်စုပဒ်မနှင့် ငြိစွန်း၍ သောကမီး လောင်မြိုက်

ခံနေရသူများ လွတ်မြောက်ကြစေကြောင်းနှင့် မြန်မာပြည်သူ အပေါင်းတို့သည်လည်း သောက်မြင်ကပ် ပုဒ်မများနှင့် မငြိစွန်းနိုင်သော လူမှုအခွင့်အရေး အပြည့်အဝရှိသော ဒီမိုကရေစီ နိုင်ငံတော်၏ အသီးအပွင့်များကို ခံစားနိုင်ကြပါစေကြောင်း မေတ္တာမွန်ဖြင့် ရေးသားတင်ပြအပ်ပါသည်။

ဒေါက်ပြိုင်ဂျာနယ်၊ အမှတ် ၃၇၊ နိုဝင်ဘာလ၊ ၁၉၉၅ ခုနှစ်။

✣

## ဝက်ခေါင်းသုပ် ဒပလိုမေစီ အလိုမရှိ

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် လန်ဒန်မြို့ရှိ စစ်မားပြများ၏ ဒလန် မြန်မာသံရုံးရှေ့၌ ဒီမိုကရေစီ ဘက်တော်သားများက "၇ ရက် ဇူလိုင် မမေ့နိုင်"သည့် အထိမ်းအမှတ်အဖြစ် ဆန္ဒပြလျက်ရှိနေခဲ့ကြပါသည်။ စာရေးသူ ရောက်ရှိသွားသည့် အချိန်တွင် မိတ်ဆွေတစ်ဦးက "**ဝက်ခေါင်းသုပ် ဒပလိုမာစီ အလိုမရှိ**" ဆိုသော လက်ကိုင်ပိုစတာကို သံရုံးထဲမှ စစ်ခွေးနောက်လိုက် တစ်ဦးက အင်္ဂလိပ် ပုလိပ်များထံ တယ်လီဖုန်းဆက် တိုင်ကြား၍ ပုလိပ်အရာရှိများ လာရောက်ပြီး ယင်းပိုစတာကို မထောင်ရန် ပိတ်ပင်သွားကြောင်း ပြောပြပါသည်။ ဆန္ဒပြသူများထဲမှ ပညာရှင်တစ်ဦးက ဝက်ခေါင်းသုပ်၏ အဓိပ္ပာယ်မှာ အရောအနှော အရှုပ်အထွေးဖြစ်ကြောင်းကို ပုလိပ်များအား ရေရေလည်လည် ရှင်းပြလိုက်သော်လည်း ဗြိတိန်နိုင်ငံ၏ စည်းကမ်းစည်းမျဉ်းများအရ ပိုစတာများကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားထားရမည်ဟူသော ကန့်သတ်ချက်ဖြင့် ပိတ်ပင်သွားဟန် ရှိပါသည်။

မြန်မာများသည် ဝက်ခေါင်းသုပ်၊ ခေါက်ဆွဲသုပ်၊ လက်ဖက်သုပ်၊ ဂျင်းသုပ် စသည့် အသုပ်စုံများကို ခံတွင်းတွေ့ကြသော်လည်း စစ်ခားပြများ၏ "ငါတို့ ကုလားထိုင်ပေါ်က မဆင်းရရင်ပြီးရော" ဆိုသည့် သဘောဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များထဲမှ မရွေးချယ်ဘဲ ဆွဲခန့်စစ်ဗိုလ်များ ပါဝင်မည့် အင်ဒိုနီးရှားနိုင်ငံ ပုံစံမျိုးဖြစ်သော အရောရောအနှောနှော ဝက်ခေါင်းသုပ် ဒပလိုမေစီများကို ကျင့်သုံးလိုက်ခြင်းကြောင့်

အလွန် အောနုလုံးနာလျက် ရှိကြ၍သာ ယင်းပိုစတာကို ထောင်ပြီး ကြွေးကြော်ကြခြင်းပင် ဖြစ်ပါသည်။

ဒပလိုမေစီ (Diplomacy) ဆိုသည့် အင်္ဂလိပ် စကားလုံးသည် မူရင်း ဂရိဘာသာစကား ဒပလိုမာတာ (Diplomata) မှ အင်္ဂလိပ် မှုပြုခဲ့ခြင်း ဖြစ်ပါသည်။ ဒပလိုမာတာ၏ မူရင်းအဓိပ္ပာယ်မှာ စာရွက် စာတမ်း၊ မှတ်တမ်းမှတ်ရာများကို ခေါက်ချိုးခြင်း (Folded documents) ပင် ဖြစ်ပါသည်။ ယနေ့ မြန်မာလူငယ်များ ပြောဆိုနေကြသည့် 'ခေါက်ရိုးကျိုး' သွားခြင်းမျိုးပင် ဖြစ်ပါသည်။

ဂရိဘာသာစကား အချို့အား အင်္ဂလိပ်မှုပြုပြီး ဒပလိုမေစီနှင့် သံတမန်များ (Diplomats) ဆိုသည့် အသုံးအနှုန်းများသည် ၁၈ ရာစု နောက်ပိုင်းတွင် အလွန်တွင်ကျယ်လာခဲ့ပါသည်။ ယင်းကာလမတိုင်မီက သံတမန်များသည် သံတော်ဆင့်၊ စာပေးပို့သူ၊ အဟောအပြောကောင်း သူများ အဖြစ် ကျင်လည်လာ ခဲ့ကြပါသည်။ ဒပလိုမေစီနှင့် ဒပလိုမက် သည် ဆက်စပ်နေသော ဝေါဟာရများပင် ဖြစ်သော်လည်း ဒပလိုမေစီ ကို နိုင်ငံချင်း ဆက်ဆံမှုများတွင် ဒပလိုမက်များသာ ကျင့်သုံးနိုင်ခြင်း မျိုး မဟုတ်ဘဲ သာမန်လူသားတိုင်းပင် နေ့စဉ်နှင့်အမျှ စားဝတ်နေရေး တိုးတက်မှုနှင့် အသက်ရှင်မှု၊ ငြိမ်းချမ်းသာယာမှုအတွက် လူသား အချင်းချင်း ပေါင်းသင်းဆက်ဆံရာတွင် လိမ်မာပါးနပ်မှု ပရိယာယ်အဖြစ် ကျင့်သုံးလျက် ရှိနေကြပါသည်။

ဒပလိုမေစီကို နိုင်ငံအလိုက်၊ ပုဂ္ဂိုလ်အလိုက်၊ အကြောင်းအရာ အလိုက် ခေါ်ဝေါ်ပြောဆိုလျက်ရှိကြပါသည်။ ဥပမာအားဖြင့် ရုရှား ဒပလို မေစီ၊ စတာလင် ဒပလိုမေစီ၊ အာဏာပါဝါ ချိန်ဆသည့် ဒပလိုမေစီ (Balance of power diplomacy)၊ အစလိုက် အပိုင်းလိုက် ကျင့်သုံး သော ဒပလိုမေစီ (Piecemeal diplomacy) နှင့် ဝက်ခေါင်းသုပ် ဒပလိုမေစီ (Mixture or Misup diplomacy) စသည်များပင် ဖြစ်ပါ သည်။ ကောက်ကျစ်စဉ်းလဲမှုများကို အထူးရှောင်ရှားရပါမည်။ အလိမ် အညာ အလှည့်အပတ်များသည် စာရွက်စာတမ်းများကဲ့သို့ ခေါက်ရိုး

ကြိုးသွားပါက တစ်သက်တာပင် ပြန်ဆန့်၍ မရတော့ဘဲ "ဒီလူတော့ ဒုလိမ်အဖြစ် ခေါက်ရိုးကျိုးနေပါပြီ" ဟု အများတကာ ပြစ်တင် ပြောဆိုမှု ကို ခံကြရတော့မည်ပင် ဖြစ်ပါသည်။ ဥပမာအားဖြင့် ဦးနေဝင်းသည် ဒုလိမ် လူညစ်အဖြစ်လည်းကောင်း၊ နဝတ စစ်ဗိုလ်များသည် ရွေး ကောက်ပွဲလုပ်ပြီး ကိုယ့်ရွေးကောက်ပွဲကို ကိုယ် အသိအမှတ် မပြုသည့် ဒုလိမ် လူညာများအဖြစ်လည်းကောင်း အလှည့်အပတ်သည် ယနေ့အထိ ပင် အဆုံးမသတ်နိုင်သေးဘဲ ရှိနေပြန်ပါသည်။ ၁၉၉၀ ပြည့်နှစ် ရွေး ကောက်ပွဲတွင် ၎င်း၏ မဆလ တစ်ဖြစ်လဲ တစည များ မရှုမလှ အရေးနိမ့် သွားသည့် အခါတွင် အလျှော့မပေးသေးဘဲ မြန်မာနိုင်ငံတော်အား အင်ဒို နီးရှား နိုင်ငံကဲ့သို့ စစ်ဗိုလ်များ သမ္မတက ထာဝရ အုပ်ချုပ်နိုင်ရန် အတွက် အမျိုးသား ညီလာခံတစ်ရပ်ကို ကျင်းပနိုင်းပြီး စစ်ဗိုလ်များ သာ အုပ်ချုပ်မင်းလုပ်မည့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ အတု အယောင်ကို ငွေကုန်ကြေးကျခံပြီး ရေးဆွဲခိုင်းနေပြန်ပါသည်။

မြန်မာနိုင်ငံ စစ်အာဏာရှင်တို့၏ အမေကြီး ဦးနေဝင်းသည် အရော အနှော ဝက်ခေါင်းသုပ် ဒပလိုမေစီကို အလွန်ကြိုက်သူ ဖြစ်ပါသည်။ ကားလ်မာ့စ်၏ ရုပ်ဝါဒကိုပင် ကိုယ်စိတ်နှစ်ပါး သာယာဝပြောမည့် လူနှင့် ဘာသာဝန်းကျင်တို့၏ "အညမည" ဝက်ခေါင်းသုပ်အဖြစ် ပြည်သူအပေါင်း တို့အား ချကျွေးလိုက်ရာ "မြန်မာများသည် ရုပ်လည်းဆင်းရဲ၊ စိတ်လည်း ဆင်းရဲပြီး မြန်မာသည် ကမ္ဘာတွင် အဆင်းရဲဆုံး လူမွဲဘဝ" သို့ ကျရောက် သွားခဲ့ပါသည်။

လူသာလျှင် ပဓာနဆိုသည့် မဆလတို့၏ ဒပလိုမေစီ လှည့်ကွက် သည် လက်တွေ့တွင် စစ်ဗိုလ်များသာ ထာဝရ အုပ်စိုးသူ အရှင်သခင် များ ဖြစ်ခဲ့၊ ဖြစ်ဆဲ ဖြစ်သည်ကို အများတကာ နားလည်သဘောပေါက် သွားပြီး ဖြစ်ပါသည်။

ယခုတဖန် လောကပါလတရား အတုအယောင် တရားမျှတမှု၊ ဒွတ်လပ်မှုနှင့် လူသားအချင်းချင်း တန်းတူရည်တူ ရှိမှုဆိုသည့် အလိမ် အညာ ဒပလိုမေစီသုံးပြီး အကောင်းဆုံးလုပ်ငန်း၊ အကောင်းဆုံး မြေကွက်၊

အကောင်းဆုံး ရာထူးများကို နဝတ စစ်ဗိုလ်ဆိုးများနှင့် ဦးနေဝင်း၏ သမီးများက ဆုပ်ကိုင်ထားပြန်ပါသည်။

မြန်မာသမိုင်း၌ မကြုံစဖူး သေနတ်သံများ တိတ်ဆိတ်ငြိမ်သက်သွားခဲ့ပြီ ဆိုသည့် နဝတအောက်ဆွဲ နိုင်ငံခြားရေး ဝန်ကြီး အုန်းကျော် အနေဖြင့် ၄၉ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် လိမ်ညာရာ၌ မဖုံးမကွယ်နိုင်ဘဲ မသမာသူများကို တိုက်ခိုက်နှိမ်နင်းတဲ့ နေရာမှာ ရက်သတ္တပတ် ၄ ပတ်အတွင်း အသက်ပေါင်း၊ သွေးပေါင်း ၁၉၀ ကျော် စတေးခဲ့ရပြီး၊ တပ်သားပေါင်း ၃၅၀ ကျော်ဒဏ်ရာရခဲ့ပါသတဲ့။ အုန်းကျော်သည် နဝတ စစ်ဓားပြများအတွက် တစ်ဖက်စောင်းနင်း (Single Minded) လိမ်ညာလှည့်ပတ် ပြောဆိုနေရသည့် သံဆိုး တမန်ဆိုး တစ်ဦး ပင် ဖြစ်နေပါသည်။ မြန်မာနိုင်ငံတွင် အင်ဒိုနီးရှား နိုင်ငံကဲ့သို့ စစ်ဗိုလ်များ ထာဝရ အုပ်ချုပ်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲနေစဉ်မှာပင် အင်ဒိုနီးရှားသမ္မတ ဆူဟာတို၏ သမီးကြီး သန်းကြွယ်သူဌေး မစ္စစီတီ ဟာဒီ ယန္တီရုစ်မာန(ဝါ) ငယ်နာမည် မစ္စတူတွတ် (Tutut) နှင့် သမ္မတကြီး ဦးနေဝင်း၏ သမီးကြီး ဒေါက်တာဗိုလ်မှူးဟောင်း ခင်စန္ဒာဝင်းတို့သည် အဖေ့အရှိန်အဝါကို အလွဲသုံးစားပြုပြီး အမြတ်အစွန်းကောင်းသည့် လုပ်ငန်းဟူသမျှကို မောင်ပိုင်စီးထားကြပြီး ဖြစ်ပါသည်။

မစ္စတူတွက်သည် တယ်လီဗေးရှင်း ကုမ္ပဏီ၊ ဒေါ်လာသန်းပေါင်း လေးရာကျော်တန် ပျော်ဖတ်နှင့် စက္ကူလုပ်ငန်းစက်ရုံ အပါအဝင် လုပ်ငန်းပေါင်း မြောက်များစွာကို အဖေ့အရှိန်အဝါဖြင့် ပိုင်ဆိုင်ထားသည့်အပြင် ယခု လောလောဆယ်တွင် ဂျာကာတာမြို့မှ ဘန်ဒေါင်းမြို့သို့ ဖောက်နေသည့် အင်္ဂလိပ်အစိုးရ အကူအညီပေးသော စတာလင်ပေါင် တစ်ဆယ်ခြောက်သန်းတန် လမ်းမကြီးကိုလည်း သူမပင် ကန်ထရိုက် ရရှိထားပါသည်ဟု လန်ဒန်မြို့ထုတ် ၁၅-၉-၉၄ နေ့ထုတ် တိုင်းမ် သတင်းစာနှင့် Asiaweek, Sept.14, 1994 အသီးသီးတွင် ဖတ်ရှုရပါသည်။

စန္ဒာဝင်းနှင့် ခင်မွန်းအေးဇော်ဝင်း (အေးဇော်ဝင်းသည် ဦးနေဝင်း၏ ဝေယျာဝစ္စများကို အကုန်လုပ်ပေးပြီး အမြဲကပ်ဖားနေသူဖြစ်၍ သူ့အား

အခြားသားသမီးများနှင့် သားမက်များက ဖေဖေဟု ခေါ်ကြပါသည်။) ၎င်းသည် နဝတ ဈေးကွက်စီးပွားရေးတွင် အခွင့်ထူးခံများ ဖြစ်လာကြပါသည်။ ပထမဆုံး အကျိုးဆောင် ကုန်သွယ်ရေး အကြံပြုအဖွဲ့ လီမိတက်ကို ထူထောင်ပြီး မြန်မာနိုင်ငံသို့ လာရောက်နေထိုင်သော ရေနံတူးဖော်သူများအား အိမ်ငှားစားပြီး ပြည်တန်ဆာ ရှာပေးသည့်အလုပ် အပါအဝင် အားလုံးကို အကျိုးဆောင်သည်ဟု မြန်မာ့သုတေသီများ၏ အရေးအသားကို ဖတ်ရှုရဖူးပါသည်။

၁၉၉၃ ခုနှစ်အတွင်းက စန္ဒာဝင်း၏ လက်ဝေခံ ကန်ထရိုက်တာ တစ်ဦးသည် လန်ဒန်မြို့သို့ ရောက်ရှိလာပြီး တောင်ငူခရိုင်တွင် တည်ဆောက်မည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းစက်ရုံ တည်ဆောက်ရေးအတွက် အနောက်နိုင်ငံများမှ လုပ်ငန်းကဏ္ဍ အသီးသီးတွင် အရင်းအနှီး မြှုပ်နှံလိုသူများကို ရှာဖွေနေကြောင်း ကြားသိလိုက်ရပါသည်။

နောက်ပိုင်းတွင် ယင်းလုပ်ငန်းအား အနောက်အုပ်စုမှ အကူအညီမရ၍ တရုတ်နိုင်ငံမှ ချေးငွေ ဒေါ်လာသန်းငါးရာနှင့် တည်ဆောက်မည်ဟု ကြားသိရပါသည်။ စန္ဒာဝင်းသည် မိုလ်မှူးရာထူးကို စွန့်လွှတ်ပြီး အကုန်သယ်မည့် ကုန်သည်ဘဝဖြင့် တစ်စခန်းထလျက် နဝရတ်ဟော်တယ်၊ လေဆိပ်ရှိ အကောက်လွတ် ကုန်တိုက်အပါအဝင် လေကြောင်းကုမ္ပဏီများနှင့် ဆောက်လုပ်ရေး လုပ်ငန်းကြီးများကို မောင်ပိုင်စီးထားလျက် ရှိနေပြန်ပါသည်။

ယခု စန္ဒာဝင်း လုပ်ငန်းများသည် အရင်းမစိုက်ဘဲ လေ့ထိုးလိုက်နေခြင်းမျှသာ ဖြစ်နေပါသည်။ ဦးနေဝင်း ခိုးဝှက် စုဆောင်းထားသမျှ နိုင်ငံခြားငွေများကို ဆယ်ရာနိုင်နှုန်းခန့်မျှပင် စန္ဒာဝင်းအနေဖြင့် မြန်မာပြည်တွင် အရင်းအနှီး မမြှုပ်နှံရဲသေးကြောင်း ကြားသိရပြန်ပါသည်။

၁၉၈၆ ခုနှစ်ခန့်က ဦးနေဝင်း၏ လူယုံတော်တပည့်ကြီး စက်မှုဝန်ကြီး မောင်ချိုနှင့် အဆင်မပြေသော အင်ဂျင်နီယာကြီးတစ်ဦးက စာရေးသူအား ပြောပြခဲ့ဖူးသည်မှာ “မြန်မာနိုင်ငံတွင် အမေရိကန်ဒေါ်လာသန်းနှစ်ရာကျော်တန် အကြီးစား စက်မှုလက်မှု စက်ရုံကြီး လေးခု

အတွက် သန်းပေါင်းရှစ်ရာကျော် အစအန ပျောက်နေတယ်။ မောင်ချို ကလည်း ကြောက်ကြောက်နဲ့ လက်မှတ်ထိုးပေးနေရတာပေါ့။ တိုင်းပြည် ကြီးတော့ ဒုက္ခပါပဲ”ဟူသည်များပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မဆလခေတ်တွင် အမေရိကန်ဒေါ်လာ သန်း ပေါင်းလေးထောင်ကျော် အကြွေးတင်သွားခဲ့သည်ကို ကမ္ဘာ့ပြည်သူ တစ်ရပ်လုံး အသိပင် ဖြစ်ပါသည်။ မည်သူ မည်မျှ ခိုးဝှက်ထားသည် ကိုလည်း ပြည်သူများ အာဏာစိုးပိုင်သည့် ဒီမိုကရေစီခေတ် ရောက်မှ သာ အစပေါ်လာနိုင်ပါလိမ့်မည်။

ယနေ့ မျက်မှောက်ကာလတွင် ဦးနေဝင်း၏ ဩဇာအာဏာစက် သည် မြန်မာနိုင်ငံတွင်သာမကဘဲ ဒေါ်လာတန်ဖိုးကြောင့် စင်ကာပူ နိုင်ငံအထိ ပြန့်နှံ့နေပြန်ပါသည်။ ၁၆-၈-၉၄ ရက်နေ့၌ စင်ကာပူမှ ရန်ကုန်မြို့သို့ ပျံသန်းသည့် လေယာဉ်ပျံတွင် ဦးနေဝင်း သမီးများ စီးနင်း လိုက်ပါလာ၍ မြန်မာခရီးသည်များသည် မည်သူတစ်ဦးတစ်ယောက်မျှ လေယာဉ်ကုမ္ပဏီမှပေးသော အခွင့်အရေးဖြစ်သည့် ဆယ်ပေါင်ထက်သေး သော လက်ဆွဲအိတ်ကိုပင် ကိုင်ဆောင်ခွင့် မပြုကြောင်း၊ လေယာဉ်ပေါ် သို့ ဗလာလက်ဖြင့် တက်ခဲ့ရကြောင်း၊ ဦးနေဝင်း၏ သမီးများကို လုပ်ကြံ မှာ စိုးရိမ်၍ဟု သိရကြောင်းဖြင့် ကိုယ်တွေ့ကြုံခဲ့ရသူ တစ်ဦးထံမှ ကြားသိရ ပြန်ပါသည်။

အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတ ဆူဟာတို၏သမီး မစ္စတုတွတ်သည် သမ္မတက ဆွဲခန့်သည့် ဝန်ကြီးတစ်နေရာကို အချိန်မရွေး ရယူနိုင်သည့် အခြေအနေတွင် ရှိနေပါသည်။

မြန်မာနိုင်ငံတွင်လည်း နဝတများ ရေးဆွဲနေသည့် သမ္မတကိုသာ ရွေးကောက်မည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ အကောင်အထည် ဖော်ပြီးပါက စစ်ဗိုလ်ဟောင်း သမ္မတက ဦးနေဝင်းသမီးကြီး ဗိုလ်မှူးဟောင်း သန်းကြွယ် ကုန်သည်မကြီး စန္ဒာဝင်းအား ဝန်ကြီးတစ်နေရာ၌ ခန့်အပ် ကြဦးမည်မှာ သေချာလှပါသည်။

ဦးနေဝင်း၏ ဝက်ခေါင်းသုတ် ဒပလိုမေစီသာ အောင်မြင်ပါက စစ်ဗိုလ်ဟောင်း ဒေါ်စန္ဒာဝင်းသည် နောက်ဆယ်နှစ်ခန့်တွင် သမ္မတရာထူးကို ရယူပါလိမ့်မည်။

ထို့အပြင် ဦးနေဝင်း၏ အချစ်ဆုံးမြေးကလေး ဒေါ်စန္ဒာဝင်း၏ သား 'အေးနေဝင်း'တစ်ယောက်ကိုလည်း မြန်မာ့နိုင်ငံရေး ဇာတ်ခုံတွင် အမွေဆက်ခံရန်အတွက် အကွက်စေ့စေ့ ကြံစည်အားထုတ်နေပြန်ပါသည်။

ဦးနေဝင်းနှင့် စစ်ဗိုလ်သူခိုးများ၊ စစ်ဗိုလ်သူခိုးများနှင့် ဦးနေဝင်း၏ သမီး စန္ဒာဝင်း၊ သူခိုးနှင့် စစ်ဗိုလ်၊ စစ်ဗိုလ်နှင့် သူခိုးများသည် ဝက်ခေါင်းသုတ်ကဲ့သို့ပင် အရောရော အနှောနှော အညမည ဖြစ်လွန်းလှပါသည်။

ပြည်သူများအနေဖြင့် အထက်ပါ ဖြစ်ရပ်များကို သုံးသပ်ပြီး နဝတ ရေးဆွဲနေသည့် အခြေခံ ဥပဒေကို ဆန့်ကျင်နိုင်ကြမှသာ ဦးနေဝင်းနှင့် စစ်ဗိုလ်သူခိုးများ၏ သားစဉ်မြေးဆက် အုပ်ချုပ်မည့် အာဏာရှင် စနစ်အောက်မှ လွတ်မြောက်နိုင်ပါလိမ့်မည်။

စာရေးသူနှင့် လန်ဒန်မြို့ ဒီမိုကရေစီ ရဲဘော်များ အနေဖြင့် "ဝက်ခေါင်းသုတ် ဒပလိုမေစီ အလိုမရှိ" 'အလိုမရှိ'ဟု အသက်နှင့် ခန္ဓာမြဲနေသမျှ ကြွေးကြော်ဆန္ဒပြနေမည် ဖြစ်ပါသည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၃၀၊ ဒီဇင်ဘာလ၊ ၁၉၉၅ ခုနှစ်။

✣

## ပြည်သူ့ရင်ခွင်သို့ ပြေးဝင်လှည့်ပါတော့ ဗိုလ်မောင်အေးရယ်

မြန်မာစစ်အာဏာရှင်များ၏ အဖေကြီး ဦးနေဝင်းသည် ဓာတ်ဆရာ ဒါရိုက်တာကြီး တစ်ဦးနှင့် မခြားနားဘဲ ၄င်း၏ စစ်အာဏာရှင် စနစ် သက်ဆိုးရှည်စေရေးအတွက် '၀၀၉ စစ်အာဏာရှင်'ဓာတ်လမ်းများတွင် မင်းသားနှင့် လူကြမ်းများကို ထိထိမိမိ သရုပ်ဆောင်နိုင်းလေ့ ရှိပါသည်။

မင်းသား သရုပ်ဆောင်ကောင်း၍ အကယ်ဒမီဆု ရရှိလျှင်လည်း ဒါရိုက်တာ ဦးနေဝင်းသာ ခံစားရပြီး လူကြမ်းဓာတ်ပို့ကောင်း၍ အကယ် ဒမီဆု ရရှိပြန်လျှင်လည်း ဒါရိုက်တာ ဦးနေဝင်းအတွက်ပင် ဖြစ်ပါသည်။

မြန်မာနိုင်ငံရေးသမား အများစုသည် ဒါရိုက်တာ ဦးနေဝင်း၏ လူကြမ်းဖြစ်သော ထောက်လှမ်းရေး ဗိုလ်မှူးချုပ် တင်ဦး၏ နည်းမျိုး စုံဖြင့် နှိပ်စက်မှုများကို နဖူးတွေ့ ဒူးတွေ့ ခံစားခဲ့ကြရပါသည်။ စာရေးသူ ၏ မိတ်ဆွေတစ်ဦးအား ၄င်း၏ ဦးခေါင်းကို မလှုပ်မရှားနိုင်အောင် သံကွင်းစွပ်၍ တိုင်မှာ တုတ်နှောင်ထားပြီး ဦးခေါင်းတည့်တည့်ရှိ ရေအိုး မှ ရေစက်တစ်စက်စီ တစ်စက်စီ ဦးနှောက်တည့်တည့်သို့ ဆယ်စက္ကန့် တစ်ကြိမ်ကျ ယိုကျစေသည့်နည်းဖြင့် နှိပ်စက်ခဲ့ပါသည်။

ယင်းအချိန်ကာလတွင် ဒါရိုက်တာ ဦးနေဝင်း၏ မင်းသားချောက လက်ညှိုးထောင် ခေါင်းညိတ် လက်ပိုက်ရုံသာ သရုပ်ဆောင်ရသော ဗိုလ်ချုပ်ကြီး စန်းယုပင် ဖြစ်ပါသည်။

နောက်ပိုင်းတွင် မျက်မှန်ကိုယ်တော်လေး ထောက်လှမ်းရေး တင်ဦးအား စာတ်လိုက်မင်းသားအဖြစ် မဆလပါတီ၏ တွဲဖက်ကြီး (တွဲဖက်အထွေထွေ အတွင်းရေးမှူး) နေရာသို့ ပို့ပေးခဲ့ပါသည်။

စာရေးသူ ကိုယ်တွေ့ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားတစ်ခုတွင် အခမ်းအနားမှူးက နိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် မဆလပါတီ အထွေထွေအတွင်း ရေးမှူးချုပ် ဗိုလ်ချုပ်ကြီးအေးကိုက ပထမရသူအား ဆုပေးပါလိမ့်မည်ဟု ကြေညာရာတွင် သတင်းထောက်တစ်ဦး နှစ်ဦးခန့်သာထ၍ ဓာတ်ပုံရိုက်ကြပါသည်။

တွဲဖက်ကြီး ဗိုလ်မှူးချုပ် တင်ဦး ဆုပေးပါလိမ့်မည်ဟု ကြေညာလိုက်ရာတွင် သတင်းထောက်များ၊ ရုပ်မြင်သံကြား ရိုက်ကူးသူများသည် ဗိုလ်မှူးချုပ် တင်ဦးအား မီးမောင်းထိုးပြီး တဖျတ်ဖျတ် ရိုက်ကူးကြပြီး ပရိတ်သတ်ကြီး၏ လက်ခုပ် ဩဘာသံများလည်း ဆူညံသွားပါသည်။

ဗိုလ်မှူးချုပ် တင်ဦးသည် ဗိုလ်ချုပ်ကြီး အေးကိုထက် ရာထူးရော တာဝန်ပါ ငယ်ပင်ငယ်ငြားသော်လည်း ဒါရိုက်တာ ဦးနေဝင်း၏ အမိကစာတ်လိုက်မင်းသား ဖြစ်နေပြီး အစိုးရ ဌာနပေါင်းစုံတွင်လည်း ဗိုလ်မှူးချုပ် တင်ဦး၏ တပည့် ထောက်လှမ်းရေး စစ်ဗိုလ်များက အကောင်ကြီးများ ဖြစ်နေကြကာ ၎င်းတို့၏ ဆရာကြီး ဗိုလ်မှူးချုပ် တင်ဦးအားဖော်လန်ဖားကြခြင်းသည် တစ်ဖက်လူ ဗိုလ်ချုပ်ကြီး အေးကိုအား လူပုံအလယ်တွင် အရှက်တကွဲ အကျိုးနည်း ဖြစ်စေခဲ့ပါသည်။

ပထမဆု ရရှိသည့် ဗိုလ်ချုပ်ထွန်းရီ၏ မျက်နှာတွင်လည်း မကျေနပ်သည့် အရိပ်အယောင်များ လွှမ်းမိုးလျက် ရှိနေပြန်ပါသည်။

ထောက်လှမ်းရေး တင်ဦး၏ စရိုက်သည်လည်း လူကြမ်းဘဝမှ မင်းသားဖြစ်လာသူပီပီ တောသူကြီးသားကဲ့သို့ နေရာတကာတွင် နောက်လိုက်တပည့် အားကိုးဖြင့် လူတွင်ကျယ် လုပ်ခဲ့သည့် စာတ်လမ်းမှ အစပြုပြီး ဗိုလ်ချုပ်ထွန်းရီနှင့် ခြေမြန်တပ်ရင်းမှ စစ်ဗိုလ်များက ထချကြ

မှ ဒါရိုက်တာ ဦးနေဝင်းသည် ၄င်း၏ တူသားကဲ့သို့ ခင်မင်သော ဓာတ်လိုက်ကြီး တင်ဦးအား ဗျားဂေဟာ အမှုများဆင်ပြီး ထောင်သွင်း အကျဉ်းချလိုက်ရပါသည်။

ယခု နဝတခေတ်တွင် ဒါရိုက်တာ ဦးနေဝင်း၏ ၀၀၉ ဓာတ်ကား များတွင် လူကြမ်းဗိုလ်ချုပ် စောမောင်အား ဖြတ်ချပြီး မင်းသားဗိုလ်ချုပ် သန်းရွှေအား မခုပ်တတ်သော ကြောင်သူတော်အဖြစ် သရုပ်ဆောင်စေ ကာ ဗိုလ်ချုပ်စောမောင်ခေတ်တွင် ဖမ်းဆီးထားသော နိုင်ငံရေးသမား အချို့တဝက်ကို လွှတ်ပေး၍ လူသာပြောင်းပြီး မူမပြောင်းသော စစ် အာဏာရှင် ဓာတ်လမ်းများကို တွေ့မြင်နိုင်ပေသည်။

ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံကြီးတွင်လည်း လူကြမ်း မိုးသွင်နှင့် ဓာတ်လိုက် ဒေါက်တာမောင်မောင်တို့အား တစ်လှည့်စီ ပွဲထုတ် သော်လည်း လူထုကြီးက လုံးဝလက်မခံကြ၍ ဦးနေဝင်း၏ ဓာတ်လမ်း များ ပျက်စီးသွားခဲ့ရပါသည်။

ယခုတစ်ဖန် ဓာတ်ဆရာကြီး ဦးနေဝင်းနှင့် ၄င်း၏ အစုရှယ်ယာ ဝင်များဖြစ်သည့် မဆလ၊ တစညနှင့် နဝတများက ဓာတ်လိုက် အသစ် ဗိုလ်ချုပ်ကြီး မောင်အေးအား ဒီအကောင်ကလေးက နာမည်နဲ့ လိုက် အောင် အေးတဲ့ကောင်လေး၊ မောင်အေးတက်လာရင် တိုင်းပြည်တော့ အေးအေးဆေးဆေး ဖြစ်လာမှာပါပဲဟု မြွေအရေခွံလဲသည့် ဓာတ်လမ်း ကို ပြန်စနေကြပြန်ပါသည်။ မင်းသားမလုပ်ရ၍ ပတ်မ ထိုးဖောက်ကြ သည့် ဗိုလ်ချုပ်ခင်ညွန့်နှင့် ၄င်း၏ စစ်ထောက်လှမ်းရေးများ၏ စကား အရ ဆိုပါသော် မြန်မာနိုင်ငံတွင် အချမ်းသာဆုံးသော နဝတ အတွင်း ရေးမှူး ၂ ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးနှင့် ၄င်း၏ ပါတနာ ဗိုလ်ချုပ် ကြီး မောင်အေးတို့ အုပ်စုသာဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ၄-၅ နှစ် အတွင်း စားပွဲတစ်လုံး၊ အလုပ်သမား ၃ ယောက်နှင့် မတည်ခဲ့ပြီး ယခု သန်းပေါင်း နှစ်ထောင်၊ သုံးထောင် ချမ်းသာနေသော ရှမ်းတရုတ် မိန်းမ မေဖလားဝါးဘဏ်ပိုင်ရှင် ဦးကျော်ဝင်း၏ ပါတနာများသည် တင်ဦးအုပ်စုက ဗိုလ်ချုပ်များပင် ဖြစ်ကြောင်း သိခဲ့ရပါသည်။

အရင်းရှင် စီးပွားရေး လောကတွင် ကုန်ထုတ်လုပ်ငန်း တစ်ခုမှ ၁၅ ရာနိုင်နှုန်းထက်ပို၍ အမြတ်အစွန်းထွက်သည်ဆိုပါက အလွန်အရဲစွန့်ရသော၊ အလွန်အန္တရာယ်ကြီးသော လုပ်ငန်းများဖြစ်၍ မှန်မှန်ကန်ကန် စီးပွားရေး သမားများ လက်ရှောင်လေ့ ရှိပါသည်။

နေစီးပွားရေး မဂ္ဂဇင်း ၁၉၉၅ ခုနှစ် အောက်တိုဘာလထုတ်တွင် ပါရှိသော မြန်မာမေဖလားဝါး ဦးကျော်ဝင်း၏ တမုဟုတ်ချင်း ချမ်းသာကြွယ်ဝသည့် ဓာတ်လမ်းကို ဖတ်ရှုရသူများက မြန်မာနိုင်ငံတွင် ခေတ်ပျက်နေပြီး အစိုးရ မရှိသောကြောင့် ခေတ်ပျက်သူဌေးများ ယခုလို ပေါ်ပေါက်နေကြောင်း နှာခေါင်းရှုံ့ကြပါသည်။

မည်သို့ပင် ဆိုစေကာမူ မြန်မာနိုင်ငံ၏ အနာဂတ်အရေးကို ကိုင်တွယ်ဖြေရှင်းရမည့်သူသည် အလွန်အေးသော ဗိုလ်မောင်အေးပင် ဖြစ်ပါသည်။

ဗိုလ်မောင်အေးသည် စစ်အာဏာရှင် ဓာတ်လမ်းမှ ပိုင်ရှင်ဒါရိုက်တာ ဦးနေဝင်း၏ မင်းသားများနှင့် လူကြမ်းများ၏ ဘဝဖြစ်စဉ်များကို ပိတ်ကားပေါ်တွင် ရှုစားပြီး ဖြစ်ပါသည်။

ရိုးသားသော စစ်ဗိုလ်ဟောင်းများသည် ပြည်သူ့သားကောင်း ပီသစွာဖြင့် ပြည်သူ့ရင်ခွင်တွင်းသို့ ပြန်လည်ရောက်ရှိလျက် ရှိနေကြပါသည်။

မင်းသားကြီး ဦးစန်းယုနှင့် လူကြမ်းကြီး ဦးစိန်လွင်တို့သည် ခြံပေါက်ဝတွင် စစ်သားများ အစောင့်အကြပ်ဖြင့် တစ်သက်လုံး ပြည်သူလူထုနှင့် ကင်းကွာလျက်ရှိကာ အိမ်တွင်းပုန်း ငရဲခန်းတွင်ပင် ရှိနေကြပါသည်။

အလွန်အေးသော ဗိုလ်ချုပ်ကြီး မောင်အေးအား ရိုးသားသော စစ်သည်တော်များနှင့်အတူ ပြည်သူ့ရင်ခွင်တွင်းသို့ ပြေးဝင်လှည့်ပါတော့ဟု မေတ္တာမွန်ဖြင့် တိုက်တွန်းလိုက်ရပါသည်။

**Voice of Burm, Issue No.11, December 22, 1995.**

✤

## အမျိုးသားရေးဝါဒကို ကြွေးကြော်ရင်း တရုတ်နီ သံရုံးထဲ ရောက်သွားသော မခင်ဝင်းရွှေ

မြန်မာနိုင်ငံတွင် အလှမယ်များနှင့် အပြိုင်အဆိုင် လှုပ်ရှားမှု မှန်သမျှကို မလွှတ်တမ်း ဓာတ်ပုံမှတ်တမ်း အတင်ခံနေရသော သတင်းကြီးသည့် အတွာမင်းသမီး မခင်ဝင်းရွှေ (တရုတ်နီ သံရုံးအခေါ် မဒန်ခင်ညွန့်)တစ်ယောက် ၁၅-၁၂-၉၅ နေ့ထုတ် ကြေးမုံသတင်းစာ၌ တရုတ်နီ သံရုံး၏ နိုင်ငံရေး ပေါ်လစီ ဟောပြောပွဲတွင် လူမျိုးဂုဏ်သိက္ခာကို မထောက်ဘဲ ရှေ့ဆုံးတန်းမှထိုင်ပြီး နားခံနေရသည့် သတင်းဓာတ်ပုံကို မြင်ရ၍ စာရေးသူရင်ထဲ၌ နိုင်ငံခြားရေး ရုံးဝန်ထမ်းဘဝတွင် အသဲနာခဲ့ရသည့် ဝေဒနာဟောင်းများကို ပြန်လည်ခံစားရပြန်ပါသည်။ "ဝန်ကြီးဆီကို တရုတ်နီ သံအမတ်ကြီး ဒီနေ့မနက် လာတွေ့မလို့တဲ့၊ ခင်ဗျားတို့ ဌာနခွဲတွေမှာ တရုတ်နဲ့ ပတ်သက်ပြီး မပြီးပြတ်သေးတဲ့ ကိစ္စတွေရှိရင် အမြန်ရေးပေးကြပါဦး"ဟု ဝန်ကြီးရုံးခွဲမှ မကြာခဏ အလောသုံးဆယ် အမိန့်ချမှတ်လေ့ရှိ၍ စာရေးသူတို့ ဦးစီးဌာနခွဲမှ ဝန်ထမ်းများသည် တရုတ်ဆိုသောအသံကို ကြားရတိုင်း အော့ကြောလန်ကြပါသည်။

သံတမန် ဆက်ဆံရေး လုပ်ထုံးလုပ်နည်းများတွင် နှစ်နိုင်ငံ တန်းတူရည်တူ ဆက်ဆံမည် ဆိုပါက တရုတ်သံတမန် အနေဖြင့် ၄င်းနှင့် အဆင့်တူသည့် ၄င်းတင်ပြသော ဘာသာရပ်ကို ကိုင်တွယ်သော ဌာနဆိုင်ရာ ညွှန်ကြားရေးမှူး တစ်ဦးဦးအား မည်သည့်ကိစ္စအတွက် မည်သည့်နေ့၊ မည်သည့်အချိန်တွင် လာတွေ့ပါရစေဟု တွေ့ဆုံဆွေးနွေးခွင့် တောင်း

ခံရပါမည်။ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးတွင် အခြား အလုပ်ကိစ္စနှင့် တိုက်ဆိုင်မှု မရှိပါက နိုင်ငံခြား သံအမတ်ကြီးအား ရက်ချိန်းပေးပြီး ကြိုတင်ပြင်ဆင်ခြင်း၊ လက်ခံဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊ သံအမတ်ကြီးက ၎င်းဆွေးနွေးတင်ပြလိုသည့် အချက်အလက်များကို ပြုစုထားသည့် သတင်းလွှာကို ပေးအပ်ပါက လက်ခံခြင်း၊ ပြန်ကြားခြင်းများသည်လည်း လုပ်ငန်း သဘောသဘာဝများ ဖြစ်ပါသည်။

စာရေးသူ မှတ်သားမိသမျှ ဆိုရလျှင် တရုတ်နှင့် မြန်မာ အရေးအခင်းဖြစ်ပွားပြီး ရန်ကုန်စစ်တိုင်းမှူး ဗိုလ်မှူးကြီး လှဖုန်း နိုင်ငံခြားရေးဝန်ကြီး ဖြစ်လာသည့် အချိန်မှ စတင်၍ တရုတ်သံအမတ်ကြီးများသည် ရောင့်တက်လာပြီး မြန်မာနိုင်ငံခြားရေးဝန်ကြီးအား မြို့အုပ်မင်းက သူကြီးမင်းအား ဆက်ဆံပုံမျိုး ဆက်ဆံလာပါသည်။

ဆိုင်းမဆင့် စုံမဆင့်ဘဲ မြို့အုပ်မင်း ကြွလာ၍ သူကြီးများများရသလို တရုတ်သံအမတ်ကြီးက ဝန်ကြီးအား ချက်ချင်း မကြာခဏလာတွေ့၍ ဝန်ကြီးအပါအဝင် ဝန်ထမ်းများသည် မလိုအပ်ဘဲ အလုပ်ရှုပ်ကြရသည်။ ဗိုလ်ကျ ညစာပြ ဆက်ဆံနေသော တရုတ်သံအမတ်အား အော့နှလုံးနာလျက် ရှိကြပါသည်။

တစ်ခါတွင်လည်း ဗိုလ်မှူးချုပ်ဟောင်း ဦးမြင့်မောင်အား တရုတ်ပြည်သို့ သံအမတ်ကြီးအဖြစ် မစေလွှတ်မီ ဝန်ကြီး ဦးလှဖုန်းက ဦးမြင့်မောင်အား ဂုဏ်ပြုညစာစားပွဲ ကျင်းပရာသို့ တရုတ်သံအမတ်ကြီးကိုလည်း ဖိတ်ကြားခဲ့ပါသည်။ သံအမတ်ရေးရာ ဌာနမှ အရာရှိများက ဝါစဉ်အလိုက် ညွှန်သည်တော်များထိုင်မည့် ကုလားထိုင် နေရာရေးဆွဲရာတွင် မြန်မာသံအမတ်ကြီး ဦးမြင့်မောင်အား ဝန်ကြီး၏ ဂုဏ်ပြုခံ ညွှန်သည်တော် ကုလားထိုင် နေရာတွင် ထိုင်စေရန် စီစဉ်ထားသည်ကို ဝန်ကြီးက တရုတ်သံအမတ်ကြီးအား ဂုဏ်ပြုခံ ညွှန်သည်တော် ကုလားထိုင်တွင် ထိုင်စေရန် ပြင်ဆင်လိုက်၍ ဦးမြင့်မောင်အား ဂုဏ်ပြုသည့် ညစာစားပွဲသည် တရုတ်သံအမတ်ကြီးကို ဂုဏ်ပြုသည့် ပုံသဏ္ဌာန် ဖြစ်သွားခဲ့ပါသည်။

ဝန်ကြီးအနေဖြင့် သံတမန် ဓလေ့ထုံးစံများကို အနည်းအကျဉ်း သဘောပေါက်မှားလည်သော်လည်း မဆလ ဝန်ကြီးများက "တရားအား ဘုတ်-တရုတ်အားသား" ရန် အာဏာရှင် အဖေကြီး ဦးနေဝင်း၏ ပေါ်လစီ အရ ဓလေ့ထုံးစံများကို မျက်ကွယ်ပြုကြခြင်းပင် ဖြစ်သည်။

ဝန်ကြီး ဦးလှဖုန်းသည် တရုတ်သံအမတ်ကြီးအား မကြာမကြာ တွေ့ဆုံခွင့်ပေးရသော်လည်း ကမ္ဘာ့အဖွံ့ဖြိုးဆုံး ခုနစ်နိုင်ငံ ဂျီဆဲဗင်းမှ သံအမတ်ကြီး အချို့အား သံတမန် ထုံးတမ်းအစဉ်အလာအရ သံအမတ် ခန့်အပ်လွှာပေးပြီးစတွင် တစ်ကြိမ်တစ်ခါ ဂါဝရ ပြုခံသည့် သဘောဖြင့် တွေ့ဆုံခွင့် တောင်းခံသည်ကိုပင် လက်မခံဘဲ နှာတင်း၍ နေခဲ့ပါသည်။

၁၉၇၆ ခုနှစ်ဝန်းကျင်တွင် မြန်မာနိုင်ငံသည် ဂျီဆဲဗင်း နိုင်ငံများ အား ခယပြီး ချေးငွေအကူအညီများ တောင်းခံခဲ့ရပါသည်။

တစ်နေ့တွင် ဝန်ကြီး ဦးလှဖုန်းအား ဂျီဆဲဗင်း နိုင်ငံများမှ သံ အမတ်ကြီးများကို ဖိတ်ခေါ်၍ တွံတေးရှိ အစိုးရငါးမွေးမြူရေးကန်သို့ လိုက်ပြရန်အတွက် အထက်အရာရှိကြီးများထံမှ အမိန့်ကျလာခဲ့ပါသည်။

ဦးလှဖုန်းက ဂျီဆဲဗင်း နိုင်ငံမှ သံအမတ်ကြီးများအား တွံတေးမြို့ သို့ ခရီးသွားရန် ဖိတ်ခေါ်ရာတွင် အဆိုပါ သံအမတ်ကြီး အချို့က ၎င်းတို့အနေဖြင့် ဝန်ကြီးအား တစ်ကြိမ်တစ်ခါမှ သံတမန် ထုံးတမ်းစဉ်လာ အရ တွေ့ဆုံခွင့် မရရှိသေး၍ ဝန်ကြီးဖိတ်ခေါ်သည့် ခရီးစဉ်အား မလိုက် နိုင်ကြောင်း၊ အကယ်၍ လိုက်စေလိုပါက ခရီးမသွားမီ တစ်နေ့နေ့တွင် ၎င်းတို့ သံအမတ်ကြီးများအား တွေ့ဆုံခွင့် ပေးရမည်ဟု ပြန်နှာတင်း၍ ငါးသာတတ်၊ ငါးသာနပ်သော စစ်ဗိုလ်ဆိုးများ အရှက်ရသွားပြီး တိုင်းပြည် လည်း အချမ်းသာဆုံး နိုင်ငံကြီးများနှင့် ကင်းကွာသထက် ကင်းကွာ သွားခဲ့ကာ တရုတ်ခြေဖဝါးအောက်သို့ ရောက်သထက် ရောက်ရှိခဲ့ပါ သည်။

ထို့အပြင် နဝတခေတ် အမျိုးသားနိုင်ငံရေး လုပ်ဆောင်နေသူဆို သော ဗိုလ်ချုပ်ခင်ညွန့်သည် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် တရုတ်ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီး ဟိုရှန်၏ မစင်ဆေးသော

ဘယ်လက်ကို တွယ်ဖက်၍ နှစ်နိုင်ငံချစ်ကြည်ရေး ပြုလုပ်နေသည့် သတင်းဓာတ်ပုံသည်လည်း နိုင်ငံနှင့် လူမျိုး၏ ဂုဏ်သိက္ခာကို အဆွေ့အမင်း ထိခိုက်နေပြန်ပါသည်။

မြို့အုပ်မင်းရှေ့တွင် လူကြီးမင်း ခွေးလုံးလုံးဖြစ် ဆိုရိုးစကားကဲ့သို့ပင် တရုတ်ကွန်မြူနစ်များရှေ့တွင် ဗမာစစ်ဗိုလ်များ ခွေးလုံးလုံး ဖြစ်နေသည်ကို ကုစားရန် တစ်ခုတည်းသော နည်းလမ်းမှာ စစ်မှန်သော ဒီမိုကရေစီ နိုင်ငံကို အမြန်တည်ဆောက်ပြီး ဖွံ့ဖြိုးတိုးတက်နေသော ဒီမိုကရေစီ နိုင်ငံကြီးများနှင့် တန်းတူရည်တူ မဟာမိတ်ဖွဲ့ပြီး ကုလသမဂ္ဂတွင် ဦးသန့်ခေတ်ကလို နိုင်ငံအများအပြားက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို ယုံကြည်လေးစားလာအောင် ဆောင်ရွက်ရန်မှလွဲ၍ တခြားနည်းလမ်း မရှိတော့ပါကြောင်း မေတ္တာမွန်ဖြင့် ရေးသားတင်ပြအပ်ပါသည်။

**ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၃၉၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ ၁၉၉၆ ခုနှစ်။**

✤

## ဝန်ကြီးကတော်ပုံပြင်

ဆိုရှယ်လစ်ခေတ် နှောင်းချိန်တွင် ဝင်ဒါမီယာအရပ်၌ ရှိလေသော အသစ်စက်စက် ဝန်ကြီးရာထူးကို ရရှိလာသည့် စစ်တိုင်းမှူးဟောင်း ဗိုလ်မှူးချုပ် သန်းကျော်၏ အိမ်တွင် ဖြစ်လေ၏။

ဝန်ကြီးကတော် ဒေါ်စိန်စိန်သည် ဧည့်ခန်းကျယ်ကြီးထဲတွင် လာရောက်ပြီး အခွင့်အရေးတောင်းခံနေကြသော ဆွေတော်မျိုးတော် တစ်ကျိတ်ကျော်ခန့်ဖြင့် စကားစမြည်း ပြောဆိုလျက် ရှိနေ၏။

ဝန်ကြီးသည်လည်း အလုပ်အားရက်ဖြစ်၍ ဂေါက်သီးရိုက်ထွက်မည့် အဝတ်အစားများကို လဲပြီး ဧည့်ခန်းထဲသို့ ခဏဝင်လာသည်၌-

"မောင်ရယ်၊ ဒီမှာ မောင့်ဘက်က ဆွေမျိုးတွေ။ စိန်စိန့်ဘက်က ဆွေမျိုးတွေနဲ့တော့ တမြန်နေ့ကပဲ တွေ့ပြီးပါပြီ။ မောင့်ဆွေမျိုးတွေ လာရင်းကိစ္စကိုပဲ မေးမြန်းကြည့်ပါတော့"ဟု ဝန်ကြီးကတော်က ကန့်ကလျ ပြောဆိုလေ၏။

"ကျွန်တော် ဂေါက်သီးရိုက်ထွက်မယ်လို့ ချိန်းထားတာ ရှိနေပါတယ်။ ပြောစရာရှိတာကို တိုတိုနှင့် လိုရင်းကိုပဲ ပြောကြစမ်းပါ"

"မနေ့တစ်နေ့ကလည်း စိန်စိန့်ဘက်က ဆွေမျိုးတွေလာပြီး အမျိုးမျိုး အပူကပ်သွားကြပြီးပြီ။ ဘာတဲ့ကွ…

ညီတစ်ယောက်က သူ့သားကို သင်္ဘောသားဖြစ်အောင် လုပ်နိုင်းတယ်။

တခြားတစ်ယောက်က နိုင်ငံခြား ပညာသင် သွားချင်လို့ဆိုတယ်။

ဦးလေးတစ်ယောက်က သူ့သမီးငယ် ဆယ်တန်းကျနေတာ လေးနှစ် ရှိပြီတဲ့။ အောင်အောင်လုပ်ပေးနိုင်းနေတယ်''ဟု ညည်းညည်း ညူညူပြောလိုက်လေသည်။

''ဒီလိုကွဲ့ မောင်သန်းကျော်ရဲ့...

ဦးသား၊ မင်းညီဝမ်းကွဲ လူရည်ချွန် အထပ်ထပ်ရပြီး၊ ဘွဲ့ရပြီး ကတည်းက မြစ်ကြီးနားကောလိပ်မှာ နည်းပြဆရာ လုပ်နေတာ ၆ နှစ်ကျော်နေပါပြီ။ သူ့လောက်ပညာမတော်သူတွေက ပညာတော်သင် သွားကြ၊ ရာထူးတွေ တက်ကြနဲ့ ''မျက်နှာကြီးရာ ဟင်းဖတ်ပါ''နေတဲ့ ခေတ်မို့ မင်းဆီကို ဦးတို့က မှန်မှန်ကန်ကန် ဖြစ်ချင်လို့ လာခဲ့ကြတာ ပါ''ဟု ဝန်ကြီးဦးသန်းကျော်အား ငယ်စဉ်ဘဝကပင် ကူညီထောက်ပံ့ ဖူးသော အငြိမ်းစား ကျောင်းဆရာကြီး ဦးလူခန့်က ရင်ဖွင့်နေပြန်၏။

''ဟုတ်တယ်ကွဲ့ မောင်သန်းကျော်ရဲ့၊ အဒေါ့်သား မင်းညီဝမ်းကွဲ မောင်သီဟလည်း ဘီအေအောင်ပြီးကတည်းက ရာထူးဝန်အဖွဲ့က ခေါ်တဲ့ နိုင်ငံခြားရေးရုံးအတွက် တတိယ အတွင်းဝန်ရာထူးကိုဖြေတာ သုံးလေး ကြိမ်ရှိနေပြီ။ ရေးဖြေအောင်လိုက်၊ နှုတ်ဖြေကျလိုက်နဲ့ အခုတော့ အသက် ကျော်တော့မယ်။ အသက်ကျော်ရင် အရာရှိဖြစ်မယ့် စာမေးပွဲတွေ ဖြေ တော့မှာ မဟုတ်တော့ဘူး။ ရာထူးဝန်အဖွဲ့က လူကြီးတွေကလည်း ပညာ တော်တဲ့ လူငယ်တွေကို ရွေးချယ်နေကြတာ မဟုတ်ဘူးကွယ့်။ နိုင်ငံ တော် ဝန်ကြီးတို့၊ နိုင်ငံတော် ကောင်စီဝင်တို့နဲ့ ဆွေမျိုးတော်သူတွေကိုသာ ရွေးချယ်ခန့်အပ်ကြတာ။ တို့က လူ့အခွင့်အရေး ဆုံးရှုံးနေလို့ လာပြော တာပေ့ါ၊ မတရား အခွင့်အရေး လိုချင်တယ်လို့တော့ မထင်လိုက်ပါနဲ့'' ဟု ဝန်ကြီး၏ အမေ့ညီမ ဒေါ်သန်းသန်းကလည်း နှုတ်သီးကောင်း လျှာပါးဖြစ်နေပြန်လေ၏။

''ကျွန်တော်ကတော့ ကိုယ့်ဘက်က ဆွေမျိုးတွေမို့ ရှင်းရှင်း ဘွင်းဘွင်းပဲ ပြောပါရစေဗျာ။ ဝန်ကြီးရာထူးရတာ ရက်ပိုင်းပဲ ရှိပါသေး တယ်။ လစာတောင် မစားရသေးပါဘူး။ တော်လို့တတ်လို့လည်း မဟုတ် ပါဘူး။ ကိုယ်ကိုင်ရတဲ့ ဝန်ကြီးဌာနတွေကိုလည်း လုံးဝ မလေ့လာရသေး

ပါဘူး။ အထက်လူကြီးတွေက ''မင်းဒါလုပ်''ဆိုလို့သာ တာဝန်ပေးလို့ လုပ်ရတာ။ ရုံးလုပ်ငန်းကလည်း နားမလည်၊ ဆွေမျိုး အပေါင်းအသင်း တွေကလည်း အခွင့်အရေးတို့ နစ်နာချက်တို့ စုံနေတာပါပဲ။ ပြဿနာ ပေါင်းက သောင်းခြောက်ထောင် မကတော့ပါဘူး''

''ကျွန်တော်က စစ်သားပဲ။ စစ်ပဲတိုက်တတ်တယ်။ တခြားဌာန က လူကြီးတွေကို ကျွန်တော့်ဆွေမျိုးတွေကို ဒီအခွင့်အရေး၊ ဟို အခွင့် အရေး မစပါ ဆိုတာမျိုးလည်း ဘယ်တုန်းကမှ အောက်ကျို့ခံပြီး မပြော ဖူးခဲ့ဘူး။ ကိုယ့်ဌာနလာပြီး သူများတွေက အခွင့်အရေး တောင်းတာ လည်း မကြိုက်ဘူး။ အချင်းချင်း အခွင့်အရေး အပေးအယူတွေ လုပ် ကြရင်း ဌာနတွေမှာ လူပျော့လူညံ့တွေ နေရာရကြ၊ တစ်နေ့ နိုင်ငံတော် ကိုစီမံအုပ်ချုပ်မဲ့ လူကြီးတွေဟာ လူပျော့လူညံ့ အချောင်သမားတွေ ဖြစ်လာမှာကိုလည်း မလိုလားပါဘူးဗျာ''

''ရန်ကုန်တက်ပြီး ဝန်ကြီးရာထူး ရလာတာဟာ ခေါင်းကို ဆင်နင်းခံရသလိုပါပဲဗျာ''ဟု ဦးလေးတွေ အဒေါ်တွေရှေ့တွင် ဝန်ကြီး ဦးသန်းကျော်သည် ကလေးသူငယ်လို ညည်းညူနေပြန်လေ၏။

''မောင်ရယ်၊ ဒါတွေ ပူစရာ မဟုတ်ပါဘူး။ စိန်စိန် ဝန်ကြီး ကတော်ဟောင်း မမနွဲ့နဲ့ အားလုံးတိုင်ပင်ပြီးပါပြီ။ သူတို့လည်း စစ်ဗိုလ် ဘဝက ဝန်ကြီးဘဝကို ပြောင်းလာစဉ်တုန်းက ဒီဒုက္ခတွေကို အနည်းနဲ့ အများ ခံစားကြရတာပါပဲတဲ့''

''မမနွဲ့ ဆက်သွယ်ပေးလို့ မောင်တို့ဌာနက ဦးဗျူရိုကြီးလည်း စိန်စိန်ဆီကို ဖုန်းဆက်ပြီး ဒီအသေးအမွှား ကိစ္စရပ်တွေအတွက် စိတ် သောက မရောက်ဖို့ အားပေးစကား ပြောလာပြီးပါပြီ။ ဒါတွေအားလုံး ပြေလည်သွားပါလိမ့်မယ်။ မောင် ဝါသနာပါတဲ့ ဂေါက်သီးရိုက်မယ့် လမ်းကိုသာ သွားပါတော့''ဟု ဝန်ကြီးကတော် အသစ်စက်စက်က ပိုင် ပိုင်နိုင်နိုင် ပြောနေလေ၏။

✤

ခေတ်အဆက်ဆက်တွင် မတိမ်ကောသော အရာရှိဆိုး ဦးဖျူရှိ၏ ကူညီမစမှုများကြောင့် ဝန်ကြီး ဦးသန်းကျော်နှင့် ဝန်ကြီးကတော် ဒေါ်စိန်စိန်တို့တွင် ဆွေမျိုးသားချင်းများ၏ တောင်းခံမှုများကို ဖြည့်ဆည်း ပေးနိုင်ခဲ့သည့်အပြင် ဝန်ကြီးဘဝတွင် ကိုယ်ပိုင်အိမ်တစ်လုံး ဆောက်ရာ တွင်ပင် အိမ်သုံးလေးလုံးစာမျှ ဆောက်လုပ်ရေးပစ္စည်းများ ဝယ်ယူ ထုတ် ရောင်းနိုင်ခဲ့ပါသည်။

"ရောင်းလို့ရတာ အကုန်ထုတ်၊ ထုတ်လို့ရတာ အကုန်ရောင်း" စားကြသည့် အထူးဆိုင်နှင့် ပဒုမ္မာကုန်တိုက်ခေတ်ကပင် အတွေ့သားကောင် ဖြစ်ကြသော ဝန်ကြီးကတော်များသည် ဦးဖျူရှိကဲ့သို့ အရာရှိဆိုးများ၏ ထောင်ချောက်ထဲသို့ ရောက်မှန်းမသိ ရောက်ရှိသွားကြကုန်၏။

ဝန်ကြီးဘဝတွင် အိမ်တက်မင်္ဂလာ ဆွမ်းကျွေးရန် ကိစ္စကို ဦးဖျူ ရှိကြီးက စီမံပေးမှုကြောင့် လက်အောက်ငယ်သားများနှင့် ပွဲစား ကုန်သည် များ လာပို့ကြသော ဆန်အိတ်၊ ဆီပုံးများသည် အိမ်တွင်ရှိသော စတိုး ခန်းထဲတွင်ပင် မဆန့်တော့၍ ကားဂိုဒေါင်နောက်ဘက်တွင်ပင် စတိုးခန်း အသစ်ဆောက်ပြီး သိုလှောင်ထားရပေ၏။

ဝန်ကြီးအိမ်တွင် ဆွမ်းကျွေးမည်ဟု တစ်ကြိမ်စီမံလိုက်တိုင်း ဝန်ကြီး လက်အောက်ရှိ ဌာနပေါင်းစုံမှ အရာရှိကြီးများနှင့် တိုင်းနှင့်ပြည်နယ် ဦးစီးမှူးများထံမှ လာပို့ကြသော လှူဖွယ်ပစ္စည်းသည် သိုလှောင်စရာပင် နေရာမရှိတော့၍ လာသမျှ ဆွေမျိုးများအား ဝေခြမ်းပေးရသည့် ကုသိုလ် သည်လည်း ကြီးမားလှပေ၏။

ဝန်ကြီးကတော်တို့ဘဝ စိုပြည်သာယာဝပြော်လေ၊ လုပ်သားပြည်သူ များ၏ ဘဝတော်ပြတ်ဆင်းရဲလေ ဖြစ်လာပြီး အမိမြန်မာနိုင်ငံတော်ကြီး သည်လည်း ဝန်ကြီးကတော်တို့ခေတ်တွင် ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံ တစ်နိုင်ငံအဖြစ်သို့ လျောဆင်းသွားလေ၏။

ဝန်ကြီးကတော် ဒေါ်စိန်စိန်တို့ ရွှေဘုံရွှေနန်းဖြင့် စံမြန်းခဲ့ကြ သော ပဒုမ္မာရွှေကြာပင် မဆလခေတ်သည် ပျောက်ကွယ်သွားခဲ့ပြန်၏။

❖

စစ်အာဏာရှင်လက်သစ် နဝတခေတ်တွင် ခြေရုံသင်းပင်း မရှိကြတော့သော ဝန်ကြီးကတော်ဟောင်း စီနီယာ ဒေါ်နွဲ့နွဲ့နှင့် ဂျူနီယာ ဒေါ်စိန်စိန်တို့သည် နာမည်ကြီး အသုဘ အိမ်တစ်အိမ်၏ ညှော်ခံ မဏ္ဍပ်ဆောင့်စွန်းတစ်နေရာရှိ စားပွဲငယ် တစ်ခုတွင် နှစ်ယောက်သား ဆုံမိကြပြန်၏။

ဒေါ်နွဲ့နွဲ့က ဒေါ်စိန်စိန်အား "ညီမရေ ဟိုမှာ နဝတ ဝန်ကြီးကတော်တစ်ဦးရဲ့ ဦးဗျူရိုကြီးတို့ လာနေကြတယ်"ဟု မျက်စပစ်ပြလေ၏။

"ဦးဗျူရိုကြီးတစ်ယောက် အခုအထိ သန်တုန်းမြန်တုန်းပါပဲ။ ဝန်ကြီးတစ်ဦးရဲ့ အကြံပေး ပုဂ္ဂိုလ် ဖြစ်နေတယ်ဆိုပဲ။ အခုတော့ မမတို့ကို နှုတ်ဆက်ဖော်တောင် မရတော့ပါဘူး" ဟု ဒေါ်နွဲ့နွဲ့က အားငယ်ငယ်ဖြင့် ပြောနေရှာ၏။

ဦးဗျူရိုကြီး အနေဖြင့် သူမတို့အပေါ် ယခင်ရာထူးရှိစဉ်က ဂရုစိုက်ပုံနှင့် အခွင့်ထူး ခံစားတတ်အောင် နည်းပေးလမ်းပြပေးပုံများကို အားမြုပြန်ကြရင်း...

"ညီမကို ဦးဗျူရိုကြီးက ရည်းစားစကားများ ပြောဖူးသေးလားကွယ်"ဟု စီနီယာ ဝန်ကြီးကတော်ဟောင်း ဒေါ်နွဲ့နွဲ့က ကောက်ကာငင်ကာ မေးမြန်းလိုက်လေ၏။

"မမအမေးကို မပဲအရင်ဖြေပါ။ မမက လွတ်လပ်တဲ့ မုဆိုးမကြီး ဖြစ်နေပြီပဲ"ဟု ဂျူနီယာ ဒေါ်စိန်စိန်က ပြန်မေးလိုက်ပြန်၏။

"မမကတော့ တစ်သက်လုံး လိမ်ညာလှည့်ဖျားလာရတာ ငါ့ညီမကိုတော့ မလိမ်ချင်တော့ပါဘူးကွယ်။ ဝန်ကြီးက အလုပ်တွေက အလွန်များ၊ သွားစရာ လာစရာ လမ်းတွေက အလွန်ပေါ။ ခရီးယာယီကလည်း အလွန်များတော့ အိမ်ကပ်တယ်ကို မရှိပါဘူးကွယ်။ ဒီတော့ ကိုကိုပြောရရင် ရည်းစားစကား ပြောခံရတဲ့ ဘူတာက ဟိုဘက်တောင် ကျော်သွားကြသေးတယ်"ဟု ဒေါ်နွဲ့နွဲ့က ခွေးမြွေဖွယ်ရာ ဖြစ်သောအတိတ်က "ဝန်ကြီးကတော်ပုံပြင်"ကို ဖွဲ့နွဲ့နေပြန်လေ၏။

ဂျူနီယာ ဝန်ကြီးကတော်ဟောင်း ဒေါ်စိန်စိန်တွင် ကာမပိုင် လင် ယောက်ျားရှိနေသေး၍ စီနီယာကြီးကဲ့သို့ ရင်ထဲတွင် ပေါ့သွားအောင် မဖွင့်ဟနိုင်သေးဘဲ ဆို့နင့်တင်းကျပ်သော ဝေဒနာကို ခံစားနေရပြီး မျက်နှာ ပေါ်တွင်လည်း ရှာတော့မည့် မိုးကောင်းကင်ပြင်ကြီးကဲ့သို့ မဲမှောင် လာသော အရိပ်လက္ခဏာများ ပေါ်ပေါက်လာခြင်းသည် ဝန်ကြီးကတော် ဟောင်းများ၏ ဘဝပုံတူ အကျိုးပေးခြင်းနှင့် နဝတဝန်ကြီးကတော် လက် သစ်ကလေး ဒေါ်တင်မေညွန့်အားလည်း သူမကိုယ်တိုင်ပင် အရာရှိဆိုး ဦးဗျူရိုနှင့် ဆက်သွယ်ပေးခဲ့မှုကြောင့်ပင် ဖြစ်လေသတည်း။

**Voice of Burma, Issue No.19, Feburary 18, 1996.**

✤

## သမိုင်းတွင် နှံ့နစ်သွားသော ဗိုလ်ချုပ်ကြီးများ

ဗိုလ်ချုပ်ကြီး စန်းယု (လွတ်လပ်ရေး မော်ကွန်းဝင် ပထမဆင့်၊ နိုင်ငံ့ဂုဏ်ရည် ပထမဆင့်၊ နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော် သမ္မတကြီး၊ ကာကွယ်ရေး ဦးစီးချုပ်) ၏ နာရေးကြော်ငြာကို ၂၉-၁-၉၆ နေ့ထုတ် ကြေးမုံသတင်းစာတွင်ဖတ်ရှုရ၍ အသုဘသတင်း (Obituary)များ ပါလေမလားဟု သတင်းစာတစ်စောင်လုံးကို ဖင်ပြန် ခေါင်းပြန် ရှာကြည့်မိပါသည်။

၃-၂-၉၆ နေ့ထုတ် ကြေးမုံသတင်းစာတွင် ကွယ်လွန်သူ စာရေးဆရာ သိပ္ပံဦးစိုးလှ၏ ကိုယ်ရေးအကျဉ်းကိုသာ ဓာတ်ပုံနှင့်တကွ ဖတ်ရှုရပါသည်။

ကဗျာဆရာနှင့် စာရေးဆရာများ၏ အသုဘသတင်းကို နဝတများ အနေဖြင့် တခမ်းတနား ဖော်ပြလေ့ရှိပြီး နိုင်ငံတော် အကြီးအကဲဟောင်းတစ်ဦး၏ သတင်းကို မဖော်ပြခြင်းကြောင့် စစ်မှုထမ်းဟောင်းများ၊ မဆလဟောင်းများနှင့် ကျွန်ရစ်သူ ဆွေမျိုးသားချင်းများက နဝတ ဗိုလ်ချုပ်များအား "ကျေးဇူးကန်းလေခြင်း"ဟု မချင့်မရဲ ကျိန်ဆဲနေကြပေလိမ့်မည်။

တပ်မတော်သမိုင်းနှင့် မြန်မာ့နိုင်ငံရေး သမိုင်းတွင် အထက် ဖော်ပြပါ ဘွဲ့ထူးဂုဏ်ထူးနှင့် ရာထူးကို ရရှိဖူးသူဆို၍ ဗိုလ်စန်းယုနှင့် ဗိုလ်နေဝင်း နှစ်ဦးတည်းသာ ရှိခဲ့ပါသည်။

ကျွန်နိုင်ငံတော် အကြီးအကဲများဖြစ်သည့် ကွယ်လွန်သူ ဒေါက်တာ မောင်မောင်နှင့် လူမသေခင်ကပင် နာမည်သေနေကြသော ဒုတိယ ဗိုလ်မှူးကြီး စိန်လွင်နှင့် ဗိုလ်ချုပ်မှူးကြီး စောမောင်တို့ပင်လျှင် နိုင်ငံတော် အကြီးအကဲ တစ်ရက် တမွန်းတည့် ဖြစ်ခဲ့ဖူးကြသော်လည်း ဗိုလ်စန်းယု ရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးနှင့် ရာထူးမျိုးကို မရရှိခဲ့ကြပါပေ။

ယခုလက်ရှိ ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည်လည်း ဗိုလ်စန်းယု ရရှိခဲ့သော ဘွဲ့ထူးဂုဏ်ထူးနှင့် ရာထူးမျိုးကို ရရှိရန် အလွန်တရာမှ အလှမ်းကွာဝေးလှသည့်အပြင် ဗိုလ်စန်းယုနှင့် ဗိုလ်နေဝင်းကဲ့သို့ မဲပုံး အဖြူတစ်ပုံးနှင့် အမည်းတစ်ပုံးထောင်ပြီး ပြိုင်ဘက်မရှိ အရွေးချယ်ခံရသည့် သမ္မတကြီး ဘဝမျိုးကို ရရှိရန်ပင် အလွန်ခဲယဉ်းလှပါသည်။

ဗိုလ်စန်းယု မကွယ်လွန်မီ ၃ ရက်စောစော၍ ကွယ်လွန်သွားရှာသော ဗိုလ်ချုပ်ကြီး သူရကျော်ထင်သည်လည်း သမိုင်းတွင် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူး၊ ဒုတိယဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် ရာထူးများကို ရရှိခဲ့သည် ဖြစ်သော်လည်း နာရေးသတင်းမျှပင် ဖော်ပြခြင်း မခံရရှာဘဲ သာမန်အရပ်သားတစ်ဦးကဲ့သို့ နာရေးကြော်ငြာမျှသာ ထည့်ခွင့်ရရှိခဲ့ပြန်သည်။

ယခုလက်ရှိ နာဝတဗိုလ်ချုပ်ကြီးများနှင့် ဝန်ကြီးအများစုတို့သည် ဗိုလ်စန်းယုနှင့် ဗိုလ်ကျော်ထင်တို့၏ ဖိနပ်တိုက်၊ အဝတ်အစားခေါက်နှင့် ထမင်းဗူး ဆွဲခဲ့ကြရသည့် ဘဝမျိုးမှတစ်ဆင့် ရာထူးရရှိလာကြသူများ ဖြစ်၍ အဆိုပါ ပုဂ္ဂိုလ်နှစ်ဦး၏ ကျေးဇူးတရားများသည် နဝတများ၏ လည်ချောင်းထဲတွင်ပင် ရှိနေပါသေးသည်။

ဗိုလ်စန်းယု အနေဖြင့် ယခုလက်ရှိ နဝတ ဗိုလ်ချုပ်များအတွက် အရပ်သူ အရပ်သားများ၏ မျက်ရည်ပေါက်ကြီးငယ် ကျစေသော လုပ်ရပ်ဖြင့် ဗိုလ်ချုပ်ရာ တည်ဆောက်ပေးခဲ့သည့် လက်တွေ့သာဓကတစ်ခုကို တင်ပြပါမည်။

စာရေးသူသည် ဘန်ကောက်မြို့ မြန်မာသံရုံးမှ တာဝန်ထမ်းဆောင်ပြီး၍ ၁၉၇၆ ခုနှစ်က ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးရုံးသို့ ပြန်လည် ရောက်ရှိ

မြို့တွင် ခင်မင်ရင်းနှီးသော တစ်ရုံးတည်းသားချင်း ဦးအေးဆိုသူက အိမ်ငှားမည် ဆိုပါက ၎င်းနှင့် ၎င်း၏ ဆွေမျိုးသားချင်းများ နေထိုင်သော ဇဟာန်းမြို့နယ် အင်းလျားမြိုင်နှင့် ချင်းချောင်းပဲလှေစ် (ယခု ကမ္ဘာအေးဘုရားနှင့်သာ)အကြားရှိ နေအိမ်တစ်အိမ်ကို ရောင်းမည်ဟုပြော၍ လိုက်ကြည့်ခဲ့ပါသည်။ ဦးအေးနှင့် မိသားစုအပြင် တခြားဥယျာဉ်ခြံမြေ စိုက်ပျိုးလုပ်ကိုင် အသက်မွေးကြသူများသည် ၎င်းရပ်ကွက်တွင် နေထိုင်လာခဲ့ကြသည်မှာ အင်္ဂလိပ်အစိုးရ ခေတ်ကပင်ဖြစ်ကြောင်း၊ ယူဘီအေမှ လေယာဉ်မှူးတစ်ယောက်ကိုပင် ၎င်းတို့အိမ်တဆောင် ရောင်းထားပြီးကြောင်း စသည်ဖြင့် ပြောဆိုပြီး ရပ်ကွက်ထဲသို့ လျှောက်ပြသပါသည်။ ခြံနှင့်ဝင်းနှင့် အိမ်များဖြစ်နေ၍ စာရေးသူ အနေဖြင့်လည်း ဝယ်ယူရန် စိတ်ဝင်စားမိ၍ ဇဟာန်းမြို့နယ် ပြည်သူ့ကောင်စီတွင် အလုပ်အမှုဆောင်တစ်ဦး ဖြစ်နေသော မိတ်ဆွေတစ်ဦးအား သွားရောက်တိုင်ပင်ကြည့်မိပါသည်။

"ကိုယ့်လူ သွားမဝယ်လေနဲ့၊ သမ္မတကြီး ဦးစန်းယု လုံခြုံရေးအတွက်ဆိုပြီး အဲဒီရပ်ကွက်က အရပ်သူ အရပ်သားတွေကို ဥက္ကလာပဘက်ကို ပြောင်းခိုင်းဖို့ စီစဉ်နေတယ်"ဟု ပြောပြ၍ စာရေးသူ အနေဖြင့် မဝယ်လိုတော့ကြောင်းကို ဦးအေးအား ပြန်ကြားခဲ့ပါသည်။

မကြာမီ အချိန်ကာလတွင်ပင် ဦးစန်းယု နေအိမ်နောက်ဘက်ရှိ ရပ်ကွက်နေ ဦးအေးတို့ မိသားစုနှင့် ဥယျာဉ်ခြံမြေလုပ်သား အိမ်ထောင်စုများသည် ဥက္ကလာပဘက်သို့ ပြောင်းရွှေ့ခံကြရပါသည်။

နောက်ဆက်တွဲ သိုးသိုးသန့်သန့် ကြားသိရသည်မှာ ဇဟာန်းမြို့နယ်ကောင်စီမှ မယ်တက္ကသိုလ်တစ်ဦးနှင့် တိုင်းကောင်စီမှ ရပ်ရှင်မင်းသမီး တစ်ဦး၏ ခင်ပွန်းတို့အုပ်စု သမ္မတကြီးဦးစန်းယု လုံခြုံရေးအတွက် ၎င်းတို့ကောင်စီဝင်များ အိမ်ဆောက်ပြီး နေထိုင်ကြမည်ဟု အကွက်ရိုက်ကြကြောင်း-

နောက်များမကြာမီ သူခိုးလက်မှ သူဝှက်လုသွားပြန်ကြောင်း၊ အရပ်သား ကောင်စီဝင်များ နေထိုင်ယုံဖြင့် သမ္မတကြီး ဦးစန်းယု၏

လုံခြုံရေးကို စိတ်မချနိုင်သောကြောင့် မဆလ ဗိုလ်ချုပ်များက လုယူသွားခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် ပွားဂေဟာနှင့် မြေယာမှုများကြောင့် မျက်မှန်ကိုယ်တော်ကြီး ထောက်လှမ်းရေး ဗိုလ်မှူးချုပ် တင်ဦး ထောင်ကျသွားပြန်၍ မဆလ ဗိုလ်ချုပ်များ အိမ်မဆောက်ရဲကြသေးဘဲ မြေကွက်လပ်ကြီးသာ ဖြစ်နေသေးကြောင်းများပင် ဖြစ်ပါသည်။

ယခု ဦးစန်းယု၏ ကောင်းမှုကြောင့် ကမ္ဘောဇရိပ်သာ နောက်ဘက်တွင် နဝတတို့၏ မဆလတို့၏ ဗိုလ်ချုပ်ရွာသည် မားမားမတ်မတ် ပေါ်ပေါက်လျက် ရှိနေပါသည်။

မြန်မာနိုင်ငံတွင် သမ္မတကြီးများအတွက် အလုံလမ်းရှိ အိမ်တော်ဝင်းတွင် အသစ်ဆောက်လုပ်ပေးထားသော သမ္မတ အိမ်တော်တွင် ဦးစန်းယု အပါအဝင် စစ်ဗိုလ် သမ္မတ၊ နိုင်ငံအကြီးအကဲများ မနေထိုင်ခြင်းသည် အဘယ့်ကြောင့် ဖြစ်ပါသနည်း။

ဦးစန်းယုသည် မိမိကိုယ်ပိုင်အိမ်တွင် သမ္မတကြီး ရာထူးဖြင့် နေထိုင်ခြင်းအားဖြင့် သမ္မတကြီး ရာထူးအတွက် သတ်မှတ်ထားသော အိမ်ထောင်ပရိဘောဂများကို အစိုးရစရိတ်ဖြင့် အလကား ရရှိခြင်း၊ နေအိမ်ကိုလည်း အစိုးရစရိတ်ဖြင့် ပြုပြင်ထိန်းသိမ်းနိုင်ခြင်းစသော "ရိုက်စားကွက်များစွာရှိခြင်း"ကြောင့်ပင် ဖြစ်ပါသည်။

ထို့အပြင် သမ္မတကြီး၏ လုံခြုံရေးကို အကြောင်းပြပြီး ဆင်းရဲသူဆင်းရဲသားများ၏ မြေယာများကို မတရားသဖြင့် သိမ်းပိုက်ပြီး စစ်ဗိုလ်တပည့်များအား ခွဲဝေပေးနိုင်ခြင်းကြောင့်ပင် ဖြစ်ပါသည်။

၁၉၈၂ ခုနှစ်ခန့်က သမ္မတကြီး ဦးစန်းယုအား မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီးတစ်ဦးက ခန့်အပ်လွှာ ပေးအပ်၍အပြီး သံတမန်ထုံးတမ်းအစဉ်အလာအရ တရားဝင် စကားစမြည် ပြောဆိုကြရာတွင် နိုင်ငံခြားရေးရုံးမှ စကားပြန် ဦးဝင်းမြ (ယခု နယူးယောက်မြို့ရှိ မြန်မာသံအမတ်) ရေးမှတ်ထားသော ခွေးနွေးချက် မှတ်တမ်းတစ်စောင်ကို ဖတ်ရှုဖူးခဲ့ပါသည်။

သမ္မတ ဦးစန်းယုက နိုင်ငံခြားရေးရာ ကိစ္စရပ်များကို ပုံသေပြောဆို ဖြေကြားခြင်း မရှိဘဲ ဗုဒ္ဓဘာသာအကြောင်း၊ တရားထိုင်သည့် အကြောင်း မျှသာ ပြောဆိုပြီး၊ ၎င်းသည် သာမန်အရပ်သူ အရပ်သားများ နေထိုင် သည့် သာမန်ရပ်ကွက်တွင်သာ နေထိုင်ကြောင်း၊ ဂျပန်သံအမတ်ကြီးသ ၎င်း၏ ဇနီးအနေဖြင့် သမ္မတကြီးကတော်အား တွေ့ဆုံ ဂါဝရပြုလို ကြောင်း တောင်းဆိုနေပြန်၍ ဦးစန်းယုက ၎င်း၏ဇနီးသည်ဟာ သာမန် အရပ်သူ တစ်ဦးကဲ့သို့ အိမ်ထောင်မှုကိစ္စများ အလွန်များပြား၍ တွေ့ဆုံ ရန် အချိန်မပေးနိုင်ကြောင်းမျှပင် ဖြစ်ပါသည်။

သာမန်အရပ်သားများ နေထိုင်သော ရပ်ကွက်တွင် နေထိုင်သည် ဆိုသော ဦးစန်းယုသည် စကားနောက် တရားပါလေသလား၊ သာမန် အရပ်သားတစ်ဦး၏ အသုဘ နာရေးမျိုးဖြင့် ဘဝနိဂုံး ချုပ်သွားခဲ့ပြန်ပါ သည်။

အဖေကြီး မဆလ သူခိုးသူဝှက်ကြီးမို့ နို့နဝတတွေလည်း ပညာ တတ်ဘဲ သူခိုးသူဝှက်တွေ ဖြစ်နေကြရတာပါပဲဟု အဖေကို စိတ်နာ၍ သားက ကိုယ့်မျိုးရိုး သမိုင်းကို ကိုယ်ဖော်ချသည်ဟု ဆိုပါက ပြည်သူ အပေါင်းက နဝတ အမှားကို မြင်လာပြီဟု သာဓုတစ်ကြိမ်မျှ ခေါ်ကြပါ လိမ့်မည်။

မည်သို့ပင် ဆိုစေကာမူ အမြင်မှား၊ အတွေးမှား၊ အလုပ်မှား ရှိကြသော နဝတ စစ်ဗိုလ်များသည်လည်း ဗိုလ်ချုပ်ကြီး စန်းယုကဲ့သို့ သမိုင်းတွင် နွံနစ်ကြလိမ့်မည်ပင် ဖြစ်ပေသတည်း။

Voice of Burma, Issue No.23, March 1996.

❖

## ပြည့်တန်ဆာလုပ်ငန်းကြီး မြန်မာပြည်သို့ ပြောင်းရွှေ့ ဝင်မလာနိုင်အောင်

၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ကြေးမုံသတင်းစာများတွင် ဂျပန်နိုင်ငံသို့ ဦးရဲစိန်ဆိုသူ သဘင်ပညာရှင်တစ်ဦးက မြန်မာအမျိုးသမီး ၁၂ ဦးအား အနုပညာ ဇန်းပြပြီး ရိုက်စားသည့် ကိစ္စနှင့် ပတ်သက် ၍ 'သန့်လျက်' ဆိုသော နဝတဘောမ ကလောင်ရှင်တစ်ဦးက "ဖြစ်ကြောင်း ရယ်မှကုန်စင် ဇာတ်စုံနှောလို့ ပြောပါရစေရှင်" ခေါင်းစဉ်ဖြင့်အခန်းဆက် ရေးသားသည့် ဆောင်းပါး၏ နိဂုံးတွင် "အရှေ့တောင်အာရှ ပြည့်တန်ဆာ လုပ်ငန်းကြီး မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ဝင်မလာနိုင်အောင်၊ အခြေ မချ နိုင်အောင် မျိုးချစ်စိတ်ဓာတ်အပြည့်နှင့် ဝိုင်းဝန်းတားမြစ်ကြဖို့၊ ကြိုးပမ်း ကြဖို့ကိုသာ တိုက်တွန်းဆော်ဩပေးပါရစေ" ဟု ဖော်ပြထားသည်ကို တွေ့ရှိရသည်။

အဆိုပါ သန့်လျက်ဆိုသူ ကလောင်ရှင်က "ဒုတိယ ကမ္ဘာစစ် ကြီးပြီးတော့ အမေရိကန် စစ်သားတွေကြောင့် ဂျပန်နိုင်ငံမှာရော၊ ထိုင်း နိုင်ငံမှာပါ ဒုစရိုက် ဖိမ်လုပ်ငန်းအလွန်ပင် ကြီးထွားလာခဲ့တယ်။ အဲဒီတော့ ထိုင်းနိုင်ငံနဲ့ ဖိလစ်ပိုင်နိုင်ငံများဟာ အမျိုးသမီးကလေးတွေကို ဂျပန်ပြည် ပို့ပေးတဲ့ နေရာဒေသတွေ ဖြစ်လာကြတယ်။ အဲဒီနောက်ပိုင်းမှာတော့ အရင်တစ်ပတ်က ပြောပြခဲ့တဲ့ ဖိလစ်ပိုင် အမျိုးသမီးတွေကို ထိုင်းပြည် ပြန်ခေါ်တဲ့ ကိစ္စရယ်၊ ထိုင်းနိုင်ငံကလည်း စီးပွားရေး တိုးတက် ကြွယ်ဝ လာတော့ ဆင်းရဲတဲ့ မိန်းကလေးတွေ စည်းရုံးသိမ်းသွင်းဖို့ရာ ပိုမိုခက်ခဲလာ

တယ်။ အဲဒီတွင် မြန်မာအမျိုးသမီးတွေဟာ လိုအပ်ချက်ကိုဖြည့်တင်းဖို့ သားကောင်တွေ ဖြစ်လာတာပဲ။ အခု မြန်မာအမျိုးသမီးလေး ၁၂ ယောက်ကို ဒီကိစ္စအတွက် ဖွေဆော်ပြီး သိမ်းသွင်းခံလိုက် ရတာပဲကွ"ဟု ရေးသားထားပါသည်။

ထို့အပြင် "ဖူဂျီဟာဝါက ဘာပြောသလဲဆိုရင် သူမြန်မာပြည်ရောက်တုန်းက မြန်မာအမျိုးသမီး (အဘိုးကြီးက ဘယ်သူဘယ်ဝါ ဆိုတာနာမည်ပြောပါတယ်။ သမီးကတော့ ဘယ်သူဘယ်ဝါဆိုတာကို နာမည်မဖော်ပြလိုဘူး)တွေက သူ့လက်ကိုဆွဲပြီး ကတယ်။ ဒါတောင် သူ့မှာဘာမှပြဿနာ မရှိခဲ့ဘူး။ သူ့ကိုတောင်မှ ဒီလိုလုပ်သေးတာပဲ။ သမီးကလည်း ပခုံးဖက်တာကို ပြဿနာလုပ်စရာ မလိုပါဘူးလို့ ဆင်ခြေကန်ပြီး ပြောပါတယ်"

အဲဒီမှာ ခူနီစံကလည်း ဝင်ပြောပါတယ်။ သူလည်းပဲ မြန်မာအဝတ်အစားဝတ်ပြီး ဓာတ်ပုံရိုက်ခံတော့ မိန်းကလေးနှစ်ယောက်ဘယ်ညာတစ်ဖက်စီကနေ သူ့ပါးကို နမ်းပြီး ဓာတ်ပုံအရိုက်ခံခဲ့သေးတာပဲ။ အဲဒီတုန်းကလည်း ဘာပြဿနာမှ မရှိဘူးဟု အမျိုးသမီးငယ်များ၏ဖွင့်ဟဝန်ခံချက်များကိုလည်း ဖော်ပြထားပါသည်။

"ဒီအမျိုးသမီးကလေးပြောတာ မှန်လိုက်တာကွာ။ အဲဒီ ဂျ ပြောသလို မြန်မာပြည်မှာ သူနဲ့ တွဲကခဲ့ရတဲ့ နေရာမျိုး၊ တွဲဓာတ်ပုံရိုက်ပြီး အနမ်းခံရတဲ့ နေရာမျိုးရှိနေပြီဆိုတာ သိရတော့ ဒို့တော့ အတော်ထိတ်လန့်မိတယ်။ တိုင်းပြည်နဲ့ လူမျိုးအတွက်လည်း အလွန် အရှက်ကြီးမားတယ်"ဟု ဆောင်းပါးရှင်က ဖော်ပြထားပြန်ပါတယ်။

နဝတ စစ်ဓားပြများ၏ ဒေါက်တိုင်ဘောမများ ဖြစ်ကြသည့် သန်လျက်၊ ဖေကောင်းနှင့် ဗျတ္တိစသည့် ကြေးစားကလောင်ရှင်များသည် တစ်ရံတစ်ခါတွင် နဝတ စစ်အစိုးရ အုပ်ချုပ်မှုကြောင့် ဖြစ်လာသည့် အကျင့်စာရိတ္တ ပျက်စီးမှုများကို ဖော်ပြကာ ကိုယ့် ပြန်သွင်းမိလျက်သား ဖြစ်သွားကြပြန်ပါသည်။

မြန်မာပြည်တွင် နဝတ လုပ်ဆောင်ချက်ကြောင့် စီးပွားရေး ဖွံ့ဖြိုး တိုးတက်ပြီး သာယာလျက် ရှိသည်ဟု အဖေလုပ်သူ ဗိုလ်ခင်ညွန့်က ကြော်ငြာ လေပန်းလျက် ရှိနေသော်ငြားလည်း သားဖြစ်သူ "ဦးရဲနိုင် ...င်း (ထုတ်ဝေသူ အမှတ် (မြ-၃၇၅၅) အမှတ်-၇၀ (က)၊ ငွေဝတ်မှုန် ...သာ၊ ရွှေတောင်ကြား၊ ဗဟန်း၊ ရန်ကုန်၏)" ကြော်ငြာနှင့် ဈေးဝယ် ...မ်းညွှန် မဂ္ဂဇင်း ၁၉၉၆ ခုနှစ်၊ ဇန်နဝါရီလထုတ်ကို ဖတ်ရှုလေ့လာ ကြည့်ပါကလည်း ကိုယ့်ဂိုးကိုယ်သွင်းမိ၍ နဝတအသင်း ရှုံးနိမ့်နေသည် ...ားကို အောက်ပါအတိုင်း တွေ့မြင်နိုင်ပါသည်။

မင်္ဂလာပါ မြန်မာမလေးများ ဆောင်းပါးတွင် "ဒီကနေ့ မြို့ကောင် ...ပါက်အချို့ အကျင့်စာရိတ္တ တော်တော်ပျက်နေကြတယ်။ ဒါကတော့ ...နေမှု စရိတ်တွေ မြင့်လာတော့ သာမန်လူလတ်တန်းစား မိန်းကလေး တွေအဖို့ လိုချင်တာတွေ၊ သူတို့ကို ဆွဲဆောင်နေတာ မရတာက စတာပဲ။ သူတို့ လိုတာရမယ့် လူတွေဆီကပ်၊ လွယ်လွယ်ရမယ့် လူတွေဆီကပ်ပြီး ...ပါတ် ၁ မဖြစ်ရင်လည်းနေ ၂-၃ ဖြစ်ရင်လည်း ဖြစ်ပစေ ဆိုပြီးတော့ ...ခင်တိုင်းရဲ့ သားသမီးအပေါ်ထားတဲ့ စိတ်ဆန္ဒကို ဆန့်ကျင်ပြီး လိုချင်တာ ...ကြတာ"

- တစ်ခါတစ်ခါတော့ ကိုယ်ကျင့်တရား ထိန်းသိမ်းဖို့လိုတာ ဘယ်လောက်ပဲ သိသိ ဝမ်းရေးအတွက်ဆိုတော့ ဖြစ်ချင်ရာ ဖြစ်ပဲ။ ဗိုက်က အရေးကြီးတယ်။
- တချို့ညမှာ စုပြီးကားနဲ့ ထွက်ကြတာ။ ပါတီတက်တာမျိုး မဟုတ်ဘူးနော်၊ ဟုိကောင်ကလေးတွေ နောက်ကျနေပြီ သွား ကြပါတော့လားလို့ အမေတွေကိုက တိုက်တွန်းတဲ့ အခြေ အနေမျိုး ရောက်နေတယ်။
- ဗိုက်ဆာလိုချင်လို့ ပျက်စီးတာလည်း ရှိတာပေါ့။ ဘေးဘီက မြှူဆွယ်ခံရလို့ ပျက်စီးရတာလည်း ရှိတာပေါ့။ ရုပ်ဝတ္ထုပိုင်း တွေ တိုးတက်တာကြည့်ပြီး တိုးတက်တယ်မြင်ရင် အခြေ အမြစ် မရှိတဲ့ တိုးတက်မှုလို့ မြင်ရပါတယ်။

- အရပ်ထဲမှာ အဝတ်ဟောင်းတွေ လိုက်ဝယ်၊ အဝတ်ဟောင်းနဲ့ ဖျာနဲ့လဲတဲ့ လူတွေလည်း ရှိသလို ဒီနေ့ဝတ် မနက်ဖြန် စုတ်မယ့် အဝတ်တွေ ဝယ်နေရတဲ့ လူတွေလည်း ရှိနေတယ်။
- ကျွန်မ မန္တလေး ရောက်ခဲ့တယ်။ အဲဒီမှာ အချို့ မိန်းကလေးတွေဆို ပိုက်ဆံသိပ်ကို ဖြစ်ထွန်းနေတာ။ သီတင်းတစ်ပတ် ရွှေတစ်ကျပ်သား စုမိသတဲ့။ ဘယ်လိုပုံသဏ္ဌာန် အနေအထားနဲ့ စုမိသလဲဆိုတာ တွေးရင်းတွေးရင်း ရင်လေးနေမိတယ်။ ဒီလိုမျိုး အားလုံးဖြစ်နေသလား။ ထက်ဝက်ဖြစ်နေသလား။ နည်းနည်းပဲ ရှိလားဆိုတာ စီးပွားရေး စစ်တမ်းကောက်ကြည့်မှ သိမယ်။ ဒါမျိုး နည်းရုံမဟုတ်ဘဲ လုံးဝ မရှိပါစေနဲ့လို့ ကျွန်မ ဆုတောင်းပါတယ်။

ဆောင်းပါးရှင် စမ်းစမ်းတင်ဆိုသူနှင့် ဒေါ်ရီရီ (ခေါ်) ဒေါ်နှင်းဆီ (အာရှလူငယ် အစည်းအရုံး ဥက္ကဋ္ဌလ တာဝန်မှူး လုပ်ခဲ့သူ)၊ ဒေါ်နှင်းဆီခင် (အင်္ဂလိပ်စာပြ ဆရာမကြီးနှင့် စာရေးဆရာမ)၊ ဒေါ်ခင်ဆွေဦး (စာရေးဆရာမကြီး)တို့နှင့် အင်တာဗျူးလုပ်သည့် အထက်ပါ ဖြစ်ရပ်များကို လေ့လာခြင်းအားဖြင့် ၁၉၉၆ ခုနှစ် မြန်မာ့ရေးသွားနှစ် မတိုင်မီကပင် အခါ မြန်မာနိုင်ငံတွင် ဘာတွေ ဖြစ်နေသည်ကို တွေ့မြင်နိုင်ပါသည်။

ဗိုလ်ခင်ညွန့်သား ထုတ်ဝေသည့် မဂ္ဂဇင်း တစ်ခုလုံးတွင်လည်း ကြော်ငြာစာ မျက်နှာများမှလွဲ၍ ကျန်ဆောင်းပါး အားလုံးတွင် အောက်ပါ ပြဿနာများကို ရင်ဖွင့်ဝေဖန်ထားကြပါသည်။

အအိုင်ဒီအက်စ် ပြဿနာ။

မူးယစ်ဆေးဝါး ပြဿနာ။

နိုက်ကလပ်နှင့် မူးယစ်ဆေးဝါး ပြဿနာ။

လိမ်လည်မှု ပြဿနာ။

အကျင့်ပျက်လိုက်စားမှု ပြဿနာ။

စီးကရက်၊ အရက်နှင့် ဘီယာလိုမ့်ဝင်၊ လိုမ့်ကြော်ငြာနေသည့် ပြဿနာ။

ပညာရေးစရိတ်ကြီး၍ ပညာမသင်နိုင်သည့် ကလေးလူငယ်များ နေ့ခင်းဘေး လမ်းပေါ်လေလွင့်နေသည့် ပြဿနာ။

မြန်မာနိုင်ငံထဲသို့ စားအုန်းဆီ သွင်းယူသည့် လုပ်ငန်းကို ကုမ္ပဏီကြီး ၂ ခုက လက်ဝါးကြီး အုပ်သွားပြီဖြစ်၍ သွင်းကုန်ထုတ်ကုန် လုပ်ငန်း တဖြည်းဖြည်း ပျောက်ကွယ်လာသည့် ပြဿနာ။

နယ်စပ်ကုန်သွယ်ရေးကို နှစ်နိုင်ငံ မျဉ်းတစ်လျှောက်မှ အဆင်ပြေသလို လုပ်နေကြ၍ တရားဝင်ထက် တရားမဝင်မှုများ ပိုများနေသည့် ပြဿနာ။

အခွန်အကောက်များ ကောက်ခံမရရှိသည့် ပြဿနာ။

ရုပ်ရှင်ထုတ်လုပ်မှု၊ ဗွီဒီယို ထုတ်လုပ်မှု၊ စာအုပ်ထုတ်လုပ်မှု စသည့် လုပ်ငန်းများအားလုံး ကျရှုံးနေပြီး ငွေရှင်ကြေးရှင်ကြီးများက လက်ဝါးကြီး အုပ်လာ၍ တိုင်းရင်းသား လုပ်ငန်းရှင်ကလေးများ ဒုက္ခရောက်နေသည့် ပြဿနာ။

နိဂုံးချုပ် အနေဖြင့် တင်ပြရသော အရေးတောင်အာရ ပြည့်တန်ဆာ လုပ်ငန်းကြီးသည် မာဖီးယား ဗိုလ်ချုပ်ခင်ညွန့်နှင့် အပေါင်းပါ နဝတ ဗိုလ်ချုပ်တို့၏ လုပ်ရပ်ကြောင့် မြန်မာနိုင်ငံသို့ ပြောင်းရွှေ့ဝင်ရောက်နေပြီး ဖြစ်ပါသည်။

ကမ္ဘာ့တစ်ခွင်တွင် သတင်းကြီးသော ဖာနိုင်ငံကြီးအဖြစ် အပုပ်နံ့ ပို၍ မထွက်လာမီ မာဖီးယား နဝတ ဗိုလ်ချုပ်များအား အမြစ်ပြတ် တွန်းလှန်ကြပါစို့။

Voice of Burma, Issue No.25, March 31, 1996.

✣

## စားတော်ဆက်တရုတ် – စစ်ဥပဒေချုပ်

တရားဥပဒေ စိုးမိုးရေးသည် မူလပထမနှင့် အခြေခံ ဥပဒေ ...ါပေါက်ရေးအတွက် တပ်မတော်အနေဖြင့် အသက်၊ သွေး၊ ချွေး ...ြောက်များစွာဖြင့် ရင်းနှီးကာကွယ်နေပါသည်ဟု လူထုကိုမှိုင်းတိုက် ...သော တပ်မတော်ကြီးတွင် စည်းကမ်းစည်းမျဉ်း ဥပဒေရေးရာများကို ...ဓိက တာဝန်ယူရသော စစ်ဥပဒေချုပ် (Judge Advocate Gen-...al) ဗိုလ်မှူးချုပ် သန်းဦးသည် မကာအိုမှ တရုတ် ရှော့ဒရီဂိုဟောင်း ...ါ) အောင်ကျော်ဖုံနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ စီးပွား ...း ဦးပိုင်လီမိတက်နှင့် မြန်မာ-မကာအို အင်တာနေရှင်နယ် လီမိတက် ...့ ဖက်စပ်တည်ထောင်ထားသော စင်ထရယ်ဟိုတယ်တွင် စားတော် ...က် ထမင်းဆိုင်ပိုင်ရှင် တရုတ်တစ်ဦး၏ အလုပ်ကြီး အကိုင်ကြီးများ ...ို ထမ်းဆောင်နေရရှာပါသည်။

၄-၂-၉၆ နေ့ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ ၆ ...ွင်ပါရှိသော တက္ကသိုလ်လှကြွယ်ဆိုသူ ရေးသားထားသည့် "စင်ထရယ် ...ိုတယ်မှ မင်္ဂလာအခမ်းအနား" ဆောင်းပါး၏ ကော်လံ ၃ တွင် ...ိုလ်မှူးချုပ် "ဟိုတယ်ကို ဝင်စားလိုက်ရင် ဈေးကြီးမှာပဲလို့ အထင် ...ိုနေကြတယ်။ ကျွန်တော်တို့ ဟိုတယ်က ဟိုတယ်ခ ဈေးအတိုင်း မယူ ...ါဘူး။ စားတော်ဆက် ပေါက်ဈေးလောက်ပဲ ယူပါတယ်။ မြန်မာငွေနဲ့ ...ဝင်စားလို့ ရနိုင်တာပဲ" ဟု ရှင်းပြ၏ဟု စစ်ဥပဒေချုပ်၏ လမ်းဘေး ...ထမင်းဆိုင်ရှင် တရုတ်ကဲ့သို့ ထမင်းရောင်းနေသည်ကို ဖတ်ရှုရပါသည်။

စာရေးသူ အနေဖြင့် ၂၈-၁၀-၉၄ နေ့က ဒေါ်အောင်ဆန်းစုကြည် အား ဒုတိယအကြိမ် အကျယ်ချုပ်မှထုတ်ပြီး စစ်ရုံးတွင် တွေ့ဆုံစဉ်က တပ်မတော်မှ စစ်ဥပဒေချုပ်၊ စစ်ရေးချုပ်နှင့် စစ်ထောက်ချုပ် စသည့် တပ်မတော်တွင် တာဝန်အရှိဆုံး ပုဂ္ဂိုလ်ကြီးများနှင့် လူထုခေါင်းဆောင် ဒေါ်စုတို့ တွေ့ဆုံဆွေးနွေးကြခြင်းသာ ဖြစ်သည်။ မာဖီးယား နဝတဂိုဏ်း နှင့် ဒေါ်စု တွေ့ဆုံခြင်းမဟုတ်၍ တိုင်းပြည်အတွက် အလားအလာ ကောင်းမည်ဟု ယုံထင်မိခဲ့ပါသည်။

တပ်မတော်က တိုင်းပြည်အာဏာကို အမှန်တကယ် ထိန်းသိမ်း ထားသည် ဆိုပါက တပ်မတော်အကြီးအကဲများနှင့် လူထုက ရွေးချယ် တင်မြှောက်ထားသော ခေါင်းဆောင်များသာ ဆွေးနွေး အဖြေရှာကြပေ သည်။

မာဖီးယားများဖြစ်သည့် ခင်ညွန့်နှင့် တင်ဦး စသူတို့သည် တပ်မတော် အကြီးအကဲများ မဟုတ်ကြပါပေ။ စစ်အာဏာရှင် ဦးနေဝင်း ဖွဲ့စည်းပေးထားသော မဆလအောက်ဆွဲ နဝတအဖွဲ့အစည်း ဂိုဏ်း တစ် ဂိုဏ်း၏ အတွင်းရေးမှူးများသာ ဖြစ်ကြပါသည်။ ပို၍ထင်ရှားသည်မှာ နဝတအဖွဲ့တွင် စစ်တပ်ထဲသို့ တစ်ကြိမ်တစ်ခါမှ မဝင်ဖူးသော ဒေါက်တာ ဖေသိန်းဆိုသူကိုပင် ဗိုလ်မှူးကြီးရာထူး ပေးထားပါသည်။ တပ်မတော် တွင် အသက် ၆၀ ပြည့်သော စစ်မှုထမ်းသက် အနှစ် ၂၅-၃၀ ကျော်သူ အခြားဗိုလ်မှူးကြီးများ၊ အရာရှိ အကြပ်တပ်သားများ အငြိမ်းစား ယူရ ကြရသော်လည်း နဝတအဖွဲ့မှ ဗိုလ်မှူးကြီး ဖေသိန်းသည် အသက် ၇၀ နား နီးကပ်နေပြီ ဖြစ်သော်လည်း ယနေ့အထိ စစ်ယူနီဖောင်း ဝတ် ထားဆဲပင် ဖြစ်နေပါသည်။

တပ်မတော်ကို ခုတုံးလုပ်ပြီး နဝတ စစ်အစိုးရပါဟု ကမ္ဘာကို ကြေညာထားသော်လည်း နဝတသည် စစ်အစိုးရ မဟုတ်ဘဲ မာဖီးယား ဘိန်းဂိုဏ်း၊ ဓားပြဂိုဏ်း၊ သူခိုးဂိုဏ်း၊ မှောင်ခိုစီးပွားရေး သောင်းကျန်း သည့် ဂိုဏ်းတစ်ဂိုဏ်း ဖြစ်သည်ကို အချိန်ကြာမြင့်လာလေ ပြည်သူလူထု သိမြင်လာလေ ဖြစ်နေပါသည်။

နဝတ မာဖီးယားဂိုဏ်း၏ တပည့်နောက်လိုက် ဒေါက်တိုင်ဘဝကို ရောက်ရှိကြသော စစ်ရေးချုပ် ဝင်းမြင့်နှင့် စစ်ထောက်ချုပ် တင်လှတို့သည် ဗိုလ်ချုပ်ရာထူးကို ခုန်တက်သွားကြသော်လည်း အမှန်တရားကို အလေးထားသော စစ်ဥပဒေချုပ် သန်းဦးသည် ဗိုလ်မှူးချုပ် ရာထူးဖြင့် တစ်ဆင့်နိမ့်ရာထူးတွင် ကျန်ရစ်ခဲ့ပြီး မာဖီးယား ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဗိုလ်ချုပ်ကြီးမောင်အေးတို့ ခရီးထွက် အစည်းအဝေးထိုင်ခိုင်း စစ်ရေးချုပ် ဝင်းမြင့်နှင့် စစ်ထောက်ချုပ် တင်လှတို့ကိုသာ ပွဲထုတ်ပြီး စစ်ဥပဒေချုပ် သန်းဦးအား လူရာမသွင်းခြင်းသည်ပင်လျှင် တပ်မတော်တွင် ဥပဒေရေးရာ ကိစ္စရပ်များသည် မလိုအပ်တော့ကြောင်း သိသာထင်ရှားလှပါသည်။

ထို့အပြင် တပ်မတော်တွင် ရာထူးသြဇာအာဏာ အမြင့်ဆုံးဖြစ်သော ကာကွယ်ရေး ဦးစီးချုပ် (ရေ) တင်အေးနှင့် ကာကွယ်ရေး ဦးစီးချုပ် (လေ) တင်ငွေတို့သည် ဗိုလ်ချုပ်ရာထူး အဆင့်နိမ့်တွင်သာရှိပြီး နဝတ မာဖီးယားတပ်တွင် အဆင့်မြင့် ဒုတိယ ဗိုလ်ချုပ်ကြီးရာထူးဖြင့် နေရာ ရှိနေပြန်ပါသည်။

မြန်မာနိုင်ငံတွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) (ရေ) (လေ)နှင့် စစ်ဥပဒေချုပ်၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ် စသည့် တပ်မတော် အကြီးအကဲများသည် မာဖီးယား နဝတဂိုဏ်းဝင် ဒုတိယ ဗိုလ်ချုပ်ကြီးများ သွားလေရာ တကောက်ကောက်လိုက်ပြီး အမိန့်သြဇာခံနေကြရသကဲ့သို့ နဝတ ဒုတိယ ဗိုလ်ချုပ်ကြီးများသည်လည်း ၎င်းတို့၏ စီးပွားရေး ပါတနာ ဘိန်းဘုရင်များ၏ အမိန့်သြဇာကို နာခံနေကြရပြန်ပါသည်။

ခင်ညွန့်၏သား ရဲဝင်းနိုင် ထုတ်ဝေသည့် ကြော်ငြာနှင့် ဈေးဝယ်လမ်းညွှန်မဂ္ဂဇင်း၊ ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလထုတ်တွင် "မြန်မာနိုင်ငံ၏ အချမ်းသာဆုံးနှင့် လူသိအများဆုံး စီးပွားရေး လုပ်ငန်းရှင် ၁၀ ဦး" စာရင်းတွင် ကမ္ဘာတစ်ခွင်တွင် နာမည်အပျက်ဆုံး ထောင်ထွက် ဘိန်းဘုရင် လော်စစ်ဟန်အား ထည့်သွင်းကြော်ငြာပေးထားရပါသည်။

ထို့အပြင် ၁၇-၃-၉၆ နေ့ထုတ် ကြေးမုံသတင်းစာ သာရေး ကြော်ငြာတွင်လည်း လော်စစ်ဟန်၏သား မောင်ထွန်းမြင့်နိုင်၏ မင်္ဂလာ အခမ်းအနားတွင် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဘနှင့် ဇနီးတို့ တပ်မတော် ရာထူးနှင့် လူမျိုးဂုဏ်သိက္ခာကို မထောက်ထားဘဲ ဘိန်းဘုရင် ထောင် ထွက် ရာဇဝတ်ကောင်အား ချီးမြှင့်နေသည်ကို ဖတ်ရှုရ၍ "ယိုသူမရှက် မြင်သူရှက်" ရပြန်ပါသည်။

လက်တွေ့ဖြစ်ရပ်များကို လေ့လာသုံးသပ်ပါက မာဖီးယား နဝတ ဂိုဏ်းဝင်များ၏ လုပ်ရပ်ကြောင့် ဥပဒေ စည်းကမ်းစည်းမျဉ်း အထိန်း အကွပ်ဖြင့် ဖွဲ့စည်းထားသော တပ်မတော်ကြီးတွင်ပင် ဥပဒေ မစိုးမိုး တော့ဘဲ ဖရိုဖရဲ ဖြစ်ပျက်လျက် ရှိနေသည့်ပြင် တပ်မတော် အကြီးအကဲ များဖြစ်သည့် ဦးစီးချုပ်များ၊ စစ်ရေးချုပ်၊ စစ်ထောက်ချုပ်နှင့် စစ် ဥပဒေ ချုပ်တို့သည်ပင်လျှင် နဝတ ဒုတိယ ဗိုလ်ချုပ်ကြီးများ၏ လက်ဝေခံ အခြယ်လှယ်ခံ၊ သြဇာခံများ ဖြစ်နေကြ၍ နဝတဂိုဏ်း သက်ဆိုးရှည် လေ လူမျိုးနှင့် တိုင်းပြည် နာမည်ပျက်သထက်ပျက်လေ ဖြစ်နေပေ လိမ့်မည်။

မျိုးချစ်တပ်မတော်သားများ အနေဖြင့် အချိန်မနှောင်းမီ နဝတ မာဖီးယားဂိုဏ်းကြီးအား တွန်းလှန်တိုက်ဖျက်နိုင်ပါမှသာလျှင် တပ်မတော် လည်း လွတ်လပ်၊ တိုင်းပြည်နှင့် လူမျိုးလည်း လွတ်လပ်လာမည်သာ ဖြစ်ကြောင်း မေတ္တာမွန်ဖြင့် ရေးသားလိုက်ရပါသည်။

**Voice of Burma, Issue No.28, April 21, 1996.**

## ဗဟိုမှ အောက်ခြေအဆင့်အထိ အကြံအဖန် လုပ်နေသူများ

၁၈-၁၂-၉၅ နေ့ထုတ် မြန်မာ့အလင်း သတင်းစာများတွင် ပေါ်ယားကိုဏ်းမှ အတွင်းရေးမှူး ၂ ဒုဗိုလ်ချုပ်ကြီး တင်ဦး၏ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် စီးပွားရေးဆိုင်ရာ ရှင်းလင်းချက်များတွင် "လာဘ်ပေး လာဘ်ယူမှု၊ တံစိုးလက်ဆောင်တောင်းမှု၊ ပညာပြမှု၊ အချိန်ဆွဲမှုများ၊ အမြီးစားဘက် ခေါင်းစားဘက်လုပ်မှု၊ တရားမဝင်သည်ကို တရားဝင်အောင် အကြံအဖန် လုပ်ပေးမှုများသည် ဗဟိုမှ အောက်ခြေအထိ ပျံ့နှံ့ပြန့်ပွားနေသည်ဟု ကြားသိနေရကြောင်း" ဟု ပြောကြားသွားခဲ့ပါသည်။

အထက်ဖော်ပြပါ တင်ဦး၏ မိန့်ခွန်းကို ကြားနာရသော အရာရှိကြီးတစ်ဦးက တင်ဦးနှင့် ခင်သန်းနွဲ့တို့၏ သားတော်မောင် ဇော်ထွန်းဦးအား နိုင်ငံခြားရေး ဝန်ကြီးဌာနတွင် စာမေးပွဲ မဖြေရဘဲ ဆွဲခန့်၍ ရသော ပြာတာရုံးလုလင် (Peon) ရာထူးတွင် ဆွဲခန့်ထားကြောင်း၊ ၁ပိုင်း ရက်ပိုင်းအတွင်းမှာပင် စာရေးဝန်ထမ်း အဆင့်(၁)၊ ထိုမှအဆင့်(၂)၊ တစ်ဖန် အဆင့် (၃) ရာထူးသို့ တခြားဘဝတူ ရာထူးရှင်များ ခေါင်းပေါ်မှ ခုန်ပျံကျော်လွှား တက်သွားကြောင်း၊ များမကြာမီ အရာရှိရာထူးဖြင့် နိုင်ငံခြားရှိ မြန်မာသံရုံးတစ်ရုံးသို့ သွားရောက် တာဝန်ထမ်းဆောင်လိမ့်မည်ဖြစ်ကြောင်း၊ မြို့တော်သူဌေးကြီး ကိုလေး၏ သမီးခင်သီတာနှင့် လက်ထပ်ပြီး မြို့တော်စည်ပင်သာယာရေးမှ ကိုလေး ခိုးထုတ်၍ ရသမျှ ငွေများဖြင့် ကမ္ဘာအေးဘုရားလမ်းတွင် အပျံစား နိုင်ငံခြား

အဆင့်မီ ဆောက်ထားသော တိုက်ကြီးတွင် နေထိုင်ကြကြောင်း၊ ဒီ ကိစ္စကို တင်ဦးအနေဖြင့် ကြားသိရုံမျှသာ ရှိသေးကြောင်း၊ မမြင်တွေ့ သေးကြောင်း၊ ဒီလူတွေ လောဘရမ္မက် ဖုံးလွှမ်းပြီး စုံလုံးကန်းနေကြ ကြောင်း စသဖြင့် ပြောလာပါသည်။

ယခင်နှစ်ကလည်း တင်ဦးနှင့် အိမ်နီးနားချင်း နေထိုင်သော အမျိုး သမီး တစ်ဦးထံမှလည်း တင်ဦးဇနီး ခင်သန်းနွဲ့သည် ညှော်ခန်းထဲသို့ ထွက်လာပြီး ၎င်းအား ဧည့်ခံရာတွင် စိန်တွေ ဝတ်စားထားလိုက်တာ အံ့မခန်းပါပဲဟု ပြချသံကို ကြားသိခဲ့ရဖူးပါသည်။ နဝတ မာဖီးယား ဂိုဏ်းအား ဖွဲ့စည်းစဉ်က တင်ဦးနှင့် မယားညီအစ်ကိုတော်သူ မန္တလေး မြို့ အဝေးသင် တက္ကသိုလ်မှ ကျောင်းအုပ်ကြီး ဆရာဦးသိန်းစိန်ထံမှ တင်ဦးသည် ဆင်းရဲ၍ ရိုးသားသော အညာသားတစ်ဦး ဖြစ်ကြောင်းကို လည်း ကြားသိမှတ်သားဖူးပါသည်။

ယခုအချိန်တွင် တင်ဦးသည် မာဖီးယားအမေကြီး ဦးနေဝင်းထက် ပင် ချမ်းသာကြွယ်ဝလျက် ရှိနေပြီး သားတော်မောင် ဇော်ထွန်းဦးအား မြန်မာသံတမန် အရေခြုံပြီး ခိုးဝှက်ရသမျှ ဒေါ်လာများကို နိုင်ငံခြား တွင် သားနာမည်ဖြင့် ငွေစာရင်းဖွင့်ရန် ဆင်ကြံ ကြံစည်နေခြင်းပင် ဖြစ်သည်ဟု စာရေးသူ၏ မိတ်ဆွေက သုံးသပ်ကောက်ချက်ချထားပါ သေးသည်။

ထို့အပြင် ခင်ညွန့်နှင့် ခင်ဝင်းရွှေ၏ သမီးငယ် (ချင်းအမျိုးသား လူငယ်တစ်ဦးနှင့် အကြောင်းပါသွားသူ)သည် ကွန်ပျူတာ တက္ကသိုလ် တွင် ပထမနှစ် တက်ရောက်သင်ကြားစဉ် ကျောင်းသားကျောင်းသူ ၄၀၀ ခန့်တွင် အဆင့် ၃၈ သာရှိပြီး အညံ့ဆုံးစာရင်းတွင် ဝင်နေ၍ ခင်ဝင်းရွှေ က ကျောင်းအုပ်ကြီးထံ တယ်လီဖုန်း တစ်ချက်ဆက်ပြီး ပြောလိုက်သည့် နေ့မှစ၍ အဆင့် ၁ နံပါတ်ဝမ်း။ အဖေ ခင်ညွန့်လည်း နံပါတ်ဝမ်း သမီးလည်း နံပါတ်ဝမ်းပင် ဖြစ်ရမည် မဟုတ်ပါလား။ တက္ကသိုလ် ကျောင်းထွက် ကြံ့ဖွံ့တော်ကောင်ကလေးများ အားလုံး သိကြသည့် ကိစ္စ တစ်ခုပင် ဖြစ်ပါသည်။

အခွန်ထမ်း လုပ်သားပြည်သူများ အားလုံး၏ ချွေးနည်းစာဖြင့် ရင်းနှီးတည်ထောင်ထားသော အစိုးရဌာနနှင့် တက္ကသိုလ်များတွင် မှန်ကန်ခြင်း၊ စာနာထောက်ထားခြင်းနှင့် တရားဥပဒေ စိုးမိုးခြင်းများ လုံးဝ ဆိတ်သုဉ်းနေသည်ကို ပြည်ပတွင် ရောက်ရှိနေသော စာရေးသူထက် ကြံ့ဖွတ်ကောင်ကလေးများ အပါအဝင် ပညာတတ် လူငယ်များ အားလုံးက ပိုမိုသိပါလိမ့်မည်။

မျက်မှောက် မြန်မာနိုင်ငံတွင် ခေတ ယာယီ အုပ်ချုပ်နေပါသည် ဆိုသော နဝတ ဗိုလ်ချုပ်များထက် အာဏာရူးသူ၊ ဗလောင်းဗလဲ ဖြောဘတ်သူများ မြန်မာ့ရာဇဝင်သမိုင်းတွင် မပေါ်ပေါက်ခဲ့သေးကြောင်းကို ကြံ့ဖွတ်ကလေးများ သိရှိနားလည်ကြပါသည်။

နဝတ အကြီးအကဲ ခင်ညွန့်ကိုယ်တိုင် ၎င်းတို့ လုပ်ငန်းများကို ဘုရတ်သံအမတ်ကြီး မစ်ချန်ပေါင်လူးနှင့် စစ်သံမှူး ဗိုလ်မှူးကြီး ဝူဟွာချမ်းတို့အား ပြသ အစီရင်ခံနေကြရ၍ နဝတသည် မည်သူ့ နှာခေါင်းနှင့် အသက်ရှူနေသည်ကိုလည်း မြန်မာသတင်းစာ ဖတ်ကြသော ကြံ့ဖွတ်ကလေးများ သိရှိနားလည်သဘောပေါက်ကြပါလိမ့်မည်။

နီးရာဓားကို ကြောက်ကြရ၍ ထောက်ခံပွဲ တက်ရောက်နေကြရသော အစိုးရ ဝန်ထမ်း ကြံ့ဖွတ်ကလေးများ၏ အကြွေးတင်၍ ကျွန်ဖြစ်နေကြရသော မရွှင်ပြသည့် မျက်နှာသေကလေးများနှင့် ဒေါ်အောင်ဆန်းစုကြည် အိမ်ရှေ့တွင် ပြုလုပ်သည့် ဟောပြောပွဲများသို့ တက်ရောက်သော ဒီမိုကရေစီ လိုလားသူများ၏ ဘဝင်အေးသော မျက်နှာများသည် ဆီနှင့်ရေတမျှ ကွာခြားနေသည်ကိုလည်း ရုပ်မြင်သံကြား ကြည့်ရှုသူ ပရိသတ် အားလုံးက အကဲခတ်မိနေကြပြီ ဖြစ်သည်။

သို့ပါ၍ ဗဟိုမှ အကြံအဖန် လုပ်နေကြသော တင်ဦး၊ ခင်ညွန့်၊ သန်းရွှေနှင့် အပေါင်းအပါ အကျင့်ပျက်၊ မာဖီးယား စစ်ဝတ်စုံ အရေခြုံ ဗိုလ်ချုပ်ဆိုသူများအား တိုက်ဖျက်ကြ၊ ချေမှုန်းကြဟု အစိုးရဝန်ထမ်း ကြံ့ဖွတ်ကလေးများ၏ ရင်ထဲတွင် ကြွေးကြော်နေကြလိမ့်မည်သာ ဖြစ်ကြောင်းကို စာရေးသူအနေဖြင့် အကြွင်းမဲ့ ယုံကြည်နေမိပါသည်။

အဘယ်ကြောင့်ဆိုသော် နိုင်ငံ့ဝန်ထမ်းဖြစ်သူ စာရေးသူနှင့် အပေါင်းအပါ မိတ်ဆွေများသည်လည်း တရုံးအခါက အာဏာရှင် အစိုးရ ဖန်တီးသော လူစုလူဝေးထဲမှာပင် အာဏာရှင် ဆန့်ကျင်သော စိတ်ဓာတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့မိသောကြောင့်ပင် ဖြစ်ပါသည်။

**Voice of Burma, Issue No.37, June 23, 1996.**

✤

## ဗိုလ်ချုပ်ကြီးကတော် ရောင်းရန်ရှိသည်

ဗြိတိန်နိုင်ငံတွင် အယောင်ဆောင် နိုင်ငံရေး ခိုလှုံပြီး အင်္ဂလိပ်နိုင်ငံကူးလက်မှတ် ရရှိသွားကာ ဗမာပြည်သို့ ဝင်ထွက်သွားလာနေသော လူလည်တစ်ယောက်က ဗမာပြည်မှာ သင်္ချိုင်းမြေကအစ အမိုးတန်ကျောက်မျက်ရတနာ၊ ကျွန်းသစ်၊ သားငါးနှင့် ဓာတ်ငွေ့များပါ မကျန် အားလုံးကို နဝတဗိုလ်ချုပ်တွေ ရောင်းစားထားလို့ ဘာတစ်ခုမှ မကျန်တော့ပါဘူး။ ဗိုလ်ချုပ်ကတော် အသစ်ကလေးတွေပဲ ရောင်းဖို့ ကျန်ပါတော့တယ်။ ဗိုလ်ချုပ်ကတော် အများစုကိုတော့ နိုင်ငံခြား စီးပွားရေးသမားနှင့် ပြည်တွင်းက စီးပွားရေးသမားများက ဝယ်ထားပြီးဖြစ်ကြောင်း၊ ဗိုလ်ချုပ်ကတော် တစ်ယောက်စ နှစ်ယောက်စကို ခါးပိုက်ထဲ မထည့်ထားနိုင်ဘဲ ဘာစီးပွားရေးမှ လုပ်၍ မရနိုင်ကြောင်း၊ ကုမ္ပဏီတွေ၊ ဟိုတယ်တွေ၊ အင်းတွေ အများအပြားမှာ ဗိုလ်ချုပ်ကတော်တွေ ရှယ်ယာပါကြ ကြောင်း၊ ၎င်းတို့၏ လူယုံတော်များကို ဒါရိုက်တာ၊ မန်နေဂျာ စသည်ဖြင့် ခန့်ထားတာတွေသာ များပြားကြောင်း ပြည်သူလူထုတော့ အတော်ဆင်းရဲနေကြကြောင်း စသည်တို့ကို ဖောက်သည်ချလာပါသည်။

နဝတ မာဖီးယား အစိုးရခေတ်တွင် ဗိုလ်ချုပ်ကတော်များသည် ထိန်းမနိုင် သိမ်းမရလောက်အောင် လွန်လွန်ကဲကဲ လောဘရမ္မက်တက်လျက် ရှိကြပြီး ဗိုလ်ချုပ်မှူးကြီး သန်းရွှေထက်ပင် ဒေါ်ကြိုင်ကြိုင်က သြဇာအာဏာ ကြီးမားနေပြန်ပါသည်။

စစ်အာဏာရှင်များ၏ အမေကြီးဦးနေဝင်းသည် ရှေ့တန်းတက်ပြီးနေရာ သြဇာယူလွန်းသော စစ်ဗိုလ်ကတော်များနှင့် မိန်းမသြဇာခံလွန်းသော

စစ်ဗိုလ်များအား လှောင်ပြောင်သရော်လိုတိုင်း ယဉ်ကျေးမှုကဇာတ်မှ အထူးအရာရှိ ဗိုလ်မှူးမောင်ထူး (စာရေးဆရာ အမည် တပ်ကြပ်မောင်ထူး နှင့် ဂျပန်ခေတ် စစ်ကျောင်းတွင် "ပါးရိုက်သနံသော တပ်ကြပ်မောင်ထူး၊ ဗိုလ်မြင့်ဦးနှင့် မြင်းစီးရာဝယ် ရွှေလုံးပယ်လေ့"...ဟု သမိုင်းဝင် ပုဂ္ဂိုလ် တစ်ဦး ဖြစ်ပါသည်) အား ဟော့... ဗိုလ်မောင်ထူး မင်းလူပြက်တွေကို တပ်ထဲက ပြက်လုံးတွေ သင်ပေးလိုက်ပါဦးဟု အမိန့်ချမှတ်လေ့ ရှိပါ သည်။

သမ္မတ အိမ်တော်ဝင်းအတွင်းတွင် စစ်ဗိုလ်ကြီးနှင့် ကတော်ကြီး များ စုံညီသော နေ့ကြီးရက်ကြီး ညည့်ခံပျော်ဖြေပွဲတစ်ခုမှ ပညာပေး ပြက်လုံးတစ်ခုကို ဖော်ပြပါမည်။

**ဦးကြယ်တစ်လုံး။** ။ ဟေး...မောင်သော်တာ မင်းတပ်ထဲ က ထွက်လာတဲ့ စစ်သားဟောင်းဆိုတော့ စစ်တပ်မှာ တပ်မိန့်ဘယ်အချိန် ထွက်တယ်ဆိုတာ ပြောစမ်းပါဦးကွာ။

**မောင်သော်တာ။** ။ ဒါကလေးများ လွယ်လိုက်တာ တပ်မိန့် ဟာ စစ်တပ်ရုံးချိန်ဖြစ်တဲ့ မနက် ၈ နာရီမှ ညနေ ၃ နာရီအတွင်းမှာ ထွက်တာပေါ့ဗျာ။

**ဦးကြယ်တစ်လုံး။** ။ ဟာ... မင်းစစ်တပ်ထဲက ထွက်လာ တယ်သာဆိုတယ် ဘာဗဟုသုတမှ မရှိပါလား။ တပ်မိန့်ဆိုတာ သန်းခေါင် ယံ တစ်ချက်ထိုးပြီးမှ ထွက်တာကွ၊ မင်း မသေမချင်း မှတ်ထားစမ်းပါ ငအရဲ...

**မောင်သော်တာ။** ။ ဟာ... ခင်ဗျားကြီးဥစ္စာ မဟုတ်သေးပါ ဘူး။ စစ်တပ်ထဲမှာ ရာထူးတိုးတာတို့၊ တပ်ပြောင်းတာတို့၊ ရုံးမိန့် တပ်မိန့် ဆိုတာမျိုးဟာ ရုံးချိန်ထဲမှာပဲ ထွက်ရမှာပေါ့၊ ဘယ်ကလာ တစ်ချက်ထိုး ပြီးမှ ထွက်ရမှာလည်း နလပိန်တုံးကြီးရဲ...

**ဦးကြယ်တစ်လုံး။** ။ မောင်သော်တာ တပ်ထွက်လူပြက်ကလေး မှတ်သားလိုက်စမ်းပါ။ စစ်တပ်မှာ တပ်မိန့်ဆိုတာ တစ်ချက်ထိုးပြီးမှ

ထွက်တာကွ။ သန်းခေါင်ယံ တစ်ချက်ထိုးပြီးမှ စစ်ဗိုလ်ကတော်ကြီးက မောင်ရယ် ဗိုလ်ထွန်းကြည်ဆိုတဲ့ စစ်ဗိုလ်ကလေးဟာ သိပ်တော်တာပါပဲ။ ဘနက်ခွေနေ့က မြို့ထဲက မြက်တွေကို လာရိတ်ပေးသွားတယ်။ မေ့ အတွက်လည်း ပါတိတ်လုံချည်တွေ၊ မောင့်အတွက်လည်း အရက်ပုလင်း နဲ့ ဆိတ်သားခြောက်တွေ လာကန်တော့သွားရှာပါတယ်။ မေဈေးသွားရင် လည်း ဈေးခြင်းတို့၊ အထုတ်အပိုးတို့ကို ကူညီဆွဲပေးရှာပါတယ်။ ဒီ စစ်ဗိုလ်ကလေး ဗိုလ်ကြီးရာထူး ရသင့်တာ ကြာလှပါပြီ။ နော်…. မောင်…မောင်လို့ တမောင်ထဲမောင်လိုက်တာ အဲဒီအချိန်မှာတင် ဗိုလ် မှူးကြီးက ကောင်းပါပြီတဲ့ဗျာ၊ တစ်ချက်ထိုးမှ တပ်မိန့်ထွက်သွားတာ…

**မောင်သော်တာ။** ။ ဟုတ်လိုက်လေဗျာ၊ မှန်လိုက်လေဗျာ… ဟားဟား…

ဦးနေဝင်း၏ အပေါင်းအပါ စစ်ဗိုလ်တစ်စုတို့သည် ဗိုလ်မှူး မောင်ထူး၏ ဟာသမြောက်သော ပြက်လုံးကို မျက်ရည်ထွက်မတတ် ရယ်မောတတ်ကြောင်းကို ယဉ်ကျေးမှုကဇာတ် တစ်ဖွဲ့လုံးအသိပင် ဖြစ်ပါ သည်။

လူဆိုသည်မှာ သူနားလည်လွယ်သော စကားအဆင့်၊ အသုံးအနှုန်း နှင့် ပြောဆိုမှသာ သဘောပေါက်လေ့ ရှိပါသည်။

အထက်ပါ ပြက်လုံးသည်လည်း ဦးနေဝင်းနှင့် ၎င်းတပည့်တပန်း စစ်ဗိုလ်များ၏ အဆင့်အတန်းကို ဖော်ပြခြင်းမျှသာ ဖြစ်၏။

တပ်မတော်တွင်လည်း မျက်နှာလိုက်၊ ဘက်လိုက်ပြီး လက်သင့်ရာ ဘားတော်ခေါ်သော စစ်ဗိုလ်ဆိုးများ အပေါ်စီး ရရှိနေကြပြီး ၎င်းတို့ အဆင့်အတန်းကို ဖော်ပြနေသော နိုင်ငံရေး သတင်းဆောင်းပါးများ သည် ၁၀တာထုတ် နေ့စဉ် သတင်းစာများတွင် ရေးသားဖော်ပြနေကြ၍ တိုင်းပြည် နှင့်လူမျိုး ဂုဏ်သိက္ခာ အဆင့်အတန်းကို အလွန်ညှိုးနွမ်းစေလျက် ရှိနေ ပါသည်။

မာဖီးယား ဗိုလ်ချုပ်ကြီးများနှင့် ဗိုလ်ချုပ်ကတော်ကြီးများသည် "မြင်ဖူး မှုံးချောင်းကိုမြစ်ထင်" ဆိုသကဲ့သို့ သောက်ရေပုလင်းဆိုလျှင်

စက်ဘပူက သောက်ရေပုလင်းမှ၊ ကြက်သား၊ ဝက်သားနှင့် အမဲသား ဆိုလျှင်လည်း စက်ဘပူက အသားမှ၊ စားဖိုးမှူး၊ ထမင်းချက် ဆိုလျှင်လည်း စက်ဘပူ တရုတ် လူမျိုးချက်မှ အရသာတွေ့၊ ခံတွင်းတွေ့နေကြချိန်တွင် ပြည်သူလူထု အများစုတွင် ငပိရည်နှင့် ထမင်းဖြူကိုပင် နပ်မှန်စားနိုင် ရေးအတွက် ဆန့်တငင်ငင် ရုန်းကန်နေကြရရှာပါသည်။

ဗိုလ်ချုပ်ကတော်များသည်လည်း ဝိသမ လောဘသမားများ၏ ငွေဝယ်ကျွန်ပမာ အသုံးတော်ခံနေကြရသောကြောင့် ဗိုလ်ချုပ်ဆိုးတစ်စု၏ နိုင်ငံရေး ဩဇာသည်လည်း လမ်းမအလယ်တွင် ဆိုင်းဘုတ်ထောင်ရ သည့် ဘဝမျိုးသို့ ရောက်လျက်ရှိနေပြန်ပါသည်။

ယခုလောလောဆယ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာထူးကို ရရှိလာ ကြသော ကာကွယ်ရေး ဦးစီးချုပ် (ရေ) နှင့် (လေ)၊ စစ်ရေးချုပ်၊ စစ် ထောက်ချုပ် စသည့် တပ်မတော် အကြီးအကဲများနှင့် ဗိုလ်ချုပ်ကတော် အသစ်များအနေဖြင့် ဘယ်သူမပြု မိမိမှု ဆိုသကဲ့သို့ ကိုယ့်ဘဝကို နဝေ ဝန်ကြီး ဗိုလ်ချုပ်များနှင့် ဗိုလ်ချုပ်ကတော်များ နည်းတူ ဝိသမ လောဘ သမားများထံ မရောင်းစားကြဘဲ တိုင်းပြည်နှင့် လူမျိုးဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်ကြပါဟု မေတ္တာမွန်ဖြင့် တိုက်တွန်းဆော်ဩလိုက် ရပါသည်။

**Voice of Burma, Issue No.45, August 18, 1996.**

✣

## စစ်အာဏာရှင် ဦးနေဝင်း၏ အဆိပ်မိခံနေရသူများ

အဆိပ်ရှိသော မြွေ၊ ကင်း အကိုက်ခံရလျှင် ခံရသူသာ ဝေဒနာခံရပြီး အသက်ပင် သေဆုံးနိုင်ပါသည်။ နျူကလီးယား အဆိပ်နှင့် စစ်အာဏာရှင် ဦးနေဝင်း၏ အဆိပ်အတောက်မိသူ တစ်ဦးသည် မိမိတစ်ဘဝသာလျှင်မက မိမိ၏ ရင်သွေး သားသမီးများ ဘဝအထိ ဆိုးမွေများကို ခံကြရရှာပါသည်။

ဂျပန်နိုင်ငံရှိ ဟီရိုရှီးမားနှင့် နာဂါဆာကီ မြို့များတွင် နေထိုင်ခဲ့သော လူသားများအတွက် သားစဉ်မြေးဆက် နျူကလီးယားဗုံး၏ အဆိပ်အတောက် သင့်ခြင်းကိုခံခဲ့ကြရသကဲ့သို့ မြန်မာပြည်သူ အမြောက်အများသည်လည်း စစ်အာဏာရှင် ဦးနေဝင်းနှင့် နောက်လိုက် စစ်ဗိုလ်ဆိုးတစ်စု၏ အာဏာအဆိပ်ဗုံးဒဏ်ကို သားစဉ်မြေးဆက်ခံနေရသည့် ဖြစ်ရပ်တချို့ကို အောက်တွင် အများမြင်သာရန် တင်ပြပါမည်။

နေ့စဉ်ထုတ် နဝတ သတင်းစာများတွင် ဗိုလ်ချုပ်သန်းရွှေ၊ ဗိုလ်ချုပ်မောင်အေး၊ ဗိုလ်ချုပ်ခင်ညွန့်တို့နှင့် နိုင်ငံခြားသားများ တွေ့ဆုံသည့်အခါတိုင်းတွင် လူရှင်တော် အကာယ်ဒမီ ရပ်ရှင်မင်းသား ပုံသဏ္ဌာန်မျိုး မျက်မှန်နှင့် ပါးပြင်ဖောင်းမွမွ ပုဂ္ဂိုလ်တစ်ဦးသည် ခွေးခြေထိုင်ခုံငယ်တစ်ခုပေါ်တွင်ထိုင်ပြီး အင်္ဂလိပ်ဘာသာ စကားပြန် လုပ်ပေးနေသည်ကို အများပြည်သူများ တွေ့မြင်နေကြရပါသည်။

အဆိုပါ ပုဂ္ဂိုလ်သည် ဗိုလ်နေဝင်း၏ တော်လှန်ရေးကောင်စီ ခေတ် တစ်ခေတ်လုံးနှင့် မဆလခေတ်ဦးပိုင်းတွင် (ပုံ/ကိုကိုဟု) ဦးနေဝင်း ဟု အာဏာဆိပ်များကို လက်မှတ်ထိုးရသော ဗိုလ်မှူးကြီး ဦးကိုကို၏ သား ဆန်နီကိုကို (ခေါ်) ဦးခင်မောင်ဝင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ နိုင်ငံရေးရာ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် ဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်း လက်အောက်တွင် ကမ္ဘာ အရပ်ရပ်ရှိ နိုင်ငံများကို ပထဝီ အနေအထားအရ ခွဲစိတ်ထားသည့် နိုင်ငံ ရေးရာ ဌာနခွဲ ၆ ခွဲရှိပြီး ညွှန်ကြားရေးမှူး ၆ ဦးနှင့် ဝန်ထမ်းအများအပြား ရှိပါသည်။

နိုင်ငံတကာတွင် နိုင်ငံခြားရေးရုံး၏ နိုင်ငံရေးရာ ဦးစီးဌာနမှ ညွှန်ချုပ် (ဝါ) အမြဲတန်း အတွင်းဝန် စသည့် ရာထူးရှင်များသည် ဝန်ကြီးချုပ်၊ သမ္မတ စသည်များနှင့် မျက်နှာချင်းဆိုင်ထိုင်ပြီး ကမ္ဘာ့နိုင်ငံ ရေးရာ ကိစ္စရပ်များကို အကြံပေး တင်ပြကြရပါသည်။ ဦးနေဝင်း၏ တော်လှန်ရေးကောင်စီ ခေတ်တွင်ပင် နိုင်ငံခြားရေးရုံး၏ နိုင်ငံရေးရာ ဌာနခွဲမှ ညွှန်ကြားရေးမှူးများကို လူရာသွင်းပြီး ဥရောပဒေသ ကိစ္စကို သိရှိလိုလျှင် ဥရောပဒေသ ဌာနခွဲကို ကိုင်တွယ်သည့် ညွှန်ကြားရေးမှူး အား အိမ်တော်သို့ ပင့်ဖိတ်ပြီး ပညာရှင်အဖြစ် အသိအမှတ်ပြုပြီး တိုင်ပင် လေ့ရှိခဲ့ပါသည်။

အင်္ဂလိပ်စကား မပြောတတ်၊ မပြောရဲသော သန်းရွှေ၊ မောင်အေး နှင့် ခင်ညွန့်တို့ နဝတခေတ်တွင် နိုင်ငံခြားရေးရုံးမှ ညွှန်ချုပ်များသည် ခွေးခြေခုံပေါ်တွင်ထိုင်ပြီး ခွေးကဲ့သို့ပင် အနိုင်းခံနေကြရပါသည်။

ဦးကိုကို၏ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌရုံး အတွင်းဝန်ဘဝ ပြည်ထဲရေး ဝန်ကြီးဘဝတွင် ဦးခင်မောင်ဝင်းသည် သံရုံးတတိယအတွင်း ဝန်အဖြစ် လန်ဒန်၊ ဘန်ကောက်၊ ပီကင်း၊ တိုကျိုမြို့များရှိ မြန်မာ သံရုံးများကို တောက်လျှောက်ပြောင်းရွှေ့တာဝန်ပေးခြင်း ခံခဲ့ရပါသည်။ တခြားဝန်ထမ်းများမှာမူ သံရုံးတလှည့်၊ နိုင်ငံခြားရေးရုံးတလှည့် စသည် ဖြင့် တစ်နိုင်ငံသို့သာ တာဝန်ပေးသည်မှု ရှိပါသည်။

ဦးနေဝင်းကို မှီပြီး ဦးကိုကို အာဏာဆိပ် ရှိစဉ်က ဦးခင်မောင်ဝင်းသည် အခွင့်ထူးခံအဖြစ် လေးနိုင်ငံသို့ ဆက်တိုက်သွားရောက် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။

ယင်းနောက်ပိုင်းတွင် နိုင်ငံခြားရေးရုံးရှိ နိုင်ငံရေးရာ ဌာနခွဲတွင် တာဝန်ထမ်းဆောင်နေသော ဦးခင်မောင်ဝင်းအား ၄င်းဆောင်ရွက်ရသည့် နိုင်ငံနှင့် ပတ်သက်သော နိုင်ငံသို့ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ သွားရောက်မည့် ကိစ္စတွင် နိုင်ငံခြားရေးရုံး၏ ကိုယ်စားလှယ် အဖွဲ့ဝင်အဖြစ် စာရင်းသည့်သွင်း ပေးပို့ရာ၌ အမျိုးသားထောက်လှမ်းရေးအဖွဲ့မှ ဦးကိုကို၏သား ဦးခင်မောင်ဝင်းအား လူကြီးများ နိုင်ငံခြားသွားမည့် ကိုယ်စားလှယ်အဖွဲ့တွင် မထည့်သွင်းရန် နိုင်ငံခြားရေးရုံးမှ တာဝန်ရှိသူများအား ပြောကြားခြင်းကို ခံခဲ့ကြရပါသည်။

နိုင်ငံခြားရေးရုံးမှလည်း ဦးခင်မောင်ဝင်းအား ဦးနေဝင်း မမြင်နိုင်မတွေ့နိုင်သော ချောင်ကျသည့် ချက်ကိုစလိုဗက်ကီးယားနိုင်ငံ၊ ပရပ်မြို့ရှိ မြန်မာသံရုံးသို့ ပြောင်းရွှေ့ထားခဲ့ကြပါသည်။

အာဏာရှင် ဦးနေဝင်း၏ အဆိပ်မိခံနေခြင်းကို သိရှိသော ဦးခင်မောင်ဝင်းသည် ရှစ်လေးလုံး အရေးအခင်းတွင် အဆိပ်ပြယ်စေရန်အတွက် "ဒီမိုကရေစီ ရရှိရေး-ဒို့အရေး၊ ဒို့အရေး" ဟု ရှေ့တန်းမှပါဝင်ခဲ့ပါသည်။

ရှစ်လေးလုံး အရေးအခင်းတွင် ဦးခင်မောင်ဝင်းနှင့် တစ်နေ့တည်း၊ တစ်ချိန်တည်း နိုင်ငံခြားရေးရုံးသို့ တတိယအတွင်းဝန် အလုပ်သင်ရာထူးဖြင့် အလုပ်ဝင်ကြသော လုပ်ဖော်ကိုင်ဖက် ၈ ဦးအနက် ၃ ဦးသည် ဆန္ဒပြပွဲတွင် ပါဝင်၍ အလုပ်ထုတ်ခံရပြီး ၁ ဦးသည် နိုင်ငံခြားတွင် နိုင်ငံရေး ခိုလှုံသွားခဲ့ပါသည်။ ကျန် ၄ ဦးအနက် ကိုအေး (ဂျနီဗာ)၊ ကိုဝင်းမြ (နယူးယောက်)နှင့် ကိုညီညီသန်းတို့အား နဝတ၏ စကားပြန်အဖြစ် ခေတ္တခဏ လုပ်ခိုင်းပြီး သံအမတ်ရာထူး ချီးမြှင့်လိုက်ပါသည်။

စစ်ထောက်လှမ်းရေးအဖွဲ့၏ နာမည်ပျက်စာရင်းတွင် ပါနေသော ဦးကိုကို၏ သား ဦးခင်မောင်ဝင်းအား မရှိသုံး စကားပြန်အဖြစ် သုံး

နေခြင်းကို ဓာတ်သိများက "ခင်မောင်ဝင်းသည် ရန်သူနှင့် အတူ အိပ်ရသည့် မိန်းမရှင်" အဖြစ် နောက်ပြောင်နေကြပြန်ပါသည်။

အလျှဉ်းသင့်၍ မဆလခေတ်တွင် ခွေးလိုအခိုင်းခံရပြီး အငြိမ်စားယူသည့် အချိန်တွင် တစ်ပြားတစ်ချပ်မှ မစုဆောင်းမိ၍ ခွေးကျကျသော ဝန်ထမ်းကြီး တစ်ဦး၏ အကြောင်းကို တင်ပြပါမည်။

နိုင်ငံခြားရေးရုံးတွင် အင်္ဂလိပ်စာ အလွန်တော်ပြီး နိုင်ငံတကာရေးရာ ကိစ္စရပ်များကို အလွန်ကျွမ်းကျင်သော ညွှန်ချုပ်အစ်မကြီး ဒေါ်သန်းဟန်သည် ဦးနေဝင်းနှင့် ဝန်ကြီးဦးလှဖုန်းတို့၏ လက်သုံးတော်တောင်ဝှေးအဖြစ် မိန့်ခွန်းများရေးပေးရ၊ ဘာသာပြန်ပေးရ၊ နိုင်ငံခြားသို့ အစိုးရကိစ္စဖြင့် ခရီးထွက်တိုင်းလိုက်ရ စသည်ဖြင့် အပါးတော်မြဲဘဝရောက်ရှိသွားပြီး မြန်မာသံရုံးများသို့ တာဝန်ထမ်းဆောင်ရန် ပြောင်းရွှေ့ပေးခြင်း (Assignment)လုံးဝ မရရှိတော့၍ သမ္မာအာဇီဝဖြင့် ရနိုင်သော လစာဝင်ငွေ ဒေါ်လာများ မစုဆောင်းနိုင်ဘဲ ဖြစ်သွားခဲ့ပါသည်။ "မသန်းဟန်တစ်ယောက် မဟန်ဘူးဟေ့၊ ပင်စင်ယူပြီး မွဲနေတယ်"ဟု သူမ၏ အစ်မကြီးက စာရေးသူအား ပြောပြဖူးပါသည်။

ဝန်ကြီး ဦးလှဖုန်းက သောက်သုံးမကျဟု ဆဲဆိုပြီး စာတွဲနှင့်ကိုင်ပေါက်ခံရသော နိုင်ငံခြားရေးရုံး အုပ်ချုပ်ရေးဌာနမှ ညွှန်ချုပ် ဒုဗိုလ်မှူးကြီးဟောင်း မျိုးအောင်သည် နိုင်ငံခြားသို့ နယ်နှင်ခံရပြီး ကြွက်ထန်းလျက်အိုးထဲ ကျသွားသကဲ့သို့ နယူးဒေလီ၊ ပီကင်း၊ စင်္ကာပူနှင့် လန်ဒန်မြို့များတွင် ပထမအတွင်းဝန်၊ သံမှူးနှင့် သံအမတ်ရာထူး စသည်များကို တောက်လျှောက် ရရှိသွားခဲ့၍ အငြိမ်းစားယူသည့် အချိန်တွင် ပုံနှိပ်စက်များ ထူထောင်နိုင်ပြီး ချမ်းသာကြွယ်ဝနေပါသည်။

စစ်အာဏာရှင်များသည် အသုံးဝင်သော ပညာရှင် တစ်ဦးအား ကြံတစ်ချောင်းကို ကြံကြိတ်စက်တွင် အထပ်ထပ်အခါခါ ဘယ်ပြန်ညာပြန် ကြိတ်ပြီး အချိုရည် မထွက်တော့သည့်အခါ ကြံဖတ်အား အမှိုက်ပုံးထဲသို့ ဖွန့်ပစ်ပြီး ကြံရည်ကို အာဏာရှင် မိသားစုများ သောက်သုံး

ကြသည့် သာဓကများသည် မြန်မာနိုင်ငံ ဝန်ထမ်းလောကနှင့် ပညာရှင်လောကတွင် ဒဏ္ဍာရီမဟုတ်သော ကိုယ်တွေ့ဖြစ်ရပ်များပင် ဖြစ်ပါသည်။

နောက်ထပ် အဆိပ်မိခံနေရသူ တစ်ဦးကတော့ ၁၉၉၅ ခုနှစ်တွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးသို့ သံမှူးရာထူးဖြင့် ဒေါ်နီနီမြင့် (ဦးနေဝင်း၏ သမီး)၏ အော်ဒါလီ (orderly)စစ်တော်ကလှမ်းရေးမှ ဗိုလ်မှူးကျော်အေးသည် အရပ်သား ဝန်ထမ်းဘဝကို အဓမ္မ ကူးပြောင်းရောက်ရှိလာခဲ့ပါသည်။

ဒေါ်နီနီမြင့်၏ ထီးကိုင်၊ ဖိနပ်ကိုင် စစ်တောက်လှမ်းရေး ဗိုလ်မှူးကျော်အေးသည် ယူနီဖောင်းချွတ်ပြီး အရပ်သား ဝန်ထမ်းဘဝသို့ ကူးပြောင်းလာခဲ့သော်လည်း အာဏာအဆိပ်အတောက် မိခံနေရခြင်းမှ မကျွတ်လွတ်သေးဘဲ လန်ဒန်မြို့သို့ အလာခရီး မင်္ဂလာဒုံလေဆိပ်သို့ အဆင်းတွင် ပင် ရန်ကုန်တက္ကသိုလ်ရှိ ဒေါ်နီနီမြင့်၏ ရုံးခန်းသို့ဝင်၍ သူမ၏ အပေါင်းအသင်း ရောင်းရင်းများထံသို့ပေးရန် စာများနှင့် လက်ဆောင်ပစ္စည်းများ သယ်ယူလာရပြီး လန်ဒန်မြို့တွင် သူမအတွက် ဆောင်ရွက်ပေးရမည့် ကိစ္စအဝဝကို ညွှန်ကြားခံခဲ့ရပါသည်။

စာရေးသူ သံရုံးတွင် တာဝန်ထမ်းဆောင်စဉ်ကပင် ဦးနေဝင်း၏ သမီး စန္ဒာဝင်းက 'ဒီအကောင်မကြီး' (မိတ္တေးတော် ဒေါ်နီနီမြင့်အား ဆိုလိုပါသည်) ကိစ္စဝိစ္စများကို သံရုံးဝန်ထမ်းများ လုံးဝမဆောင်ရွက်ပေးရန် နှုတ်မိန့်ရှိခဲ့ဖူးပါသည်။

ဗိုလ်မှူးဟောင်းကျော်အေးသည် အဆီတဝင်းဝင်းနှင့် ဘာတာဝန်မှ မယ်မယ်ရရ မရှိသော စီးပွားရေးသံမှူး ရာထူးကို ရရှိပြီး တစ်လလျှင် ဒေါ်လာ ၁၅၀၀ကျော်နှင့် လစာရရှိကာ သားသမီးများအား အင်္ဂလိပ်စာသင်ကြားရန် အခွင့်ထူးကလေး ရရှိနေခဲ့ပါသည်။

သို့သော်လည်း တစ်နှစ်ပင် မကြာမြင့်သေးသော အချိန်၌ ဦးကျော်အေးအား ရန်ကုန်မြို့တွင် တာဝန်ကြီးကြီးပေးရန်အတွက် ပြန်ပြောင်းရွှေ့သွားကြောင်း သံရုံးမှ သတင်းအလိမ် လွှင့်ခဲ့ပါသည်။

ဦးကျော်အေးသည် ယခုအချိန်တွင် နိုင်ငံခြားရေးရုံးတွင် သမိုင်းဌာနဟု အများသမုတ်လေ့ရှိသော၊ အပြစ်ပေး အရေးယူခံရသူများကို ချောင်ထိုးလေ့ရှိသော အဆောက်အဦ ဆောက်ပုံဌာနစိတ်တွင် တာဝန်ကြီးကြီးကျယ်ကျယ်ကို ထမ်းဆောင်လျက်ရှိကြောင်း ကြားသိရပြန်ပါသည်။

ထို့အပြင် ဂျနီဗာမြို့ရှိ ကမ္ဘာ့ကုလသမဂ္ဂရုံး၏ အစည်းအဝေးများသို့ ဒီမိုကရေစီ ဘက်တော်သားများနှင့် လူမျိုးစု ကိုယ်စားလှယ်များ အရေးမြင်နှစ်စဉ်သွားရောက်ပြီး မြန်မာနိုင်ငံတွင် လက်ရှိအုပ်ချုပ်နေသော နဝတစစ်အစိုးရ၏ အခွင့်အရေး ချိုးဖောက်နေမှုများကို လူ့အခွင့်အရေး ကော်မရှင်တွင် စွဲချက်တင်လျက် ရှိနေကြပါသည်။

နဝတ စစ်အစိုးရ၏ ကိုယ်စားလှယ် ဂျနီဗာမြို့ရှိ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်ဖြစ်သူ သံအမတ် ဦးအေးသာ တာဝန်အရ နဝတ စစ်ဗိုလ်ဆိုးများ ပြောခိုင်းသည့်အတိုင်း အခွင့်အရေးများ မရှိကြောင်း၊ စေတနာ လုပ်အားပေးမှုများသာ ရှိကြောင်းကို ဖုံးကွယ်ပြောကြားလေ့ရှိပါသည်။

ယခုရက်ပိုင်းအတွင်းတွင် နိုင်ငံခြားရေးရုံးတွင် ငွေစာရင်းအင်းကျွမ်းကျင်သူ ဝန်ထမ်းအဖြစ် အနှစ် ၂၀ နီးပါး တာဝန်ထမ်းဆောင်လာသူ ဒေါ်နီနီဝင်း (သံအမတ် ဦးအေး၏ ဇနီး) သည် ခင်ပွန်းသည် ဦးအေးနှင့်တကွ လစာမဲ့ ခွင့် ၃ နှစ်ဖြင့် လိုက်ပါနေထိုင်နေပါသည်။

ဒေါ်နီနီဝင်း လစာမဲ့ ခွင့်ယူခဲ့သည်မှာ ၃ နှစ်ပြည့်တော့မည်ဖြစ်၍ နိုင်ငံခြားရေးရုံးမှ မည်ကဲ့သို့ ဆက်လက်ဆောင်ရွက်ရမည်ကို မေးမြန်းခဲ့ရာတွင် "သင့်တော်သလို" ဆက်လက်ဆောင်ရွက်ပေးပါရန် တင်ပြခဲ့ပါသည်ဟု ကြားသိရပါသည်။

သင့်တော်သလိုဆိုသည့် စကားအသုံးအနှုန်းမျိုးကို မကြိုက်သော နဝတ အစိုးရက ဒေါ်နီနီဝင်းအား အလုပ်မှ ထုတ်ပစ်လိုက်၍ နိုင်ငံခြားရေး ဝန်ထမ်းလောကတွင် ပွက်လောရိုက်နေပါသည်။

အစဉ်အလာအားဖြင့် လိုက်ပါလာသော ဝန်ထမ်းများအား သက်ဆိုင်ရာ ဌာနများမှ သံရုံးဝန်ထမ်း တာဝန်ပြီးဆုံးသည့် အချိန်ကာလအထိ လစာမဲ့ဖြင့် ခွင့်နှစ်ရှည် ပေးကြပါသည်။

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး အပြည့်အဝ ရှိပါသည်။ အဓမ္မ ဆောင်ရွက်မှုများ မရှိပါဟု ရှေ့တန်းမှ ခုခံပြောဆိုနေရသော သံအမတ် ဦးအေး၏ ဇနီးအား အလုပ်မှ မည်သည့် ခံစားခွင့်မျှ မပြုဘဲ ထုတ်ပယ်ခြင်းကို သုံးသပ်ခြင်းအားဖြင့် စစ်အာဏာရှင်များ၏ အဆိပ်နှင့် အနုမြူဗုံး၏အဆိပ်သည် လူသူမရွေး မျက်နှာမလိုက်ဘဲ မိတတ်ပုံပင် ဖြစ်ပေသည်။

အပေါင်းအသင်း ရောင်းရင်းများနှင့် မြန်မာ ပြည်သူပြည်သား တစ်ရပ်လုံးသည် အာဏာရှင် ဦးနေဝင်းနှင့် အပေါင်းပါ စစ်ဗိုလ်ဆိုးများ၏ အဓမ္မ ကျင့်သုံးနေသော အာဏာဆိပ်မိနေခြင်းမှ လွတ်မြောက်ကြပါစေဟု မေတ္တာမွန်ဖြင့် ရင်ဖွင့်လိုက်ရပါသည်။

ဓော်ဖြိုင်ဂျာနယ်၊ အမှတ် ၄၄၊ စက်တင်ဘာလ၊ ၁၉၉၆ ခုနှစ်။

✤

## ဗိုလ်ရှုပ်ကျော်ဘရဲ့ ရာထူးက တလှုပ်လှုပ် ဟိုတယ်များကလည်း ၄တ်တုတ်

မဆလခေတ်တွင် မြစ်ကြီးနားမြို့၌ စစ်တိုင်းမှူး ဗိုလ်မှူးချုပ် အယ်လ်ကွန်ဖန်သည် ကေအိုင်အေ၏ ကျည်စတွင် မြေကျသွားခဲ့ပါသည်။ တိုင်းမှူးကျဆုံးရခြင်းနှင့် ပတ်သက်၍ ဦးနေဝင်းသည် အလွန်ဒေါသူပုန် ထနေချိန်တွင် **မိုးပေါ်က မာဃ၊ ရှေ့တန်းတွင် ကျော်ဘ** ဟု လမ်းသွား လမ်းလာ တိုင်းရင်းသားများကိုပင် လက်နက်အားကိုးဖြင့် စိတ်မထင်လျှင် စစ်ကားပေါ်မှဆင်း၍ ပါးရိုက်လေ့ရှိသော အလွန်စရိုက်ကြမ်းတမ်းသည့် (ဗိုလ်ကြီးဟောင်း အေ-ဆင်မြူရယ်နှင့် ဒေါ်ခင်ခင် (ခ) အဲလ်လစ် ဘောတ်တို့၏သား) ကျော်ဘအား ကချင်ပြည်နယ်တွင် စစ်တိုင်းမှူးခန့်ရန် တပ်မတော်မှ ပါတီဥက္ကဋ္ဌ ဦးနေဝင်းထံ တင်ပြခဲ့ပါသည်။

ဦးနေဝင်းသည် ကျော်ဘဆိုသော နာမည်ကိုပင် ကြိုက်နှစ်သက်၍ ကျော်ဘကို စတန့်မင်းသား ရွှေဘနှင့် တင်စားပြီး ဗိုလ်ကျော်ဘကိုသာ ကချင်ပြည်နယ်အတွက် အားကိုးရတော့မှာပဲဟု လူပုံအလယ်တွင် ဖွင့်ဟ ပြောကြားခဲ့ပါသည်။

စစ်ဗိုလ်အများစုကလည်း ဗိုလ်ကျော်ဘအကြောင်းကို အတွင်းသိ ဖြစ်ကြ၍ ဘိန်းသမား၊ ကျောက်စိမ်းသမားများနှင့် မဟာမိတ် ဖြစ်နေသော ကျော်ဘသည် ဦးနေဝင်းနှင့်လည်း ပုလင်းတူ ဖူးဆို့ပင် ဖြစ်ကြောင်း ကောက်ချက်ချကြပါသည်။

မဆလခေတ်ကပင် ဝါရင့်စားဖား စစ်တိုင်းမှူးများ ဖြစ်ကြသော ဗိုလ်ချုပ်ကျော်ဘနှင့် ထွန်းကြည်တို့သည် ၄င်းတို့ တိုင်းမှူး ဗိုလ်မှူးချုပ် ဖြစ်နေချိန်တွင် ဒု-ဗိုလ်မှူးကြီးအဆင့်ပင် မရရှိခဲ့သေးသော ခင်ညွန့်နှင့် တင်ဦးတို့အား အာခံနေကြပြန်၍ နဝတများသည် ဦးနေဝင်း အကူအညီ ကိုယူပြီး ဗိုလ်ကျော်ဘ၊ ဗိုလ်ထွန်းကြည်နှင့် ဗိုလ်မောင်သင့်တို့အား ဝန်ကြီး ရာထူးပေးပြီး တပ်နှင့် အဆက်ဖြတ်လိုက်ကြပါသည်။

ဦးနေဝင်း အနေဖြင့်လည်း မပျက်မစီးသေးဘဲ ကျန်ရှိသေးသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အစဉ်အလာများကို ဆက်လက် ဖျက်ဆီး စေလိုသည့် မကောင်းဆိုးဝါး စိတ်ဓာတ်ဖြင့် ကျော်ဘအား ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနကို ဂျပန်ခေတ်တွင် တပ်ထဲ၌ ဆောင်ကြာ မြိုင်ဌာန ဖွင့်ခဲ့သည့် ပုံစံအတိုင်း ဖန်တီးဖွင့်လှစ်ပြီး ဝန်ကြီးတာဝန် ပေးအပ်ခဲ့ပါသည်။ လူငယ်မျိုးဆက်များ အကျင့်စာရိတ္တ၊ စိတ်သဘော ထားနှင့် အရည်အသွေး ကျဆင်းစေမည့် ဝန်ကြီးဌာနပင် ဖြစ်ပါသည်။

ယခင်နှစ် မြန်မာသံရုံး အစီအစဉ်ဖြင့် လန်ဒန်မြို့တွင် ဖြေဖျော် သွားသော အနုပညာအဖွဲ့မှ အဖွဲ့ဝင်တစ်ဦး၏ ပြောပြချက်အရ အဆို တော်တချို့၊ ရုပ်ရှင်သရုပ်ဆောင်တချို့နှင့် အလှမယ်တချို့တို့သည် ဗိုလ် ကျော်ဘ၏ အမြှောင်မယားများ ဖြစ်နေကြကြောင်း၊ ၄င်း၏ အမြှောင် မယားများသာ အစိုးရစရိတ်ကြေးငွေ အပြည့်အဝဖြင့် နိုင်ငံခြားသို့ သွား ရောက်ဖြေဖျော်ခွင့် ရကြကြောင်း၊ ဟိုတယ်၊ မိုတယ်နှင့် အင်းများဖွင့်ရန် လိုင်စင်လျှောက်သည့် အခါတွင်လည်း ငွေရော၊ လူရော ပေးရကြောင်း၊ တဏှာပွသော ဝန်ကြီးကျော်ဘကိုတော့ အားလုံးက ပူဇော်ပသနေကြရ ကြောင်းများကို သိရှိခွင့် ရရှိခဲ့ပါသည်။

ရှေးကဝိပါက် ခုနစ်ရက်၊ ကာလဝိပါက် နောက်ပိုးတက် ဆိုရိုး စကားသည် အလွန်မှန်ကန်နေပါသည်။

ဗိုလ်ရှုပ်ကျော်ဘ၏ သမီး မနွယ်နီဦးသည် လင်တော်မောင် သဘော်သား နိုင်ငံခြားသင်္ဘော လိုက်နေခိုက်တွင် ဘီလပ်ပြန် ကိုအေး ထွန်းနှင့် ပေါင်းသင်းနေထိုင်လျက်ရှိကြောင်း၊ (ကိုအေးထွန်းသည် ဆင်

လိုက် သင်္ဘောကျင်းတွင် အလုပ်သမား အရေးအခင်း၌ အလုပ်သမား များ သွေးမြေကျသည့် ကိစ္စတွင် တာဝန်အရှိဆုံး ရေတပ်ဗိုလ်မှူး သိန်းထွန်း၏ သားပင်ဖြစ်ပါသည်။) မန္တလေးနီဦးရဲ့ လင်ကြီး သင်္ဘောသား က ကွာရှင်းမပေး၍ ဦးနေဝင်း၏ မနောဒုစရိုက်ကဲ့သို့ ဗိုလ်ရှုပ်ကျော်ဘ င်သွေးများ၏ အကျင့်စာရိတ္တနှင့် စိတ်ထားအရည်အသွေး ကျဆင်းသွား ခြင်းပင် ဖြစ်ပါသည်။

သို့ရာတွင် ၁၉၉၆ ခုနှစ် ဩဂုတ်လ ၉ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် "နှစ်ဖက်သော မိဘများအား အမှူးထား၍ အမှတ် ၉ ဆော်ဂျီလမ်း၊ ကမာရွတ်မြို့နယ်နေ ဦးအေးထွန်းနှင့်ဇနီး ဒေါ်နွယ်နီဦးတို့ က အမှတ် ၂ တပ်မတော်ဆေးရုံသို့ အမေရိကန်ဒေါ်လာ တစ်သောင်း တန်ဖိုးရှိ မေ့ဆေးစက်ရုံ လှူနေပုံကို သူတစ်ပါး မယားနိုးသော ကိုအေး ထွန်းနှင့်ဇနီး၊ ဗိုလ်ကျော်ဘတို့ ဇနီးမောင်နှံရှေ့တွင် နဝတ အတွင်းရေးမှူး ၂ ဗိုလ်ရှုပ်တင်ဦးကပင် အရှက်အကြောက်မရှိ မျက်နှာပြောင်တိုက်၍ ကျေးဇူးတင်စကား ပြောနေသည့် သတင်းနှင့် ဓာတ်ပုံတို့ကို တွေ့ရပြန် သောကြောင့် ဗိုလ်ရှုပ်ကျော်ဘတို့ မိသားစုနှင့် နဝတ ဗိုလ်ရှုပ်ကြီးများ၏ ဆင်ရာစိုင်းနေကြသော လုပ်ရပ်များသည် သာဓက ယုတ္တိနှင့် သဘာဝ ယုတ္တိများ ပြည့်စုံနေ၍ အများတကာ သိရှိနိုင်ရန် တင်ပြခြင်းမျှပင် ဖြစ်ပါသည်။

ဘိန်းဘုရင် လော်စစ်ဟန်နှင့် ဗိုလ်ရှုပ်ကျော်ဘတို့ အုပ်စုသည် တစ်ပြားတစ်ချပ်မှ မရှိဘဲ နယ်စပ်တွင် ဆေးမြစ်တူးနေသော ရှမ်းတရုတ် ကိုကျော်ဝင်းဆိုသူအား မြန်မာမေဖလားဝါး ဘဏ်ဥက္ကဋ္ဌကြီး ဦးကျော်ဝင်း အဖြစ် ဖန်တီးလိုက်ကြပါသည်။ ဘိန်းဘုရင် လော်စစ်ဟန်နှင့် ဗိုလ်ရှုပ် ကျော်ဘ၏ ငွေများဖြင့် ဘီလီယံနာ ဖြစ်နေသော ဦးကျော်ဝင်းသည် မိမိ အစွမ်းအစ၊ ကြိုးစားမှုဖြင့် သူဌေးဖြစ်လာသယောင် အောက်ခြေ လွတ်သွား၍ နောက်ပိုင်းတွင် လော်စစ်ဟန်အနေဖြင့် သားတော်မောင် စတီဗင်လော အမည်ဖြင့်သာ ကန်ထရိုက် လုပ်ငန်းကြီးများကို ပေါ်ပေါ် ထင်ထင် လုပ်ဆောင်လာခြင်း၊ ဗိုလ်ရှုပ်ကျော်ဘသည်လည်း သမက်

ကိုအောင်ထွန်းနှင့် သမီး မနွယ်နီဦးတို့၏ အမည်ဖြင့်သာ စီးပွားရေး လုပ်ဆောင်လာခြင်း စသည်များကြောင့် တပ်မတော်အတွင်းရှိ မျိုးချစ် စစ်သားစစ်ဗိုလ်အပေါင်းတို့က ကန့်ကွက်ပြောဆိုလာကြပါသည်။ ဗိုလ်ရှုပ်ကျော်ဘ၏ ဝန်ကြီးရာထူးသည်လည်း လှုပ်တုတ်လှုပ်တုတ် ဖြစ်နေပြီး ၁၉၉၆ ခုနှစ် ခရီးသွားနှစ် မအောင်မြင်ပါက ဗိုလ်ရှုပ်ကျော်ဘသည် ဌာနလက်ကိုင်မရှိ ဝန်ကြီးစာရင်းထဲ ပါသွားမလား၊ အဖမ်းအဆီးပဲ ခံရမလား၊ ဘိန်းသမားအချင်းချင်း သတ်ဖြတ်ကြမလား တစ်ခုခုတော့ ရှုမြင်ကြရလိမ့်မည်ဟု ဝန်ထမ်းလောကမှ အကဲဖြတ် ဟောကိန်းထုတ်နေကြပါသည်။

မြန်မာနိုင်ငံတွင် နေ့စဉ်ထုတ်ဝေသည့် စီးပွားရေး မဂ္ဂဇင်း တစ်ခုတွင် "မန္တလေးမြို့မှာ နိုင်ငံခြားသားဧည့်သည် တည်းခိုနိုင်တဲ့ ဟိုတယ်အခန်း ၃,၇၀၀ ရှိပါတယ်။ ဧည့်သည်က တစ်နေ့ လူတစ်ရာတောင် မလာဘူး။ ဒီနေ့ဆိုရင် ၈၄ ယောက်ပဲ အဝင်ရှိတယ်။ နိုင်ငံခြား ဧည့်သည် လက်ခံမယ်ဆိုပြီး မှတ်ပုံတင်ထားတဲ့ ဟိုတယ်တစ်ခုဆိုရင် တစ်နှစ်ပတ်လည်လုံး နိုင်ငံခြားသား တစ်ယောက်မှ မလာလို့ နိုင်ငံခြားသား နာမည်တစ်ခုကို ကြံဖန်ရှာပြီး တစ်ယောက်တော့ တည်းတဲ့ပုံမျိုးနဲ့ အပြင်ကဒေါ်လာ အက်ဖ်အီးစီ ဝယ်ပြီးသွင်းရတယ်။ လိုင်စင်အသိမ်းခံရမှာ စိုးလို့လေ"ဟု ဟိုတယ်မန်နေဂျာတစ်ဦး၏ ပြောပြချက်မှုနှင့်ပင် ၄တ်တုတ်ထိုင်နေသော ဟိုတယ်နှင့် ခရီးသွားလာရေး စီးပွားရေး လောကကို သိမြင်နိုင်ပါသည်။

တိုင်းရင်းသား လုပ်ငန်းရှင်များကို အခွန်အကောက်မျိုးစုံ ကောက်ခံပြီး နိုင်ငံခြားသားတွေကို အလွန်မျက်နှာသာပေး၍ အခွန်အကောက်ကင်းလွတ်ခွင့် ပေးနေခြင်းများကိုလည်း အများပြည်သူများက ဒေါသပုန်ထလျက် ရှိကြပြန်ပါသည်။

ဗိုလ်ရှုပ်ကျော်ဘနှင့် မိသားစုကဲ့သို့ အကျင့်စာရိတ္တ ပျက်သူအပေါင်းနှင့် နဝတ အဖွဲ့ကြီးအား ဖွဲ့စည်းထားခြင်း ဖြစ်သောကြောင့် နဝတသည် မဆလ အစိုးရကဲ့သို့ပင် "သန့်စင်ဖယ်ရှား"ကို မပြုလုပ်နိုင်ဘဲ ဌာနလက်ကိုင်မရှိသော ဝန်ကြီးရာထူး အများအပြားရှိသော ကမ္ဘာ

ရှား အခမ္ဘသမား မာဖီးယား အစိုးရသာဖြစ်ကြောင်း အများတကာ သဘောပေါက်လာပြီ ဖြစ်ပါသည်။

ဒီမိုကရေစီ ဘက်တော်သားများ အနေဖြင့် စစ်အာဏာရှင် စနစ်ဆိုးအား တိုက်ဖျက်ရင်း အလွန်အန္တရာယ်များပြားသော မူးယစ်ဆေးဝါး ဘိန်းလုပ်ငန်းရှင်များနှင့် ပူးပေါင်းနေကြသော ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဘ ကဲ့သို့ အကျင့်ပျက် စစ်ဗိုလ်ဆိုးများနှင့် ထိပ်တိုက်ရင်ဆိုင် လာကြရသောကြောင့် တော်လှန်ရေးသတိ အထူးရှိကြရန် လိုအပ်လာပြီ ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**Voice of Burma, Issue No.50, September 1996.**

✣

## တပည့်၏ တပန်းဘဝ နဝတ

ယခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် မလေးရှားဘုရင် တွန်ကူ အဗ္ဗဒူလ်ရာမန်က နဝတ စစ်ခေါင်းပြ ဗိုလ်ချုပ်သန်းရွှေအား တည်ခင်းသည့် ညစာစားပွဲတွင် "မလေးရှား ကျွမ်းကျင်မှုနဲ့ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အောက်တွင် သင်ကြားပို့ချတဲ့ သင်တန်းမှာ မြန်မာသင်တန်းသားများ တက်ရောက်စေခဲ့ခြင်းဖြင့် မြန်မာနိုင်ငံ၏ လူသားစွမ်းအား မြှင့်တင်ရေး လုပ်ငန်းကို အကျိုးရှိစွာ အထောက်အကူ ပြုလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဆိုပြီး ပြောကြားသွားခဲ့ပါသည်။

မလေးရှားနိုင်ငံသည် ၁၉၅၇ ခုနှစ်တွင်မှ လွတ်လပ်ရေး ရရှိလာခဲ့ပါသည်။ ယင်းအချိန် ကာလတွင် မြန်မာနိုင်ငံ၌ ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိပြီး မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် လူသားစွမ်းရည် အမြင့်မားဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်နေပြီ ဖြစ်ပါသည်။

စာရေးသူ၏ ၂၆ နှစ်တာ သံတမန် ဝန်ထမ်းဘဝတွင် မြန်မာပညာတော်သင်များ မလေးရှားနှင့် စင်္ကာပူနိုင်ငံများသို့ သွားရောက်ပညာသင်ကြားခဲ့သည် ဆိုသည်ကို လုံးဝမကြုံတွေ့ခဲ့ဖူးပါ။ မလေးရှားလူမျိုးများကသာ ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဦးသန့်အား ဂုဏ်ပြုပြီး မလေးရှားနိုင်ငံတွင် ဂျလံ ဦးသန့်(ဦးသန့်လမ်း)ဟု လမ်းအမည်သည်ပင်လျှင် ယနေ့ထက်တိုင် တည်ရှိနေပါသည်။ ၁၉၇၀ ပြည့်နှစ် ဝက်ဝန်းကျင်အထိ မြန်မာလက်ရွေးစင် ဘောလုံးသမားကို မလေးရှားလူမျိုးတအားကစား ထူးချွန်သူများအဖြစ် အသိအမှတ် ပြုခဲ့ကြသည်။

မလေးရှားနိုင်ငံလွတ်လပ်ရေး မရရှိမီ ၁၉၅၆ ခုနှစ်ခန့်ကပင် မြန်မာ ဆရာဝန်ကြီးများသည် ဗြိတိန်နိုင်ငံမှ MRCP နှင့် FRCS စသည့် ဘွဲ့တော်ဝင်ဘွဲ့ထူး ဂုဏ်ထူးများကို ရရှိထားကြပြီး ဆေးပညာလောကတွင် အရှေ့တောင်အာရှ၌ မြန်မာများသည် ထိပ်ဆုံးအဆင့်မှာ ရှိခဲ့ပါသည်။

စာရေးသူနှင့် တွေ့ဆုံစကားစမြည် ပြောဆိုဖူးသော မလေးရှား နှင့် ယိုးဒယား လူမျိုး ဆရာဝန်ကြီးများက မြန်မာဆရာဝန်ကြီးများ တချို့၏ နာမည်များကို ပြောပြပြီး သိပ်တော်တဲ့လူတွေ၊ သိပ်မှတ်ဉာဏ် ကောင်းတဲ့ လူတွေဟု ချီးမွမ်းလေ့ ရှိကြပါသည်။

ဝိဇ္ဇာ၊ သိပ္ပံ၊ အင်ဂျင်နီယာနှင့် ဥပဒေ လောကတွင်လည်း မြန်မာ နိုင်ငံ၌ အမေရိကန်နှင့် အင်္ဂလန်တက္ကသိုလ်ကြီးများမှ ဒေါက်တာဘွဲ့ရ ပါရဂူကြီးများ အမြောက်အများ ရှိခဲ့ပါသည်။ စစ်အာဏာရှင် ဦးနေဝင်း လက်ထဲသို့ နိုင်ငံတော်အာဏာရောက်သွားချိန်မှ အစပြု၍ ပညာတတ် များသည် ဘေးရောက်ရှိသွားကြပြီး တိုင်းပြည်လည်း ချောက်ထဲသို့ ကျသွားခဲ့ပါသည်။

တစ်ခါတစ်ရံတွင် ဦးနေဝင်းသည် မှန်သောစကားများကို ပြောရှာ ပါသည်။

**"ငါ့အကောင်တွေ ဆင်းရဲတဲ့ဒဏ်ကိုသာ ခံနိုင်တာ၊ ချမ်းသာတဲ့ ဒဏ်ကို ခံနိုင်ကြဘူး" "စစ်တပ်က သေနတ်နဲ့ပစ်ရင် တည့်တည့်ပစ်တာ ဘေးကိုချော်မပစ်ဘူး" "တပည့်ခံရမဲ့ဘဝ ရောက်လာရင် ဆရာကြီးဆီ သွားပြီး တစ်ခါတည်း တပည့်ခံလိုက်ကြ၊ တပည့်ရဲ့ တပည့်တပန်းတော့ ဘယ်တော့မှ မခံကြနဲ့"**

(ဆိုလိုသည်မှာ အမေရိကန်တပည့်၊ အင်္ဂလိပ်တပည့် နောက်လိုက် များဖြစ်သော ယိုးဒယားနှင့် မလေးရှားတို့ထံတွင် တပည့်မခံကြဘဲ ဖွံ့ဖြိုး ပြီးဖြစ်သော အမေရိကန်နှင့် အင်္ဂလိပ် စသည့် နိုင်ငံကြီးများထံတွင်သာ တိုက်ရိုက်တပည့်ခံရန်ပင် ဖြစ်ပါသည်။)

ဦးနေဝင်းနှင့် တပည့်များ၏ လက်တွေ့ကျင့်သုံးသည့် မူဝါဒသည် လည်း တိုင်းပြည်နှင့် လူမျိုးအပေါ်တွင် တစ်မျိုး၊ မိမိနှင့် မိသားစု အတွက် တစ်ဖုံ၊ ဧဒင်္ဂါးပြား၏ ပန်းနှင့် ခေါင်းပမာ ကျင့်သုံးကြပါ

သည်။ မိမိနှင့် မိသားစုအတွက် ဆိုပါမူ ကျွမ်းကျင်မှုနှင့် နည်းပညာတွင် အိပ်ဆုံးမှုရှိသော အင်္ဂလန်၊ ဆွစ်ဇာလန်နှင့် အမေရိကန် နိုင်ငံများကို အားထားပြီး ဆေးကုသခံခြင်း၊ ပညာသင် စေလွှတ်ခြင်းများကို ဦးကြောင်းပြုက် ပြုလုပ်လေ့ ရှိကြပါသည်။ ဦးနေဝင်း၏ မယားပါသမီး မသော်တာ ငြင်း၏ သားငယ်ပင်လျှင် လန်ဒန်မြို့ရှိ စိန့်သောမတ်စ် ဆေးတက္ကသိုလ်တွင် လူမြင်သူမြင်မခံဘဲ ဆေးပညာ သင်ကြားနေသည်မှာ တတိယနှစ်ပင် အောင်မြင်နေပြီ ဖြစ်ပါသည်။ ပေါင်စတာလင်နှင့် အမေရိကန် ဒေါ်လာများကို မိမိနှင့်မိသားစုအတွက် ဦးဂုက်စုဆောင်းနေကြပါသည်။ တိုင်းပြည်နှင့်လူမျိုးအား အင်္ဂလိပ်နှင့် အမေရိကန်များသည် ကိုလိုနီနယ်ချဲ့ လက်သစ်များဖြစ်၍ ဆန့်ကျင်ကြရန် မှိုင်းတိုက်နေပြန်ပါသည်။ ငါပြောသလိုလုပ်၊ ငါလုပ်သလို မလုပ်ရဟူသော အာဏာရှင်၏ မူဝါဒပင်ဖြစ်ပါသည်။

၁၉၈၅ ခုနှစ်ခန့်တွင် ဦးနေဝင်း၏သမီး ဒေါက်တာ စန္ဒာဝင်းသည် အင်္ဂလန်နိုင်ငံမှ ဆရာများ လာရောက်စစ်ဆေးသော MRCP အပိုင်း ၁) စာမေးပွဲကို အင်္ဂလိပ်စာညံ့၍ မအောင်မြင်သည့် အခါတွင်မှသာ တိုင်းပြည်တွင် အင်္ဂလိပ်စာတတ်များ ရှားပါးသည်ကို သတိမူမိပြီး အင်္ဂလန်နိုင်ငံသို့ အင်္ဂလိပ်စာ သင်ကြားရန် ကျောင်းဆရာ၊ ဆရာမများနှင့် ဆေးတက္ကသိုလ်များတွင်လည်း ဌာနမှူးများသည်ပင် ပါရဂူဒေါက်တာဘွဲ့များ မရှိတော့၍ ဆရာဝန် ၉ ဦးခန့်ကို Ph.D ဘွဲ့ပညာသင်ကြားရန် စေလွှတ်ခဲ့ပါသည်။

ရှစ်လေးလုံး ဒီမိုကရေစီ တောင်းဆိုမှု အရေးအခင်းတွင် လက်နက်မဲ့သော ပြည်သူများအား အစုလိုက် ညှင်းဆဲသတ်ဖြတ်မှုကြောင့် ဒီမိုကရေစီ အစိုးရမျိုး မပေါ်ပေါက်မချင်း မြန်မာနိုင်ငံအား အင်္ဂလန်နိုင်ငံမှ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အပံ့များ မပေးရန် ပိတ်ပင်ခံရပြန်ပါသည်။ မြန်မာလူမျိုးများသည်လည်း ကျွမ်းကျင်မှုနှင့် နည်းပညာများကို ဆရာကြီးများထံတွင် တိုက်ရိုက်ဆည်းပူးခွင့် မရရှိတော့ဘဲ ပညာအရာတွင် မလောက်လေး မလောက်စား မလေးစားအပ်သော မလေးရှားများအထံတွင် တပည့်ခံနေရပြန်ပါသည်။

စာရေးသူ၏ နိုင်ငံခြားရုံးမှ အရာရှိ ဝန်ထမ်းများသည် အင်္ဂလန် နိုင်ငံသို့ လာရောက်ပြီး နိုင်ငံတကာရေးရာ ပညာရပ်များကို သင်ကြား ခဲ့ကြရာတွင် အခြားအာရှတိုက်မှ ကျောင်းသားများထက် ပညာတော်ပြီး ဂုဏ်ထူးဆုတံဆိပ်များပင် ရရှိခဲ့ကြပါသည်။ အများစုသည် ဒီမိုကရေစီ တောင်းဆိုစဉ်က အလုပ်ထုတ်ခံရခြင်းနှင့် နောက်ပိုင်းတွင် လစာဖြင့် မစားလောက်၍ ငယ်ငယ်ရွယ်ရွယ်နှင့် သံတမန်ဘဝကို စွန့်လွှတ်သွားကြ ပြန်ပါသည်။

ယခု နဝတခေတ်တွင် နိုင်ငံခြားရေးရုံးတွင် အရာရှိများကိုလည်း မလေးရှားသို့ ပညာသင် စေလွှတ်နေပြန်ပါသည်။ ကိုယ့်လူမျိုးထက် ဉာဏ်ရည် IQ (Intelligence Quotient) ညံ့သူများထံတွင် တပည့်ခံ ရရုံ ဆိုပါက အသက်ရှူဖြောင့်နိုင်ပါသေးသည်။ မြန်မာနိုင်ငံတွင် ဒီမို ကရေစီ မြတ်နိုးသူဖြစ်၍ သမိုင်းမှောင်ချထားခြင်း ခံထားရသော မြန်မာ သံအမတ်ကြီး ကုလသမဂ္ဂ အတွင်းဝန်ချုပ် ဦးသန့်၏ အကြောင်း၊ အတ္ထု ပ္ပတ္တိနှင့် လုပ်ဆောင်ချက်များကို မလေးရှား ဆရာများထံတွင် မြန်မာများ လက်ချာအရိုက်ခံနေရခြင်းများသည် ရင်ထဲမှ မွန်းနင့်စရာပင် ဖြစ်ပါသည်။

စာရေးသူ အနေဖြင့် ဝန်ထမ်းဘဝတွင် အသက်တစ်ဝက်ကျော်ခန့် ကျင်လည်လာရသူ ဖြစ်ပါ၍ ယနေ့ နဝတခေတ်ဆိုးတွင် ပြည်သူ့ ဝန်ထမ်း ၏ လစာနှင့် မစားလောက်၊ မနေလောက်၍ အကျင့်ပျက်သူပျက်၊ အား ပျက်သူပျက် စသည်ဖြင့် အဆိုးဘက်ကို ပြောင်းလဲနေသော အနိစ္စတရား အတွက် ပူဆွေးသောကရောက်လျက် ရှိပါသည်။

တပ်မတော်သားများ အပါအဝင် ပြည်သူ့ဝန်ထမ်းအပေါင်း အနေ ဖြင့် တပည့်၏ တပန်းဖြစ်နေသော နဝတစစ်အာဏာရှင်များအား ဝိုင်းဝန်း တော်လှန်ပြီး စစ်မှန်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်နိုင်ပါမှသာ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ရင်ပေါင်တန်း ဆက်ဆံနိုင်လိမ့်မည် ဖြစ်ကြောင်း ကို မေတ္တာမွန်ဖြင့် တင်ပြအပ်ပါသည်။

**Voice of Burma, Issue No.55, October 1996.**

✤

## မြူမှုန်လောက်မှ အဖိုးမတန်သည့် ဒေါ်လာ

၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့ထုတ် ကြေးမုံ သတင်းစာတွင် ၅၂ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ အစည်းအဝေး၌ နဝတ မာဖီးယားဂိုဏ်း၏ အတွင်းရေးမှူး (၂) ဗိုလ်ရှုပ်တင်ဦးက "ပထွေးကို အထင်ကြီးတတ်သည့် လူတချို့က တိုင်းပြည်မျက်နှာ၊ ပြည်သူများ၏ မျက်နှာ၊ ကျောင်းသားကျောင်းသူများ၏ မျက်နှာကို မငဲ့ကွက်ဘဲ တိုင်းပြည်နှင့် လူမျိုး၏ ဘန်ဖိုးနှင့် နှိုင်းစာလျှင် မြူမှုန်လောက်မှ အဖိုးမတန်သည့် ဒေါ်လာကို မက်မော၊ အာဏာကို ယစ်မူး၊ ဘယ်သူသေသေ၊ ငတေမာရင်ပြီးရော ဆိုသည့် စိတ်ရိုင်းများဖြင့် ခေတ်သစ်နယ်ချဲ့၏ နိုင်းစေရာကို မရှက်မကြောက် လုပ်နေကြသည်ကို တွေ့ရကြောင်း"ဟု ပက်လက်လှန်၍ ဘဲတွေးတွေးနေပြန်ပါသည်။

အမှန်တကယ်တွင်ယနေ့ မြန်မာနိုင်ငံသားများ၏ ပထွေးသည် နဝတ စစ်ဗိုလ်များ၏ အမေကို ပေးထားရသော "တရုတ်ပုဆိန်"ကြီးပင် ဖြစ်ပါသည်။ တရုတ်ပုဆိန်ကြီး မြန်မာပြည်ကြီးအား ထက်ခြမ်းခွဲနိုင်ရန် အတွက် လက်ကိုင်ပုဆိန်ရိုးသည်လည်း ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုပြီး တရုတ်သံမှ ဒေါ်လာသန်း တစ်ထောင်ကျော်ဖိုးခန့် လူသတ်လက်နက်များဝယ်သော နဝတ စစ်ဝါဒီများပင် ဖြစ်သည်ကို ဒုတိယ ဟောင်ကောင်ဟု တင်စားခံနေရသော မန္တလေးမြို့သို့ ရောက်ဖူးသူတိုင်း သဘောပေါက်ပြီး ဖြစ်ပါသည်။

ပထွေးတရုတ်ကြီး သင်ပေးသည့်အတိုင်း ဈေးကွက် စီးပွားရေး စနစ်နှင့် ဒေါ်လာကို ကျောထောက်နောက်ခံထားပြီး ဒေါ်လာ အက်ဖ် အီးစီ တိုကင် (Token) ကို တရုတ်လမ်းစဉ်အတိုင်း ရိုက်နှိပ်သုံးစွဲခဲ့သော သတ္တဝါသည်လည်း နဝတ စစ်ဝါဒီများပင် ဖြစ်ပါသည်။

ဒေါ်လာ အက်ဖ်အီးစီသည် တရုတ်ပြည်တွင် တိုကင်အဆင့်ဖြင့်ပင် ကွယ်ပျောက်သွားခဲ့သော်လည်း နဝတတို့၏ နိုင်ငံတွင် ရောင်းကုန် ဘဝသို့ ကူးပြောင်းသွားပြီး အစိုးရဌာနပေါင်းစုံမှလည်း ဒေါ်လာ အက်ဖ် အီးစီဖြင့် တယ်လီဖုန်း၊ ဓာတ်ဆီ၊ ချောဆီနှင့် လေယာဉ် လက်မှတ်များ ပါမကျန် အရောင်းအဝယ် ပြုလုပ်လာကြ၏။ ဒေါ်လာ အက်ဖ်အီးစီ သည် အခွင့်ထူးခံ ခေါင်းပုံဖြတ်သူ လူတန်းစားသစ်၏ သုံးငွေ ဖြစ်လာပါ သည်။ အလွန်ကျပ်တည်းသော လုပ်သားပြည်သူ လူတန်းစားသည် "ကျပ်" ငွေကို သုံးစွဲနေကြပါသည်။

**နဝတ၏ ဈေးကွက်စီးပွားရေး စနစ်အောက်တွင် ဒေါ်လာအက်ဖ် အီးစီ သုံးစွဲသော ချမ်းသာသည့် လူတန်းစားနှင့် ကျပ်ငွေ သုံးစွဲသော ဆင်းရဲသား လူတန်းစားဟု လူတန်းစား ၂ ရပ် ပေါ်ပေါက်လာပြန်ပါ သည်။**

တစ်ဒေါ်လာ အက်ဖ်အီးစီ၏ ပေါက်ဈေးသည် ကျပ် ၁၇၀ ခန့် အထိ ကြီးမြင့်လာပြီး အက်ဖ်အီးစီ ဈေးတက်သည်နှင့် အမျှ လူသုံးကုန် ပစ္စည်းများသည် ဈေးတက်လျက် ရှိနေပါသည်။

ပြည်တွင်းသို့ အမေရိကန်ဒေါ်လာ အဝင်နည်းပါးလျှင် အက်ဖ် အီးစီ ရိုက်နှိပ်ထုတ်ဝေမှုသည်လည်း နည်းပါးလာ၍ ပြည်တွင်းငွေ လည်ပတ်မှု ဘဏ္ဍာရေးစနစ်သည်လည်း ချွတ်ခြုံကျနေပြန်ပါသည်။

ထို့အပြင် နဝတ၏ စက်ရုပ် နိုင်ငံခြားရေးဝန်ကြီး ဦးအုံးကျော် ကလည်း ၅၁ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးတွင် နဝတ စစ်အစိုးရသည် ကမ္ဘာကြီးတွင် အထီးကျန်ဘဝ ရောက်လာမည် ကို စိုးရိမ်၍ အောက်ပါစကားရပ်ကို အလိမ်မာဖြင့် ပြောကြားသွားပြန် ပါသည်။

"ပတ်ဝန်းကျင် ယိုယွင်းမှု အကျိုးဆက်တွေဟာ နိုင်ငံတစ်နိုင်ငံတွင်သာမက နိုင်ငံအားလုံးနဲ့လည်း သက်ဆိုင်နေကြောင်းကို ပိုမို သိလာခြင်းနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ် ကမ္ဘာကြီးမှာ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်ကြရမယ်ဆိုတဲ့ အချက်ကို သိမြင်လက်ခံလာကြ ခြင်းတို့ကြောင့် မျှော်လင့်ချက်ရောင်ခြည်များ ပေါ်ထွန်းလာခဲ့ပါသည်။

ကမ္ဘာ့ပတ်ဝန်းကျင် ဂေဟစနစ် တစ်ခုနှင့်တစ်ခု ဆက်နွယ်လျက်ရှိတာကို မြန်မာနိုင်ငံအနေနဲ့ ကောင်းစွာ သဘောပေါက် နားလည်ထားပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိစေဖို့ အမျိုးသား အဆင့်၊ ဒေသအဆင့်နဲ့ နိုင်ငံတကာ အဆင့်တွေမှာ အဆင့်ဆင့် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်"

မှတ်ချက် -

**ဦးအုံးကျော်အား နဝတ စက်ရုပ် "ကျော်ကြီး"ဟု ဝန်ထမ်းများက အမည်ပေးထားပါသည်။**

အဘယ်ကြောင့်ဆိုသော် မဆလခေတ်တွင်ပင် ပြည်ပရှိ မြန်မာသံရုံးများသို့ သံရုံးစာရေးစာချီ ပြောင်းရွှေ့သည့် ကိစ္စကို အငယ်တန်းရာထူး ပြောင်းရွှေ့ရေးအဖွဲ့ဝင် ညွှန်ကြားရေးမှူးကပင် ဆုံးဖြတ်နိုင်ပါသည်။ ယခု နဝတခေတ်တွင် သံရုံးစာရေး အပြောင်းအရွှေ့ အသေးအမွှားကိစ္စကိုပင် နဝတ ဗဟိုရုံးချုပ်သို့ တင်ပြပြီး အဆုံးအဖြတ် ခံနေရပါသည်။ ကျော်ကြီးသည် ဘာလုပ်ပိုင်ခွင့်မှ မရှိဘဲ တစ်နေ့သုံးလေးကြိမ် စစ်ရုံးသို့သွားပြီး စစ်ရုံးအမိန့်ဖြင့် လက်အောက်ငယ်သားများကိုပင် ခိုင်းစေနေရပါသည်။

ဒေါ်လာ ဆာလောင်မွတ်သိပ်နေသော နဝတ ဗိုလ်ချုပ်ကြီး တင်ဦးက ဒေါ်လာကို မြူမှုန်လောက်မှ အဖိုးမတန်ပါဘူးဟု ပြောဆိုနေခြင်းသည် အများတကာ ကွယ်ရာတွင် ဒေါ်လာများကို ခါးပိုက်ထဲ လိပ်ထည့်နေပြီး လူရှေ့သူရှေ့တွင် အမေရိကန်ကို ကန်နေသယောင် သရုပ်ဆောင်ကာ မသိနားမလည်သော စစ်သားငယ်များကို မှိုင်းတိုက်နေခြင်းပါသည်။

စက်ရုပ်ကျော်ကြီးကလည်း နဝတ စစ်ဝါဒီများသည် ပြည်တွင်း အမျိုးသားရေး အဆင့်တွင် တရုတ်ကြီးကို ပထွေးခေါ်နေပြီး အရှေ့တောင်အာရှ ဒေသအဆင့်တွင် သုံးမရတော့သည့် အခြေအနေမျိုးဖြစ်ကာ နိုင်ငံတကာ အဆင့်တွင်လည်း ဒဏ်ခတ်ဝိုင်းပယ်ခံနေရသည့် ဘဝမျိုးနှင့် ရင်ဆိုင်နေရ၍ နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုသည် နဝတ အုပ်ချုပ်မှု နှစ်ကြာလေ ဝေးကွာလေဟု သံတမန် စကားဖြင့် ပြောပြနေရှာပါသည်။

စာရေးသူသာလျှင် အလွန်ရိုင်းစိုင်းသော စစ်ဝါဒီများ၏ ဒေါက်တိုင်ကလောင်ရှင် ဖေကကောင်း၊ ပေါက်စ၊ ဗျတ္တတို့ ဆိုပါက ထဘီအောက်ကို နိုလှုံမည်လား၊ ပထွေးတရုတ်ပုဆိုးအောက်မှာ ဆက်နေမည်လားဟု အသက် ၆၀ ကျော် ဗိုလ်ရှုပ်ကြီးများအား မေးမြန်းမိမည်ပင် ဖြစ်ပါသတည်း။

**Voice of Burma, Issue No.58, November 17, 1996.**

✤

## ဒုစရိုက်ကောင် နဝတများ၏
## ဒုစရိုက်နှိမ်နင်းရေး စီမံချက်

ဒုစရိုက်ကောင် နဝတစစ်ဗိုလ်ဆိုးများ အုပ်ချုပ်မင်းလုပ်နေသော ယနေ့ မြန်မာနိုင်ငံတော်ကြီးတွင် ဒုစရိုက်မှုများ အလွန်အမင်း များပြားလာနေ၍ ဒုတိယဗိုလ်ချုပ်ကြီး တင်ဦးနှင့် အပေါင်းအပါ ဒုစရိုက်ကောင်များက "မှုခင်းကျဆင်းရေးနှင့် ပညာပေး သတင်းထုတ်ပြန်ရေး စီမံချက်"များရေးဆွဲပြီး မှုခင်းများ ဖြစ်ပွားမှု အခြေအနေ၊ မှုခင်းများ မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ် တားဆီးမှု အခြေအနေ၊ မှုခင်းများ ကျူးလွန်ဖောက်ဖျက်ပါက တရားဥပဒေအရ ထိရောက်စွာ ပြစ်ဒဏ်စီရင်မှု အခြေအနေများကို ဆောင်ရွက်နေသယောင်ဖြင့် မြန်မာ သတင်းစာများတွင် သူယက်မှု၊ ခါးပိုက်နှိုက်မှုနှင့် ခိုးမှုကျူးလွန်သူ တရားခံတချို့အား ပြစ်ဒဏ်ပေးသည့် သတင်းများကို ဖော်ပြပြီး ပြည်သူများကို လှည့်စားလိမ်ညာနေသည်းရုံးနေပြန်သည်။

စာရေးသူ လန်ဒန်မြို့ မြန်မာသံရုံးတွင် တာဝန်ထမ်းဆောင်စဉ်က စစ်သံရုံးမှ ဝန်ထမ်းတစ်ဦး (ယခု ပြန်ကြားရေးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်၏ ကိုယ်ရေးအရာရှိ ပီအေ)၏ ပြောပြချက် တချို့ကို သတိပြန်ရမိပါသည်။ ၄င်းတို့ ရန်ကုန်စစ်ထောက်လှမ်းရေး ရုံးချုပ်တွင် ညတာဝန်ကျနေစဉ်က အရာရှိ အပါအဝင် အကြပ်တပ်သားများသည် ဗွီဒီယိုအပြာကားများကို ကြည့်ကောင်းနေစဉ်တွင် အရပ်သားအယောင်ဆောင်ပြီး နယ်မြေတာဝန်ကျနေသော ထောက်လှမ်းရေးက တယ်လီဖုန်းဆက်ပြီး

ဆရာဝံ့ လာကြပါဦး ဒီမှာ အပြာဗွီဒီယိုတွေ ပြနေပါတယ်ဟု သတင်းပေး၍ အထက်အရာရှိက ဖမ်းရန် အမိန့်ပေးသောကြောင့် မသွားချင် သွားချင်နှင့် သွားဖမ်းရကြောင်း စသည့် စစ်ထောက်လှမ်းရေးများ၏ ညမအိပ် နေ့မနေ ဒုစရိုက်မှု နှိမ်နင်းခြင်းပင် ဖြစ်ပါသည်။

တစ်ချိန်သော အခါကလည်း ဒဂုံပါတီယူနစ်မှ ရပ်ကွက်နေ ပါတီဝင်များအား ဒုစရိုက် နှိမ်နင်းရာတွင် ပါဝင်ကူညီကြရန်နှင့် မိမိ အိမ်အနီးအနားရှိ မှောင်ခိုကုန် ရောင်းဝယ်သူများ၏ စာရင်းကို ပေးကြပါရန် မေတ္တာရပ်ခံပါသည်။ စာရေးသူက "အခုပဲ သတင်းပေးပါရစေဗျာ၊ လိုက်ခဲ့ကြပါ၊ စိန့်ဂွန်းဈေးထဲမှာ မှောင်ခိုရောင်းဝယ်သူတွေ ရှိနေပါတယ်" ဟု ထကော၍ ၎င်းတို့ စိမ်ချက်သည် အူလည်လည် ဖြစ်သွားခဲ့ရပါသည်။

၁၉၈၆ ခုနှစ်က မဆလပါတီ ဥက္ကဋ္ဌကြီး ဦးနေဝင်း အင်္ဂလန်လာရောက်၍ ဆေးကုသခံနေစဉ်တွင် စာရေးသူနှင့် လက်ထောက် အိမ်တော်ဝန် ဦးကျော်ဆွေတို့သည် တာဝန်ဖြင့် ဈေးဝယ်ထွက်ကြရပါသည်။ ဦးကျော်ဆွေသည် မြန်မာနိုင်ငံသို့ ဥပဒေအရ တင်သွင်းခွင့်မရှိသော ကိုယ်လုံးတီး အပြာရုပ်မျိုးပေါင်းစုံကို တပွေ့တပိုက်ကြီး ဝယ်ယူနေပြီး စာရေးသူအား အရှက်ပြေပြောပြသည်မှာ "လူကြီးတွေ ဝယ်ခိုင်းနေတာ ကြာပြီဗျာ အခုမှပဲ တွေ့တော့တယ်။ ဥက္ကဋ္ဌကြီး ဦးနေဝင်း၏ လုံခြုံရေးကို တာဝန်ယူထားရတဲ့ ရဲဘော်ငါးဆယ်လောက်ကို ဂိုဒေါင်ထဲမှာ အမြဲနေရာချထားရပါတယ်။ သူတို့လေးတွေ အပျင်းပြေကြည့်ဖို့ လူကြီးတွေ နိုင်ငံခြားက ပြန်လာတိုင်း အမြဲဝယ်လာလေ့ ရှိပါတယ်" ဟူ၍ပင် ဖြစ်ပါသည်။

၁၉၉၆ ခုနှစ်တွင် သံရုံး၏ စည်းရုံးလှုံ့ဆော်မှုဖြင့် မြန်မာနိုင်ငံသို့ အုပ်စုလိုက် သွားရောက်လည်ပတ်ခဲ့ကြသော နှစ်ခွလူမျိုး (အင်္ဂလိပ်နိုင်ငံကူးလက်မှတ်နှင့် မြန်မာနိုင်ငံကူးလက်မှတ် ပူးတွဲ၍ ခိုးကြောင်ခိုးဝှက် ကိုင်ဆောင်သည့်လူများ) ဆရာဝန်ကြီး တစ်ဦးအား "၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် ကွန်မြူနစ်စနစ် ချုပ်ငြိမ်းပြီး ဆိုရှယ်လစ် ယောင်

ယောင်၊ ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနေသယောင်ယောင် လုပ်ဆောင်နေကြသည့် အရှေ့ ဥရောပနိုင်ငံများ၊ အထူးသဖြင့် ရုရှားနိုင်ငံနှင့် ရုရှားနိုင်ငံမှ ခွဲထွက်ကြသည့် နိုင်ငံများတွင် မာဖီးယားဂိုဏ်းကြီးများ၊ ဒုစရိုက်ဂိုဏ်းကြီးများ ပေါ်ပေါက်နေကြပြီး မြန်မာနိုင်ငံတွင် အဲဒီလိုဂိုဏ်းတွေ မပေါ်ပေါက်သေးတာ တော်သေးတာပေါ့''ဟု မေးမြန်းစုံစမ်းကြည့်မိပါသည်။

အဆိုပါ ဆရာကြီးက ''နီးနီး အဲဒီလို မဟုတ်ပါဘူး၊ မြန်မာနိုင်ငံက နဝတ အစိုးရဟာ မာဖီးယားဂိုဏ်းကြီး၊ ဒုစရိုက်ဂိုဏ်းကြီး (An Organization of Criminals) ပေါ့ဗျ။ ဒီထက်ကြီးတဲ့ ဒုစရိုက်ဂိုဏ်းကြီး ကမ္ဘာမှာ မရှိသေးပါဘူး။ လက်နက်ကိုင် နှစ်သောင်းကျော်ရှိတဲ့ ခွန်ဆာရဲ့ မာဖီးယားဂိုဏ်းကြီးတောင် နဝတ ဒုစရိုက်ဂိုဏ်းဆီမှာ အရှုံးပေးသွားရတာပါပဲ။ နဝတ အစိုးရကိုယ်တိုင်က လူသတ်၊ ညှင်းဆဲ၊ ဖြန့်ပေးဆွဲ၊ စားပြတိုက်၊ ဘိန်းချ၊ မှောင်ခို၊ ငွေအရောင်းအဝယ်လုပ်၊ ဓိမ်နှန်း၊ ဟိုတယ်၊ မိုတယ်၊ နိုက်ကလပ်တွေဖွင့်၊ လာဘ်ပေးလာဘ်ယူလုပ်၊ အများပြည်သူပိုင် မြေယာ၊ အိမ်၊ အဆောက်အဦတွေကို အတင်းဖျက်ပြောင်းရွှေ့၊ အစိုးရမြေကွက်တွေပေါ်မှာ စစ်ဗိုလ်ချုပ်ကြီးတွေ ကိုယ်ပိုင်အိမ်ဆောက်၊ ခိုးလို့ဝှက်လို့ ရတဲ့ ငွေတွေနဲ့ အလှူအတန်း ပေးလိုက်တာလည်း အံ့မခန်းပါပဲ''ဟု ချေပ ပြောကြားလိုက်ပါသည်။

ထို့အပြင် ၎င်းမျက်မြင် တွေ့ခဲ့ရသော နဝတ စစ်ဗိုလ်ချုပ်များ သားမယား သား၊ သမက်၊ တူ စသည်များသည်လည်း ဒုစရိုက်ကောင် ဘိန်းဘုရင်များနှင့် အဖွဲ့ကျနေပုံ၊ သေနတ်ငယ် (Pistols) များ ၎င်းတို့ သားမက် တူတို့၏ လက်ထဲတွင် တွေ့ခဲ့ရပုံနှင့် စားတော်ဆက်နှင့် နိုက်ကလပ်များတွင် အရှုံးအမူး ဖြစ်နေကြသည့် အခွင့်ထူးခံ ဒုစရိုက်သမားများ၏ လှုပ်ရှားမှုများကို ဗွီဒီယို ရိုက်လာခဲ့သည်ဟုလည်း ပြောပြနေမြဲပါသည်။

ဒုစရိုက်မှုများကို နှိမ်နင်းနေပါသည်ဆိုသော ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦးသည်လည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံ၍ တစ်ရပ်ကွက်တည်းနေ

လောယန်အမျိုးသမီးကြီး တစ်ဦး အိမ်သို့လာပြီး ကျွန်တော်တို့ကို ဘယ်လို မြင်သလဲ၊ လူတွေ ကျွန်တော်တို့ကို ဘာတွေပြောနေကြပါသလဲဟု မျာမျာ သလဲ လာမေးမြန်းသည်ဟု ဆိုပါသည်။

အဆိုပါ အမျိုးသမီးကြီးက ပြုံးရုံသာ ပြုံးပြီး ဘာမှ ပြန်မပြော လိုက်၍ ဗိုလ်တင်ဦး ရုက်သွားကြောင်း၊ ကျွန်မရင်ထဲမှာတော့ ပြောချ ချင်လိုက်တာ၊ မင်းတို့ငါ့ အိမ်နား ပြောင်းလာခါစတုန်းက ငါ့ဆီမှာ ကျပ် ငါးထောင်စ၊ တစ်သောင်းစကို အတိုးနဲ့ ချေးငှားခဲ့ကြရတာ မေ့ သွားပြီလားလို့၊ ယခု မင်းတို့ မိသားစု အနေဖြင့် ရတနာတွေ ဘုရားကို လှူနိုင်တာတို့ သိန်းနှင့်သန်းနှင့် အလှူထည့်ဝင်နေတာတို့ကို ဘယ်ကရတဲ့ ဝိုက်ဆံတွေလဲ၊ မင်းတို့ တရားရှိရင် ကိုယ့်ကိုယ်ကို ပြန်မေးသင့်တယ်။ ငါဘာကောင်လဲ၊ ဘာတွေပြောနေသလဲ၊ ဘယ်ဘဝကလာသလဲ စသည့် ရှမ်းတရုတ်မကြီး၏ ရင်ထဲတွင် မျိုသိပ်ထားလိုက်ရသော အစိုင်အခဲကြီး သည် စာရေးသူနေထိုင်ရာ လန်ဒန်မြို့မှ Chiswick ရပ်ကွက်သို့ပင် ရောက်ရှိလာခဲ့ပါသည်။

ယနေ့ ကမ္ဘာကြီးသည် ကျေးရွာတစ်ရွာမျှသာ ရှိတော့ပြီး ရွာ တောင်ဘက်မှ သတင်းစကားသည် ရွာမြောက်ဖက်ပိုင်းသို့ နေ့ညမကူးဘဲ ပျံ့နှံ့နေပါသည်။

နိဂုံးချုပ်အနေဖြင့် ဒုစရိုက်ကောင် နဝတနှင့် အပေါင်းပါတို့အား ရာဇဝတ်ဘေးဆိုသည်မှာ ပြေးမလွတ်ပါကြောင်းနှင့် ဒုစရိုက်မှုများအား ဘယ် ပုဂ္ဂိုလ်၊ ဘယ်ပါတီနှင့် ဘယ်အစိုးရမျိုးကမှ သင်ပုန်းချေ၍ မရနိုင် ပါကြောင်းနှင့် မြန်မာနိုင်ငံတွင် မတရားသဖြင့် စိုးမိုးအုပ်ချုပ်နေသော ဒုစရိုက်ကောင် နဝတများသည် နှစ်သစ်တွင် မလွဲမသွေ ကျဆုံးတော့ မည်ဖြစ်ကြောင်းသိစေအပ်ပါသည်။

နှစ်သစ်မှာ ဒီမိုကရေစီ ဘက်တော်သားများ အားလုံး ကျန်းမာ ချမ်းသာကြပါစေ။

**Voice of Burma, Issue No.64, November 29, 1996.**

✤

## စစ်အာဏာရှင်များ ဘဲဥအစ ရှာမရသည့် ပြဿနာ

၁၉၇၄ ခုနှစ်တွင် မြန်မာ့အာဏာရှင်များ၏ အဖေကြီး ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး နေဝင်းသည် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌဘဝမှ ပြည်သူ့ဆန္ဒကို မတရားသဖြင့် ရယူပြီး တစ်ပါတီစနစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကာ နိုင်ငံတော် သမ္မတကြီး ဦးနေဝင်း ဘဝကို ခံယူခဲ့သည်ကို အများတကာ သိရှိပြီး ဖြစ်ပါသည်။

ဦးနေဝင်းအနေဖြင့် ကမ်းလွန်ရေနံသာထွက်ရှိပါက အင်ဒိုနီးရှား သမ္မတကြီးများကဲ့သို့ စစ်ဗိုလ်များ အုပ်ချုပ်သည့် တစ်ပါတီ အာဏာရှင်စနစ် ယန္တရားကြီးသည် မြန်မာ့ရေမြေတွင် ထာဝရ ရှင်သန်မည်ဟု တွက်ချက်၍ အားထုတ်ခဲ့ရှာပါသည်။

ရေနံလုပ်ငန်း ကော်ပိုရေးရှင်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအောင်ခင်ကို ဆရာတင်ပြီး ဒေါ်လာသန်းပေါင်း မြောက်မြားစွာ ချေးငှားကာ ကမ်းလွန်ရေနံတွင်းများ တူးဖော်ခဲ့သော်လည်း အချည်းအနှီးသာ ဖြစ်ခဲ့ပါသည်။

စာရေးသူ ဘန်ကောက်မြို့တွင် ရှိစဉ်က အရှေ့တောင် အာရှတစ်ခွင်တွင် ရေနံတူးသော စက်ကိရိယာကြီးများကို ရောင်းသည့် အမေရိကန် သူဌေးကြီး မစ္စတာဗုံးလားက "ဒေါက်တာအောင်ခင်လည်း အလုပ်ပြုတ်၊ မင်းတို့ တိုင်းပြည်လည်း မွဲ၊ ငါလည်း ဗမာပြည် မသွားရဲတော့ဘူး။ ဒေါက်တာအောင်ခင်အတွက် စင်္ကာပူနိုင်ငံမှာ အလုပ်တစ်ခုရှာပေးရဦးမယ်"ဟု ပြောပြဖူးပါသည်။

အမေရိကန်ဒေါ်လာ သန်းပေါင်းရာကျော်ဖြင့် ဝယ်ယူခဲ့သော ကမ်းလွန် ရေနံတူးစက်ကြီးသည်လည်း ဦးနေဝင်း စိတ်ကောက်သွား၍ မုတ္တမပင်လယ်ပြင်တွင် သံချေးတက်သည်အထိ ပစ်ထားခံခဲ့ရရှာပါ သည်။

နိုင်ငံတော်တွင်လည်း ဦးနေဝင်းက ဆရာတင်ထားသူများ ဖြစ်စေလိုသော ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပါတီကောင်စီ၊ အခြေခံ အလုပ်သမားနှင့် တောင်သူလယ်သမား အစည်းအရုံး၊ သဘင်ကောင်စီ၊ ရုပ်ရှင်ကောင်စီ စသည့် လူထုလူတန်းစား အဖွဲ့အစည်းများလည်း တည်ဆောက်ထားပြီး ဖြစ်ပါသည်။

"ဆိုရှယ်လစ် ခေတ်ပြောင်းတော်လှန်ရေး အောင်ရမည်၊ အောင်ရမည်" (ယခု နဝတများ၏ ဒို့တာဝန် အရေးသုံးပါး၊ နိုင်ငံရေး ဦးတည်ချက် ၄ ရပ်၊ စီးပွားရေး ဦးတည်ချက် ၄ ရပ် အောင်ရမည်ကဲ့သို့ပင် ဖြစ်ပါသည်) သို့သော် ဘာတစ်ခုမှ မအောင်မြင်။ လူတွေက ခေါင်းရင်းသွား၊ ပေးရင်စား၊ ခံမပြောကြတော့ဘဲ ကွယ်ရာတွင် တစ်ဝမ်းတစ်ခါး အတွက် အကျင့်ပျက်ကြရရှာသည်။

ကုန်ထုတ်ပစ္စည်းကို တိုက်ရိုက်မကိုင်တွယ်ရသော၊ အထူးအခွင့်အရေး မရသော စစ်ရုံးချုပ်မှ ဗိုလ်၊ အကြပ်တပ်သားများသည် စစ်ယူနီဖောင်းဝတ်ပြီး မော်လမြိုင်ဘက်သို့ တစ်လတစ်ကြိမ်မျှ မှောင်ခိုပစ္စည်းများ သွားမသယ်နိုင်ပါက မိသားစု အူပြတ်ရမည့် အခြေအနေတွင် ရှိပါသည်။ ယူနီဖောင်းဖြင့် သီးသီးသန့်သန့် မြင်တွေ့နိုင်သော လမ်းစဉ်ပါတီ ဌာနချုပ်၊ အလုပ်သမား/လယ်သမားကောင်စီ ဌာနချုပ်မှ မိန်းမပျိုများသည် ရုံးချိန်အတွင်း ကုန်တိုက်များသို့သွားပြီး တန်းစီ ပစ္စည်းထုတ် ရောင်းချနေကြသည်ကို အမြင်မတော်၍ သက်ဆိုင်ရာ လူကြီးများကဖမ်းပြီး လော်လီကားကြီးများဖြင့်တင်၍ သက်ဆိုင်ရာ ရုံးများသို့ ပြန်အပ်ပြီး အပြစ်ဒဏ်ပေးသည့် ကိစ္စမျိုးလည်း မကြာခဏ ကြုံတွေ့ဖူးပါသည်။ ငါ့ဝမ်းပူဆာ မနေသာ၍ အစိမ်းဝတ်၊ အပြာဝတ် ဌာနချုပ်များမှ အလုဒေဝီတို့၏ အမည်စာရင်းသည်လည်း လူရောင်းလူဝယ်သူများ၏ သန်းခေါင်စာရင်းတွင် ပါဝင်နေပြန်ပါသည်။ (ယခုနဝတခေတ်တွင်

ဘယ်ရုံးတွင်မှ ရုံးချိန်မှန်သူ၊ ရုံးအလုပ်ကို ဦးစားပေးသူ မရှိတော့ဟု ကြားသိနေရဖြစ်ပါသည်။)

နိုင်ငံရေးဘဝ၊ စီးပွားရေးဘဝနှင့် လူမှုရေး ဘဝများ၊ လက်တွေ့ဖြစ်ရပ်များသည် အဆိုးဘက်သို့ ဦးတည်နေသည်။ ဘာကြောင့်နည်း---။ အစမရှာရဲ၊ အစရှာမရ၊ ဘဲဥအစ ရှာမရဟု အမှားကို ဖုံးကွယ်ချင်သော သူရဲဘောကြောင်သူ ဦးနေဝင်း၏ စိတ်ဝေဒနာမှာ အိပ်မပျော် စားမဝင်သော၊ ကိုယ်အလေးချိန်များ ဆုတ်လျော့လာပြီး လူတွယ်၍ပင် လမ်းသွားရသည့် ဘဝမျိုး ဖြစ်လာခဲ့ပါသည်။ (ဦးနေဝင်း လမ်းလျှောက်ရာတွင် တွယ်ပေးနေရသော ထောက်လှမ်းရေးမှ ဗိုလ်မှူး ကျော်မြင့် (ရေ) သည် မကြာမြင့်သောအချိန်၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သွားပြီး မကြာမြင့်သော အချိန်ကာလမှာပင် ဦးနေဝင်းနှင့် ထောက်လှမ်းရေး တင်ဦး ရန်ပွဲတွင် မြေဇာပင် ဖြစ်သွား၍ အလုပ်ဖြုတ်ခံခဲ့ရပါသည်)

ဦးနေဝင်း၏ နိုင်ငံရေး ဘဝတွင်လည်း ဘဲဥကဲ့သို့ အစပျောက်နေ၍ ဘဲဥအစ ရှာဖွေနိုင်ရန် ကိုင်ရိုမြို့တွင် တာဝန်ထမ်းဆောင်နေသော သံအမတ်ကြီး ဦးသာထွန်းအား ဆင့်ခေါ်လိုက်ပါသည်။ ဦးသာထွန်းသည် ဗိုလ်ချုပ်အောင်ဆန်း ခေတ်အခါကပင် ရခိုင်ပြည်နယ်မှ နိုင်ငံရေး ခေါင်းဆောင် တစ်ဦးဖြစ်ပြီး လွတ်လပ်ရေး မရမီကပင် နိုင်ငံရေး အကျဉ်းသမား၊ ဖဆပလခေတ်၊ အိမ်စောင့်အစိုးရခေတ် စသည့် ခေတ် အဆက်ဆက်တွင် ဖိုးသက်ရှည် နိုင်ငံရေး အကျဉ်းသမားတစ်ဦးအဖြစ် လူသိများပါသည်။

ဦးသာထွန်းသည် သမ္မတ အိမ်တော်အနီးအနားရှိ အလုံလမ်းမှ အိမ်တစ်အိမ်တွင် တည်းခိုရပြီး ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်တင်ဦး (ယခု အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်)က ဦးသာထွန်းအား ကြိုဆိုပြီး ဦးနေဝင်းနှင့် တွေ့ဆုံစေခဲ့ကြပါသည်။

ဦးနေဝင်းက ဦးသာထွန်းအား "ဘဲဥအစ ရှာမရသလို တိုင်းပြည်မှာ ဖြစ်ပျက်နေတယ်။ မင်းတို့ နိုင်ငံရေးသမားတွေ ကူကြပါဦး" ဌင်း၏

ဝန်ကြီးအဖွဲ့ထဲတွင် ဝန်ကြီးနေရာ တစ်နေရာရာမှာ ပါဝင်ထမ်းဆောင်ရန် ကမ်းလှမ်းပြောဆိုပါသည်။

ဦးသာထွန်းက "ဘဲဥအစ ရှာမရရင် လွယ်ပါတယ်။ ဘဲဥကို ခုံဖောင်းမှာ ရိုက်ခွဲလိုက်ရင် အစထွက်လာပါလိမ့်မယ်။ အဲဒီ ထွက်လာတဲ့ အစတွေကမှ တစ်စစီ တစ်စစီ ပြန်ကောက်ပြီး တစ်မျိုးသားလုံး ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်မယ့် အများပြည်သူ ပါဝင်နိုင်သော နိုင်ငံရေး အစမျိုးကို ပြန်စရန်" အကြံဉာဏ်ပေးပြီး ၎င်းအနေဖြင့် စစ်အုပ်ချုပ်ရေး ယန္တရားထဲတွင် ဝန်ကြီးရာထူး လက်ခံပါက စစ်တပ်နှင့် နိုင်ငံရေး သမားများ ပဋိပက္ခ ဖြစ်ပေါ်လာမည်ဖြစ်၍ စစ်ယန္တရား ဘဲဥကြီးကို မရိုက်မခွဲမချင်း ပါဝင်မဆောင်ရွက်နိုင်ကြောင်း ငြင်းဆန်ခဲ့ပါသည်။

(ဦးနေဝင်းသည် ဦးသာထွန်းအား စစ်တွေမြို့နယ် မဲဆန္ဒအမှတ် ၁ မှ လွှတ်တော်ကိုယ်စားလှယ်နှင့် ဆရာဦးစံသာအောင်အား စစ်တွေမြို့နယ် မဲဆန္ဒအမှတ် ၂ လွှတ်တော်ကိုယ်စားလှယ်များအဖြစ် အရွေးခံကြရန် ကာယကံရှင်များ သဘောမတူမီ ကြိုတင်လျာထားပြီးသည့် အပြင် ဦးသာထွန်းအား ပြန်ကြားရေးဝန်ကြီး ခန့်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ ဦးသာထွန်း ငြင်းပယ်၍သာ ထောက်လှမ်းရေးမှူးဟောင်း ဦးလွင်သည် အဆိုပါရာထူးကို ရရှိသွားခဲ့ပါသည်)

ဦးနေဝင်း အစရှာရင်းနှင့်ပင် မဆလ စစ်အာဏာရှင် ဘဲဥကြီးသည် ပုပ်သိုးသွားခဲ့ပါသည်။

အရှေ့တောင်အာရှတွင် ရှာမတွေ့နိုင်တော့သည့် စစ်အာဏာရှင် ဘဲဥပုပ်ကြီးအား အကောင်များပေါက်မည်လားဟု နဝတ ငမိုက်သားများက အမျိုးသား ညီလာခံ အတုအယောင်၊ ဒီမိုကရေစီ မစစ်၍ အများပြည်သူ ကိုယ့်ကြမ္မာကိုယ် မဖန်တီးနိုင်သော နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၊ ကြံ့ဖွံ့အဖွဲ့နှင့် အတုအယောင်စာပေ၊ သဘင်၊ ရုပ်ရှင် အနုပညာကောင်စီများကို ဖွဲ့စည်းကာ မုန့်လုံးစက္ကူကပ်သည့် ဦးနေဝင်း၏ ဘဲဥအစ ရှာမရသော တေးသွားအတိုင်း ပြန်ဆိုနေကြပြန်ပါသည်။

နိုင်ငံရေးသမားများနှင့် အပေါင်းအဖော် ဖြစ်ခဲ့ဖူးသော ဦးနေဝင်း၏ စိတ်နှင့် စေတသိတ် (စိတ်၏ အပြုအမူ ဆန်းကြယ်မှု)တွင် တစ်ခါတစ်ရံ၌ အမှားကို ဖုံးကွယ်လိုသော သူရဲဘောကြောင်သူ အဖြစ်လည်းကောင်း၊ တစ်ခါတစ်ရံတွင် အမှားကို ပြင်ရဲ၊ မြင်ရဲသော သူရဲကောင်း အဖြစ်လည်းကောင်း၊ သိစိတ်နှင့် မသိစိတ်တို့သည် လွန်ဆွဲပြီး ဒိရောဓိ ဖြစ်ပေါ်နေ၍သာလျှင် ဦးသာထွန်းကဲ့သို့ နိုင်ငံရေးသမားများကို ပင့်ခေါ်ဆွေးနွေးမှုများ ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဦးနေဝင်းအနေဖြင့် အစရှာမရသော နိုင်ငံရေးဘဝ၊ စစ်အုပ်ချုပ်ရေး ဘဲဥကြီးအား မရိုက်ခွဲရဲသကဲ့သို့ ယခုလက်ရှိ အသက် ၆၀ ကျော် နဝတ စစ်ဗိုလ်ချုပ်များသည်လည်း ကမ္ဘာ့နိုင်ငံရေး ဘဝတွင် ပုပ်သိုးသွားသော အဆိုပါ စစ်အုပ်ချုပ်ရေး ဘဲဥကြီးအား မရိုက်ခွဲရဲဘဲ အစရှာနေ သယောင်ယောင်နှင့် ရိုက်စားနေကြဦးမည်သာ ဖြစ်ပါသည်။

သို့ရာတွင် ငယ်ရွယ်နုပျိုသော စစ်သည်တော်များနှင့် ကျောင်းသားလူငယ်များ၊ အလုပ်သမားနှင့် လယ်သမားများ၊ အသိပညာရှင်နှင့် အတတ်ပညာရှင်များ၊ ရဟန်းရှင်လူအပေါင်းနှင့် ကမ္ဘာ့ပြည်သူ အပေါင်းတို့ အနေဖြင့် စစ်အုပ်ချုပ်ရေး အာဏာရှင် ဘဲဥပုပ်ကြီးအား အနေးနှင့်အမြန် ရိုက်ခွဲပြီး တစစီ တစစီ ပြန်ကောက်ကာ ပြည်သူအပေါင်းတို့ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို တည်ဆောက်ကြမည်ပင် ဖြစ်ပါတော့သည်။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၄၆၊ ဇန်နဝါရီ၊ ၁၉၉၇ ခုနှစ်။

✣

## မောင်အေးနေဝင်း (ဝါ)
## ကိုလိုနီလက်သစ် ပညာသင်ကြားနေသူ

မြန်မာနိုင်ငံတွင် တက္ကသိုလ်များကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ တွင် ကျောင်းသားများ ဆန္ဒပြမှုကြောင့် အကန့်အသတ်မရှိ ပိတ်ထားခဲ့ ပြန်ပါသည်။

တက္ကသိုလ် ဆိုသည်မှာ လူသားစွမ်းရည်နှင့် ခေတ်မီအဆင့်မြင့် ပညာရပ်များကို ပြုစုပျိုးထောင်ပြီး စုစည်းသိုလှောင်ထားသည့် ပညာ ဘဏ်တိုက်ကြီး ဖြစ်ပါသည်။

ပညာဘဏ်တိုက်ကြီးအား အကြိမ်ကြိမ်ပိတ်၊ အကြိမ်ကြိမ် ရိုက် ချိုးဖျက်ဆီး၊ ခိုးဝှက်လုယက်ခဲ့သူများသည် စစ်အာဏာရှင် ဦးနေဝင်း နှင့် အပေါင်းအပါ စစ်ဝါဒီများသာ ဖြစ်ကြသည်ကို ပညာရှင် သုတေသီ များအားလုံး သိရှိကြသည် ဖြစ်ပါသည်။

ယနေ့ ကမ္ဘာတွင် အင်္ဂလိပ်နှင့် အမေရိကန် စသည့် နိုင်ငံကြီးများ သည် ပညာဘဏ်တိုက်ကြီးများကို စနစ်တကျ ထိန်းသိမ်းထားကြပြီး အင်္ဂလိပ်စာနှင့် အကျွမ်းဝင်ကြသော မြန်မာနိုင်ငံသားများ အတွက်လည်း အထင်ကြီးစရာပင် ဖြစ်နေပါသည်။

ဦးနေဝင်းနှင့် အပေါင်းအပါ စစ်ဝါဒီများသည် အနောက်နိုင်ငံကြီး များအား ကိုလိုနီလက်သစ် ဝါဒကို ကျင့်သုံးနေသူများနှင့် ကိုလိုနီ ပညာ ရေးစနစ်ကို ဖြန့်ဖြူးနေကြသူများဟု ပြည်သူများအား ဝါဒဖြန့် မှိုင်း တိုက်ပြီး တခြားတစ်ဖက်တွင် ကိုယ့်ရင်သွေး သားသမီး မြေးမြစ်များကို

အင်္ဂလိပ်စာ တတ်မြောက်ရန်၊ တက္ကသိုလ်ဘွဲ့များ ရရှိရန်၊ ပြန်တမ်းဝင် အစိုးရရာထူးကြီးများကို ရရှိရန်၊ အနောက်နိုင်ငံကြီးများနှင့် ဆက်သွယ် ပြီး ကုမ္ပဏီများ ထူထောင်ရန်နှင့် ဒေါ်လာငွေဖြင့် လစာရရှိရန် စသည် များကို အရှက်အကြောက် ကင်းမဲ့စွာဖြင့် အချင်းချင်း အပြိုင်အဆိုင် ပြုလုပ်လျက် ရှိနေကြပြန်ပါသည်။

မြန်မာစစ်အာဏာရှင်များသည် ကြောင်သူတော်၊ ခွတုတ်၊ လူညာ လလိမ်များ (Hypocrite and Double-dealer) သာ ဖြစ်ကြ၍ ဒီမို ကရေစီ စနစ်ကို ကြောက်လန့်သူများ ဖြစ်ကြပါသည်။

၉-၁-၉၇ နေ့တွင် လန်ဒန်မြို့ရှိ မြန်မာသံရုံးမှ ဟော်တယ် တစ်ခု တွင် ပြုလုပ်သော လွတ်လပ်ရေးနေ့ ညစ်ခံပွဲ၌ ဦးနေဝင်း၏ မြေး၊ ကိုအေးဇော်ဝင်းနှင့် ဒေါက်တာစန္ဒာဝင်းတို့၏ သားကြီး ဩရသ မောင် အေးနေဝင်းသည် ဘိုးအေ ဦးနေဝင်း ဂိုက်မျိုးဖမ်းပြီး ရင်ဖုံးတိုက်ပုံ အင်္ကျီနှင့် အမျိုးသားဝတ်စုံ ဝတ်ဆင်ပြီး အခန့်သား ပေါ်လာခဲ့ပါသည်။

ညစ်ခံပွဲလာ ပရိသတ်များက ပို၍ အံ့အားသင့်သွားကြသည်မှာ မောင်အေးနေဝင်းသည် လန်ဒန်တက္ကသိုလ် အရှေ့များနှင့် အာဖရိက ပညာကျောင်း (Soas-School of Oriental and African Studies) တွင် ယခင်နှစ် စက်တင်ဘာလကပင် စတင်ပြီး ဥရောပ ပညာရပ် ကို လာရောက်သင်ကြားနေ၍ပင် ဖြစ်ပါသည်။

"ဘယ်ကရတဲ့ နိုင်ငံခြားငွေနဲ့လဲ၊ ကျောင်းလခ ထားတည်းပင် တစ်နှစ်ကို ပေါင် ၇၃၀၀ (ခုနစ်ထောင့်သုံးရာ) ပေးရကာ မြန်မာနိုင်ငံ မှ နိုင်ငံခြားငွေ ရရှိလျှင်လည်း နိုင်ငံခြားကို တရားဝင်ထုတ်လို့ မရပါ ဘူး။ အက်ဖ်အီးစီ ဒေါ်လာစာရွက်ကိုပဲ ပြည်သူတွေ ကိုင်ခွင့်ရှိတာ။ ဦးနေဝင်း တစ်သက်လုံး ခိုးဝှက်ထားတဲ့ တိုင်းပြည် ဘဏ္ဍာတော်က နိုင်ငံခြားငွေတွေနဲ့ မြေးကို အင်္ဂလန်ပို့ပြီး ပညာသင်နိုင်း နေပြန်ပါသည်။ အင်္ဂလိပ်စာ သင်ပေးတဲ့ သာသနာပြု ကျောင်းတွေကို ပြည်သူပိုင်သိမ်း၊ အင်္ဂလိပ်ကို ကိုလိုနီ လက်သစ်ဝါဒီတွေဆိုပြီး နေ့စဉ် သတင်းစာများမှာ အမျိုးမျိုး ဆဲဆိုနေကြကာ ကိုယ့်သွေးကိုယ့်သားကိုတော့ အင်္ဂလန်မှာ

ကျောင်းလာထားပြီး ကိုယ့်နိုင်ငံက တက္ကသိုလ်ကျောင်းတွေကျတော့ ပိတ်သားပြန်ပါပြီ။ အရှက်မရှိတဲ့လူတွေ ဟစ်ပိုကရစ်တ်တွေ" ဟု ပရိသတ်၏ အမျိုးမျိုး ဝေဖန်သံများသည် လွတ်လပ်ရေးနေ့ ညစ်ခံပွဲ ခန်းမမှ ဘင်ပြီး အင်္ဂလန်တစ်ပြည်လုံးသို့ ပျံ့ပွားနေပါသည်။

ကိုအေးဇော်ဝင်းနှင့် ဒေါက်တာဗိုလ်မှူး စန္ဒာဝင်းတို့ ဇနီးမောင်နှံသည် ရှစ်လေးလုံး အရေးတော်ပုံတွင် ဦးနေဝင်း၏ ဘုတ်ကိုင်များ ဖြစ်ကြပြီး ဒီမိုကရေစီ တောင်းဆိုသူများအား ဖြုတ်ထုတ်သတ်ရာတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြပါသည်။ ယခု နဝတ ခေတ်တွင်လည်း ဝတနှင့် အပြန်အလှန် အကျိုးစီးပွား ခံစားနေကြရပါသည်။

ပြည်သူများ၏ ချွေး-သွေး-အသက်-ဥစ္စာ-ပညာရပ်များကို ဥပမာသွင်းပြီး ဟိုတယ်၊ လေကြောင်း ကုမ္ပဏီနှင့် သားငါး သိုလှောင်သော ရေခဲတိုက် စသည်များကို တည်ဆောက်ထားသည့် ခေတ်ပျက်သူဌေးကြီးများ ဖြစ်ကြပြီး ၎င်းတို့ ဇနီးမောင်နှံသည် ဦးနေဝင်း၏ ခိုးရာပါပစ္စည်းများနှင့် နိုင်ငံခြားငွေများကို လက်ဝယ်ရရှိထားသော သူခိုးလက်ခံများ ဖြစ်ကြသည်ကို ဗူးပေါ်သလို တစ်နေ့တစ်ခြား ပေါ်လာနေပြီဖြစ်၍ အများတကာ သိရှိနေကြပြီး ဖြစ်ပါသည်။

အများတကာ မသိရှိသေးသော နိုင်ငံတော် ဝန်ထမ်းရွေးချယ်ခန့်ထားရေး ဥပဒေများနှင့် တက္ကသိုလ် (ဝါ) ပညာဘဏ်တိုက်ကြီးများမှ ခိုးဝှက် ရိုက်စားသွားပုံ၊ တက္ကသိုလ်ပညာရေး စည်းမျဉ်းဥပဒေများ (Regulations) ကို နှစ်ပြားမတန်အောင် ဆောင်ရွက်သွားပုံ တစ်ချို့ကို အောက်တွင် ဖော်ပြပါမည်။

ကိုအေးဇော်ဝင်းသည် ဦးဇော်ဝင်း၏ သားငယ်ဖြစ်၍ တက္ကသိုလ်ဝင်ခွင့်မရှိသော ကျောင်းထွက်လက်မှတ်ရ စားမေးပွဲ=ဆယ်တန်းအဆင့်သာ အောင်မြင်ပါသည်။ ဦးဇော်ဝင်းသည် စာရေးသူကဲ့သို့ နိုင်ငံခြားဝန်ထမ်း သံတမန်တစ်ဦး ဖြစ်ခဲ့ပြီး၊ ဖဆပလခေတ်မှာပင် မြန်မာသံရုံး ပါရီမြို့၌ ပထမ အတွင်းဝန်အဖြစ် တာဝန်ထမ်းဆောင်နေစဉ်တွင် အစိုးရငွေများကို အလွဲသုံးစား ပြုလုပ်မှုဖြင့် အလုပ်မှ ထုတ်ပယ်ခံခဲ့ရ

သူ ဖြစ်သည်။ ကိုအေးဇော်ဝင်းသည် အာဏာရှင်ကြီး ဦးနေဝင်း၏ သားမက်ဖြစ်လာသောကြောင့် အရာရှိကြီး ရာထူးကို ချီးမြှင့်ခြင်း ခံခဲ့ရပါသည်။ အများပြည်သူအနေဖြင့် ဘွဲ့ရပြီးမှ အလုပ်သင် အရာရှိ ကလေး ရာထူးရရှိနိုင်ရန် ရာထူးခန့်အဖွဲ့မှ စစ်ဆေးသော ရေးဖြေနှင့် နှုတ်ဖြေ စာမေးပွဲများကို အောင်မြင်ရပါသည်။

ထို့အပြင် ကိုအေးဇော်ဝင်းသည် ရန်ကုန် စီးပွားရေး တက္ကသိုလ် တွင် ဘွဲ့လွန်သင်တန်း ဒီပလိုမာဖြစ်သည့် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ် ပညာ ဒီပလိုမာ DMA (Diploma of Management and Administration) တက်ခွင့်ရရှိရန် အထက်တန်းပညာ ဦးစီးဌာနရုံးမှ တစ်ဆင့် အကျပ်ကိုင် တောင်းဆိုလာခဲ့ပါသည်။

DMA သင်တန်းကို တာဝန်ယူရသူ ဒေါက်တာ အောင်ထွန်းသက် က ဌာနမှူး ပါမောက္ခ ဦးဝီလျံပေါ Prof William Paul အား အကြိမ် ကြိမ် "ဆရာကြီးတို့ ခွင့်မပြုလျှင် ကျွန်တော် ဒုက္ခရောက်နိုင်ပါသည်" ဟု ပြောပြီး တင်ပြခဲ့သော်လည်း တက္ကသိုလ် စည်းမျဉ်းဥပဒေနှင့် မူကို လက်ကိုင်ထားသော ပါမောက္ခ ဦးဝီလျံပေါက တခြား ကျောင်းသား များနည်းတူ ဘွဲ့တစ်ခုခု ရရှိပြီးသူကိုမှ ဝင်ခွင့်ပေးမည်ဟု တောင့်ခံတင်းခံ ခဲ့ပါသည်။

ပါမောက္ခ ဝီလျံပေါ အနားယူပြီး နောက်ပိုင်းတွင် ဌာနမှူးဖြစ်လာ သူ ပါမောက္ခ ဒေါက်တာသန်းညွန့် လက်ထက်တွင်မှသာ ကိုအေးဇော် ဝင်းသည် DMA တက်ခွင့် ရရှိသွားခဲ့ပါသည်။

DMA သင်တန်းသို့လည်း ပုလဲနှင့် ငါးလုပ်ငန်းမှ ကိုအေးဇော်ဝင်း ကဲ့သို့ လုပ်ပိုင်ခွင့် အာဏာရှိကြသော အကောက်ခွန်ဦးစီးဌာနနှင့် ဆိပ်ကမ်း ဦးစီးဌာနမှ ရေတပ်ဗိုလ်မှူးများလည်း တက်ရောက်ခဲ့ကြပါသည်။

သင်တန်းတာဝန်ခံ ကထိက ဆရာကြီးများက သက်ဆိုင်ရာ ဘာသာရပ် သင်ကြားသူ ဆရာကြီးများအား ဆရာတို့ ဒီကျောင်းသားတွေ ကို စာမေးပွဲ စစ်မှာလား၊ ဒီကျောင်းသားတွေက ဆရာကြီးတို့ကို စာမေး

စစ်မှာလားဟု မေးမြန်းကြည့်မိ၍ တက္ကသိုလ် ဆရာကြီးများက အရှက်ပြေ သွားဖြိပြုကြသည်ဟု ဆို၏။

စာမေးပွဲ ဖြေဆိုမည့် မနက်ပိုင်းတွင် ကိုအေးမော်ဝင်းနှင့် အပေါင်းအပါ ရေတပ်စစ်ဗိုလ်များက စာမေးပွဲစစ်ဆေးမည့် ဆရာကြီးများအား ပုလဲနှင့် ငါးလုပ်ငန်းမှ သင်္ဘောပေါ်တင်ပြီး ရန်ကုန်ပင်လယ်ဝ သီလဝါဘက်သို့ လေ့လာရေးခရီး အမည်တပ်ကာ ဖိတ်ခေါ်ပြီး အဖျော်ယမကာများ တိုက်ကျွေးပြုစုခဲ့ကြပါသည်။

မနက်ပိုင်း၌ သင်တန်းသားများထံတွင် မှတ်ကျောက်တင် အစစ်ဆေးခံလိုက်ရပြီး ညနေပိုင်းတွင် လျှာလေးအာလေး မျက်စိမှေးနေကြပြီဖြစ်သော ဆရာကြီးများက သင်တန်းသားများအား စစ်ဆေးကြကာ DMA ဒီပလိုမာ ဘွဲ့ကြီးကို ကိုအေးမော်ဝင်းတို့အား ချီးမြှင့်ခဲ့ကြရပါသည်။

DMA ဘွဲ့ရသွားသော ကိုအေးမော်ဝင်းအား အင်္ဂလန်နိုင်ငံသို့ ပုလဲနှင့် ငါးလုပ်ငန်းမှ ဝါဏိဇ္ဇဘွဲ့ (B.Com) ရထားသူ ဦးအေးဇင်နှင့်အတူ အရောင်းအဝယ် ပညာသင်ကြားရန်အတွက် အစိုးရ ပညာတော်သင်အဖြစ် စေလွှတ်ခဲ့ပြန်ပါသည်။

အင်္ဂလန်နိုင်ငံတွင် ပညာအရည်အချင်းရှိသော ဦးအေးဇင်တစ်ယောက်သာ ပညာကို ဆုံးခန်းတိုင်အောင် လိုက်နိုင်ပြီး ကိုအေးမော်ဝင်းက "သူ့အနေဖြင့် ပညာကို ဆုံးခန်းတိုင်အောင် တတ်ကျွမ်းရန် မလိုကြောင်း၊ သူများအား ခိုင်းစားနိုင်ရန် ပညာသဘောလောက်ကိုသာ သိရလျှင် ပြီးတာပါပဲ"ဟု ပြောဆိုကာ မြန်မာနိုင်ငံသို့ ပညာ မလိုက်နိုင်၍ တစ်ပိုင်းတစနှင့် ပြန်သွားခဲ့ပါသည်။

ယခု နဝတခေတ်တွင် မစန္ဒာဝင်းနှင့် ဦးနေဝင်းတို့၏ လုံခြုံရေး အရာရှိ ကားတံခါးဖွင့်ပိတ်ပေးရသည့် အော်ဒလီ ဗိုလ်ချုပ်ခင်ညွန့် သည် မြန်မာနိုင်ငံ၏ ပညာရေး ကော်မတီ ဥက္ကဋ္ဌ ဖြစ်နေပါသည်။

ဗိုလ်ချုပ်ခင်ညွန့်က နဝတခေတ်တွင် တက္ကသိုလ်နှင့် ကောလိပ် ၄၆ ကျောင်းဖွင့်ထားပြီးကြောင်း၊ မဟာဘွဲ့ (M.A and M.Sc) ထက်

မြင့်မားသည့် ပါရဂူ (Ph.D) ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ပြီး သင်ကြားပေးလျက် ရှိကြောင်းကို ကြွားဝါလျက် ရှိပါသည်။

သို့ရာတွင် မန္တလေးတက္ကသိုလ်အပါအဝင် ကောလိပ် အမြောက် အများ ပါမောက္ခများ၏ အမည်ရှေ့၌ ဒေါက်တာ ပါရဂူဘွဲ့ကို မတွေ့ရဘဲ ဦးနှင့် ဒေါ်များကိုသာ ကြုံဖွတ် ထောက်ခံပွဲသဘင်များတွင် ဖတ်ရှုမိပါသည်။

စစ်အာဏာရှင် ၃၄ နှစ်ကျော် ကာလတွင် မြန်မာနိုင်ငံ၏ ပညာရေးသည် ချွတ်ခြုံကျသွားခဲ့ပါသည်။

Ph.D ဘွဲ့ မရရှိသူ ဆရာများက Ph.D ဘွဲ့ကို သင်ကြားပေးနေပါသည်။ ဝ,မရှိဘဲ ဝိလုပ်သကဲ့သို့ပင် ဖြစ်နေပြန်ပါသည်။ မြန်မာစစ်အစိုးရများ ရိုက်ထုတ်သော ငွေစက္ကူ ကျပ်ရာတန်များ အပေါ်တွင် အသုံးမဝင် လဲလှယ်ခြင်းမပြု (unserviceable)ဟု ထိုင်းလူမျိုးများက ရေးသားထားသည့် ငွေလဲလှယ်ပေးသည့် ဆိုင်များတွင် ချိတ်ဆွဲထားသည်ကို စာရေးသူ ထိုင်းနိုင်ငံတွင် နေထိုင်ခဲ့သည့် လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကပင် မြင်တွေ့ဖူးခဲ့ပါသည်။

မြန်မာတက္ကသိုလ်မှ ဘွဲ့များသည်လည်း နိုင်ငံခြားတွင် အသုံးမဝင်တော့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်ပါသည်။

ဦးနေဝင်းနှင့် အပေါင်းအပါ မြန်မာစစ်အာဏာရှင်များသည် မြန်မာပညာရေးအား ပြင်လိုက်၊ ညာလိုက် အမျိုးမျိုးပြုပြင်ပြီး ပြည်သူလူထုအား အဖုံဖုံ လိမ်ညာလှည့်ဖြားခြင်းများသည် ကိုယ့်ရှူးကိုယ်ပြန်ပတ်ပြီး၊ ကိုယ်ဖော်သည့်ဆေး ကိုယ်မစားရဲသော ဆေးဆရာကြီး ကဲ့သို့ပင် ဖြစ်နေပြန်ပါသည်။

ဦးနေဝင်းအနေဖြင့် အချစ်ဆုံးမြေး မောင်အေးနေဝင်းအား ကိုလိုနီလက်သစ်ဟု ယူဆရသူ အင်္ဂလိပ်များထံ ဝကွက်အပ်ပြီး လန်ဒန်တက္ကသိုလ်မှာ ဘွဲ့ရမှ ငါ့မြေးကလေး လူရာဝင်တော့မည်ဟု ယူဆမိခြင်းသည်ပင် ငါတစ်သက်လုံး အမှားတွေ တောက်လျှောက် လုပ်လာမိပါတယ်ဟု ဝန်ခံခြင်းနှင့် ထပ်တူထပ်မျှပင် ဖြစ်နေပါသည်။

တပ်မတော်သားများ အပါအဝင် လုပ်သားပြည်သူ အပေါင်းတွင် ကိုယ့်သားသမီးများအား မောင်အေးနေဝင်းကဲ့သို့ လန်ဒန် တက္ကသိုလ်သို့ သွားရောက်၍ ပညာသင် စေလွှတ်နိုင်မည့် နေနေသာသာ နိုင်ငံ ဘာကာတွင် အသုံးမဝင်တော့သည့် ဘွဲ့တစ်ခုခုကို ကိုယ့်ရင်သွေးများ ရရှိနိုင်ရေးအတွက်ကိုပင် မရေရာ၊ တက္ကသိုလ်နှင့် ကောလိပ်များ ဘယ်တော့ ပြန်ဖွင့်ပြီး ဘယ်တော့ ပြန်ပိတ်မည်ကို တွေးပူနေကြရပါသည်။ အာဏာရှင်များ၏ ပညာရေး စနစ်အား အာဏာရှင်များကပင် လက်သင့် မခံနိုင်တော့သည့် အချိန်ကာလကို ရောက်ရှိသွားပြီး ဖြစ်ပါသဖြင့် ဒီမိုကရေစီ စနစ်ကို မြတ်နိုးသူ ပြည်သူများအနေဖြင့် အာဏာရှင်များအား အဆင်းတွင် ဘီးတပ်ပေးကြရမည်ပင် ဖြစ်ပါသတည်း။

**Voice of Burma, Issue No.72, Feburary 23, 1997.**

✣

## ပဂိုးဒါး–ဆိုးကျား–မာဖီးယား

နယူးဇီလန် နိုင်ငံသား ဂျေမီသည် မြန်မာနိုင်ငံနှင့် ပတ်သက်သော ဆောင်းပါးများ ရေးသား၍ စာရေးသူနှင့် အသိအကျွမ်း ဖြစ်ခဲ့သည်မှာ လွန်ခဲ့သော ၇ နှစ်ခန့်ကပင် ဖြစ်ပါသည်။

ဂျေမီသည် ယခင်နှစ်များက မြန်မာနိုင်ငံသို့ နှစ်ကြိမ်သွားရောက်ခဲ့၍ စစ်ဗိုလ်များနှင့် စီးပွားရေးလုပ်ငန်း ကြိုးစားခဲ့ပြီး စစ်အစိုးရအား အမွမ်းတင် ပြောဆိုလာ၍ စာရေးသူနှင့် ငြင်းခုံပြောဆိုခဲ့ကြဖူးပါသည်။ သုံးကြိမ်မြောက် ရန်ကုန်မြို့သို့ သွားရောက်ခဲ့ပြီး ဘာစီးပွားရေးမှ မယ်မယ်ရရ လုပ်ကိုင်ခွင့် မရသော ဂျေမီနှင့် စာရေးသူတို့သည် ယခင်လက တွေ့ဆုံ၍ စကားစမြည် ပြောဆိုမိကြပြန်ပါသည်။ ဂျေမီက စာရေးသူအား "ခင်ဗျားပြောတာတွေ ကျွန်တော် လက်ခံပါပြီ။ ဘာစီးပွားရေးမှ လုပ်လို့ မရပါဘူး။ ခင်ဗျားတို့ နိုင်ငံမှာ ပဂိုးဒါး–ဆိုးကျားနဲ့ မာဖီးယား (Pagoda, Soldier and Mafia) တွေကိုသာ နေ့စဉ်တွေ့နေရတယ်။ အဝါရောင်နဲ့ အစိမ်းရောင် တိုင်းပြည်ပါပဲ။ ရိုးရိုးတန်းတန်း စီးပွားရေး လုပ်ချင်တဲ့ ကိုလိုလူတွေ တိုးမပေါက်ပါဘူး။ အလွန့်အလွန် အသုံးမကျတဲ့ နိုင်ငံပါပဲ"ဟု ပစ်ပစ်ခါခါ ဝေဖန်ပြောဆို နေပြန်ပါသည်။

နဝတ စစ်အစိုးရ၏ သတင်းစာများနှင့် ရောင်စုံရုပ်မြင်သံကြားတွင် အဝါနှင့် အစိမ်းရောင် အရောင်နှစ်ရောင်သာ မြင်တွေ့နေကြရ၍ ပြည်သူလူထု အနေနှင့် အောနလုံး နာနေသည်မှာလည်း ၇ နှစ်ဝင် ကျော်ပြီး ၈ နှစ်ပြည့်လုနီးပါး ဖြစ်နေပြီ ဖြစ်ပါသည်။

ဘဝတစ်သက်လုံးတွင် အပျော်အပျက်နှင့် စခန်းသွားလာခဲ့သော အကာယံဒမိ ရုပ်ရှင်မင်းသား ကျော်ဟိန်းအပါအဝင် မင်းသား၊ မင်းသမီးများ၊ ဘိန်းဘုရင်များသည်ပင်လျှင် ဗိုလ်ချုပ်ခင်ညွန့်တို့နှင့်စပ်တူ သိန်းနှစ်ရာတန်၊ သိန်းသုံးရာတန် ဘုရားတွေ တည်တော့မလို့၊ တည်နေကြပြီဆိုသည့် သတင်းစကားများကို မကြာခဏ ကြားသိနေရပြီး၊ ဗိုလ်ချုပ်တင်ဦးနှင့် မိသားစုသည်လည်း ခိုးဝှက်၍ရသော ရတနာများကို ဘုရားဌာပနာအဖြစ် လှူဒါန်းနေသည်ကို သတင်းဓာတ်ပုံနှင့်တကွ နေ့စဉ်သတင်းစာများတွင် ဖတ်ရှုခဲ့ရပါသည်။

မြန်မာလူမျိုးများ၏ စိတ်စရိုက် အကျင့်များတွင် သနားလွယ် ယုံလွယ်၊ အထင်ကြီးလွယ်၊ အားကျလွယ်၊ ပုံတူခိုးချလွယ်သည့် ဓလေ့ လိုက်လျောမှုပေါ် အခွင့်ကောင်းယူတတ်သော စစ်ဗိုလ်ဆိုးများအနေဖြင့် စေတီပုထိုးတည်ပြ၊ လမ်းဖောက်၊ ဓောင်းတန်းများ ဆောက်ပြ သူတော်ကောင်း အရေကို ခြုံထားကြပြန်ပါသည်။ ဗုဒ္ဓသာသနာ အရှည်ကြာရေးတွင် စေတီပုထိုးက အဓိကလား၊ ဘုရားသခင်၏ တရားဓမ္မက အဓိကလား၊ သာသနာတော် လက်ဆင့်ကမ်း စောင့်ရှောက် ထိန်းသိမ်းသွားမည့် ဘုရားသားတော် ရဟန်းသံဃာများက အဓိကလား ဆိုသည်ကို သာမန်ပြည်သူများ သတိမမူမိကြသော်လည်း စစ်သေနင်္ဂဟာကို ကျွမ်းကျင်သော စစ်အာဏာရှင်များသည် ၎င်းတို့ လက်ထဲတွင် ထာဝစဉ် အာဏာတည်မြဲရေးအတွက် ရုပ်ပြကောင်းရုံ၊ အလှူခံ၍ ကောင်းရုံနှင့် အန္တရာယ် လုံးဝမရှိသော စေတီပုထိုး တည်ဆောက်ရေး ကိစ္စများကို ပေါ်လစီအရ ဓောင်းပေး၍ ဆောင်ရွက်နေကြပါသည်။

စေတီပုထိုးများကို မတရား ခိုးဝှက်၍ရသော ငွေများနှင့် တိုင်းပြည်သားများ၏ အခွန်ဘဏ္ဍာများဖြင့် နဝတ အစိုးရ သက်ဆိုးရှည်ရေးအတွက် တည်ဆောက်နေကြပြီး တခြားတစ်ဖက်တွင် ဘုရားသခင်၏ တရားဓမ္မများကို မပြန့်ပွားအောင် သာသနာတော်ကို စောင့်ထိန်း လက်ဆင့်ကမ်းသွားမည့် ဘုရားသားတော် ရဟန်းသံဃာတော်များ ရုတ်[illegible] နည်းပါးသွားအောင် နည်းဗျူဟာ အမျိုးမျိုးဖြင့် စစ်ဆင်နေသည်ကို ရိုးသား[illegible]

ဖြောင့်မတ်၍ သမာဓိရှိကြသော ဘုန်းတော်ကြီးများ အားလုံး သိရှိတော်မူကြပါသည်။

၁၉၈၄ ခုနှစ်ခန့်က စာရေးသူ၏ ဖခင် အပါအဝင် ဝန်ကြီးချုပ် ဦးနု ကမကထ ပြုလုပ်သော မြန်မာပိဋကတ်အဖွဲ့ (Burma Pitaka Association) မှ ဘုရားသခင်၏ တရားတော်သုတ် ၁၀ ကျမ်းကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုပြီးသည့် အထိမ်းအမှတ် တရားပွဲတစ်ခုကို ကမ္ဘာအေး ဘုရားရင်ပြင်တွင် ကျင်းပပြုလုပ်ရန် မဆလ အစိုးရထံတွင် ခွင့်ပြုမိန့် တောင်းခံခဲ့ကြပါသည်။ ယင်းအချိန်က ရန်ကုန်တိုင်း လုံခြုံရေးကော်မတီ ဥက္ကဋ္ဌနှင့် စစ်တိုင်းမှူး ဗိုလ်မှူးချုပ် ယခု နဝတ သာသနာရေး ဝန်ကြီးက ခွင့်မပြု၍ အနယ်နယ် အရပ်ရပ်မှ ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော အလှူရှင်နှင့် အဖွဲ့ဝင်များအားလုံး စိတ်မချမ်းမသာ ဆုတ်ပြန်သွားခဲ့ကြရပါသည်။ ယနေ့ မြန်မာတစ်ပြည်လုံးတွင် သမိုင်းမဝင်သော စေတီပုထိုးများကို သိန်းငါးဆယ်၊ သိန်းတစ်ရာ၊ သိန်းနှစ်ရာစသည်ဖြင့် အကုန်အကျခံပြီး နဝတအစိုးရက ပြုပြင်တည်ဆောက်နေသော်လည်း သာသနာကို ထိန်းသိမ်းစောင့်ရှောက်မည့် ဘုရားသားတော်များကို မွေးဖွားသည့် ဗုဒ္ဓသာသနာ စာသင်တိုက်များတွင် ရဟန်းသံဃာများပင်လျှင် မဝရေစာ စားနေကြရပြီး၊ "ဆွမ်း"နပ်မှန်ရေးအတွက် ရဟန်းသံဃာတော်များကိုယ်တိုင် တောအရပ်ဒေသများသို့ ဆင်း၍ ဆန်နှင့် ငါးပိ၊ ငါးခြောက်များကို ဝယ်ယူသိလှောင်နေရသည်ဟု ကြားသိရ၍ နဝတ စစ်အစိုးရသည် ကွန်မြူနစ်များထက် ဆိုးဝါးသော "မဗ္ဗန္တရာယ်ကောင်များ" ဆိုသည်မှာ ဗုံးပေါ်သလို ပေါ်လာနေပါသည်။

စစ်အာဏာရှင်များအနေဖြင့် သမဂ္ဂ၊ အသင်းအဖွဲ့၊ အစုအဝေး၊ အစည်းအရုံး စသည်များမှာ အာဏာရှင်စနစ် ရှင်သန်ကြီးထွားရေးအတွက် မဟာရန်သူများဟု သတ်မှတ်ထားပါသည်။ သို့သော် မြန်မာ့သမိုင်းတွင် စစ်အာဏာရှင်များသာမက မည်သည့် အစိုးရများကမှ ဖြိုဖျက်အမြိုးဖြုတ်၍မရသော သဘာဝ ပေါက်ပင်များကဲ့သို့ အလိုအလျောက် သဘာဝအရ စုစည်းပိုင်းဖွဲ့နေသော အစုအဝေး၊ အစည်းအရုံး (Insti-

tutions) နှစ်ခုမှာ ဘုရားသားတော် ရဟန်းသံဃာ အစုအဝေးနှင့် ပြည်သူ့ သားကောင်း ကျောင်းသားလူငယ် အစုအဝေးများပင် ဖြစ်ပါသည်။

နဝတစစ်ဗိုလ် သူခိုးကြီးများသည် အသက် ၆၀ ကျော်ပြီး အိုမင်း ရင့်ရော်လာကြပြီ ဖြစ်သော်လည်း ရဟန်းသံဃာတော်နှင့် ကျောင်းသား လူငယ်များမှာမူ ထာဝစဉ် နုပျိုရှင်သန်လျက် ရှိနေပါသည်။ စကားပြော၍ တရားသဘောကို သိသော ရဟန်းသံဃာတော်များနှင့် ကျောင်းသား လူငယ်များကို မျိုးဖြုတ်ရန် ကြံနေပြီး ရွှေချ၊ ထုံးသုတ်သုတ် စကား မပြောသည့် 'ပဂိုးတား' ကြည်ညိုလွန်းသော နဝတ စစ်ဗိုလ်များကြောင့် မြန်မာနိုင်ငံ၏ နာမည်များသည် ပဂိုးတား-ဆိုးကျား-မာဖီးယား နိုင်ငံ ဟု ထင်ပေါ်လာနေ ဖြန့်ပါသည်။

ဆိုးကျား (Soldier)များအကြောင်းကိုတော့ မြန်မာနိုင်ငံ အရပ်ရပ် မှ လုပ်သားပြည်သူများ အားလုံး သိရှိပြီး ဖြစ်ပါသည်။

၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့ ဘီဘီစီ မြန်မာပိုင်း အစီအစဉ်မှ ထုတ်လွှင့်သော ပြည်ထောင်စုနေ့ အကြို ရခိုင်တိုင်းရင်းသား ကဏ္ဍ၌ ရခိုင် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် ဥက္ကဋ္ဌကြီး ဒေါက်တာ ဦးစောမြအောင်က "ရခိုင်ပြည်မှာ စစ်တပ်အတွက် လိုအပ်တဲ့ ထင်း တွေ၊ ရေတွေကို အရပ်သားများက သွားရောက် ဆက်သနေရတဲ့အပြင် စစ်သားတွေကို အရပ်သားတွေက နှိပ်နယ်ပေးနေရပါတယ်"ဟု ပြော ကြားသွားခဲ့ပါသည်။

နဝတ စစ်အာဏာရှင်ခေတ်တွင် ဆိုးကျား (Soldier) သည် တိုင်းပြည်နှင့် ပြည်သူကို ကာကွယ်သော စစ်သည်တော်များ မဟုတ်တော့ ပါ။ ဆိုးကျားသည် 'ကျားဆိုး'နှင့် အတူတူပင် ဖြစ်နေသည်။ လူသား စားဖူးသော ကျားဆိုးသည် သတ္တဝါအပေါင်းတွင် အရသာ ထူးကဲ သော လူသတ္တဝါ၏ အသားကို ဆက်လက် စားလိုပါတော့သည်။ အရပ် သား လုပ်သားပြည်သူများအပေါ်တွင် အနှစ်သုံးဆယ်ကျော် ဗိုလ်ကျ စိုးမိုးလာသော မြန်မာ့ 'ဆိုးကျား'များသည်လည်း လူသားကြိုက်သော

ကျားဆိုးများကဲ့သို့ နိုင်ငံတော် အာဏာကို အရသာတွေ့ပြီး ကြို့က်နှစ်သက်နေပြီ ဖြစ်ပါသည်။

မာဖီးယားဂိုဏ်း (Mafia)ဆိုသည်မှာ စနစ်တကျ စုပေါင်းဖွဲ့စည်းထားသော လူဆိုးဂိုဏ်းကြီးဖြစ်ပြီး ထိုဂိုဏ်းများအနေဖြင့် (မတရားမှု ရာဇဝတ်မှု၊ အကြမ်းဖက်မှု၊ သွေးထွက်သံယို သတ်ဖြတ်ညှင်းဆဲမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချမှု၊ ငွေမှောင်ခိုမှု၊ စီးပွားရေး သောင်းကျန်းမှု၊ မျက်နှာလိုက်မှု၊ လာဘ်ပေးလာဘ်ယူမှု၊ ပြန်ပေးဆွဲမှု၊ ခြိမ်းခြောက်မှုစသည်များကို ဥပဒေကျော်နိုင်းပြီး တဖောက်ကန်းလုပ်နေသည့်) နဝတကဲ့သို့သော အဖွဲ့အစည်းပင် ဖြစ်ပါသည်။ ဂိုဏ်းဝင်အချင်းချင်း တစ်ဦးအပေါ်တစ်ဦး အထောက်အကူပေးကြရပြီး ဂိုဏ်းအတွင်းသို့ တခြားသြဇာအာဏာ လုံးဝ အဝင်မခံဘဲ ဂိုဏ်း၏ မူဝါဒ အရေးသုံးပါးကိုသစ္စာဖောက်ကာ လူကောင်းလူမွန်ဘဝသို့ ပြန်လှည့်ရန် လမ်းခွဲမရှိသော ခစ်ဗိုလ်ဆိုးများကဲ့သို့ ဂိုဏ်းဂဏစိတ် ပြင်းထန်သော ရာဇဝတ်ကောင်များ၏ ဒုစရိုက်အဖွဲ့သာ ဖြစ်ပါသည်။

ဤမည်သော ကျိုးကြောင်းဆင်ခြင် မှတ်ကျောက်တင်စရာများကြောင့် ယနေ့ မြန်မာနိုင်ငံကြီးအား "ပဂိုးတား-ဆိုးကျား-မာဖီးယားနိုင်ငံကြီး"ဟု သမုတ်ပြောဆိုလာသော နယူးဇီလန် နိုင်ငံသား ဂျေမီအား စာရေးသူအနေဖြင့် ငြင်းခုံမရဲတော့ဘဲ လက်မြှောက် အရှုံးပေးလိုက်ရပါသတည်း။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၄၈၊ ဧပြီ၊ ၁၉၉၇ ခုနှစ်။

✤

## မြန်မာနိုင်ငံ အာဆီယံထဲ ဝင်ရင်ဖြင့်

အာဆီယံဆိုတဲ့ အရှေ့တောင်အာရှ နိုင်ငံများအသင်းမှာ စစ် အစိုးရ သက်အောက် မြန်မာနိုင်ငံ အဖွဲ့ဝင် ဖြစ်လာခဲ့ရင် ဘာဖြစ်မလဲဆိုတဲ့ မေးခွန်းကို မဖြေကြားမီ လက်ရှိ မြန်မာနိုင်ငံ စစ်အစိုးရ နဝတရဲ့ ဥပမိ ရုပ်ကို အရင်ဆုံး သရုပ်ဖော်ဖို့ လိုပါလိမ့်မယ်။

ကျွန်တော်တို့ မြန်မာသံတမန် လောကမှာ ဝါအရင့်ဆုံးဖြစ်တဲ့ အငြိမ်းစားသံအမတ်ကြီး ဦးဖေခင်က "ဘက်မလိုက် လွှပ်ရှားမှုနှင့် မြန်မာနိုင်ငံခြားရေးဝါဒ"ဆိုတဲ့ ဆောင်းပါးထဲမှာ နဝတ စစ်အစိုးရကို "နိုင်ငံရေး သဘောတရားရေးရာ သဘောတရား ကင်းရှင်းတဲ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့" ဟုခေါ်ဝေါ်တင်စား ထားပါတယ်။

ကျွန်တော့်ရဲ့ နိုင်ငံဝန်ထမ်းဘဝ လမ်းစဉ်ပါတီ ခေတ်ပေါ့ခင်ဗျာ၊ ယခုလက်ရှိ စစ်ဗိုလ်ကြီးတွေ အားလုံးဟာလည်း လမ်းစဉ်ပါတီဝင်တွေ ဖြစ်ခဲ့ကြပါတယ်။

အဲဒီတုန်းက စစ်ဗိုလ်ကြီးများရဲက နိုင်ငံရေးဆောင်ပုဒ်က "သဘောတရားဟူသည် ဘဝရှေ့ဆောင် မီးရှူးရောင်၊ ဘဝဟူသည် သဘောတရားအမြင် မှတ်ကျောက်ပင်"ဟု တစ်ချိန်လုံး ကြွေးကြော်ခဲ့ ကြရပါတယ်။

အခုတော့ သဘောတရားဆိုတာ မရှိတော့ပြန်ဘူး။ သဘောတရား မရှိရင် ဘဝဆိုတာလည်း မရှိတော့ဘူးပေါ့ခင်ဗျာ။

နိုင်ငံရေး ဘဝပျက်နေတဲ့ အစိုးရလို့ ဦးဖေခင်က သွယ်ဝိုက်ပြီး ကင်ပွန်းတပ်ပေးလိုက်တာ ဖြစ်ပါတယ်။

နဝတ စစ်အစိုးရဟာ သဘောတရား မရှိဘူး၊ ဘဝ မရှိဘူး၊ အရင်းရှင် ဝါဒကို လက်မခံ၊ ဆိုရှယ်လစ် ဝါဒကိုလည်း လက်မခံ၊ ၄င်းတို့ စစ်ဗိုလ်တစ်စု ရပ်တည်ရေး တစ်ခုတည်းကိုသာ ဦးစားပေး ဆောင်ရွက်နေသူများဆိုတော့…

ကျွန်တော်တို့ ငယ်စဉ်က ပင်လယ်ကမ်းခြေမှာ ဖြစ်ဖူး တွေ့ဖူးတဲ့ ဝင်ကစွပ်ကောင်ခေါ်တဲ့ ကိုယ်ပိုင်အခွံမရှိတဲ့ ရေသတ္တဝါငယ်ကိုသွားပြီး သတိရမိပါတယ်။

ဝင်ကစွပ်ကောင်မှာ ကိုယ်ပိုင်အခွံ မရှိတော့ လွတ်နေတဲ့ ခရုအခွံ အထဲက အကောင် သေသွားပြီး သဲသောင်ပြင်မှာ ရှိနေတဲ့ ခရုအခွံ ပေါင်းစုံထဲက အခွံတစ်ခွံခွံထဲ ဝင်အောင်းပြီး အသက်ရှင်သန်မှုကို ပြုရပါ တယ်။ ဒါမှလည်း မိုးဒဏ်လေဒဏ်ခံနိုင်ပါတယ်။ သူတစ်ပါး အခွံနဲ့ အသက်ရှင် ရပ်တည်ရတဲ့ ဒုက္ခိတ တစ်မျိုးပါပဲ။

နဝတ စစ်အစိုးရမှာ ဘာဝါဒ ဘာသဘောတရားမှ မရှိတော့ ဘူးဆိုတော့ ဝင်ကစွပ်ကောင်လိုပဲ အာဆီယံ အခွံထဲ မရ ရတဲ့နည်းနဲ့ ဝင်အောင်းမှာကတော့ သေချာလှပါတယ်။

အာဆီယံက လက်ခံလိုက်ပေလို့ပေါ့။ မဟုတ်ရင် ဆွေမျိုးပေါက် ဖော်ကြီး အခွံထဲ ဝင်အောင်းမှာ သေချာလှပါတယ်။

ဒါကတော့ နဝတ စစ်အစိုးရရဲ့ ပကတိ နိုင်ငံရေး အခြေအနေ ဖြစ်ပါတယ်။

နောက်ပြီး စီးပွားရေး အခြေအနေကို ပြန်ကြည့်ပါဦးခင်ဗျာ။

နဝတ စစ်အစိုးရဟာ တိုင်းရင်းသား အရင်းရှင်တွေအပေါ် အ အကောက်ဖိကောက်နေပေမယ့် နိုင်ငံခြားက အရင်းအနှီး လာမြှုပ်နှံသူ တွေကိုတော့ နှစ်ရှည်လများ အခွန်တော် ကင်းလွတ်ခွင့်တွေ ပေးထားပါ တယ်။

ကိုယ့်လူမျိုးကို ဖိထောင်းပြီး လူမျိုးခြားကို မျက်နှာသာပေးနေရတဲ့ နဝတရဲ့ ဘဝပါ။

ယနေ့ တိုင်းပြည်မှာ ငွေရေးကြေးရေး စနစ်က လုံးဝ မမှန်ကန်သေးပါဘူး။ အမေရိကန်ဒေါ်လာနှင့် FEC တစ်ဒေါ်လာတို့ရဲ့ ပေါက်ဈေးဟာ ကျပ် ၁၆၀ အထက်မှာသာရှိပြီး တရားဝင် ငွေလဲလှယ်နှုန်းထက် အဆ ၃၂ ဆကျော်မှာ ရှိနေပါတယ်။

စစ်အစိုးရရဲ့ ဘဏ္ဍာရေး ရှင်းတမ်းကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင်လည်း ၁၉၈၈/၈၉ ခု ဘဏ္ဍာရေးနှစ်မှာ ဘတ်ဂျက်လိုငွေ ကျပ်သန်းပေါင်း ငါးထောင်ကျော် ရှိခဲ့ပြီး ၁၉၉၅/၉၆ ခု ဘဏ္ဍာရေးနှစ်မှာ ကျပ်သန်းပေါင်း ငါးသောင်းကျော် ရှိခဲ့ပါတယ်။ ၇ နှစ်အတွင်းမှာ ဘတ်ဂျက်လိုငွေ ၁၀ ဆတိုးနေပါတယ်။

ငွေဖောင်းပွမှုဟာ အလွန်မြင့်မားနေတဲ့အပြင် ပြည်တွင်းသုံး ငွေစက္ကူ အမျိုးအစားတွေဟာလည်း ရောင်စုံ ၁၂ မျိုးလောက် ရှိနေပြန်ပါတယ်။

အင်္ဂလန် နိုင်ငံမှာတော့ ငွေစက္ကူအနေဖြင့် ၅ ပေါင်တန်၊ ၁၀ ပေါင်တန်၊ ပေါင် ၂၀ တန်နှင့် ပေါင် ၅၀ တန် စသဖြင့် ၄ မျိုးပဲ ရှိပါတယ်။

ဦးနေဝင်း ထုတ်သွားတဲ့ ၄၅ ကျပ်တန်တို့ ကျပ် ၉၀ တန်တို့ကိုလည်း သုံးစွဲရတုန်းပါပဲ။

ငွေစက္ကူ သုံးစွဲရာမှာပင် လွယ်ကူအောင် မဆောင်ရွက်နိုင်တဲ့ အစိုးရပါပဲ။

ကုန်ရောင်း ကုန်ဝယ်၊ ထုတ်ကုန် သွင်းကုန် လုပ်ငန်းများဟာလည်း မှောင်ခိုလုပ်ငန်းတွေပါပဲ။

ငွေပေးငွေချေတဲ့ လုပ်ငန်းမှာလည်း တရားမဝင်တဲ့ မှောင်ခိုလုပ်ငန်းကပဲ ကြီးစိုးနေပြန်ပါတယ်။

ဘဏ်လုပ်ငန်းဟာလည်း နိုင်ငံတကာ အဆင့်အတန်း မမီသေးပါဘူး။

နိုင်ငံတကာနဲ့ ဆက်သွယ်ထားတဲ့ အာမခံ လုပ်ငန်းဟာလည်း မပြောပလောက်သေးပါဘူး။

အာဆီယံအဖွဲ့ဝင် နိုင်ငံတွေထဲမှာ ချမ်းသာတဲ့ အာရှနိုင်ငံတွေ ပါဝင်နေပါတယ်။ အခုလည်းပဲ အဲဒီချမ်းသာတဲ့ နိုင်ငံသားတွေက မြန်မာ့ စီးပွားရေး မျက်နှာစာမှာ ချယ်လှယ်သွေးစုပ်နေကြပါတယ်။ ဒေသ အတွင်း ဆင်းရဲချမ်းသာ အလွန်ကွာဟနေပြန်ပါတယ်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင် ဖြစ်လာတဲ့အခါ အကောက် ခွန်မဟုတ်တဲ့ အတားအဆီးများကို လျှော့ပေါ့ဖို့၊ ဖျက်သိမ်းဖို့ လိုပါလိမ့် မယ်။

လွတ်လပ်စွာ ကုန်ပစ္စည်းများ စီးဆင်းခွင့်၊ လွတ်လပ်စွာ အရင်း အနှီး မြှုပ်နှံခွင့်နှင့် လွတ်လပ်စွာ အလုပ်အကိုင်များ ရွေ့လျားစီးဆင်းခွင့် စသည်များလည်း ပါဝင်ကောင်း ပါဝင်လာပါလိမ့်မယ်။

တခြားနိုင်ငံတွင် သွားရောက်ရင်းနှီးမြှုပ်နှံရန် မဆိုထားပါနဲ့ မြန်မာ လူမျိုးဟာ ငွေမာဖြစ်တဲ့ ဒေါ်လာစက္ကူအစစ်ကိုပင် လက်ဝယ်ကိုင်ဆောင် ခွင့် မရရှိကြသေးပါဘူးခင်ဗျား။

အချို့ မြန်မာများက မျှော်လင့်နေကြပါလိမ့်မယ်၊ မြန်မာနိုင်ငံ အနေဖြင့် အာဆီယံ အဖွဲ့ဝင်ဖြစ်လာရင် မလေးရှားနိုင်ငံ၊ စင်္ကာပူနိုင်ငံ စတဲ့ နိုင်ငံများမှာ မြန်မာများ အလုပ်လုပ်ခွင့် ရကြလိမ့်မယ်လို့၊ အဲဒီ နိုင်ငံများမှာပင် အလုပ်လက်မဲ့ ပြဿနာများ ကြီးမားနေပါတယ်။ နိုင်ငံ ခြားသား အလုပ်သမားများကို မောင်းထုတ်နေကြတာကိုလည်း အများ တကာ သိရှိကြပါတယ်။

အာဆီယံအဖွဲ့ဝင် ဖြစ်သွားပြီး လွတ်လပ်တဲ့ ကုန်သွယ်ရေးနယ်မြေ ဝင်ရမယ်ဆိုရင် သွင်းကုန်တွေကို အကောက်ခွန် ၅ ရာခိုင်နှုန်းထိ လျှော့ ချရပါလိမ့်မယ်။

နိုင်ငံခြားဖြစ် ပစ္စည်းတွေ ဈေးပေါပေါနဲ့ ဝင်လာပြီး ပြည်တွင်း တိုင်းရင်းသား လုပ်ငန်းရှင်တွေ ဒုက္ခအကြီးအကျယ် ရောက်နိုင်ပါတယ်။

ကိုယ့်နိုင်ငံကလည်း နိုင်ငံတကာသုံး အဆင့်အတန်းမီတဲ့ ကုန်ချော ပစ္စည်းများ မထုတ်လုပ်နိုင်သေးပါဘူး။

အရာရာမှာ တစ်ဖက်စောင်းနင်းဖြစ်ပြီး မြန်မာဘက်က အကျမှာ မှာပဲ ဖြစ်ပါတယ်။

အာဆီယံ အသင်းရဲ့ အဓိက ဦးတည်ချက်ထဲမှာ စီးပွားရေး၊ လူမှုရေးနဲ့ ယဉ်ကျေးမှု တိုးတက်ရေးတို့ကို ဒေသအတွင်း ပူးပေါင်းမြှင့် တင်ဖို့ ဖြစ်ပါတယ်။ နည်းပညာ ထွန်းကားတဲ့ အနောက်နိုင်ငံများနဲ့ ဆက်ဆံရေး အဆင်မပြေတာကြောင့် မြန်မာပညာတော်သင်များ အနောက် နိုင်ငံများသို့ မစေလွှတ်နိုင်တာဟာလည်း နဝတ စစ်အစိုးရ သက်တမ်း တစ်လျှောက်လုံးပါပဲ။

နဝတ အစိုးရ အဖွဲ့ဝင်များနဲ့ အစိုးရ အရာရှိကြီးများထဲမှ ပေမီ ဒေါက်မီ နိုင်ငံတကာ အစည်းအဝေးများမှာ ပါဝင်ဆွေးနွေးနိုင်မယ့် ဘာသာ စကား ကျွမ်းကျင်သူနှင့် ဘာသာရပ် နားလည်သူများပင် ရှားပါး နေပြန်ပါတယ်။

မြန်မာသံတမန်များက တစ်ချိန်က ကုလသမဂ္ဂ အဖွဲ့ကြီးမှာပင် ထိပ်တန်းရာထူးကြီးများကို ရရှိခဲ့ဖူးကြပါတယ်။

နိုင်ငံခြားရေးရုံးက ပညာတော်သင်များဟာလည်း အနောက်နိုင်ငံ ဘတ္တသိုလ်ကြီးများက ပညာထူးချွန်ဆုများကို ဆွတ်ခူးဖူးကြပါတယ်။ ယခုတော့ မြန်မာသံတမန်များက မလေးရှားနိုင်ငံမှာသာ သံတမန်ရေးရာ များကို သင်ကြားနေကြရပါတယ်။ အောက်တန်းကျသွားခြင်းပင် ဖြစ်ပါ တယ်။

ပညာရေး အဆင့်အတန်း နိမ့်ကျသွားပြီး လူမှုရေးနဲ့ ယဉ်ကျေးမှု ကိုလည်း မလေးရှား၊ စင်္ကာပူနဲ့ ယိုးဒယားလူမျိုးများရဲ့ စောင်မ ကြည့်ရှု မှုကို ခံယူရမလို ဖြစ်နေပါတယ်။

နဝတ စစ်အစိုးရ အနေနဲ့ အာဆီယံဝင်ဖို့ အလောတကြီး ဆောင် ရွက်နေတာဟာ ဝင်ကစွပ်ကောင် အနေနဲ့ ဘဝရှင်သန်ဖို့၊ မိုးဒဏ်လေ

ဒဏ် ခံနိုင်ဖို့အတွက် ခရုခွံ အလွှတ်ထဲကို ဝင်ရွှေ့ရတဲ့ ပုံသဏ္ဍာန်မျှသာ ဖြစ်ပါတယ်။

မြန်မာတစ်မျိုးသားလုံး ကောင်းစားရေး လုပ်ဆောင်ချက် မဟုတ်ပါဘူး ခင်ဗျား။

မြန်မာနိုင်ငံ အနေနဲ့ ပ အဓိက ဦးစားပေး ဆောင်ရွက်ရမယ့် လုပ်ငန်းဟာ ဒေသတွင်း နိုင်ငံရေး တည်ငြိမ်ရေးထက် မိမိနိုင်ငံရဲ့ ယိုယွင်းနေတဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေး တည်ငြိမ်လာစေဖို့အတွက် လက်ရှိ အုပ်ချုပ်နေသူများ၊ နိုင်ငံရေး ခေါင်းဆောင်များနဲ့ တိုင်းရင်းသား လူမျိုးစုများ မျက်နှာစုံညီ ဆွေးနွေးတိုင်ပင်ပြီး အဖြေရှာဖို့ လိုအပ်နေပါတယ်။

ဒါ့အပြင် တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံကြီးများနဲ့ ဆက်ဆံရေး မပြေလည်မှုများကို ပြေလည်အောင် ဆောင်ရွက်ပြီးမှသာ အာဆီယံ အသင်းကို ဝင်ပါက မိမိနိုင်ငံအတွက်ရော လက်ခံမည့် မိတ်ဆွေနိုင်ငံများ အတွက်ပါ ပိုပြီး မျက်နှာပန်း လှနိုင်ပါလိမ့်မယ်။

အခု အခြေအနေမျိုးမှာ မြန်မာနိုင်ငံ အာဆီယံ အသင်းဝင် ဖြစ်လာလည်း ပြည်သူလူထု အတွက်ကတော့ ထူးမခြားနားပါပဲခင်ဗျား။

**Voice of Burma, Issue No.87, June 8, 1997.**

✤

## နဝတတွေ ရှက်တတ်ရင် လဲသေတာ ကြာပါပြီ

မြန်မာနိုင်ငံ၏ လက်ရှိ စစ်အစိုးရအဖွဲ့ဝင် နေဝင်းတပ်သားများသည် ဘုရားတန်ဆောင်းတော်ကြီးရှိ ကိုလိုနီခေတ်ပုံသဏ္ဌာန် အငွေ့အသက်များကို ဖယ်ရှားနေရုံသာမက အမျိုးသားခေါင်းဆောင်နှင့် ကမ္ဘာ့နိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား ပုတ်ခေတ်စော်ကားရာတွင် အနောက်မယ်တော်ကြီး၊ မျောက်ကတော်ကြီး (၁၉-၃-၉၇ နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ တွင်ပါရှိ)ဟု ကမ္ဘာ့ လူသားများ လက်မခံနိုင်တော့သည့် လူမျိုးခွဲခြားရေးဝါဒ (Racism)ကိုပင် ရှေ့တန်းတင်လာကြပါသည်။

အခြားတစ်ဖက်တွင် နေဝင်းတပ်သည် ဗြိတိသျှ စစ်တပ်၏ အရင်းအမြစ် ပုံသဏ္ဌာန်ကို အကြပ်တပ်သား၊ ဗိုလ်ကြီး၊ ဗိုလ်မှူး၊ ဗိုလ်မှူးကြီးနှင့် ဗိုလ်ချုပ်ကြီး ရာထူးအထိ ပုံစံမပျက် ယူထားဆဲဖြစ်ပြီး ၄င်းတို့အခေါ် မျောက်ကြီးများအား အောက်ကျို့တောင်းပန် ဆက်ဆံနေကြဖြမ်သည်ကို အောက်ပါ သာဓကများက သက်သေပြလျက် ရှိနေပါသည်။

ဥပမာ သံအမတ် ခန့်အပ်စေလွှတ်သည့် ကိစ္စ၊ အစိုးရ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်သည့် ကိစ္စ၊ ယဉ်ကျေးမှု ဖလှယ်သည့် ကိစ္စ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်သည့် ကိစ္စ၊ ပညာတော်သင် ဖလှယ်သည့် ကိစ္စ စသည့် ကိစ္စအဝဝတွင် စေလွှတ်သည့်နိုင်ငံ (Sending State) နှင့် လက်ခံသည့်နိုင်ငံ (Receiving State) စသဖြင့် နှစ်ဦးနှစ်ဖက် ရှိကြပါသည်။

လွယ်လွယ်အရပ်စကားဖြင့် ဆိုရပါသော် မည်သည့်နိုင်ငံနှင့် အိမ်ရှင်နိုင်ငံတို့သည် သာမန်လူ့ဘဝတွင် ဧည့်သည်နှင့် အိမ်ရှင်များ ကဲ့သို့ ချစ်ကြည်ရင်းနှီးမှု ကောင်းမွန်သည့် အပေါ်မူတည်ပြီး ဖိတ်ခေါ် ကျွေးမွေး ကူညီပေါင်းသင်း ဆက်ဆံကြခြင်းမျိုးပင် ဖြစ်ပါသည်။

ဧည့်သည်မြန်မာနိုင်ငံ၏ ယဉ်ကျေးမှု အဖွဲ့တစ်ဖွဲ့သည် အိမ်ရှင် အင်္ဂလန်နိုင်ငံသို့ လာရောက်ပြီး အဆိုအက အနုပညာကို ပြသလိုပါက အိမ်ရှင်အင်္ဂလန်နိုင်ငံအား ကမကထပြုသူ၊ တာဝန်ယူသူ (Sponser) အဖြစ် ဖိတ်ကြားပါရန် နှစ်ဦးနှစ်ဖက် ပြောဆိုသဘောတူညီပြီး အိမ်ရှင် ဖိတ်၍ ဧည့်သည်လာသည့် ဆက်ဆံရေးမျိုးမှသာ နိုင်ငံအချင်းချင်း သိက္ခာ ရှိသော ဆက်ဆံရေး ဖြစ်ပါသည်။

အကျင့်သိက္ခာ အရှက်အကြောက်နှင့် ဟီရိဩတ္တပ္ပတရား လုံး၀ မရှိသော နဝတ စစ်ဗိုလ်များသည် အိမ်ရှင်က မဖိတ်မခေါ်ဘဲ တစ်ဖက် သတ် ကိုယ်တိုင် ကမကထပြုသူ အနေဖြင့် မြန်မာ့အနုပညာရှင်များကို စေလွှတ်အသုံးချလျက် ရှိနေပါသည်။

မြန်မာနိုင်ငံရှိ ကြံ့ဖွတ်အသင်းကဲ့သို့ နိုင်ငံရပ်ခြားတွင် သံရုံး အာဏာပါ၀ါ (မြန်မာအသင်းမပါ၀င်ပါက နိုင်ငံကူးလက်မှတ် သက်တမ်း ကို တိုးမပေးရန် အခွန်အကောက်နှင့် ပတ်သက်သော ထောက်ခံစာများ လွယ်လွယ်နှင့် ထုတ်မပေးရန်၊ မြန်မာမျိုးနွယ်များ နိုင်ငံခြား တိုင်းပြည် တစ်ခုခု၏ နိုင်ငံကူးလက်မှတ် ကိုင်ထားပါက ပြည်ဝင်ဗီဇာ လွယ်လွယ်နှင့် ထုတ်မပေးရန်နှင့် အသင်းဝင်ကြေးကို သံရုံးသို့ ပေးသွင်းကြရန်)ဖြင့် သံရုံးလက်ကိုင်တုတ် မြန်မာအသင်းများကို ဖွဲ့စည်းထားကြပါသည်။

မြန်မာ့ အနုပညာကို မြတ်နိုးသော ပြည်ပရောက် မြန်မာများအား ပွဲလမ်းသဘင်ဖြင့် မြူဆွယ်ပြီး ပွဲကြိုက်၍ ပွဲကြည့်လာသူ ပရိသတ် အား စစ်အာဏာရှင်နဝတကို ထောက်ခံသူများဟု ဒေသခံ နိုင်ငံသားများ ယုံထင်ကြောင်ထင် ဖြစ်စေရန် မြန်မာသံအမတ်များက မဏ္ဍပ်တိုင်တက်

ပြီး စစ်အုပ်ချုပ်ရေးကောင်းကြောင်း မိန့်ခွန်းများကိုပင် ချွေလေ့ရှိနေပြ
ပါသည်။

အင်္ဂလန်နိုင်ငံသို့ နဝတ အစိုးရ အနေဖြင့် အင်္ဂလိပ်အစိုးရအား
အောက်ကျို့တောင်းပန်ပြီး စေလွှတ်သည့်နိုင်ငံ မြန်မာအစိုးရကပင် ထမ
ာထမြူသူ၊ တာဝန်ယူသူ (Sponsored by the Sending Govern-
ment) အဖြစ်ဖြင့် အကယ်ဒမီ ချိုပြုး၊ စိုင်းထီးဆိုင်၊ ဟေမာနေဝင်းနှင့်
အဖွဲ့အား စေလွှတ်ခဲ့ပါသည်။

မြန်မာအသင်းကြီး (ယူကေ)နှင့် မြန်မာသံရုံးတို့ ပူးပေါင်း၍
အိမ်ရှင် အင်္ဂလန်နိုင်ငံ၏ ပြည်တွင်း အခွန်တော် စည်းကမ်းဖြစ်သော
ာန်ဖိုးအပေါ် ထည့်ပေါင်းသော အခွန်တော် ၁၇ ရာခိုင်နှုန်းကိုလည်း
ှောက်ကွယ်ပြုပြီး အသင်းဝင်များကိုသာ ဦးစားပေးသော လက်မှတ် တစ်
စောင်လျှင် ၂၅ ပေါင်၊ ၁၅ ပေါင်နှင့် ၁၀ ပေါင် အသီးသီးဖြင့် သံရုံးကပင်
ပေါင်းခံရောင်းချပြီး ရုံးရာသကြိန်ကို အကြောင်းပြုပြီး ရသမျှငွေကို
ကိုယ်ရကိုယ်ယူစနစ်ဖြင့် ကြားကားဆွဲကြပါသည်။ သံအမတ်ကလည်း
အဖွဲ့ဝင် ၆ ဦးစလုံးအား အစိုးရအိမ်ပေါ် တင်ထားပြီး ထမင်းစရိတ်ကို
အသင်းက တောင်းယူပြန်ပါသည်။ အနုပညာရှင်အားလည်း မိတ်ဆွေ
ဒီမိုကရေစီ ဘက်တော်သားများနှင့် ပေးမတွေ့စေလို၍ သံအမတ်ကပင်
ထိန်းချုပ်ရေးကို တာဝန်ယူသည်ဆိုကာ ခြံလှောင်ထားခဲ့ပြန်ပါသည်။

မှတ်ချက် -

(၁) မြန်မာနိုင်ငံသို့ တရုတ်နီ ယဉ်ကျေးမှု ကပွဲလာပါက၊ တရုတ်
နီ သံရုံးက ပရိသတ်အား တိုက်ရိုက်လက်မှတ်ရောင်းခွင့်
မရှိပါ။ မြန်မာနိုင်ငံ အစိုးရ ယဉ်ကျေးမှု ဌာနကသာ
လက်မှတ်များ ရောင်းချပြီး ဧည့်သည် တရုတ်နီအဖွဲ့အား
စရိတ်စကများ ခွဲဝေပေးရပါသည်။

(၂) အင်္ဂလိပ်ယဉ်ကျေးမှု အဖွဲ့တစ်ဖွဲ့ ရန်ကုန်မြို့သို့ လာရောက်
ပြီး အင်္ဂလိပ်သံရုံးမှာ ပရိသတ်အား တိုက်ရိုက်လက်မှတ်

ရောင်းပြီး အသင်းကို ဖန်းပြပြီး ကိုယ်ရကိုယ်ယူစနစ် ကျင့်သုံး သွားပါက နဝတ အစိုးရ လက်ခံနိုင်ပါမည်လား။

(၃) မြန်မာသံရုံး လန်ဒန်မြို့တွင် သံရုံးလိပ်စာနှင့်ပင် မြန်မာ အသင်းကြီး (ယူကေ)ဟု အသင်းကြီး ထူထောင်ထားသကဲ့ သို့ တရုတ်နိုင်ငံသံရုံးက ရန်ကုန်မြို့တွင် တရုတ်အသင်းကြီး (မြန်မာပြည်)ကို သံရုံးလိပ်စာဖြင့် ထူထောင်ထားပါက နဝတ အစိုးရ ခွင့်ပြုနိုင်ပါမည်လား။

(၄) သံတမန်နှင့် ကောင်စစ်ရေးရာ ကင်းလွတ်ခွင့် ကိစ္စရပ်များ ကို ဗီယင်နာ ကွန်ဗင်းရှင်းဖြင့် ပြဋ္ဌာန်းထားသော အပိုဒ် (၅၅)၊ အပိုဒ်ခွဲ (၂)အရ သံရုံး၊ ကောင်စစ်ဝန်ရုံး အဆောက် အဦတွင် သံတမန်နှင့် ကောင်စစ်ရေးရာ ကိစ္စရပ်နှင့် မဆိုင် ဟပ်သော မြန်မာအသင်းကြီး (ယူကေ)ကို သံရုံးထဲတွင် ထည့်ထား၍ ရပါသလား။

နဝတ အစိုးရအနေဖြင့် တိုင်းပြည်နှင့် လူမျိုးသိက္ခာ မကျစေရေး အတွက် ကိုယ့်ဆန္ဒ လောဘတစ်ခုတည်းကိုသာ မကြည့်ဘဲ သူများ နိုင်ငံသားများ ကိုယ့်နိုင်ငံထဲတွင် ကိုယ်လုပ်သလို လာလုပ်ပါက သဘော ထား ကြီးနိုင်ပါ့မလားဆိုသည့် အထက်ပါ မှတ်ချက်များကို စဉ်းစားသင့် ပါသည်။

ထို့အပြင် အင်္ဂလိပ် အစိုးရအနေဖြင့် နဝတ အစိုးရအား ဒဏ်ခတ် သည့် သဘောဖြင့် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်သည့် အစီအစဉ်အောက်ရှိ မြန်မာပညာတော်သင်များအား ပညာတော်သင်ဆု ချီးမြှင့်ခြင်း အပါအဝင် နိုင်ငံရပ်ခြား ဖွံ့ဖြိုးမှု အုပ်ချုပ်ရေးအဖွဲ့က မြန်မာနိုင်ငံအား ထောက်ပံ့ ခဲ့သော အကူအညီများ အားလုံးကိုလည်း ရပ်ဆိုင်းထားဆဲ ဖြစ်ပါ သည်။

သို့ရာတွင် အရှက်သိက္ခာ မရှိသော နဝတ စစ်ဗိုလ်များသည် မင်္ဂလာဒုံ စစ်ဆေးရုံမှ စစ်ဗိုလ်ဆရာဝန်များကို အင်္ဂလန်နိုင်ငံသို့ အရိုင်း အယောင်ဆောင်စေကာ နိုးကြောင်နိုးဝှက် အင်္ဂလိပ်သံရုံးတွင် ဗီဇာ တောင်းခံပြီး တော်ဝင်သမားတော် ဆေးပညာဘွဲ့များဖြစ်သည့် MRC

နှင့် FRCS တို့ကို စစ်တပ်စရိတ်ဖြင့် သင်ကြားသွားခဲ့သည်ကိုလည်း တွေ့မြင်နေရပြန်ပါသည်။

တဖန် ၁၉၉၂ ခုနှစ်ကပင် အင်္ဂလိပ် အစိုးရနှင့် အီးယူ နိုင်ငံများ က သံတမန်အဆင့် လျှော့ချသည့် ဒဏ်ခတ်ခြင်းဖြင့် စစ်သံမှူးရုံးကို ရုပ်သိမ်းသွားသည်ဟု ကြေညာပြီး စစ်သံမှူး ဗိုလ်မှူးကြီးရာထူး တစ်ခု ကိုသာ ရုပ်သိမ်းပြီး လန်ဒန်မြို့ မြန်မာသံရုံးတွင် စစ်တပ်အတွက် အဝယ် တော် အရာခံဗိုလ်တစ်ဦးနှင့် တပ်ကြပ်ကြီးစာရေး ၄ ဦးတို့ကို ယနေ့ အထိ ၃ နှစ်တစ်ကြိမ် လူလဲလှယ်ပြီး ခန့်အပ်ထားဆဲပင် ဖြစ်ပါသည်။

လန်ဒန်မြို့ရှိ စစ်သံမှူးနေအိမ် တယ်လီဖုန်းအမှတ် ၀၁၈၁-၉၄၆ ၂၃၂၄ (အမှတ် ၂၇ ပတ်ဆိုင်းလမ်း၊ ဝင်ဘိုတန်အရပ်၊ လန်ဒန်) ကို ဖုန်းဆက်ပြီး စစ်သံရုံးက အရာခံဗိုလ် အုန်းသွင်နှင့် ပြောပါရစေဟု တယ်လီဖုန်း ဆက်ကြည့်ပါက "ဒီအိမ် စစ်သံရုံးကအိမ် မဟုတ်ပါဘူး။ ကျွန်တော်တို့ စစ်သံရုံးက စစ်သားတွေ မဟုတ်ပါဘူး။ အရပ်သား သံတမန် ဝန်ထမ်းတွေပါ"ဟု ထပ်တလဲလဲ မုသားစကား ပြောဆိုပါလိမ့် မည်။

မြန်မာနိုင်ငံတွင် စစ်သားများသည် ငါစစ်သား၊ ငါစစ်ဗိုလ်ဟု ကြွင်ကော့နေကြသော်လည်း အင်္ဂလန်နိုင်ငံတွင် မြန်မာစစ်သားသည် တရား ခံဝင်သည့် မူးယစ်ဆေးဝါးကဲ့သို့ သံရုံးက ဖွယ်ဖက်ထားရပါသည်။

ထို့အပြင် ယခင်နှစ်ကပင် စတင်၍ အင်္ဂလိပ်အပါအဝင် အီးယူ နိုင်ငံများက နဝတ အဖွဲ့ဝင်များနှင့် နဝတ အကျိုးကျေးဇူးကို ခံစား နေရသူများအား ပြည်ဝင်ဗီဇာ လုံးဝထုတ်မပေးရန် ဒဏ်ခတ်လိုက်ပြန်ပါ သည်။

သို့ရာတွင် နဝတ အဖွဲ့အပေါ် ဩဇာအရှိဆုံးနှင့် အကျိုးကျေးဇူး သည်း အခံစားရဆုံး ဦးနေဝင်းနှင့် သမီး စန္ဒာဝင်းတို့က ၄င်းတို့နှင့် နဝတ မပတ်သက်ပါဘူး။ အကျိုးကျေးဇူး မခံစားရပါဘူးဟု မျောက်ကြီး များထံ ဒူးထောက်ပြီး မောင်အေးနေဝင်းအား လန်ဒန်တက္ကသိုလ်တွင် ဥပဒေပညာ သင်ကြားနိုင်ရန်အတွက် ကျောင်းသား ပြည်ဝင်ဗီဇာ တောင်း

ခံပြီး ကျောင်းတက်စေခဲ့သည်မှာ ပထမ စာသင်နှစ်ပင် ပြီးဆုံးသွားပြီး ဖြစ်ပါသည်။ ဦးနေဝင်းနှင့် အပေါင်းပါ စစ်ဝါဒီများအနေဖြင့် မြန်မာနိုင်ငံ တက္ကသိုလ် ကောလိပ်ကျောင်းများကို ပိတ်ထားပြီး ကိုယ့်သား၊ ကိုယ့် မြေးများကို နိုင်ငံခြားသို့ မျောက်စာသင်ရန် ပို့ထားကြပါသည်။

၂၃-၅-၉၇ နေ့တွင် ဗြိတိန်နိုင်ငံဆိုင်ရာ သံအမတ် ထောက်လှမ်းရေး ဗိုလ်ကြီးဝင်းအောင် (စည်သူဗြိမ်းအေး (ဝါ) လန်ဒန်အခေါ် စီးသူ စစ်ခွေး)အား ဗြိတိသျှနိုင်ငံခြားရုံးသို့ ဆင့်ခေါ်ပြီး ယခုရက်ပိုင်းအတွင်း ဖမ်းဆီးထိမ်းသိန်းခံနေရသူ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင်များ နှင့် ၎င်းပါတီကို ထောက်ခံသူများအား ချက်ချင်းလွှတ်ပေးရန် နိုင်ငံခြား ရေးဝန်ကြီးဖြစ်သူ မစ္စတာ ဒရက် ဖတ်ချက် (Mr. Dreck Fatchet) က ကန့်ကွက်တောင်းဆိုခဲ့ပါသည်။

မြန်မာသံအမတ် ဗိုလ်ကြီးဝင်းအောင်က တစ်ဦးတစ်ယောက်မှ ဖမ်းဆီးထိန်းသိမ်းထားတာ မရှိပါဘူးဟု ငြင်းဆန်ခဲ့သည်ကို ကြားသမျှ နဝတအခေါ် မျောက်ကြီးများက နဝတအဖွဲ့ဝင် စစ်ဗိုလ်တွေ အဓော် အရှက်မရှိ၊ ခပ်ပြောင်ပြောင် ဆာဒတ်ဟူစိန် တပည့်တွေ အတိုင်းပါပဲ ဟု ပြောလာကြပါသည်။

စာရေးသူကတော့ နဝတတွေ ရှက်တတ်ရင် လဲသေတာကြာပြီ တိုက်နေစရာပင် မလိုပါဟု ပြန်ချေပမိခဲ့ပါသတည်း။

ခေတ်ပြိုင်ဂျာနယ်၊ အမှတ် ၅၀၊ ဇူလိုင်လ၊ ၁၉၉၇ ခုနှစ်။

✣